# City MAGAZINE

Vol-237, 2015



# ရန်ကုန်ခေပြည် မြို့တော်သက်

## နှစ် ၂၆၀ ပြည့်ပါပြီ

# City MAGAZINE

## Vol - 237, 2015


အယ်ဒီတာချုပ်
ကိုရာဇာ

အမှုဆောင်အရာရှိ
ညီဖြိုးဝေ

အကြံပေး
ဖိုးမောင်သက်

အယ်ဒီတာ
ကိုစော(ပထဝီဝင်)

စာပြင်
အောင်စော၊ အိဇော်

မျက်နှာပုံးနှင့်အတွင်းဒီဇိုင်း
ဖူးပွင့်လှိုင်ဝေ၊ တင်ဇာ

စာစီစာရိုက်
ရဲပြည့်၊ အောင်ပြည့်

ဓာတ်ပုံ
စောသိန်းဝင်း၊ ထက်အောင်ခန့်

ပန်းချီသရုပ်ဖော်
အေကျော်စွာ၊ ဝင်းသိန်း၊
ဆုမြတ်၊ ကျော်စွာဝင်း

ပုံနှိပ်ထုတ်ဝေသူ
ဦးသစ္စာ(ဌာနမှူး)
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၀၇၁၅)

ပုံနှိပ်တိုက်
မြို့တော်ပုံနှိပ်တိုက်
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊
ကြည့်မြင်တိုင်မြို့နယ်။

ဖြန့်ချိရေး/ကြော်ငြာ
ကျော်မင်းထိုက်၊ မစန္ဒာဝင်း၊ အောင်ကိုဝင်း
၀၉-၄၂၀၁၇၀၉၄၀
မြို့တော်မဂ္ဂဇင်း
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်။
ဖုန်း ၀၁-၅၀၃၆၂၆
ဖက်(စ်) ၀၁-၅၀၃၆၇၀

Email: yangoncitynews@gmail.com

တန်ဖိုး
၂၀၀၀ ကျပ်

အုပ်ရေ
၂၀၀၀




# CONTENTS

4 **EDITORIAL NOTE**

## POEM

5 ရန်ကုန်ရဲ့မိုး — မြင်းမူမောင်နိုင်မိုး
6 ကျောင်း — မောင်စိမ်းနောင်(လယ်ဝေး)
7 ဝါဆိုကရကဋ် ထူးမြတ်ချိန်ခါ (ရှစ်လုံးဖွဲ့ကဗျာ) — သိပ္ပံစိုးမြင့်နိုင်
8 ရပ်ဆွေရပ်မျိုး — ကျော်စောဟန်
27 တန်းတူမေတ္တာ — နေ့သစ်လင်း
49 သစ်ငုတ်ငါ — အောင်ထွန်းလင်း(ချောက်)
67 ညီစေ — အေးမျိုးကြည်
106 ဆန္ဒနှင့်ဘဝ — ကျော်စွာသူ(သာယာဝတီ)
107 ဘိုးဘွားပိုင်မြေ — မောင်လွမ်းနိုင်(စံပယ်ငုံ)
129 သတိရောင်းရန် မဟုတ်ပါ — ကျော်ဝင်းသက်
130 ရသခြင်းမတူသည့်အလှ — မြေလတ်မောင်ချစ်ဖူး

## COVER ESSAY

13 ရန်ကုန်ရွှေပြည် မြို့တော်သက် နှစ် ၂၆၀၀ ပြည့်ပါပြီ — မောင်မြတ်မွန်(ဆူးလေ)

## CITY ARTICLE

19 အနုမြူပုံးလုပ်သည့်ကိစ္စ — သောင်းဝေဦး
21 မြို့ပြနှင့်ဆူညံသံများ — သိပ္ပံစာရေးဆရာကိုကိုအောင်
56 အမုန်တကယ်၊ သို့မဟုတ် ဟန်ပြအာဆီယံ စီးပွားရေး အသိုက်အဝန်းACE — ဇော်ဟိန်း
57 ရေကိုမှန်းဆ မလွမ်းရခင်မှာပဲ — ဒေါက်တာစိန်စိန်သိန်း
60 သရက်(၃)ပင်၊ လန်ကတ်စတာ၊ သရစ်မ်း၊ နဝဒေး — မောင်သန်းဆွေ(ထားဝယ်)

## CARTOON

9 မောင်မောင်ညှက်
10 စောဟန်
11 သူရမိုး
12 ဇက်တီ
95 ရွှေရိုး
108 ကျော်ကိုကို
128 သန်းနိုင်
147 ရန်ကြီးအောင်








34 မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ — သန့်စင်


## TRANSLATION


79 ၁၃ ရတီစိန်ကြီး — ဆွေဇင်ညွှန့်

88 မနီလာမြို့ — ကိုခန့်(သုတေသန)


## SHORT STORY


28 မြစန်းကြည်ကို ပြန်ပေးပါ — နိုင်ဦးသာ

38 အရှုံးသမားကျော်ဒွန်း — ဆင်ဖြူကျွန်းအောင်သိန်း

50 သက်ကြီးတို့ရဲ့ပေးဝေလိုမှုကို နားလည်ပေးပါ — တက္ကသိုလ်မလေးခိုင်

60 မရေးတတ်၍ ဖြစ်မလာသော ဝတ္ထုများ — မစန္ဒာ

68 ရေနံမြေမောင်မောင်ကြည် — လူလူချင်းပင်

96 မွတ်သိပ်နေသူများ — မုဒုံ–သုမွန်

100 အနုသယ ခုနစ်အင် သံယောဇဉ် ဆယ်တန် — မင်းဗေဒါ(ပွင့်ဖြူ)

110 တစ်ချက်မွေးခဲ့သည် — မကြည်ပြာ(သချာ)

118 ထိုမနက် — အဥ္ဇန(ညောင်ပင်)

121 အကျည်းတန်မြစ်ကျဉ်းများ — မေဇွန်အေး


## RELIGION


136 သောကမီးလျှံအား ဓမ္မရေစင်ဖြင့် ငြိမ်းသတ်ခြင်း — အောင်ဇင်


## YOUTH


131 ထူးချွန်လိုသူများအတွက်လက်ဆောင်မွန် — ကိုစော(ပထဝီဝင်)


## HEALTH


114 မြွေအန္တရာယ် သတိဖြင့်ကာကွယ် — ပေါက်ပေါက်


## JOKE


109, 135, 146 — မောင်သီဟ


## ASTROLOGY


148 သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း — ဒေါက်တာစောယုနွယ်


## LONG STORY


150 သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် — တက္ကသိုလ်ဘုန်းနိုင်






# ရှေးဦးစကား

City MAGAZINE Vol 237 ထွက်ရှိလာပြီဖြစ်ပါသည်။ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်များအပြင် ဘဝအမောပြေအဖြစ် ဟာသ၊ ကာတွန်းများကိုလည်း ပါဝင်အောင်စီစဉ်ထားပါသည်။

ယခု ထွက်ရှိလာသော City MAGAZINE တွင် ရသစုံပါအောင် စီမံထားပါသည်။ အတိတ်ကို ပြန်လည်မြင်ယောင်နိုင်သော မောင်မြတ်မွန်(ဆူးလေ)၏ ဆောင်းပါး၊ မောင်သန်းဆွေ (ထားဝယ်)၏ ဆောင်းပါးများကို ဖော်ပြထားပါသည်။ သက်ကြီးရွယ်အိုတို့၏ ခံစားချက်ကို နားလည်နိုင်အောင် တက္ကသိုလ် မလေးခိုင်နှင့် မင်းဗေဒါ(ပွင့်ဖြူ)တို့က ကိုယ်တွေ့ကို အခြေခံ၍ ဖော်ကျူးတင်ပြထားပါသည်။ ဘာသာပြန်ဆောင်းပါးအဖြစ် ဆွေဇင်ညွှန့်နှင့် ကိုခန့် (သုတေသန)တို့က ဝေမျှထားပါသည်။

ရသစုံ ခံစားချက်များကို ပေးနိုင်စွမ်းသော ကလောင်ရှင် နိုင်ဦးသာ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ရေနံမြေမောင်မောင်ကြည် စသူတို့က ဝတ္ထုများဖြင့် ချယ်မှုန်းထားပါသည်။

ကဗျာကဏ္ဍတွင် အသံချိုချိုနှင့် ရေးဖွဲ့တတ်သော မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)တို့၏ လက်ရာများကို လည်းကောင်း၊ အတွေးအမြင်ကို ပွင့်ပွင့်လင်းလင်း ဖော်ပြနိုင်စွမ်းသော အေးမျိုးကြည်၊ အောင်ထွန်းလင်း(ချောက်)စသည့် ကလောင်ရှင်များတို့၏ ကဗျာများကိုလည်းကောင်း အချိုးညီအောင် ထည့်သွင်းထားပါသည်။

ခြုံ၍ဆိုရသော် စာဖတ်သူများ ရှေ့မှောက်ရောက်ရှိလာသည့် City MAGAZINE သည် သုတ၊ ရသ အတန်အသင့် ပေးစွမ်းနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ရှေးဦးစကားဆိုပါရစေ။

စာဖတ်သူများ၏ ဝေဖန်အကြံပြုချက်များကို ကြိုဆိုလျက်။ ။

အယ်ဒီတာချုပ်



# ရန်ကုန်ရဲ့မိုး

မြင်းမူမောင်နိုင်မိုး

ရော်ရွက်လက်ကျန်၊ ငုံ့ရိုက်သံနှင့်
လွင့်ပျံငြိမ်းချုပ်၊ နွေသရုပ်ကို
နှုတ်ဆက်ပြန်ကြ၊ ဝသန်လာဝယ်
မြကျောက်နှယ်ပုံ၊ ရွက်သစ်စုံအောင်
ရန်ကုန်ရဲ့မိုး၊ သွန်းဖြိုးပါလေ။

သီးငုံဖူးကင်း၊ ရှားဘိခြင်းကြောင့်
ခုန်ဆင်းတက်ပြေး၊ ငှက်ကလေးတို့
ဝမ်းရေးသင့်မျှ၊ သီးချိုရအောင်
ဂ့ါဝမ်းပူဆာ၊ ဖြေရေးသာအောင်
မေတ္တာ အမှုန်၊ ကံအဆုံဝယ်
ရန်ကုန်ဖွဲ့မိုး၊ သွန်းဖြိုးပါလေ။

အပူအအိုက်၊ အဖိုက်အနွမ်း
အပန်းအမော၊ နွေရဲ့တောမှာ
ကြွေသောပန်းကို၊ တမ်း မငိုချင်
စမ်းလိုသဖျှာန်၊ ပန်းကိုပန်မည့်
ရန့်, ကုန်တဲ့မိုး၊ သွန်းဖြိုးပါလေ။

အို . . . ရန်ကုန်ရဲ့မိုး
ရန်ကုန်ဖွဲ့မိုး
ရန့်, ကုန်တဲ့မိုး
ဖြိုးပါစေပါ၊ ကြဲဖြန့်ပါလေ
ရာသီမှတ်သုံ၊ တိမ်ဝတ်မှုန်နှင့်
ရဂုံမြိုင်ရပ်၊ ကြိုင်လှိုင်ထပ်အောင်
မြတ်သောမိုးရဲ့ ရွာလှည့်လေ။ ။



# ကျောင်း

မောင်စိမ်းနောင်(လယ်ဝေး)



ငယ်စဉ်တုန်းခါ၊ သင်အံ့ပါသည်
စာပေတတ်မြောက်နိုင်ဖို့ကို . . . ။

ထိုမှဆက်ကာ
ဆည်းပူးလာသည်
ပညာပြည့်ဝစေဖို့ကို . . . ။

ဘဝထဲမှာ၊ ရှန်းကန်လာသော်
ပညာမျိုးစုံ၊ သင်မကုန်အောင်
ကြုံတွေ့ဖြတ်သန်း၊ လောကလမ်းမှ
သင်ခန်းစာများ၊ နည်းနာများကို
မှတ်သားရင်းပင်၊ သင်မြဲသင်သည်
အံ့ဝင်စံကိုက်စေဖို့ကို . . . ။

အကယ်ဆိုလျှင်၊ ကျွန်ုပ် . . . သင်တို့
ကျင်လည်နေကြ၊ ဤလောကသည်
များစွာ့ပညာ၊ သင်ကြားရာတို့
များစွာ့ပညာ၊ ဆည်းပူးရာတို့
ရာထောင်စုပုံ၊ တောမှော်ရှုံနှယ်
မကုန်မခန်း၊ မြဲပြည့်လျှမ်းသည့်
လမ်းခရီးနှင့်တူသလို . . . ။
ဘဝကျောင်း – ဟု ဆိုချင်ဆို . . . ။
လေ့လာသင်ရင်းတက်ဆဲကို . . . ။ ။

# ဝါဆိုကရကော်င်း ထူးမြတ်ချိန်ခါ

## (ရှစ်လုံးဖွဲ့ကာဗျာ)

**သိပ္ပံစိုးမြင့်နိုင်**

ဝါဆိုကရကင်္ဍ၊ ထူးမြတ်ချိန်ခါ
သန္ဓေတောထွက်၊ ဓမ္မစက်လည်ကာ
ပြာဋိဟာများ၊ ပြသွားတော်မူရာ
ဗုဒ္ဓဘုရား၊ ထူးခြားမှတ်တိုင်ပါ။

ပညတ်တော်များ၊ ထင်ရှားရှိတာ
သံဃာတော်များ၊ ကျင့်ပွားဖို့ရာ
ဝါတွင်းသုံးလ၊ ကျောင်းမှမခွာ
ရွတ်ဆိုကြ၊ ကျင့်ရဝါကပ်ကာ။

ကိုးခွင်ငယ်မှိုင်း၊ မြင်တိုင်းမည်းညို့
မိုးရွာချိန်လ၊ ရောက်ရပြီဆို
လျှိုမြောင်တောင်တန်း၊ စိမ်းလန်းစိုစို
တောင်သူများ၊ ဝင့်ကြွားလုပ်အားပို။

ရပ်ထဲရွာထဲ၊ ပြုမြဲစဉ်လာ
သက်ကြီးပူဇော်ပွဲ၊ နွဲကြလေတာ
ဝါဝင်ဝါထွက်၊ မပျက်စေရာ
လူငယ်များ၊ ဝင့်ကြွားဂုဏ်ယူကာ။

ထေရဝါဒ၊ ဗုဒ္ဓသာသနာ
ထွန်းကားလေတဲ့၊ တို့ရဲ့မြန်မာ
ဘဝလွတ်လမ်း၊ မျှော်မှန်းကာသာ
လှူဒါန၊ ပြုကြစဉ်မြဲပါ။ ။



# ရပ်ဆွေရပ်မျိုး

## ကျော်စောဟန်

တစ်မြေနေ တစ်ရေသောက်
အိမ်ရှေ့နောက် ဘေးဘယ်ညာ
ခင်မင်စွာ တွဲ့လှယ်သွား
သွေးသားပမာ၊
ပြောလိုက ပြောမနာ
ဆိုမနာ ဆိုသော်ငြား
ရင်းအချာ မကွဲပြား
ပွင့်လင်းရိုးသား

တစ်ရွာနေအလှူအတန်း
လက်ကမ်းလို့ ဖေးမကူ
နာသော်မူ ဦးပဲ့ထမ်း
စိတ်ဝမ်းမငြူ
အေးချင်အေး ပူချင်ပူ
တွဲလက်ကူ မဖြုတ်ရိုး
ရပ်ကျေးရွာ သာယာဖြိုး
လက်တွဲကာ ကူသယ်ပိုး
ရပ်ဆွေရပ်မျိုး။

အိမ်နီးချင်းကောင်းပါမှ
လင်ကောင်းလည်း ရစရာ
တို့မြန်မာ ဆိုစကား
ကိုးကားခိုင်မာ၊
အိမ်နီးချင်း မဖွယ်မရာ
ရောင်ပြန်ကာ လွန်မှောက်မှား
ထိုင်းပြည်ရွာ ဒေသတစ်လွှား
ဖြစ်စဉ်တွေ ဆင်တူယိုးမှား
ပေါ်လွင်ထင်ရှား။

ဒေသနေ ညီနောင်ရင်း
အိမ်နီးချင်း ပမာသွင်
ချစ်ကြည်ခင် တွဲ့လှယ်ကူး
အိမ်ဦးကြမ်းပြင်၊
နယ်နိမိတ် ပေါ်ပေါ်ထင်
ကမ္ဘာ့အစဉ် မှတ်တိုင်ထိုး
ချုပ်အခြာ ကိုယ်ပိုင်စိုး
ဖေးကူကာ ပြန်လှန်အကျိုး
ရပ်ကျေးရွာ ပမာမျိုး
ခေါ်စရာ မပယ်ရိုး
ရပ်ဆွေရပ်မျိုး။ ။
(အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးသို့ …)




ဟိုလူ ကျုပ်သိက
ငွေ တစ်သောင်း လာချေးတာ
မချေးလိုက်နိုင်တာ စိတ်
မကောင်းလိုက်တာဗျာ...
ကျုပ်မှာ ငါးထောင်ပဲ
ပါလာတာ..
သုံးထောင်လောက်ချေးဖို့
ပေးလိုက်နိုင်သေးတယ်...
ဒီဆို အစောကပဲ
ကျုပ်ကို သုံးထောင်
ချေးလိုက်ဗျာ...


မအောင်မြင်သေးလို့ အထင်သေးနေတာလား
အောင်မြင်လာတော့လဲ အမြင်ကတ်တယ်...


"အိမ်မရှိဘဲ..ခွေးမွေးချင်"
ဆိုတဲ့..စကားပုံနဲ့
အဓိပ္ပါယ်တူ..စကားပုံတစ်ခု
..ပြောပြပါကွယ်..
"ပါကင်မရှိဘဲ
ကားဝယ်စီးချင်"..ပါ
..ဆရာမ..


မင်းတို့စားသောက်ဆိုင်က နာမည်ကြီးပြီး..
အစားအသောက်က တယ်ညံ့ပါလားကွ..
ဆိုင်မန်နေဂျာ သွားခေါ်ပေးစမ်း..
မရှိဘူး ဆရာရဲ့ ..
ဆိုင်မန်နေဂျာက တခြားဆိုင်မှာ
ထမင်းသွားစားနေလို့ပါခင်ဗျာ..
ဗျာ..



# ရန်ကုန်ရွှေပြည် မြို့တော်သက် နှစ် ၂၆၀ ပြည့်ပါပြီ

မောင်မြတ်မွန်(ဆူးလေ)



ကောဇာ ၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် (၁) ရက်၊ ခရစ်(AD) ၂၀၁၁ ခုနှစ်၊ မေလ (၁၈) ရက်နေ့ဟာ 'သာသနာတော် ၂၅၅၅ စတင်တဲ့နေ့ဖြစ်တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓဂေါတမ သာသနာတော်ပြုခဲ့တဲ့ ဝါတော် ၄၅ ဝါနဲ့ သာသနာတော်နှစ် နှစ်ရပ်ပေါင်းဟာ မြတ်ဗုဒ္ဓဂေါတမပွင့်ထွန်းတော်မူခဲ့တဲ့ နှစ် ၂၆၀၀ ပြည့်မြောက်ချိန်ဖြစ်တဲ့ ဗုဒ္ဓနေ့မဟာမင်္ဂလာအခမ်းအနားကြီးကို လေးဆူဓာတ်ပုံမြတ်ဘုရားရွှေတိဂုံတွင် ...အလှိုင်တကြီး ခမ်းနားထည်ဝါစွာနဲ့ ဗုဒ္ဓါဘိသေကသဘင် ဆင်ယင်ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

**ကဆုန်လတွင် ပွဲကြီးယင် အမှန်ပင်အောင်လိမ့်မည်**

'မဟာကဝိန်၊ သုခမိန်တို့၊ နှိုင်းချိန်ပညာ၊ နန်းစဉ်'စာ' နှင့်၊ ညီစွာမကျ၊ နှစ်သစ်ကူး၍ တန်ခူးကုန်ထ၊ ကဆုန်လ၌၊ ဘိသေကပွဲ၊ ခံမြဲများစွာ၊ ဓမ္မတာတည်း'...လို့ လင်္ကာသွယ်ပေးထားတဲ့အတိုင်း မြန်မာဘုရင်အဆက်ဆက်ဟာ 'ကဆုန်လ'မှာ 'ရာဇာဘိသေက'ပွဲ၊ မြို့သစ်တည်၊ နန်းသစ်ဆောက်...စတာတွေကို ဆင်ယင်ကျင်းပမြဲဖြစ်ခဲ့ပါတယ်။ တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်မင်းဆက်ကို တည်ထောင်ပေးခဲ့တဲ့ 'အလောင်းမင်းတရားကြီးဦးအောင်ဇေယျ'...ဟာ ကဆုန်လမြတ်မှာပဲ 'ရန်အပေါင်းကုန်စင်ခြင်းအထိမ်းအမှတ်'နဲ့ ရန်ကုန်မြို့ကို တည်ဆောက်ပေးတော်မူပုံကို 'အလောင်းဘုရားအရေးတော်ပုံ'နှစ်စောင်ထဲက စာအုပ်ကြီးမှာ ခံ့ညားထည်ဝါ ခွန်အားပါတဲ့ မြန်မာစာအရေးအသားနဲ့ ရေးသားထားတာက ''ဘဝရှင်မင်းတရားကြီးဘုရားလည်း 'ဒဂုံမြို့'ကို လွယ်ကာအောင်မြင်တော်မူလေလျှင် သက္ကရာဇ် ၁၁၁၇ ခု၊ ကဆုန်လဆန်း ၇ ရက်နေ့၊ ဒဂုံမြို့ဟောင်း၊ အနောက်တောင်တာ ၁၂၀၀ ကျော်လောက်တွင် 'သစ်မြို့' တည်တော်မူ၍ ပြတံခါးရွှေနန်းနှင့်တကွ ဆောက်တော်မူပြီးလျှင် ... ထိုသည့်အရပ်တွင် ရန်အပေါင်းအောင်မြင်သည်ကို အကြောင်းပြုသဖြင့်။ ထိုမြို့ကို ရန်ကုန်သမုတ်တော်မူ၍ စံတော်မူသည်''...လို့ ဖြစ်တယ်။ ကောဇာ

၁၁၁၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့ဟာ ခရစ်(AD) ၁၇၅၅ ခုနှစ်၊ မေလ ၂ ရက်နေ့ပဲဖြစ်ပါပေတယ်။

အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်ကာလက 'ရွှေတိဂုံဘုရားဖူးဆိပ်ကမ်းမြို့ဖြစ်ခဲ့တဲ့ ရန်ကုန်မြို့ဟာ စိမ်းလန်းသန့်ရှင်းပြီး သဘာဝပတ်ဝန်းကျင်ဖြစ်တဲ့ တောရကြီးတွေနဲ့ ဝန်းပတ်ထားခဲ့တယ်။ ရန်ကုန်မြို့ကွက်ရဲ့ အရှေ့ဘက်တွင် 'အရှေ့တောရကြီး (ရွှေခုံ/ဂုံတိုင်)၊ အလယ်တောရ၊ ကြားတောရ(ရွှေတိဂုံဝန်းကျင်)၊ အနောက်တောရကြီး(ဗားကရာတောရ)တို့ရဲ့ ဝန်းရံမှုကြောင့် 'အေးချမ်းဆိတ်ငြိမ်မှု' 'သန္တိသုခ'နဲ့ ပြည့်ဝခဲ့တာပဲဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးတည်ရာ မြေပထဗျာ(ထူးမြတ်တဲ့မြေ)ဟာ မြောက်ဘက်တွင် တောင်ကုန်းတောင်စွယ်တွေနဲ့ တောတောင်ထူထပ်ကာ အရှေ့ဘက်နဲ့အနောက်ဘက်မှာတော့ မြေနိမ့်ချိုင့်ဝှမ်းနဲ့ မြစ်ချောင်းတွေ ဝန်းပတ်စီးဆင်းနေတယ်။ တောင်ဘက်မှာတော့ ရန်ကုန်မြစ် (ခ) လှိုင်မြစ်က ရန်ကုန်ဆိပ်ကမ်းရဲ့ ငွေရောင်အနားကွပ်အနေနဲ့ ရစ်ခွေစီးဆင်းနေတယ်။ ရန်ကုန်မြို့ကွက်တည်နေရာ 'ရာမညရဋ္ဌ' အမည်ရတဲ့ 'ဒဂုံ၊ ဒလ၊ ပဲခူး'တို့ပါဝင်တဲ့ 'ဟံသာဝတီမဏ္ဍလ'မှာ တည်ရှိနေတာကြောင့်လည်းဖြစ်တယ်။ ရန်ကုန်မြို့ဖြစ်တည်လာစေမယ့် 'ကျွန်းဦးတည့်သန်လျက်ခုံ'(ကေရိကျွန်း)သန်လျက်စွန်းမှာတော့ မှော်ဝန်ချောင်း၊ ပဲခူးမြစ်၊ ရန်ကုန်မြစ်(ခ)လှိုင်မြစ်နဲ့ ငမိုးရိပ်ချောင်းတို့က ရစ်ခွေစီးဆင်းနေတယ်။ ရန်ကုန်မြို့ဟာ ပင်လယ်ဝကနေ (၂၁)မိုင် အကွာမှာတည်ရှိလို့ အလောင်းဘုရားရဲ့ ရန်ကန်မြို့ကွက်တွင် 'အဓိကဆိပ်ကမ်းမြို့' 'Major Port' ဖြစ်လာတာဖြစ်ပါတယ်။

**အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်ကို တည်ဆောက်ထားပုံ**

မြို့ကွက်ကို 'မြစ်'နဲ့နီးကပ်စွာ တည်ဆောက်ထားတယ်။ မြို့တော်ရဲ့တောင်ဘက်စွန်းနယ်နိမိတ်ဟာ မြစ်ကမ်းနဲ့အပြိုင်ဖြစ်ကာ '၁'မိုင် ၄ ပုံ ၃ ပုံခန့် ရှည်လျားတယ်။ မြို့ဝန်းပတ်လည် အလျားမှာလည်း ၂ မိုင်ဝန်းကျင်မျှသာရှိခဲ့ကာ မြို့ရဲ့ဧရိယာအကျယ်အဝန်းမှာ ၁/၈ စတုရန်းမိုင်မျှသာ ကျယ်ဝန်းခဲ့တယ်။ မြို့ကွက်ဟာ အနောက်ဘက်မှာ တစ်ဖာလုံခန့်သာကျယ်ဝန်းပြီး အရှေ့ဘက်မှာတော့ ကိုက် ၆၀၀ မျှသာရှိတယ်။ မြောက်ဘက်မျက်နှာစာကတော့ ကိုက် ၁၁၀၀ မျှသာ ရှည်လျားခဲ့တယ်။ အရှေ့ဘက်နယ်နိမိတ်မှာ 'အရှေ့လမ်း' 'East Road' (ဂျူဒါလီဇကယ်လမ်း/သိမ်ဖြူလမ်း)၊ အနောက်ဘက် နယ်နိမိတ်မှာတော့ ကမ်းနားလမ်းနဲ့ ကုန်သည်လမ်းအတွင်းရှိ ကုလားတန်း (မဂိုလမ်း/ ရွှေဘုံသာလမ်း)၊ မြောက်ဘက်နယ်နိမိတ်မှာ 'ဆူးလေစေတီတော်'... အထိဖြစ်ကာ တောင်ဘက်နယ်နိမိတ်ကတော့ 'ရန်ကုန်မြစ်'အထိသာ ဖြစ်ခဲ့ပါတယ်။ အလောင်းဘုရား ရန်ကုန်မြို့ကွက်ကာလက ပင် ပင်လယ်ကူးရွက်နာ ဝါတွေနဲ့လာကြ တဲ့ 'မာလိန်မှူး'တွေက မြတ်ဘုရားရွှေတိဂုံကို 'ရွှေတောင်ကြီး'လို့လည်းကောင်း၊ ရန်ကုန်ဆိပ်ကမ်းနဖူးကို 'ဆင်ပြောင်ကြီး' 'Elephant Still' လို့လည်းကောင်း တင်စားခေါ်ဝေါ်ခဲ့ကြတယ်။

အလောင်းဘုရားရဲ့ ရန်ကုန်မြို့တော်မှာ ရပ်ကွက်'၈'ရပ်ကွက်သာ ရှိခဲ့တယ်။ အရှေ့နဲ့အနောက်တန်းနေတဲ့ လမ်းမကြီး ၃ သွယ်နဲ့ တောင်မြောက်တန်းပြီး ဖောက်လုပ်ထားတဲ့ လမ်း ၂ လမ်း၊ ပေါင်း ၅ လမ်းသာရှိခဲ့တယ်။ တောင်ဘက်စွန်းရှိ အရှေ့–အနောက်တန်းနေတဲ့လမ်းမှာ နိုင်ငံခြားသားတွေ နေထိုင်ကြတဲ့အတွက် 'ကုလားတန်း' (အဲဒီတုန်းက နိုင်ငံခြားသားတွေကို အသားဖြူရင် ကုလားဖြူ၊ အသားမည်းရင် 'ကုလားနက်'လို့ ခေါ်ဝေါ်ခဲ့တယ်) အရှေ့–အနောက်တန်းနေတဲ့ လမ်းမှာတော့ 'ဟံသာဝတီမြို့ဝန်





အိမ်တော်'ရှိလို့ 'ပဲခူးရပ်'အမည်ရခဲ့တယ်။ မြောက်ဘက်စွန်းရှိ လမ်းမကြီးဟာ (ယခု) ကုန်သည်လမ်းရဲ့ မြောက်ဘက်မှာရှိပြီး 'မင်္ဂလာဈေးရပ်'. . . လို့ခေါ်တွင်ခဲ့တယ်။ သစ်တပ်ပတ်လည်မျက်နှာစာမှာ မြို့တံခါးတွေရှိခဲ့တယ်။ တောင်ဘက်တွင် တံခါးပေါက် ၃ ခု၊ မြောက်ဘက်တွင် တံခါး ၂ ပေါက်၊ အရှေ့ဘက်မှာ တံခါး ၂ ပေါက်နဲ့ အနောက်ဘက်တွင် တံခါး ၁ ပေါက်သာ ရှိခဲ့တယ်။ လမ်းတွေကို အုတ်ခင်းထားပြီး လမ်းဘေးက မြောင်းရေတွေဟာ ဒီရေအတက်/အကျမှာ ကြည်လင်နေကာ ဒီရေတက်ချိန်မှာ ပုစွန်ဆိတ်ကလေးတွေ ကူးခတ်နေတာကိုပင် တွေ့မြင်ခဲ့ရတယ်လို့ 'A trip to Rangoon' တွင် T-A Cokman က မှတ်တမ်းပြုထားခဲ့တယ်။ အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်ကာလ၊ ကုန်းဘောင်ခေတ်တစ်လျှောက်လုံးတွင် 'အဝေးရောက်မြို့ဝန်'ကိုသာ အုပ်ချုပ်စေခဲ့တယ်။

### နယ်ချဲ့တို့တည်ဆောက်ခဲ့တဲ့ ရန်ကုန်မြို့ကွက်

'အောက်ကအောင်လံ၊ စိုက်ထူပြန်၊ ဝေရန်ဒုတိယ' လင်္ကာပါအတိုင်း ကောဇာ ၁၂၁၄ ခုနှစ်၊ ခရစ် ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်နဲ့ ရန်ကုန်မြို့အပါအဝင် မြေထဲခံတပ်မြောက်ဘက် (၆) မိုင် 'ဒဂုန်မော်ရှာ'မှာ အထက်မြန်မာနိုင်ငံနဲ့ နယ်နိမိတ်(နယ်ခြား) ကျောက်တိုင်စိုက်ပြီး သိမ်းပိုက်ခဲ့တယ်။ ခရစ် ၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် ရန်ကုန်အပါအဝင် အောက်မြန်မာနိုင်ငံတစ်ခွင်တစ်ပြင်ကို နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းယူကြောင်း ကြေညာတဲ့ အခမ်းအနားကို 'အာသာဖယ်ယာ'က ဦးဆောင်ကာ 'နယ်သိမ်းအမိန့်'ကို ထုတ်ပြန်ခဲ့တယ်။ အဲဒီကာလက ရန်ကုန်မြို့နေလူဦးရေမှာ 'ငါးသောင်း'မျှသာ ရှိခဲ့ပါတယ်။ အလောင်းဘုရား ရန်ကုန်မြို့ကွက်မှာတည်ရှိနေတဲ့ 'သာသနိကအဆောက်အအုံနဲ့ လူနေအိမ်ခြေတွေကို ဖျက်ပြီး မြို့ကွက်သစ်ဖော်ရန် မြေကွက်လပ် 'Vacant Land' ဖြစ်စေခဲ့တယ်။ British Burma ရဲ့ မြို့တော်ဖြစ်ခဲ့တဲ့ ရန်ကုန်မြို့ကို Re-Construction of Modern Rangoon,1858 မြို့ကွက်နဲ့ စတင်တည်ဆောက်ပေးတယ်။ လေးထောင့်စပ်စပ် ပုံသဏ္ဌာန် 'Chessboavd Patterm' နဲ့ ပသာဒရှိခဲ့တယ်။

ရန်ကုန်မြို့တွင်းရှိ လမ်းအမည်တွေကို အိန္ဒိယဘုရင်ခံချုပ် Lord Dalhousie ရဲ့ Favourite ဖြစ်ခဲ့ကြတဲ့ စစ်ဘက်၊ နယ်ဘက် အုပ်ချုပ်ရေးအရာရှိတွေရဲ့အမည်နဲ့ ပေးလိုက်တဲ့အတွက် ကုန်းဘောင်ခေတ် အလောင်းဘုရားမြို့ကွက်က 'အသက်မွေးဝမ်းကျောင်း'အလိုက် မှည့်ခေါ်ထားတဲ့ 'စဉ်းအိုးတန်း၊ ဝါးတန်း၊ ဖက်တန်း၊ စာဆိုတန်း၊ သံဖြူတန်း၊ ပန်းဆိုးတန်း၊ ပုဆိုးတန်း၊ ကုန်ဈေးတန်း(ကုန်သေးတန်း)၊ ပန်းပဲတန်းနဲ့ ပန်းတိမ်တန်း . . . စတဲ့ လမ်းအမည်တွေ ပျောက်ကွယ်သွားရတာဖြစ်တယ်။

ရန်ကုန်မြို့တွင်းရှိ လမ်းအမည်တွေကို အိန္ဒိယဘုရင်ခံချုပ် Lord Dalhousie ရဲ့ Favourite ဖြစ်ခဲ့ကြတဲ့ စစ်ဘက်၊ နယ်ဘက် အုပ်ချုပ်ရေးအရာရှိတွေရဲ့အမည်နဲ့ ပေးလိုက်တဲ့အတွက် ကုန်းဘောင်ခေတ် အလောင်းဘုရားမြို့ကွက်က 'အသက်မွေးဝမ်းကျောင်း'အလိုက် မှည့်ခေါ်ထားတဲ့ 'စဉ်းအိုးတန်း၊ ဝါးတန်း၊ ဖက်တန်း၊ စာဆိုတန်း၊ သံဖြူတန်း၊ ပန်းဆိုးတန်း၊ ပုဆိုးတန်း၊ ကုန်ဈေးတန်း(ကုန်သေးတန်း)၊ ပန်းပဲတန်းနဲ့ ပန်းတိမ်တန်း . . . စတဲ့ လမ်းအမည်တွေ ပျောက်ကွယ်သွားရတာဖြစ်တယ်။

ခရစ် ၁၈၇၅ ခုနှစ်တွင် ရန်ကုန်မြို့မစီရင်စုကို သီးခြားဖွဲ့စည်းလိုက်တဲ့အတွက် ရန်ကုန်စီရင်စုတွင် ပါဝင်ခဲ့တဲ့ နယ်မြေတွေဟာ 'ဟံသာဝတီစီရင်စု'မှာ ပါဝင်သွားတယ်။ ခရစ် ၁၈၉၅ ခုနှစ်တွင် ရန်ကုန်မြို့မစီရင်စုရေိယာဟာ (၂၂) စတုရန်းမိုင်ဖြစ်လာတယ်။ ခရစ် ၁၉၁၂ ခုနှစ်တွင် အင်းစိန်စီရင်စုကို ဖွဲ့စည်းတဲ့အခါ အင်းစိန်၊ ထန်းတပင်နဲ့ တိုက်ကြီးတို့ ပါဝင်ခဲ့တယ်။ ခရစ် ၁၈၇၄ ခုနှစ်တွင် ပထမဦးဆုံး အဝေးပြေးကားလမ်းဖြစ်တဲ့ ရန်ကုန်–ပဲခူး–ပြည်လမ်းကို ဖောက်လုပ်ရင်း ရန်ကုန်မြို့ကွက်ကို မြောက်ဘက်သို့ တိုးချဲ့ခဲ့တယ်။ ၁၉၂၁ ခုနှစ်မှာ ရွှေတိဂုံဘုရားကို ဗဟိုပြုပြီး ရန်ကုန်မြို့ကွက်ကို ဆက်လက်တိုးချဲ့ရင်း ရန်ကုန်မြို့ကို ဝန်းရံနေတဲ့ ကျေးရွာကြီးတွေကိုပါ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးအရပ်တွေအဖြစ် သတ်မှတ်ပေးခဲ့တယ်။ စစ်ကြိုခေတ် 'Pre-War' ကာလမှာ ရန်ကုန်မြို့ကြီးကို 'ရန်ကုန်မြို့လယ်' တရုတ်တန်းနဲ့ မြန်မာ(အများစု) နေထိုင်ခဲ့ကြတဲ့ ရန်ကုန်အရှေ့ပိုင်းနဲ့ အနောက်ပိုင်းလို့ ပိုင်းခြားသတ်မှတ်ခဲ့တယ်။

**လွတ်လပ်ရေးရပြီးနောက်မှာ မြို့တော်ဖြစ်လာတဲ့ 'မြို့တော်ရန်ကုန်'**

အလောင်းမင်းတရားကြီးဦးအောင်ဇေယျက ရန်ကုန်မြို့ကို တည်ဆောက်ပေးခဲ့ပေမယ့် ခေတ်အဆက်ဆက်မှာ မြို့တော် 'Capital' မဖြစ်ခဲ့တဲ့ ရန်ကုန်ဟာ လွတ်လပ်ရေးရပြီးတဲ့အခါကျမှသာ မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်လာတယ်။ 'စစ်ကိုလည်းကြုံ၊ ပြာပုံလည်း ဖြစ်ခဲ့ရတဲ့' ရန်ကုန်မြို့ကြီးကို လွတ်လပ်ရေးရပြီးစမှာ ရပ်ကွက် (၃၅) ရပ်ကွက်နဲ့ ပိုင်းခြားအုပ်ချုပ်ခဲ့တယ်။ ရန်ကုန်တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကာလမှာတော့ နယ်မြေ (၁၂) ခု ပိုင်းခြားကာ ဒေသစိတ် (၂၇) ခုနဲ့ ပိုင်းခြားအုပ်ချုပ်ခဲ့တယ်။ ဗိုလ်မှူးကြီး ဇေယျကျော်ထင်သီရိပျံချီထွန်းစိန်၊ မြို့တော်အုပ်ချုပ်ရေးမှူး (မြို့တော်ဝန်) တာဝန်ထမ်းဆောင်ခဲ့စဉ်မှာ 'ကိုလိုနီဆိုးမွေအဖြစ် ကျန်နေတဲ့ 'ဆူးလေဘုရားလမ်းကလုပ်တိုင်'လို့ အမည်ပေးထားတဲ့ 'အာမေနီယံဂူသင်္ချိုင်း'ကို ဖယ်ရှားရှင်းလင်းပေးနိုင် ခဲ့သလို

အလောင်းမင်းတရားကြီးဦးအောင်ဇေယျက ရန်ကုန်မြို့ကို တည်ဆောက်ပေးခဲ့ပေမယ့် ခေတ်အဆက်ဆက်မှာ မြို့တော် 'Capital' မဖြစ်ခဲ့တဲ့ ရန်ကုန်ဟာ လွတ်လပ်ရေးရပြီးတဲ့အခါကျမှသာ မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်လာတယ်။ 'စစ်ကိုလည်းကြုံ၊ ပြာပုံလည်း ဖြစ်ခဲ့ရတဲ့' ရန်ကုန်မြို့ကြီးကို လွတ်လပ်ရေးရပြီးစမှာ ရပ်ကွက် (၃၅) ရပ်ကွက်နဲ့ ပိုင်းခြားအုပ်ချုပ်ခဲ့တယ်။ ရန်ကုန်တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကာလမှာတော့ နယ်မြေ (၁၂) ခု ပိုင်းခြား ကာ ဒေသစိတ် (၂၇) ခုနဲ့ ပိုင်းခြားအုပ်ချုပ်ခဲ့တယ်။







ရန်ကုန်မြို့အနှံ့မှာ ဖြန့်ကြက်တည်ရှိနေတဲ့ ကျူးကျော်ရပ်ကွက်တွေကို ဖယ်ရှားရှင်း လင်းပေးနိုင်ခဲ့တယ်။ မြေပိုင်၊ အိမ်ပိုင်နဲ့ အခြေခိုင်ခိုင်နေကြစေဖို့ သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သုဝဏ္ဏ စတဲ့ မြို့သစ်တွေတည်ဆောက်ပေးပြီး ရန်ကုန်မြို့ကွက် ချဲ့ထွင်ပေးခဲ့တယ်။ အလားတူ 'ကံဘဲ့မြို့မ'မှာပါဝင်ခဲ့တဲ့ ရန်ကုန် မြို့သစ်ကိုလည်း ပြည်တော်သာစီမံကိန်းနဲ့ ဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ပေးခဲ့သလို ဖဆပလအိမ်ရာနဲ့ ၅၁ လမ်းအိမ်ရာ (တိုက်တာ) တွေပါ တည်ဆောက်ပေးခဲ့တယ်။ နဝတ/နယက လက်ထက်တွေမှာလည်း 'ဒဂုံမြို့သစ် (၄) မြို့နယ်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေပေါက်ကံနဲ့ ဝေဘာဂီမြို့သစ်တွေကို ရန်ကုန်မြို့ကွက် ချဲ့ထွင်ရင်း မူလပုံသဏ္ဌာန်ဖြစ်အောင် ဝန်းရံတည်ဆောက်ပေးခဲ့တယ်။

ကဆုန်လတွင်း အောင်ပွဲဆင်နွှဲတည်ဆောက်ခဲ့တဲ့ အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်သက်တမ်းဟာ မျက်မှောက်ပြုနေတဲ့ (၂-၅-၂၀၁၅) ရက် ကဆုန်လပြည့်နေ့တွင် မြို့သက်နှစ် (၂၆၀) တိတိ ပြည့်ခဲ့ပါပြီ။ မြို့တော်မွေးနေ့တော့ တစ်ကြိမ်တစ်ခါမျှ ကျင်းပပေးနိုင်ခြင်း မရှိသေးပါဘူး။ ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင် (၄) ခရိုင်နဲ့ မြို့နယ်ပေါင်းက (၄၅)မြို့နယ်ရှိနေပါတယ်။ ၂၀၁၄ ခုနှစ် ယာယီသန်းခေါင်စာရင်းစစ်တမ်းအရ ရန်ကုန်မြို့ကြီးမှာ မြို့ပြလူဦးရေ (၅ ဒသမ ၂) သန်းရှိနေပြီဖြစ်လို့ ရန်ကုန်မြို့ကွက်ကို ဆက်လက်တိုးချဲ့ရဦးမှာ ဖြစ်ပါတယ်။ မဟာရန်ကုန်မြို့ကြီးမှသည် Mega City အဖြစ် မြို့သက် ၂၆၀ ကျော်မှာ မလွဲမသွေဖြစ်တည်လာအောင် တည်ဆောက်ရတော့မှာ ဖြစ်ပါပေတယ်။ ။

**မေတ္တာမွန်ဖြင့်**
**မောင်မြတ်မွန်(ဆူးလေ)**

**(၁) ရန်ကုန်ရာဇဝင်သမိုင်း၊ ဆရာကြီးဦးသိမ်းမောင်**
**(၂) မြို့တော်ရန်ကုန်တည်ဆောက်မှုမှတ်တမ်း**
**(၃) ရန်ကုန်တိုင်း၏ ဖြစ်စဉ်သမိုင်း**

# တန်းတူမေတ္တာ

**နေ့သစ်လင်း**

ရှုပ်ထွေးပေစွ၊ ဤလောက၌
သူကတစ်မူ၊ ငါတစ်ယူနှင့်
မတူကွဲပြား၊ ရန်ဆောင်ပွားလျက်
စိတ်ထားမျိုးစုံ ရှိကောင်းတုံ၏။

ကိုယ့်ကိုမလို၊ မုန်းအားပို၍
နဂိုစိတ်လျှင်၊ အပြစ်မြင်သည့်
အကြင်မိတ်ဆွေ၊ ရှိနိုင်ပေသို့
ပေးဝေချစ်ခြင်း၊ မေတ္တာနှင်းလျက်
ညီရင်းအစ်ကို၊ သွေးချင်းလိုဖြင့်
မညိုစိတ်ဝမ်း၊ ပီတိလွှမ်းကာ
အောင်ပန်းပိုင်ဆုပ်၊ အကျွန်ုပ်ကို
အဟုတ်စိတ်တွင်း၊ ဝမ်းမြောက်ရင်းနှင့်
ချစ်ခြင်းသချော်၊ ပေးမျှဝေသည့်
မိတ်ဆွေစစ်မှန်၊ တွေ့ရပြန်၏။

သူကတလီ၊ ငါတလီဖြင့်
သွေဖီသဘော၊ မစောကြောလည်း
ပြောပြချင်သည်၊ ကျွန်ုပ်ရင်ဆီမှ
ရွှင်ကြည်မေတ္တာ၊ စေတနာကို
ကိုယ့်ကိုမုန်းတီး၊ သူနာကျည်းလည်း
ပူမီးသူ့ထံ၊ မတုံ့ပြန်ခဲ့
ကံဆိုသည်မှာ၊ ကိုယ်ပြုရာမို့
သူ့မှာစိတ်ကောင်း၊ ကုသိုလ်ပေါင်းသော်
ကောင်းကျိုးချမ်းသာ၊ သူရပါလိမ့်
သူ့မှာမကောင်း၊ စိတ်ယုတ်ပေါင်းသော်
မကောင်းခြင်းရာ၊ သူရပါလိမ့်
ကိုယ့်တာကိုယ့်ဝန်၊ ထမ်းရွက်မွန်ကား
ထူးချွန်ထက်မြက်၊ စိတ်ကောင်းဖက်၍
မပျက်ဘယ်ခါ၊ ရွှေမေတ္တာကို
ရင်မှာပို့သ၊ ပေးဝေငှလျက်
ဗုဒ္ဓသခင်၊ စိန္တေရှင်သို့
အစဉ်မှန်းရွယ်၊ ကျွန်တိုင်တယ်(တည်)သည်
စမ်းနှယ်တစေ အေးပါစေ
ပန်းနှယ် အဆွေ မွှေးပါစေ။ ။



# အနုမြူဗုံးလုပ်သည့်ကိစ္စ

သောင်းဝေဦး



လွန်ခဲ့သည့် သုံး၊ လေး၊ ငါးနှစ်က မြန်မာနိုင်ငံတွင် အနုမြူလုပ်နေပြီဆိုသည့် သတင်း ထွက်ခဲ့သည်။ နေပြည်တော်၌ ဥမင်လိုဏ်ခေါင်းတွေ တူးထားသည်။ အနုမြူဓာတ်ပေါင်းဖိုတွေ လုပ်နေသည်။ မြောက်ကိုရီးယားနဲ့ ရုရှားက ပါရဂူတွေခေါ်ထားသည် စသည် စသည် ပြောကြ၏။ ရောဝတီကိုအောင်ဖော်တို့က ဒါတွေကို ဓာတ်ပုံတွေ ဘာတွေနှင့် DVBက လွှင့်ပြသွားသည်။ ကျွန်တော်ပြောချင်ပါသည်။

အနုမြူရှိတာ မကောင်းဘူးလားဗျာ။

ကျွန်တော်တို့နိုင်ငံသည် အရှေ့ဘက်တွင် လူသန်းထောင်ကျော်သည့် တရုတ်ကြီး၊ အနောက်ဘက်တွင်လည်း လူသန်းထောင်ကျော်သည့် ကုလားကြီး၊ ပေါက်ဖော်ကြီးတွေနဲ့ အရာကြီးကြားမှာ နေရသည်။ သူတို့က အနုမြူကိုယ်စီနဲ့။ ဒါကြောင့် မကြာခဏ ကျွန်တော်တို့နိုင်ငံကို ထိပ်ပုတ်ခေါင်းပုတ်လုပ်သည်။ အနုမြူမရှိတော့ သည်းခံနေရသည်။ ခုပဲကြည့်ပါ။ လောက်ကိုင်အရေးအခင်းတဲ့။ ဖုန်ကြားရှင်ကို ဘယ်သူမြှောက်ပေးတာလဲ။ တရုတ်မဟုတ်ရင် ဘယ်သူလဲ။ သူတို့ ဘယ်က လူတွေရတာလဲ။ ဘယ်ကသေနတ်တွေလဲ။ သူတို့မှာ ၁၀၅ မီလီမီတာ အမြောက်ကြီးတွေ ပါသည်။ ဒါ ဘယ်ကရတာလဲ။ တရုတ်ဆီက ရတာမဟုတ်ရင် အမေရိကန်က ပေးထားတာလား။ စဉ်းစားကြပါခင်ဗျာ။

အနုမြူသာရှိရင် တရုတ်တွေ ဒီလောက် လူပါးဝမည်မထင်ပါ။

မြောက်ကိုရီးယားကို ကြည့်ပါ။ နိုင်ငံသေးသေးလေး။ ဒါပေမဲ့ အနုမြူရှိသည်။ ဘယ်သူမှ အရမ်းသွားမစရဲ။ ကမ္ဘာမှာ အင်အားအကြီးဆုံးပါဆိုသည့် အမေရိကန်ပင် မြောက်ကိုရီးယားကို သွားမစရဲပါ။ အလားတူပင် အီရန်ကိုလည်း မစရဲပါ။

ဒါက ထင်ရှားသည့်သာဓကများ ဖြစ်ပါသည်။

သို့ရာတွင် အနုမြူကိစ္စအားလုံးကကန့်ကွက်ကြ၍ အစိုးရက မဟုတ်ကြောင်း ဖြေရှင်းရသည်။ မဟုတ်ပါဘူးဟု ပြောခဲ့ရသည်။

တကယ်တော့ Self Defence အတွက် အနုမြူကား ယခုခေတ်တွင် လိုအပ်သည်ဟု ထင်မြင်ပါသည်။ ငွေကုန်ကြေးကျတော့ များတာပေါ့ခင်ဗျာ။ ပိုက်ဆံရှိရင်တော့ အနုမြူလက်နက်က ပိုင်ဆိုင်ထားရင်တော့ အကောင်းဆုံးဟု ထင်မြင်ယူဆပါသည်ခင်ဗျား။

**တကယ်တော့ Self Defence အတွက် အနုမြူကား ယခုခေတ်တွင် လိုအပ်သည်ဟု ထင်မြင်ပါသည်။ ငွေကုန်ကြေးကျတော့ များတာပေါ့ခင်ဗျာ။ ပိုက်ဆံရှိရင်တော့ အနုမြူလက်နက်က ပိုင်ဆိုင်ထားရင်တော့ အကောင်းဆုံးဟု ထင်မြင်ယူဆပါသည်ခင်ဗျား။**

ဤကိစ္စနှင့်ပတ်သက်၍ စာစောင်တစ်စောင်၌ ရယ်စရာလိုလို ဟာသလိုလို ဖော်ပြခဲ့ဖူး၏။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သိပ္ပံနဲ့နည်းပညာဝန်ကြီး ဦးသောင်းအား အောက်ပါအတိုင်း ပြောခဲ့သည်ဆို၏။

''ကိုသောင်းရေ ... ဖြစ်နိုင်ရင် ဥသျှစ်သီးလောက်ဖြစ်ဖြစ် အနုမြူဗုံးလေး တစ်လုံးလောက်တော့ ဖြစ်အောင် လုပ်ပေးစမ်းပါဗျာ''

ဟူသတည်း။

ကျွန်တော်ဆိုရင်တော့ တရုတ်နဲ့ကုလားကြား ဒီကမ္ဘာကြီးမပျက်သမျှကာလပတ်လုံး နေသွားရမှာဖြစ်သဖြင့် ...

''ဦးသောင်းရေ မီဂါတန်တစ်ရာ အနုမြူဗုံး အလုံးကြီးကြီး ၁၀၀ လောက် ဖြစ်အောင် လုပ်စမ်းပါဗျာဟု ပြောဖြစ်မည်လား မသိပါခင်ဗျာ''

နိုင်ငံကာကွယ်ရေးအတွက် စာရှုသူများ စဉ်းစားနိုင်ကြပါရန်။

အနုမြူဗုံးပိုင်တာ မကောင်းဘူးလားဗျာ။ ။

**သောင်းဝေဦး**






# မြို့ပြနှင့် ဆူညံသံများ

သိပ္ပံစာရေးဆရာကိုကိုအောင်

လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်လာပြီဖြစ်သော ယနေ့ကမ္ဘာကြီးသည် လူနေထူထပ်သော မြို့ကြီးပြကြီးများကို တိုးပွားများပြားလာစေသလို ခေတ်နှင့်လျော်ညီသော လူ့အသုံးအဆောင်ပစ္စည်းများကိုလည်း အများအပြားပေါ်ထွက်လာစေသည်။ ကမ္ဘာ့လူဦးရေသန်းပေါင်း ၁၆၀၀ မျှသာရှိခဲ့သော ၁၉၀၀ ပြည့်နှစ်ကာလနှင့် ယနေ့မျက်မှောက်ကာလကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက နှစ်ပေါင်း ၁၁၀ ကျော်အတွင်း လူဦးရေသန်းပေါင်း ၅၄၀၀ ကျော် ပိုမိုများပြားလာခြင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများ ဟက်တာပေါင်း ကုဋေနှင့်ချီ၍ ပိုမိုတိုးပွားလာခြင်း၊ စက်ရုံအလုပ်ရုံပေါင်း သန်းနှင့်ချီ၍ ပိုမိုပေါ်ထွက်လာခြင်း၊ မော်တော်ကား အစီးရေပေါင်း ဘီလျံနှင့်ချီ၍ ပိုမိုအသုံးပြုလာကြခြင်းများကို တွေ့ရှိကြရမည်ဖြစ်သည်။

လူဦးရေပိုမိုသိပ်သည်းလာမှု၊ စက်မှုနှင့် အီလက်ထရောနစ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှု၊ လူမှုကွန်ရက် ပိုမိုကျယ်ပြန့်လာမှု၊ စီးပွားရေးနယ်ပယ် ပိုမိုချဲ့ထွင်လာမှု၊ နိုင်ငံအချင်းချင်းကူးလူးဆက်ဆံမှုနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ပိုမိုကောင်းလာမှု စသော အကြောင်းတရားများစွာတို့သည် ဆူညံသော ကမ္ဘာ့ပတ်ဝန်းကျင်ကြီးကို ဖြစ်တည်လာစေခဲ့သည်။ တစ်ချိန်က တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ကမ္ဘာကြီးသည် လှုပ်ရှားတက်ကြွပြီး ဆူညံသော ကမ္ဘာကြီးအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

စက်ကိရိယာများ လှုပ်ရှားလည်ပတ်သံ၊ စက်တပ်ယာဉ်များ မောင်းနှင်သံ၊ တူရိယာများတီးခတ်သံ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် တုန်ခါမြည်ဟီးသံ၊ လက်နက်များပစ်ခတ်ဖောက်ခွဲသံ၊ လေယာဉ်ပျံများ ပျံသန်းမောင်းနှင်သံ၊ ရေယာဉ်များ ခုတ်မောင်းသွားလာသံ၊ အာကာသယာဉ်များ ပျံသန်းထွက်ခွာသံ စသော အသံမျိုးစုံတို့သည် လူမှုပတ်ဝန်းကျင်

> လူတို့၏ သောတအာရုံခံစားမှုနေရာ ဖြစ်သောနား (Ear) သည် 70 db ထက်နိမ့်သည့်အသံများအနက် စိတ်ဝင်စားမှု မရှိသောအသံများကို အလိုအလျောက် ဥပေက္ခာပြုထားနိုင်သည့် အစွမ်းကို သဘာဝက ပေးအပ်ထားသည်။ ဆိုလိုသည်မှာ လူမှုပတ်ဝန်းကျင်၌ ကြားနေရသော 70 db ထက်နိမ့်သည့် အသံမျိုးစုံတို့အနက် စိတ်အာရုံက ညွှတ်မထားသောအသံတို့ကို နားကလက်မခံသည့်အတွက် ထိုအသံလေးများကို ကြားရခြင်း မရှိပေ။



၌ နေ့စဉ်ကြားနေကြရသော အသံများဖြစ်ကြသည်။ ထိုထိုသော အသံများထဲတွင် ကြားလိုသဖြင့် နားစိုက်ထောင်ရသော အသံများရှိသလို မကြားချင်သော်လည်း ကြားနေရသော အသံများကလည်း ရှိနေသည်။

လူမှုပတ်ဝန်းကျင်တွင် အမြဲကြားနေရသော အသံမျိုးစုံတို့၏ စွမ်းအားပမာဏတစ်နည်းဆိုရသော် အသံအတိုးအကျယ်ကို Decibel ယူနစ်ဖြင့်တိုင်းတာပြီး အတိုကောက်အားဖြင့် db ဟု ရေးသားဖော်ပြသည်။ သာယာငြိမ့်ညောင်းသောအသံတို့သည် Decibel နိမ့်ပြီး ဆူညံသောအသံတို့က Decibel မြင့်သည်။ Decibelနိမ့်သည့်အသံများ လွှမ်းခြုံနေသော ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေမည်ဖြစ်သလို Decibel မြင့်သည့် အသံများ လွှမ်းမိုးထားသော ပတ်ဝန်းကျင်သည်ကား ဆူဆူညံညံ ဖြစ်နေပေလိမ့်မည်။

သစ်ရွက်ကို လေတိုးသည့်အသံ၏ပမာဏသည် 10 db မျှသာရှိသည်။ လှိုင်းကြပ်ခွပ်ကလေးများ၏ အသံကမူ 20 dbနှင့် 30db အကြား၌ ရှိနေသည်။ လူတစ်ဦးတစ်ယောက်ကြားရရုံမျှသာ ဖွင့်ထားသော သာယာညင်းပြောင်းသည့် တေးဂီတအသံကမူ 40 db နှင့်အထက် အသံပမာဏရှိနေသည်။ လူအချင်းချင်း သာမန်ပြောဆိုနေကြသော စကားသံ၏ ပမာဏကမူ 60db ရှိနေသည်။

လမ်းမများပေါ်၌ မောင်းနှင်သွားလာနေသော ဆလွန်းကားများနှင့် ပစ်ကပ်ကားများ၏ အသံပမာဏမှာ 70dbနှင့် 80 dbအကြားရှိပြီး ထရပ်ကားကြီးများနှင့် ဘတ်စ်ကားကြီးများက ထုတ်လွှတ်သော အသံပမာဏကမူ 90 db မှ 120 db အထိ ပင်ရှိနေသည်။ အာကာသအတွင်းသို့ လွှတ်တင်သော ဒုံးပျံများ၏ အသံကမူ ဂျက်တွန်းကန်အားအပေါ် မူတည်ပြီး 150 db နှင့် အထက်၌ ရှိနေသည်။

လူတို့၏ သောတအာရုံခံစားမှုနေရာဖြစ်သောနား (Ear) သည် 70 db ထက်နိမ့်သည့်အသံများအနက် စိတ်ဝင်စားမှုမရှိသော အသံများကို အလိုအလျောက် ဥပေက္ခာပြုထားနိုင်သည့် အစွမ်းကို သဘာဝက ပေးအပ်ထားသည်။ ဆိုလိုသည်မှာ လူမှုပတ်ဝန်းကျင်၌ ကြားနေရသော 70 db ထက်နိမ့်သည့် အသံမျိုးစုံတို့အနက် စိတ်အာရုံက ညွှတ်မထားသောအသံတို့ကို နားကလက်မခံသည့်အတွက် ထိုအသံလေးများကို ကြားရခြင်း မရှိပေ။

သို့ရာတွင် 70 db ထက်မြင့်သော အသံတို့ကိုမူ စိတ်ဝင်စားသည်ဖြစ်စေ၊ စိတ်မဝင်စားသည်ဖြစ်စေ၊ နားထောင်လိုသည်ဖြစ်စေ၊ နားမထောင်လိုသည်ဖြစ်စေ၊ ကြားလိုသည်ဖြစ်စေ၊ မကြားလိုသည်ဖြစ်စေ၊ နားက အလိုအလျောက်လက်ခံပြီး သားဖြစ်နေသည်။ ထို့ကြောင့်ပင်လျှင် အော်ဟစ်ပြောဆိုသော အသံများ၊ ခိုက်ရန်ဖြစ်ပွားသည့်အခါ အပြန်အလှန်ပြောဆိုသော အသံများ၊ ကျယ်လောင်သောသီချင်းသံများ၊ အသံချဲ့စက်ဖြင့် ပြောဆိုနေသော အသံများ၊ ယာဉ်ရထားတို့ မောင်းနှင်သွားလာနေသောအသံများ၊ လေယာဉ်ပျံသန်းနေသည့်အသံများ၊ စက်/ယန္တရားကြီးများ လည်ပတ်လှုပ်ရှားနေသော အသံများ သည်




70 db ထက် ကျော်လွန်နေသည့်အတွက် မကြားချင် သော်လည်း ကြားနေရကြရမည်ဖြစ်သည်။

70 db ထက်ကျော်လွန်သော အသံတိုင်းသည် သွေးခုန်နှုန်းကို ပိုမိုမြန်ဆန်လာစေပြီး အချိန်ကြာမြင့်စွာဖြင့် ဆက်တိုက်ကြားနေရပါက အာရုံကြောများကို ထိခိုက်သည့်သက်ရောက်မှုများပင် ဖြစ်စေနိုင်ကြောင်း သိပ္ပံပညာရှင်တို့က သုတေသနပြု တွေ့ရှိခဲ့ကြသည်။ ဆူညံမှုမြင့်မားသောပတ်ဝန်းကျင်သည် စဉ်းစားတွေးခေါ်မှုများကိုပါ သိသာစွာ ထိခိုက်စေသည်ကို မရေမတွက်နိုင်အောင်များပြားလှသော သာဓကများက ထောက်ပြလျက်ရှိနေသည်။

ဆိတ်ငြိမ်သည့်ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသော ကလေးငယ်များနှင့် ဆူညံသည့်ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသော ကလေးငယ်တို့ကို စစ်တမ်းကောက်ယူရာတွင် ဆိတ်ငြိမ်သည့် ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသော ကလေးငယ်တို့သည် စိတ်ရှည်ခြင်း၊ သည်းခံတတ်ခြင်း အကြောင်းအရာတစ်ခုကို စေ့ငုစွာ စဉ်းစားတတ်ခြင်း၊ စာနာထောက်ထားခြင်း၊ နားလည်ခွင့်လွှတ်ခြင်း စသည့် လူမှုဆက်ဆံရေးနယ်ပယ်၏ အရေးကြီးလှသော စိတ်နေသဘောထားအရာ၌ ပိုမိုသာလွန်ပြည့်စုံကြောင်း တွေ့ရှိရသည်။

အဆက်မပြတ်ကြားနေရသော db Level မြင့်မားသည့် ဆူညံသံများသည် ကြားရသူကို လွယ်လင့်တကူ ဒေါသထွက်စေနိုင်သလို ရုတ်တရက်ကြားလိုက်ရသော ဆူညံသံကြီးများကလည်း ကြားရသူတိုင်းကို ထိတ်လန့်တုန်လှုပ်စေသည်။ မော်တော်ကားသည် ဆူညံသံကို ဖန်တီးထုတ်လွှတ်ပေးနေသည့် အရင်းအမြစ်တစ်ခုဖြစ်သည်နှင့်အညီ ကားလမ်းများနှင့် နီးကပ်စွာ နေထိုင်သူများနှင့် ကားလမ်းဘေးဝဲယာတစ်လျှောက် ခြေကျင်လျှောက်နေသူများသည် db Level မြင့်မားသည့် ဆူညံသံများကို မကြားချင်သော်လည်း အမြဲလိုလို ကြားနေကြရသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် စက်မှုထွန်းကားတိုးတက်သော မျက်မှောက်ကာလတွင် ဆူညံမှုများကို ထိန်းကွပ်ရန်၊ ဆူညံသံများကို တတ်နိုင်သရွေ့ လျှော့ချရန်၊ ဆူညံသံများ

စုဝေးထွက်ပေါ်ရာ စက်ရုံ၊ အလုပ်ရုံများကို လူနေရပ်ကွက်များနှင့် အလှမ်းကွာဝေးသော နေရာ၌ထားရှိရန်၊ ကားလမ်းများကို လူနေအိမ်ခြေများနှင့် ဖြစ်နိုင်သမျှ ခွာထားပေးရန် လိုအပ်နေပြီဖြစ်သည်။


မော်တော်ကားများ တပ်ဆင်ထုတ်လုပ်ရာ၌ အင်ဂျင်စက်သံကို ညင်သာနိုင်သမျှ ညင်သာညက်ညောအောင် မော်တော်ယာဉ် အင်ဂျင်နီယာတို့က အသံထိန်းအိုး(Silencer)ပါဝင်သော အိတ်ဇောပိုက်များကို မော်တော်ကားများတွင် တပ်ဆင်ပေးလိုက်ကြသည်။ ဤမျှ ကြိုးစားပမ်းစား စီမံပြုလုပ်ပေးခဲ့သည့်ကြားကပင် မော်တော်ကားစက်သံပမာဏသည် ကားအမျိုးအစားပေါ်မူတည်ပြီး 70db နှင့် 90 db အကြား၌ ရှိနေဆဲပင်ဖြစ်သည်။

ထို့အတူပင် ၃ ပေအကွာက ကြားရသော မော်တော်ကားဟွန်းသံသည် ပေ ၂၀၀၀ အမြင့်တွင် ပျံသန်းနေသော လေယာဉ်အင်ဂျင်စက်မှ ထွက်ပေါ်လာသည့်အသံပမာဏနှင့် ညီမျှပြီး 120 db အထိပင်ရှိနေသည်။ ယနေ့ခေတ်လူငယ်များအကြားတွင် တွင်ကျယ်ကျယ် အသုံးပြုနေကြသော Mp-3 Player ၏ နားကြပ်များမှတစ်ဆင့် ကြားရသော အသံပမာဏသည်လည်း 97 db အထိရှိနေပြီး ယင်းအတိုင်းအတာသည် လယ်ယာလုပ်ငန်းခွင်သုံး ထော်လာဂျီများ၏ အင်ဂျင်စက်သံနီးပါးမျှပင်ဖြစ်သည်။

ထော်လာဂျီများ၏စက်သံသည် 100 db မှ 110 db အကြား၌ ရှိနေသလို ရော့ခ်တေးဂီတများ၏ ဆူညံမှုအဆင့်ကမူ 120 db နီးပါးမျှရှိနေသည်။ db Level မြင့်မားသည့်အသံများသည် အများသူငါ လှုပ်ရှားသွားလာနေကြသော နေ့အချိန်၌ပင် သိသာသော အနှောင့်အယှက်တစ်ခုဖြစ်နေသည့်အတွက် လူခြေတိတ်ဆိတ်သည့် ညအချိန်များအတွက်မူ ဆိုဖွယ်ရာပင်မရှိတော့ပေ။

ညအခါ အိပ်စက်အနားယူကြသည့်အချိန်တွင် 45 db ထက်ကျော်လွန်သော အသံပမာဏများကသည်ပင်လျှင် အိပ်မပျော်နိုင်ခြင်းနှင့် အိပ်ပျော်နေရာမှ လန့်နိုးခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အနောက်ဥရောပရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းတို့မှာ ညအိပ်ချိန်များတွင် မော်တော်ကားစက်သံများကြောင့် အိပ်မပျော်သည့် ဝေဒနာကို ခံစားနေကြရပြီး ကျန်းမာရေးအရ ထိခိုက်မှုများနှင့် ကြုံတွေ့နေကြရသည်။ အဆိုးဆုံးမှာ နော်ဝေနိုင်ငံဖြစ်ပြီး ထိုနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ မော်တော်ကားစက်သံများကြောင့် အမြဲတမ်း စိတ်အနှောင့်အယှက်ဖြစ်နေကြရသည်။

အလားတူပင် အင်္ဂလန်နိုင်ငံရှိ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်တို့သည် ညပိုင်းတွင်ကျင်းပသော ပါတီပွဲများမှ ထွက်ပေါ်လာသော ဆူညံသံများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရကြောင်းကို သုတေသနပြု စစ်တမ်းကောက်ယူချက်များအရ သိရှိရသည်။ ကမ္ဘာပေါ်ရှိ အလွန်နာမည်ကျော်ကြားသော အပန်းဖြေကျွန်းကြီးတစ်ကျွန်းဖြစ်သည့် ဟာဝိုင်ယီကျွန်းပေါ်တွင် ရှင်သန်ကျက်စားနေကြသည့် ကောင်ရေသောင်းနှင့်ချီသော ဖားများ၏ အော်သံများကြောင့် ကျွန်းသူကျွန်းသားများနှင့်တကွ အပန်းဖြေရန် လာရောက်ကြသော နိုင်ငံတကာမှ ဧည့်သည်များသည် ညဘက်တွင် အိပ်မပျော်သော ဒုက္ခနှင့် ကြုံတွေ့နေ




ယနေ့ခေတ်လူငယ်များအကြား တွင် တွင်ကျယ်ကျယ်
အသုံးပြုနေကြသော Mp-3 Player ၏ နားကြပ်များမှတစ်ဆင့်
ကြားရသော အသံပမာဏသည်လည်း 97 db အထိရှိနေပြီး
ယင်းအတိုင်းအတာသည် လယ်ယာလုပ်ငန်းခွင်သုံး
ထော်လာဂျီများ၏ အင်ဂျင်စက်သံနီးပါးမျှပင်ဖြစ် သည်။




ကြရသည်။

db Level မြင့်မားသော ဆူညံသံကြီးများသည် အမိဝမ်းတွင်း၌ ရှိနေသော သန္ဓေသားကိုပင် ထိခိုက်မှုဖြစ်စေနိုင်သည်။ လေယာဉ်အတက်အဆင်းပြုလုပ်ရာတွင် ထွက်ပေါ်လာသော ဆူညံသံကြီးများသည် သန္ဓေသား၏အပေါ်တွင် မည်သို့ အကျိုးသက်ရောက်မှုရှိစေနိုင်သည်ကို ပြုလုပ်သော သုတေသနများအရ လေဆိပ်အနီးတွင် နေထိုင်သော ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ကိုယ်အလေးချိန်မပြည့်သော ကလေးများ၊ နှုတ်ခမ်းကွဲနေသော ကလေးများ၊ အာခေါင်ကွဲနေသော ကလေးများနှင့် ကျောရိုးဆစ်မှုမမှန်သော ကလေးငယ်များကို မွေးဖွားလာစေနိုင်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် ဖော်ထုတ်တွေ့ရှိခဲ့ကြရသည်။

db Level မြင့်မားသော
ဆူညံသံကြီးများသည် အမိဝမ်း
တွင်း၌ ရှိနေသော သန္ဓေသားကိုပင်
ထိခိုက်မှုဖြစ်စေနိုင်သည်။

မွေးကင်းစကလေးငယ်များနှင့် လေးဘက်ထောက်သွားသည့်အရွယ်ကလေးငယ်များ၏ ပတ်ဝန်းကျင်တွင် ကျယ်လောင်သော သီချင်းသံများကို ဖွင့်ထားခြင်းနှင့် ဆူညံသောအသံမျိုးစုံတို့ကို အချိန်ကာလကြာမြင့်စွာ ကြားနေရစေခြင်းတို့သည် အဆိုပါကလေးငယ်များကို ပုံမှန်ထက်နောက်ကျပြီးမှ စကားပြောစေနိုင်ကြောင်းကိုလည်း အခြားသော သုတေသနတစ်ခု၌ တွေ့ရှိရသည်။

ဆူညံသံများသည် လူသားများကိုသာမက တိရစ္ဆာန်များ၏ သဘာဝအလျောက် ရှင်သန်နေထိုင်မှုပုံစံများအပေါ်၌ပါ သက်ရောက်မှုရှိစေကြောင်း တွေ့ရှိရသည်။ တိရစ္ဆာန်များ၏



သဘောသဘာဝအရ မိတ်လိုက်ရာသီတွင် အချင်းချင်းဆက်သွယ်သောစနစ်ကို ပတ်ဝန်းကျင်ဆူညံသံများက ရှုပ်ထွေးသွားစေသည်။ ဆူညံသံများကို ကြောက်လန့်နေကြသော တိရစ္ဆာန်များသည် မျိုးစိတ်တူအချင်းချင်း ပြုလုပ်သည့် ဖို/မ အချက်ပြစနစ်ကို နားမလည်နိုင်တော့သည့်အတွက် မျိုးပွားမှု ကို ထိခိုက်မှုဖြစ်စေသည်။

သဘာဝအလျောက် နေ့ခင်းပိုင်းများ၌သာ တွန်ကျူးလေ့ရှိကြသော သပိတ်လွယ်ငှက်ကလေးများသည် ဆူညံလွန်းသော ပတ်ဝန်းကျင်ကြောင့် အလေ့အကျင့်ပြောင်းသွားပြီး လူခြေတိတ်သည့် ညအခါရောက်မှသာလျှင် တွန်ကျူးလာကြတော့သည်။ ထို့အတူပင် ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့်လူတို့နှင့် နီးစပ်သော တိရစ္ဆာန်များသည်လည်း ဆူညံလွန်းသော ပတ်ဝန်းကျင်အသံများကြောင့် သခင်ကို ရန်ပြုတတ်လာကြသည်။ နှစ်ပေါင်းများစွာ ထိန်းကျောင်းလာခဲ့သော ဆင်ထိန်းကို ဆင်က အစွယ်ဖြင့် ထိုးသတ်ခြင်း၊ အစာကျွေးနေသည့် မြင်းထိန်းကို မြင်းက ခြေထောက်ဖြင့် ကန်ခြင်း စသော ဖြစ်ရပ်များသည် ကမ္ဘာပေါ်၌ မကြာခဏဆိုသလို ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စရပ်များဖြစ်ကြသည်။

အချို့သောအသံများသည် လူတို့အတွက် မပြောပလောက်သည့် ဆူညံမှုများဖြစ်သော်လည်း ကြိမ်နှုန်းအလွန်နိမ့်သည့် အသံများကိုပင် ကြားနိုင်စွမ်းရှိသည့် ဆင်ကဲ့သို့သော သတ္တဝါများအတွက်မူ အလွန်ထိတ်လန့်တုန်လှုပ်မှုကို ဖြစ်စေသည်။ နှစ်ကာလကြာရှည်စွာ ကျွေးမွေးထိန်းသိမ်းစောင့်ရှောက်လာခဲ့သော တိရစ္ဆာန်ထိန်းသိမ်းရေးသမားများကို တိရစ္ဆာန်တို့က ပြန်လည်ရန်ပြုတတ်ခြင်းများသည် အဆိုပါ သဘောတရားမျိုးကြောင့်ပင် ဖြစ်သည်။

**ဆူညံလွန်းသောအသံများသည် သက်ကြီးရွယ်အိုများ အား စိတ်ကျဝေဒနာများကို ခံစားရစေနိုင် သလို... ဆူညံမှုလွန်ကဲ သော ပတ်ဝန်းကျင်၌ ကြီးပြင်းကျင်လည်ခဲ့ရသော လူငယ်များ သည်လည်း လူလတ်ပိုင်းသို့ ရောက်ရှိလာချိန်တွင် အကြား အာရုံ ချို့တဲ့မှုများနှင့် ကြုံတွေ့ကြရဖွယ်ရှိသည်။**

ဆူညံလွန်းသောအသံများသည် သက်ကြီးရွယ်အိုများ အား စိတ်ကျဝေဒနာများကို ခံစားရစေနိုင်သလို... ဆူညံမှုလွန်ကဲသော ပတ်ဝန်းကျင်၌ ကြီးပြင်းကျင်လည်ခဲ့ရသော လူငယ်များသည်လည်း လူလတ်ပိုင်းသို့ ရောက်ရှိလာချိန်တွင် အကြား အာရုံ ချို့တဲ့မှုများနှင့် ကြုံတွေ့ကြရဖွယ်ရှိသည်။

ကမ္ဘာ့မြို့ပြများသည် ကျေးလက်တောရွာများထက် ဆူညံသံ ထုတ်လွှတ်မှုပမာဏ သိသိသာသာများပြားသည့် အားလျော်စွာ မြို့ပြများ၌ နေထိုင်သူများသည် ကျေးလက်တောရွာများတွင် နေထိုင်သူတို့ထက် ဆူညံသံအမျိုးမျိုးတို့၏ အကျိုးသက်ရောက်မှုကို ပိုမိုခံစားကြရသည်။ သို့ဖြစ်၍ အကြားအာရုံနှင့်





**ကမ္ဘာ့မြို့ပြများသည် ကျေးလက်တောရွာများထက် ဆူညံသံထုတ်လွှတ်မှုပမာဏ သိသိသာသာများပြားသည့် အားလျော်စွာ မြို့ပြများ၌ နေထိုင်သူများသည် ကျေးလက်တောရွာများတွင် နေထိုင်သူတို့ထက် ဆူညံသံအမျိုးမျိုးတို့၏ အကျိုးသက် ရောက်မှုကို ပိုမိုခံစားကြရသည်။ သို့ဖြစ်၍ အကြားအာရုံနှင့် ပတ်သက်သည့် ရောဂါဝေဒနာကို ခံစားကြရသူတို့၏ ရာခိုင်နှုန်း အများစုမှာ မြို့ကြီးသားများသာလျှင် ဖြစ်နေသည်ကို တွေ့ရှိ ရမည်ဖြစ်သည်။**

ပတ်သက်သည့် ရောဂါဝေဒနာကို ခံစားကြရသူတို့၏ ရာခိုင်နှုန်း အများစုမှာ မြို့ကြီးသားများသာလျှင် ဖြစ်နေသည်ကို တွေ့ရှိ ရမည်ဖြစ်သည်။

မြို့ပြချင်းတူစေကာမူ လူနေထူထပ်ပြီး စက်မှုလုပ်ငန်း ထွန်းကားသည့် အုပ်ချုပ်ရေးမြို့တော်နှင့် စီးပွားရေးမြို့တော်ကဲ့သို့သော မြို့ကြီးပြကြီးများ၌ နေထိုင်သူတို့က သာမန်မြို့ပြများတွင် နေထိုင်သူတို့ထက် ဆူညံသံအမျိုးမျိုးတို့၏ ဒဏ်ကို ပိုမိုခံစားကြရသည်။

လူတို့၏သောတအာရုံခံစားသည့်နားသည် 70 db ထက်နိမ့်သော အသံများကို ဥပေက္ခာပြုထားနိုင်သော်လည်း ယင်းထက် Decible မြင့်သောအသံများကိုမူ ဥပေက္ခာပြု၍မရဘဲ အလိုအလျောက် လက်ခံပြီးသားဖြစ်နေသည့်အတွက် ဆူညံသံထုတ်လွှတ်မှုပမာဏ အလွန်မြင့်မားသည့် မြို့ကြီးပြကြီးတို့တွင် နေထိုင်ကြသော မြို့ကြီးသူ မြို့ကြီးသားများသည် အကြားအာရုံနှင့်ပတ်သက်သော ရောဂါဝေဒနာများဖြစ်ပွားလာနိုင်သည့် အခွင့်အလမ်းပို၍ရှိနေသည်ကို သတိပြုကြရမည်ဖြစ်သည်။


ထို့ကြောင့်ပင် ဆူညံလွန်းသော ပတ်ဝန်းကျင်ကို ရှောင်ရှားခြင်း၊ ဆူညံသံများကို တတ်နိုင်သည့်နည်းလမ်းများဖြင့် လျော့ကျအောင် ပြုလုပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများကို ဆူညံသံများမှကင်းဝေးရာတွင်သာ နေထိုင်စေခြင်း၊ လူမမယ်ကလေးသူငယ်များ၏ဝန်းကျင်တွင် ဆူညံမှုများ မဖြစ်ပေါ်အောင် ဂရုပြုခြင်း၊ MP-3 ကဲ့သို့ ဖျော်ဖြေရေးစက်ကိရိယာများဖြင့် နားထောင်ခြင်းကို တစ်ရက်လျှင် တစ်နာရီထက်မကျော်လွန်အောင် ဂရုပြုခြင်း၊ မိမိကိုယ်တိုင်က ဆူညံသံထုတ်လွှတ်ရာ အရင်းအမြစ်တစ်ခု မဖြစ်ရလေအောင် ဆင်ခြင်ပြုမူနေထိုင်ခြင်း စသည်တို့ကို အလေးထားလိုက်နာလုပ်ဆောင်ကြခြင်းအားဖြင့် ဘဝတစ်သက်တာ ကျန်းမာရေးကို စောင့်ရှောက်သွားသင့်ကြပေသည်။ ။

**သီပွံ့စာရေးဆရာကိုကိုအောင်**



# နိုင်ဦးသာ

## မြစ်ဝန်းကြာကိုပြန်ပေးပါ....



**သူမြို့က တိတ်ဆိတ်ထွက်ခွာသည့်အခါ ဒဂုံတာရာရဲ့ မေထဲကလို ကတ္တရာလမ်းမကြီးဟာ လရောင်အောက်မှာ ဝတ်လစ်စလစ် ရေချိုးမနေပါ။ ကောင်မလေးကို ချစ်လွန်းလို့ ရင်ကွဲနာကျခဲ့ရတဲ့ သူ့မျက်ရည်စက်တွေနဲ့ ရေချိုးနေတာကတော့အမှန်ပါ။**

## (တစ်)

သူတို့မြို့လေးရဲ့ ဘူတာရုံက မြောက်ဘက်အရပ်မှာ တည်ရှိသည်။ ကိုလိုနီခေတ် ဥရောပအငွေ့အသက် လက်ရာတွေကို ဘာတာရုံလေးမှာတွေ့နိုင်ပါသည်။ ဘာတာရုံအဝင်အထွက်လမ်းနှစ်ခုကြားမှာတော့ ပန်းဥယျာဉ်အငယ်စားလေးနှင့် ရေပန်းလေးရှိပါသည်။ မီးရထားရိပ်သာရဲ့ လမ်းတစ်ဘက်ခြားမှာတော့ ကျောင်းလေးတစ်ကျောင်းရှိပါသည်။ ဘူတာရုံနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ရပ်ကွက်လေးထဲမှာ သူနေထိုင်ရပါသည်။ ဒီကျောင်းလေးကို တက်ရသည့်အခါ သူ့ကောင်မလေးနှင့် ဆုံဖြစ်သွားခဲ့သည်။





ကောင်မလေးမိဘများကလည်း မီးရထားဘက်ကဖြစ်၍ ဒီကျောင်းလေးကလွဲလို့ တက်စရာမရှိပါ။ သူနှင့် သူ့ကောင်မလေးတို့သည် ငယ်ကျွမ်းဆွေအချစ်ဖြစ်ခဲ့ရသည်။

ဆယ်တန်းစာမေးပွဲ အောင်စာရင်း၌ သူတို့နှစ်ဦးစလုံး နာမည်မပါလာသောအခါ မိုက်မဲရူးသွပ်စွာနှင့် ဆုံးဖြတ်ချက်တစ်ခုချခဲ့ကြသည်။ မီးရထားလမ်းတစ်လျှောက် သူတို့နှစ်ဦးထွက်ပြေးခဲ့ကြသည်။ မြို့က နေ (၃)မိုင်လောက်ဝေးသည့် မိုင်တဲဆိုတဲ့ လမ်းအလုပ်သမားတွေနေတဲ့နေရာလေးကိုပါ။ ကောင်မလေးအသိ မယ်ဇလီဦးထွန်းရင်အိမ်ကိုပေါ့။ ကြည်တည်းအခန်းလေးထဲမှာ စိုးရွံ့ထိတ်လန့်စွာနဲ့ တစ်ညတာကုန်ဆုံးပြီးနောက် နံနက်အာရုံဦးမှာပင် သူတို့နှစ်ဦး၏ အိပ်မက်ကလေးက ပျက်ပြယ်သွားခဲ့ရသည်။ ကောင်မလေး မိဘများနှင့် အစ်ကိုတွေ

**တူးဆွတိုင်းသာ ကျောက်တွေ၊ ရေနံ တွေ တွေ့ခဲ့ရင်၊ တွေ့တဲ့ကျောက်တွေ ရေနံတွေသာအောင်ရင် သူ့ရဲ့အိပ်မက်က ပြီးဆုံးသွားမှာပါ။ ခုတော့ ငွေကိုမရင်းနိုင်ဘဲ ခန္ဓာကိုယ်ကို ရင်းရတဲ့အတွက် ကျောက် အောင်ရင်လည်း သူရတဲ့ဝေစုက အနိမ့်ဆုံး အဆင့်မှာပါ။ ဟိုကျင်းမရရင် ဒီတစ်ကျင်း၊ ဒီတစ်ကျင်းမရရင် ဟိုတစ်ကျင်းနဲ့ လောပန်း လောင်း ကျောက်တူးသမားလေးဟာ နိဂုံး ချုပ်လိုက်သည့်အခါ ငှက်ဖျားရောဂါနဲ့ ဘေလုံးအဖတ်တင် ကျန်ရစ်ခဲ့သည်။**

ရောက်ရှိလာကြသည်။ သူ့ကို မျက်ရည်စက်လက်နှင့် အတင်းဖက်တွယ်ထားသော ကောင်မလေးကို ကြမ်းတမ်းစွာ ခွဲထုတ်ပြီး ခေါ်သွားခဲ့ပါသည်။ သူကိုလည်း ကောင်မလေးအစ်ကိုတွေက ဝိုင်းရံထိုးကျိတ်ပစ်ကြသည်။ သူ ဘာမျှမတတ်နိုင်ဘဲ ရင်စည်း၍ပဲ ခံရတော့သည်။

မြို့လေးကို သူပြန်ရောက်တော့ ကောင်မလေးမရှိတော့။ သူမအဒေါ်ရှိရာ မြေလတ်မြို့ကြီးတစ်မြို့သို့ ပို့ပစ်လိုက်ပြီဟု သိရသည်။ တကယ်တော့ သူနှင့် ကောင်မလေးတို့ဘဝက သူတို့ထွက်ပြေးကြတဲ့ မီးရထားလမ်းပေါ်က သံချောင်းလေးတွေလိုပါပဲ။ အဝေးမှာဆိုတဲ့ နေရာလေးရှိသလိုလိုနဲ့ လက်တွေ့သွားကြည့်တော့ အဲဒီနေရာမှာ မရှိခဲ့တာ ဆိုမှတ်ပါ။ ဟိုအဝေးမှာ တစ်ခြားတစ်နေနေရာရာမှာ ရှိသလိုလိုနဲ့ ဖြစ်ပြန်ရော။ ဒါနဲ့ ဆက်လျှောက်ရပြန်ရော။ နေ့ရှိသရွေ့၊ ညရှိသရွေ့ လျှောက်ပေဦးတော့။ ဘယ်တော့မှ ဆိုမှာမှ မဟုတ်တာပဲလေ။

သူမြို့က တိတ်ဆိတ်ထွက်ခွာသည့်အခါ ဒဂုံတ ၁ ရာရဲ့ မေထဲကလို ကတ္တရာလမ်းမကြီးဟာ လရောင်အောက်မှာ ဝတ်လစ်စလစ် ရေချိုးမနေပါ။ ကောင်မလေးကို ချစ်လွန်းလို့ ရင်ကွဲနာကျခဲ့ရတဲ့ သူ့မျက်ရည်စက်တွေနဲ့ ရေချိုးနေတာကတော့ အမှန်ပါ။

**(နှစ်)**

ကမ္ဘာကြီးဟာ လူသားတွေကို ပေးဆပ်ပြီးတော့ တည်ရှိနေတာပါ။ လူသားတွေက ရေတွေ၊ လေတွေ၊ မြေတွေကို သုံးရုံသာမကဘဲ ကမ္ဘာမြေကြီးရဲ့ အသည်းနှလုံးကိုပါ တူးယူဖော်ထုတ် စားနေကြတာပဲ မဟုတ်လား။ စိန်တွေ၊ ရွှေတွေ၊ ကျောက်သံပတ္တမြားတွေဆိုတဲ့ အသည်းနှလုံးတွေပါ။ ရွှေကြောင့် လူနီရိုင်းတွေ တိုင်းပြည်ပျောက်ခဲ့ရတာ၊ ရေနံကြောင့် ကိုလိုနီစနစ်ပေါ်လာတာ။ စိန်ကြောင့် အာဖရိကမှာ စစ်မက်ထူပြောနေတာပါ။

သူတို့လို တက်ကျမ်းမဖတ်ဘဲ ဖြတ်လမ်းက ကြီးပွားလိုသူတွေအတွက် ရွှေတွင်း၊ ရေနံတွင်း၊ ကျောက်တွင်းရှိနေတဲ့ နေရာဆိုတော့ မဆုံးနိုင်တဲ့ မျှော်လင့်ချက်အိပ်မက်တွေ ပေးစွမ်းနိုင်တဲ့နေရာတွေပါ။ သူနဲ့ကောင်မလေး လွဲခဲ့ရတာမှာ သူ့မှာငွေမရှိလို့ဆိုတဲ့ စိတ်နာတဲ့ ဒဏ်ရာတွေရှိနေဆဲပါ။ နပိုလီယံက ပြောခဲ့တယ်။ ‘နေမင်းကြီးရဲ့အောက်မှာ မဖြစ်နိုင်တာ ဘာမှမရှိပါ။ မဖြစ်သေးတာဘဲ ရှိတယ်’ သူလည်း စစ်သူကြီးနပိုလီယံစကားကို အားကျပြီး ရွှေတွင်းတွေ၊ ရေနံတွင်းတွေ၊ ကျောက်တွင်းတွေနေရာမှာ ဘဝတိုက်ပွဲဆင်နွှဲနေလေရဲ့။ နေမင်းကြီးသာ ကမ္ဘာမှာရှိနေသရွေ့ သူကတော့ စိတ်လျှော့မှာ မဟုတ်ဘူး။

တူးဆွတိုင်းသာ ကျောက်တွေ၊ ရေနံတွေ တွေ့ခဲ့ရင်၊ တွေ့တဲ့ကျောက်တွေ ရေနံတွေသာအောင်ရင် သူ့ရဲ့အိပ်မက်က ပြီးဆုံးသွားမှာပါ။ ခုတော့ ငွေကိုမရင်းနိုင်ဘဲ ခန္ဓာကိုယ်ကို ရင်းရတဲ့အတွက် ကျောက်အောင်ရင်လည်း သူရတဲ့ဝေစုက အနိမ့်ဆုံးအဆင့်မှာပါ။ ဟိုကျင်းမရရင် ဒီတစ်ကျင်း၊ ဒီတစ်ကျင်းမရရင် ဟိုတစ်ကျင်းနဲ့ လောပန်းလောင်း ကျောက်တူးသမားလေးဟာ နိဂုံးချုပ်လိုက်သည့်အခါ ငှက်ဖျားရောဂါနဲ့ ဘေလုံးအဖတ်တင် ကျန်ရစ်ခဲ့သည်။

မှော်အထွက်မှာ တည်ရှိနေတဲ့ မြို့လေးက အရောင်းအဝယ်ကောင်းတာမို့ ဈေးဆိုင်၊ စားသောက်ဆိုင်တွေက များလှသည်။ မှော်ထဲမှာ ရိက္ခာပြတ်လို့ ဈေးတက်ဝယ်ရင်း သူတို့တွေ ရံဖန်ရံခါ မြို့လေးသို့ ရောက်တတ်ကြသည်။ မှော်ထဲမှာ ချွေတာသမျှ မစားရက်နိုင်သမျှ ငတ်ခဲ့ရသမျှ စည်းလွတ်ဝါးလွတ် ဒီဆိုင်တွေမှာ သုံးဖြုန်းပစ်ခဲ့ကြသည်။ အသူရာတွေထဲမှာ မျောပါစီးရင်း ရီဝေတဲ့အရှိန်နဲ့ တေးဆိုမလေးတွေရဲ့ လည်ပင်းတွေကို ပန်းကုံးတွေ နှမြော

တွန့်တိုမှုမရှိ တစ်ကုံးပြီးတစ်ကုံး စွပ်ပေးခဲ့ရတာ။ နေဝင်တဲ့ ညကာလမှာ လောပန်းလေးလိုပေါ့။ မိုးလင်းလို့ နေထွက်ရင်တော့ ကျောက်တူးသမားပဲပေါ့။

"မင်း မြစန်းကြည်နော်"

စင်ပေါ်မှာ သူမူးယစ်ရီဝေစွာနှင့် ပန်းကုံးကို ချိတ်ဆွဲရင်း သူ့ကောင်မလေးပါဟု အတင်းစွပ်စွဲနေမိသည်။ ကောင်မလေးက ဟန်မပျက်ပြုံးရင်း ခေါင်းခါပြလိုက်သည်။ ကောင်မလေး သီချင်းဆိုပြီး နားနေတဲ့ ထိုင်ခုံနားအထိ သူတိုးကပ်သွားခဲ့သည်။ မြစန်းကြည်အစစ်ပါ။ လိမ်မနေပါနဲ့ဟု အော်ဟစ်နေမိသည်။ ဗီဒီယိုကားထဲကလို စားသောက်ဆိုင် နောက်ခန်းထဲက လူထွားကြီးနှစ်ယောက်ထွက်လာပြီး သူ့ကို ဆွဲထုတ်ကာ ဆိုင်ရှေ့က ကတ္တရာလမ်းမပေါ် ပစ်ချလိုက်လေရဲ့။ ဒီကောင်နှယ်ကွာ မတန်မရာ ဘော့စ်ရဲ့ကောင်မလေးကိုမှ သွားထိရတယ်လို့ကွာ။


သူကတော့ လမ်းဘေးမှာ အရူးတစ်ယောက်လို သူ့ကောင်မလေးရဲ့အမည်ကို အော်ဟစ်နေလေရဲ့။ မင်းဟာ အဆိုတော်ခိုင်သဇင်မဟုတ်ဘူး။ မြစန်းကြည်ပါ။ ငါ့ရဲ့ မြစန်းကြည်ပါ။ ကတ္တရာလမ်းမပေါ်မှာ အော်ဟစ်ငိုကြွေးနေလေရဲ့။

သူ နပိုလီယံကြီးပင် စိန့်ဟယ်လီနာကျွန်းမှာ သေသွားတာကို အမှတ်ရလာသည်။ သူလည်း မှော်တောထဲမှာ မသေဝံ့တာကြောင့် ထွက်ပြေးလာခဲ့မိသည်။

နေမင်းကြီးရဲ့ နပိုလီယံရေ နေရစ်ခဲ့တော့။

**(သုံး)**

အိမ်အပြန်ကျတော့ ကတ္တရာလမ်းမကြီးဟာ ဝတ်လစ်စလစ်မဟုတ်ဘဲ သူရဲ့နောင်တ ညဝတ်စုံ ဖားလျားကြီး ဝတ်ဆင်ထားသည်ကို တွေ့ရသည်။ နေမင်းမရှိသော်လည်း လမင်းကြီးက သာဆဲပါ။ နပိုလီယံရေ လရောင်အောက်မှာ ဂျိုးဇက်ဖင်းကို အိပ်မက်မက်ပြီး အိပ်နေမှာလား။ လမင်းအောက်က အဆိုအမိန့်တစ်ခုလောက် မိန့်ကြားပေးပါလား။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း အရက်ဆိုင်ဝင်ရင်း မြို့ကလေးကို လွမ်းသည့်စိတ်ကို ဖြေရသည်။



အဖော်ကောင်းတာနဲ့ မြို့ကလေးရဲ့ ဘူတာရုံလေးသို့ ရောက်လာမိသည်။ ဒါပေမဲ့ ဘူတာရုံကလေးကတော့ သူထွက်သွားစဉ်ကထက် မယုံနိုင်လောက်အောင် ကြီးထွားနေပါလား။ တစ်လမ်းသွား စီးပွားရေးစနစ်အောက်မှာ ပုန်းလျှိုးကွယ်လျှိုး လုပ်ငန်းနဲ့ ဖွံ့ဖြိုးတိုးတက်နေတာ အမှန်ပါ။ မီးရထားလမ်း အစအဆုံးမှာရှိတဲ့ မြို့ကြီးတွေကိုသာ ရှာဖွေဖမ်းဆီးရေးသမားတွေက အဓိကထားတာ။ လမ်းက မြို့ကလေးတွေကို သိပ်အာရုံမထားတတ်ကြပါ။ ဒီလိုနဲ့ အရှေ့ဘက်နယ်စပ်ကလာတဲ့ ကားလမ်းနဲ့ ဆုံတာမို့ ဒီမြို့လေး ခွင်မိနေပုံရသည်။ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ရင်း မှော်တွေမှာ အလုပ် မဖြစ်ခဲ့သမျှ ဒီလိုင်းမှာ ရောဝင်တိုးလို့ ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ အေးမိစံ၊ အေးမိစံဆိုတဲ့ နာမည်လေးကတော့ ဒီလုပ်ငန်းတွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း လူမှန်သမျှရဲ့ ပါးစပ်ဖျားက မချတဲ့ နာမည်လေးပါ။ အေးမိစံတဲ့လား။

မြို့လေးရဲ့ ဘူတာရုံရှေ့သို့ ကားငယ်လေးတစ်စီးထိုးစိုက်လာပြီး မိန်းမငယ်လေး တစ်ယောက် ဆင်းလာပါသည်။ သူအသေအချာကြည့်တော့မှ သူ့ ကောင်မလေးမှန်း သိရသည်။ လက်ဖက်ရည်ဆိုင်ထဲမှ အရူးအမူးပြေးထွက်လာပြီး ကောင်မလေးရှေ့မှာ ပိတ်ရပ်ရင်း အော်ဟစ်နေမိသည်။

''မြစန်းကြည် မြစန်းကြည်''

ကောင်မလေးက ခေါင်းခါသည်။ ပါးစပ်က ဘာမှ ပြန်မပြောဘဲ အမူအရာနဲ့ လမ်းဖယ်ပေးရန် တောင်းဆိုနေသည်။ သူက မလိုက်နာဘဲ အတင်းဆွဲရမ်းမယ်လည်းပြင်ရော ဘူတာရုံလုံခြုံရေးဝန်ထမ်းတွေ ရောက်လာပြီး သူ့ကို ဆွဲထုတ်ခေါ်သွားခဲ့သည်။ ကောင်မလေးက သဘောထားကြီးလို့ မင်းကို အချုပ်ခန်းထဲမထည့်တာ။ မင်းနယ်ကျွံ တကယ့်မီးခဲ အေးမိစံကိုမှ သွားစမ်းရတယ်လို့၊ သူ့ကို ဝိုင်းဆူကြသည်။ အေးမိစံရဲ့ ပိုက်ဆံအိတ်ထဲက အထင်ကရ အဓိကအမည်စာရင်းတွေ၊ အေးမိစံ စေတနာရှိရှိ ရက်ရက်ရောရော ပေးကမ်းကျွေးမွေးတတ်တာတွေ၊ အေးမိစံက သူသယ်တဲ့ကုန်တွေ လွတ်ရာလွတ်ကြောင်းအတွက် ဘာမဆိုအကုန်ယူသွားပါ။ အကုန်ပေးမှာဆိုပြီး ရင်နီးတတ်တာတွေ၊



**နေမင်းကြီးအောက်မှာ**

**သူ အမှန် တရားကို**

**ရှာဖွေတွေ့ရှိသွားခဲ့သည်။**

**သူ့ရဲ့စိတ်ကူးယဉ်အိပ်မက်**

**တွေကို မြေမြှုပ်သင်္ဂြိုလ်ခဲ့ပြီး**

**ငွေကြေးဟာ ဘဝတစ်ခုလုံး**

**အတွက် ပဓာနမကျပါလားဟု**

**သိလာခဲ့ သည်။**

**ငွေတွေရှိရင်ကော**

**သူ့ကောင်မလေး ကို**

**သူ ပြန်လည်သိမ်းပိုက်**

**ခေါ်ယူနိုင်မှာလား။**



လက်ဖက်ရည်ဆိုင်ထိုင်စဉ်က သူ့နားထဲမှာ လျှံအောင် ကြားခဲ့ရတာပါ။

သူက လမ်းတစ်လျှောက် ပေါက်ကွဲစွာ အော်ဟစ်နေသည်။ မင်းဟာ ကယ်ရီခေါင်းဆောင် အေးမိစံမဟုတ်ဘူး၊ မြစန်းကြည်ပါ၊ ငါ့ရဲ့ မြစန်းကြည်ပါ။

**(လေး)**

နေမင်းကြီးအောက်မှာ သူ အမှန်တရားကို ရှာဖွေတွေ့ရှိသွားခဲ့သည်။ သူ့ရဲ့ စိတ်ကူးယဉ် အိပ်မက်တွေကို မြေမြှုပ်သင်္ဂြိုလ်ခဲ့ပြီး ငွေကြေးဟာ ဘဝတစ်ခုလုံးအတွက် ပဓာနမကျပါလားဟု သိလာခဲ့သည်။ ငွေတွေရှိရင်ကော သူ့ကောင်မလေးကို သူ ပြန်လည်သိမ်းပိုက် ခေါ်ယူနိုင်မှာလား။

ဒီလိုနဲ့ သူ မီးရထားအလုပ်ထဲ ဝင်ဖြစ်သည်။ သူ တာဝန်ကျရာ ဘူတာရုံလေးမှ နေ့ညမပြတ်သွားနေသည့် ရထားများကို ငေးမျှော်ကြည့်နေတတ်သည်။

တစ်နေ့တော့ သူနဲ့ ကောင်မလေးတို့ ထွက်ပြေးကြစဉ်က ပုန်းအောင်းတည်းခိုခဲ့ရသည့် မိုင်းတဲက အလုပ်သမားတန်းလျားလေးသို့ ပြောင်းရွှေ့ရောက်ရှိလာသည်။ သူနဲ့ ကောင်မလေးတို့ တစ်ညတာနေခဲ့ရသည့် အခန်းလေးထဲသို့ ရောက်လာသည်။ ဒီအခန်းကျဉ်းလေးထဲမှ သူ့ကောင်မလေးရဲ့ ကိုယ်သင်းရနံ့ကို ရှာဖွေနေလေရဲ့။ ခိုင်သဇင်မွှန်ဆိုတဲ့ စားပွဲရုံက အဆိုတော်မလေး။ အေးမိစံဆိုတဲ့ မီးရထားပေါ်က ကောင်မလေးဟာ သူ့ရဲ့ ကောင်မလေးပါ။ မြစန်းကြည်မှ မြစန်းကြည်အစစ်ပါ။ မိဘတွေ လာခွဲမှာကြောက်လို့ တစ်ညလုံးတင်းကြပ်စွာ ပွေ့ဖက်ထားခဲ့ရတဲ့ သူ့ကောင်မလေးရဲ့ ကိုယ်သင်းရနံ့ကို သူသေရွာသွားလည်း မှတ်မိနေမှာပါ။ အဲဒီ ခိုင်သဇင်မွှန်၊ အေးမိစံတို့ နားကပ်တာနဲ့ သူဘဝနဲ့ရင်းပြီး မှတ်မိနေခဲ့ရတဲ့ သူ့ကောင်မလေးရဲ့ ကိုယ်သင်းနံ့ကို ရတာပဲလေ။ သူ့ကို ဘယ်သူမှ လိမ်လို့ မရဘူး။ သူ့ကိုသာ တစ်လောကလုံးက ဝိုင်းညာနေကြတာ။

သူတို့သာ မခွဲကြရင် သူ့ကောင်မလေးဟာ ဒီမိုင်းတဲထဲမှာနေတဲ့ လမ်းအလုပ်သမားလေးရဲ့ ဇနီးဖြစ်နေမည်။ ပြီးတော့ မယ်ဇလီကြီး ဦးထွန်းရင်ရဲ့ ဇနီး ဒေါ်ခင်ထွေးလို တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရအောင် ရထားလမ်းဘေးမှာ ဂန္ဓမာပန်းစိုက်နေမှာလား။ သူလိုချင်တဲ့ ကောင်မလေးရဲ့ ပုံရိပ်သဏ္ဌာန် ဘယ်လောက်ဝေးနေမှန်း သူမသိ။

စိန့်ဟာလီနာကျွန်းမှာ အကျဉ်းခံနေရတဲ့ နပိုလီယံကြီးကရော လရောင်အောက်မှာ ဘာအော်နေမည်ကို သူမသိပါ။

သူကတော့ မိုင်းတဲလေးရဲ့ ရှေ့မှာရှိနေတဲ့ လက်ပံပင်ကြီးအောက်မှာ နေ့ညမဟူ ဖြတ်သန်းနေတဲ့ အသည်းကွဲ မီးရထားကြီးကို တွေ့တိုင်း မြစန်းကြည်ကို ပြန်ပေးပါ၊ မြစန်းကြည်ကို ပြန်ပေးပါလို့ အရူးတစ်ယောက်လို အော်ဟစ်နေလေရဲ့။ ။

**နိုင်ဦးသာ**

# မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ

MAY

Model - နိုင်မိမိဖော်



ပထမဆု

ဦးထွန်းဝေ



ဒုတိယဆု
စိုးနိုင်မင်း



တတိယဆု
သော်ဇင်

# မြန်မာနိုင်ငံဓာတ်ပုံအသင်း လစဉ်ဓာတ်ပုံပြိုင်ပွဲများ

JUNE

Model - ပြည့်ပြည့်ဘုန်းမြတ်



ပထမဆု

လင်းသူအောင်




ဒုတိယဆု

ဝဏ္ဏဝင်း



တတိယဆု

မေစောလွင်



# ဆင်ဖြူကျွန်း အောင်သိန်း

## ဘရုံးသမား ကျော်ဦး



ရွှေလှေချောင်ရွာသားများနှင့် ရင်းမာကုန်းရွာသားတို့သည် ချောင်းဖြူချောင်းအစပ်ရှိ
လက်ခုပ်ပင်ကုန်းအောက်တွင် တွေ့ကြပြန်လေပြီ။
သတ်ပုတ်ရန် ရိုက်နှက်ထိုးခုတ်ရန်အတွက် တွေ့ဆုံသော ချိန်းဝိုင်းမဟုတ်ပေ။ သို့ရာတွင်
ချိန်းဝိုင်းတော့ ဖြစ်ပေသည်။ နှစ်ဖက်သော ရွာသားများ၏လက်ထဲတွင် ကြက်ကိုလည်းကောင်း၊
နွားကိုလည်းကောင်း မမြင်ရသဖြင့် ကြက်ပွဲနွားပွဲကျင်းပရန်
ချိန်းတွေ့ကြခြင်းမဟုတ်ကြောင်း ထင်ရှား၏။

၅ နှစ်သားယောင်ပေစူးသည် မပီမသ ကြုံးဝါးလိုက်ရာ နှပ်တစ်မျှင်သည် ရင်ဘတ်နားအထိ ကျလာသဖြင့် နှပ်ကို နှာခေါင်းထဲသို့ ပြန်လည်ရှုံ့သွင်း လိုက်၏။ အသင့်ကိုင်ထားသော လက်ဝဲဘက်မှ မှို့နှင့် လက်ယာဘက်မှ သံတုံးကိုခေါင်းပေါ်သို့ မြှောက်ပြသည်။ ကြည့်ကြပါ ကြိုတင်၍ မီးရှို့မလာပါဟု ပြောသည့်သဘော။



ကျေးရွာသားတို့ကား မိမိ၏အစွမ်းအစကို တစ်ဦးချင်းတစ်ယောက်ချင်း ပြသကြသည်။ တစ်ရွာနှင့်တစ်ရွာ ပြိုင်ဆိုင်ကြ၏။ သို့ရာတွင် အလောင်းအစားကလေးနှင့် အနည်းဆုံးနိုင်သူက ရှုံးသူကို 'ကုန်းပိုး' စီးတမ်းကလေးဖြစ်ဖြစ် လောင်းစားကြရပါမှ။

သူတို့သည် ပျိုးနုတ်လည်းပြိုင်ကြ၏။ သို့သော် ကြေးကလေးပါစမြဲ။ သူတို့သည် ပြောင်းဖူးအခွံချ၊ မြေပဲအခွံချွတ်လည်း ပြိုင်ကြ၏။ သို့သော် "အောင်ကျော်ကလေး ..ဘုရား"ဟူသော အခေါ်အထူး 'ကြေး' ကလေးမူမပါ၍မဖြစ်။

မုန့်ပေါင်းနှာဖားကြိုး တသီစားခြင်း၊ ခေါင်းအုံးနှစ်လုံးကြားတွင် လက်ဖက်ရည် ပန်းကန်ထား၍ တုတ်ဖြင့်ရိုက်လျှင် ကွဲမကွဲ ညာဏ်စမ်းခြင်း စသော ပြိုင်ပွဲများလည်း လုပ်ကြပါ၏။ သို့သော် လောင်းကြေးမပါလျှင် ပေ့ါဟာဟာနှင့်။

ယနေ့ချိန်းတွေ့ကြသော ပွဲကား အစားစွမ်းမဟုတ်။ အားစွမ်းလည်းမဟုတ်ပေ။ ယဉ်၏၊ လှ၏။ မီးအခြစ်ပြိုင်ပွဲပေတည်း။

ထိုမီးအခြစ်ပြိုင်ပွဲမှာ ယမ်းမီးခြစ်ကို အခြစ်ပြိုင်သော ပွဲမဟုတ်။ ထိုပြိုင်ပွဲ၌ ကျောက်နှင့်ဓာတ်ဆီတို့ပါဝင်သော ဓာတ်မီးခြစ်ကိုလည်း မသုံးပေ။ ချောင်းကျောက် တောင်ကျောက်၊ မြေကျောက် စသည့် ကျောက်ခဲများနှင့် လဲမှို့ကို သံတုံးဖြင့် အခတ်အခြစ် ပြိုင်သောပွဲပေတည်း။

နေသည် ထန်းတစ်ဖျားအမြင့်သို့ ရောက်နေ၏။ ချောင်းကောကြီးသည် လက်ခုပ်ပင်ကုန်းကို ငွေရောင်ဖြင့် ဖျန်းပက်ပေးနေလေသည်။ ရွှေလှေချောင်ရွာသားများနှင့် ရင်းမာကုန်းရွာသားများသည် မိမိတို့ရွာသားချင်း တီးတိုးပြောဆိုနေကြ၏။ တိုင်ပင်ခြင်း စည်းလားရိုက်ခြင်းဖြစ်ပေမည်။

"ကိုသာဌေးရေ၊ စကြရအောင်လား ..."

ရင်းမာကုန်းရွာသား ဖိုးပေသီးသည် လူအုပ်နှစ်အုပ်၏ကြားသို့ ထွက်ရပ်ပြီး အော်လိုက်၏။ ဖိုးပေသီးသည် ဂျပန်ပုဝါနွှင်းရောင်ကို ပတ်ပေါင်းပေါင်း၍ ယောလုံချည်အနက်ကို ဝတ်ထားသော ကျောအပြောင်သားနှင့် အသက် ၅၀ အရွယ် လူတစ်ယောက်ဖြစ်ပေသည်။

"အေးဟေ့ စတာပေ့ါကွာ"

ရွှေလှေချောင်ရွာသားတို့၏ တပ်ဦးမှ ဖိုးသာဌေးက ခေါင်းပေါင်းစကြီးတလွင့်လွင့်ဖြင့် ထရပ်ကာ တုံ့ပြန်၏။ သူလည်း ကျောပြောင်ကြီးတည်း။

"ခင်ဗျားတို့ စထွက်မလား၊ ကျုပ်တို့ဘက်က စရမလား"

ဖိုးပေသီး၏အမေးကို ရွှေလှေချောင်ရွာသားကြီးက ပါးစပ်ဖြင့် တုံ့ပြန်ခြင်းမပြုဘဲ နှပ်တန်းလန်းရောင်ပေစူးနှင့် ၅ နှစ်သားကလေးတစ်ယောက် ကွက်လပ်ထဲသို့ ထွက်လာခြင်းဖြင့် အဖြေပေးလေသည်။

"ယူမန်ယင် ဂျိမချားဘူးဂျ၊ ကျား"

၅ နှစ်သားယောင်ပေစူးသည် မပီမသကြုံးဝါးလိုက်ရာ နှပ်တစ်မျှင်သည် ရင်ဘတ်နားအထိ ကျလာသဖြင့် နှပ်ကို နှာခေါင်း ထဲသို့ ပြန်လည်ရှုံ့သွင်းလိုက်၏။ အသင့်ကိုင်ထားသော လက်ဝဲဘက်မှ မှို့နှင့် လက်ယာဘက်မှ သံတုံးကိုခေါင်းပေါ်သို့ မြှောက်ပြသည်။ ကြည့်ကြပါ ကြိုတင်၍ မီးရှို့မလာပါဟု ပြောသည့်သဘော။

ရွှေလှေချောင်ရွာသားတို့သည် နှပ်တန်းလန်း ယီးလေးခိုလိုက် ပြန်ဝင်လိုက်ဖြစ်နေသော သတ္တဝါငယ်ကိုကြည့်ကာ ပီတိဖြစ်နေကြ၏။ ထိုအကောင်လေး၏ မပီကလာ ပီကလာ ကြုံးဝါးသံကိုနားထောင်၍ တပြုံးပြုံးနေကြသည်။

ရင်းမာကုန်းရွာသားတို့မှ ရယ်စရာကို တွေ့သော်လည်း မရယ်နိုင်ကြ။ ပြုံးစရာမြင်နေရပါလျက်နှင့် မပြုံးနိုင်ကြ။ အချင်းချင်း မျက်နှာများကိုသာ ကြည့်နေမိကြ၏။ မိမိတို့၌ ထိုကောင်ငယ်ကလေးနှင့်ဖက်ပြိုင်ရန် ရွယ်တူကလေးမပါချေ။ ရွှေလှေချောင်ရွာသားတို့က ထွက်ထွက်ချင်း ချိုးနှိမ်လိုက်ပြီ မဟုတ်လား။

"ဒဂျားမင်းပြိုင်လာအုံးမလား၊ မဖြုန်တဲ့ ချွေလေချောင်ရွာသား အနော့်နာမယ်ငထွား"

ငထွားသည် နဘေတွေ ဘာတွေနှင့် ဝင့်ဝါပြီးလျှင် မှို့ကပ်ထားသော ကျောက်ကို သံတုံးဖြင့် ရိုက်ပွတ် ပွတ်လိုက်သည်။

တစ်ချက်

မီးမစွဲသေး။

နှစ်ချက် – မီးမစွဲသေး။

သုံးချက်လေးချက် ... မှို့၌ မီးခိုး မမြင်သေး။

"ဟော ..."

ငါးချက်မြောက် ခတ်ခြစ်အပြီး၌ မီးပွားတစ်ပွင့်သည် မှို့ကိုဝင်စွဲရာ မီးခိုးတလူလူတရှုရှုထွက်လာလေ၏။ ငထွားငယ်သည် မီးစွဲသောမှို့ကို ခေါင်းပေါ်မြှောက်လျက် လေးဘက်လေးတန် မျက်နှာမူ၍ လှည့်ပြသည်။ ထို့နောက် မီးလောင်သောမှို့ကို ဖိုးသာဌေး၏ဆေးလိပ်တွင် ငထွားက ကပ်ပေးလိုက်၏။

"ငထွားကွ ... ငထွား"

လူရွယ်တချို့က ငထွားကိုကိုင်မြှောက်၍ ကောင်းချီးပေးကြလေသည်။

ဖိုးသာဌေးသည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ကောက်ရိုးပုံမီးစွဲဘိသို့ မီးခိုးတထောင်းထောင်းထလာအောင် ဝင့်ကြွားစွာ ဖွာနေလေ၏။ သူသည် မီးခိုးကို ပြုံးရယ်၍ ထုတ်သည်။ ရင်းမာကုန်းရွာသားများ၏ လှုပ်ရှားမှုကိုလည်း ပြုံး၏

ကြည့်၏။

ရင်းမာကုန်းရွာသားများမှာ ရှက်နေကြဟန်တူသည်။ ရွှေလေ့ချောင်သားတစ်ယောက်ထွက်အပြီးတွင် မိမိတို့ထွက်ရမည့် မိမိတို့အလှည့်ဖြစ်သော်လည်း ထွားနှင့်ရွယ်တူ၊ သို့မဟုတ် မတိမ်းမယိမ်းရှိသောကလေး တစ်ယောက်တလေကိုမျှ ထုတ်မပြနိုင်။ ထို့အပြင် ကလေးအပြီး၌ လူကြီးထွက်ပြရမှာကိုလည်း ရှက်ရွံ့နေကြ၏။

''ပေသီးရေ ... ထွက်လကွာ''

ဖိုးသာငွေးက ပြုံးရယ်၍ လှမ်းပြောသည်။ ဖိုးပေသီးမှာ မိမိ၏လူများဘက်သို့ လှည့်ကြည့်ကာ အတန်ကြာအောင် ပြောဆိုဆွေးနွေးပြီးမှ ဖိုးသာငွေးဘက်သို့ မျက်နှာမူကာ စကားပြန်နိုင်ပေ၏။

''ခင်ဗျားတို့ပဲ ဆက်ထွက်ပါအုံးဗျာ''

ဖိုးသာငွေးသည် မိမိ၏ရွှေလေ့ချောင်ရွာသားများဘက်သို့လှည့်ကာ ဝင့်ကြွားစွာပြုံးလေ၏။ အောင်နိုင်သောအသံဖြင့် အမိန့်ပေးသည်။

''ပူစူးမ ထွက်လာ''

ရင်းမာကုန်းရွာသားများ ပါးစပ်တဟဟ မျက်နှာတငယ်ငယ်ဖြစ်ရပြန်ပြီ။

ပူစူးမဆိုသူကား ထွားနှင့်ရွယ်တူ ရှင်မီးအင်္ကျီဝတ်ကလေးမတစ်ယောက်ဖြစ်ပေသည်။ ပူစူးမသည် ထွားကဲ့သို့ အကြွားတွေ အလှိုင်းတွေမထုတ်။ ရိုးရိုးကလေး ခတ်ပြသွားပေ၏။

ပူစူးမ၏မှို့မှာ သုံးချက်ခတ်အပြီး၌ မီးခိုးများအူတက်လာလေသည်။ ပူစူးမသည် ဆေးတံကြီးကိုက်၍ ငိုင်နေသော ရင်းမာကုန်းရွာသား ဖိုးပေသီး၏ ဆေးတံအိုးထဲသို့ မီးစွဲနေသည့်မှို့ကို ပြေးထည့်၍ မိမိတို့ဘက်သို့ ပြေးဝင်သည်။

''ထွက်လကွ ... ထွက်လကွ''

ဖိုးသားငွေး၏အသံကား အောင်မြင်လှစွာ၏။

''ပေသီးရေ ... ထွက်လကွာ''

''ခင်ဗျားတို့ပဲ ထွက်ပါဗျာ''

ဖိုးပေသီးက သံပြော့ကလေးဖြင့် တုံ့ပြန်သည်။ ဖိုးသာငွေး မိမိလူများဘက်သို့လှည့်ရပြန်ပြီ။ တစ်ဖက်လူများကို 'နှစ်လား' တိုင်တိုင် နှိမ်လိုက်နိုင်သောကြောင့် ရွှေလေ့ချောင်ရွာသားတို့ ကြွနေ၏။

ကုန်းနှီးအတင်ခံရသော မြင်းပမာ ရွာနေကြသည်။ သူအလျင်ထွက်ချင် ငါအလျင်ထွက်ချင်။

ဖိုးသာငွေးလူများက ဖိုးသာငွေး၏ မျက်နှာကို ဝိုင်းကြည့်နေသည့်နည်းတူ ဖိုးသာငွေးကလည်း တစ်ယောက်စီလိုက်ကြည့်ပြီး ရွေးချယ်နေလေသည်။ အကြည့်ခံရသူများမှာ သူ့ရွေးနိုးနိုး ငါရွေးနိုးနိုးဖြင့် ဖင်တကြွကြွလှုပ်ရှားနေကြလေ၏။ နောက်ဆုံး၌ ဖန်ခေါင်းတုံးတစ်ယောက်ကို လက်ညှိုးထိုး၍ ဖိုးသာငွေးက ဆွဲထုတ်သည်။

''စံလှဘော် ထွက်လဟေ့''

စံလှဘော်သည် ထွက်လာ၏။ ရှက်သလိုကြောက်သလိုလိုနှင့် သွားကိုဖြီးထား၏။

သူသည် ခါးပိုက်ထောင့်ထဲမှ မှို့ကျောက်နှင့် သံတုံးကိုထုတ်သည်။ ကျောက်ပေါ်တွင် မှို့ကိုတင်ပြီး အသားသေအောင် သံတုံးဖြင့်ဖိပေး၏။ သုံးတုံးဖြင့်ခတ်မည့် ကျောက်စွယ်ပေါ်သို့ မှို့စမှို့နများ ထွက်မနေစေရန် ကျောက်ဖြင့်ပွတ်၍ အနားရှင်းပေးသည်။

''ကြည့်ကြဗျ''

သူသုံးသောကျောက်ကား လိပ်သဲကျောက်တည်း။ နေသာနေသောအချိန်မှာပင် မီးပွားများ ရဲခနဲဖြာစဉ်ထွက်လာပြီး မှို့၌ မီးစွဲသွား၏။

''တစ်ချက်တည်းဗျ၊ တစ်ချက်တည်း''

စံလှဘော် ပြန်ဝင်လာသောအခါ ရင်းမာကုန်းလူအုပ်ထဲမှ လူတစ်ယောက်ထွက်လာသည်။ သူသည် လူနှစ်စု၏အလယ်တွင်ရပ်မနေဘဲ ရွှေလေ့ချောင်ရွာသားများဘက်သို့ လျှောက်လာကာ လက်ထဲမှမှို့ကို တစ်ဦးစီ၏ မျက်နှာရှေ့တွင် လိုက်လံပြ၏။

''ကြည့်ကြပါ၊ ကျုပ်မှို့ကို ကျင့်မထားပါဘူး''

မီးစွဲလျှင်စွဲချင်း ငြိမ်းသတ်ထားသော မှို့ကို ကျင့်ထားသောမှို့ဟု ခေါ်ကြ၏။ ထိုမှို့၌ ပြာအခံရှိသောကြောင့် မီးလောင်



လက်စရှိသောကြောင့် မီးစွဲရန်လွယ်ကူသည်။ ကျင့်မထားသောမှို့မှာ မကျင့်သောမှို့လောက် မီးစွဲမမြန်ဟု ယူဆကြပေ၏။

ဟုတ်လိမ့်မည် ထင်သည်။ ထင်းစတစ်ချောင်းကို အမှိုက်မပါဘဲ မီးကျီခဲသက်သက်ဖြင့် မီးမွှေးခြင်းထက် မီးကျွမ်းလက်စ ထင်းများ၊ မီးသွေးခဲများတွင် မီးမွှေးခြင်းက ပို၍မီးစွဲရာ၌ လျင်မြန်လွယ်ကူသည် မဟုတ်လား။

ယင်းမာကုန်းရွာသားသည် ရွှေလေ့ချောင်ရွာသားတို့အား မိမိ၏မှို့ကို လိုက်လံပြသပြီးနောက် ဗဟို၌ရပ်ကာ တစ်ချက်တည်း ခတ်ပြသွားလေသည်။

''ကဲ – ကျော်ဒွန်းအလှည့်ပဲဟေ့''

ဖိုးသာငွေးက မိမိ၏လူများထဲမှ လူတစ်ယောက်ကို ရွေးထုတ်ပေး၏။

ကျော်ဒွန်းသည် ရင်းမာကုန်းရွာသားများ ပြုလုပ်သွားသည့်နည်းအတိုင်း မိမိ၏မှို့သည် မီးသေသွားသော မှို့မဟုတ်ကြောင်း လိုက်လံပြသ၏။ ထို့နောက် ဗဟို၌ရပ်ကာ မိမိ၏ခေါင်းမှ ချည်ခေါင်းပေါင်းစောင်(တဘက်)ကို မြေပေါ်သို့ပစ်ချလိုက်သည်။

''တစ်ချက်ထဲဖြစ်ရမယ်၊ မခတ်ရဘူး၊ ဟောသလိုခြစ်ရမယ်ဗျို့''ဟုပြောကာ လက်သည်းခွံသာသာမျှရှိသော ကျောက်ကို သံတုံးဖြင့်ဖိ၍ ပွတ်ဆွဲဆွဲချပြ၏။ မှို့မှ မီးခိုးထွက်လာလေသည်။ ကျော်ဒွန်းက ခေါင်းပေါင်းစောင်ကို ပြန်ကောက်မသွားပေ။

ရင်းမာကုန်းဘက်မှ ရုတ်တရက် ထွက်မလာချေ။ အဘယ်ကြောင့်ဆိုသော် စိန်ခေါ်သော ကျော်ဒွန်း၏ခြစ်ဟန်မှာ ခက်၍ ပညာပါသောကြောင့်ပင်။

သံတုံးမီးခတ်ကိုခတ်ရာတွင် များသောအားဖြင့် သံတုံးကို ကျောက်ပေါ်သို့ ၂ လက်မ၊ ၃ လက်မမျှမြှင့်၍ အားယူပြီး အားဖြင့် ဆွဲချပွတ်ခတ်ကြလေ့ရှိသည်။ ထိုသို့ခတ်လျှင် ကျောက်သည် ကြီးမား၍လည်းရ၏။ သင့်ရုံငယ်၍လည်း ရ၏။ ကျော်ဒွန်း ခေါင်းပေါင်းစောင်တစ်ထည်ဖြင့် စိန်ခေါ်၍ ပွတ်ဆွဲ၍ခြစ်ရာတွင် သုံးစွဲသွားသော ကျောက်မှာ လက်သည်းခွံထက် နည်းနည်းသာ ကြီး၏။ ထိုအရွယ်မျိုးကို မည်သို့မျှခတ်၍မဖြစ်။ ပွတ်ရမည်။ ခြစ်ရမည်။



တအောင့်ကြာလျှင် ယင်းမာကုန်းရွာသားတစ်ယောက် ထွက်လာသည်။ မှို့ကိုလိုက်လံပြသပြီးနောက် ကျော်ဒွန်းခေါင်းပေါင်းစောင်ဘေးတွင် မိမိ၏ ခေါင်းပေါင်းစောင်ကိုချထားကာ ကျော်ဒွန်းပြုလုပ်သောနည်းအတိုင်း ပွတ်ဆွဲဆွဲ၍ ခြစ်၏။

တစ်ချက်။

နှစ်ချက် – သုံးချက်။

မီးခိုးကား အူမလာပေ။ ၁၀ ချက်ခြစ်သည့်တိုင်အောင် မီးခိုးထွက်မလာသောအခါ ''ဒါလောက် သောက်သုံးမကျတဲ့ မီးခတ်''ဟု ရက်ဆဲဆဲလျက် မီးခတ်နှင့် ကျောက်ပါ လွှင့်ပစ်လိုက်လေ၏။

မိမိ၏လူအုပ်ထဲသို့ ထိုသူပြန်ဝင်သည်နှင့်တစ်ပြိုင်နက် ထိုလူ၏ဘေးမှ လူတစ်ယောက်ထလာ၏။ ထိုသူသည် ကျော်ဒွန်းကဲ့သို့ တစ်ချက်ဖြင့် မရပေ။ သုံးချက်ခြစ်မှ မှို့ကိုမီးစွဲသည်။ ထို့ကြောင့် ခေါင်းပေါင်းစောင်တစ်ထည်ဆုံးသွားပြန်လေ၏။

ကျော်ဒွန်း၏ ခေါင်းပေါင်းစောင်ဘေးတွင် 'ကြေးလိုက်သော' ကြေးထပ် ခေါင်းပေါင်းစောင် နောက်ထပ်၍ သုံးထည် ရောက်လာသည်။

''ကြည့်ထားကြနော်''

တတိယမြောက် ရင်းမာကုန်းရွာသားက မိမိ၏မှို့ကျောက်နှင့် သံတုံး(မီးခတ်)ကို ရွှေလေ့ချောင်ရွာသားများအား လိုက်လံပြသ၏။ နောက်ဆုံးတန်းတွင်ထိုင်သော လူများက မမီမလှမ်းဖြင့် လည်ပင်းရှည်၍ ကြည့်ကြကာ ရှေ့တန်းမှလူများမှာ မိမိမျက်စိအောက်မှ လွန်သွားသည်အထိ လည်တံဆန့်၍ ကြည့်ကြ၏။ အသံလည်း ပေးကြ၏။

''အင်း''

ထိုအင်းကား သဘောကျခြင်း၊ ချီးကျူးခြင်းအနက်အဓိပ္ပာယ်ဆောင်သည်။

''သူ့မီးခတ်က တစ်မျိုးကလေးဗျနော်''

''အေးကွ''

ရွှေလေ့ချောင်ရွာသားတစ်ယောက်က ဖိုးသာငွေး၏နားနားကပ်၍ ပြောလိုက်သဖြင့် ဖိုးသာငွေးက ခေါင်းညိတ်ထောက်ခံသည်။

ထိုသူ၏မီးသံတုံးမှာ ရွှေလေ့ချောင်ရွာသားများ ကိုင်တွယ်သုံးစွဲနေကျ

မီးခတ်မျိုး၊ မျက်စိယဉ်နေသော မီးခတ်မျိုးမဟုတ်ပေ။ ရွှေချောင်ရွာ၌ အဆန်းဆုံးမီးခတ်မှာ ဖွားမယ်ပွင့်သား ငပြော့၏မီးခတ်ဖြစ်သည်။ ငပြော့၏မီးခတ်မှာ ကောက်ရိတ်တံဇဉ်အကျိုး အရင်းပိုင်းကို တံစဉ်းဖြင့် တိုက်ချောသဖြင့် ရွာတွင်ရှိသော အဖျားနှစ်ဖက်ရှူး၍ ဗိုက်ပူသော ထုလအမ်းမီးခတ်များထက် ပါးလျား၏။ သွက်၏။ အမြင်လည်း ဆန်း၏။

ယခုပြသသွားသော ရင်းမာကုန်းရွာသား၏မီးခတ်မှာ ငပြော့၏မီးခတ်ကဲ့သို့ ပါးပါးကလေး။ သို့ရာတွင် အဖျားနှစ်ဖက်ရှူးမနေဘဲ တစ်ဖြောင့်တည်းစင်း၏။ အပြားတွင် ပန်းပွင့်ကို ပုံဖော်ထားပြန်သည့်အတွက် လှသည်၊ ဆန်းသည်။ ချစ်စရာ။

အမှန်အားဖြင့် ယခုကဲ့သို့ ပျော့၍ ပါးလျားသော မီးခတ်သာလျှင် လက်သဲခွံမျှသာရှိသော ကျောက်နှင့်ဘက်မိသည်။ မီးခတ်က ကျောက်ထက် အဆမတန်လေးနေသောအခါ ဘက်မညီသဖြင့် ကျောက်မှာ အဆမတန်ပဲ့ထွက်နိုင်၏။ ကိုင်ရာတွင် အလေးမမျှသည့်အတွက် မီးစွဲရန်ဝေးစွ၊ မီးပွင့်ရန်ပင် မလွယ်ပေ။

ထိုလှပသော မီးခတ်ပိုင်ရှင်သည် ကျော်ဒွန်း၏ ခေါင်းပေါင်းစောင်ဘေးတွင် ချထားသည့် စောင် ၃ ထည်အနက်မှ ၂ ထည်ကို ဆွဲယူသွားနိုင်ခဲ့၏။

အကြောင်းမူ သူသည် ကျော်ဒွန်းနည်းတူ တစ်ချက်တည်းဖြင့် ပွတ်ဆွဲဆွဲ၍ မှို့မီးရအောင် ခြစ်ပြနိုင်သောကြောင့်တည်း။

''ထွန်းခိုင်ကွ၊ ထွန်းခိုင်''

ရင်းမာကုန်းရွာသားတို့သည် မိမိတို့ဘက်မှ ခေါင်းပေါင်းစောင် ၃ ထည် ဆုံးရှုံးမည့်အန္တရာယ်ကို ဝင်ရောက်ကာကွယ်သော သူ့ရဲကောင်းအဖြစ် ဝမ်းသာအားရ ဆီးကြိုကြကုန်၏။

''ဆုံးပြီမှတ်တဲ့တစ်ထည် ပြန်ရလို့တော်သေးတာပေါ့ကွာ''

ဟိုဘက်၌ ညံနေသလို ရွှေလှေချောင်ရွာသားတို့အစုဘက်၌လည်း တီးတိုးသံများ ဟိန်းနေ၏။ ကာယကံရှင် ကျော်ဒွန်းသည် ထွန်းခိုင်အား မမိုတ်မသုန် စိုက်ကြည့်နေသည်။

''ရော့ဟော့ ဒို့ဘက်က တစ်ထည်တော့ အမြတ်ရလိုက်ပါသေးတယ်ကွ''

ရွှေလှေချောင်ရွာသားတစ်ယောက်က ခေါင်းပေါင်းစောင် ၂ ထည်ကို သွားရောက်ကောက်ခဲ့ကာ ကျော်ဒွန်းရှေ့တွင် ချပေး၏။ ကျော်ဒွန်းသည် မိမိ၏ခေါင်းပေါင်းစောင်ကိုသော်မျှ ကောက်ယူ၍ မပေါင်းမိ။ ထွန်းခိုင်ကိုသာ စိုက်ကြည့်နေမိလေ၏။

ထွန်းခိုင် ထွန်းခိုင်။ မိမိနှင့် လူရေးညီကြောင်း ပြသသွားသော ထွန်းခိုင်။

သည်ပွဲတွင် မိမိနှင့် လူရေးညီကြောင်း ပြနိုင်ခွင့်ရှိသော ထွန်းခိုင်သည် တစ်ချိန်က မိမိထက် လူရေးသာအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်၏။

မီးခတ်ပြိုင်ပွဲသည် ရှေ့ဆက်၍ မည်သို့မည်ပုံဆင်နွှဲနေသည်ဟူ၍ ကျော်ဒွန်း သတိမထားနိုင်။ ထွန်းခိုင်အားသာ မကျေမချမ်း ကြည့်နေမိသည်။

''မယ်ရွှေ''

မကြာမြင့်သေးသောကာလ၌ ကျော်ဒွန်း၏နှလုံးသားကို စိုးကိုင်ခဲ့သော ဇောင်ဂျမ်းကုန်းရွာသူကလေး၏အမည်ကို ကျော်ဒွန်းက တမ်းရော်မြည်ရွတ်မိ၏။ ထွန်းခိုင်ကို မြင်လျှင် မယ်ရွှေကိုသတိရသလို မယ်ရွှေဟုဆိုလျှင် ထွန်းခိုင်လည်း မပါလျှင်မဖြစ်ပေ။

မယ်ရွှေမှာ ထွန်းခိုင်တို့၏ ရင်းမာကုန်းနှင့် ကျော်ဒွန်းတို့၏ ရွှေလှေချောင်၏ အလယ်တွင်တည်ရှိသော ဇောင်ဂျမ်းကုန်းရွာ သူကလေးဖြစ်၏။

မယ်ရွှေသည် မလှပေ။ နေစားခံရသဖြင့် အသားညို၏။ ဆံပင်သည် နီကျင့်၏။ ကိုယ်ပေါက်ကိုယ်ရောက် နုမျစ်ဖွံ့ထွားသလို သွားများသည်လည်း ကြီးမားလှစွာ၏။

မယ်ရွှေသည် အလှကိုမပိုင်ရှာပေ။ အလှအပကိုမစိုးပိုင်သော်လည်း မယ်ရွှေသည် အလုပ်ကိုကား ပိုင်၏။ နှစ်ယောက်စိုက်လယ်ကို တစ်နေ့တည်းဖြင့် မိမိတစ်ယောက်တည်း ပြီးစီးအောင်စိုက်နိုင်စွမ်းသော မယ်ရွှေ၊ မြေပဲအခွံနွှာရာတွင်လည်း သူတစ်ပါး တစ်ပြည်ရချိန်၌ မယ်ရွှေက ၂ ပြည်ခန့်ရပြီ။ ကောက်ရိတ်အုံးမလား။ တော်ရုံတန်ရုံ ယောကျ်ားသားပင် မယ်ရွှေကိုမမီ။

သူတို့အရပ်အခေါ်အားဖြင့် မယ်ရွှေသည် များစွာ'ဖြစ်'၏။ ထို့ကြောင့် ဇောင်ဂျမ်းကုန်းရွာသူ မယ်ရွှေမှာ ရွှေလှေချောင်ရွာသား ကျော်ဒွန်း၏ မြတ်မြတ်နိုးနိုး မေတ္တာစကားဆိုဖွဲ့ခြင်း ခံခဲ့ရသည်။

ကျော်ဒွန်းဆိုသည်မှာ အရက်ကလေးသောက်၍ ကြက်ကလေးတိုက်တတ်ခြင်းမှလွဲ၍ မယ်ရွှေငြင်းစရာမရှိသော မိကောင်းဖခင်သားဖြစ်ပေ၏။ သည်အတိုင်းဆိုလျှင် ကျော်ဒွန်းမှာ မယ်ရွှေကိုရရန်သာရှိတော့သည်။ သို့ရာတွင် ထိုဆံပင်နီကျင်၍ အသားမွဲသော သွားကျဲမကိုပင် ရင်းမာကုန်းရွာသား ထွန်းခိုင်တစ်ယောက်ကပါ ဝင်ရောက်မျက်စိကျနေကြောင်း သိရသည့်အချိန်၌ ကျော်ဒွန်းမှာ မခံချိမခံသာဖြင့် အနေရအထိုင်ရခက်ခဲ့၏။

မယ်ရွှေမှာလည်း ကျော်ဒွန်းနှင့် ထွန်းခိုင်ကို အရွေးရခက်နေသည်။ ကျော်ဒွန်းက အရက်ကလေးမှီဝဲသလို ထွန်းခိုင်က ထန်းရည်ကလေးတမြမြနှင့်၊ ကျော်ဒွန်းကြက်တိုက်သလို ထွန်းခိုင်သည်လည်း ကိုယ်ပိုင်တိုက်ကြက်ကို တယုတယမွေးထားသူ။

အလုပ်အကိုင်တွင်မူ ၂ ယောက်လုံး ဖားစီးငါးစီးတော်ကြ၏။ ဆွေမျိုးသားချင်းတော့ တောင့်တင်းကြသူချည်းပင်။ အဆိုးရော အကောင်းပါ မျှနေသူ ၂ ဦးကို မယ်ရွှေအရွေးရခက်လှချေ၏။

မယ်ရွှေသည် အခက်ကိုလွယ်အောင် လုပ်ခဲ့သည်။ အဆိုးကို ကောင်းအောင် ဖန်တီးခဲ့သည်။

''ကျုပ်ကို တကယ်ချစ်တာဖြင့်ရင် ကြက်နဲ့အသောက်ကိုဖြတ်ပါ''

အိပ်မက်ထဲတွင်ပင် ''ဖိမ်ကြီးကွ၊ ဥပန်းကြီး ခုန်လိုက်စမ်းပါဟ''ဟု ထအော်လေ့ရှိသူ ၂ ယောက်မှာ အခက်ကြုံကြရလေ၏။ လယ်ထဲက ထန်းပင်တွင်အိုးချိတ်၍သောက်ကြသူများမှာ မကြံတတ်အောင် ဖြစ်ကြရသည်။

ကျော်ဒွန်းသည် မယ်ရွှေနှင့် အသောက်အကစားကို ချိန်ထိုးတန်ဖိုးဖြတ်ကြည့်ကာ အကစားနှင့်အသောက်ကို ဝေးဝေးကွင်းရန် ကြိုးစားလေ၏။

နေကျလျှင် လေပွသည်။ နေသက်လျှင် လေကတက်မြဲတက်သည်။

''ကျော်ဒွန်းရေ ဘန့်ဘွေးမြှောင်ကသာဝရဲ့တိန်ညင်စပ်ကြီးနဲ့ စောင်းခြမ်းကုန်းက ထွန်းပြွေ့ရဲ့ခိုကြီး တည်ကြမလို့တဲ့ဟေ့''

ဟူသော အသံကြားရလျှင် ကြေးကလေးကိုရင်ဝယ်ပိုက်မိပြီးသားဖြစ်သွားလေ၏။

''အင်း ‥မယ်ရွှေက အဖြတ်ခိုင်းထားတဲ့ကိစ္စပဲ''

သတိသည် ချက်ချင်းဝင်လာသလို ''အို …ဒီတစ်ပွဲတော့ ခဲလိုက်အုံးမယ်၊ ဒီတစ်ပွဲပြီးမှဖြတ်မယ်'' မိမိဘာသာရှာဖွေရရှိသောဆင်ခြေကလေးကလည်း အလိုလိုခင်းဖြန့်ပြီးသားဖြစ်လေ၏။

သို့ဖြင့်လျှင် သည်တစ်ပွဲမှ နောက်တစ်ပွဲသို့ပြောင်းသည်။ နောက်တစ်ပွဲနှင့်ကြုံသောအခါ ဟိုနောက်တစ်ချီသို့ ရွှေ့ရင်းဖြင့် လည်းကောင်း‥။

''ကနေ့ အဖော်ကောင်းလို့ ချလိုက်အုံးမှ''ဟု တစ်နေ့သောက်ပြီး နောက်တစ်နေ့တွင်လည်း ''နက်ဖြန်ကစပြီး မသောက်တော့ဘူး ကနေ့တစ်နေ့တော့''ဟူ၍ နက်ဖြန်တို့ရှည်လျားခြင်းဖြင့်လည်းကောင်း …။

ကျော်ဒွန်းသည် မိုက်ပင်ကိုရေလောင်း၍ မိုက်အိုးကိုမီးထည့်ပေးခဲ့သည်။ မယ်ရွှေ၏ဆန္ဒကို မေ့လိုက် သတိရလိုက်ဖြင့်–

ခြောက်လပြည့်ခဲ့ပြီ။ လယ်ကလည်း ပိတ်ပြီဖြစ်ရကား ကျော်ဒွန်းသည် တစ်နေ့ ခရီးဝေးသော တောရကျောင်းရှိ ဦးကြီးတော်သူ ဘုန်းကြီး၏ကျောင်းသို့ နှစ်သီတင်းသွားရောက်တိမ်းရှောင်နေလိုက်တော့သည်။ သည်အခါကျမှ အရက်ကပြတ်၏။ သည်အခါကျမှ ကြက်ဝိုင်းကို စိမ်းကား၍ရသည်။

သို့ရာတွင် ကျော်ဒွန်းသည် မယ်ရွှေကို မရလိုက်ပေ။ တောရကျောင်းသို့ ကျော်ဒွန်းထွက်မသွားမီ သုံးလခန့်က စတင်၍ အရက်နှင့်ကြက် လုံးဝပြတ်နေပြီဖြစ်သော ထွန်းခိုင်ကိုမယ်ရွှေက ထိမ်းမြားလက်ထပ်ပြီးသွားပေပြီ။ တောရကျောင်းသို့သွားနေသောကြောင့် ထိုသတင်းကို တောရကျောင်းကပြန်မှ ကျော်ဒွန်းသိရခြင်းဖြစ်၏။

ကျော်ဒွန်းထိုင်၍ကျခဲ့ရသည်။ ရင်ကွဲလုလု နာကျင်ခဲ့ရသည်။ သို့သော် သူက ကြက်နှင့်အရက်ပြတ်သော အမြတ်ကိုကား ရလိုက်၏။

ထိုအခါက ထွန်းခိုင်သည် မိမိထက်လူရေးလူရည်သာသွားခဲ့သည်။ သို့သော် ခဏတစ်ဖြုတ်မျှသာ သာခြင်းဖြစ်ခဲ့၏။



အချိန်မှာ ဝံသာနုစိတ်ဓာတ်များ

လှုံ့ကြွနေချိန်ဖြစ်သည်။

နိုင်ငံခြားဖြစ်ပစ္စည်းများကို

သပိတ်မှောက်ရန်

မြို့ရော၊ တောပါ

ဟောပြောကြရာ

တောင်ရှိသော

နိုင်ငံခြားဖြစ်၊ သို့မဟုတ်

နိုင်ငံခြားအဆိုပ်ယောင်ပါသည့်

ပစ္စည်းမှာ ယမ်းမီးခြစ်တစ်ခု

သာရှိသည်။

ယမ်းမီးခြစ်နေရာတွင်

ထိုးလားမီးစာ၊ မီးခတ် စသည်တို့

ဝင်ရောက်လာ၏။

ယခုလည်း မိမိကိုတုညီအောင် ထွန်းခိုင်က ပခုံးချင်းလာ၍ယှဉ်ပြန်ပေပြီ။ ယှဉ်သော်လည်း မမီပါမူ ကျော်ဒွန်းပျော်မည်။ ရွှင်မည်။ ယှဉ်သဖြင့် တုညီသွားသည့်အတွက် ကျော်ဒွန်းအခံရခက်၏။ မကျေမချမ်း။

ကျော်ဒွန်းသည် ထွန်းခိုင်အား မျက်နှာလွှဲ၍ မိမိဘေးဘီသို့ လှည့်ကြည့်လိုက်သည်။ ရွှေလေ့ချောင်ရွာသားများ ဟင်းခနဲ ဟင်းခနဲ သက်မချနေကြ၏။ ဗဟိုကွက်လပ်သို့ လှမ်းကြည့်မိသည်တွင် လုံချည်ငါးထည်သည် မြက်ခင်းပေါ်၌ စီတန်းနေသည်။

''ထွက်လကွ ထွက်လကွ''

ရင်းမာကုန်းရွာသားတို့၏ အကြီးအမှူး ဖိုးပေသီးက အထက်စီးသံဖြင့် အော်ဟစ်နေ၏။ ကျော်ဒွန်းသည် သည်သို့ လုပ်မသိ။ မေးရန်အတွက် ဖိုးသာဌေးအား လှမ်းကြည့်ရာ ဖိုးသာဌေးမှာ ပုဆိုးမရှိ။ စောင်ပတ်၍ ထိုင်နေ၏။

''ဟား ဟား ဟား ဟား ဘာဘ‥ ဘသာဌေး ဘာဖြစ်တာလဲ''

''နင့်မေကလွှားတဲ့ ခွေးသားလေး ဘာလျောင်တာလဲဟင်''

ရွှေလေ့ချောင်ရွာသားများမှာ မရယ်မောနိုင်ကြ။ ရယ်မောသော ရွှေလေ့ချောင်သားဟူ၍ ကျော်ဒွန်းသာရှိကာ ဖိုးသာဌေး၏ ဆဲရေးမှုကို ခံနေရ၏။

''မသိလို့ပါ ဘသာဌေးရာ၊ အဟုတ်တကယ် ဘာမှန်းကိုမသိလိုက်ဘူး''

ကျော်ဒွန်းက မျက်နှာငယ်ကလေးဖြင့် ပြောသည်တွင် ကျောဘက်တွင် ကပ်နေသော လူတစ်ယောက်က ရှင်းပြသည်။

''ဟိုဘက်က ပုဆိုးတစ်ထည်ချပြီး တစ်ပေါင်ကျော် တစ်ချက်ဆွဲခြစ်ပြသွားတာ၊ တို့ဘက်က ပုဆိုးလေးထည်ရှိပြီ၊ ဒီအတိုင်းဆိုရင် ဟောင်းလောင်းပြန်ကြရလိမ့်မယ်''

''နို့ ဘသာဌေးကကော''

''သူလည်း စိတ်ဆိုးမာန်ဆိုးနဲ့ ဝင်ကြဲတာ ပုဆိုးဆုံးသွားတာပေါ့''

တပေါင်ကျော်ဆိုသည်မှာ ခတ်ရိုးခတ်စဉ် ခြစ်ရိုးခြစ်စဉ်ဖြစ်သော ကျောက်နှင့် မီးခတ်ကိုကြည့်၍ ခြစ်ခြင်းဆွဲခြင်းမဟုတ်ဘဲ ပေါင်တစ်ချောင်းမြှောက်ထားရ၏။ ပေါင်ခြားထဲတွင် ခြစ်ပြရခြင်းဖြစ်သည်။ ကျော်ဒွန်းသည် အတန်ကြာအောင် ငိုင်နေ၏။

''ထွက်ကြဟေ့ ထွက်သူမရှိရင် ပုဆိုးတွေ သိမ်းရတော့မလား''

ရင်းမာကုန်းက သတိပေးလိုက်လျှင် ရွှေလေ့ချောင်သားများမှာ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ မတတ်နိုင်ကြတော့ဘူးလားကွဟု မေးဘိသို့။

ကျော်ဒွန်းသည် သံဘူးကလေးတစ်လုံးကို ခါးကြားမှထုတ်၍ဖွင့်လေ၏။ ရေစိုနေဘိအလား အဆီဖြင့်ရွှဲနေသော အင်ကြင်း ကျောက်ကလေးတစ်ဖဲ့နှင့် မှို့ဝါကလေးများ။

သူ၏မှို့မှာ မီးဖြင့်ကား မကျင့်ရသေးပေ။ ထနောင်းခေါက်ဖြင့်ပြုတ်၍ နေလှန်းလိုက်၊ ဝါကြိတ်သော ဒလိမ့်ဖြင့် ကြိတ်လိုက်ဖြင့် မှုန်ဥအောင် နှုနေပေသည်။ မူလမှို့သီးကလည်း ရှဉ့်ကိုက်၍ ကြွေကျလာသော မှို့သီးအနု၊ အပဲ့၊ ထပ်ပြန်တလဲလဲ ကြိတ်ထား ပြုတ်ထားသည့် အပြင် လူမသိအောင်လည်း အကြိမ်ပေါင်းများစွာ ခြစ်ကြည့်ပြီးပြီ။

ထိုသို့ မိမိဘာသာ ယုံကြည်သော်လည်း ထရပ်မိသောအခါ ကျော်ဒွန်းမှာ တုန်နေ၏။

''ဘသာဌေး''

''ဘာလဲကွ'' ဘသာဌေးက စိတ်မရှည်သံဖြင့် ထူးသည်။

''တပေါင်ကျော်၊ သုံးချက်ခြစ်၊ သုံးချက်စွဲကို ငါးထည်လုံး အထပ်ခံမလား မေးကြည့်စမ်းပါ''

''ဟာ ဖြစ်ပါ့မလားကွ''

ဘသာဌေးသည် ဟိုဘက်သို့ လှမ်းမမေးဘဲ ကျော်ဒွန်းကို ပြန်မေးနေ၏။

''ဖြစ်ပါတယ်၊ ဒီလိုလုပ်မှ ကျုပ်တို့ လုံချည်တွေ ပြန်ရတော့မပေါ့ဗျ''

''ပေသီးရေ''

''ဗျိုး''

''တပေါင်ကျော်သုံးချက်ခြစ်၊ သုံးချက်စွဲကို ငါးထည်ထပ်မယ်၊ ခံမလား''

ဖိုးပေသီး ချက်ချင်းစကားမပြန်နိုင်ပေ။ နောက်သို့ လှည့်၍ဆွေးနွေးတိုင်ပင်ပြီးမှ အဖြေပေး၏။

''တပေါင်ကျော် သုံးချက်ခြစ်လို့၊ သုံးချက်လုံးမစွဲရင် ခင်ဗျားတို့အရှုံးနော်၊ ကျုပ်တို့က ခြစ်ပြဖို့မလိုဘူး ဟုတ်လား''

ဖိုသာဌေးက ကျော်ဒွန်းကို မော့ကြည့်သည်။

''ဟုတ်လားဟေ့''ဟု တီးတိုးမေး၏။

''ဟုတ်ပါတယ်'' ကျော်ဒွန်းကဖြေလျှင် ဖိုးသာဌေးက အော်၍ကြေညာ၏။

''ဒို့က သုံးချက်ခြစ်ပြလို့ သုံးချက်လုံးစွဲရင်လည်း မင်းတို့ခြစ်ပြဖို့မလိုဘူးနော်၊ ဒို့ပိုင်တယ်ဟေ့နော်''

''ဟုတ်ပါတယ် ထွက်ပါ''

ဖိုးပေသီး၏ အသံမစဲမီ ကျော်ဒွန်းက ရွှေလေ့ချောင်ရွာသားတို့၏ လုံချည်ငါးထည်ကို ဆွဲ၍ထွက်လာသည်။ သူသည် လုံချည်များကို ပစ်ချလိုက်ပြီးနောက် မိမိ၏မှို့ကို ရင်းမာကုန်းရွာသားတို့၏ရှေ့မှောက်သို့ လိုက်လံပြသ၏။

အချိန်မှာ ဝံသာနုစိတ်ဓာတ်များ လှုံ့ကြွနေချိန်ဖြစ်သည်။

နိုင်ငံခြားဖြစ်ပစ္စည်းများကို သပိတ်မှောက်ရန် မြို့ရော၊ တောပါ ဟောပြောကြရာ တော၌ရှိသော နိုင်ငံခြားဖြစ်၊ သို့မဟုတ် နိုင်ငံခြားအရိပ်ယောင်ပါသည့်ပစ္စည်းမှာ ယမ်းမီးခြစ်တစ်ခုသာရှိသည်။ ယမ်းမီးခြစ်နေရာတွင် ထိုးလားမီးစာ၊ မီးခတ် စသည်တို့ ဝင်ရောက်လာ၏။

ယင်းမီးခြစ်ကို သပိတ်မှောက်ရာ၌ ပိုမို၍ စိတ်ဝင်စားအောင် ချွေတာရေးလည်းကျသော မှို့မီးခြစ်ကို လူအများသည့်ထက်သည် စွဲမြဲနှစ်သက်စေရန် မီးခတ်ပြိုင်ပွဲများ ကျင်းပကြသည်။

သို့ရာတွင် ပြိုင်ပွဲကို ကောင်းသောရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ကျင်းပကြသလို အပြစ်ကင်းစင်သော ပြိုင်ဆိုင်ခြင်း၌ ရပ်တန့်နေအောင် မကွပ်ထိန်းကြသည့်အတွက် အချို့နေရာများ၌ ငွေကြေး ကြေးကြေး လောင်းစားသည်အထိ လမ်းလွှဲကုန်ကြလေ၏။

ဖိုးသာဌေး၊ ဖိုးပေသီးတို့၏ ရွာများ၌ကား ခေါင်းပေါင်း၊ စောင်ကလေး ချလောင်းရာက လုံချည်ချွတ်လောင်းသည်အထိ အနာရင့်ခဲ့ပေပြီ။

သူတို့သည် တစ်ချက်ခတ်ရုံဖြင့် မီးခတ်(သံတုံး)ကိုပြုပြင်ကြ၏။ ကျောက်ကောင်းကို ရှာဖွေကြ၏။ ထို့ပြင် အဓိကဖြစ်သော မှို့ကို သဲသဲမဲမဲ ပြုပြင်ကြသည်။ အချို့က မှို့သီးနုနုကလေး၊ အချို့က တပေါင်းလ၌ မှို့သီးများကွဲအာရာက လွင့်လာသောမှို့၊ အချို့ကား ထနောင်းခေါက်ဖြင့် ပြုတ်လိုပြုတ်၊ မှို့သီးအစိုကို ဖော်ဂျီမံ၍ မီးဖုတ်လိုဖုတ်၊ ထန်းရွက်ဖြင့်ပြုတ်လိုပြုတ်၊ အချို့သော် ဝါကြိတ်သလိုကြိတ်ကြ၏။

ကျော်ဒွန်း၏မှို့ကား ရှဉ့်စားနိုင်အောင် နုနေသေးစဉ် ရှဉ့်ကိုက်ချသော အပဲ့ကို ကြိတ်ပြီးမှ ထနောင်းခေါက်ဖြင့် ပြုတ်ထားသည်။

''ကြည့်ကြဗျ၊ ကြည့်ကြ''

သူသည် တစ်ချက်ခြစ်ပြီးတိုင်း မီးငြိမ်းပစ်ပြီး လိုက်လံပြသ၏။

ခြေတစ်ဖက်ကိုမြှောက်၍ လက်ဝဲဘက်က မှို့နှင့် ကျောက်ကိုကိုင်ကာ ယာဘက်က မီးခတ်ကိုကိုင်ပြီး ပေါင်ကြားထဲ၌ ခြစ်ပြသည်။ တစ်ကြိမ်ခြစ်ပြီးတိုင်း မီးကို တစ်ခါသတ်၏။ မီးတစ်ခါသတ်ပြီးတိုင်း လိုက်လံပြသ၏။

ရင်းမာကုန်းရွာသားများမှာ မျက်နှာငယ်ရလေပြီ။ ထိုသည်နှင့်အမျှ ရွှေလေ့ချောင်ရွာသားတို့ ခေါင်းမော့လာ၏။ ပြုံးလာ၏။ တတိယအချက်ခြစ်ပြီး၍ ကျော်ဒွန်း၏ ပေါင်ကြားမှ မီးခိုးများအူလာသည့်ခဏ၌ ရွှေလေ့ချောင်ရွာသားတို့ ထခုန်ကြလေသည်။

သို့သော် ကျော်ဒွန်းက လူအုပ်ထဲသို့ ပြန်ဝင်မလာပေ။ ''တပေါင်ကျော် သုံးချက်မဟုတ်ဘူး၊ နှစ်ချက်တည်းပဲ ခြစ်ပြနိုင်ရင်ယူဗျ''ဟုဆိုကာ ခေါင်းပေါင်းစောင်နှစ်ထည်ကို ချပစ်ခဲ့သည်။

ကျော်ဒွန်း၏စိန်ခေါ်သံကို ထူးသူမှာ ထွန်းခိုင်ပေတည်း။ ထွန်းခိုင်ထွက်လာသည်ကိုမြင်လျှင် ကျော်ဒွန်းမှာငိုက်ကျသွား၏။ ထွန်းခိုင်ဟူသည်မှာ ကျော်ဒွန်းကို ထာဝရပခုံးချင်းယှဉ်နိုင်သူမဟုတ်ပါလား။

ထွန်းခိုင်သည် ခေါင်းပေါင်းစောင်နှစ်ထည်ကို ချလိုက်ပြီး တပေါင်ကျော်ခြစ်ပြသည်။ တစ်ချက်တည်းဖြင့်ပင် သူ့ပေါင်ကြားက မီးခိုးအူလာ၏။ ကျော်ဒွန်းကား အသက်မဲ့သူကဲ့သို့ ငေးနေ၏။

ဒုတိယအချက် ထွန်းခိုင်ခြစ်အပြီးတွင် ကျော်ဒွန်းထခုန်လေ၏။

''နိုင်ပြီကွ . . . နိုင်ပြီကွ''

ကျော်ဒွန်းအား ထွန်းခိုင်က လှည့်ကြည့်သည်။ သူတို့နှစ်ယောက်၏မျက်လုံးချင်းဆုံမိရာတွင် ကျော်ဒွန်းဆိုလိုသော အဓိပ္ပာယ်ကို ထွန်းခိုင်နားလည်သွားလေ၏။

ရွှေလေ့ချောင်ရွာသားတို့သည် အနိုင်ရသော လုံချည်နှင့် ခေါင်းပေါင်းစောင်သုံးထည်ကို အလံထူ၍ ရွာသို့ပြန်ခဲ့ကြ၏။ တပ်ဦးမှ ခေါင်းမော့ရင်ကော့၍ပါလာသူကား ဖိုးသာဌေးမဟုတ်၊ ကျော်ဒွန်း။ ။

**ဆင်ဖြူကျွန်းအောင်သိန်း**




# အမှန်တကယ်

သို့မဟုတ်

# ဟန်ပြအာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)

ဇော်ဟိန်း

အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community-AEC) ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ စတင်အကောင်အထည်ဖော်ဖို့ ၂၀၀၃ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း အာဆီယံထိပ်သီးအစည်းအဝေးကြီးက ASEAN Concord II (ASEAN Concord II) ကို ထုတ်ပြန်ပြီး အတည်ပြုခဲ့ကြပါတယ်။ သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးအခြေအနေဟာ လက်ဆယ်ချောင်းအတိုအရှည်မညီသလို အနိမ့်အမြင့်အတက်အကျ ကွာခြားနေတာကြောင့် လုပ်ထုံးလုပ်နည်းတွေ ညှိနှိုင်းပြင်ဆင်နိုင်အောင် အချိန်ရွှေ့ဆိုင်းဖို့ ဖြစ်လာပါတယ်။ အာဆီယံအသိုက်အဝန်း (ASEAN Community)ရဲ့ ဂုဏ်သိက္ခာကိုထိန်းပြီး ၂၀၁၅ ခုနှစ်ဆိုတဲ့နှစ်သတ်မှတ်ချက်ကို မပြောင်းဘဲ ရက်နဲ့လကို အစမှအဆုံးအထိ ရနိုင်သလောက်နောက်ဆုတ်လိုက်တဲ့အခါ ဇန်နဝါရီ ၁ ရက်အစား ဒီဇင်ဘာလ ၃၁ ရက်ဖြစ်သွားပါတယ်။ တစ်နှစ်ပြည့် ဖို့ တစ်ရက်အလို ၃၆၄ ရက် နောက်ဆုတ်လိုက် တာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ACE)ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှာ စတင်ခြင်းမပြုတော့ဘဲ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်မှာ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေထဲက ဖွံ့ဖြိုးမှုနောက်ကျတဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် CLMV လေးနိုင်ငံကို အချိန်ပေးပြီး ဆွဲခေါ်တဲ့သဘောလို့ သိရပါတယ်။ ဒီကာလတွေအတွင်းမှာ ဗီယက်နမ်နိုင်ငံကတော့ ဖွံ့ဖြိုးမှုအရှိန်ကောင်းကောင်းနဲ့ အမီလိုက်နိုင်ပေမယ့် ကမ္ဘောဒီးယား၊ လာအိုနဲ့မြန်မာသုံးနိုင်ငံကတော့ အလှည့်ကျနောက်ဆုံးနေရာတွေကပဲ လိုက်နေဆဲဖြစ်ပါ တယ်။




စင်ကာပူနိုင်ငံ School of International Studies ရဲ့ ဌာနကြီးမှူးဖြစ်ပြီး ဝါရင့်သံတမန်လည်း ဖြစ်ခဲ့ဖူးတဲ့ S.Rajarathan အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) က အမှန်တကယ် ပေါ်ပေါက်လာမှာလား။

အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်တဲ့ စိတ်ကူးယဉ် အိပ်မက်သက်သက်ပဲလားဆိုတာ မကွဲမပြားဖြစ်နေတယ်လို့ ပြောပါတယ်။ လက်တွေ့ဖြစ်ရပ်တွေကိုကြည့်ရင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ရဲ့ ကြိုတင်ပြင်ဆင်မှု အကောင်အထည်ဖော်နိုင်စွမ်းဟာ နိုင်ငံတွေကပြောသလိုမဟုတ်ဘဲ ဟန်ပြသဘောပဲ ဖြစ်နေသေးတယ်လို့လည်း မှတ်ချက်ပေးထားပါတယ်။ အလားတူပဲ အာဆီယံတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တဲ့ Dr. Raman Letchumanan က အာဆီယံ အနေနဲ့ AEC အစီ အစဉ်သတ်မှတ်ထားပေမယ့် အကောင်အထည်ဖော်နိုင်မှုကို တိတိကျကျ ရှင်းလင်းဖော်ပြဖို့လိုအပ်ကြောင်း၊ အခုအချိန်အထိ နိုင်ငံတွေရဲ့ သတင်းထုတ်ပြန်ချက်တွေဟာလုံးထွေးနေပြီး ပုဂ္ဂလိကအခန်းကဏ္ဍရဲ့ လုပ်ဆောင်နိုင်မှုတွေနဲ့ပတ်သက်လို့ ပွင့်လင်းမြင်သာမှုမရှိသေးဘူးလို့ ထောက်ပြဝေဖန်ထားတဲ့အကြောင်း Straits Time (2015)မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံအစိုးရအဖွဲ့ကတော့ အာဆီယံ စီးပွားရေးအသိုက်အဝန်းအတွက် ပြင်ဆင်မှုအပိုင်းတွေက ၈၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တယ်လို့ ပြောကြောင်း သတင်းမီဒီယာတွေက ဆိုပါတယ်။

စစ်အေးတိုက်ပွဲကာလ ၁၉၆၀ ပြည့်နှစ်များမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံများကို ရင်ဆိုင်နိုင်ဖို့ ဒေသတွင်းနိုင်ငံငယ်တွေဟာ အုပ်စုလိုက်အဖွဲ့အစည်းတွေ ထူထောင်လာကြပါတယ်။ စီးပွားရေးကုန်သွယ်မှုကို အခြေခံပေမယ့် နောက်ကွယ်မှာတော့ စစ်ရေး၊ နိုင်ငံရေး ပေါင်းစည်းမှုတွေကိုပါ ပြုလုပ်လာကြတာဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေထဲမှာ အထင်ရှားဆုံးကတော့ ဥရောပသမဂ္ဂအဖွဲ့အစည်း အီးယူပဲဖြစ်ပါတယ်။ တစ်ချိန်က အင်ဒိုချိုင်းနားကျွန်းဆွယ်လို့ခေါ်တဲ့ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံတွေဟာ တောင်ပစိဖိတ်ကျွန်းနိုင်ငံတွေနဲ့ ပေါင်းစည်းပြီး အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN)ကို ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ စင်ကာပူနိုင်ငံတို့ ပါဝင်တဲ့ အာဆီယံအသိုက်အဝန်း (ASEAN Community)ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၈၄ ခုနှစ်မှာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ပါဝင်လာတာကြောင့် အာဆီယံအဖွဲ့ဝင်ခြောက်နိုင်ငံဖြစ်လာ ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်မှာ လာအိုနဲ့ မြန်မာနိုင်ငံတို့ပါဝင်လာပြီး ၁၉၉၉ ခုနှစ်မှာ ကမ္ဘောဒီးယားနိုင်ငံပါဝင်လာတဲ့အတွက် အာဆီယံဆယ်နိုင်ငံဖြစ်လာခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် ဘာလီထိပ်သီးအစည်းအဝေးကိုအခြေခံပြီး အာဆီယံလုံခြုံရေးအသိုက်အဝန်း (ASC)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)နဲ့ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်း (ASCC)တို့ ထူထောင်ဖို့ရှိပေမယ့် လတ်တလောမှာတော့ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)တစ်ခုပဲ ကျယ်ကျယ်လောင်လောင်လှုပ်လှုပ်ရှားရှားရှိနေတာဖြစ်ပါတယ်။ အာဆီယံလုံခြုံရေးအသိုက်အဝန်း (ASC)က အသံတိတ်နေသလို အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်း (ASCC)ကလည်း အစည်းအဝေးကျင်းပရုံ၊ လေ့လာရေးထွက်ရုံ၊ ပဒေသာကပွဲ ကျင်းပရုံလောက်နဲ့ပဲ အသက်ဆက်နေ တာဖြစ်ပါတယ်။ အလှုပ်ရှားဆုံးဖြစ်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ထူထောင်ဖို့ကိစ္စတောင် ဟန်ပြလောက်ပဲဖြစ်နိုင်ကြောင်း သုံးသပ်လာကြတာမို့ ကျန်တဲ့အသိုက်အဝန်းတွေဟာ အောင်မြင်နိုင်ခြေ အလွန် နည်းတယ်လို့ ကောက်ချက်ချရမလိုဖြစ်နေပါတယ်။

အသိုက်အဝန်းထူထောင်မယ့် အာဆီယံဆယ်နိုင်ငံကို ပြန်ကြည့်ရင် ထိုင်းနိုင်ငံကလွဲလို့ ကျန်ကိုးနိုင်ငံဟာ ဥရောပကိုလိုနီနိုင်ငံတွေ ဖြစ်ခဲ့ဖူးပြီး မတူညီတဲ့သမိုင်းကြောင်းတွေရှိခဲ့ကြပါတယ်။ ပြင်သစ်ကိုလိုနီ ကမ္ဘောဒီးယား၊ စပိန်ကိုလိုနီ ဖိလစ်ပိုင်၊ ဒါ့ချ်ကိုလိုနီ အင်ဒိုနီးရှား၊ ဗြိတိသျှကိုလိုနီ မြန်မာ၊ စင်ကာပူ၊ မလေးရှား စသည်ဖြင့် ကိုလိုနီ အမျိုးအစားတွေ ကွဲပြားသလို ပထဝီမြေပြင်သဘောအရလည်း ပင်လယ်ထွက်ပေါက်နိုင်ငံ၊ ကုန်းတွင်းပိတ်နိုင်ငံ၊ ကျွန်းစုပေါင်း ၁၃၀၀၀ ကျော်

**အာဆီယံအသိုက်အဝန်း (ASEAN Community)ရဲ့ ဘုံဘာသာစကားကို အင်္ဂလိပ်လို့သတ်မှတ်ထားပေမယ့် ပြည်သူအများစုပြောဆိုတတ်ကျွမ်းမှုမှာ နိုင်ငံအလိုက် မတူခြားနားတာတွေရှိပါတယ်။ ဘာသာစကားကွဲပြားမှု၊ ဘုံဘာသာစကား မကျွမ်းကျင်မှုကလည်း အာဆီယံအသိုက်အဝန်းရဲ့ ပေါင်းစည်းမှုအားကို အဟန့်အတားဖြစ်စေတယ်လို့ ပညာရှင်များက သုံးသပ်ထားပါတယ်။**





အင်ဒိုနီးရှားနိုင်ငံ၊ ကျွန်းစုပေါင်း ၇၈၀၀ ကျော် ဖိလစ်ပိုင်ကျွန်းနိုင်ငံဆိုတာမျိုးတွေ ပါဝင်နေပါသေးတယ်။ မျိုးနွယ်ရင်းတွေက တိဗက်တိုဘာမင်၊ မွန်ဂိုလွိုက်၊ မွန်ခမာ၊ အာရေဗျ၊ ဟိန္ဒူတို့ဖြစ်ပြီး လူဦးရေသိပ်သည်းမှု၊ ထူထပ်များပြားမှု၊ နိုင်ငံအကျယ်အဝန်းတွေကလည်း ကွာဟချက်ကြီးမားတာတွေ့ရပါတယ်။ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အုပ်စုကြီးအနေနဲ့ အစ္စလာမ်ဘာသာဝင်(ဆွန်နီ) ၄၂ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင် ၁၈ ရာခိုင်နှုန်း၊ ခရစ်ယာန် ၁၇ ရာခိုင်နှုန်း၊ ကွန်ဖြူးရှပ်၊ တာအိုစတာတွေလည်း အနည်းနဲ့အများဆိုသလို ရှိနေပါတယ်။ မူရင်းဘာသာစကား ကွဲပြားမှုကို စိစစ်တဲ့အခါ နိုင်ငံအလိုက် နိုင်ငံတွင်း မျိုးနွယ်စုတိုင်းရင်းသားတွေရဲ့ စကားအမျိုးမျိုး ကွဲပြားနေတဲ့အပြင် အဓိကသုံးစွဲတဲ့ နိုင်ငံဘာသာစကားမှာလည်း မလေး၊ ခမာ၊ အင်ဒိုနီးရှား၊ လာအို၊ ဗမာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်တို့သာမက တမီးလ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ မန်ဒရင်းရယ်လို့ အမျိုးမျိုးရှိနေပါတယ်။ အာဆီယံအသိုက်အဝန်း (ASEAN Community)ရဲ့ ဘုံဘာသာစကားကို အင်္ဂလိပ်လို့သတ်မှတ်ထားပေမယ့် ပြည်သူအများစုပြောဆိုတတ်ကျွမ်းမှုမှာ နိုင်ငံအလိုက် မတူခြားနားတာတွေရှိပါတယ်။ ဘာသာစကားကွဲပြားမှု၊ ဘုံဘာသာစကား မကျွမ်းကျင်မှုကလည်း အာဆီယံအသိုက်အဝန်းရဲ့ ပေါင်းစည်းမှုအားကို အဟန့်အတားဖြစ်စေတယ်လို့ ပညာရှင်များက သုံးသပ်ထားပါတယ်။ အဓိကကျတဲ့အချက်တွေကတော့ အာဆီယံဒေသတွင်း ဆယ်နိုင်ငံရဲ့ နိုင်ငံတစ်ခုချင်းစီအလိုက် နိုင်ငံရေးငြိမ်းချမ်းရေးနဲ့ စီးပွားရေးတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု မတူကြခြင်းပဲ ဖြစ်ပါတယ်။ ထိန်းချုပ်ဒီမိုကရေစီအစိုးရ၊ အာဏာသိမ်းစစ်တပ်အစိုးရ၊ ကွန်မြူနစ်အစိုးရ၊ စစ်တပ်အသွင်ပြောင်း ဒီမိုကရေစီအစိုးရဆိုတဲ့ အစိုးရအဖွဲ့အသီးသီးဟာ နိုင်ငံတွင်းတည်ငြိမ်မှုရအောင် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ လက်နက်ကိုင်တိုက်ပွဲများကြောင့် ငြိမ်းချမ်းမှုမရှိသေးတဲ့ မြန်မာနိုင်ငံ၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ အန္တရာယ်ရှိနေတဲ့ ဖိလစ်ပိုင်နဲ့ထိုင်းနိုင်ငံအစိုးရအဖွဲ့များကလည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်နေရပါတယ်။ ဒေသတွင်း နိုင်ငံများဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင်လည်း လုံးပမ်းနေကြရပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျတဲ့ လာအို၊ မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ ဗီယက်နမ်နိုင်ငံလိုပဲ စက်မှုကဏ္ဍနဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ခေတ်မီနည်းပညာရပ်တွေကို အသုံးပြုနိုင်စွမ်းရှိအောင် အာရုံစိုက်ဆောင်ရွက်နေကြရပါတယ်။ ဒါ့အပြင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးစတဲ့ အရေးပေါင်းများစွာကို လုပ်ဆောင်ရင်း ပြည်သူ့ထောက်ခံမှုနဲ့ နိုင်ငံတကာရဲ့ အမြင်ကြည်လင်မှုရအောင် ကြိုးပမ်းနေကြရပါတယ်။

အာဆီယံနိုင်ငံထဲကနေ နိုင်ငံငယ်နှစ်ခုဖြစ်တဲ့ စင်ကာပူနဲ့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှစ်ခုကလွဲရင် ကျန်နိုင်ငံတွေဟာ ပြည်တွင်းအတိုက်အခံအင်အားစုတွေနဲ့ နည်းများမဆို နပမ်းလုံးနေကြတာကြောင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) ထူထောင်ရေးကို ဘေးပန်းလုပ်ငန်းတစ်ခုလိုပဲ လုပ်နေကြရတာပါ။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးရဲ့ အချိန်ဇယားအလိုက် ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးများ အစည်းအဝေးတွေကျင်းပနေပေမယ့် တကယ်တမ်းပါဝင်ကြမယ့် ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ သိမြင်နိုးကြားပူးပေါင်းဆောင်ရွက်နိုင်မှုမှာတော့ ဈေးကွက်စီးပွားရေးအသားကျပြီးဖြစ်တဲ့ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံလောက်ကလွဲရင် အားရဖွယ်မရှိသေးကြောင်း Economic Research Institute for ASEAN and East Asia (ERIA) ရဲ့ ၂၀၁၄ ခုနှစ် အကဲဖြတ်ချက်အရ သိရှိရပါတယ်။ မတူညီတဲ့ နိုင်ငံရေးနောက်ခံ၊ ကွဲပြားတဲ့မဟာမိတ်အင်အားကြီး နိုင်ငံတွေ အာဆီယံဆယ်နိုင်ငံအတွင်းမှာရှိနေကြတဲ့အပြင် တစ်နှစ်သာသက်တမ်းရှိတဲ့ အလှည့်ကျဥက္ကဋ္ဌနိုင်ငံတွေမှာလည်း မဟာအာဏာပါဝါမရှိတာကြောင့် ရေလိုက်ငါးလိုက်ပဲ သွားနေကြရပါတယ်။ ဒီလိုပြည်တွင်းရေးတွေရှိနေတဲ့ အာဆီယံအဖွဲ့အစည်းဟာ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic community - AEC )ကို ညီညွတ်မျှတတဲ့ စီးပွားရေးဇုန်၊ အာဆီယံရဲ့ တစ်ခုတည်းသော ဈေးကွက်အဖြစ် အကောင်အထည်ဖော်နိုင်စွမ်းရှိလိမ့်မယ်လို့ ကျိန်းသေ ကံသေမပြောနိုင်ဘူးဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ၂၀၁၅ ခုနှစ်အလွန်မှာတော့ အမှန်တကယ်၊ သို့မဟုတ် ဟန်ပြအာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ရပ်ကွက်ဈေးကြီးမှာ ဖွံ့ဖြိုးမှုအားကောင်းတဲ့ နိုင်ငံတွေက ဆိုင်ခန်းနေရာရပြီး ချွတ်ခြုံကျလို့နေရာမရတဲ့ နိုင်ငံတွေက ပုံကျဈေးသည်အဖြစ် ဈေးပေါင်ကျိုးနဲ့ ဖွတ်တိုးရောင်းကြရမယ့် အခြေအနေမျိုးနဲ့ ကြုံရမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ် ။

ဇော်ဟိန်း

# သစ်ငုတ်ငါ

အောင်ထွန်းလင်း(ချောက်)

မဟုတ်လည်းခံ ဟုတ်လည်းခံနှင့်
ပြန်လှန်မလုပ် ငါသစ်ငုတ်။

မမှန်လည်းခံ မှန်လည်းခံနှင့်
တန်ပြန်မလုပ် ငါသစ်ငုတ်။

ထိုးကြိတ်လည်းခံ ရိုက်နှက်ခံနှင့်
တုံ့ပြန်မလုပ် ငါသစ်ငုတ်။

ဩော် ...
ငါလျှင်သစ်ငုတ် ဘယ်ပုံလုပ်လည်း
လုပ်တိုင်းလည်းခံ ပုတ်တိုင်းခံဟု
ပြန်လှန်မလုပ် သည့်ပုံရပ်ဟု
မလှုပ်မရှား ပါတကားဟု
မနားပြုလုပ် ကိုင်ကာလှုပ်သော်
ကျွန်ုပ်သစ်ငုတ် နှဲ့လျှင်လှုပ်သို့
လှုပ်ရှားလာသည်တကား။ ။





တက္ကသိုလ် မလေးခိုင်

# သက်ကြီးတို့ရဲ့ ပေးဝေလိုမှုကို နားလည်ပေးပါ



''ငြိမ်းငြိမ်းရေ အန်တီရင် ချော်လဲလို့ ပေါင်ကျိုးသွားတယ်၊ အဲဒါ SSC မှာ ခွဲပြီး စတီးရိုးထည့်မယ်တဲ့၊ မကြီးမြတို့ သွားကြမလို့ လိုက်အုံးမလား''

''အို ...အသက်က ကိုးဆယ်နီးနေပြီ၊ မျက်စိကလည်း မမြင်ဘူး၊ ခွဲစိတ်တဲ့အခါ မေ့ဆေးဒဏ်ကို ခံနိုင်ပါ့မလား''

ငြိမ်းငြိမ်းအပြောကြောင့် မကြီးမြက ဖုန်းထဲကပင် ပြောပြသည်က –

''ဒါကြောင့် အန်တီရင့်သမီး မေဇင်က ပြောတာ၊ အမေ့ကြောင့် စိတ်ညစ်ရတယ်တဲ့၊ မျက်စိမမြင်လို့ တိုက်ပြုလဲမှာစိုးလို့ အပေါ့အလေးသွားဖို့ကအစ အနားမှာ အိုးကုလားထိုင်လုပ်ပေးထားတာ မသုံးတတ်ဘူးဆိုပြီး အိမ်သာကို ထသွားတာ ကိုယ့်ဝမ်းကိုယ်မထိန်းနိုင်တော့ ထွက်ကျတဲ့ ဝမ်းတွေကို နင်းမိပြီး ချော်လဲတာ၊ မေဇင်တို့ကလည်း အတူနေတာမဟုတ်တော့ မသိဘူးပေါ့၊ သုံး၊ လေးရက်ကြာမှ အိမ်ရောက်တော့ ပေါင်ထိပ်က ဝေါပြီးရောင်နေတာတွေ့မှ မေးလို့သိရတာ၊ ချက်ချင်းပဲ ဆေးရုံတန်းခေါ်လာတာ၊ ဆရာဝန်က မျက်မမြင်မိခင်အိုကြီးကို ပစ်ထားရမလား၊ ဒီလောက်ဖြစ်ရမလားဆိုပြီး ဆူလို့ ခံခဲ့ရပါသေးတယ်တဲ့''

အန်တီရင်လည်း ခင်ပွန်းခေါင်းချသွားသောအိမ်မှ မခွာချင်။ သားကြီးက လာနေပေးသော်လည်း နေ့လယ်အလုပ်သွားနေ၍မသိ။ စတုတ္ထအရွယ်ရောက်နေသော အန်တီရင်၏ စိတ်ကို ငြိမ်းငြိမ်းနားလည်ခံစားမိသလိုပင်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းငြိမ်းကိုယ်တိုင် တတိယအရွယ်နောက်ပိုင်း ရောက်နေပြီဖြစ်လို့ပါပဲ။ အန်တီရင်တစ်ယောက် မိသားစုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ဘဲ ပြန်လည်ကူညီပေးချင်သောကြောင့်ဟု ငြိမ်းငြိမ်းသိပါသည်။ ငယ်ရွယ်စဉ်ကာလကတည်းက မိသားစုကြီးအတွက် တစ်ဖက်တစ်လမ်းမှ ခင်ပွန်းအား ကူညီရှာဖွေပေးခဲ့သူတစ်ဦးဖြစ်သောကြောင့်လည်း ဖြစ်ပါသည်။ မိဘဘက်ကလည်း မမှားသလို သားသမီးဘက်ကလည်း မှန်ပါသည်။ အတူမနေနိုင်၍ တစ်အိုး တစ်အိမ်နေကြရသော်လည်း မသန်စွမ်းသော မိခင်အတွက် စိတ်ပူပန်၍ မကြာမကြာလာကြည့်ပြီး စောင့်ရှောက်မှုသာပေးနိုင်မည်။ ရောဂါဝေဒနာဖြစ်၍ ဆေးရုံ၊ ဆေးခန်း တက်ရောက်ကုသရမည့်အရေးကို လူပို၊ ငွေပိုမရှိသောကြောင့် တွေးကာ ကြောက်ကြသည်မှာလည်း သားသမီးဘက်မှ မှားအံ့မထင်ပါပေ။ သို့ကြောင့်သာလည်း မိအိုဖအိုများအား ဒဏ်ရာအနာတရမဖြစ်ခင် ဟန့်တားနေကြခြင်းပင်ဖြစ်သည်။

ငြိမ်းငြိမ်းလည်း တစ်ချိန်တုန်းက သည်လိုမိုက်မဲခဲ့သည့်အတွေးအမြင်များဖြင့် ဖြတ်သန်းလာခဲ့သည်ကို။ ငြိမ်းငြိမ်းရင်ထဲမှာတော့ နင့်ခနဲခံစားသွားမိသည်။ အန်တီရင်ရင်ကို အပြစ်တင်နေသော သားသမီးမြေးများကိုလည်း ငရဲမကြီးစေချင်ပါ။ အန်တီရင်ရင်၏ စေတနာမေတ္တာကို သူတို့မသိ၍သာဟု ...။ သိရင်တော့ ...ငြိမ်းငြိမ်းလိုပဲ တတိယအရွယ်မှာ သိကိုသိ လာရမှာပဲမို့ အဲဒီတော့မှ နောင်တတရားကို ရင်ဝယ်ပိုက်မိကြမှာပါ။

''ဘယ်လိုလဲ၊ လိုက်မှာလား၊ မလိုက်ဘူးလား''

ငြိမ်းငြိမ်း တစ်ဖက်မှ မကြီးမြအသံကြောင့် အတွေးစ ပြတ်သွားပြီး –

''နောက်နေ့မှပဲ ငြိမ်းငြိမ်းသွားမေးလိုက်ပါ့မယ်၊ အခုတော့ မလိုက်သေးဘူးနော်၊ အိမ်မှာလည်း အလုပ်နည်းနည်း ရှိလို့''

မကြီးမြဖုန်းချသွားသော်လည်း ငြိမ်းငြိမ်း တယ်လီဖုန်းခွက်ကိုင်ပြီး ငိုင်နေမိသည်။ ပြီးမှ ဖုန်းကို ခွက်ထဲပြန်တင်ပြီး အနီးရှိ ကုလားထိုင်ပေါ်တွင် လေးတွဲ့စွာ သွားထိုင်လိုက်မိသည်။ အတွေးထဲမှာတော့ ...

\+ + +

အမေ့အသက်က ခုနစ်ဆယ်။

ကိုယ်တစ်ခြမ်းလေဖြတ်နေ၍ ဘယ်လက်က လှုပ်ရှားမရ။ ဘယ်ခြေကလည်း အကောင်းပကတိမဟုတ်။ ဒါပေမဲ့ ငြိမ်သက်နေရခြင်းကို အမေမကြိုက်။ အမြဲတမ်းလှုပ်ရှားနေသည်။ ဒါကြောင့် လေဖြတ်နေသောသူဖြစ်သော်လည်း စိတ်ဓာတ်မာကြောပြီး လှုပ်ရှားနေသောကြောင့် အိပ်ရာထဲမလဲ။ ကောင်းတဲ့ ညာလက်လေးဖြင့် လှုပ်ရှားမရသော ဘယ်လက်ကိုဖြန့်ပြီး လေ့ကျင့်ခန်းလုပ်နေသလို၊ စတီးလေးချောင်းထောက်တုတ်လေးဖြင့် အိမ်ထဲအိမ်ပြင် ခေါက်တုံ့လမ်းလျှောက်နေတတ်သည်။

''အိန္ဒိယကားတွေထဲမှာ ခြေထောက်မသန်လို့ ဘီးချဲလ်နဲ့ ထိုင်နေရတဲ့ မင်းသမီးတွေ ကြိုးစားပြီး လေ့ကျင့်ခန်းလုပ်တာ လမ်းပြန်လျှောက်နိုင်ကြတယ်၊ အမေလည်း အဲဒီလိုလုပ်ရင်ပြန်ကောင်းနိုင်တယ်၊ ခြံထဲမှာ အမေ့ကိုလမ်းလျှောက်လို့ရအောင် လုပ်ပေးစမ်း''

တီဗွီမှလာသော အိန္ဒိယကားများထဲမှ မင်းသမီးများ သရုပ်ဆောင်ကောင်းမှုကြောင့် အမေလမ်းပြန်လျှောက်နိုင်ရန် ကြိုးစားချင်စိတ် ဖြစ်လာသည်။ ငြိမ်းငြိမ်းတို့ကလည်း ဗထူးတပ်မြို့လို ဒေသမှာ နေချိန်ဆိုတော့ ခြံကကျယ်သည်။ မြေကိုပြောင်နေအောင် ခဲများမရှိအောင် ရှင်းလင်းပြီး ဝါးလုံးတန်းလုပ်ပေးရသည်။ ခရီးရှည်ရှည်လျှောက်နိုင်ရန် ဝါးလုံးဖြောင့်ဖြောင့်ချောချောကို ရွေး၍ ပေ ၂၀ ခန့် အရှည် နှစ်တန်းလုပ်ပေးရသည်။ ဝါးတန်းအလယ်လောက်မှာတော့





''ညည်းတို့အသက်ကြီးမှ သိမယ်၊ အသက်ကြီးတဲ့အခါ တိုင်းရင်းဆေးက သွေးလေညီညွတ်ပြီး ချွေးလေးတစိုစိုနဲ့ ကျန်းမာရေးကောင်းတာ၊ လေစုံမှ ငွေမကုန်တာ၊ လေမစုံရင် ငွေကုန်တယ်အေ့၊ ဒါ အသက်ကြီးတဲ့သူတွေရဲ့ လက္ခဏာပဲ''



ခဏနားရန် ထိုင်ခုံတစ်ခုံ ချထားပေးရသည်။ ဖိနပ်ချွတ်ပြီး ဝါးနှစ်တန်းကြားမှာ လက်ဖြင့် ဆွဲကိုင်ပြီး လျှောက်သည်။ ဟိုဘက်ထိပ်မှသည်ဘက်ထိပ်၊ တစ်နေ့အနည်းဆုံး ၁၀ ခေါက်မျှ ကြိုးစားပြီး ဖွဲဖြင့်လျှောက်သည်။ ဘယ်ခြေဖဝါးကိုဖြင့် မြေပြင်ပေါ် အပြားလိုက်မှန်အောင် ကျနေရန်တော့ ပြုပြင်ပေးရသည်။ မောလာလျှင် ခဏနား ပြီး ပြန်လျှောက်ဖြင့် ကြိုးစားသောကြောင့် တစ်လအတွင်း တစ်ယောက်တည်း တုတ်ကောက်လေးဖြင့် ပြန်လျှောက်နိုင်ခဲ့သည်။ နံနက် ၁၀ နာရီဆို နွေမိုးဆောင်းမလွဲစေရ၊ ရေချိုးပြီး သနပ်ခါးနှင့် တိုင်းရင်းဆေးကို တစ်ကိုယ်လုံးအနှံ့ နယ်ပြီး လိမ်းထားသည်။ ငယ်ရွယ်သော မြေးများက ''ဘွားဘွားနားက ဆေးနံ့နံတယ်၊ ငယ်တို့ အဲဒီအနံ့ မခံနိုင်ဘူး၊ အီးကလည်း ခဏခဏပေါက်တယ်'' ဆိုကာ အဘွားနားမကပ်ဘဲ အဝေးမှာပဲ နေကြသည်။

''ညည်းတို့ အသက်ကြီးမှ သိမယ်၊ အသက်ကြီးတဲ့အခါ တိုင်းရင်းဆေးက သွေးလေညီညွတ်ပြီး ချွေးလေး တစိုစိုနဲ့ ကျန်းမာရေးကောင်းတာ၊ လေစုံမှ ငွေမကုန်တာ၊ လေမစုံရင် ငွေကုန်တယ်အေ့၊ ဒါ အသက်ကြီးတဲ့သူတွေရဲ့ လက္ခဏာပဲ''

အနားက ထွက်ပြေးနေသော မြေးများအား စိတ်မကောင်းစွာကြည့်ရင်း ပြန်ပြောတတ်သည်။ မြေးများကလည်း –

''လေစုံမှ ငွေမကုန်တာဆိုတာ ဘာလဲ ဘွားဘွားရဲ့''

''ဩော် – ဘွားဘွားတို့လို သက်ကြီးရွယ်အိုတွေမှာ ဆီး၊ ဝမ်း၊ လေမှန်မှ နေကောင်းတာ၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘူးတဲ့၊ ဝမ်းလေမှန်တော့ ဆေးခန်းမသွားရဘူးလေ၊ ဒီတော့ ငွေမကုန်ဘူးပေါ့ မြေးရဲ့''

''ဩော် ဒီလိုလား၊ ဒါဖြင့် အီးများများသာပေါက်ဘွားဘွားရေ''

အဘွားနဲ့မြေးများပြောခဲ့သော စကားများက အခုငြိမ်းငြိမ်းအလှည့်ရောက်ပါပြီ။ ကိုယ်လက်ကိုက်ခဲ၍ ဆေးမြစ်ဆုံများလိမ်းသည့်အခါ မြေးမငယ်က –

''ဘွားဘွားနားက နံတယ်၊ ဖူးဖူးလည်း အဲဒီအနံ့ မကြိုက်ဘူး၊ ပါးစပ်ထဲဝင်ရင်သေတယ်တဲ့၊ ဘွားဘွားရေ ဆေးပစ်ပါ''ဆိုပြီး အော်ငိုနေတတ်သောကြောင့်ပါ။

အမေအသက်ငယ်ငယ်နှင့် မုဆိုးမဖြစ်ခဲ့သည်။ အသက်သုံးဆယ်ကျော် လုပတုန်းအရွယ်မှာ ခင်ပွန်းဆုံးပါးသွား၍ ၁၃ နှစ်အရွယ် လူမမယ်သားငယ်နှင့် ဘဝကို ရုန်းကန်ခဲ့ရသည်။ ဖွဲ့သတ္တိမာနကြီးသော အမေက သားကို ဆွေမျိုး၊ သူစိမ်းအလယ်မှာ မျက်နှာမငယ်ရအောင် ကြိုးစားပြီး ပညာသင်ပေးခဲ့သည်။ သားနှင့် အမေ တက်ညီလက်ညီ ကြိုးစားခဲ့၍ အစိုးရစစ် ဂ တန်းအောင်သောသားကို အမျိုးများကြား ခေါ်ပြပြီး ကြွားခဲ့သည်။ ဓာတ်ပုံတွေရိုက်ခဲ့သည်။ သီတင်းကျွတ်ကာလများ အဘိုးအဘွားများနှင့် ဦးကြီးဒေါ်ကြီးများအား အဝတ်အထည်၊ အသုံးအဆောင်များဖြင့် သွားရောက်ကန်တော့သည့်အခါ မုန့်ဖိုးပေးတာ လုံးဝလက်မခံရပေ။ ဆယ်တန်းအောင်၍ တက္ကသိုလ်တက်ရန် စတိုင်ပင်လျှောက်နိုင်အောင် ရပ်ကွက်မှ ထောက်ခံပေးပါမည်ဆိုတာကိုပင် ငြင်းပယ်ခဲ့သည် မာနခဲအမေ။

စတိုင်ပင်ယူခဲ့ရင် စေလိုရာစေ သွားရမည့်အပြင် ပတ်ဝန်းကျင်မှာ မျက်နှာငယ်ရမှာမို့ သားအတွက် တစ်ယောက်တည်း နေ့ရောညပါ ကြိုးစားခဲ့သည့် မုဆိုးမအမေ။ အမေကြိုးစားခဲ့သလို သားကလည်း ထွန်းပေါက်အောင်မြင်ခဲ့ပါသည်။ ငြိမ်းငြိမ်းတို့နယ်ပြောင်းနေရ၍ အမေ့ကိုအတူနေရန်ခေါ်သော်လည်း မာနခဲအမေက မနေ။ ကိုယ့်အိမ်မှာ ကိုယ့်စိတ်ကြိုက်နေရတာမို့ သားသမီးအိမ် လိုက်မနေဟုဆိုကာ သွားချည်လာချည်သာပြုသည်။ အမေ့မာနကို ရိုက်ချိုးခံလိုက်ရသည်ကတော့ အသက် ၆၁ နှစ်မှာ အမေအစားမှား၍ လေဖြတ်သွားခြင်းပင်။ ထိုအခါမှစ၍ ငြိမ်းငြိမ်းတို့နှင့်အတူ ခေါ်ထားပြီး အမေ့ကို မိန်းကလေးတစ်ယောက်အနားမှာ ထားပေးသည်။ ငြိမ်းငြိမ်းက အလယ်တန်းပြဆရာမတစ်ဦးအဖြစ် ကျောင်းတက်နေရသောကြောင့် အမေ့အနားအမြဲမနေနိုင်ပေ။

မာနခဲအမေကတော့ လေဖြတ်သည့်တိုင် မာနမလျှော့။ သူဝတ်သည့်အင်္ကျီကို ကောင်းသည့်ညာလက်ဖြင့် ရှေးပုံစံခေါက်ချိုးပြီး ကိုယ်တိုင်ညှပ်၊ ကိုယ်တိုင်စက်ပေါ်တက်ချုပ်တုန်းပင်။ ကလေးမလေးက ရှေ့ကဆွဲကိုင်ထိန်းပေးရသည်။ မီးဖိုချောင်ခန်းမှာ ကုလားထိုင်တစ်လုံးဖြင့်ထိုင်ပြီး မီးဖိုချောင်ထဲမှ ကလေးမခိုင်ခိုင်အား ချက်နည်းပြုတ်နည်းပင် ပြပေးနေတုန်းပင်။ ခြံ ထဲမှာလည်း စိုက်ပျိုးရေးကို

လက်ညှိုးထိုးခိုင်းနေတုန်း။ ဩော် အဲဒီတုန်းက ငြိမ်းငြိမ်း စိတ်ထဲမှာ –

''အမေကလည်း မီးဖိုချောင်ထဲဝင်ပြီး လုပ်နေပြန်ပြီ၊ ကလေးမတွေက အမေဆူတာ မခံနိုင်လို့ ပြန်ကြရင် ဒုက္ခပဲ၊ အသင့်ချက်ပြုတ်ကျွေးတာ အေးအေးလေးထိုင်စားနေတာ မဟုတ်ဘူး''ဟု . . .

ခုတော့ ငြိမ်းငြိမ်းတွေ့ကြုံနေရပါပြီ။ သမီးတို့က ပြင်ပလုပ်ငန်းလုပ်နေ၍ အိမ်ထောင်မှုမထိန်းနိုင်။ မီးဖိုချောင်ကအစ တစ်အိမ်လုံးလိုက်မကြည့်ရင် ဖြစ်ကတတ်ဆန်းတွေ။ ထမင်းဟင်းကအစ ပိုးခနဲ ပက်ခနဲပစ်လိုက်။ ပုရွက်ဆိတ်၊ ပိုးဟပ်တွေက တရုန်းရုန်း။ သမီးတို့ ငြိမ်းငြိမ်းလိုဖြစ်မှာစိုး၍ နောက်ကပဲ တကောက်ကောက်လိုက်သိမ်း၊ ဖုံးဖိ၊ အကျိုးအကြောင်းလေး ပြောပြီးပြီး ဝင်ပါနေရပြန်တော့ အမေ့ကို သတိရမိသည်။ ဩော်– အဲဒီတုန်းက ငြိမ်းငြိမ်းက အပြင်ဘက်အလုပ်လုပ်တော့ စီးတဲ့ရေ ဆည်တဲ့ ကန်သင်းလို အမေက တစ်အိမ်လုံးကို မသန့်စွမ်းတဲ့ကြားက လိုက်ကြည့်ပေးနေပါလား။ သူလုပ်နိုင်တဲ့ လုပ်အားလေးနဲ့ မိသားစုကို အကျိုးပြုပေးနေတာပါလားဆိုတာ ငြိမ်းငြိမ်းနားမလည်နိုင်ခဲ့တာပါ။ ကလေးမလေးတွေရဲ့ အချိုးမပြေပြောဆိုမှုတွေကိုလည်း ငြိမ်းငြိမ်းသည်းခံပြီး သားသမီးအိမ်မှာ လိုက်စောင့်ရှောက်ပေးနေရတဲ့ အခါ အမေ့စေတနာတွေကို ငြိမ်းငြိမ်းနားလည် ခံစားတတ်ပါပြီ။ ၁၅ နှစ်ကြာ လေဖြတ်သော်လည်း မာနတံခွန်ထူခဲ့သည့်အမေ။

မာနခဲအမေ အသက်



**မိဘ၏အထောက်အကူက အနာဂတ်ကံကြမ္မာကို ပြောင်းလဲသွားနိုင်တယ် ဆိုတာ မိဘကို တန်ဖိုးထားမှုအပေါ်မှာ တည်ပါတယ်။ အိမ်တစ်အိမ်တွင် ဘိုးဘွားတစ်ဦး ရှိသည့်အတွက် ၎င်းအိမ်သည် ကျက်သရေနှင့် ပြည့်စုံသည်ဟု ရှေးလူကြီးများက ဆိုပါသည်။**



ရ၆ နှစ်မှာ အလံလှဲခံခဲ့ရပါပြီ။ တတိယအကြိမ် တစ်ကိုယ်လုံးလေဖြတ်ကာ မလှုပ်မယှက်ဖြစ်ခဲ့ရပြီး သေဆုံးသွားသည်အထိ နာမည်ကို တစ်ခါမျှမခေါ်ဘဲ ''လူလေး''ဟုသာ ခေါ်ခဲ့သော သူချစ်သောသားနှင့် ငြိမ်းငြိမ်းတို့အား ခွဲခွာသွားပါတော့သည်။

\+ + +

သမီးတို့သူငယ်ချင်း အေးချမ်းမိုးကားနှင့် ခရီးတစ်ခုမှ ပြန်လာခဲ့သည်။ လမ်းတွင် စကားပြောကြရာမှ အေးချမ်းမိုးက –

''သမီးကို အဖေနဲ့ အမေက စီးပွားရေးလုပ်တာ လောဘကြီးတယ်တဲ့၊ အဖေတို့က အခုအငြိမ်းစားယူပြီး ရှိတာလေး ထုခွဲစားသောက်နေကြတာ၊ ဘာမှလည်း မလုပ်တော့ဘူး၊ ဒီတော့ သမီးက ငယ်ရွယ်တုန်းရှာရတာလေ၊ အဖေကလည်း အေးအေး မနေဘူး၊ အိမ်မှာ လူငယ်တွေ မခိုင်းဘူး၊ နေရာတကာ ကိုယ်တိုင်ပဲ ဝင်လုပ်နေတော့ အသက်ကလည်း ရ၀ နီးနေကြပြီလေ၊ မတော်ချော်လဲလို့ ဒီအရွယ်က အရိုးကျိုးရင် ပြန်ဆက်ဖို့ မလွယ်ဘူး၊ ဒါကြောင့် ငြိမ်ငြိမ်လေးနေပါ အဖေရယ်၊ အဲဒါ သမီးကို ကူညီတာပါပဲလို့ ပြောနေရတယ်''

အေးချမ်းမိုးက သူ့စကားကို သူသဘောကျသလို ရယ်ရင်း –

''အိမ်မှာက လူပိုမရှိဘူး၊ မောင်လေးကလည်း နယ်မှာ၊ သမီးကလည်း ခရီးထွက်နေရတော့ ထိခိုက်ဒဏ်ရာရခဲ့ရင် ဆေးရုံဆေးခန်းသွားရတာ တော်သေး၊ ဆေးရုံတက်ရရင် ပိုဆိုးမှာ၊ ဒါကြောင့် တရားဘာဝနာပွား၊ တရားနာပါ၊ တရားထိုင်ပါ၊ အေးအေးလေးပဲ နေပါ အဖေရာလို့ ပြောရတယ်''

ငြိမ်းငြိမ်းစိတ်မကောင်းပါ။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ မလွဲမသွေ ရှိလာသည်။ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုဖြစ်စေသည်။ အသက်အရွယ်ကြီးလာခြင်း၊ အိုမင်းလာခြင်းသည် မကျန်းမာခြင်း၊ ရောဂါဖြစ်ခြင်း မဟုတ်ပါ။ သဘာဝအရ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ မျက်စိမှုန်၊ နားထိုင်း၊ မသန်စွမ်းသောဘိုးဘွားများဘဝကို ရောက်ရှိလာကြမှာပင်။ မိဘများအနေဖြင့်လည်း မိမိအတွက် ဒုက္ခပိုမည်၊ ငွေကုန်ကြေးကျများမည်စိုး၍ သားသမီးများအား ခံစားရသည့် ရောဂါဝေဒနာကို အမှန်အတိုင်းမသိစေဘဲ ခပ်ပေါ့ပေါ့လေးဖြစ်အောင် နေပြသည်။

ကွယ်လွန်သွားသော နှစ်ဖက်မိဘများကို ငြိမ်းငြိမ်း အခုတစ်လော မှတ်မှတ်ထင်ထင် သတိရနေမိသည်။ ငယ်စဉ်အခါက မိမိတို့လုပ်ငန်းတာဝန်ပိုင်းများတွင် လူကြီးများ ဝင်ရောက်ပြောဆိုသည့်အခါ လျစ်လျူပြုခဲ့ခြင်းအပေါ် ဆင်ခြင်အောက်မေ့ပြီး သားသမီးများ၏ လုပ်ငန်းခွင်တွင် မပါဝင်မိအောင် သတိထားနေသည်။ အမှန်ဆိုလျှင် ရှေးလူကြီးများ၏ လူငယ်များလိုက်မမီသော အသိပညာနှင့် ချိန်ဆမှုရှိခြင်းကို အလေးမထားခဲ့မိခြင်းဖြစ်သည်။ ငြိမ်းငြိမ်းစကားတစ်ခွန်းတော့ သမီးလေးအေးချမ်းမိုးကို ပြောလိုက်ပါသည်။

''သမီးအေးချမ်းမိုးရေ၊ တတ်နိုင်ရင်တော့ မိဘတွေကို

နောက်ထပ်အဲဒီလိုမပြောမိအောင် သတိထားပါ၊ မိဘက သမီးပင်ပန်းနေတာကို တွေ့နေတော့ ကရုဏာသက်ရင်း ပြောတာ၊ တကယ်ဆိုတော့ မိဘတွေဟာ သမီးတို့ စီးပွားရေး စိတ်ချလက်ချလုပ်နိုင်အောင် အားပေးကူညီတဲ့အနေနဲ့ ဘာလေးပဲလုပ်နိုင်လုပ်နိုင် အပိုလူကြီးတစ်ယောက်လို အဖြစ်မခံချင်လို့ အကူအညီပေးနိုင်အောင် ကြိုးစားကြတာပါကွယ်၊ မိဘတွေအနေနဲ့ မစွမ်းတော့ပေမယ့်လည်း ထိုင်နေရင်း အိမ်ကိုကြည့်ရှုစောင့်ရှောက်ပေးပြီး သမီးတို့အတွက် လိုအပ်မယ်ထင်တာတွေကို နောက်ဆုံးအချိန်ထိ ကူညီပေးသွားမှာဖြစ်တယ်၊ အန်တီတို့လည်း ငယ်ရွယ်စဉ်က အဲဒီလို စိတ်မျိုးထားခဲ့မိလို့ အခု သမီးတို့ကို နောင်တစ်ချိန်ကျမှ နောင်တရမိမှာ စိုးလို့ပါ၊ ဒါကြောင့် မိဘတွေကို သူတို့လုပ်ပေးချင်တာလေးတွေ လုပ်ခွင့်ပေးလိုက်ပါ၊ မပိတ်ပင်ပါနဲ့၊ ဘေးကနေပြီး အန္တရာယ်ဖြစ်နိုင်တာကိုတော့ တစေ့တစောင်းကြည့်ပေးပြီး စောင့်ရှောက်ပေါ့ကွယ်''

ငြိမ်းငြိမ်းစကားကို အေးချမ်းမိုးတစ်ယောက် နားလည်လေမလား၊ နားမလည်လေလားတော့ မဝေခွဲတော့ပါ။

ဖန်တီးခြင်းဆိုသည်မှာ မိဘက အသက်အရွယ်ငယ်စဉ်ကာလမှာ သားသမီးများအတွက် ဖန်တီးပေးပြီး၊ အသက်အရွယ်ကြီးလာသည့်အခါ အကူအညီပေးခြင်းအပိုင်းကို ရောက်သွားသည်။ သားသမီးများ အခက်အခဲအကြပ်အတည်းဖြစ်လာရင် အတတ်နိုင်ဆုံး အကာအကွယ်ပေးသည်။ အန္တရာယ်မဖြစ်အောင် မိသားစုကို စောင့်ရှောက်ပေးသည်။ မိဘ၏စောင့်ရှောက်မှုအပိုင်းမှာ မိဘများအနေဖြင့် အသက်ဆုံးသည်အထိ သားသမီးက တန်ဖိုးထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ မလိုအပ်ပါ။ သားသမီးက အပြင်မှာ စီးပွားရှာနေတာဟု စိတ်ထဲမှာ သိထားပြီး စိတ်ချလက်ချလုပ်နိုင်အောင် အိမ်ကိစ္စနှင့် မြေးများအား ကြည့်ရှုစောင့်ရှောက်ကူညီပေးတာဖြစ်သည်။ ဒါကိုပဲ ကျေနပ်ပျော်ရွှင်နေကြတာ ဖြစ်သည်။ မိဘမှာ အခြားအလုပ်ကမရှိ၍ ကိစ္စတစ်ခုဆိုလျှင် အလုပ်များသော သားသမီးများ မေ့မည်စိုး၍ ထပ်ခါထပ်ခါ သတိပေးလျှင် သားသမီးများကမကြိုက်။ မိဘများအနေဖြင့် နေမှုထိုင်မှုဘဝလုံခြုံမှု ဝန်ထုပ်ဝန်ပိုးကို မျှဝေခံစားပေးခြင်းဖြစ်သည်ကို သူတို့နားမလည်သေး။ တာဝန်မဲ့မနေနိုင်ခြင်းကြောင့်ပင်။ မိသားစုအတွင်း အသုံးဝင်သောသူများအဖြစ်နေလိုသောကြောင့်လည်းဖြစ်သည်။ မိမိတွင်ရှိသော လက်ကျန်ခွန်အားလေးဖြင့် မိသားစုတာဝန်ကို ထမ်းဆောင်ပေးချင်သောသူများမှာ မိဘများပင်ဖြစ်သည်။ ကုသိုလ်ကံအကျိုးပေးခြင်းမတူ၍ ဘဝခြင်းမတူကြသော်လည်း စိတ်ဆန္ဒများနှင့် စေတနာက အတူတူပင်ဖြစ်ကြသည်။

ငြိမ်းငြိမ်းလို မဖြစ်ရလေအောင် သားသမီးသဖွယ်ချစ်သော ကလေးမို့ ပြောမိခြင်းရယ်ပါ။

''ဟုတ်ကဲ့ပါ အန်တီ၊ သမီး အန်တီပြောတာ သဘောပေါက်နားလည်ပါတယ်၊ သမီးဆင်ခြင်ပါ့မယ် အန်တီ''

ဘာပဲဖြစ်ဖြစ် ငြိမ်းငြိမ်းကို အေးချမ်းမိုးက လိမ္မာယဉ်ကျေးစွာ တုန့်ပြန်စကားဆို၍ ဝမ်းသာပီတိဖြစ်မိပါသည်။ ငြိမ်းငြိမ်းရင်ထဲ နည်းနည်းတော့ ပေါ့ပါးသွားသလိုပင်။

\+ + +

မိဘ၏အထောက်အကူက အနာဂတ်ကံကြမ္မာကို ပြောင်းလဲသွားနိုင်တယ်ဆိုတာ မိဘကို တန်ဖိုးထားမှုအပေါ်မှာ တည်ပါတယ်။ အိမ်တစ်အိမ်တွင် ဘိုးဘွားတစ်ဦးရှိသည့်အတွက် ၎င်းအိမ်သည် ကျက်သရေနှင့် ပြည့်စုံသည်ဟု



ရှေးလူကြီးများက ဆိုပါသည်။

ငြိမ်းငြိမ်းတို့သားသမီး ဘဝမှ မိအိုဖအိုဘဝသို့ရောက်ရှိလာချိန်တွင် သားသမီး အရွယ်များ၏ ပတ်ဝန်းကျင်တွင် အကြားရဆုံးသောစကားများမှာ–

''သိပ်စိတ်ညစ်တာပဲ၊ အဖေပေါ့ ခါးနာနေတာမို့ ဆေးခန်းပြပေးမယ်၊ ဆေးစစ်ပြီး ကုပေးမယ်ဆိုတာ အကုမခံဘူး၊ အိမ်မှာ ကျန်းမာရေးချို့တဲ့သူရှိရင် စိတ်ညစ်ရလို့ တတ်ကျွမ်းနားလည်တဲ့ ပါရဂူနဲ့ ပြပေးမယ်ဆိုတာ ငြင်းတယ်လေ၊ အဲဒါဆို နောက်ဘာဖြစ်ဖြစ် သမီးကို လာမပြောနဲ့လို့ ပြောလိုက်တယ်''

အမှန်က သားသမီး ပင်ပင်ပန်းပန်း ရှာဖွေထားတာ သိရတော့ အသက်အရွယ်လည်းကြီးပြီ၊ သူ့အတွက် ငွေကုန်ကြေးကျများ၊ တာဝန်တွေများမှာကို မဖြစ်စေချင်တဲ့ မိဘရဲ့ မေတ္တာစိတ်ကို နားမလည်၍သာပါ။

''အို – ဒုက္ခပါပဲ အမေရယ်၊ အဝတ်တွေကို ဘာဖြစ်လို့ အပြင်ထွက်ပြီး ရှပ်နေတာလဲ၊ မလုပ်ပါနဲ့ပြောထားတာ ခက်တာပဲ၊ ပြီးရင် သမီးလုပ်မှာပေါ့၊ မီးဖိုထဲကကိစ္စ မပြီးသေးလို့ပါ၊ ချော်လဲပြီး ခါးနာဒူးနာဖြစ်မှာစိုးလို့၊ သမီးတော့ သိပ်စိတ်ညစ်တာပဲ၊ အမေက ဧရာမြေပေးနေတယ်၊ ဒီလိုပြောတော့ သမီးပဲ ဧရာကြီးတယ်၊ ငြိမ်ငြိမ်လေး တရားခွေဖွင့်ပြီး ထိုင်နားနေပါ အမေရယ်''

မိခင်ကြီးအတွက် စိုးရိမ်ပူပန်မှုလွန်ကဲလွန်းပြီး လှုပ်ရှားလို့မရအောင် တဖျစ်တောက်တောက် ပြောနေသောသမီးကြောင့် ဘာမျှမလုပ်နိုင်မကိုင်နိုင်ဘဲ အိမ်ပေါ်မှာ ချည့်နဲ့သွားရသော မိဘများအဖြစ်ကို တော့ မတွေးမိနိုင်ကြပါ၊ စိတ်ဓာတ်ခွန်အား ဆုံးရှုံးသွားရသော အဖြစ်ရယ်ပါ။

''အဖေ ဘယ်လိုဖြစ်နေတာလဲ၊ အဖေ့အသက်အရွယ်နဲ့ ကာလသားမှတ်နေလား၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး လူငယ်တွေနဲ့ ပေါးလားဝါးလား လုပ်နေတာ၊ သမီးတို့ကို ပတ်ဝန်းကျင်က ပြောမှာပေါ့၊ အဘိုးကြီးပီပီ ဟန်နဲ့ပန် နဲ့နေပါ အဖေရယ်''

အဖော်မရှိသော အသက် ၇၀ ကျော်အရွယ် အဖေက စကားပြောဖော်ရှိသောနေရာသို့ သွားရာတွင် ပူညံပူညံလုပ်သော သားသမီးများ၊ အဖေ့အတွက် ထည့်မစဉ်းစားဘဲ ကိုယ်တွေအတွက်သာ စဉ်းစားခြင်းကြောင့် သက်ကြီးရွယ်အိုများ၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ဘဲ အထီးကျန်အပယ်ခံအဖြစ်ရောက်အောင် ပို့ပေးသလိုဖြစ်နေသည်ကို သားသမီးများ သတိမမူမိကြပါပေ။

''ငြိမ်းငြိမ်းရေ အမေကအားရင် အိမ်ကိုလာခဲ့ပါအုံးတဲ့၊ မတွေ့တာကြာလို့ တွေ့ချင်လို့တဲ့''

အမေအိုက
ငွေအဓိကမဟုတ်။
သားသမီးမျက်နှာ
မြင်လိုသောဆန္ဒ၊
သားသမီး၏ချစ်ခင်
မေးမြန်းမှု၊ပြုစုယုယမှု
ခံချင်တဲ့အချိန်။အထူးသဖြင့်
နေမကောင်းတဲ့အချိန်မှာ
ပိုလိုအပ်တာ။

ငြိမ်းငြိမ်း၏အစ်မကြီးမှ ကျန်းမာရေးမကောင်းသော မွေးမိခင်ကြီးအခေါ်ခိုင်းသည့်အခါ –

''လာချင်ပါတယ် မကြီးမြရယ်၊ နေပြည်တော်ကနေ ရန်ကုန်ကိုလာဖို့ ရုံးအလုပ်တွေနဲ့ မအားလို့ပါ၊ ဆေးခန်းပြဖို့၊ အမေလျှုဖို့ စားဖို့၊ ငွေလုံလုံလောက်လောက် ထပ်ပို့ပေးလိုက်မယ်၊ လိုအပ်တာတွေကိုသာ လုပ်ပေးလိုက်ပါ၊ နောက်လာခဲ့ပါမယ်လို့''

အမေအိုက ငွေအဓိကမဟုတ်။ သားသမီးမျက်နှာမြင်လိုသောဆန္ဒ၊ သားသမီး၏ ချစ်ခင်မေးမြန်းမှု၊ ပြုစုယုယမှု ခံချင်တဲ့အချိန်။ အထူးသဖြင့် နေမကောင်းတဲ့အချိန်မှာ ပိုလိုအပ်တာ။ အဲဒါတွေအတွက် ငြိမ်းငြိမ်း အချိန်မပေးနိုင်ခဲ့တာ နောင်တရနေမိသည်။ အခုတော့ ငြိမ်းငြိမ်းလက်တွေ့ သိနေရပြီမို့လေ။

''မိမိရရှိနေတဲ့ ကောင်းကံ၊ ဆိုးကံတွေဟာမိမိအတိတ်က ပြုခဲ့သော ကံများဖြစ်သောကြောင့် ဝမ်းသာဝမ်းနည်း မလွန်ကဲစေနဲ့''လို့ ဆရာတော်ကြီးတစ်ပါး ဆုံးမစကားကိုသာ နှလုံးသွင်းပြီး ပတ်ဝန်းကျင်မှာကြားနေရသော စကားသံများကို အသိသတိနှင့်ဆင်ခြင်ပြီး သားသမီးများအတွက် မေတ္တာမပျက် ဆက်လက်လုပ်ဆောင်ပေးနေမည်မှာ မိဘတွေပါပဲဆိုတာကိုပင် ...။

\+ + +

ယနေ့ မိမိတို့ဘဝကို ပျော်ရွှင်စရာဖြစ်လာရအောင် ဖန်တီးပေးခဲ့သူများမှာ မိမိတို့ရှေ့ကလျှောက်လှမ်းသွားနှင့်သူများဖြစ်ကြသော မိဘများပင်ဖြစ်ပါသည်။ ပွင့်လန်းလာမည့် ပန်းကလေးများဖြစ်သည့်ကလေးငယ်များကို ပြုစုပျိုးထောင်ရသကဲ့သို့ လူ့အဖွဲ့အစည်းနှင့် မိသားစုအတွက် အသီးသီးပေးဝေခဲ့ကြသူ မိဘများကိုလည်း စောင့်ရှောက်ကူညီပေးရမည့်ဝတ္တရား သားသမီးတွေမှာ ရှိပါသည်။ သူတို့ကို လူ့ဘဝနေဝင်ချိန်အတွက် စောင့်ဆိုင်းနေကြရသူများဖြစ်စေမည့်အစား မျှော်လင့်ချက်အပြည့်အဝရှိနေသူများ ဖြစ်လာစေရန် သူတို့တန်ဖိုးထားသော ပန်းတိုင်များကိုအကောင်အထည်ဖော်နိုင်ဖို့အတွက် အကူအညီပေးသင့်ပါသည်။

တစ်ချိန်က သက်ကြီးဆိုတာ အစောင့်အရှောက်ခံလို့ သဘောထားခဲ့ကြပေမယ့် အခုခေတ်မှာတော့ သက်ကြီးတွေရဲ့ ဆန္ဒလေးတွေ၊ ပေးဝေလိုမှုတွေကိုလည်း အလေးထားပြီး –

''သက်ကြီးတို့ရဲ့ ပေးဝေလိုမှုကို နားလည်ပေးပါ'' ... ဟုသာ။ ။

**တက္ကသိုလ်မလေးခိုင်**





ကျွန်မ တို့ဆီမှာ အသုံးဝင်ဆဲ မြစ်ချောင်းများရှိနေသေးသည်ဟု ထင်ရပါသော်လည်း ချောင်းမှမြောင်းအဖြစ် ဘဝပြောင်းသွား သည်ကိုလည်း နေရာအတော်များများတွင် တွေ့နေရပြီဖြစ်ပါ၏။ မှတ်သုံကို အမှီပြုရသဖြင့် မှတ်သုံအဝင်နောက်ကျကာ အထွက်စောခြင်းဖြင့်လည်းကြုံရကာ မိုးခေါင်ခြင်းဒဏ်ကိုလည်း အပြည့်အဝခံစားနေရပြီး စိုက်ပျိုးရေးကဏ္ဍမှေးမှိန်လာရသည်ကိုလည်း သတိပြုမိကြပါသည်။ လက်ရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်လျက်ရှိရာ ကျေးလက်ပြည်သူ၏ ၃၇ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေမှုအောက်တွင် ပြားပြားမှောက်လျက် ရှိနေလေသည်။ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ မြေယာမဲ့ဘဝ ကျင်လည်နေခဲ့ရပြီဖြစ်ရာ အသုံးဝင်သောမြစ်ချောင်းများကိုလည်း ပြန်လည်ပြုစုပျိုးထောင်ရေးကို စဉ်းစားကြရပေတော့မည် ဖြစ်သည်။


# ရေကိုမှန်းဆ မလွှမ်းရခင်မှာပဲ



ဒေါက်တာစိန်စိန်သိန်း

မြန်မာနိုင်ငံ၏ ငါးပုစွန်ပို့ကုန်လုပ်ငန်းအတွက် မှီခိုအားထားနေရသော ရေပြင်နှင့် ဒီရေတောငါးသိန်းခန့်ကို ဆက်လက်ထိန်းသိမ်းပြုစုရမည်မှာ ကျွန်မတို့၏ တာဝန်ဖြစ်ရပြန်သည်။ အစိုးရတစ်ရပ်တည်းနှင့် လက်လှမ်းမမီနိုင်တော့ကြောင်းကို မြင်တွေ့လာရပါ၏။ ပြည်သူကူမှ ဖြစ်ချိမ့်မည်ဟု ဆိုခွင့်ပြုစေချင်ပါသည်။ ရေထိန်းတောများ ပြုစုရေးအတွက် နိုင်ငံနှင့်အဝှမ်း ကြိုးပမ်းကြရပေဦးမည်။ ယခုတစ်လော ဟိုနားဒီနားမှာ ရေပြတ်လတ်သည့် သတင်းများက လွှမ်းမိုးနေသည်ကို ကြားမြင်နေရပါ၏။ အညာမြေမှာ ပို၍ဆိုးသလို တောင်ပေါ်ဒေသမှာလည်း တစ်မျိုး မရိုးနိုင်လောက်အောင် ကြုံတွေ့ခဲ့ရပြီ။ နေရာအတော်များများကြုံရပြီ။ ရာသီဥတုပြောင်းလဲမှု၏နောက်ဆက်တွဲဆိုးကျိုးမှာ ပါဝင်နေရာ ရေပြတ်လတ်မှု၏ ဘေးအန္တရာယ်ကို ကာကွယ်ရန်နည်းလမ်းများစွာအနက် ရေထိန်းတောများ၊ ရေတိမ်ဒေသများ၏ အကျိုးကျေးဇူးကို ပြည်သူများထံ တင်ပြရန် ကြိုးပမ်းခဲ့ရပြန်ပါသည်။ ရေကို မလွှမ်းရခင် ကြိုးစားကြဖို့ လိုပါသည်။ ရေတိမ်ဒေသနှင့် ရေထိန်းတောများ၏ အကျိုးကျေးဇူးများတွင် ရေအသုံးချနိုင်ခွင့်ရရှိခြင်းသည် ထိပ်ဆုံးမှပါဝင်၏။ ၎င်းတောရှိ ချောင်းငယ်များမှ ရေသည် လယ်ယာနှင့် မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများအတွက် ရေအရင်းအမြစ်ဖြစ်ကာ မြေအောက်ရေနှင့်ပင် ဆက်စပ်လျက်ရှိကြောင်း သိမြင်ခဲ့ကြရပြီး ယင်းရေတိမ်ဒေသများမှ ရေသည် မြေအောက်သို့ စိမ့်ဝင်ပြီး မြေအောက်ရေဖြည့်တင်းပေးခြင်းစနစ်ဖြစ်ပြန်ကာ ရေအရင်းအမြစ်တို့ တိုးပွားလာစေနိုင်စွမ်းလည်း ရှိပါ၏။ မယုံမရှိပါလေနှင့်။ တောင်ကုန်းများပေါ်မှ ရေချောင်းများသည် အနိမ့်ပိုင်းရှိ ရေချောင်းများထဲသို့ စီးဝင်ကာ ရေထောက်ပံ့

ရေချောင်းတွင် ဗေဒါပင်များရှိပါက ရေထုထဲမှ အဆိပ်အတောက်များကို လျင်မြန်စွာ စုပ်ယူဖယ်ရှားပြီး ရေ၏ အရည်အသွေးပင်ကောင်းလာစေနိုင်ပါသည်။ ရေချောင်းနှင့် ရေ တိမ်ဒေသတို့၏ အောက်ခံမြေသည် သစ်ဆွေးမြေဖြစ်ရာ အဖိုးတန် လှပါသည်။ ရေချောင်းများမှာ ရေကြောင်းသွားလာမှုကို ပြုနိုင်ခြင်းဖြင့်လည်း တန်ဖိုးမြင့်မားလှပါသည်။ ငါး၊ ငှက်၊ ရေနေသတ္တဝါနှင့် ဆေးဖက်ဝင်အပင်၊ စားပင်၊ လူသုံးပစ္စည်းများဖြစ်သည့် သစ်၊ ကြိမ်၊ သက်ကယ်များ တစ်နိုင်တစ်ပိုင် ရယူနိုင်ပါသည်။ မည်ရွှေ့မည်မျှ အဖိုးတန်လိုက်ပါသနည်း။



ပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်သည်ကလည်း အမှန်တရားပင်ဖြစ်တော့သည်။ ကျွန်မတို့ ရှမ်းကုန်းမြင့်ရှိ ရေတိမ်ဒေသများမှာ မိုးသည်းထန်စွာရွာသွန်းလေ့ရှိသော ဇွန်၊ ဇူလိုင်လများတွင် ရေချိုသိုလှောင်စနစ်ဖြင့် ထိန်းချုပ်ထားခွင့်ရပါက ရေလွှမ်းမိုးမှုကို ကာကွယ်မှုပြုနိုင်ပေရာ ရေစီးနှုန်းကို ထိန်းသိမ်းခြင်းတာဝန်ကို ထမ်းဆောင်လျက်ရှိသည်ကိုပင် ဆိုရပါလိမ့်မည်။ ပင်လယ်ကမ်းခြေဒေသမှ ရေတိမ်ဒေသတို့တွင်လည်း ဆားငန်ရေတိုးဝင်မှုကို ကာကွယ်နိုင်သဖြင့် သောက်သုံးရေရရှိစေနိုင်သည့် ရေအရင်းအမြစ်ပင်ဖြစ်ပေသည်။ ရောဝတီ၊ တနင်္သာရီနှင့် ရခိုင်ပြည်နယ် ဒီရေတောများရှင်သန်ပေါက်ပွားမှုသည် မြစ်ချောင်းတွင်းသို့ ဆားငန်ရေများစီးဝင်မှုကို ဟန့်တားပေးနိုင်စွမ်းရှိပါ၏။ သဘာဝဘေးဒဏ်၊ လေဒဏ်နှင့် အနည်ကျမှုကို ထိန်းချုပ်ပေးနိုင်ပေသည်။ ရေချောင်းနှင့် ရေတိမ်ဒေသတို့မှာ ရေစီးအားနှေးခြင်းကြောင့် အနည်ကျလေ့ရှိရာ ထိုအနည်တို့တွင် အာဟာရဓာတ်များစွာပါဝင်၍ မြေဆီသြဇာတက်စေသည်ကို တွေ့ခဲ့ရဖူးပါသည်။ ရေချောင်းတွင် ဗေဒါပင်များရှိပါက ရေထုထဲမှ အဆိပ်အတောက်များကို လျင်မြန်စွာ စုပ်ယူဖယ်ရှားပြီး ရေ၏ အရည်အသွေးပင်ကောင်းလာစေနိုင်ပါသည်။ ရေချောင်းနှင့် ရေတိမ်ဒေသတို့၏ အောက်ခံမြေသည် သစ်ဆွေးမြေဖြစ်ရာ အဖိုးတန်လှပါသည်။ ရေချောင်းများမှာ ရေကြောင်းသွားလာမှုကို ပြုနိုင်ခြင်းဖြင့်လည်း တန်ဖိုးမြင့်မားလှပါသည်။ ငါး၊ ငှက်၊ ရေနေသတ္တဝါနှင့်

ဆေးဖက်ဝင်အပင်၊ စားပင်၊ လူသုံးပစ္စည်းများဖြစ်သည့် သစ်၊ ကြိမ်၊ သက်ကယ်များ တစ်နိုင်တစ်ပိုင် ရယူနိုင်ပါသည်။ မည်ရွေ့မည်မျှ အဖိုးတန်လိုက်ပါသနည်း။

မျိုးဗီဇထိန်းသိမ်းခြင်းနှင့် အပင်နှင့်သတ္တဝါတို့၏ စားကျက်ဖြစ်ခြင်းကိုလည်း ဖန်တီးပေးရာ ရှားပါးမျိုးစိတ်နှင့် ရှားပါးသက်ရှိတို့အတွက် ကောင်းမွန်လုံခြုံသောဂေဟစနစ်ဖြစ်ပေသည်။ တက္ကသိုလ်ကျောင်းသူကျောင်းသားများအတွက်လည်း ပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးခွင့်ရှိရာ သုတေသနနှင့် ပညာပေးလုပ်ငန်းများသည်ထက်မက ကျယ်ဝန်းနက်ရှိုင်းလာနိုင်ခွင့်ရပေသေးကြောင်း တင်ပြလိုပါသည်။ လူငယ်များလေ့လာစရာ Training ground များ ကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံတော်အတွက် ပခုံးပြောင်းတာဝန်လွှဲပြောင်းယူချိန်၌ ဝမ်းစာပြည့်သောလူကြီးများဖြစ်လာနိုင်ခွင့်ရှိပေသည်။ အတွေ့အကြုံနှင့် ပညာပြည့်ဝပါက လွှတ်တော်တွင်းမှာပင် Speaker ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပါသဖြင့် လူငယ်လေ့ကျင့်ကွင်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိသည်။ သို့ရာတွင် ရေထိန်းတောများပြုစုဆောင်ရွက်ပေးခြင်းမရှိလျှင်တော့ ရေချောင်းများ ပျောက်ကွယ်သွားပေရော့မည်။ စိုက်ပျိုးရေနှုတ်ယူခြင်း၊ လူနေတိုးချဲ့ခြင်း၊ ငါးဖမ်းခြင်း၊ တောင်ယာခုတ်ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ အခြားမြေအဖြစ် ပြောင်းလဲခြင်း၊ ရေကြီးရေလျှံခြင်းတို့ကြောင့် ရေတိမ်ဒေသနှင့် ရေချောင်း များ တစ်နေ့တခြား ပျက်စီးပျောက်ကွယ်လျက်တွေ့ရပါ၏။ ကမ္ဘာ့ရေတိမ်ဒေသ၏ ၅၀ ရာခိုင်နှုန်းသည် ၁၉၉၀ နောက်ပိုင်းတွင် ပျက်စီးခဲ့ရပြီ။



ကျွန်မတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင် ရေရှည်ထိန်းသိမ်းနိုင်မည့် သစ်ထုတ်လုပ်မှု၊ သဘာဝဝန်းကျင်နှင့် ဂေဟစနစ်စောင့်ရှောက်မှု၊ မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ရေး၊ မြစ်ချောင်းအင်းအိုင်များ တိမ်ကောခမ်းခြောက်ခြင်းမှ ကာကွယ်ရေး၊ လူဦးရေထူထပ်မှုကြောင့် ပေါ်ပေါက်လာမည့် သောက်သုံးရေပြတ်လပ်မှုကို ကြိုတင်ကာကွယ်နိုင်ရန် လုပ်ဆောင်မှုများရှိပါသည်။ ကျွန်မတို့ကိုယ်တိုင်လည်း ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသလို ကိုယ်တိုင်ကွင်းဆင်း၍လည်း ဆောင်ရွက်လျက်ရှိကြရာ ရေထိန်းတောများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို သမိုင်းပေးတာဝန်အဖြစ် ကျွန်မတို့မြို့နယ်တွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဖြစ်နိုင်သည်များကို ဖြစ်အောင်လုပ်ပေးခြင်းဖြင့် တိုင်းပြည်အပေါ် စေတနာထားလျှင်လည်း သင့်မြတ်လှကြောင်းပါဟုသာ. . .။

**ဒေါက်တာစိန်စိန်သိန်း**

မျိုးဗီဇထိန်းသိမ်းခြင်းနှင့် အပင်နှင့်သတ္တဝါတို့၏ စားကျက်ဖြစ်ခြင်းကိုလည်း ဖန်တီးပေးရာ ရှားပါးမျိုးစိတ်နှင့် ရှားပါးသက်ရှိတို့အတွက် ကောင်းမွန်လုံခြုံသောဂေဟစနစ်ဖြစ်ပေသည်။ တက္ကသိုလ် ကျောင်းသူကျောင်းသားများအတွက်လည်း ပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးခွင့်ရှိရာ သုတေသနနှင့် ပညာပေးလုပ်ငန်းများ သည်ထက်မက ကျယ်ဝန်းနက်ရှိုင်းလာ နိုင်ခွင့်ရပေသေးကြောင်း တင်ပြလိုပါသည်။

မစန္ဒာ

# မရေးတတ်၍ ဖြစ်မလာသောဝတ္ထုများ



“မေမေ”
“အင်း”
“ဘာငေးနေတာလဲဟင်”
“ဝတ္ထုရေးမလို့ စဉ်းစား နေတာပါ သမီးရယ်”
“မရေးသေးဘူးလား”
“ဟင့်အင်း”
“ဘာဖြစ်လို့လဲ”
“ဘာရေးရမယ်မှန်း မသိသေးလို့”
“တစ်နေ့တုန်းက မေမေဝတ္ထုတစ်ပုဒ် ဖတ်ရင်း ရယ်နေတယ်လေ၊



ငါလည်း အဲဒီလို ရေးချင်လိုက်တာဆို . . .''

''ဘာပါလိမ့်''

''ပုတ်သင်ညိုအကြောင်း သိလား''

''ဩဘ် ချက်ကော့ဖ်ရဲ့ (Chameleon)ဆိုတဲ့ ဝတ္ထုသမီးရဲ့၊ မြန်မာပြန်ရင်တော့ 'လူ့ပုတ်သင်'ပေါ့၊ မျက်နှာကြီးငယ်၊ ဆင်းရဲချမ်းသာ အခြေအနေအမျိုးမျိုးကို လိုက်ပြီး အရောင်အမျိုးမျိုးပြောင်းဆက်ဆံတတ်တဲ့လူအကြောင်း''

''ဖတ်လို့ကောင်းလား''

''အင်း သိပ်ကောင်းတာပဲ၊ အဲဒီလို လူစားမျိုးတွေ အများကြီးရှိတယ်''

''ဒါဆို မေမေလည်း ရေးပေါ့၊ ရေးချင်တယ်ဆို''

''အင်း ရေးချင်တာတော့ ရေးချင်တာပေါ့၊ ဒါပေမဲ့ မဂ္ဂဇင်းထဲပါလာအောင် မေမေ မရေးတတ်ပါဘူး သမီးရယ်''

''ဒီလိုဆို မေမေ့ဆီမှာ တိုက်ပုံစံလာဆွဲခိုင်းတဲ့လူကြီး အကြောင်းရေး၊ မေမေပဲပြောတယ်၊ အဲဒီလူကြီးက ချက်ချင်း ချမ်းသာလာတာ၊ သူ့အကြောင်း ဝတ္ထုရေးဖို့ကောင်းတယ်ဆို''

''သူက တောက်ပြောင်းပဲ''

''အင်း အဲဒီတောက်ပြောင်း အကြောင်းရေးလေ''

''အေး မဖြစ်သေးပါဘူးကွယ်၊ တစ်နှယ်ငင်ရင် တစ်စင်လုံးပါကုန်မယ်၊ မေမေ မရေးတတ်ပါဘူး''

''ကဲ ဒီလိုဆို မေမေပြောတဲ့ ဆရာဝန်ကြီးအကြောင်းရေး''

''ဘယ်ဆရာဝန်ကြီးလဲ''

''အိမ်တစ်ခါခေါ်ရင် ခြေကြွခက စာရေးလခတစ်လခစာ ပေးရတယ်ဆိုတဲ့ အထူးကု ဆရာဝန်ကြီးလေ''

> ❝
> ဩဘ် ချက်ကော့ဖ်ရဲ့
> (Chameleon)
> ဆိုတဲ့ ဝတ္ထုသမီးရဲ့
> မြန်မာပြန်ရင်တော့
> "လူ့ပုတ်သင်"ပေါ့၊
> မျက်နှာကြီးငယ်၊
> ဆင်းရဲချမ်းသာ
> အခြေအနေအမျိုးမျိုး
> ကို လိုက်ပြီး
> အရောင်အမျိုးမျိုး
> ပြောင်းဆက်ဆံတတ်တဲ့
> လူအကြောင်း
> ❞

''မလုပ်ပါနဲ့ သမီးရယ်၊ တော်ကြာ မေမေရောဂါဖြစ်လို့ အဲဒီဒေါက်တာဇူဇကာရဲ့ လူနာဖြစ်နေရရင် ဒုက္ခ၊ မျက်နှာပူနေရမှာပေါ့''

''ကဲ ဒီလိုဆို ဦးဦးပြောသွားတဲ့ သူ့လူနာအကြောင်းပဲ ရေးတော့''

''ဘယ်လူနာလဲ၊ သူပြောသွားတာတွေက အများကြီးပဲ၊ ဗိုက်နာတဲ့လူနာရော၊ မြွေပေါက်တဲ့လူနာရော စုံလို့''

''ဟိုဟာလေ နေမကောင်းဖြစ်လို့ အလုပ်မလုပ်ပါနဲ့၊ အနားယူပါအုံးဆိုတာကို ပြောစကားနားမထောင်ဘဲ ထွက်ပြီး ဆိုက်ကားနင်းတယ်ဆိုတဲ့သူလေ''

''အင်း နောက်ပြီးတော့ သေသွားတယ်လေ၊ ဟုတ်တယ်၊ သူ့အကြောင်းဝတ္ထုရေးပြီး ဝတ္ထုနာမည်ကို 'ရောဂါရှာပေးပါ'လို့ ပေးဖို့ကောင်းတယ်၊ သူသေတာ ဘာရောဂါကြောင့်လဲ သမီးသိရဲ့လား''

''သမီးသိအောင် မေမေ ရေးပြပေါ့''


''မေမေရေးပြရမယ်ဟုတ်လား၊ အင်း မေမေလည်း မရေးတတ်ပါဘူး သမီးရယ်''

''ဟင်း မေမေကလည်း နော် သမီးတောင် စိတ်ညစ်လာပြီ၊ ကဲ ဒီလိုဆို ဟိုတစ်နေ့ မေမေတို့ဆီ ဧည့်သည်လာတုန်းက ပြောနေကြတာ၊ မေမေက ပညာတတ်တဲ့သူတွေအကြောင်း ရေးချင်လိုက်တာဟယ်၊ လက်ကို ယားနေတာပဲဆို''

''အင်း ဟုတ်တယ်၊ ပညာတတ်လူတန်းစားတွေ အကြောင်း''

''အင်း ရေးလေ''

''မဖြစ်သေးပါဘူး သမီး





ရယ်၊ အဲဒီပညာက အတန်းပညာ၊ ကျောင်းပညာမဟုတ်ဘူး၊ ဘယ်ကျောင်း ဘယ်တက္ကသိုလ်ကမှလည်း သင်ပေးတာမဟုတ်ဘူး''

''ဘာပညာလဲဟင်''

''ကပ်တန်ရင်ကပ်၊ ခွာတန်ရင်ခွာ၊ ထူထူလေး လှီးနိုင်ရင် လှီး၊ ပါးပါးကလေး ရိတ်တန်ရင်လည်း ရိတ်၊ ပေးတန်ရင်လည်း သွက်သွက်ပေး၊ ယူနိုင်ရင်လည်း မြတ်မြတ်ယူ၊ အပေါ်ယံအရေခွံကလေးက ပြုံးပြ''

''ဟာ ဘာတွေမှန်းလည်း မသိဘူး၊ ရှုပ်နေတာပဲ''

''သမီးကြီးလာရင် ရှင်းသွားမှာပါ၊ ဘာမှန်းလဲ သိလာမှာပါ''

''တော်ပါပြီ၊ မသိချင်တော့ပါဘူး၊ သမီးသွားကစားတော့မယ်''

''အေး အဲဒါပဲ ကောင်းပါတယ်၊ သွားကစားချေတော့''

''မေမေလည်း ရေးချင်တာသာရေးတော့''

''မေမေ ဘာတွေရေးချင်နေသလဲ၊ သမီးသိလို့လား''

''သိတာပေါ့''

''ကဲ ပြောစမ်း''

''ဟို အံဆွဲထဲမှာ မေမေ ဒီအတိုင်း အထပ်လိုက်သိမ်းထားရတဲ့ ပိုက်ဆံလေးတွေအကြောင်း''

''အင်း တော်တယ်၊ နောက်ပြီးတော့ရော''

''ခရီးသွားရမှာ ကြောက်တဲ့အကြောင်း''

''အို တယ်ဟုတ်ပါလား၊ နောက်ပြီးတော့ရော''

''နောက်ပြီးတော့ မေမေက ဘာရေးချင်သေးလို့လဲ''

''မေမေက ပျော်စရာအကြောင်း ရေးချင်သေးတယ်''

''ပျော်စရာ''

''မေမေတို့တွေ အကောင်းစား အပျံစား လေယာဉ်ပျံကြီးနဲ့ ပေလီသွားပြီး အနားယူကြတဲ့အကြောင်း''

''ဟင် ဘယ်တုန်းကလဲ''

''စိတ်ကူးထဲမှာလေ''

''အင်''

''အင်းလေ စာအုပ်ထဲမှာ သမီးတွေ့ဖူးတဲ့ လေယာဉ်ပျံ အကြီးကြီးလေ၊ အဲဒါကြီး စီးပြီး သွားကြမယ်၊ လေယာဉ်လက်မှတ်ကို လွယ်လွယ်ကလေး ဝယ်၊ လေယာဉ်ပျံပေါ် ကြေ့ကြေ့ကလေး တက်''

''လေယာဉ်မယ်လေးက မုန့်အကောင်းစား ဖျော်ရည်အကောင်းစားတွေ လာကျွေးရမယ်နော် မေမေ၊ အိမ်သာထဲမှာလည်း ရေမွှေးပုလင်းတွေ၊ နှုတ်ခမ်းဆိုးဆေးဘူးတွေ ရှိရမယ်''

''အင်းပေါ့''

''ဟာ ဟ တကယ့် ပျော်စရာကြီးပဲ၊ ကဲ မေမေရေးတော့''

''ဒါပေမဲ့ မလွယ်ဘူး သမီးရဲ့''

''ဟင် ဘာဖြစ်လို့လဲ''

''မေမေ မရေးတတ်ပြန်ဘူး''

''ဘာဖြစ်လို့''

''အဲဒီလို လေယာဉ်မျိုးကို မေမေမှ မစီးဖူးတာ''

''ဟင် မေမေကလည်း လုပ်ပြန်ပြီ''

''ဘာလုပ်လို့လဲ''

''ဟင်း တော်ပါပြီ၊ မပြောချင်တော့ပါဘူး၊ မေမေက စာရေးဆရာသာဆိုတယ် အလကားပဲ''

''ဘာဖြစ်လို့''

''ဟိုအကြောင်းပြောလည်း မရေးတတ်''

''အင်း''

''ဒီအကြောင်းပြောလည်း မရေးတတ်''

''အဲ''

''ညံ့လိုက်တာက လွန်ပါရော''

''ဘာပြောတယ်၊ ကိုယ့်အမေကို ကိုယ်ဒီလိုပြောရသလား၊ ခွေးမလေးနော်၊ ဟင်း ငါ့ဘာသာငါညံ့တာ ဘာဖြစ်လဲ၊ တော်ချင်တိုင်း တော်လို့ရတယ် အောက်မေ့လို့လား သွား''

**မစန္ဒာ**

# သရက်(၃)ပင်၊ လန်ကာတ်စတား၊ သရစ်မင်း၊ နဝဒေး

မောင်သန်းဆွေ(ထားဝယ်)

ရန်ကုန်မြို့၏ တောင်နှင့်မြောက်ကို မျဉ်းပြိုင်ဖောက်ထားသည့် အလံပြဘုရားလမ်းနှင့် ရွှေတိဂုံဘုရားလမ်းတို့ကို အရှေ့နှင့် အနောက် မျဉ်းပြိုင်ဖောက်ထားပြီး ဆက်သွယ်ထားသည့် လမ်းနှစ်သွယ်မှာ နဝဒေးလမ်းနှင့် ယောမင်းကြီးလမ်းတို့ ဖြစ်ကြပါသည်။ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့် (ထိုစဉ်က နဝဒေးလမ်းဟုမခေါ်သေး လန်ကက်စတာလမ်းဟုခေါ်သည်။) တွင်ရှိသော အင်္ဂလိပ် မက်သဒစ်အထက်တန်းကျောင်း (ယခု အ.ထ.က (၁) ဒဂုံ)တွင် ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ (၉)နှစ် ကျောင်းနေခဲ့ရသည့် ကျွန်တော်သည် နဝဒေးလမ်းနှင့် (၉) နှစ် (၉)မိုး ပတ်သက်ခဲ့ရပါသည်။ ၁၉၈၇ ခုနှစ်၊ ကျွန်တော်တို့မိသားစု ဗိုလ်ရာညွန့်လမ်း (ထိုစဉ်က ဗိုလ်ရာညွန့်လမ်းဟု မခေါ်သေး ဆင်းဒဝပ်လမ်းဟုခေါ်သည်) သို့ ပြောင်းလာခဲ့သည်။ ဗိုလ်ရာညွန့်လမ်းဆိုသည်မှာ ယောမင်းကြီးလမ်း (ထိုစဉ်က ယောက်လမ်းဟုခေါ်သည်။) နှင့် နဝဒေးလမ်းတို့ကို အလယ်မှ တောင်နှင့်မြောက်သွယ်တန်းဖောက်ထားသော လမ်းဖြစ်ပါသည်။ ထို့ကြောင့် နဝဒေးလမ်းနှင့် ကျွန်တော်သည် ရေစက်ဆုံရပြန်ပါသည်။ မပတ်သက်ချင်၍ မရတော့ပါ။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရတက်လာပြီးနောက်ပိုင်းတွင် ဗြိတိသျှအစိုးရလက်ထက်မှ အင်္ဂလိပ်အမည်နှင့် မှည့်ခေါ်ခဲ့သည့်လမ်းများကို မြန်မာမှုပြုပြီး မြန်မာအမည်များ ပြောင်းခဲ့ပါသည်။ ကျွန်တော်တို့အိမ်ရှိရာ ဗိုလ်ရာညွန့်လမ်းသည် အင်္ဂလိပ်



ခေတ်က ဆင်းဒပ်လမ်းဟုခေါ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရက ထိုလမ်းကို နတ်ရှင်နောင်လမ်းဟု ပြောင်းခေါ်ခဲ့သည်။ ရတုစာဆိုရှင် နတ်ရှင်နောင်ကို ဂုဏ်ပြုမှည့်ခေါ်ခြင်းဖြစ်၏။ သို့သော် မကြာပါချေ။ နတ်ရှင်နောင်သည် နယ်ချဲ့ပေါ်တူဂီဇင်ကာနှင့်ပေါင်းပြီး သစ္စာဖောက်သူဖြစ်သောကြောင့် နတ်ရှင်နောင်ကို ဂုဏ်မပြုချင်တော့၍ နယ်ချဲ့ဗြိတိသျှကိုတော်လှန်ခဲ့သည့် ဝဲလောင်မှ မျိုးချစ်သူရဲကောင်းကြီး ဗိုလ်ရာညွှန့်ကို ဂုဏ်ပြုသည့်အနေဖြင့် ဆင်းဒပ်လမ်းကို ဗိုလ်ရာညွှန့်လမ်းဟု အမည်ပြောင်းခဲ့ပြန်ခြင်းဖြစ်သည်။ လန်ကတ်စတာလမ်းသည်လည်း နဝဒေးလမ်းဖြစ်လာသည်။ ယောက်လမ်းကမူ ယောမင်းကြီးလမ်းဟု ဖြစ်လာသည်။ ယောက်နှင့်ယောကို ခပ်ဆင်ဆင်မှည့်ပေးသဖြင့် အမည်ပေးသူများကို ချီကျူးရပေမည်။ ရပ်ကွက်ကိုလည်း ယောမင်းကြီးရပ်ကွက်ဟုခေါ်ပြီး မြို့နယ်ကိုမူ ဒဂုံမြို့နယ်ဟု ခေါ်ခဲ့ပါသည်။ ထိုစဉ်က ၁၀ တန်းရောက်နေပြီဖြစ်သည့် သမီးအငယ်ဆုံးလေးက –

''ဖေဖေ ... လန်ကတ်စတာတို့ ယောက်တို့ဆိုတာ၊ ဘာအမည်တွေလဲ၊ ယောမင်းကြီးကိုတော့ သမီးသိတယ်၊ နဝဒေးဆိုတာကရော ဘယ်သူ့ကို ခေါ်တာလဲဟင်'' ဟု မေး၍ လမ်းများ၏ သမိုင်းကြောင်းကို ပြောပြခဲ့ရပါသည်။

လန်ကတ်စတာတို့ ယောက်တို့ဆိုတာက ဗြိတိန်နိုင်ငံမှာ ရှိသည့် ဒပ်ချီ(Duchie)ဟုခေါ်သည့် နယ်ကြီးများ၏အမည်ဖြစ်ပါသည်။ ထိုနယ်ကြီးများကို ဒျူခ်(Duke)ဟုခေါ်သည့် မြို့စားများက စိုးမိုးပါသည်။ ဗြိတိန်နိုင်ငံဘုရင်များက သူတို့၏ သားတော်များကို မြို့စားအဖြစ် ဘွားစားစေခဲ့ကြသည်။ တတိယမြောက် ဂျော့ဘုရင်က သူ၏တတိယသားတော် ဖရစ်ဒရစ်မင်းသားကို ယောက်မြို့စားပေးခဲ့သည်။ ပဥ္စမမြောက် ဂျော့ဘုရင်သည်လည်း သူ၏ဒုတိယသားတော်ကို ယောက်မြို့စားပေးခဲ့သည်။ ထိုယောက်မြို့စားသည် နောင်အခါ ဆဋ္ဌမမြောက် ဂျော့ဘုရင်ဖြစ်လာသည်။ ယခု ဒုတိယမြောက်အဲလီဇဘက်ဘုရင်မကြီး၏ ခမည်းတော်ပါ၊ အဲလီဇဘက်ဘုရင်မကြီးကလည်း သူ၏သားတော် အင်ဒရူးမင်းသားကို ယောက်မြို့စား ပေးခဲ့ပြန်ပါသည်။ လန်ကတ်စတာနှင့် ကွန်းဝေါ(Cornwall)နယ်ကြီးများကိုမူ ဝိတိုရိယဘုရင်မကြီးကိုယ်တိုင်ကိုက ထီးမိုးရည်ခံအဖြစ် ဘွားစေခဲ့သည်။ ထိုခေတ်က နယ်ကြီးတစ်နယ်မှ ဘုရင်မကြီးသည် ပေါင် (၆၀၀၀၀) စီ စားရသည်ဟု ကြားရ၏။ နောက်ပိုင်း ကွန်းဝေါနယ်ကို ၁၈၄၃ ခုနှစ်တွင် ဝေလမင်းသားအား ဘွားစေခဲ့သည်။ ယခုထိပင်ဖြစ်၏။ အင်္ဂလိပ်များသည် အမေရိကတိုက်ကြီးကို စရောက်သည့်အခါတွင် စရောက်သည့်နေရာတစ်နေရာသည် သူတို့ထံမှ ယောက်နယ်နှင့်တူလွန်း၍ 'ယောက်အသစ်' ဟု မှည့်ခေါ်သောကြောင့် ယခုအခါ အမေရိကန်တွင် နယူးယောက်မြို့၊ နယူးယောက်ပြည်နယ်ဟူ၍ ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ပင် ရန်ကုန်မြို့ကို အုပ်စိုးရန်ရောက်လာသည့်အခါတွင်လည်း သူတို့ဆီမှ နယ်ကြီးများအမည်ကို အမှတ်တရနှင့် ယောက်လမ်း၊ လန်ကတ်စတာလမ်းဟု မှည့်ခဲ့ခြင်းဖြစ်၏။ လန်ကတ်စတာလမ်းကို နဝဒေးလမ်းဟု အမည်ပြောင်းခဲ့သည်မှာ

> နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အစိုးရတက်လာပြီးနောက်ပိုင်းတွင် ဗြိတိသျှအစိုးရလက်ထက်မှ အင်္ဂလိပ်အမည်နှင့် မှည့်ခေါ်ခဲ့သည့် လမ်းများကို မြန်မာမှုပြုပြီး မြန်မာအမည်များ ပြောင်းခဲ့ပါသည်။ ကျွန်တော်တို့ အိမ်ရှိရာ ဗိုလ်ရာညွှန့်လမ်းသည် အင်္ဂလိပ်ခေတ်က ဆင်းဒပ်လမ်းဟုခေါ်သည်။

မြန်မာ့စာပေသမိုင်းမှ နဝဒေးဘွဲ့ခံ စာပေပညာရှင်ကြီး (၃) ဦး ရှိခဲ့သည်ကို ဂုဏ်ပြုမှည့်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

နဝဒေးနှစ်ယောက်မှာ ပထမပြည်နဝဒေးကြီးနှင့် ဒုတိယနဝဒေးဘွဲ့ခံ ရွှေတောင်နန္ဒသူတို့ဖြစ်ပါသည်။

ပထမပြည်နဝဒေးကြီးဆိုသူက ဘုရင်ထွေးလက်ထက် နရပတေ့မယ်တော်ခေါ်သည့် ဘုရင်ထွေးသမီးတော်၏ အထိန်းတော်သားဖြစ်သည်။ ဘုရင်ထွေးသမီးတော်၏ မောင်တော် ပြည်နရပတေ့လက်ထက် ယောက်ဖတော် မင်းဘစောကို ကွပ်မျက်ပြီး စလင်းကို စည်သူကျော်ထင်အား ပေးလိုက်၏။ စလင်းရောက်သွားပြီး စလင်းလက်ယျာဟု တွင်သည်။ စလင်းလက်ယျာဘွဲ့ခံ နဝဒေးကြီးသည် စလင်းပျက်သည့်အခါမှာ စစ်ကိုင်းမှာ အရှင်စည်သူကျော်ထင် (၆) နှစ်မင်းပြုသောအခါ စစ်ကိုင်းထောင်သင်းကို မှူးစေ၍ ထောင်သင်းမှူးတွင်ပြန်သည်။ ထို့ကြောင့် ''စစ်ကိုင်းထောင်သင်း၊ စလင်းလက်ယျာ၊ ပြည်မှာနဝဒေး''ဟု ခေါ်ခဲ့ကြခြင်းဖြစ်ပါသည်။ ဘုရားတိုင်ရတု၊ မိုး၊ တော၊ စစ်ရတု၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ပြည်ဘွဲ့၊ ဘုန်းဘွဲ့၊ နန်းဘွဲ့ (၅) ရပ်ကို ပုဒ်စုံပေါင်း (၃၀၀) ကျော် (၄၀၀) ခန့် စပ်ဆိုခဲ့ပါသည်။ အသက် (၁၀) နှစ်ကတည်းက ရတုစာဆိုဖြစ်ခဲ့သည်ဟု ဆိုသည်။ မနော်ပျို့ဟောင်း၊ မင်းတရားမယ်တော်ချေင်း၊ နတ်ရှင့်မယ်တော်ချေင်းတို့၏ စာဆိုဖြစ်ပါသည်။

ဒုတိယနဝဒေးဘွဲ့ခံ စလင်းသားနဝဒေးကမူ ဆင်ဖြူရှင်လက်ထက် ငွေတောင်ရကန်(၁)ကို စပ်ဆိုခဲ့သည်။ စေဥ္စကူးမင်းသားလက်ထက်တော်မှာပင် ဆင်ကျေးတိုက်ဝန်၊ နောက်ဝန်ထောက်ခန့်၍ ဆင်ကျေးဝန်ထောက်တွင်သည်။ ထိုမင်း

ဂျပန်ခေတ် ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ နေ့စွဲနှင့် နိုင်ငံတော်အစိုးရက နိုင်ငံခြားအမည် မှည့်ခေါ်ထားသည့် မြို့များ၊ လမ်းများကို မြန်မာအမည်ပြောင်းလဲခေါ်ရန် အမိန့်ထုတ်သည်။ ထိုစဉ်က လန်ကတ်စတာလမ်းကို သရစိမ်းလမ်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် လန်ကတ်စတာလမ်းတွင် မင်းတုန်းမင်းတရားကြီး၏ သရစိမ်းမိဖုရားကြီးက တိုက်စံအိမ်တော်ကြီးနှင့် စံတော်မူသွားခဲ့သောကြောင့် ဖြစ်ပါသည်။

လက်ထက်တွင်ပင် မွေ့နန်းရကန်၊ အဝမျိုးဘွဲ့ရကန်၊ ငွေတောင်ရကန်များကို ရေးခဲ့သည်။

တတိယနဝဒေးကြီးဆိုသူကမူ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ငါးရွာအဝင် ရွာဝေးရွာသူကြီးရိုး ''ဇလနန္ဒသူ''ဘွဲ့ခံဖြစ်ပါသည်။ နောက် ''မဟာသင်္ခရာစည်သူ'' ''မဟာသီရိစည်သူ'' ဘွဲ့များကို ခံပြီး ရွာဝေးရွာကို စားရသည်။ မော်ကွန်းများစွာဖွဲ့ဆိုသည့်နောက် တရုတ်သံရောက်မော်ကွန်းသည် ထင်ရှား၏။

ဂျပန်ခေတ် ၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ နေ့စွဲနှင့် နိုင်ငံတော်အစိုးရက နိုင်ငံခြားအမည် မှည့်ခေါ်ထားသည့် မြို့များ၊ လမ်းများကို မြန်မာအမည်ပြောင်းလဲခေါ်ရန် အမိန့်ထုတ်သည်။ ထိုစဉ်က လန်ကတ်စတာလမ်းကို သရစိမ်းလမ်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် လန်ကတ်စတာလမ်းတွင် မင်းတုန်းမင်းတရားကြီး၏ သရစိမ်းမိဖုရားကြီးက တိုက်စံအိမ်တော်ကြီးနှင့် စံတော်မူသွားခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုလမ်းမှ ထိုစံအိမ်တော်ကြီးတွင်ပင် မိဖုရားကြီးသည် သက်တော် ၈၃ နှစ်၊ သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် ကံကုန်တော်မူလေသည်။

ကုန်းဘောင်ခေတ်က သရစိမ်းတိုက်ဆိုသည်က ဆားတောင်နှင့် ဝက်လက်အနီးတွင် ရှိသည်ဟုဆိုပါသည်။ ထိုသရစိမ်းတိုက်ကို ဘွားစားရသူက မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သည့် သုသီရိနန္ဒာဒေဝီဖြစ်ပါသည်။ မြို့သာမြို့ကို စားရသော်လည်း သရစိမ်းမိဖုရားဟုပင်တွင်သည်။ မင်းတုန်းမင်းတရားကြီး နတ်ပြည်စံသောအခါက သူ့အသက်သည် ၃၆ နှစ်သာ ရှိသေးသည်။ သူ့တွင် နောင်မွန်မြို့စား မင်းသမီး၊ တိုင်တားမြို့စားမင်းသမီး၊ မိုင်းလုံမြို့စားမင်းသမီးဟူ၍ သမီးတော် (၃) ပါးရှိခဲ့သည်။ ပါတော်မူပြီးသည့်အခါ ဗြိတိသျှအစိုးရက ၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ''အလောင်းဘုရား'' သင်္ဘောနှင့် အခြားမိဖုရားသားတော်၊ သမီးတော်များနှင့်အတူ သရစိမ်းမိဖုရားနှင့် သမီးတော် (၃) ပါးကို ရန်ကုန်သို့ ပို့လိုက်ပါသည်။ ပထမတွင် မိဖုရားနှင့် သမီးတော်များသည် အခြွေအရံများနှင့် ထိုစဉ်က မဂိုရ်လမ်း(ယခုရွှေဘုံသာလမ်း)တွင်နေရန် နေရာချထားသည်။ ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစပြီး ဒုတိယတန်းဝင် မိဖုရားအဆင့်သတ်မှတ်ခံရပြီး ရိက္ခာတော် ရူပီ ၁၅၀ တို့ကို ထောက်ပံ့ခဲ့ပါသည်။ သရစိမ်းမိဖုရားကြီးက မဂိုရ်လမ်းတွင် စံတော်မူရသည်ကို မပျော်မွေ့ပါ။ အဘယ်ကြောင့်ဆိုသော် မဂိုရ်လမ်းသည် စည်ကားလွန်း၍ ဆူညံနေသောကြောင့်ဖြစ်၏။ စိတ်ငြိမ်သည့်အရပ်တွင် နေချင်သည်ဆို၍ ဗြိတိသျှအစိုးရက စိတ်ငြိမ်သည့်အရပ်ဆိုသော လန်ကတ်စတာလမ်း၊ အမှတ် (၁၇)၊ ဝင်းကျယ်ကြီးထဲတွင် နှစ်ထပ်တိုက်စံအိမ်တော်ကြီးနှင့် စံနေတော်မူပါသည်။ (ယခု ဒဂုံ အ.ထ.က (၁) ကျောင်းကြီး တစ်ဖက်တစ်ချက်တွင်ဖြစ်ပါသည်။)

အင်္ဂလိပ်မက်သဒစ်ကျောင်းတွင်နေစဉ်က ငယ်သူငယ်ချင်းဖြစ်သည့် ဝင်စတင်တော်မြတ်(ထိပ်တင်ဝင်း)သည် သရစိမ်းမိဖုရားကြီး၏ မြစ်တော်ဖြစ်ပါသည်။ ထိုအချိန်က သရစိမ်းမိဖုရားကြီး၏ သမီးတော် ၃ ပါးအနက် သမီးတော်လတ်ဖြစ်သော တိုင်တားမြို့စားမင်းသမီးက သက်ရှိထင်ရှားရှိပါသေးသည်။ ကျွန်တော် မှီလိုက်၏။ ဝင်စတင်တော်မြတ်နှင့်ပတ်သက်၍ သရစိမ်းအိမ်တော်ကိုလည်း အဝင်အထွက်ရှိခဲ့သည်။ ထိုစဉ်ကမူ သွပ်မိုး၊ မြေစိုက်၊ သစ်သားအိမ်ကလေးသာဖြစ်သည်။ သရစိမ်းမိဖုရားကြီးလက်ထက်တော်က နှစ်ထပ်တိုက်စံအိမ်တော်ကြီး မရှိတော့ပါ။ တိုင်တားမင်းသမီးကြီးသည် ၁၃၁၈ ခု၊ ဝါဆိုလဆန်း ၄ ရက်၊ သက်တော် ၉၁ နှစ်ရောက်မှ ကံကုန်တော်မူသွားပါသည်။ ယခုအခါ မင်းသမီးကြီး၏အိမ်တော်နေရာတွင် ကန်ထရိုက်တိုက်များနှင့် ပြည့်နေပါသည်။ စာရေးဆရာ ကြီးတက်တိုးနှင့် ကဗျာဆရာမကြီး နုယဉ်တို့အိမ် ထိုအကွက် ထဲတွင်ရှိခဲ့ဖူးသည်။ (ဆရာမကြီးနုယဉ်က ဤလမ်း၏မူလ အမည်မှာ 'သရက် ၃ ပင်လမ်း'ဟု ရေးခဲ့ဖူးသည်။)

မူလ သရက်(၃)ပင်လမ်းအမည်မှ ဗြိတိသျှခေတ်တွင် လန်ကတ်စတာလမ်းဟူ၍တွင်သည်။ ဂျပန်ခေတ်တွင် သရစိမ်းလမ်းဟု အမည်ပြောင်းခဲ့သည်။ သို့သော် လွတ်လပ်ရေးရသည့်ခေတ်အထိ လန်ကတ်စတာလမ်းဟူ၍ပင် တွင်နေပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နဝဒေးလမ်းအဖြစ်သို့ ရောက်ခဲ့ရပြန်သည်။ ကောင်းပါသည်။ နဝဒေးလမ်းဆိုသောကြောင့် စာဆိုရှင် (၃) ဦးကို ဂုဏ်ပြုရာ ရောက်ပါသည်။ ။

**မောင်သန်းဆွေ(ထားဝယ်)**

# ညီစေ

အေးမျိုးကြည်


အခြားတိုင်းပြည်၊ ချမ်းသာသည်ကို
တို့ပြည်သားတွေ အားကျနေ၏။

သူများတိုင်းပြည်၊ တိုးတက်သည်ကို
တို့ပြည်သားတွေ၊ အားကျနေမိ။

ရပ်ဝေးတိုင်းပြည်၊ အောင်မြင်သည်ကို
တို့ပြည်သားတွေ အားကျချေ၏။

နယ်မြေဝေးလံ
နိုင်ငံရပ်ခြား၊ တိုင်းတစ်ပါးကို
အားကျနေရုံ၊ မပြည့်စုံချေ
သူ့ပုံ သူ့ဟန်၊ ကိုယ် – ဖြစ်ရန်တွက်
တို့ဉာဏ်တို့အား၊ စွမ်းပကားနှင့်
ကြိုးစားဖွေရှာ၊ အားထုတ်ပါမှ
မကြာမီပင်၊ အောင်မြင်ကြီးပွား
စီးပွားဖွံ့ဖြိုး၊ နိုင်ငံမျိုး – သို့
တိုးပွားရောက်မည် – မလွဲပြီ
ကြိုးစားဆောက်တည် – အမြဲညီ။ ။





ရေနံ့ဓမြ

# မောင်မောင်ကြည်



သတ္တမတန်းတစ်တန်းလုံးက သူ့ကို အဖက်မလုပ်ကြ၊ ဝိုင်းပယ်ထားကြလေသည်။ သူ့အမည်ကား 'နုငယ်'ဖြစ်လေသည်။ ဤသို့ သူ့အား ဝိုင်းပယ်ထားသည်ဆိုရာ၌ ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူ 'အောင်စိန်မောင်'တို့ မပါပါချေ။ ကျွန်တော်တို့ နုငယ်ကို အပေါင်းအသင်းလုပ်သည်။ ခေါ်သည်။ ပြောသည်ပင်။ စင်စစ် သည်အတန်းထဲတွင် ကျွန်တော်၊

နယ်၊ အောင်စိန်မောင်တို့သာ အပေါင်းအသင်းသူငယ်ချင်းအဖွဲ့တည်း။ မှန်သည်။ စားစရာရှိလျှင် အတူစား၊ သွားစရာရှိလျှင် အတူသွားနှင့် တပူးပူးတတွဲတွဲနေလာခဲ့ကြပါသည်။ ဤသို့အဖွဲ့ကျနေခြင်းကို အတန်းသားများက မျက်မုန်းကျိုးသည်ထင့်။ သည်အထဲတွင် 'ခင်မကြီး'က အကဲဆုံးပင်။

ကျွန်တော်နှင့် အောင်စိန်မောင်ကို ကဲ့ရဲ့ရှုတ်ချကြသည်။ နယ်အပေါင်းအသင်းဆိုပြီး အထင်လည်းသေးကြလေသည်။ မည်သို့ဆိုစေ ကျွန်တော်တို့မမှုပါချေ။ သူတို့ကား အခင်မင်မပျက်။ မောင်နှမရင်းချာပမာ ပေါင်းသင်းမြဲပါတည်း။

သည်တော့လည်း မိန်းကလေးအချင်းချင်းကပင် အပေါင်းအသင်းမလုပ်ကြသော နယ်သည် ကျွန်တော်တို့နှစ်ယောက်၏ ခင်မင်မှုစေတနာကို တန်ဖိုးထားသိလာဟန်တူလေသည်။ ကျွန်တော်တို့ကို သူ့အစ်ကိုရင်းပမာ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်နှင့် အစစအရာရာ တိုင်ပင်အားကိုးလာတော့သည်။

\+ \+ \+

ချောက် တန်းမြင့်ကျောင်းကြီး၏ နွေကျောင်းဖွင့်ခါစ နေ့တစ်နေ့ကဖြစ်လေသည်။

အတန်းထဲမှ ကျောင်းသူတစ်သိုက်နှင့် နယ် ပြဿနာတစ်ခုဖြစ်ခဲ့ရသည်။ ထိုပြဿနာကား အတန်းထဲရှိ သောက်ရေအိုးစင်မှ နယ်ရေသောက်မည်အပြု ကျောင်းသူတစ်သိုက်က မသောက်ရဟု တားမြစ်လှောင်ပြောင်ရာမှ စလေသည်။ သည်တော့လည်း ကြားထဲမှ အောင်စိန်မောင်နှင့်ကျွန်တော်တို့မှာ မခံမရပ်နိုင်ဖြစ်ရလေသည်။ အောင်စိန်မောင်ဆိုမှု ''သောက်တော့ဘာဖြစ်သလဲ၊ သူလည်း ရေအိုးဖိုးဆယ်ပြားထည့်ထားတာပဲ၊ နင်တို့က ဘာတွေမို့လို့လဲ၊ ကြီးကျယ်လို့ကွာ၊ နယ်သောက်သာ သောက်ဟေ့''ဟု ပြောခဲ့သေးသည်။

နယ်ကမူ ဘာမျှမပြောဘဲ ငိုမဲ့မဲ့နှင့်သာရှိသည်။ စင်စစ် သည်ရေအိုးကို ကျွန်တော်တို့အတန်းသားများ တစ်ယောက်ဆယ်ပြားကျနှင့် စုဝယ်ထားခြင်း ဖြစ်လေသည်။ အတန်းပိုင်ဘုံရေအိုးပင်တည်း။ သို့အတွက်ကြောင့် အောင်စိန်မောင်ပြောခြင်းဖြစ်မည်ထင်ပါသည်။

အတန်းကြားမှ ''အစ်ကိုအောင်ရယ်၊ ပြောမနေပါနဲ့တော့၊ နယ်မသောက်တော့ပါဘူး၊ ရန်ဖြစ်ကုန်ကြပါ့မယ်၊ တော်ပါတော့ရှင်၊ တော်ကြပါတော့''

နယ်က ဤသို့ပင် ''အောင်စိန်မောင်''နှင့်တစ်ဖက်က ခင်မကြီးတို့တစ်သိုက်ကို တားမြစ်တောင်းပန်လိုက်လေသည်။ ထိုစဉ်က အတန်းထဲ၌ဆရာမရှိချေ။ ဆရာကြီးရုံးခန်းသွားနေလေသည်။ ဆရာသည် အတန်းသားများကို ပုစ္ဆာငါးပုဒ်ပေး၍ သင်္ချာတွက်ခိုင်းထားသည်။ နယ်မှာ သင်္ချာတွက်ပြီး၍ ဦးဆုံး ဆရာ့စားပွဲပေါ်တွင် စာအုပ်ထပ်ထားနိုင်သူလည်း

**စင်စစ် နယ်ကား ကယ်ပါမလေး တစ်ယောက်ပင်တည်း။ သို့ကြောင့်ပင် အတန်းသူ အတန်းသားများက ဤသို့ ဝိုင်းပယ်ထားခြင်းဖြစ်လေသည်။ သူတို့နှင့် မတူမတန်ဟုလည်း အောက်မေ့နေကြသည်၊ ကယ်ပါဆိုသည်မှာ သူတို့အောက်လွှာမှ လူတန်းစားတစ်ရပ်ဟုလည်း ထင်နေကြသည်။ ခက်သည်မှာ ကယ်ပါဆိုသည်နှင့် လူကောင်းတွေက အပေါင်း အသင်းမလုပ်ချင်ကြ၊ ရှောင်ကြ၊ ကွင်းကြသည်ထင့်၊ ဤကား လူလူချင်းအဆင့် အတန်းခွဲခြားခြင်းတစ်ရပ်ပင်၊**

ဖြစ်သည်။ ပြီးမှ အတန်းရှေ့ရှိရေအိုးစင်သို့ ရေသောက်ရန်သွားလေသည်။ ရေအိုးဖုံးကို ဖွင့်၍ ခွက်နှင့်ရေခပ်ပြီးသောက်တော့မည်အပြု အတန်းနောက်ဆုံးမှ ခင်မကြီးနှင့် သူငယ်ချင်းတစ်သိုက်က လှမ်းလှောင်လိုက်သည်။

''ဟေ့ ဟေ့ ရေဘာလို့သောက်တာလဲ၊ တန်ရာတန်ရာသောက်ဟေ့''

သူနားလည်မည်ထင်သည်။ သို့ကြောင့်ပင် ရေမသောက်တော့ဘဲ ခွက်ကိုပြန်ချထားလိုက်သည်။ ကျောင်းသူကျောင်းသားများရှေ့မို့ ရှက်လည်းအတော်ရှက်သွားပေလိမ့်မည်။

ကျွန်တော်သည် ထိုအဖြစ်အပျက်ကြည့်ပြီး ဘာမျှဝင်မပြောမိခဲ့၊ အတန်းကြားမှ ဆရာကြီးသွားတိုင်ရလျှင် ကောင်းလိမ့်မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်သည်။

''လာ နယ် ဆရာကြီးသွားတိုင်ရအောင်၊ ဒါ နယ်ကို သက်သက်စော်ကားတာပဲ''

သူ့ကိုခေါ်သည်။ နယ်က ခေါင်းခါလေသည်။ ပြီးမှ ''မလုပ်ပါနဲ့ အစ်ကိုလတ်ရယ်၊ တော်ကြာ နယ် ကျောင်းက ထွက်နေရပါအုံးမယ်၊ နယ် ပညာသင်ချင်လို့ ကျောင်းလာနေတာပါ၊ ရေလေး မသောက်ရတာနဲ့ ဘာမှဖြစ်မသွားပါဘူး အစ်ကို၊ ရေစက်မှာ သွားသောက်ရင် ရပါတယ်'

နယ် ဤသို့ပြောဆိုကာ အတန်းထဲမှ မျက်ရည်စက်လက်နှင့် ထွက်သွားရှာတော့သည်။ သူထွက်သွားခါမှ ခင်မကြီးတို့ တစ်သိုက်သည် လှောင်ပြောင်ရယ်ကြပြန်သေးသည်။ အောင်စိန်မောင်ဆိုမှု စိတ်ဆိုး၍ တရှုးရှုးတရှဲရှဲဖြစ်နေလေသည်။ ရေစက်မှာ ''တန်းမြင့်ကျောင်းကြီး''၏ နောက်ဖက် အိမ်သာနားတွင် ရှိသည်။ နောင်ကျတော့လည်း သည်ရေစက်မှာပင် သူ လက်ဝါးခံ၍ ရေသောက်ရမြဲဖြစ်လေသည်။

\+ \+ \+

စင်စစ် နယ်ကား ကယ်ပါမလေး တစ်ယောက်ပင်တည်း။ သို့ကြောင့်ပင် အတန်းသူအတန်းသားများက ဤသို့ ဝိုင်းပယ်ထားခြင်းဖြစ်လေသည်။ သူတို့နှင့် မတူမတန်ဟုလည်း အောက်မေ့နေ



ကြသည်။ ကယ်ပါဆိုသည်မှာ သူတို့အောက်လွှာမှ လူတန်းစာတစ်ရပ်ဟုလည်း ထင်နေကြသည်။ ခက်သည်မှာ ကယ်ပါဆိုသည်နှင့် လူကောင်းတွေက အပေါင်းအသင်းမလုပ်ချင်ကြ၊ ရှောင်ကြ၊ ကွင်းကြသည်ထင့်။ ဤကား လူလူချင်းအဆင့်အတန်းခွဲခြားခြင်းတစ်ရပ်ပင်။

နုငယ်တို့က ကယ်ပါဆိုသော်လည်း တောင်းရမ်း၍ကား မစားတော့။ ကိုယ့်ဒူးကိုယ်ချွန်၍ လုပ်ကိုင်စားသောက်နေသူသာဖြစ်သည်။ သူ့အဖေ ဦးပန်းမှုံသည် ဝက်မွေးမြူရေးလုပ်ပြီး သမီးဖြစ်သူကိုပင် ကျောင်းထားနိုင်ခဲ့သည်။ မှန်သည်။ ရေသာခိုချင် စိတ်မရှိသော ဦးပန်းမှုံ၏ စိတ်ဓာတ်ပင်တည်း။

နုငယ်တို့နေသည်ကတော့ တမာအိုင့်ရပ်ကွက်အဝင် ချောက်နှင့် ရေနံချောင်းသွားကားလမ်းဘေးရှိ တမာအိုင့်သင်္ချိုင်းကုန်း ကယ်ပါစုထဲတွင်ဖြစ်လေသည်။ သည်ကယ်ပါစုထဲတွင် နုငယ်အဖေ ဦးပန်းမှုံသည် လူကြီးတစ်ယောက်ဖြစ်ပြီး တစ်ချိန်က စဏ္ဍာလခေါင်းလည်းဖြစ်ခဲ့သည်။ ဦးပန်းမှုံတို့ဇာတိမှာ ပုဂံတောင်ရွာလေး ကယ်ပါရွာက ဖြစ်လေသည်။

သို့တစေ ဦးပန်းမှုံတို့သည် တောင်းရမ်း၍ မစားဟုဆိုသော်လည်း မျိုးရိုးအစဉ်အဆက်ကိုလိုက်၍ ကြောက်ကြ၍ပင် မိမိနေအိမ်၌ ဘုရားဆွမ်းတော်တင်အကျခုနစ်စေ့တိတိကို စတိအဖြစ် စားကြသည်ဟု တစ်ခါက နုငယ်ကိုယ်တိုင် မရှက်မကြောက်ဘဲ ပြောပြဖူးသည်။

မှန်သည်။ ဤသို့မစားလျှင် ကိုယ်ပျက်တတ်သည်။ နူတတ်သည်။ အစွဲအလမ်းရှိနေပုံနှင့် သူတို့ပါ စတိအဖြစ်စားရသည်ဟု သူ့အဖေ၏ယုံကြည်ချက်ကိုပါ ထည့်ပြောပြလေသည်။ သည်အစွဲအလမ်း အယူသည်းမှုတွေကိုတော့ ကျွန်တော်ဘယ်နည်းနှင့်မျှ လက်ခံယုံကြည်၍ မရပါချေ။ သို့ကြောင့်လည်း ''မဟုတ်သေးပါဘူး နုငယ်ရ၊ တောင်းရမ်းမစားတာနဲ့များ နူရမယ်လို့ ရှာရှာဖွေဖွေ၊ တကယ်တော့ ဒါတွေဟာ ရှေးပဒေသရာဇ်မင်းအချို့ရဲ့ လူတန်းစားခွဲခြားမှု၊ အမွေဆိုးလက်ကျန်တွေပါ၊ ဒါကိုပဲ တကယ်ထင်ပြီး ရေသာခိုချင်တဲ့ စိတ်ဓာတ်နဲ့ တချို့ ခုထိ တောင်းရမ်းစားသောက်နေကြတာပါ၊ ဒါ သူတို့တွေရဲ့ အမှားတွေပေါ့၊ ဒီဘဝက စွန့်ပြီး မတောင်းရမ်းဘဲ အစ်ကိုတို့ လူကောင်းတွေလို လုပ်ကိုင်စားသောက်ကြပါလား၊ ဘာမှမဖြစ်ပါဘူး၊ တချို့လည်း နုငယ်တို့လို ကိုယ့်အားကိုယ်ကိုးပြီး လုပ်ကိုင်စားသောက်နေကြတာပဲ''ဟု ကျွန်တော်က ပြောလိုက်သောအခါ နုငယ် ကျွန်တော့်စကားစုများကို ထောက်ခံလာလေသည်။

''ဟုတ်တယ် အစ်ကိုလတ်၊ နုငယ်လည်း သည်လိုပဲမြင်တယ်၊ ယုံတယ်၊ ဒါပေမဲ့ အဘတို့က ခုထိတိုင် ယုံကြည်နေကြသေးတော့ အခက်သားကလား၊ နုငယ်တို့က လူငယ်ဆိုတော့ လူကြီးစကားကိုနားဝင်ပြီး ယုံနေရတာ၊ တကယ်တော့ နုငယ်မယုံပါဘူး အစ်ကိုရာ၊ ပြီးတော့ နုငယ် ဘုရားဆွမ်းတော်တင်အကျလည်း မစားတော့ဘူး၊ အဲဒါ အဘသိတော့ နုငယ်ကိုဆူတာပေ့ါ၊ နူမှာမကြောက်ဘူးလားတဲ့၊ နုငယ်မကြောက်ပါဘူး၊ ဟုတ်မှမဟုတ်ဘဲကို''

ဤသို့ပင် နုငယ်က သူ့အကြောင်း တစေ့တစောင်းပြောပြဆွေးနွေးခဲ့ဖူးသည်။ နုငယ်တို့မိသားစုထဲတွင် သူ အကြီးဆုံးဖြစ်လေသည်။ သူ့တွင် အမေမရှိတော့ချေ။ မီးမဖွားနိုင်၍ သူရှစ်နှစ်အရွယ်ကပင် ဆုံးပါးခဲ့လေပြီ။ နုငယ်အောက်မောင်လေး တစ်ယောက်ရှိသေးသည်။ ခုနုငယ်အသက် ဆယ့်ငါးနှစ်ပြည့်ပြီဖြစ်သည်။ သူ့ကျွန်တော့်ထက် တစ်နှစ်ငယ်လေသည်။ အောင်စိန်မောင်က ကျွန်တော့်ထက် တစ်နှစ်ကြီးသည်။

နုငယ်အလှသည် အချောကြီးဟုမဆိုသာသော်လည်း ရွက်ကြမ်းရေကျိုအလှမျိုးတော့ ရှိလေသည်။

အပျိုဖျန်းအရွယ်မို့ ဖြိုးသောရင်၊ ကားသောတင်နှင့် ကိုယ်လုံကိုယ်ထည် အချိုးအစား ပြေပြစ်လှပသူလည်းဖြစ်သည်။ အသားရောင်မှာ ညိုချောပင်တည်း။

\+ + +

ကျွန်တော့်အိမ်သည် မြို့၏မြောက်ဘက် တမာကုန်းတွင်ရှိလေသည်။ ဖေဖေ ဦးဖိုးလတ်သည် ယခင် ဘီအိုစီ၊ ယခုပရလတွင် အင်ဂျင်နီယာအရာရှိကြီး တစ်ဦးဖြစ်ပါသည်။ မေမေ့အမည်က ဒေါ်နှင်းရီဟုခေါ်ပါသည်။ ကျွန်တော်တို့က တမာကုန်းတွင် ရေအစုံ မီးအစုံရှိသော အိမ်တစ်လုံးရပြီး မော်တော်ကားလည်း ပေးထားပါသည်။ ဖေဖေ့လစာရင်းမှာမူ ထိုစဉ်က တစ်လတစ်ထောင်ကျော်အထိ ရခဲ့သော်လည်း ယခုခြောက်ရာကျော် ရရှိပါသည်။ ကျွန်တော်တို့မိသားစုထဲတွင် နှင်းနှင်းလတ်အမည်ရှိသော ညီမတစ်ယောက်လည်းရှိသေးသည်။ သူလည်း ကျွန်တော်နေသည့်ကျောင်းတွင်ပင် နေပါသည်။

တန်းမြင့်ကျောင်းကြီးသည် မြို့၏ တောင်ဘက် တမာအိုင်ရပ်ကွက်နားတွင် ရှိသည်။ နုငယ်တို့အိမ်နှင့်ကား သိပ်မဝေးလှချေ။ အောင်စိန်မောင်မှာ မြို့ထဲရှိ ဆေးရုံအလုပ်သမားဝင်းထဲတွင်နေပြီး

မခင်မကြီးသည် ပျဉ်းမစစ်တပ်ထဲတွင် နေကြပါသည်။

ကျွန်တော်တို့အတန်းထဲတွင် နငယ်သည် အတော်ဆုံးဖြစ်၏။ လစဉ်စာမေးပွဲများတွင် သူချည်း ပထမရလေ့ရှိသည်။ ကျွန်တော်နှင့် အောင်စိန်မောင်ကမူ အလယ်အလတ်ကပင် လိုက်နိုင်သည်။ ဘိတ်ဆုံးမှာမူ ခင်မကြီးပင်တည်း။ သို့ကြောင့်ပင် ခင်မကြီးသည် နငယ်ကို မလိုမုန်းထားဖြစ်နေတော့သည်။ အချိန်တိုင်း နငယ်၏ အတင်းအဖျင်းလောက်သာ အမြဲပြောနေသူလည်းဖြစ်သည်။ နငယ်ကမူ ခင်မကြီးကို မည်သို့မျှသဘောမထား၊ ခွင့်လွှတ်တတ်လေသည်။ ခင်မကြီးသည် စစ်ဗိုလ်တစ်ဦး၏ သမီးဖြစ်လေသည်။

ကျွန်တော့်မေမေနှင့် ခင်မကြီးတို့အမေသည် အလွန်ခင်မင်ကြလေသည်။ တစ်ခါတရံ ခင်မကြီးတို့သားအမိကားလေးနှင့် ကျွန်တော်တို့အိမ်သို့ လာလည်တတ်သည်။ မေမေနှင့် ညီမလေးတို့ကလည်း သူတို့ဆီ သွားလည်တတ်သည်။

ခင်မကြီးသည် ကျောင်းတက်လာလျှင် နှုတ်ခမ်းနီရဲရဲအောင်ဆိုးပြီး အမောက်ကြီးတစ်ထွာလောက်နှင့် အလုပြင်ကာ ကျောင်းတက်လာတတ်လေသည်။ နငယ်ကမူ ကျောင်းလုံချည်အစိမ်းနှင့် ပိတ်အင်္ကျီလက်ရှည်ကိုသာအမြဲဝတ်ဆင်ပြီး နှုတ်ခမ်းနီ ပါးနီ မဆိုးမလိမ်းဘဲ သနပ်ခါးရေကျဲပွတ်လိမ်း၍သာ ကျောင်းတက်လာတတ်သည်။ ဤကား နငယ်၏ မြန်မာဆန်သော ချစ်စရာကလေးများပင်တည်း။

\+ + +

တစ်နေ့ ကျွန်တော် ကျောင်းသို့ စောစောစီးစီးသွားခဲ့သည်။ အချိန်မှာ ၈ နာရီထိုးပြီးခါစ ဖြစ်လေသည်။ ကျွန်တော်တို့ကျောင်းမှာ နံနက် ၉ နာရီခွဲတက်ရသည်။ သို့နှင့် အတန်းထဲတွင် ခင်မကြီးနှင့် ပက်ပင်းတွေ့ရသည်။ သူလည်း စောစောစီးစီး ကျောင်းရောက်နေလေသည်။ အတန်းထဲတွင် သူတစ်ယောက်တည်းရှိသည်။

''ဟော ... အစ်ကိုလတ်ပါလား၊ ဘယ့်နှယ် ကျောင်းအစောကြီးလာလို့ပါလား၊ နငယ်ကော မလာသေးဘူးလား၊ မ ... ကိုလတ်ကို အော်တိုရေးမခိုင်းမလို့ ရေးပေးမယ်မဟုတ်လားဟင်''

ခင်မကြီးက ကျွန်တော့်ကို အပြုံးဆင့်၍ ဆိုလေသည်။ သည်တော့လည်း မနေသာတော့ချေ။

''ဩော် ရေးပေးပါမယ်၊ နငယ် မလာသေးပါဘူး''

ကျွန်တော်က ဤသို့ဖြေရင်း သူလှမ်းပေးသော အော်တိုစာအုပ်ကို လှမ်းယူလိုက်သည်။ ပြီးမှအစမှနေ၍ တစ်ရွက်ချင်း လှန်ကြည့်နေမိသည်။ အစဖွင့်ဦး ခင်မကြီး၏လှပစွာရိုက်ထားသော တစ်ကိုယ်လုံးဓာတ်ပုံ၊ ပြီးတော့ အမျိုးသား၊ အမျိုးသမီးတို့၏ လက်ရေးများနှင့် အမည်လက်မှတ်များ၊ အော်တိုရေးကြသူများ၏ ဖေးဖရိတ်များစုံလို့ပင်။

မှန်သည်။ အော်တိုဆိုသည်မှာ ဘဝမှတ်တမ်းတစ်ခု။ သင်ခန်းစာတစ်ခုအနေနှင့်သာ ဆုံးမပဲ့ပြင်အကြံပေးရမည့်အစား ခုတော့ ရည်းစားစာသဖွယ် ယီသဲ့သဲ့ စာများသာရေးထားသဖြင့် စိတ်ပျက်ရသေးသည်။ ဤသို့ကြည့်ပြီးခါမှ စာရွက်လွတ်တစ်ခုကိုလှန်၍ အောက်ပါအတိုင်း ရေးပေးလိုက်မိပါသည်။



မခင်မကြီး

လူလူချင်း၊ အဆင့်အတန်း၊ အတန်းအစား၊ အမျိုးအစား မခွဲခြားပါနှင့်။ ပခုံးနှစ်ဖက်ကြားမှ ခေါင်းထွက်သည့် လူအချင်းချင်း အတူတူမို့ပါ။

စေတနာနှင့် ...မောင်လတ်၊
(ချောက်မြို့)

\+ + +

ရေနံမြေ၏နွေကား ခြစ်ခြစ်တောက် ပူပြင်းလှပေသည်။ တမာ၊ ထနောင်း၊ ရှားပင်များသည် ရိုးတံကျဲကျဲနှင့် နွေသရုပ်ကို ဖော်ထုတ်ထားသည့်နှယ် လွမ်းဆွတ်ဖွယ်ရာ တွေ့နိုင်သည်။ တောင်လေရူးကလည်း ကြမ်းလှသည်။ တနွေတိုင်ချေပြီကော။

စာမေးပွဲကြီးများလည်း ဖြေဆိုပြီးကြပြီ။ သို့နှင့် အောင်စာရင်းထွက်လာသောအခါ ကျွန်တော်၊ နငယ်၊ အောင်စိန်မောင်တို့အားလုံး အောင်မြင်ကြပြီး ခင်မကြီးမူကား စာမေးပွဲရှုံးနေလေသည်။

ဤသို့ဖြင့် တစ်နှစ်ပြီးတစ်နှစ် ဥတုသုံးလီပြောင်းလာခဲ့သည်။ နွေ၊ မိုး၊ ဆောင်း ဥတုအလီလီ ပြောင်းလဲသည်နှယ် ကျွန်တော်တို့၏ အသက်အရွယ်များလည်း တစ်နှစ်ပြီးတစ်နှစ် ကြီးလာပါတော့သည်။ စာမေးပွဲများလည်း အဆင့်ဆင့် အောင်မြင်လာကြသည်။ အသက်အရွယ်များလည်း ကြီးလာသည်နှင့်အမျှ အတွေးအခေါ် ဉာဏ်ပညာများလည်း တိုးတက်လာသည်ဟု ဆိုရပေတော့မည်။ နငယ်ဆိုလျှင် ကယ်ပါပပျောက်ရေး၊ တောင်းမစားရေး စသည်များကို အမြဲဆွေးနွေးလာလေသည်။

မှန်သည်။ သူ့လိုဘဝမျိုးထဲက ပညာတတ်များကသာ ဦးဆောင်တော်လှန်နိုင်မှ သည်အယူသည်းမှုများ၊ လူတန်းစားပဋိပက္ခများ ပပျောက်ကွယ်သွားနိုင်လိမ့်မည်။ သို့နှင့်အညီ ခေတ်ဟောင်းစနစ်ဟောင်းတို့လည်း တဖြည်းဖြည်းချုပ်ငြိမ်းစပြုလေပြီ။ စနစ်သစ်လည်း ထွန်းပေါ်ခဲ့လေပြီ။ ကယ်ပါလူတန်းစားတစ်ရပ်တို့၏ ပြောင်းလဲလာမည့် အရိပ်အရောင်များပင်တည်း။

ဤသို့ဖြင့် ကျွန်တော်တို့ကျောင်းနေခဲ့ကြရာ ကိုးတန်းစာမေးပွဲအောင်စာရင်းများ ထွက်လာသောအခါ ကျွန်တော်နှင့်နငယ်

**လူလူချင်း၊ အဆင့်အတန်း၊ အတန်းအစား၊ အမျိုးအစား မခွဲခြားပါနှင့်။ ပခုံးနှစ်ဖက်ကြားမှ ခေါင်းထွက်သည့်လူအချင်းချင်း အတူတူမို့ပါ။**

တို့ အောင်မြင်ကြပြီး အောင်စိန်မောင်မှာ ရှုံးနေလေသည်။ ထိုစဉ်က ကျွန်တော်နှင့်နုငယ် အောင်စိန်မောင့်အတွက် စိတ်မကောင်း ဖြစ်ခဲ့ရသေးသည်။ ခင်မကြီးမှာ ရှစ်တန်းအောင်လေသည်။

မကြာမီပင် အောင်စိန်မောင်သည် ရှမ်းပြည် နမ္မတူသို့ ထွက်ပြေးသွားသည်ဟု သူ့အိမ်မှပြောပြ၍ သိရလေသည်။ ကျွန်တော်တို့ကိုမူ ဘာမျှပြောမသွားချေ။ သို့နှင့် တစ်မိုးသစ်၍ ကျောင်းများပင် ပြန်ဖွင့်စပြုလေပြီ။

နုငယ်မှာ ကျောင်းဆက်မတက်နိုင်တော့ချေ။ အိမ်စီးပွားရေးကျပ်တည်းသည်ဆိုကာ ကျောင်းထွက်လိုက်လေသည်။ ပြီး ပျဉ်းမပူလတန်းကျောင်းတွင် လုပ်အားပေးဆရာမအဖြစ် ဝင်၍လုပ်လေသည်။ လစာတော့ မရသေးချေ။ ကျွန်တော်ကမူ ဆယ်တန်းကို ဆက်တက်ခဲ့သည်။ သို့သော် ကျွန်တော့်မှာ နုငယ်ကိုအမှတ်ရ၍ တသသ ဆွေးခဲ့ရပါသည်ဆိုသော် သူယုံချင်မှ ယုံပေလိမ့်မည်။ မည်သို့ဆိုစေ အဖော်ကွဲသူ တစ်ယောက်ပမာ တစ်ယောက်တည်း ကျိတ်ဆွေးလွမ်းနေရသည်ကိုတော့ ကျွန်တော်ဝန်ခံရပေမည်။

တစ်နေ့ မြို့ထဲရှိ 'ဒဂုန်စာအုပ်ဆိုင်' တွင် နုငယ်နှင့် တွေ့ရလေသည်။ သူစာအုပ်လာဝယ်ခြင်းဖြစ်၏။ တွေ့တုန်းက ''အစ်ကိုလတ်၊ မနက်ဖြန်ညနေ အားတယ် မဟုတ်လားဟင်၊ အေးစေတီဘုရားတက်ရအောင်၊ နုငယ်ပြောစရာရှိလို့ပါ၊ အိမ်က စောင့်နေမယ်နော်''ဟု မှာလေသည်။

မှန်သည်။ သည်ကြားထဲ ကျွန်တော်နှင့်နုငယ် မတွေ့ရသည်မှာ ဆယ့်လေးငါးရက်ပင်ရှိပြီဖြစ်သည်။ သို့တစေ နောက်နေ့ ညနေရောက်လျှင် သူ့အိမ်ကိုသွားခဲ့သည်။ ကျွန်တော်နှင့်နုငယ် တမာအိုင့်ကယ်ပါကုန်းလေးမှနေ၍ အေးစေတီဘက်ဆီသို့ လမ်းလျှောက်လာခဲ့ကြသည်။ အတန်ကလေးသွားမိကြသောအခါ 'အေးစေတီ'ကုန်းတောင်ပေါ်သို့ ရောက်လေသည်။ အေးစေတီဘုရားမှာ တောင်ကမူပေါ် တွင်တည်ရှိသည်။

ရေနံမြေ၏ဆည်းဆာကား လှပသစ်လွင်နေချေသည်။ ဘုရားပေါ်သို့ အတက် အုတ်လှေကားတန်ဆောင်းဘေးတွင် တမာ၊ ထနောင်း၊ ရှားပင်တန်းများသည် အစီအရီစိမ်းရောင်ခြယ်၍ ပေါက်နေကြသည်။ အေးချမ်းလှသည်တကား။

ဘုရားပေါ်တက်၍ အေးစေတီရင်ပြင်ကို တစ်ပတ်ပတ်သည်။ ပြီးမှ ဘုရားဝတ်ပြုခဲ့သည်။ နုငယ်ကား ဘာဆုတောင်းခဲ့သည်ကိုတော့ ကျွန်တော်မသိခဲ့။ ကျွန်တော်ကိုယ်တိုင်ပင် ဘုရားဦးချရုံသာ ချခဲ့သည်။ ဆုကား မတောင်းဖြစ်ခဲ့ချေ။ သို့နှင့် ဘုရားဝတ်ပြုပြီးသောအခါ အေးစေတီကုန်းဘေးရှိ ထနောင်းတန်းဘက်ဆီသို့ သွားခဲ့ကြသည်။ ထနောင်းပင်ကြီးတစ်ပင်၏ ခြေရင်း သစ်မြစ်တုံးပေါ်တွင် နှစ်ဦးသား ထိုင်ကြသည်။ အတန်ကြာမှ နုငယ်ကစ၍ စကားဆိုပါသည်။

''အစ်ကိုလတ်နဲ့နုငယ် မတွေ့တာ ကြာပြီနော်''

ကျွန်တော်က 'အင်း'ဟု တစ်လုံးတည်းဖြေလိုက်ပါသည်။ ကျွန်တော်တို့ ရှေ့တွင် 'ပတ္တမြားတောင်'သည် ငွေငူကြီးလဲလျောင်းနေချေသည်။ ထိုတောင်ထိပ်ပေါ်မှ ပေါ်တော်မူစေတီသည်လည်း ထုံးရေးရေးနှင့် ကြည်ညိုစွာတည်ရှိသည်။

ပတ္တမြားတောင်၏ဘေး ဟိုမှာဘက်အဝေးမှာတော့ မိုးထိမြင့်နေသည့် ရေနံတွင်း ငြမ်းစင်ကြီးများကို ရေးရေးလေး တွေ့နိုင်သေးသည်။ ပြီး ကျွန်တော်တို့နှစ်ယောက် ထိုင်နေသည့်ဘေး ဟိုမှာဘက် အနောက်ဘက်ဆီမှာလည်း ရိုးမတောင်တန်းကြီးသည် ပြာပြာလေး မြောက်မှတောင်သို့ တန်းနေလေသည်။ တောင်တန်းများကြားတွင် မေးတင်တော့မည့် နေလုံးနီနီကြီးသည် တောက်ပစွာဖြင့် ရောင်နီများ ဖြာကျလျက်ရှိသည်။ သို့ကြောင့်ပင် ချောက်မြို့လေးကား လှပနေခြင်းဖြစ်လေသည်။

''နုငယ်''

''ဘာတုန်း အစ်ကိုလတ်''

''ဩော် ... နုငယ် ပြောစရာရှိတယ်ဆိုတာ ဘာလဲ၊ ပြောလေ'' ဤသို့မေးလိုက်တော့မှ ကျွန်တော့်ဘက်သို့လှည့်၍ စကားဆိုလေသည်။

''နုငယ်ကို လင်ပေးစားတော့မလို့တဲ့''

''ဟင် ... နုငယ်ကို လင်ပေးစားတော့မလို့၊ ဘယ်သူနဲ့လဲ'' ကျွန်တော်က အလောတကြီးသိချင်ဇောနှင့် မေးလိုက်မိသည်။

''ကယ်ပါကုန်းက မြေတူးတဲ့ ကိုရင်မောင်ကြီးနဲ့တဲ့''

''ဟာ မဟုတ်တာဘဲ''

ကျွန်တော် ဤသို့ပြောလိုက်ရခြင်းမှာ ကိုရင်မောင်ကြီးကို ကောင်းကောင်းသိသောကြောင့်ဖြစ်လေသည်။ မှန်သည်။ ကိုရင်မောင်ကြီးကား တမာအိုင့်သင်ချိုင်းကုန်းတွင် မြေတူးသည့်အလုပ်ကို လုပ်ကိုင်သည့် စန္ဒာလခေါင်း ဖြစ်သောကြောင့်ပင်တည်း။ အသက်အားဖြင့် သုံးဆယ်ကျော်ပြီ ဖြစ်သည်။ ပြီး ကိုရင်မောင်ကြီးသည် စိတ်သဘောကောင်းရှိသူလည်း ဖြစ်သည်။ ချောက်ရေနံမြေတွင် သူ့ကိုမသိသူ ခပ်ရှားရှားပင်။


''ဟုတ်တယ် အစ်ကိုလတ်၊ ရှေ့အပတ်ထဲကို မင်္ဂလာကိစ္စစီစဉ်နေကြတယ်၊ ကိုရင်မောင်ကြီးကလည်း ရွှေငါးကျပ်သားတင်တောင်းသတဲ့၊ အဘကလည်း သဘောတူတယ်လေ''

''ဟုတ်လား''

ကိုရင်မောင်ကြီး ရွှေငါးကျပ်သား တင်တောင်းသည်ဆိုသော် တင်တောင်းနိုင်ပေလိမ့်မည်။ ကိုရင်မောင်ကြီးသည် လူပျိုကြီးဖြစ်သည့်အတိုင်း မြေတူးမြေဖို့ရသမျှကို ခြိုးခြံစွာနှင့်စုဆောင်းပြီး ကပ်စေးနည်းသူဟု တစ်ချိန်က စကားစပ်မိ၍ နုငယ် ကျွန်တော့်ကို ပြောပြဖူးသည်။ ပြီး နုငယ်တို့ကယ်ပါကုန်းတွင် ကိုရင်မောင်ကြီး

သည် ငွေတိုးချေးစားသူလည်းဖြစ်သည်။ နုငယ်တို့ပင် တစ်ခါတရံ သူ့ဆီမှ ငွေချေးရပြီး ဆွေမျိုးဇာတိမရှိ။ တစ်ကောင်ကြွက်ဖြစ်သည်ဟုလည်း သိရသည်။

အတန်ကြာသည်အထိ ကျွန်တော်တို့နှစ်ယောက်မှာ စကားမပြောနိုင်သေးချေ။ ပူဆွေးသောဝေဒနာတစ်ရပ်ကို ရင်မှခံစားနေရ၍လားမသိ။ အတွေးကိုယ်စီနှင့်တော့ ရှိကြလေသည်။ သူ့ဘဝကို ကျွန်တော်ကောင်းကောင်းနားလည်ပါသည်။ ကယ်ပါဘဝမှ လွတ်ချင်သော သူ့ဆန္ဒ၊ သူ့သဘော၊ သူ့အတွေးအခေါ်များသည် ယခုတော့ ရေတိမ်နစ်ရမည့် အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပါတော့သည်။ မှန်သည်။ နူရာဝဲစွဲ၊ သည်ပုတ်ထဲကပဲ သည်ပဲပင်ဖြစ်တော့မည်ဖြစ်သောကြောင့်တည်း။



နုငယ်သည် ကယ်ပါသူတောင်းစားဘဝထဲမှ ရုန်းထွက်ချင်သည်။ သို့ကြောင့် လည်း ကျောင်းနေခဲ့သည်။ ခု ကျောင်း ဆရာမပင် လုပ်နေချေပြီ။ အနာဂတ်တွင် သည်ထက်ပို၍ လုပ်စရာတွေလည်း သူ့မှာ ကျန်သေးသည်။ ဒါကို ကျွန်တော် အသိဆုံးပင်။ ခု သူ့လို ကယ်ပါဘဝထဲမှ သည်လူတစ်ယောက်ကို ယူရတော့မည် ဟု ဆိုလာသောအခါ နုငယ် ဘယ်သို့ ဘယ်ပုံ ခံစားရမည်ကိုတော့ သူသာလျှင် အသိဆုံးဖြစ်မည်ထင်သည်။

နုငယ်သည် ကယ်ပါသူတောင်းစားဘဝထဲမှ ရုန်းထွက်ချင်သည်။ သို့ကြောင့်လည်း ကျောင်းနေခဲ့သည်။ ခု ကျောင်းဆရာမပင်လုပ်နေချေပြီ။ အနာဂတ်တွင် သည်ထက်ပို၍ လုပ်စရာတွေလည်း သူ့မှာ ကျန်သေးသည်။ ဒါကို ကျွန်တော် အသိဆုံးပင်။ ခု သူ့လို ကယ်ပါဘဝထဲမှ သည်လူတစ်ယောက်ကို ယူရတော့မည်ဟု ဆိုလာသောအခါ နုငယ် ဘယ်သို့ဘယ်ပုံ ခံစားရမည်ကိုတော့ သူသာလျှင် အသိဆုံးဖြစ်မည်ထင်သည်။ စင်စစ် ကျွန်တော့်အနေနှင့်လည်း သူ့ကို သည်ဘဝမျိုးထဲက လွတ်မြောက်စေချင်ပါသည်။ သို့ကြောင့်ပင် ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို တမုဟုတ်ချင်း ချလိုက်မိပါတော့သည်။

''နုငယ်''

''ဘာတုန်း အစ်ကိုလတ်''ဟု တစ်ဆက်တည်းပင် ဆို့နင့်သံနှင့် သူက ပြန်ထူးရှာသည်။

''နုငယ် အစ်ကိုကို ချစ်ရဲ့လားဟင်''

''ပြောမှပြောပေရက်တယ် အစ်ကိုလတ်ရယ်၊ အစ်ကိုလတ်ဟာ နုငယ်ရဲ့အချစ်ဆုံးအစ်ကိုတစ်ယောက်ပါ၊ ဒါများ မေးနေရသေးလား၊ သိရဲ့သားနဲ့ပဲ''

''မေးရတယ် နုတယ်၊ အစ်ကိုလည်း နုငယ်ကို ညီမရင်းတစ်ယောက်လို ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ ခု နုငယ်မှာ ပြဿနာကြုံလာပြီမဟုတ်လား၊ အဲဒါ နုငယ်စဉ်းစားပေတော့၊ အစ်ကိုမကယ်ရင် ဘယ်သူကယ်မလဲ၊ ဒီဘဝထဲ ပြန်မသွားချင်ရင် ဒီပုတ်ထဲကပဲ ဒီပဲမဖြစ်ချင်ရင်ပေါ့၊ နုငယ် အစ်ကိုနဲ့ တစ်ခါတည်း လိုက်ခဲ့ပေတော့၊ နုငယ်ကို အစ်ကိုယူမယ်၊ လက်ထပ်မယ်၊ ဘယ်နှယ့်လဲ နုငယ်''

သည်အခါ နုငယ်ကျွန်တော့်ကို ခေါင်းထောင်၍ ကြည့်လာပါတော့သည်။ ပြီး အံ့ဩသွားဟန်လည်း တူသည်။

''မဟုတ်တာ အစ်ကိုရယ်၊ မဖြစ်နိုင်ပါဘူး၊ နုငယ်က ကယ်ပါမျိုးပါ''

''အိုး ... ဒါတွေအစ်ကိုသိပါတယ်၊ ပြောမနေပါနဲ့တော့၊ ဒါကြောင့် နုငယ်ကို အစ်ကိုယူမယ်ပြောတာပေါ့၊ ဒီဘဝထဲ ပြန်မသွားချင်ပါနဲ့တော့၊ လူလူချင်း ယူကြတဲ့ဟာ မျိုးရိုးတွေ မျိုးကောင်းတွေ မရှိပါဘူး၊ ဘာလဲနုငယ်၊ အစ်ကို့ကို မချစ်နိုင်ဘူးနဲ့ တူတယ်''

''မဟုတ်တာ အစ်ကိုရယ်၊ နုငယ် အစ်ကို့ကို သိပ်ချစ်တာ သိလားအစ်ကို၊ ဒီလိုပြောနေတော့ နုငယ်ရင်ထဲ မချိဘူး အစ်ကို၊ နုငယ်ဘဝကိုပဲ အပြစ်တင်ချင်မိတယ်၊ နုငယ်သာ လူကောင်းဆိုရင် အစ်ကို့ကို ရဲရဲချစ်ရမှာ၊ ခုတော့ ရဲရဲမချစ်ရဲဘူး အစ်ကို၊ ကြားထဲမှာ ကယ်ပါဆိုတဲ့ မျိုးရိုးတံတိုင်းက ခြားနေလေတော့ နုငယ်ရင်နာမဆုံးပါဘူး''

''ဩော် – ခက်ပါဘိ နုငယ်ရယ်၊ ဘာတွေပဲခြားခြားပေါ့၊ အစ်ကို နုငယ်ကို လက်ထပ်ပါမယ်လို့ ပြောနေပြီမဟုတ်လား၊ အချိန်လည်း သိပ်မရှိတော့ဘူး၊ ကဲ – ထစမ်း၊ အစ်ကိုတို့ သွားကြရအောင်၊ လိုက်မယ်မဟုတ်လား။

သည်တော့မှ နုငယ်ပြုံး၍ ခေါင်းညိတ်အဖြေပေးလေသည်။ သို့နှင့် ကျွန်တော် စွန့်စားမှုတစ်ရပ်ကို ရဲဝံ့စွာစွန့်စားလိုက်ရပါ တော့သည်။ နုငယ်ကို ကျွန်တော် သည်ညမှာပင် ခိုးပြေးခဲ့သည်။ ချောက်မြို့၏တစ်ဖက်ကမ်း 'ဆိပ်ဖြူ'သို့ သည်မှာဘက်ကမ်းမှ သမ္ဗန်နှင့်ကူးခဲ့သည်။ ချောက်နှင့်ဆိတ်ဖြူသည် ရေဝတီမြစ်ခြားနေလေသည်။ ဆိပ်ဖြူရှိ သူငယ်ချင်းတစ်ယောက်ကိုရှာပြီး အကူအညီတောင်းကာ ထိုသူငယ်ချင်းအိမ်မှာပင် တည်းခိုခွင့်ရလေတော့သည်။ သို့နှင့်ပင် ဆိတ်ဖြူတွင် ငါးရက်တိတိ

နုငယ်နှင့် ကျွန်တော် ချမ်းမြေ့ပျော်ရွှင်စွာ နေခဲ့ကြပါသည်။

+ + +

ချောက်မှ ကျွန်တော့်အိမ်တွင် မည်သို့ ဖြစ်နေမည်ကိုတော့ ကျွန်တော်မသိနိုင်ပါချေ။ အထူးသဖြင့် ဖေဖေ့ထက် မေမေက ပို၍ ဒေါ်ပွနေမည်ဟုထင်သည်။ မည်သို့ဆိုစေ နုငယ်ကိုခေါ်၍ ဆိတ်ဖြူမှ ချောက်အိမ်သို့ ပြန်လာခဲ့ကြပါသည်။ ရောက်လျှင်ရောက်ချင်း မေမေ့အဆူကို ခံရပါတော့သည်။ ဖေဖေက အိမ်မှာမရှိ။ အလုပ်သွားနေလေသည်။ သို့ကြောင့် တော်သေးသည်ဟု ဆိုရပေမည်။

''မောင်လတ်၊ မင်းမရှက်ပေမယ့် ငါတို့ရှက်တယ်ကွဲ့၊ ဒို့သဘောမတူနိုင်ဘူး၊ ခု မြို့ထဲမှာ မင်းသတင်းတွေမွှေးလို့၊ ကယ်ပါမလေး ခိုးသွားသတဲ့တော်၊ ကဲ – မင်းဘယ်လိုသဘောရသလဲ၊ ငါ့ကိုပြောစမ်း''

ကျွန်တော်က ဘာမျှပြန်မပြောဘဲ ငြိမ်ဖြိုးဖြိုးကြီးလုပ်နေလိုက်သည်။

''အေး ... မင်းအံ့ပုန်းလုပ်မနေနဲ့၊ မင်းအဖေ သိပ်ဒေါ်ပွနေတယ် သိရဲ့လား''

ထိုစဉ် နုငယ်ကို ကျွန်တော် တစ်ချက် လှမ်းကြည့်မိလိုက်သည်။ သူ တုတ်တုတ်မျှ မလှုပ်။ ကျောက်ရုပ်နှယ် ငြိမ်ချက်သား ကောင်းနေလေသည်။ သနားစရာပါပင်။ သူရှိနေ၍လည်း ကျွန်တော် မေမေ့ကို ဘာမျှပြန်မပြောခြင်းဖြစ်သည်။ တော်ကြာ နုငယ်ကို ထိပါးပုတ်ခတ်လာမည်စိုးသောကြောင့်ဖြစ်သည်။ နုငယ်ဘက်ကကြည့်လျှင် အသွင်မတူသော လူတန်းစားတစ်ရပ်ကြောင့် ရှက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရင်နင့် ခြင်းတို့သည် ရောပွမ်း၍ ရင်ဝယ် ဗလောင်ဆူနေတော့မည်။

''ကဲ –နောက်ဆုံး မေမေပြောလိုက်မယ်၊ မင်းတစ်ယောက်တည်းဆို အချိန်မရွေး အိမ်ပြန်လာခဲ့၊ သူပါလာရင်တော့ ဒို့ လက်မခံနိုင်ဘူး၊ သူ့မိဘတွေဆီသာ ပြန်ပို့လိုက်ပေတော့''

ကြည့်စမ်းပါဦး။ မေမေ၏ ရင့်သီးသော၊ လူတန်းစားခွဲခြားသော အသိများကြောင့် နုငယ်နှင့်ကျွန်တော် ကွဲရမလိုဖြစ်နေတော့သည်။ မည်မျှအသည်းနာစရာ၊ ခံပြင်းစရာကောင်းလိုက်ပါဘိသနည်း။ သို့နှင့် မေမေတို့၏ လူတန်းစားခွဲခြားသော သဘောတရားတို့ကြောင့် ကျွန်တော်အိမ်မှ ညတွင်းချင်း ဆင်းဖြစ်ခဲ့ပါသည်။

ကျွန်တော်အလုပ်လုပ်မည်။ ပြီး ကျွန်တော်တို့နှစ်ယောက် အိမ်ငှားနေမည်ဟု ရည်ရွယ်ချက်ထား၍ စိတ်ပိုင်းဖြတ်ခဲ့သည်။ သို့သော်လည်း နုငယ်၏ အပူကပ်မှုကြောင့် သူတို့ တမာအိုင့်သချိုင်းကုန်းသို့ပင် ကျွန်တော်ရောက်ခဲ့ရပါတော့သည်။ နုငယ်အဖေ ဦးပန်းမှုံဆိုမှု သမက်ဖြစ်သူ ကျွန်တော့်ကို ပျာပျာသလဲ ဆီးကြိုလက်ခံခဲ့လေသည်။ သည်နေရာတွင် မေမေတို့ ဖေဖေတို့နှင့် ကွာခြားလှပါဘိ။

''ဒို့များဘဝတော့ ငါ့သားသိပြီးရောပေါ့၊ အေး ဒို့များဟာ ကယ်ပါမျိုးရိုးတွေ ဆိုပေမယ့် ဗမာလူမျိုးစစ်စစ်တွေပါကွာ၊ ရှေးပုဂံခေတ်တုန်းက ဒို့ဘိုးစဉ်ဘောင်ဆက်တွေဟာ ပဒေသရာဇ်မင်းအချို့ရဲ့ ဒဏ်ကို အလူးအလဲခံလိုက်ရတယ်လေ၊ ဒါနဲ့ ဒီမင်းတွေက ဘုရားကျောင်းကန်တွေ တည်ပြီး ဒီဘုရားကျောင်းကန်တွေမှာ စောင့်ရှောက်ဖို့ ဗမာအချို့ကို ဆင့်ခေါ်ပြီး ဘုရားကျွန်အဖြစ်နဲ့ အလုပ်အကျွေး ပေးထားတာ၊ အဲဒီကတည်းကနေ ခုထိပဲ ဆိုပါတော့ကွာ၊ ဘုရားကျွန်ကတစ်ဆင့် ကယ်ပါသူတောင်းစားမျိုးရိုး ရှိနေတော့တာပဲ''

အဘိုးကြီးက ကွမ်းဝါးရင်း ဤသို့ ကြေကွဲစွာပြောပြလေသည်။ မှန်သည်။ လူ့သမိုင်းကို ပြန်ကြည့်လျှင်လူတန်းစား ပဋိပက္ခများကို တွေ့ရမည်ဖြစ်လေသည်။

ကယ်ပါသူတောင်းစားပပျောက်ရေးများကို နိုင်ငံရေးအစိုးရများလက်ထက်တုန်းကလည်း လုပ်ခဲ့ဖူးသည်။ ၁၉၄၈ ခုနှစ်တွင် ဘုရားကျွန် ကယ်ပါများ လုံးဝမရှိတော့။ လွတ်မြောက်ပြီဟု နိုင်ငံတော်သမ္မတကြီးက ကြေညာခဲ့လေသည်။ သည့်နောက် ၁၉၅၅–၅၆–၅၇ ခုနှစ်များတွင် ပုဂံ ညောင်ဦး၌ ကယ်ပါသူတောင်းစားဘဝ စွန့်လွှတ်ရေး၊ လွတ်မြောက်ရေးများကို နှိုးနှော်ခဲ့ကြသေးသည်။ သို့သော် ကယ်ပါသူတောင်းစားလူတန်းစားကား ပျောက်မသွားခဲ့။ စင်စစ် သူတို့တွေကလည်း အချောင်တောင်းရမ်းရနေကြ၍ သည်ဘဝက ရုန်းမထွက်ချင်ကြ။ သည်အတိုင်းသာ နေချင်ကြသည်။ ခက်ချေပြီ။ ရေသာခိုချင်သော၊ ပျော့ညံ့သော စိတ်ဓာတ်ရှိသူများဟု ဆိုရမလောက်ပင်။ အားလုံးကိုကား မဆိုလို။ တချို့တစ်ဝက်ကိုသာ ဖြစ်သည်။

သည်နေ့ ခေတ်ပြောင်းတော်လှန်ရေးကာလတွင်လည်း 'ကယ်ပါသူတောင်းစား' လူတန်းစားများ ပပျောက်ရေးကို အစိုးရ က လုပ်ဆောင်ပေးခဲ့သည်။ တချို့အလုပ်များ ပင်ပေး၍ ကိုယ့်အားကိုယ်ကိုးချင်သော စိတ်ဓာတ်များ သွင်းပေးနေလေသည်။ ဤကား အနာဂတ်မြန်မာပြည်၏ ကယ်ပါသူတောင်းစားပပျောက်ရေး အရိပ်အရောင်များတည်း။

+ + +

ကျွန်တော် အလုပ်ရပါတော့သည်။ သို့နှင့် ပြည်သူပိုင်သိမ်းပြီးဖြစ်သော 'ပြည်သူ့ရေနံလုပ်ငန်း' လွှင်ပြင်အင်ဂျင်နီယာဌာနတွင် ပိုက်ဆက်ပိုက်ထမ်းအလုပ်ကို ရရှိခဲ့လေသည်။ ဤသို့ အလွယ်တကူရခြင်းမှာ ကျွန်တော် အလုပ်သမားရုံး(လေဘာ)သို့ သွားရောက် မှတ်ပုံတင်ထားသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ ချောက်ရေနံမြေ၌ ကိုးတန်းဆယ်တန်းကျောင်းသား ပိုက်ထမ်းရသည်မှာ အဆန်းမဟုတ်တော့ချေ။ ရိုးနေပြီဖြစ်သည်။ ရရာအလုပ်ကိုသာ ဇိမရွေးဘဲ ဝင်လုပ်ကြသည်။ ဤကား တိုင်းပြည်၏ တိုးတက်စရာအင်အားတစ်ခု ဖြစ်လေသည်။

ကြည့်ပါဦးလေ။ ကျွန်တော်ကိုယ်တိုင်ပင် ရေနံအရာရှိသားတစ်ယောက် ဖြစ်ပေမယ့် ခု ရေနံပိုက်ထမ်းအလုပ်ကြမ်းသမားတစ်ဦးဖြစ်နေပေပြီ။ တစ်နေ့တွင် သူငယ်ချင်းဖြစ်သူ အောင်စိန်မောင်ထံမှ စာတစ်စောင်ရောက်လာလေသည်။

သူငယ်ချင်း မောင်လတ်ရေ ...

မင်းအကြောင်းတွေ ငါကြားရလို့ ခု မင်းဆီ ငါစာရေးလိုက်တာပဲ။ အေး– မင်းအကြောင်းတွေစာရေးပြီး ငါ့ဆီကို မင်းညီမ နှင်းနှင်းလတ်ကတိုင်တယ်လေ၊ ဆုံးမပါအုံးတဲ့ဟေ၊ ကဲ – စာထဲမှာတော့ မင်းဖေဖေနဲ့ မေမေ ဒေါသူပုန်ထပုံ၊ သဘောမတူကြပုံ၊ မင်းတို့ကို အိမ်ကနှင်ချပုံ၊ စုံလို့ပါပဲ သူငယ်ချင်း၊ ပြီးတော့ ဆိုသေးတယ်ဟေ့၊ အစ်ကို့ဘဝတော့ ရေစုန်မြောပါပြီတဲ့၊ တစ်မြို့လုံးလည်း

သတင်းမွှေးလို့ဆို ... ရက်လည်း အတော်ရှက်ကြသတဲ့၊ အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ငါတော့ မင်းအတွက် ဂုဏ်ယူတယ်၊ ချီးကျူးတယ် သူငယ်ချင်း၊ သာမန်လူတွေမလုပ်နိုင်တဲ့ ကယ်တင်ခြင်းမျိုးကို ရဲရဲဝံ့ဝံ့စွန့်စား လုပ်ပြလိုက်တာပဲလို့ ထင်တယ်၊ နုငယ်ဘဝကို ငါတို့မင်းတို့ အသိဆုံးမဟုတ်လား။ ကယ်ပါဘဝက လွတ်ချင်သူကို မင်းကယ်လိုက်တာပဲဟေ့၊ ခေတ်တို့ စနစ်တို့ပြောင်းပါပြီ၊ တစ်နေ့ မင်းမိဘတွေ အမြင်မှန်ရလာမှာပါ သူငယ်ချင်း၊ ဒါနဲ့ မင်း ရေနံပိုက်ထမ်းအလုပ်ကြမ်း လုပ်နေတယ်ဆို၊ နှင်းနှင်းလတ်စာထဲမှာ ပါတယ်ကွ၊ ဟုတ်ရဲ့လား၊ ဘာပဲလုပ်ရ လုပ်ရပေါ့ကွာ၊ ခုခေတ်မှာ အလုပ်ကြမ်း အလုပ်နုလို့ ခွဲခြားမှုမရှိတော့ပါဘူး၊ ဉာဏလုပ်သားနဲ့ ကာယလုပ်သား လုပ်အား တူတူပါပဲ၊ ငါလည်း နမ္မတူဘော်တွင်းမှာ ကာယလုပ်သားအဖြစ် သတ္တုတွင်းတူးနေတယ်ဟေ့၊ ချောက်ကို ခွင့်ရမှ လာခဲ့အုံးမယ်၊ မင်းတို့ 'မင်္ဂလာဆောင်'အမီပေါ့၊ နုငယ်ကိုလည်း ငါက အထူးသတိရကြောင်း ပြောပြလိုက်ပါကွာ ...။

သတိတရနှင့် ... မင်းရဲ့ ငယ်ပေါင်းကြီး

အောင်စိန်မောင်

သူ့စာဖတ်ပြီး ကျွန်တော်နှင့်နုငယ်ပါ ပြုံးရလေသည်။

\+ + +

ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ကယ်ပါစုထဲတွင် လေးငါးလကျော်ကျော်မျှ ကျွန်တော်နှင့် နုငယ်ချမ်းမြေ့ပျော်ရွှင်စွာနေခဲ့ပါသော်လည်း တစ်နေ့တွင် ကျွန်တော့်အဖို့ ဝမ်းနည်းစရာနှင့် ကြုံလာပါတော့သည်။ အကြောင်းမှာ နုငယ် ကျွန်တော့်ရင်ခွင်မှ ထွက်ပြေးသွားခြင်းကြောင်းဖြစ်လေသည်။

ချောက်မှ 'ပုဂံတောင်ရွာလေး' သို့ သွားလိမ့်မည်ဟုလည်း သူ့အဖေက ထင်ကြေးပေးပါသည်။ သို့သော် အတိအကျတော့မဟုတ်။ ပြီး စာလည်း သူက ရေးမထားခဲ့ချေ။ ကျွန်တော့်မှာ သူ့အတွက် စိုးရိမ်ပူပန်ရသည်ကတော့ အမှန်ပင်တည်း။ စင်စစ် သူ ကျွန်တော့်ကို ငဲ့ညှာ၍ ထွက်ပြေးသွားခြင်းဖြစ်သည်။ ကျွန်တော် နားလည်ပါသည်။ ကျွန်တော် ကယ်ပါစုထဲတွင် ဆင်းဆင်းရဲရဲ ဒုက္ခခံပြီး နေရသည်ကို သူမကြည့်ရက်နိုင်၍ ယခုလို ထွက်ပြေးသွားခြင်းဖြစ်ပေလိမ့်မည်။

မှန်သည်။ သည်ကယ်ပါစုထဲတွင် အနေအထိုင် အစားအသောက် ဆင်းရဲလှပါသော်လည်း ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ ဆိုသည့်သဘောကိုပိုက်၍ ကျွန်တော်ပျော်ခဲ့ပါသည်။ သို့သော် ယခုတော့ ကျွန်တော်မပျော်တော့ပြီ။ သည် ကယ်ပါစုထဲတွင် သူမရှိတော့လည်း ကျွန်တော့် ကိုယ့်အိမ်ကိုယ်ပင် ရှေ့မျက်နှာ နောက်ထား၍ ပြန်ဖြစ်ပါတော့သည်။ ဖေဖေနှင့်မေမေ ညီမလေးတို့က ဝမ်းပန်းတသာ ဆီးကြိုရှာလေသည်။ သို့သော် မေမေက သူ့အကျင့်အတိုင်း ဤသို့ဆူပါသေးသည်။

''မေမေအစကမပြောဘူးလား သား၊ မျိုးမတူဘဲနဲ့ မင်းမို့လို့ ရှာရှာဖွေဖွေ ဒါကိုမှ သွားကြိုက်တယ်၊ ပြောမရဆိုမရဖျက်မရနဲ့ မင်း ဆေးများမိနေသလား မပြောတတ်ဘူး၊ ဒို့များ အရှက်လည်းကွဲခဲ့ပြီ၊ ခု မင်းသိပြီ မဟုတ်လား၊ ကလေကဝတွေဟာ ဒီအတိုင်းပဲ၊ အင်း – မင်းကို ဒီလိုထားလို့တော့ မဖြစ်ပါဘူး၊ ခင်မကြီးနဲ့ နေရာချထားပေးမှ အေးမှာပါ၊ နောက်ပြီး မင်းအလုပ်ကလည်း ထွက်လိုက်စမ်း၊ မင်းအဖေကလည်း ပြောနေတယ်၊ ပင်ပန်းလှသတဲ့၊ ကြားလား မောင်လတ်''

''မေမေက မသိဘဲနဲ့ ရမ်းပြီးပြောမနေပါနဲ့၊ သားတို့အကြောင်း သားတို့ပဲ သိပါတယ်၊ ကျွန်တော် ခင်မကြီးကိုလည်း မယူနိုင်ဘူး၊ အလုပ်ကလည်း မထွက်ဘူး၊ သားဘာသာ အေးအေးနေပါရစေ မေမေ''

ဤသို့ပင် အပြတ်ပြောလိုက်တော့မှ မေမေတို့ လက်လျှော့သွားလေတော့သည်။ နောက် ဘာမျှထပ်မပြောတော့ချေ။ သို့နှင့် ရက်တွေလတွေလည်း ညောင်းခဲ့လေသည်။ နုငယ်သတင်းကိုကား လုံးလုံးရှာမရ၊ သူ့အဖေဆီတော့ ကျွန်တော် တစ်ပတ်တစ်ခါ မှန်မှန်ရောက်သည်။ ရောက်တိုင်းလည်း သူ့အကြောင်းကို အမြဲတမ်းမေးကြည့်သည်။

''ငါ့သားကလည်း ပူပန်တတ်ရန်ကော ကွာ၊ သမီးတစ်နေရာမှာရှိမှာပါ၊ အေး... မင်းတို့ချင်း ကံဆုံကြသေးရင်တော့ တွေ့ကြအုံးမှာပေါ့၊ မင်းမလည်း ပိန်လှချည်လား၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်အုံးမှပေါ့ကွ၊ ဦးလည်း တစ်နေ့မှ စိတ်မကောင်းပါဘူးကွာ''ဟူ၍ ကျွန်တော့်ကို အားပေးနှစ်သိမ့်ခဲ့ပါသည်။ သို့နှင့် အရင်က သူ့ကို လိုက်မရှာတော့ဘူးဟု ဆုံးဖြတ်ခဲ့ပါသော်လည်း ယခုမူ ကြာလေလေ သူ့ကို လွမ်းစိတ်က ပိုလေလေဖြစ်နေသည်မို့ ...။

\+ + +

မြနှင်းစိုသည့် လပြာသိုဖြစ်လေသည်။

ပုဂံသို့ ကျွန်တော်ရောက်ခဲ့ပြန်သည်။ ခရီးရှည်နှင့်၍ ရွာပုံတော်ဖွင့်ခဲ့ရပါသေးသည်။ ထိုစဉ်က ပုဂံ၌ အာနန္ဒာဘုရားပွဲ ကျင်းပနေလေသည်။ စင်စစ် နုငယ်အရှာ သက်သက်ပင်။ သို့သော် မောရ်သာ အဖတ်တင်ခဲ့သည်။ သူ့ကိုကား ရှာမတွေ့ခဲ့။ သို့ဖြင့် ချောက်ကို ပြန်ခဲ့ရပါတော့သည်။

ကျွန်တော့်မေမေနှင့် ဖေဖေတို့သည်လည်း ရင့်ကျက်လာကြပေပြီ။ ပြီးတော့ လူမှုဆက်ဆံရေးပဋိပက္ခများ၏ အကြောင်းတရားများကို အမှန်အတိုင်းသိမြင်အောင် ကြိုးစားလာကြသည်။ ဖေဖေ့ထက် မေမေက ပို၍တွေးခေါ်လာသည်။ အထူးသဖြင့် ကျွန်တော်နှင့် နုငယ်ပြဿနာကို ဖေဖေနှင့် မေမေတို့ နားလည်ဟန်တူလေသည်။

တစ်နေ့ ကယ်ပါကုန်းသို့ရောက်သွားရာ နုငယ်အဖေဦးပန်းမှုံကဆီးကြို၍ ''လာဟေ့ ငါ့သား၊ မင်းကို ဝမ်းသာစရာတစ်ခု ပြောရအုံးမယ်''ဟု ဆိုလေသည်။ သည်အခါ ကျွန်တော့်မှာ ခေါင်းနပန်းကြီး၍ပင် ''ဦး ဘာလဲဟင်၊ နုငယ်ပြန်ရောက်လို့လား''ဟု ဝမ်းသာအားရမေးလိုက်မိချေသည်။ ဦးပန်းမှုံက ခေါင်းခါ၍ ဤသို့ဆိုလေသည်။

''သမီးမရောက်သေးပါဘူး၊ ဒါပေမဲ့ သမီးရောက်သလိုပါပဲကွ၊ တစ်နေ့က မင်းအဖေနဲ့ မင်းအမေ ဒီလာကြတယ်လေ''

''ဟင် ဟုတ်လား ဦး၊ သူတို့ ဘာလာလုပ်ကြတာတုန်း'' ကျွန်တော် ရင်တုန်စွာနှင့် မေးလိုက်မိချေသည်။

''မင်းနဲ့သမီးကိစ္စကြောင့် လာကြတာပေါ့၊ ခများများလည်း မင်းတို့အတွက်နဲ့ တစ်နေ့မှ စိတ်မချမ်းသာဘူးတဲ့၊ ဒါကြောင့် သမီးနဲ့မင်းကို ပြန်ပေါင်းထုပ်ဖို့ သမီးကို ပြန်ခေါ်ပေးဖို့ လာပြောသွားတာပဲ''

“ဟုတ်လား ဦး” ကျွန်တော် ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်လာပါတော့သည်။

“ဒီလိုဆို ဦးက ဘယ်လိုပြောလိုက်သလဲဟင်”

“ငါက ခေါ်ပေးမယ်လို့ ပြောလိုက်ရတာပေါ့”

“နို့ ဦးက နုငယ်ရှိတဲ့နေရာ သိလို့လား”

“ဟ သိတာပေါ့ မောင်လတ်၊ အေး မင်းကို ငါတို့ဖွင့်ပြောချင်ပေမယ့် သမီးက မပြောရဘူးဆိုလို့ မပြောတာပဲဟေ့”

“ဩော် ... ဒီလိုဆို ဦးကလည်း ကြံရာပါပဲကိုး၊ ကျွန်တော်ဖြင့် နုငယ် ဘယ်များထွက်သွားသလဲလို့ တွေးပူလိုက်ရတာ အမောပဲ၊ ခုမှ စိတ်အေးသွားတော့တယ်”

“ကဲ – ဒါဖြင့်ရင် မင်းမနက်ကျ ညောင်ဦးကားနဲ့ လိုက်သွားပေတော့၊ ပုဂံတောင်ရွာလေးမှာ နုငယ်ရှိလေရဲ့၊ ရွာတောင်ဖျားက ဦးသာဒွေးတို့အိမ်မှာပဲ၊ ဦးသာဒွေးဟာ ငါ့အစ်ကိုအရင်းပေါ့၊ သမီးလည်း ဒီရွာမှာ လုပ်အားပေးမူလတန်းဆရာမလုပ်နေသတဲ့ကွ၊ ကျောင်းက ခုနှစ်မှစဖွင့်တာလေ၊ အဲ ဟိုအပတ်ကတောင် ငါ့ဆီ ငွေအစိတ်ပို့လိုက်သေးတယ်၊ စာလည်းလာတယ်ကွ၊ မင်းကိုတော့ သွားမပြောပါနဲ့တဲ့၊ အေး ...တကယ်တော့ ငါ့သမီးဟာ မင်းကိုချစ်ရှာပါတယ်၊ ချစ်လို့လည်း နှစ်ရာမရောက်စေချင်တာနဲ့ ခုလိုထွက်ပြေးသွားရတာပဲကွ၊ အေး မင်းကို ခုမှ ပြောရအုံးမယ်၊ သမီးထွက်မပြေးခင် တစ်နေ့တုန်းက မင်းအဖေနဲ့ မင်းအမေ ကားလေးနဲ့ ငါတို့အိမ်ပေါက်လာတယ်၊ မင်းကအလုပ်သွားနေတယ်၊ ငါတို့သားအဖကိုပြောတယ်၊ မင်းနဲ့ဖြတ်ပေးဖို့ ငွေငါးရာလည်းပေးမယ်တဲ့၊ ငါတို့က မယူဘူး၊ ငွေနဲ့ တန်ဖိုးဖြတ်တာတော့ အသဲနာတာပေါ့၊ အဲ – နောက်တစ်နေ့ကျတော့ သမီးပြေးတာပါပဲ၊ ကဲ – ဒါတွေထားပါတော့လေ၊ ခု သူတို့နားလည်ကြပါပြီ၊ မင်း အကျိုးအကြောင်းပြောပြီးသာ သူ့ကို အရခေါ်ခဲ့ပေတော့ဟေ့၊ သူလည်း ဒီအကြောင်းတွေသိရင် ဝမ်းသာနေမှာပါ”

“ဟုတ်ကဲ့ ဦး၊ ကျွန်တော် မနက်ကျသွားခေါ်ပါ့မယ်”ဟု ပြောဆိုကာ ဝမ်းသာစွာနှင့် ပြန်ခဲ့ပါတော့သည်။

အဖေနှင့်အမေတို့သည် ဦးပန်းမှုံအိမ်သွား၍ နုငယ်ကိုခေါ်ခိုင်းသည့်အကြောင်းနှင့်ပတ်သက်ပြီး ကျွန်တော့်ကို ဘာမျှမပြောချေ။ ဖုံးထားပြီး ကျိတ်ကြံနေခြင်းဖြစ်မည်။ နုငယ်ရောက်ခါမှ ပြုန်းစားကြီး တွေ့ပေးမည်ထင်သည်။ ကျွန်တော်ကလည်း သူတို့နည်းတူ မသိချင်ယောင်ဆောင်၍ ချော်လဲရောထိုင်လိုက်မိပါတော့သည်။

\+ \+ \+

ကျွန်တော် ညောင်ဦးကားစီး၍ ချောက်မှ ပုဂံတောင်ရွာကလေးသို့ လာခဲ့ပါသည်။ တောင်ရွာလေးသည် ကယ်ပါရွာကြီးတစ်ရွာပင်ဖြစ်သည်။ ရွာရောက်၍ ရွာထဲဝင်ပြီး ဦးသာဒွေး၏အိမ်ကို ရှာပါသည်။ ရွာသားတစ်ယောက်လိုက်ပြ၍ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသည်။

“ဘာကိစ္စလဲ မောင်ရင်”ဟု အဘိုးကြီးတစ်ယောက်က ဆီး၍မေးသည်။

“ဩော် ... ကျွန်တော် ချောက်ကပါ ဘကြီး၊ ဦးပန်းမှုံသမက်ပါ၊ နုငယ်ကိုလာခေါ်တာပါ ဘကြီး”

“မောင်လတ်ဆိုတာ မင်းကိုး၊ လုံမလေး မရှိဘူးကွဲ့၊ ထိုင်အုံးလေကွယ်”

“နုငယ် ဘယ်များသွားလို့တုန်း ဘကြီး၊ ကျွန်တော် မသိရဘူးလား ခင်ဗျာ”

“လုံမလေးလား၊ ကျောင်းသွားတယ်ကွဲ့၊ ဆယ့်နှစ်နာရီဆို ကျောင်းဆင်းတော့မှာပါ၊ သူ ဒီရွာမှာ ဆရာမလုပ်နေတယ်ကွဲ့”

“ဟုတ်ကဲ့ ဘကြီး၊ ဒါဖြင့် ကျွန်တော် ကျောင်းကိုလိုက်သွားချင်ပါတယ်၊ ဆယ့်နှစ်နာရီလည်း ထိုးခါနီးပါပြီ၊ တတ်နိုင်ရင် ကျောင်းကို တစ်ဆိတ်လောက် ကလေးတစ်ယောက်နဲ့ လိုက်ပြပေးပါလား ခင်ဗျာ၊ ကျွန်တော် မသွားတတ်လို့ပါ ဘကြီး၊ ကျေးဇူးတင်ပါတယ်”

သို့နှင့် ကလေးတစ်ယောက် ရှေ့ဆောင်လမ်းပြ၍ ကျောင်းကိုလိုက်သွားကြပါသည်။ ကျောင်းသည် ရွာမြောက်ဘက်နားတွင်ရှိသည်ဟု သိရသည်။ အတန်ကြာလေးသွားမိခါမှ “အစ်ကိုလေး၊ အဲဟိုရှေ့ကဟာ ကျောင်းပဲဗျ”ဟု လိုက်ပြသူကလေးက လက်ညှိုးထိုးပြ၍ ပြန်သွားလေသည်။

ကျောင်းလေးမှာ သန့်သန့်ရပ်ရပ်ရှိသည်။ ကျောင်းဘေးပတ်လည်တွင် မန်ကျည်းပင်နှင့် ကုက္ကိုပင်ကြီးများရှိသည်။ အရိပ်ထိုး၍ ကျောင်းလေးကို မိုးထားလေသည်။ ပြီး ကျောင်းရှေ့တွင် နိုင်ငံတော်အလံလည်း လွှင့်ထူထားသည်။ ပုဂံတောင်ရွာလေး မူလတန်းကျောင်းဟူသော ဆိုင်းဘုတ်လည်း ကျောင်းထိပ်တွင် ချိတ်ထားသည်။ သို့ဖြင့် ကျွန်တော် ကျောင်းထဲသို့ နုငယ်ကို လိုက်ရှာပါသည်။ အတန်ကြာမှ သူ့ကို တွေ့ရသည်။ ကျောက်သင်ပုန်းကြီးပေါ်တွင် မြေဖြူနှင့် စာရေးနေသော နုငယ်က ကျွန်တော့်ကို



မြင်ဟန်မတူချေ။ သို့နှင့် ကျွန်တော် သူ့အတန်းနားသို့ ချဉ်းကပ်၍ သွားရောက်ရပ်နေမိပါသည်။

''ဆရာမ . . . ဆရာမ''ဟု ကျောင်းသားလေးတစ်ယောက်က လှမ်းခေါ်လိုက်သည်။ ကျွန်တော်ရပ်နေ၍ သူ့ဆရာမကိုခေါ်ခြင်းဖြစ်မည်။ သည်တော့မှ နှင်းယ်ခေါင်းငုံ၍ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

''ဟော . . . အစ်ကိုလတ်ပါလား၊ လာ လာ အစ်ကိုလိုက်လာတယ် ဟုတ်လား၊ နှင်းယ် သည်မှာရှိတယ်လို့ ဘယ်သူပြောလိုက်တာလဲဟင်''

''နှင်းယ် ဖေဖေပေါ့၊ ကဲ ဒါတွေထားစမ်းပါအုံး၊ ခု အစ်ကိုလိုက်လာတာ နှင်းယ်ကိုခေါ်ရအောင်လာတာပဲ'' ကျွန်တော်က ကျောင်းသားများရှေ့တွင် ဤသို့ပြောလိုက်မိလေသည်။ သည်အခါ အတန်းသားများက ကျွန်တော်တို့နှစ်ယောက်ကို တအံ့တသြငေးကြည့်နေကြသည်။

''နေအုံး အစ်ကို၊ ကျောင်းလည်းဆင်းတော့မယ်၊ နောက်ကျမှ စကားပြောကြတာပေါ့၊ ဒီမှာ ခဏထိုင်အုံးနော်''ဟု ပြောဆိုကာ သူ့ထိုင်ခုံတွင် နေရာပေးလေသည်။ သို့နှင့် ကျောင်းဆင်းခေါင်းလောင်းထိုး၍ ကျောင်းဆင်းလေတော့သည်။

\+ \+ \+

''နှင်းယ် သိပ်ဆိုးတာပဲ၊ အစ်ကို့ကို တစ်ယောက်တည်း ထားပစ်ရက်ခဲ့တယ်၊ ဘာလို့မပြောဘဲ ထွက်သွားရတာတုန်းဟင်၊ နှင်းယ် အစ်ကို့ကို မုန်းသွားပြီနဲ့တူတယ်၊ ဟုတ်လား နှင်းယ်''ဟု ကျွန်တော်က ကျောင်းမှ အိမ်သို့အပြန်လမ်းတွင် မေးလိုက်မိသည်။

''နှင်းယ် အစ်ကို့ကို မမုန်းပါဘူး၊ ဒါပေမဲ့ အဆင့်အတန်းချင်းမတူလေတော့ နှင်းယ်အရှုံးပေးခဲ့ရတာပေါ့၊ အဲဒီတုန်းက အစ်ကို့ကို အသိပေးရင်လည်း အစ်ကိုက တားမှာ မဟုတ်လား၊ ခု နှင်းယ် ဒီရွာမှာ ပျော်နေပြီ ကျောင်းသားတွေနဲ့လည်း မခွဲနိုင်တော့ဘူး သိလား၊ သံယောဇဉ်တွယ်နေပြီ အစ်ကို၊ နှင်းယ်မလိုက်တော့ဘူး၊ အစ်ကို့ဘာသာ အေးအေးပြန်ပါတော့ အစ်ကိုရယ်''

''နှင်းယ်ပြန်မလိုက်ရင် အစ်ကိုလည်း



"တကယ်ပါ နှင်းယ်ရယ်၊ အစ်ကို

ဘာလို့ ညာပြောရမှာလဲ၊

သူတို့လည်း အမြင်မှန်ရကြပါပြီ၊

ခေတ်တို့ စနစ်တို့လည်း

ပြောင်းပြီမဟုတ်လား၊

လူလူချင်းယူကြတဲ့ဟာ မျိုးရိုးတွေ၊

မျိုးကောင်းတွေ၊ ခွဲခြားမှု

အဆင့်အတန်းတွေ

မရှိတော့ပါဘူး၊

ဒါ ကြောင့် ခေါ်ခိုင်းတာပေါ့"



မပြန်တော့ဘူး၊ ဒီမှာပဲနေတော့မယ်၊ ပြီးတော့ ခု လာခေါ်ရတာလည်း ဖေဖေနဲ့ မေမေတို့က ခေါ်ခိုင်းလို့ လာရတာ''

''ဟင် . . . ဟုတ်လား အစ်ကို'' သူက မယုံ၍ မေးလိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ် နှင်းယ်၊ မနေ့က အစ်ကို နှင်းယ်တို့အိမ်ရောက်မှ နှင်းယ်အဖေက ပြောမှသိရတာ၊ ဖေဖေနဲ့ မေမေတို့က နှင်းယ်ကို ခေါ်ခိုင်းသတဲ့၊ ရောက်ရင် အစ်ကိုတို့နှစ်ယောက်ကို ပြန်ပေါင်းထုပ်ပြီး မင်္ဂလာဆောင်ပေးမလို့တဲ့''

''တကယ်လား အစ်ကို၊ နှင်းယ်ဖြင့် ဝမ်းသာလိုက်တာ'' နှင်းယ်သည် ဝမ်းသာလွန်း၍လား မပြောတတ်ချေ။ သူ့မျက်နှာတစ်ပြင်လုံး ရွှန်းပနေလေသည်။

''တကယ်ပါ နှင်းယ်ရယ်၊ အစ်ကို ဘာလို့ ညာပြောရမှာလဲ၊ သူတို့လည်း အမြင်မှန်ရကြပါပြီ၊ ခေတ်တို့ စနစ်တို့လည်း ပြောင်းပြီမဟုတ်လား၊ လူလူချင်းယူကြတဲ့ဟာ မျိုးရိုးတွေ၊ မျိုးကောင်းတွေ၊ ခွဲခြားမှု အဆင့်အတန်းတွေ မရှိတော့ပါဘူး၊ ဒါကြောင့် ခေါ်ခိုင်းတာပေါ့''

ဤသို့ဖြင့် ပုဂံတောင်ရွာလေးတွင် တစ်ညအိပ်ပြီး နံနက်လင်းသောအခါ ချောက်သို့ ကျွန်တော်တို့နှစ်ယောက် ပြန်ခဲ့ကြပါတော့သည်။ နှင်းယ်ကမူ ကျောင်းမှ ခွင့်ယူခဲ့လေသည်။ သူ့တပည့်ကျောင်းသူကျောင်းသားများကလည်း သူ့ဆရာမ ပြန်တော့မည်ဆို၍ စိတ်မကောင်းစွာနှင့် ကားဂိတ်အထိ လိုက်ပို့ကြသည်။

''ဆရာမ မြန်မြန်ပြန်လာခဲ့နော်'' ဟုလည်း မှာကြသေးသည်။ သနားစရာပါပင်။

သို့နှင့် မကြာမီပင် ချောက်သို့ရောက်၍ ကျွန်တော့်အိမ်ကို တန်းသွားခဲ့ပါသည်။ အိမ်တွင် ဖေဖေနှင့်မေမေ ညီမလေး နှင်းနှင်းလတ်၊ ပြီးတော့ နှင်းယ်အဖေ ဦးပန်းမှုံတို့ကို တွေ့ရလေသည်။ ကျွန်တော်တို့နှစ်ယောက်ကိုလည်း ဝမ်းပန်းတသာ ဆီးကြိုကြသည်။ နှင်းနှင်းလတ်ဆိုမူ နှင်းယ်ကိုဖက်၍ အိမ်ထဲသို့ခေါ်သွားသည်။ နှင်းယ်ကို ကျွန်တော်သွားခေါ်ကြောင်း ဦးပန်းမှုံက ပြောထားနှင့်ခြင်းကြောင့် မေမေတို့ ယခုလို လူစုပြီးစောင့်နေခြင်းဖြစ်မည်။

မင်္ဂလာကိစ္စကိုလည်း ရက်ပိုင်းအတွင်း ဖြစ်မြောက်စေရန် စီစဉ်နေကြလေသည်။ အထူးခြားဆုံးမှာ သည်ရက်ပိုင်းအတွင်း အောင်စိန်မောင်တစ်ယောက် ချောက်သို့ ခွင့်နှင့်ရောက်လာလေသည်။ သို့ဖြင့် သူပါ ကျွန်တော်တို့နှင့်ရော၍ ပျော်ရလေတော့သည်။

ဖေဖေနှင့်မေမေတို့လည်း ဖိတ်စာရိုက်ရ၊ အကျွေးအမွေးအတွက် စီစဉ်ရ၊ မဏ္ဍပ်ထိုးရ စသည်ဖြင့် အလုပ်ရှုပ်နေတော့သည်။ တချို့က မေမေ့ကို မေးငေါ့ကြသည်။ ရှုတ်ချကြသည်။ သို့သော် မေမေကမမှုတော့ပါချေ။ ခေါင်းထောင်၍ ရဲရင့်ပြတ်သားစွာ လူတန်းစားပဋိပက္ခ တစ်ရပ်ကို သည်ခေတ်ပြောင်းတော်လှန်ရေးကာလတွင် ပါဝင်ဆင်နွှဲဖြေရှင်းပေးလိုက်ခြင်းသာ ဖြစ်ပေသည်။ ။

**ရေနံမြေမောင်မောင်ကြည်**

# ဘဥ ရတီ ခိနီကြီး

ဆွေဝင်ညွန့်



ဂျပန်ခေတ် မြန်မာပြည်ရဲ့ ဒုက္ခတွင်းထဲကနေ့များတုန်းက ပေါ့ရှင် ... ကျွန်မတို့မှာ လက်ထပ်ပြီးတာ ၂ နှစ်သာသာ လောက် အလုပ်အကိုင်လေး အခြေတကျရှိခါစ ခင်ပွန်းသည်ကိုလတ်မှာ အလုပ်အကိုင်လေး ကောင်းရုံရှိသေး စစ်ကြီးကြောင့် ကျွန်မတို့ရဲ့ လှပပြီး ပျော်စရာကောင်းတဲ့ အနာဂတ်အိပ်မက်ကလေး တစ်စစီပြိုကွဲပျက်စီးသွားရပါရော့လား ရှင်။ ဒီနောက်မှာတော့ ကျွန်မတို့မှာ ဥမမယ်စာမမြောက် လမ်းလျှောက်တတ်ခါစ အမြဲတမ်းဆာလို့ ငိုနေတတ်တဲ့ ကလေးတစ်ယောက်ကလွဲလို့ အိမ်မရှိ ယာမရှိ အလုပ်အကိုင်ကလည်းမရှိ ဘာဆိုဘာမှ မရှိတော့တဲ့ အဖြစ်မျိုးနဲ့ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး မြင်တွေ့လိုက်ရပါတော့တယ်။ စစ်ကာလကြီးရဲ့ဘဝဝက်ဘာထဲမှာ ကျွန်မတို့ဟာ လမ်းပျောက်ခဲ့ကြရပြီပေါ့ ...။

အဲဒီကာလမှာ ဘယ်တုန်းကမှ စီးပွားရေး မလုပ်ခဲ့ဖူးတဲ့ လူတော်တော်များများဟာ အသေးစား ကုန်ရောင်းကုန်ဝယ်လုပ်ငန်းလေးတွေဘက် ခြေဦးလှည့်လာပြီး အဲဒါနဲ့ပဲ ဟန်ကျနေကြပုံရပါတယ်။ ကျွန်မတို့အပေါ် ကရုဏာထားကြတဲ့ မိတ်ဆွေတချို့ကတော့ ကုန်ပစ္စည်းလေးတွေကို ကော်မရှင်စားနဲ့ ရောင်းကြည့်ပါလားလို့ အကြံပေးကြပါတယ်။ ငွေရှာလွယ်ပုံများတော့ မယုံမရှိနဲ့။ ကလေးကစားသလောက်ကို လွယ်တယ်။ ဒါပေမဲ့ ဟောဘာဖြစ်သလဲလို့ ကြည့်ပါအုံး။ ဈေးဝယ်သူတစ်ယောက် ကျွန်မတို့ လမ်းဘေးဆိုင်လေးရှေ့ရောက်လာပြီး တင်ထားတဲ့ ပစ္စည်းတွေကို စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေလိုက်ပုံများ ကျွန်မက အလကားပေးရင်တောင် သူကမယူသေးဘူးဆိုတဲ့ပုံမျိုးနဲ့ ဂရုမစိုက်သေးဘူးဆိုတဲ့ပုံမျိုးနဲ့ ဂရုမစိုက်သလို တစ်ချက်ကြည့်ရင်း –

''ဒီအဝတ်လျှော်ဆပ်ပြာတုံးက ဘယ်လောက်တဲ့လဲ''

''တစ်ကျပ်ဖိုး ၅ တုံးပါ''

''ဘယ့်နှယ်ဈေးပါလိမ့်၊ ဒီမယ် ငါ့ကို ၆ တုံးကို တစ်ကျပ် ၁၀ ပြားနဲ့ ထားပေးမလား''

ကျွန်မ ခေါင်းစားရပါတယ်။ စိတ်တွက်နဲ့တွက်ကြည့်တော့ ဈေးလျှော့ပေးဖို့ကို စိတ်ထဲက ငြင်းဆိုနေပေမယ့် ကျွန်မရှက်သလိုလိုစကားအထစ်ထစ်နဲ့ပဲ–


''ဟုတ် ... ဟုတ်ကဲ့''

တကယ်လို့ ဒါက အရှုံးခံပြီး ရောင်းလိုက်မိတာဆိုရင်လည်း ဘာမှမတတ်နိုင်တော့ပါဘူးလေ။ ကျွန်မရဲ့ဒုက္ခက ဒါနဲ့တင် မပြီးသေးပါကလား။ ဈေးဝယ်သူက ဆက်ပြီး ဈေးဆစ်လိုက်ပုံက –

''ငါးတုံးကို ပြားရှစ်ဆယ်နဲ့ဆိုရင်ကော''

''ကဲ ...ကဲ ယူပါရှင်၊ ကြိုက်သလောက်သာ ယူသွားပါတော့''လို့ ကျွန်မ ပင့်သက်ရှူရင်း ပြောချလိုက်မိပါတော့တယ်။

ကျွန်မတို့ စီးပွားရေးဘဝကတော့ ဒီလိုမြင်ကွင်းမျိုးဆန်ဆန်တွေနဲ့ပဲ ဖြစ်နေဟန်တူပါရဲ့။ အရှက်ရသိက္ခာကျစရာ အဖြစ်မျိုးတွေအထိတော့ ကျွန်မ မရောက်ပါရစေနဲ့လို့သာပါပဲ။ တစ်စစီစုတ်ပြတ်သတ်တဲ့ အခြေအနေမျိုးထိ မရောက်သေးဘူးလို့ ပြောနိုင်ရုံမျှပါ။ ကျွန်မတို့ရဲ့ ကုန်တွေကလည်း ရောင်းထွက်ဖို့ ကြပ်လှပါတယ်။ နေ့စဉ်ဖြစ်နေတဲ့ ဈေးနှုန်းတွေကလည်း အမှန်တွက်လို့ မရ



ဆင်းရဲခြင်းကို တေးဖွဲ့သီပြီး တူနှစ်ကိုယ် တဲအိုပျက်မှာ ချစ်ဖို့ဆိုတာတို့က အခြေအနေကောင်းသူတွေ၊ ငွေကြေးပြေလည်သူတွေ အတွက်တော့ ပြောဖို့လွယ်ကူပါတယ်။

နိုင်အောင်ပါပဲ။ ကျွန်မတို့ရဲ့ သားလေးကသာ ပျော်ရွှင်နေနိုင်ပါတယ်။ သားက ထုပ်ပိုးတဲ့ အဝတ်စုတ်တွေကိုယူ သူ့ကိုယ်ကို အဲဒါတွေနဲ့ပတ်ပြီး စကြံတစ်လျှောက် ပြေးလွှား ကခုန်ပျော်ရွှင်ကျေနပ်လို့သာ နေပါတော့တယ်။ ကျွန်မတို့မှာ ကိုယ့်ကိစ္စတွေကြားထဲက ဒီသားဆိုးပေလေးကိုကြည့်ပြီး ရယ်မော ကြရပါတယ်ရှင်။

ဆင်းရဲခြင်းကိုတေးဖွဲ့သီပြီး တူနှစ်ကိုယ်တဲအိုပျက်မှာချစ်ဖို့ဆိုတာတို့က အခြေအနေကောင်းသူတွေ၊ ငွေကြေးပြေလည်သူတွေအတွက်တော့ ပြောဖို့လွယ်ကူပါတယ်။ ကျွန်မတို့လိုဘဝကို ဖြတ်သန်းလာရတဲ့သူမျိုးမှာတော့ ခံစားမှုမောဟတွေရှိ မနေတော့ပါဘူး။ ''မြေကြီးထဲက တီကောင်ဟာ ထွန်တုံးရဲ့ အသွားတိုင်းအကြောင်းကိုသိတယ်။ အပေါ်မှာပျံဝဲနေတတ်တဲ့ လိပ်ပြာကတော့ သည်းခံဖို့တရားလောက်ပဲ ဟောတတ်တယ်'' ဆိုတဲ့ အတိုင်းပေါ့ အနည်းဆုံး ပြောရရင်တော့ ဆင်းရဲမွဲတေခြင်းဆိုတာ အတော့်ကိုသက်သောင့်သက်သာမရှိတဲ့ဘဝမျိုးပါ။

ဒီနောက်တော့ ကျွန်မတို့ဟာ အလုပ်အကိုင်လေးဘာလေးရဖို့ အစိုးရဌာနတစ်ခုမှာ အလုပ်လျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်က မဟာမိတ်တွေနဲ့ လေကြောင်းတိုက်ခိုက်မှုတွေကလည်း စတင်နေပြီဖြစ်လို့ ကျွန်မတို့မှာ တစ်နေရာကတစ်နေရာကိုရွှေ့ပြောင်းနေကြရပါတယ်။ ပြောင်းရွှေ့တိုင်းပဲ၊ ကျွန်မတို့ပိုင်ဆိုင်တဲ့ပစ္စည်းပစ္စယလေးတွေ အနည်းနှင့်အများလိုလိုဆုံးရှုံးရပါတယ်။ နောက်ဆုံးမှာတော့ မြို့ဆင်ခြေဖုံးမှာရှိတဲ့ ပြိုပျက်လုနီးပါး အဆောက်အဦးရဲ့ အရိပ်

အောက်မှာ အခြေချနေထိုင်ရပါတော့သည်။ အဲဒီနေရာက ကျွန်မတို့ရဲ့ ရုံးအဆောက်အဦးနဲ့ မနီးမဝေးမှာရှိပါတယ်။ ဒါကြောင့် ကျွန်မတို့သားလေးကို အဝတ်နဲ့ ထွေးပတ်ပြီး အိမ်မှာထားခဲ့ရင်း ကျွန်မအလုပ်လုပ်နိုင်ခဲ့သည်။ လေကြောင်းရန် ဥဩဆွဲသံတွေပေါ်ထွက်လာတာနဲ့ အိမ်ကိုပြေးပြီး ကလေးကို စိတ်ချရတဲ့ နေရာကိုရွှေ့ပေးရပါတယ်။


အဲဒီလိုလေကြောင်းတိုက်ခိုက်မှုရန်တွေကြားထဲကပဲ ကျွန်မတို့ဟာ ပိုပြီး ပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ဟာ အလုပ်လက်မဲ့တွေ မဟုတ်တော့လို့ပါပဲ။ ကျွန်မတို့နှစ်ယောက်ပေါင်းရရှိတဲ့ လစာကလေးဟာ ကျွန်မတို့ရဲ့ နေ့စဉ်လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ မလုံလောက်လှပေမယ့် အစိုးရဝန်ထမ်းဖြစ်ရတဲ့အတွက် ဂုဏ်တော့ရှိပါသေးတယ်။ ဒီအခြေအနေမှာ မငတ်ရုံတမယ် နေထိုင်စားသောက်ရတယ်ဆိုတာကို ယုံကြည်ဖို့တောင် ခက်လှပါတယ်။ ဗမာပြည်မှာ တစ်ချိန်က ဆီကိုရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါးတောင်လိုပုံ ဆိုတာ တကယ်ဖြစ်ခဲ့တာမှ ဟုတ်နိုင်ပါရဲ့လားလို့ ဆိုရမလို ဖြစ်နေပါပြီ။

ကျွန်မတို့မှာ ဆန်ရှိပါတယ်။ ဒါပေမဲ့ ဟင်းချက်စရာ ဆီကမရှိ။ အထက်ဗမာပြည်က ထွက်တဲ့ စားဆီက မဖူလုံတဲ့အပြင် ရှာတွေ့ဖို့တောင် ခက်နေလေတော့ ကျွန်မတို့မှာ တိရစ္ဆာန်ထွက်အဆီနဲ့သာ တင်းတိမ်ရောင့်ရဲကြရပါတယ်။ ကျွန်မရဲ့ ဟင်းတွေပေါ်မှာ ရွှံရှာစက်ဆုပ်စရာကောင်းတဲ့အမဲဆီတွေ ဝေ့နေတာကို တွေ့မြင်ရတာ ဘယ်ကလောက်များ မုန်းစရာ ကောင်းလိုက်ပါသလဲလို့။ ခိုကိုးရာမဲ့တဲ့အခြေအနေ၊ တောကြောင်ထတဲ့သူပုန်တွေနဲ့ စိတ်အလိုဆန္ဒမပြည့်ဝမှုတွေကို ဒီလိုနဲ့ပဲ ဖြတ်သန်းနေရတဲ့နောက် ကျွန်မ အလုပ်ကနုတ်ထွက်လိုက်ပြီး ကန်စွန်းဥတို့၊ ချဉ်ပေါင်ရွက်တို့နဲ့ ချက်ထားတဲ့ ကောင်နီးရာရာ ဟင်းအမယ်လေးတွေကို ဖန်တီးကြံဆချက်ပြုတ်ရတာပေါ့ရှင်။ ခင်ပွန်းသည် ကိုလတ်ကတော့ အတော်အံ့ဩစရာကောင်းပါတယ်။ သူ့လုပ်ပုံကိုင်ပုံ နေထိုင်ပုံက အဘိဓမ္မာဆရာကြီးလိုလို၊ တွေးခေါ်ရှင်လိုလို ထမင်းဝိုင်းမှာထိုင်တဲ့အခါ အငွေ့တထောင်းထောင်းထနေတဲ့ ဟင်းပန်းကန်တွေကိုကြည့်ရင်း ပြောလိုက်တာက "အားပါးပါး– ဟင်းနံ့ကလေးက မွှေးလို့ကြိုင်လို့၊ အတော်အရသာရှိမယ့်ပုံပဲ" ကျွန်မလက်ရာ ဟင်းတွေကို သူက အမြဲတမ်း အဲဒီလို အပြောလေးတွေနဲ့ ချီးမွမ်းတတ်တာပါ၊ ဒါနဲ့ပဲ အားတွေတက်ပြီး ကျွန်မရဲ့ စံမတူဟင်းတွေကို လက်စွမ်းပြဖြစ်နေတာပေါ့ရှင်။

အကျႌ အဝတ် အစားအတွက်ဆိုရင်လည်း အိပ်ရာခင်းဟောင်းတွေ၊ စားပွဲခင်းတွေအပြင် လိုက်ကာခန်းဆီးတွေ ပါမကျန် ဖျက်ပြီး ချုပ်ဝတ်ကြရတာပါ။ ကျွန်မတို့သားလေးရဲ့ ရုပ်အကျႌတွေဆိုရင် လက်သုတ်ပဝါတွေကိုစပ်ပြီး ချုပ်ပေးထားတာတွေပေါ့။

စစ်ကြီးက ဆက်ပြီးဖြစ်ပွားနေသလို အရာရာတိုင်းကလည်း အခြေအနေမကောင်းရာက သာ၍ဆိုးရာဆီသို့ပါပဲ။ ဂျပန်ပိုက်ဆံစက္ကူတွေဆိုတာကတော့ သစ်ရွက်ကြွေတွေလို ပလူပျံနေတာပါ။ ကျွန်မတို့ဆီကို ရောက်မလာတာကလွဲလို့ပေါ့။ အသေးစားအရောင်းအဝယ်သမားတွေ၊ ကုန်သည်တွေ၊ ကော်မရှင်စား အေးဂျင့်တွေ ကြည့်ရတာ အတော်အောင်မြင်နေပါတယ်။ ဂျပန်ပိုက်ဆံတွေ အထပ်လိုက်ကိုင်ပြီး အရှုးချေးပန်းလို သုံးဖြုန်းနေတာ ကျွန်မမျက်မြင်ပါပဲ။

တစ်နေ့မှာတော့ ဟိုးတစ်ချိန်တုန်းက ကျွန်မတို့ဆီမှာ အိမ်ဖော်လုပ်ခဲ့တဲ့ မိန်းမတစ်ယောက်ကို ဆိုင်လေးတစ်ဆိုင်မှာ ထိုင်ဈေးရောင်းနေတာ တွေ့လိုက်ရပါတယ်။ သူ့ကြည့်ရတာ အတော်စီးပွားဖြစ်နေပုံပါပဲ။ ကျွန်မတို့နဲ့ နေခဲ့တုန်းက ထက်ပိုပြီးမည်း၊ ပိုပြီးဝလာတယ်။ ပထမတော့ သူ ကျွန်မကို မမြင်ပါဘူး။ သူ့ဈေးဝယ်သူတွေနဲ့ အလုပ်ရှုပ်နေပါတယ်။ သူ ကျွန်မကိုမြင်ပြီး မှတ်မိသွားတဲ့အခါမှာတော့ ကျွန်မရဲ့ ညစ်ပတ်စုတ်ပြတ်နေတဲ့ပုံကိုကြည့်ပြီး အံ့ဩသွားတာကို ခဲခဲယဉ်းယဉ်း ပြန်ပြီး ဖုံးကွယ်လိုက်ပါတယ်။ သူ့ရဲ့ မရင်းနှီးသလို အကြည့်အောက်မှာ ကျွန်မ




လည်း နာကျင်ခံခက်လှစွာခံစားရင်း ဝယ်ဖို့လည်း မရည်ရွယ်ပါဘဲနဲ့ ငါးခြောက်နဲ့ပတ်သက်လို့ ပါးစပ်က ဘာတွေဗလုံးဗထွေး ပြောမိသွားမှန်းမသိပါဘူး။ ကျွန်မ အဲဒီငါးခြောက်ဖိုးမတတ်နိုင်မှန်း သတိရလိုက်မိတာ သိပ်နောက်ကျသွားပါပြီ။ ကျွန်မလည်း ရှက်ရှက်နဲ့ ယောင်ယမ်းပြီး ကျွန်မပိုက်ဆံအိတ်ကလေးကို လက်နဲ့ အသာစမ်းကြည့်လိုက်မိပါတယ်။

ဈေးသည်အမျိုးသမီးက သွက်လက်စွာဟန်ပြင်လိုက်ရင်း ကျွန်မတို့မိသားစုတွေ ဘယ်ရောက်လို့ ဘယ်ပျောက်နေခဲ့ကြသလဲ။ ကျွန်မတို့သားလေးကော ဘယ်လိုလဲ စသည်ဖြင့်မေးမြန်းပါတယ်။ ကျွန်မသိချင်တာတွေကို မမေးရလိုက်ခင်မှာပဲ သူက ကျွန်မအတွက် ငါးခြောက်တစ်တွဲကို လက်ဆောင်ပေးလိုက်ပါတယ်။ ကျွန်မလည်း အတော့်ကို ရှက်သွားမိပြီး ဘာပြန်ပြောလို့ ပြောရမှန်းတောင်မသိတော့ပါဘူး။ ဒါနဲ့ ကျွန်မက ငါးခြောက်ထုတ်ကို သူ့ဆီပြန်ပေးလိုက်တော့ သူက ရယ်ရယ်မောမောနဲ့ပဲ အဲဒီငါးခြောက်ထုပ်ကို ကျွန်မဈေးခြင်းတောင်းထဲ အတင်းပြန်ထည့်ပေးလိုက်ပါရဲ့။ အိမ်အပြန်လမ်းတစ်လျှောက်မှာတော့ ကျွန်မရဲ့သိမ်ငယ်တဲ့ဘဝကို ပြန်သတိရသွားပြီး မျက်ရည်တွေကျလာလိုက်တာများ အဲဒီငါးခြောက်တွေတောင် ရေကူးလို့ရလောက်ပါရဲ့ရှင်။

အဲဒီနေ့ညမှာတော့ မိုးက သည်းသည်းမည်းမည်းရွာလို့နေပါတယ်။ ဒီလိုမိုးရွာတာကိုပဲ ဝမ်းသာရပါသေးတယ်။ မိုးသည်းနေတော့ လေယာဉ်ဗုံးကြဲမှာ မပူရတော့ဘူးလေ။

“မင်း ဘယ်လိုခံစားနေ ရလဲဆိုတာ ငါကောင်းကောင်း သိပါတယ် မိန်းမရယ်၊ ဒါပေမဲ့ သိထားဖို့က ဒီလိုအဆင်မပြေ မှုတွေဆိုတာ အမြဲတမ်းလည်း ဖြစ်မနေပါဘူး၊ တို့မှာ ဘာမှမရှိလို့ ဘာမှမလုပ်နိုင်ဘူး ဆိုပေမယ့်လည်း မင်းရယ်၊ ငါရယ် ပြီးတော့ တို့ရဲ့သား ဆိုးပေလေးလည်း ရှိနေတာပဲလေ”



ကျွန်မတို့တဲလေးရဲ့ ခေါင်မိုးက မိုးမလုံပါဘူး။ ကလေးကိုတော့ မိုးလွတ်တဲ့ ခြောက်ခြောက်သွေ့သွေ့ တဲထောင့်တစ်နေရာရှာပြီး သိပ်ထားလိုက်ပါတယ်။ ကလေးက နှစ်နှစ်ခြိုက်ခြိုက်အိပ်နေပါတယ်။ သူ့နံဘေးပတ်လည်မှာတော့ မိုးရေခံထားတဲ့ ပုံးတွေ၊ ခွက်တွေထဲကို မိုးပေါက်တွေကျသံက ဂီတသံစုံတွေလိုပါပဲ။ ကျွန်မက ရေနံဆီမီးအိမ်အဟောင်းလေးကို ထွန်းညှိလိုက်တဲ့အချိန်မှာ ကိုလတ်ကတော့ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိနေပါတယ်။ ဆေးလိပ်ကို ဖိမ်နဲ့ ခဏလောက်ဖွာရှိုက်ပြီးနောက် ရယ်စရာဝတ္ထုတွေပါတဲ့ စာအုပ်ဟောင်းတစ်အုပ်ကို ဖွင့်လိုက်ပြီး အသံထွက်ပြီး စဖတ်ပါတော့တယ်။ သူ့ရယ်စရာဝတ္ထုက ကျွန်မနားထဲကို မရောက်ပါဘူး။ မနက်တုန်းက ကြုံခဲ့ရတဲ့ ဝမ်းနည်းစရာအဖြစ်ကို တအုံ့နွေးနွေးစဉ်းစားရင်း ကိုယ့်ကိုယ်ကိုယ်သာသနားစိတ်တွေနဲ့ လွှမ်းခြုံနေလိုက်မိပါတော့တယ်။

ကိုလတ်ကတော့ စာအုပ်ကို ဆက်ဖတ်နေပါတယ်။ ဒါပေမဲ့ ကျွန်ရင်ထဲမှာ ဘာတွေစဉ်းစားနေတယ်ဆိုတာ သူရိပ်မိမှာပါ။ ဘာကြောင့်လဲဆိုတော့ သူ ဖတ်ပြနေတာကို ကျွန်မက နားထောင်ပြီး လိုက်လည်းမရယ်၊ ဘာမှလည်း မှတ်ချက်မပြု၊ ဝင်လည်းမပြောဘဲ ဆိတ်ဆိတ်နေနေတာကို၊ သူက စာအုပ်ကို ပိတ်လိုက်တဲ့အခါ ကျွန်မက –

''ဒင်းတို့ကလည်း ကျုပ်တို့ဆီကိုတော့ ဘယ်တော့မှ မလာရတာ ဘာကြောင့်ပါလိမ့်တော်၊ ဒင်းတို့ဆိုတဲ့ ဂျပန်ပိုက်ဆံတွေကို ဆိုလိုတာပါ၊ ဒီမနက်ခင်းမှာ ကျွန်မတို့ရဲ့အိမ်ဖော် အမျိုးသမီးကိုတွေ့ခဲ့တယ်၊ သူက ပိုက်ဆံအတော်ထောနေပုံပဲ၊ လူကလည်း ဝလို့၊ ဝတ်ထားတဲ့ရတနာတွေကလည်း တစ်ကိုယ်လုံးကို ဖုံးနေတာပဲ၊ ရှင် သူ့ကို မှတ်မိဖို့တောင် ခဲယဉ်းအုံးမယ်''

ဒါပေမဲ့ ကိုလတ်ရဲ့ ရယ်စရာပြောစကားက ဟာသမပြောက်ပါဘူး။ ကျွန်မမှာလည်း အလွန်အမင်း စိတ်ဓာတ်ညှိုးနွမ်းကျဆင်းနေပါတယ်။ ကိုလတ်ဟာ မှန်တစ်ဖက်ကွဲအက်နေတဲ့ ကွဲကော်ကိုင်းတပ်မျက်မှန်ထဲကနေ ကျွန်မကိုမမြင်ရလို့ အနီးကပ် သေချာစွာကြည့်ရင်း–

''မင်း ဘယ်လိုခံစားနေရလဲဆိုတာ ငါကောင်းကောင်းသိပါတယ် မိန်းမရယ်၊ ဒါပေမဲ့ သိထားဖို့က ဒီလိုအဆင်မပြေမှုတွေဆိုတာ အမြဲတမ်းလည်းဖြစ်မနေပါဘူး၊ တို့မှာ ဘာမှမရှိလို့ ဘာမှမလုပ်နိုင်ဘူးဆိုပေမယ့်လည်း မင်းရယ်၊ ငါရယ်ပြီးတော့ တို့ရဲ့သား ဆိုးပေလေးလည်း ရှိနေတာပဲလေ''ဟုပြောကာ အိပ်ပျော်နေတဲ့ သားလေးကို လက်ညှိုးထိုးပြပါတယ်။

ကျွန်မရှက်သွားမိပါတယ်။

''ဆောရီးပါပဲ ကျွန်မက ရှင့်လိုရဲရဲရင့်ရင့် မလုပ်ကိုင်တတ်ဘူး၊ ခုလိုနေရတာ ငွေရွှင်နေတဲ့တခြားလူတွေကိုကြည့်ပြီး ရင်နာနာနဲ့ အသက်ရှင်နေရသလိုပဲ၊ တချို့ပွဲစားတွေ၊ ကိုယ်စားလှယ်အေးဂျင့်တွေကို ကြည့်စမ်းပါ၊ အများစုက ကိုယ့်နာမည်တောင်ကိုယ်ရေးတတ်ကြတာ မဟုတ်ဘူး၊ သူတို့မှာ အရင်းအနှီးဆိုလို့လည်း ဘာမှရှိတာမဟုတ်ဘူး၊ ပွဲစားတွေကတော့ လှည့်ပတ်သွားလာပြီး ဘယ်သူဘာလိုချင်လဲ၊ ဘယ်မှာဘာရချင်လဲ၊ ဘာပဲဖြစ်ဖြစ် သူတို့အတွက်

အကျိုးရှိအောင် တစ်ခုခု လိုချင်တဲ့သူကို ရအောင်ရှာပေးပြီးတော့ ကော်မရှင်ခ ယူတာပေါ့”

ကိုလတ်က ရယ်မောကာဖြင့် –

“မင်းပြောနေပုံက ငါဖတ်နေတဲ့ စာအုပ်ထဲက အတိုင်းပဲ”လို့ ပြောပါတယ်။

“မတတ်နိုင်ဘူးလေ၊ ကျွန်မက စီးပွားရေးဘက်မှာတော့ ငနုံအေပဲ၊ ကျွန်မဆိုလိုချင်တာက တချို့လူတွေမှာ ငွေတွေ အထပ်လိုက်ကိုင်ထားကြတယ်၊ ဂျပန်ပိုက်ဆံတွေက စက္ကူစုတ်လိုပဲဆိုတာသိကြတော့ သူတို့က ရွှေတို့စိန်တို့ကိုပဲ ဘယ်စျေးပေးရပေးရ ပေးဝယ်နေကြတာ”

ကိုလတ်ကြည့်ရတာ စိတ်ရှုပ်ထွေးသွားပုံရပါတယ်။

“အဲဒီလိုဝယ်နေကြတော့ တို့က ဘာလုပ်လို့ရမှာလဲ၊ တို့မှာ ရောင်းစရာ စိန်တွေ ရွှေတွေမှ မရှိတာ”

တစ်ခါတရံမှာ ကိုလတ်ဟာ ကျွန်မထက်တောင် တုံးပါသေးရဲ့။ ကျွန်မက သူ့ကို စိတ်ရှည်ရှည်နဲ့ ရှင်းပြရတယ်။

“တကယ်လို့ စိန်၊ သို့မဟုတ် ရွှေရောင်းချင်တဲ့သူတစ်ယောက်ယောက်ကို ကျွန်မတို့က ရှာတွေ့ပြီဆိုပါတော့၊ ဒါကို ဝယ်ချင်တဲ့သူ နောက်တစ်ယောက်ကို ကျွန်မတို့က ရှာပေးရုံပဲ၊ အရောင်းအဝယ်ဖြစ်ခဲ့ရင် ကျွန်မတို့ရခဲ့တဲ့ လခထက် ၅ ဆ၊ ၆ ဆလောက်ရှိတဲ့ငွေ ရနိုင်တယ်၊ အဲဒါနဲ့ အိမ်အတွက် နှမ်းဆီကောင်းကောင်းတစ်ပုံးလောက် ဝယ်ထားနိုင်တာပေါ့ရှင်ရဲ့”

ကျွန်မရဲ့လူရိုးကြီး ကိုလတ်ကစုပ်သပ်ရင်း–

“အင်း ... နှမ်းဆီစစ်စစ်ကလေးသာဆိုရင်လား ငါကလည်း ဝက်ဆီနံ့ကို မုန်းပါဘိနဲ့၊ ဒါပေမဲ့ စိန်ဝယ်ချင်တဲ့သူနဲ့ စိန်ရောင်းချင်တဲ့သူကို တို့က ဘယ်မှာ ဘယ်လိုလုပ်ရှာတွေ့မှာလဲ”

ကိုလတ်ကို စိတ်ဝင်စားလာအောင် ကျွန်မကျုံးသွင်းစည်းရုံးနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်မက ဝမ်းသာတဲ့အပြုံးနဲ့ –

“ဒါက ကျွန်မတာဝန်ထားပါ”လို့ ပြောလိုက်ပါတယ်။

ကိုလတ်က ယုံကြည်အားကိုးတဲ့အကြည့်နဲ့ “သိတယ် ... ဒါကြောင့်လည်း မင်းကိုအားကိုးနေတာပေါ့”လို့ ပြန်ပြောလိုက်ပုံကို ကျွန်မ မေ့နိုင်တော့မှာ မဟုတ်ပါ။

## အခန်း(၂)

ဒီလိုနဲ့အစပြုပြီး ကျွန်မရုံးမှာလုပ်ခဲ့တုန်းက လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆွေးနွေးတိုင်ပင်ကြည့်ပါတယ်။ သူတို့တွေခမျာလည်း ကျွန်မတို့လိုပဲ ခက်ခက်ခဲခဲ ရုန်းကန်နေကြရတဲ့သူတွေပါ။ ရုံးမှာ တစ်ဖက်စားပွဲက ကိုဘသန်းကတော့ ကျွန်မကို အားပေးစကားပြောပါတယ်။

“စိတ်ဓာတ်မကျပါနဲ့ဟာ၊ နင့်မှာက ကလေးတစ်ယောက်တည်းရယ်၊ ငါ့မှာဆို သုံးယောက်တောင်၊ ငါ့မိသားစုတစ်ခုလုံး ငါ့လစာတစ်ခုတည်း မှီခိုဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဒါနဲ့ ငါ့မိန်းမလည်း ငွေရှာတဲ့အလုပ်လုပ်ရတော့တာပေါ့၊ နင်သိပါတယ်၊ ငါ့မိန်းမက နင့်လို ကောလိပ်ကျောင်းလည်းမသင်ခဲ့ရဘူးလေ၊ သူ့နာမည် လက်မှတ်ထိုးတတ်တယ်ဆိုရုံလောက်ပဲ၊ ဒါပေမဲ့ သူ့ရဲ့လုပ်ကိုင်ပုံက အံ့သြစရာကောင်းတယ်၊ တစ်နေ့က အိမ်နီးချင်း ငါးစိမ်းသည်အမျိုးသမီးတစ်ယောက်က စိန်လက်ကောက်ဝတ်ချင်လို့ တစ်သိန်းတန်လောက်ရရင် ရှာပေးစမ်းပါလို့ပြောတယ်၊ ငါ့မိန်းမက ရောင်းချင်တဲ့သူတစ်ယောက်ကို ရှာတွေ့ပြီးတော့ ကိုးသောင်းနဲ့ စျေးဆစ်လိုက်တာ၊ အဲဒီစိန်လက်ကောက်ကို ငါးစိမ်းသည်မဆီယူသွားပြတော့ တစ်ခါတည်းကြိုက်သွားပြီး တစ်သိန်းပေးလိုက်တယ်ဟ”

“အဲဒီတော့ ရှင့်မိန်းမက တစ်သောင်းရလိုက်ရောလား” ကျွန်မက ပြေလိုက်ပါတယ်။

ကိုဘသန်းကပြုံးပြီး “ပိုတောင်ပိုသေးတယ်၊ ရောင်းတဲ့သူဆီက ကော်မရှင်ခ ၂၅ ရာခိုင်နှုန်းပါ ရလိုက်သေးတယ်၊ တစ်ရက်ရှာရုံပဲ၊ လွယ်လွယ်လေးပါ”

ကျွန်မက အတွက်အချက်ညှိပါတယ်။ ၁၀၀၀၀+၂၅/၁၀၀ _ ၁၀၀၀၀၀ သူတို့ရမည့်ငွေကိုတွက်ရင်း လက်လျှော့လိုက်ရပါတယ်။ တကယ်လို့သာ ကျွန်မ အဲဒီလို စီးပွားရေးလုပ်ဖြစ်မယ်ဆိုရင်တောင်မှ တွက်ချက်ဖို့ စာရွက်နဲ့ခဲတံတော့ ရှိမှဖြစ်မှာပါ။

ကိုဘသန်းက ဆက်ပြီးတော့–

“နင်လည်း ဒီလိုမျိုး လုပ်နိုင်သားပဲ၊ ငါ့မိန်းမတောင် လုပ်နိုင်သေးတာ၊ နင် ဘာကြောင့် မလုပ်နိုင်ရမှာလဲ၊ နင်က ပိုတော်တာပဲဟာ၊ နင့်လို အသိဉာဏ်မျိုးနဲ့ဆို မလုပ်နိုင်တာ ဘာမှမရှိပါဘူးဟာ”

ကျွန်မတော့ ကိုဘသန်းမြှောက်ပင့်ပြောတာ ခံနေရပါပြီ။ ကိုဘသန်းက ဉာဏ်ရှိတဲ့သူပါ။ ခဲရာခဲဆစ်ပြဿနာတွေကိုတောင် တရားနည်းလမ်းကျအောင် ဆုံးဖြတ်ပေးနိုင်တဲ့သူပါ။ နောက်တစ်နေ့မှာ ကျွန်မ သူ့မိန်းမကို သွားတွေ့ပါတယ်။ သူက ငယ်ရွယ်ရိုးသားပြီး ဟန်ဆောင်မှုကင်းတဲ့ပုံစံမျိုးဖြစ်လို့ ကျွန်မ သူ့ကို အတော်သဘောကျသွားမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မစိတ်ဓာတ်ကျနေတာကို မြှင့်တင်ပေးနိုင်မယ်လို့လည်း ယုံကြည်ရလို့ပါ။ သူကတော့ ကျွန်မလို အထက်တန်းပညာတတ်တစ်ဦးက ကိုယ့်ကိုယ်ကိုယ်နှိမ့်ချပြီး သူ့ရဲ့ ပွဲစားလုပ်ငန်းမျိုးကို စိတ်ဝင်တစားရှိတာကို ဝမ်းသာနေပုံရပါတယ်။ ကျွန်မသိချင်တဲ့ အသေးစိတ်အချက်အလက်တွေကိုလည်း လိုလိုချင်ချင်ပဲ ရှင်းပြလိုက်ပါတယ်။

“ဒီလိုပွဲစားအလုပ်မျိုးက လွယ်လွယ်လေးပါ မမရယ်၊ ရုံးအလုပ်လို မခက်ခဲပါဘူး၊ ကျွန်မကို လူတော်တော်များများက သူတို့လိုချင်တဲ့ပစ္စည်းရှာခိုင်းကြတယ်၊ တစ်ဦးကတောင် ၁၃ ရတီလောက်ရှိမယ့် စိန်ဝယ်ချင်တယ်လို့ ပြောသွားတယ်၊ ဝယ်လို့ရရင် ငွေတစ်သိန်းကို ကော်မရှင်ခ ၂၅ ရာခိုင်နှုန်းရမယ်၊ ရောင်းချင်တဲ့သူကို ဒီထက်စျေးဆစ်နိုင်ရင် ခြားနားတဲ့ငွေက ကိုယ့်အတွက် ကျန်ဦးမှာ”

ကိုဘသန်းရဲ့မိန်းမက သခွားသီးတစ်လုံးလို အေးစက်တဲ့ အမူအရာရှိသူဖြစ်ပါတယ်။ သူက ဒီလိုအရောင်းအဝယ်ကိစ္စတွေမှာ အကျွမ်းတဝင်ရှိနေပုံပါပဲ။

“၁၃ ရတီလောက်ရှိတဲ့ စိန်တစ်ပွင့်ကို ရှာသာရှာခဲ့ပါ မမရယ်၊ ရလာရင် မစ္စတာအီဗရာဘင်နဲ့ ဆက်သွယ်လိုက်ပါ”

အဲဒီနေ့ညမှာ ကိုလတ်နဲ့ အဲဒီကိစ္စကို တိုင်ပင်ရင်း ကျွန်မတို့မှာ မျှော်လင့်ချက်တွေ


တဖွားဖွားပေါ်ပေါက်နေပါတော့တယ်။ ပထမဆုံးကျွန်မတို့ သက်န်းကျွန်းကိုသွားပြီး လက်ဝတ်ရတနာ အရောင်းအဝယ်လုပ်တဲ့ အမျိုးသမီးတစ်ယောက်ကို သွားတွေ့ဖို့ လုပ်ရပါတယ်။ ဒါပေမဲ့လည်း ကိစ္စမရှိပါဘူး။ ကျွန်မတို့မှာ ဘီး ၂ ခုပါတဲ့ ယန္တရားလေးရှိတယ်လေ၊ ပြောရရင် စက်ဘီးတစ်စီးပေါ့၊ စက်ဘီးလေးက မျိုးရိုးကောင်းပြီး နာမည်ရှိတဲ့ အမျိုးအစားပါ၊ ဒီဘီးရဲ့မျိုးရိုးကို ပြန်လိုက်ကြည့်ရင် မဟာဆန်တဲ့ဟန်းဘားဘီးနဲ့ ဖရိန်တို့ရဲ့ဘုရင် ရာလေးဖရိန်တို့ ကျက်သရေရှိစွာ မဟာမိတ်ဖွဲ့ထားတာ တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ မျိုးမတူတဲ့ စပုတ်တိုင်တွေနဲ့ စုပေါင်းစပ်ပေါင်းဖွဲ့စည်းထားတဲ့ ဘီးခွေတွေကြောင့်တော့ စီမံဖို့နည်းနည်းလျော့တာပေါ့လေ။

တာယာတွေကြည့်ပြန်တော့လည်း ပေါက်ပြဲနေလို့ တာယာအနားတွေကို ရာဘာစိမ်းနဲ့ထပ်ပိုးပြီး ပတ်ထားတော့ လေထိုးစရာလည်းမလို၊ ပေါက်မှာလည်း မပူရ၊ တာရှည်ခံမယ့် ရာဘာသား ဆောလစ်တာယာလို့ ခေါ်နိုင်ပြီပေါ့။ ဒီရာဘာကို အဆင်ပြေအောင် ဆွဲဆန့်ပြီး ခွေထက်နည်းနည်းတိုအောင် ဖြတ်၊ ခွေမှာပတ်ဆွဲတင်းပြီးတော့ ဝါယာနန်းကြိုးနဲ့ တုတ်ထားလိုက်ရုံပါပဲ။ ဒါက ကိုလတ်လို လက်အလုပ်လုပ်တတ်တဲ့ သူအတွက် အလွယ်ကလေးပါ။ သူ့မှာ ပလာယာတစ်ချောင်း၊ တူတစ်လက်ရှိရင် သူ စိတ်ဝင်စားတဲ့အကြောင်းတွေကို မိန့်ခွန်းခြွေရင်း တပ်ဆင်ပြုပြင်ပေးနိုင်ပါတယ်။ ကျွန်မကတော့ အရေးမပါတဲ့ အခန်းကဏ္ဍကတာဝန်ယူပြီး အိုင်အိုဒင်းဆေးရည်တို့ ပတ်တီးအဝတ်စုတ်စတို့နဲ့ နံဘေးကအသင့်စောင့်နေပေးရင်း ကျွန်မဝေါဟာရတိုးအောင် နားထောင်ပေးရတာပေါ့ရှင်။

တနင်္ဂနွေနေ့မနက်အရုဏ်ဦးမှာ စောစောအိပ်ရာထပြီး ကျွန်မတို့ရဲ့ခရီးစဉ်ကို စတင်လိုက်ပါတော့တယ်။ ကျွန်မက သံချေးတက်နေတဲ့ နောက်ထိုင်ခုံပေါ်မှာ ကလေးကို ပေါင်ပေါ်တင်ပြီး ထိုင်လိုက်ခဲ့ပါတယ်။ ကိုလတ်ကတော့ လမ်းပေါ်မှာ တဂျုန်းဂျုန်း တဂျိုင်းဂျိုင်း ဆောင့်နေတဲ့ စက်ဘီးခြေနင်းကို နင်းရင်း နှုတ်ကလည်း သီချင်းတစ်ပုဒ်ကိုတောင် ဆိုသွားပါသေးရဲ့ ကျွန်မကလည်း အသံမထွက်အောင်ညည်းရင်း ကလေးကလည်း စိတ်လှုပ်ရှားပြီး နိုးကြားတက်ကြွလျက် ရှိပါတယ်။ "မိုးစွေငှက်တွေ ပျံသန်းနေချိန်မှာ ခရုပက်ကျိက ဆူးပေါ်ရောက်နေသလိုပါ၊ အို ‥ ကောင်းကင်ပေါ်က ဘုရားသခင် ကမ္ဘာမြေကို ကောင်းချီးပေးတော်မူပါ" ဒီလိုနဲ့ ပျော်ရွှင်ကြည်နူးစွာ ခရီးနှင်ခဲ့ကြပါတယ်။

ကံအားလျော်စွာပဲ အန်တီလို့ဆိုကြပါစို့။ အဲဒီအမျိုးသမီးကို အိမ်မှာ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရပါတယ်။ ကျွန်မတို့က အချိန်ကြာမြင့်စွာ ဖွေရှာရောက်လာရတဲ့အကြောင်းကို ရှင်းပြပြီး ကျွန်မတို့လိုချင်တဲ့ စိန်ကိုသာ ရအောင်ရှာပေးနိုင်ရင် သူ့ကို ကော်မရှင် တစ်ရှယ်ယာပေးမယ့်အကြောင်း ကတိပေးလိုက်ပါတယ်။ အန်တီကလည်း ချက်ချင်းပဲ စိတ်ဝင်စားသွားပုံရပါတယ်။ သူက ကျိန်းသေပေါက် ရအောင် ရှာပေးမယ့်အကြောင်းနဲ့ နောက်တစ်ပတ် တနင်္ဂနွေနေ့ကျရင် တစ်ခေါက် ထပ်လာခဲ့ဖို့ ပြောပါတယ်။ သူက ကျွန်မတို့ကို ဒါတင်မကသေးဘဲ အင်း … အလွယ်ဆုံးခေါင်းစဉ်တပ်ရရင် "သူဌေးအမြန်ဖြစ်နည်း" လို့ ဆိုရမယ့် လက်ချာပေးနေပါသေးတယ်။ သူအဓိကဆိုလိုချင်တဲ့ အကြောင်းအရာတွေကို များရောက်ရင် ခေါင်းတညိတ်ညိတ် လက်တခါခါနဲ့ သူ့လက်ကောက်တွေကလည်း တချွင်ချွင်မြည်လို့။ သူပန်ထားတဲ့ စိန်နားကပ်ကြီးကလည်း တဖျတ်ဖျတ်လက်လို့ပေါ့။ ကျွန်မက သူ့ရဲ့ ဆွဲဆောင်မှုရှိတဲ့အပြောကို ကြည့်နေပေမယ့် ကလေးကတော့ ပျင်းရိငြီးငွေ့စွာပိုပါတော့တယ်။ ကိုလတ်က ကလေးကို ကောက်ချီပြီး အိမ်အပြင်ကိုထွက်ကာ လမ်းမမှာ ဂျပန်စစ်သားတွေ ချီတက်လာနေတာကိုပြပြီး ကလေးစိတ်ပြောင်းသွားအောင် ကြိုးစားနေပါတယ်။ နောက်ဆုံးတော့ ကြာကြာစောင့်နေရတာကို ငြီးငွေ့လာပြီး ကလေးရောအဖေပါ သည်းမခံနိုင်တော့ဘဲ အိမ်ထဲကို ပြန်ဝင်လာကြပါတော့တယ်။ ကျွန်မကြားဖူးသမျှထဲမှာ အရှုန်းဝေဆုံး အပြောတွေကို အမြန်ဖြတ်ပြီး ပြန်ခဲ့ကြပါတော့တယ်။

အလုပ်ကိစ္စပြီးတာနဲ့ ကျွန်မတို့လည်း အိမ်ကို သုတ်ခြေတင်ပြီး ပြန်ခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနေ့က ခါတိုင်းလိုမဟုတ်ဘဲ ရာသီဥတုကြည်လင်တဲ့နေ့ဖြစ်လို့ ဗုံးကြဲလေယာဉ်တွေ အကြိုက်နေ့မျိုးဖြစ်နေလို့ပါပဲ။ အိမ်ပြန်ရောက်ဖို့ တစ်ရပ်ကွက်ခြားလောက်အလိုမှာ လေကြောင်းရန် သတိပေး ဥသြဆွဲသံတွေ ဆူညံစွာထွက်ပေါ်လာပါတယ်။ ကိုလတ်လည်း ဘရိတ်ကို ရုတ်တရက်ဆွဲလိုက်တာ ကျွန်မတို့ သုံးယောက်စလုံး လမ်းဘေးရေမြောင်းထဲကို လိမ့်ကျသွားပါလေရော။ ကံကောင်းလို့ ဘာမှပြောပလောက်အောင် ထိခိုက်ဒဏ်ရာမရပါဘူး။ သားလေးက



ဆိုရင် ဒါမျိုးအဖြစ်တွေ ရှိနေပြီ ဖြစ်လို့ ငိုတောင်မှ မငိုပါဘူးရှင်။ နောက်မှ ရှေ့ပြေးကင်းထောက် အခြေအနေကြည့်တဲ့ လေယာဉ်တွေ့လို့ ဥသြဆွဲမှန်း သိရပြီး နောက်ကလိုက်လာမယ့် ဗုံးကြဲလေယာဉ်အုပ်စုရောက်မလာခင် အိမ်ကဗုံးခိုကျင်းဆီ အရောက်ပြန်ဖို့ အချိန်ရခဲ့ပါတယ်။

**အခန်း(၃)**

ရက်သတ္တပတ်ဆိုတဲ့ အချိန်ကာလဟာ ခါတိုင်းလိုပဲ လေကြောင်းက ဗုံးကြဲတာတွေ ကြုံရင်း အသားမပါတဲ့ ဟင်းလျာတွေစားရင်းနဲ့ပဲ တဖြည်းဖြည်း ကုန်လွန်သွားပါတယ်။ ကျွန်မမှာတော့ ပွဲခရလာမယ့် ငွေကို သင်္ချာနည်းနဲ့တွက်ရင်းက စိတ်တွေတောင်ရှုပ်ထွေးရပါတယ်။ ဘယ်လောက်တောင်များလဲဆိုရင် ကျွန်မအိပ်လို့ မျက်စိမှိတ်လိုက်ရင်တောင် အပေါင်းအနုတ် အမြှောက် အစား သင်္ကေတတွေက အာရုံထဲမှာ ဟိုသည်ပျံဝဲလို့နေတဲ့ အထိအောင်ပါပဲ။

နောက်တနင်္ဂနွေမှာ ကျွန်မတို့ထပ်ပြီးဆုံမိကြပြန်ပါတယ်။ အန်တီကလည်း ပြုံးလို့ ရွှင်လို့ပါ။ ကြည့်ရတာ သူ ရှာတွေ့ထားပြီနဲ့တူတယ်။ ၁၃ ရတီ စိန်ရောင်းချင်တဲ့သူကို သိထားနေတဲ့ပုံပါပဲ။ နောက်ထပ်လာမယ့် တနင်္ဂနွေမှာ မစ္စတာအီဘရာဟင်ကို ခေါ်လာဖို့ ပြောပါတယ်။ အဲဒီနေ့ဟာဆိုရင် ကျွန်မတို့လိုလားစောင့်စားနေရတဲ့ နေ့ပေါ့။ ကျွန်မ အန်တီရဲ့ အမြန်ချမ်းသာကြွယ်ဝနည်း၊ သူဌေးအမြန်ဖြစ်နည်းလက်ချာကိုတောင် နားဆင်လိုစိတ်ဖြစ်လာပါတယ်။ ကိုလတ်ကတော့ ကျွန်မကို အဓိပ္ပာယ်မရှိတဲ့ အလုပ်မျိုး ဘာမှမလုပ်မိစေဖို့နဲ့ သူ့ကိုကြည့်ရှုဦးဆောင်ပေးဖို့ အမှာစကားပြောပါတယ်။

ကျွန်မတို့လည်း အိမ်ကို စိတ်ဓာတ်မြင့်မားတက်ကြွစွာ ပြန်လာခဲ့ကြပါတယ်။ လာမည့် တနင်္ဂနွေမှာ ဒါလောက်တောင် အမြတ်အစွန်းကြီးကြီးရမည့် ပွဲမျိုးဖြစ်တော့မယ်ဆိုတာ ဘယ်ကလောက် ကောင်းလိုက်ပါသလဲ။ တကယ့်စည်းစိမ်ရှိရှိ ချမ်းသာမည့်ဘဝကို နီးလာဖို့ ရက်သတ္တပတ်စီက သယ်ဆောင်လာသလိုပါလား။ အရာအားလုံးသာ အဆင်ပြေရင် ကျွန်မတို့ လက်ရှိအလုပ်ကတောင် နုတ်ထွက်ပြီး ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းကြီးထဲမှာ အချိန်ပြည့် စိတ်နှစ်မြှုပ်ပြီး လုပ်နိုင်တော့မှာလေ။

စီးလာတဲ့စက်ဘီးက ဒုက္ခပေးမယ့် အချက်ပြသံတွေ ကြားရတော့မှပဲ ကျွန်မတို့ရဲ့ လှပတဲ့ နှင်းဆီအိပ်မက်ထဲက ကြမ်းတမ်းစွာ ဆွဲရမ်းလှုပ်ခါ ချလိုက်သလို ဖြစ်သွားရပါတော့တယ်။ နောက်တစ်ခဏမှာတော့ စက်ဘီးတာယာဟာ ပြတ်ပြီး ဘီးခွေကနေ ကျွတ်ထွက်သွားတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ ဒီတာယာကို သုံးချင်စရာကောင်းလောက်အောင် နှစ်သက်စရာမရှိတော့ပေမယ့် ခုထိတော့ အသုံးဝင်နေတုန်းပဲလေ။ ပြတ်ထွက်သွားတဲ့ ဆောလစ်တာယာကို မြွေတစ်ကောင်လို လက်ထဲမှာ ကိုင်ထားရင်း ကျွန်မက–

“ကြည့်ပါအုံး၊ တာယာတော့ စန့်သွားပြီ၊ ကျွန်မတို့ ဘယ့်နှယ်လုပ်ကြမလဲဟင် ကိုလတ်”

ကိုလတ်က စီရင်ချက်ကို ဖတ်ကြားတော့မယ့် ကျွမ်းကျင်သူတစ်ယောက်ရဲ့ပုံမျိုးနဲ့ တာယာကိုယူပြီး စစ်ဆေးကြည့်လိုက်ပြီးတဲ့နောက် မျှော်လင့်ချက်ကတော့ မရှိတော့ပါဘူး။ ကျွန်မတို့မှာ ပြုပြင်စရာ လက်သုံးကိရိယာတန်ဆာပလာလည်း ဘာမှမပါဘူး။ ရှည်သွားတဲ့ တာယာကို တိုအောင်ဖြတ်ပစ်ဖို့ ဓားကလေး တစ်ချောင်းတောင် မရှိပါဘူး။ တာယာသားကို ကျွန်မတို့သွားတွေနဲ့ ကိုက်ဖြတ်ပစ်ဖို့လောက်အထိလည်း မစွန့်စားချင်ဘူးလေ။ ဒီသွားတွေကို နောက်လာမယ့် အလျှံပယ် ပေါကြွယ်ဝတဲ့ နေ့ရက်တွေအတွက် ထိန်းသိမ်းမွေးမြူထားရအုံးမှာ။ ဗုံးကြဲလေယာဉ်တွေကလည်း အချိန်မရွေး ရောက်လာနိုင်တယ်ဆိုတော့ အချိန်ကို နည်းနည်းလေးမှ ဖြုန်းလို့မဖြစ်ဘူး။ ဒါနဲ့ပဲ ကလေးကို စက်ဘီးပေါ်တင်ပြီး ဒီအတိုင်းပဲ တွန်းလာခဲ့ကြရပါတော့တယ်။ ကလေးကတော့ တာယာအပြတ်ကိုကိုင်ပြီး မြွေအလိမ္မာယ်ဆရာလို ဆော့ကစားရင်း စက်ဘီးစီးရတာကို ပျော်ရွှင်သဘောကျစွာ လိုက်ပါလာပါတယ်။ ခုဖြစ်ခဲ့တဲ့ ဒီဖြစ်စဉ်ကလေးက ကိုလတ်ရဲ့ စိတ်ဓာတ်ကို တစ်ချက်တော့ ထိခိုက်သွားစေခဲ့ပါတယ်။ အိမ်ပြန်ရောက်အတဲ့အထိတော့ သူ့ဒေါသက တိုးမလာသေးပါဘူး။ ကျွန်မလည်း တတ်နိုင်သမျှ ကြိုးစားပြီး သူ့ကိုထိန်းထားပေးရတော့တာပေါ့။

“လာမယ့်တနင်္ဂနွေနေ့ကတော့ ကျွန်မတို့ပွဲရဲ့ နောက်ဆုံးနေ့ဖြစ်မှာပါပဲ၊ ကျွန်မတို့သာ မစ္စတာအီဘရာဟင်နှင့် အလုပ်ဖြစ်ရင် အိမ်ကို ပိုက်ဆံအပြည့်ပါတဲ့ အိတ်တွေနဲ့ ပြန်လာရမှာ၊ ဘသန်းရဲ့မိန်းမကို လည်း တစ်ရှယ်ယာတော့ ပေးရမယ်၊ ဟုတ်တယ်လေ၊ သူက သတင်းပေးတာကိုး၊ ဒီတော့လည်း ပါတနာတစ်ယောက်

“ လာမယ့်တနင်္ဂနွေနေ့ကတော့ ကျွန်မတို့ပွဲရဲ့ နောက် ဆုံးနေ့ဖြစ်မှာပါပဲ၊ ကျွန်မတို့ သာ မစ္စတာအီဘရာဟင်နှင့် အလုပ်ဖြစ်ရင် အိမ်ကို ပိုက်ဆံ အပြည့်ပါတဲ့ အိတ်တွေနဲ့ ပြန် လာရမှာ၊ ဘသန်းရဲ့မိန်းမကို လည်း တစ်ရှယ်ယာတော့ ပေး ရမယ်၊ ဟုတ်တယ်လေ၊ သူက သတင်းပေးတာကိုး ”

အနေနဲ့ပါပြီပေါ့၊ အိုး ... လူတိုင်းကတော့ ကတ္တီပါခန်းဆီးနောက်မှာ ရောက်နေကြပြီ၊ ဒီတစ်ချီတော့ ကျွန်မတို့ ပွဲဖြစ်ရမယ်ဆိုတာ ကျွန်မသိတယ်”

ကျွန်မက ပြောရင်းဆိုရင်း အန်တီ့ကို ခေါင်းလှုပ်လိုက်၊ လက်ခါလိုက်နဲ့ တကယ်လို့များ ကိုလတ်က တာယာပြင်ဖို့အတွက် ကျွန်မကို ကိရိယာတန်ဆာပလာတွေယူပေးဖို့ ခပ်တုံးတိတိများ မပြောလိုက်ခဲ့ဘူးဆိုရင်ပေါ့။ ကျွန်မမှာက အန်တီနဲ့တူရအောင် တချွင်ချွင်မြည်တဲ့

လက်ကောက်တွေ ကလည်း မရှိ၊ တလက်လက်အရောင်တောက်နေတဲ့ စိန်နားကပ်ကလည်း ဗလာနဲ့ ကျွန်မပြောနေတဲ့ စကားတွေက အားတော့ သိပ်မပါလှပါဘူး။ ဘိုင်စကယ်ကို ပြင်ပြီးတဲ့နောက်မှာတော့ ကိုလတ်ရဲ့ ချစ်ခင်နှစ်လိုဖွယ်ကောင်းတဲ့ အမူအရာလေးတွေဟာ တစ်ဖန်ပြန်ပြီးပေါ်လာပါတယ်။ ဒါနဲ့ပဲ ကျွန်မတို့ဆီကို နောက်လာမယ့် တနင်္ဂနွေနေ့မှာ အရောက်လာခဲ့ဖို့ မစ္စတာအီဘရာဟင်ထံကို အကြောင်းကြားလိုက်ပါတယ်။

မစ္စတာအီဘရာဟင်ကလည်း စက်ဘီးတစ်စီးနှင့် ချိန်းထားတဲ့အချိန်အတိုင်း တိတိကျကျ ရောက်လာလို့ ကျွန်မတို့ အတော်အံ့သြသွားပါတယ်။ ကိုလတ်က ဒီစိန်ကြီးကိုရအောင် အဲဒီလောက်တောင် စီမံကြိုးပမ်းအားထုတ်ခဲ့ရတယ်ဆိုတာကို အားရဝမ်းသာပြောပြနေပြီး မစ္စတာအီဘရာဟင်ကလည်း အထင်တွေကြီးနေပုံရပါတယ်။ သူက ဘာမှပြန်မပြောဘဲ သူ့ရဲ့ ထူထဲခိုင်မာစွာပေါက်နေတဲ့ မုတ်ဆိတ်ကိုသပ်ရင်း တိတ်ဆိတ်စွာ နားထောင်နေပါတယ်။ အပင်တစ်ပင်လုံးကို အရွက်တွေဖုံးနေသလို ထူထဲလှတဲ့ မုတ်ဆိတ်အမွေးအမျှင်တွေထဲက ထိုးထွက်နေတဲ့ ဆေးပြင်းလိပ်တစ်လိပ်သာ မရှိခဲ့ဘူးဆိုရင် အဲဒီထဲမှာ ပါးစပ်တစ်ပေါက် ရှိနေလိမ့်မယ်လို့ ဘယ်သူမှ ထင်မှာမဟုတ်ပါဘူး။


ဒါနဲ့ပဲ ကျွန်မတို့ဟာ စက်ဘီးနှစ်စီးနဲ့ လမ်းတစ်လျှောက် စီးလာခဲ့ကြပါတယ်။ အန်တီရဲ့အိမ်ကိုရောက်တော့ သူ့အိမ်မှာ လူရွယ်နှစ်ယောက်ကို တွေ့ရပါတယ်။ တစ်ယောက်က သူ့မောင်ဝမ်းကွဲဆန်နီ။ အသက်နှစ်ဆယ်အရွယ်လောက်ဖြစ်ပြီးဗလင်တီနို ဆံတောက်ရှည်ရှည်နဲ့ လူငယ်လေးဖြစ်ပါတယ်။ သူ့မျက်နှာမှာလည်း ပေါင်ဒါအဖွေးသားနဲ့ ရွှေကြယ်သီးကွင်းတပ်ထားတဲ့ ပန်းရောင်ရှပ်အင်္ကျီတစ်ထည်နဲ့ ပိုးတုလုံချည်ပန်းရောင်တစ်ထည်ကို တောက်ပဝင်းကြွားစွာ ဝတ်ဆင်ထားပါတယ်။ နောက်ပြီး ဂျပန်စီးကရက်အပေါစားတစ်လိပ်ကို ထိုင်ပြီးသောက်နေရင်း စကားနည်းနည်းပဲ ပြောပါတယ်။

''အင်း ...ပွဲမှာပါမယ့် လူက မနည်းပါလား၊ နောက်တစ်ယောက်ကတော့ တရုတ်–ဗမာ ကပြား၊ မျက်နှာက ဖြူဖျော့ဖျော့နဲ့ အရက်စွဲနေတဲ့ပုံစံမျိုး၊ သူ့နာမည်က ကိုဆက်ခွမ်တဲ့၊ သူကတော့ ဘောင်းဘီရှည်နဲ့ ဟာဝေယံရှပ်နဲ့ ဝတ်ထားပါတယ်၊ သူ့နှာခေါင်းပေါ်မှာကတော့ ကိုင်းမဲ့မျက်မှန်တစ်လက်တပ်လို့၊ သူ့ပုံပန်းကြည့်ရတာ စိန်ကြယ်သီးတွေနဲ့ လက်စွပ်တွေနဲ့၊ နောက်ပြီး ရွှေလက်ပတ်နာရီကြိုးနဲ့ ပိုက်ဆံရှိမယ့်ပုံပါပဲ၊ သူက တကယ့်တာယာအစစ်တွေ တပ်ထားတဲ့ ဘိုင်စကယ်နားမှာရပ်လို့၊ မဟုတ်မှလွဲရော၊ ရောင်းမယ့်စိန်ပိုင်ရှင်ပဲ ဖြစ်ရမယ်''

တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်လည်းပြီးရော မစ္စတာအီဘရာဟင်က ကိုဆက်ခွမ်ကို ရောင်းမယ်ဆိုတဲ့ စိန်ကို ထုတ်ပြဖို့ပြောလိုက်ပါတယ်။ ဒါပေမဲ့ ကိုဆက်ခွမ်ကလည်း စိန်ဝယ်မယ့်သူဆိုရင် ပွင့်ပွင့်လင်းလင်းပြောဖို့ အီဘရာဟင်ကို ပြန်ပြောလိုက်ပါတယ်။ အဲဒီမှာ မစ္စတာအီဘရာဟင် ဘယ်လိုပြန်ဖြေလိုက်တယ်ဆိုတာ ကျွန်မလည်း အသေးစိတ် မမှတ်မိတော့ပါဘူး။ သူက အမြဲတမ်းလေကြောရှည်တယ်လေ။ ကျွန်မ သူစကားပြောတာကို နားတောင်မိတိုင်း အထင်ကြီးလေးစားမှုဖြစ်ရပါတယ်။ ပြီးတော့ ဒီလောက်စကားပြောကောင်းတဲ့လူက ဘယ့်နှယ်ကြောင့် သံတမန်ကောင်းတစ်ယောက် မဖြစ်ရတာလဲဆိုပြီး အံ့သြမိတာပေါ့လေ။ ဒါပေမဲ့ ကိုဆက်ခွမ်ကတော့ သူ့ကို အထင်ကြီးပုံ မရပါဘူး။ သူက မစ္စတာအီဘရာဟင်ကိုသာ ပစ္စည်းဝယ်မယ့်သူဆိုရင်လည်း ဝယ်သာဝယ်ဖို့ကို တောင်းဆိုနေပါတော့တယ်။ စကားသိပ်မပြောဘဲ နေတတ်ပေမယ့် ကိုဆက်ခွမ်ဆိုတဲ့ သူ့ရဲ့ အကျင့်စရိုက်ကို ကျွန်မဖြင့် အတော်အံ့သြထိတ်လန့်မိပါတယ်။

နောက်ဆုံးတော့ မစ္စတာအီဘရာဟင်ရဲ့ ဒီပလိုမေစီတောင် လက်လျှော့ရပြီး စိတ်ပျက်မှုကို ဖုံးကွယ်ထားလို့မရအောင် ပေါ်လာပါတယ်။ သူက သူ့ရဲ့ခေါင်းကို အားရှိပါးရှိခါယမ်းနေလိုက်တာများ၊ သူ့ရဲ့ ထူထပ်လှတဲ့ မုတ်ဆိတ်အုံကြီးက သူ့ရင်ဘတ်ပေါ်ကို ရေတံခွန်ကြီး သွန်ကျနေသလိုပါပဲ။ နောက်ဆုံးတော့ ဒီကိစ္စမှာ ကြာရှည်မရှောင်လွှဲနိုင်တော့ဘဲ သူက စိန်ဝယ်မယ့်သူမဟုတ်ကြောင်း တကယ်ဝယ်မှာက သူ့မိတ်ဆွေတစ်ယောက်သာ ဖြစ်ကြောင်း ဝန်ခံလိုက်ရပါတော့တယ်။ အဲဒီမှာတင် ကိုဆက်ခွမ်က အဲဒီဝယ်မယ့်သူဆီကိုခေါ်သွားပေးဖို့ကို တောင်းဆိုပြန်ပါရောရှင်။ မစ္စတာအီဘရာဟင်လည်း ဒီတောင်းဆိုချက်ကို ရှောင်လွှဲဖို့ မကြိုးစားနိုင်တော့ဘဲ နောက်ဆုံးမှာတော့ အလျှော့ပေးလိုက်ပါတော့တယ်။

အန်တီ့ရဲ့မျက်နှာက စူးစမ်းလေ့လာစရာ ဘာသာရပ်တစ်ခုလိုပါပဲ။ ဒီစီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးရဲ့ အသေးစိတ် မှန်သမျှကို သိနေမယ့်ပုံပါ။ စိန်ဝယ်မယ့်ပုဂ္ဂိုလ်ဆီ အန်တီ



က မလိုက်ဘူးဆိုရင်လည်း သူ့မောင်ဝမ်းကွဲဆန်နီကိုတော့ ထည့်လိုက်မှာပါ။ ဒီတော့ ကျွန်မတို့က သူတို့နဲ့ပဲ အတူလိုက်သွားရမှာလား။ ချန်နေခဲ့ရမှာလားဆိုပြီး ဖြစ်လာပါတယ်။ ဘိုင်စကယ်လေးစီးနဲ့ မစ္စတာအီဘရာဟင်ရယ်၊ အန်တို့ကိုယ်စားလှယ်ဆန်နီရယ်၊ ကိုဆက်ခွမ်ရယ် ပြီးတော့ ကလေးကို စက်ဘီးဘားတန်းပေါ် တင်ပြီး ကိုလတ်နဲ့ကျွန်မတို့ရယ် ဖုံးဒဏ်ကြောင့် ချိုင့်ခွက်တွေ ပြည့်နှက်နေတဲ့ လမ်းတစ်လျှောက် ဘုရားပွဲလှည့်သလို တန်းစီပြီး ချီတက်ခဲ့ကြပါတော့တယ်ရှင်။

လမ်းမှာ ကျွန်မတို့လက်ဖက်ရည်ဆိုင်တစ်ဆိုင်နားက ဖြတ်လာတော့ ဆိုင်မှာထိုင်နေတဲ့လူ ၄၊ ၅ ယောက်ထဲက လူတစ်ယောက်ရဲ့အသံကို ခပ်ကျယ်ကျယ်နဲ့ ပြောသံကို ကြားလိုက်ရပါတယ်။

"ဒီသောက်ပွဲစားတွေ မပါဘဲနဲ့ အလုပ်ဖြစ်အောင် မလုပ်နိုင်ဘူးလားကွာ၊ အရေးမပါတာတွေ တစ်ယောက်နဲ့တောင် လိုလောက်နေပြီ၊ ခုဟာက လူဒါဇင်ဝက်လောက်ဆိုတော့"

အဖြစ်က အဲဒီလိုပါပဲ။ ဒါပေမဲ့ ကျွန်မအရေးမလုပ်ပါဘူး။ ကျွန်မတို့က သူဌေးဖြစ်မယ့်လမ်းပေါ်မှာ ရောက်နေခဲ့ပြီလေ။ ကျွန်မတို့အုပ်စုလည်း အတော်အထင်ကြီးစရာကောင်းလှအောင် ကြီးမားတဲ့အိမ်ကြီးတစ်လုံးဆီကို ရောက်သွားပြီးတဲ့နောက် မစ္စတာအီဘရာဟင်က စက်ဘီးပေါ်က ဆင်းလိုက်ပါတယ်။ ကျွန်မတို့အားလုံးလည်း သူ့လိုပဲ လိုက်ဆင်းကြပြီး သူတို့အားလုံး အိမ်ပေါ်တက်သွားကြပါတယ်။ ဒါပေမဲ့ ကျွန်မနဲ့ သားလေးကတော့ စက်ဘီးတွေကိုစောင့်ရင်း အောက်ထပ်မှာပဲ နေခဲ့ပါတယ်။ အချိန်အနည်းငယ်ကြာပြီးနောက် သူတို့အားလုံး တီးတိုးတီးတိုးပြောဆိုရင်း အံ့သြကြီးစွာ ပြန်ဆင်းလာကြပါတယ်။ ကျွန်မက အာသာငမ်းငမ်းဖြစ်နေတဲ့ မျက်လုံးတွေနဲ့ ကိုလတ်ကို ကြည့်နေပေမယ့် သူကတော့ ခပ်ဝေးဝေးကိုပဲ ငေးကြည့်နေပါတယ်။ ကျွန်မရဲ့ရင်ဘတ်ထဲမှာ လေးလံလာတယ်။ မေးလည်း မမေးရဲဘူး။ ဘာဖြစ်လို့ဆိုတော့ ရှေးဟောင်း ဂရိပြဇာတ်ထဲကလို ဝမ်းနည်းကြေကွဲဖွယ်ရာ ခံစားရတဲ့ မြင်ကွင်းမျိုး ဖြစ်နေလို့ပါပဲ။ ကျွန်မတို့ရဲ့ မိတ်ဆွေကြီးတွေက ကြမ်းတမ်းဆူညံစွာ အော်ဟစ်ပြောဆိုလာရင်း တစ်ချိန်တည်းမှာပဲ တစ်ယောက်တစ်ပေါက်စီ ပြောနေကြတာဖြစ်လို့ သူတို့ဘာတွေ ပြောနေကြတယ်ဆိုတာ ကျွန်မလည်း နားမလည်နိုင်တော့ပါဘူး။

ဒါနဲ့ ကျွန်မတို့လည်း ကိုယ့်စက်ဘီးကိုယ်စီးပြီး ပြန်လာခဲ့ကြတော့ လမ်းမှာ ကိုလတ်က ခပ်တိုးတိုးညည်းညူပြီး ပြောပြတာက–

"ခုသွားတဲ့အိမ်က အိမ်ရှင် ဘွားတော်ကြီးကလည်း တကယ်ဝယ်မယ့်သူမဟုတ်သေးဘူးဆိုပဲ၊ သူလည်း ဒီလိုပဲ သူ့ကိုပြောတဲ့လူတစ်ယောက်ရှိလို့ အဲဒီလူကို . . ."ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်းဆုံပြီး ကြည့်လိုက်တဲ့အခါ တစ်ယောက်ရဲ့အတွင်းထဲကို တစ်ယောက် အဆုံးမရှိတဲ့ ဝမ်းဗိုက်ထဲအထိ ဦးတည်ရာ လမ်းကြောင်းတစ်လျှောက် အားလုံး မြင်တွေ့လိုက်ရသလိုပါပဲ။ ဒီနောက်တော့ ကိုလတ်က သူ့ရဲ့ပခုံးကို တွန့်ပြလိုက်ပါတော့တယ်။

ဒီလမ်းကြောင်းကိုတော့ ကျွန်မတို့ လက်လျှော့လိုက်ပါပြီ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် တစ်နည်းအားဖြင့်တော့ ကျွန်မတို့မှာ ပြောစရာဇာတ်လမ်းတစ်ပုဒ်တော့ နေရင်းထိုင်ရင်း ရှိသွားတာပေါ့။ ခုထိ ကျွန်မ စိတ်မကောင်းဖြစ်မိရတာက ကျွန်မရဲ့လက်မှာ ၁၃ ရတီရှိတဲ့ စိန်တစ်ပွင့်ကို ဒါမှမဟုတ် ပိုပြီးတိကျအောင် ပြောမယ်ဆိုရင် စိန်ပဲဖြစ်ဖြစ်၊ ကာဗွန်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်နေနေ၊ ကိုယ့်သွေးသားလို ဘယ်တော့မှ လက်ဝယ်ပိုင်ပိုင် မရရှိခဲ့ရတဲ့ အဖြစ်ကိုပါပဲရှင်။ ။

(ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ ပင်ကိုယ်ရေးဝတ္ထုတို The 13 Carat Diamond ကို ဆီလျော်အောင် ပြန်ဆိုပါသည်။)

**ဆွေဇင်ညွန့်**

## ဒေါ်ခင်မျိုးချစ်ရာပြည့်အမှတ်တရ



မြန်မာအမျိုးသမီးသတင်းစာအယ်ဒီတာနှင့် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်ကို စစ်ကိုင်းမြို့တွင် (၁–၅–၁၉၁၅) စနေနေ့၌ ဖွားမြင်သည်။ ငယ်မည်မှာ မခင်မြဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် မိတ္ထီလာအမျိုးသားကျောင်းမှ ဆယ်တန်းအောင်သည်။ ၁၉၃၂–၃၃ တွင် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဝသန္တစာစောင်တွင် ဗေးထပ် ၂ ပုဒ်ဖော်ပြခံရခြင်းဖြင့် 'ခင်မျိုးချစ်'ဟူသော ကလောင်အမည်တပ်ခံရသည်။ ဆရာမကြီးသည် အင်္ဂလိပ် ဘာသာပြန်ဝတ္ထုတိုများ ရေးသားခဲ့ရာ "The 13-Caret Diamod" (၁၃ ရတီစိန်ကြီး) ဝတ္ထုသည် ၁၉၅၆ ခုနှစ် မေလထုတ် ဂါးဒီးယန်းမဂ္ဂဇင်းတွင် ပထမဆုံးဖော်ပြခြင်းခံရသည်။ ယင်းဝတ္ထုတိုမှာ လူကြိုက်များပြီး နိုင်ငံရပ်ခြားသို့တိုင် ကျော်ကြားကာ ဘာသာ ၄ မျိုးဖြင့် ပြန်ဆိုခြင်းခံခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံများမှ စာရေးဆရာများ ပါဝင်ယှဉ်ပြိုင်ကြသော အင်္ဂလိပ်ဘာသာပြန်ဝတ္ထုပြိုင်ပွဲ၌ ဆရာမကြီးသည် "Her Infinite Variety" ဝတ္ထုတိုဖြင့် ပထမဆုရရှိခဲ့သည်။ ဆရာမကြီးဒေါ်ခင်မျိုးချစ်သည် ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သော ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ နှစ် ၁၀၀ ပြည့် မွေးနေ့အမှတ်တရအဖြစ် ဤဝတ္ထုတိုကို ဘာသာပြန်ဆို၍ တင်ဆက်လိုက်ခြင်းဖြစ်ပါသည်။



# မနီလာမြို့

ကိုခန့်(သုတေသန)

မနီလာမြို့ဟာ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ပင်လယ် ဆိပ်ကမ်းမြို့ဖြစ်ပြီး ယခင်ကမြို့တော်ကြီးလည်းဖြစ်ခဲ့ပါတယ်။ မနီလာမြို့ဟာ မနီလာပင်လယ်အော်၏ အရှေ့ဘက်ကမ်းခြေတွင် တည်ရှိပြီး မြောက်ဘက်တွင် နာဗိုတာ့စ်မြို့နှင့် ကားလူကန်မြို့၊ အရှေ့မြောက်ဘက်တွင် ကွီဇုန်စီးတီး၊ အရှေ့ဘက်တွင် ဆန်ဂွါန်နှင့် မဒါလူယောင်းမြို့၊ အရှေ့တောင်ဘက်တွင် မာကာတီမြို့နှင့် တောင်ဘက်တွင် ပါဆေးမြို့တို့ရှိကြပါတယ်။ ဖိလစ်ပိုင်ကျွန်းစု၊ လူဇုန်ကျွန်း၏ အနောက်ဘက်ကမ်း၊ မနီလာပင်လယ်အော်၏အရှေ့ဘက်အစွန်း ပါဆစ်မြစ်ဝတွင် တည်ရှိပါတယ်။ လခြမ်းသဏ္ဌာန်တောင်စဉ်တန်းဟာ မြို့တစ်ဝက်ကို ဝန်းရံထားပါတယ်။ ပါဆစ်မြစ်ဟာ အရှေ့မှအနောက်သို့စီးဆင်းလာရာမှ မနီလာမြို့ကိုဖြတ်သန်းပြီး မနီလာပင်လယ်အော်တွင်းသို့ စီးဝင်ပါတယ်။ ပါဆစ်မြစ်ပေါ်တွင် ဆောက်လုပ်ထားသော တံတား ၆ ခုကတော့ နှစ်ပိုင်းကွဲနေသောမြို့ကို ဆက်စပ်ပေးထားပါတယ်။ မြို့ရဲ့အကျယ်အဝန်းဟာ ၁၄ စတုရန်းမိုင်ရှိပါတယ်။ မြို့ဟောင်းနေရာကတော့ မြစ်၏တောင်ဘက်ကမ်းတွင် တည်ရှိပြီး နှစ်ပေါင်း ၄၀၀ ခန့်က ရှေးမြို့ရိုး၏ အစိတ်အပိုင်းအချို့ ယခုတိုင်ရှိနေပါသေးတယ်။









မြို့ဟောင်းနေရာကို အင်တရာမျူးရွတ်ဟုခေါ်ပြီး ၎င်းအရပ်တွင် စပိန်လူမျိုးတို့ကြီးစိုးစဉ်ခေတ်က စပိန်လက်ရာဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်းများအား တွေ့မြင်ရပါတယ်။ ရှေးက မြို့ရိုးကို ပတ်ရံထားသောကျုံးအား ယခုအခါ ပန်းခြံနှင့် ဂေါက်သီးကစားကွင်း အဖြစ် ပြုပြင်စီမံထားပါတယ်။ စီးပွားကုန်သွယ်ရေးရပ်ကွက်ဟာ ပါဆစ်မြစ်ရဲ့မြောက်ပိုင်းမှာတည်ရှိပါတယ်။ ကြွယ်ဝသော ကုန်သည်ပွဲစားများ၏နေအိမ်များ ဒျူဝီရိပ်သာတစ်လျှောက်တွင်လည်းကောင်း၊ ဆင်ခြေဖုံးရပ်ကွက်ဖြစ်သည့် ကွီဇုန်စီးတီးတွင်လည်းကောင်း တည်ရှိကြပါတယ်။ အခြားဆင်ခြေဖုန်းရပ်ကွက်ဖြစ်သော တွန်ဒိုတစ်လျှောက်တွင်မူ ခနိုမိုးဝါးအိမ်များရှိ၍ တိုင်းရင်းသားများနေထိုင်ကြပါတယ်။ မနီလာမြို့တွင် ထင်ရှားသည့် လူနီတာပန်းခြံဟာ အင်တရာမျူးရွတ်၏အပြင်ဘက်တွင် တည်ရှိပါတယ်။ နွေရာသီစခန်းမြို့ဖြစ်သော ဗားဂျီမြို့သို့ ခေတ်မီလမ်းမကြီးဖြင့်ဆက်သွယ် ထားပါတယ်။ မနီလာမြို့ကို လှပသောကြောင့်လည်းကောင်း၊ အရေးပါသောကြောင့်လည်းကောင်း အရှေ့တိုင်း၏ပုလဲရတနာဟူ၍ ခေါ်ဝေါ်သမုတ်ကြပါတယ်။ မနီလာမြို့ရဲ့ဆိပ်ကမ်းဟာ အထူးတလည် ကောင်းမွန်ပါတယ်။

ဒါကြောင့်လည်း ကမ္ဘာအရပ်ရပ်မှသင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားရာ ဆိပ်ကမ်းကြီးလည်းဖြစ်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာတစ်ကြောကုန်သွယ်မှုတွင် အချက်အချာဒေသတစ်ခုဖြစ်ပါတယ်။ မနီလာမြို့မှထွက်ရှိသည့် မနီလာလျှော်ကို အကြီးအကျယ် အရောင်းအဝယ် ပြုလုပ်ကြပါတယ်။ ယင်းလျှော်ထက်ဝက်ကျော်ကျော်ကို ကြိုးကျစ်ရန်အလို့ငှာ အမေရိကန်ပြည်ထောင်စုသို့ ပို့ပါတယ်။ မနီလာမြို့မှာပဲ မနီလာလျှော်အပြင် သကြား၊ အုန်းသီးဆံခြောက်၊ အုန်းသီး၊ ဆေးပြင်းလိပ်များ ရောင်းရာတွင် အရေးပါသော ဒေသလည်းဖြစ်ပါတယ်။ ဖိနပ်၊ ဆပ်ပြာ၊ ကြိမ်ပရိဘောဂ၊ ဖျာ၊ လျှော်၊ စည်သွတ်အစားအစာ၊ ပန်းထိုးထည်များ ပြုလုပ်စီမံသောအလုပ်ရုံ၊ စက်ရုံများလည်းရှိပါတယ်။ ရေကြောင်းတွင် သင်္ဘောကြီးငယ် ဆိုက်ကပ်ရပ်နားနိုင်သည့် ဆိပ်ကမ်းများရှိရုံသာမက မီးရထားလမ်း၊ ကားလမ်းအဆက်အသွယ်ရှိ၍ လေကြောင်းကူးသန်းသွားလာရာတွင်လည်း အရေးပါသောဗဟိုဌာနတစ်ခုဖြစ်ပါတယ်။ မနီလာမြို့တွင် နေထိုင်သူတို့မှာ များသောအားဖြင့် စပိန်လူမျိုးဆန်သော ဥရောပတိုက်သားများ၊ တရုတ်၊ ဂျပန်၊ အမေရိကန်နှင့်ဒေသခံတိုင်းရင်းသား ဖိလစ်ပီနိုများဖြစ်ကြပါတယ်။ မနီလာမြို့ရဲ့လူဦးရေဟာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ စာရင်းများအရ ၁၇၉၀၈၅၄ ဦးရှိပါတယ်။ မနီလာမြို့ကို ခရစ်နှစ် ၁၅၇၁ ခုနှစ်က စပိန်လူမျိုးမီဂဲလိုပေ့သလေဂတ်စပီတည်ထောင်ခဲ့ပါတယ်။ ထိုစဉ်က စပိန် လူမျိုးတို့အခြေစိုက်






နေထိုင်ခဲ့ကြပြီး နောက်ပိုင်းမှာတော့ စပိန်လက်အောက်ခံဖြစ်ခဲ့၍ ကုန်သွယ်မှုအချက်အချာ ဌာနဖြစ်ခဲ့ပါတယ်။ ဒီနောက်မှာတော့ ခရစ်နှစ် ၁၇၆၂ ခုနှစ်၊ အောက်တိုဘာလမှ ခရစ်နှစ် ၁၇၆၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဗြိတိသျှတို့က တိုက်ခိုက်သိမ်းပိုက်ထားခဲ့ပါသေးတယ်။ ခရစ်နှစ် ၁၈၆၃ ခုနှစ်အတွင်း မြေငလျင်လှုပ်စဉ်က မနီလာမြို့ဟာ အကြီးအကျယ်ပျက်စီးခဲ့ပါတယ်။ ခရစ်နှစ် ၁၈၉၈ ခုနှစ်၌ စပိန်နှင့် အမေရိကန်စစ်ပွဲဖြစ်ပွားပြီးသည့်နောက်တွင် အမေရိကန်က မနီလာကိုသိမ်းပိုက်ပြီး မြို့ကို တိုးတက်အောင်ပြုပြင်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ၃ နှစ်ကျော်မျှ ဂျပန်လက်အောက်သို့ ရောက်ရှိနေခဲ့ပါတယ်။ ဂျပန်ဟာ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလက မနီလာမြို့ကို သိမ်းပိုက်နိုင်ခဲ့သော်လည်း ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာတော့ အမေရိကန်တို့က ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဂျပန်တပ်များ ဆုတ်ခွာသွားချိန်တွင် မြို့ရဲ့တိုက်တာအဆောက်အအုံကြီးများကို မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် မနီလာမြို့ဟာ မရှုမလှပျက်စီးခဲ့ပါတယ်။ ဖိလစ်ပိုင်အစိုးရဟာ မနီလာမြို့ကို အချိန်အတော်ကြာ ပြန်လည်ထူထောင်ယူခဲ့ရပါတယ်။ မနီလာမြို့ဟာ ခရစ်နှစ် ၁၉၄၈ ခုနှစ်တိုင်အောင် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော်ဖြစ်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်တွင်မူ ဖိလစ်ပိုင်နိုင်ငံသည် လွတ်လပ်သော သမ္မတနိုင်ငံဖြစ်လာသောအခါ မနီလာ၏အရှေ့မြောက် ဘက်ဆင်ခြေဖုံးအရပ်တွင်ရှိ၍ ၁၀ မိုင်ကွာဝေးသော ကွီဇုန်စီးတီးသို့မြို့တော်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ ယင်းမြို့တော်ရဲ့နာမည်ကိုတော့ ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သော လူးဝစ်မန်းနွယ်ကွီဇုန်ကို ဂုဏ်ပြုမှည့်ခေါ်ထားသောအမည်ဖြစ်ပါတယ်။

**ဖိလစ်ပိုင်အစိုးရဟာ မနီလာမြို့ကို အချိန်အတော်ကြာ ပြန်လည်ထူထောင်ယူခဲ့ရပါတယ်။ မနီလာမြို့ဟာ ခရစ်နှစ် ၁၉၄၈ ခုနှစ် တိုင်အောင် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ပါတယ်။**





## ဖွဲ့စည်းပုံစနစ်

ဖိလစ်ပိုင်နိုင်ငံရဲ့စီးပွားရေးမြို့တော်ဖြစ်သည့် မနီလာမြို့ပြ ဖွဲ့စည်းမှုကိုတော့ မြို့တော်ကောင်စီဟူ၍ ဖွဲ့စည်းထားပြီး အဖွဲ့ဝင် (၆) ဦးရှိပါတယ်။ မြို့တော်ခန်းမမှာပဲ မြို့တော်ဝန်နှင့် ကောင်စီအဖွဲ့ဝင်တို့ရဲ့ ရုံးခန်းများထားရှိပါတယ်။ လက်ရှိ မြို့တော်ဝန်ကတော့ ဂျိုးဇက်အက်စ်ရာဒါဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံရဲ့ သမ္မတဟောင်းတစ်ဦးလည်းဖြစ်ပါတယ်။ သူ့အောက်မှာ ဒုတိယမြို့တော်ဝန်အဖြစ် ဖရန်စစ္စကိုဒိုမာဂိုစိုလည်း ရှိပါတယ်။ မက်ထရိုမနီလာမြို့ (၁၆) မြို့အနက် တစ်မြို့ပါဝင်သည့် မနီလာမြို့တော်ဟာ အစိုးရ၏တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိပါတယ်။ ဒါ့အပြင် မနီလာမြို့တော်တွင် အစိုးရအဖွဲ့ရုံးစိုက်ရာ အဆောက်အအုံများစွာလည်း ရှိနေပါသေးတယ်။ အဆောက်အအုံအများစုကတော့ အမေရိကန်တို့ ကိုလိုနီနိုင်ငံအဖြစ် အုပ်ချုပ်ခဲ့စဉ်က တည်ဆောက်ခဲ့သည့်ရှေးဟောင်း အဆောက်အအုံများပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ဝါရှင်တန်ဒီစီမြို့ရှိ အမေရိကန်အစိုးရအဖွဲ့ရုံးအဆောက် အအုံများပုံစံကို အခြေပြု တည်ဆောက်ထားခြင်းလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မနီလာမြို့၏ အရှေ့မြောက်ဘက်တောင်ကြားဒေသတွင် အစိုးရအဖွဲ့ရုံးစိုက်ရာ အဆောက်အအုံသစ်ကို တည်ဆောက်ပြီး ကွီဇုန်စီးတီးဟုလည်း သတ်မှတ်ခေါ်ဝေါ်ခဲ့ပါတယ်။ ကွီဇုန်စီးတီးတွင် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၏ဌာနချုပ်အဆောက်အအုံများစွာ











တည်ရှိနေသော်လည်း အဓိကကျသည့် အစိုးရရုံးများမှာမူ မနီလာမြို့တော်တွင် ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါတယ်။ ဒါ့အပြင် ဖိလစ်ပိုင်သမ္မတ၏ရုံးခန်းနှင့် အိမ်တော်တို့မှာလည်း မနီလာမြို့တော်မှာပဲ ရှိနေပါသေးတယ်။

**စီးပွားရေး**

နိုင်ငံ၏မြို့တော်ဟောင်းဖြစ်ခဲ့သည့် အလျောက် မြို့တော်အတွင်း ငွေကြေးဆိုင်ရာ ကိစ္စရပ်များအတွက် အဓိကဘဏ်ကြီးများ၊ မီဒီယာလုပ်ငန်းများ၊ မိရိုးဖလာဝန်ဆောင်မှုပေးသောကုမ္ပဏီများ၊ စူပါမားကက်ကြီးများ အပြင် အဓိကစီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းရပ်များ အများအပြားရှိပါတယ်။ မက်ထရိုမနီလာမြို့များတွင် တစ်မြို့ပါဝင်သည့် မနီလာမြို့၏ စီးပွားရေးလုပ်ငန်းရပ်များတွင် ခရီးသွားလုပ်ငန်းကလည်း မြို့တော်အတွက် နိုင်ငံခြားဝင်ငွေရရှိနေပါတယ်။ အထူးသဖြင့် စပိန်နှင့် အမေရိကန်တို့၏ရှေးခေတ် ဗိသုကာလက်ရာများက ပြည်ပခရီးသွားများအတွက် အထူးဆွဲဆောင်မှုတစ်ရပ်ပင်ဖြစ်ပါတယ်။ ဒါကြောင့်လည်း မနီလာမြို့တော်သို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသွား ၁ သန်းကျော်ခန့် လာရောက်လေ့ရှိပါတယ်။ စပိန်နှင့် အမေရိကန်ပုံစံ လူနေမှုစနစ်၊ ယဉ်ကျေးမှုတို့ရောနှောနေသည့် ဖိလစ်ပိုင်နိုင်ငံသားများ၏လူနေမှုပုံစံကလည်း ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်လည်း ဖြစ်နေပါတယ်။ ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဌာနကလည်း မနီလာမြို့တော်ရဲ့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် ဝင်ငွေရရှိနိုင်ရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိနေပါတယ်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် ထုတ်ပြန်သည့်စာရင်းစစ်ကော်မရှင်၏စာရင်းဇယားများအရ ၂၀၁၃ ခုနှစ်၊ နှစ်ပတ်လည်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာတွင် မနီလာမြို့တော်၏ဝင်ငွေမှာ အရပ်ရပ်အခွန်ငွေ ဖိလစ်ပိုင်ပီဆို ငွေ ၂၈ ဒသမ ၇ ဘီလီယံရရှိခဲ့တယ်လို့ သိရှိရပါတယ်။

**ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှု**

စပိန်တို့အုပ်ချုပ်စဉ်ကာလက ကျင့်သုံးခဲ့သည့် ယဉ်ကျေးမှုပုံစံများက မနီလာမြို့တော်တစ်ဝန်း လွှမ်းမိုးလျက်ရှိနေပါတယ်။

ဒါကြောင့်လည်း ကိုးကွယ်ယုံကြည်မှုတွင် ခရစ်ယာန် (ကက်သလစ်) ဘာသာကို ကိုးကွယ်လျက်ရှိနေပါတယ်။ ၂၀၁၀ ပြည့်နှစ် သန်းခေါင်စာရင်းစစ်တမ်းများအရ မြို့တော်၏လူဦးရေစုစုပေါင်း အနက် ၉၃ ဒသမ ၅ ရာခိုင်နှုန်းဟာ ကက်သလစ်ဘာသာကို ကိုးကွယ်ကြပါတယ်။ အဲဒီနောက်မှာတော့ ပရိုတက်စတင့်က ၄ ဒသမ ၂ ရာခိုင်နှုန်း၊ အီဂါစာနီခရစ်စတိုက ၁ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ဗုဒ္ဓဘာသာက ၁ ဒသမ ၁ ရာခိုင်နှုန်းတို့ ရှိကြပါတယ်။ မြို့တော်မှာရှိတဲ့ စိန့်သြဂတ်စတင်းဘုရားရှိခိုးကျောင်းဟာ စပိန်တို့ကြီးစိုးစဉ်က တည်ဆောက်ခဲ့တဲ့ဘုရားကျောင်း ဖြစ်ပြီး ယနေ့အချိန်မှာတော့ ယူနက်စကိုရဲ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် အဆောက်အအုံ စာရင်းတွင် ပါဝင်နေပါတယ်။

မနီလာမြို့တော်မှာ အကြီးစားစက်မှုလုပ်ငန်းဇုန် အများအပြား တည်ရှိနေပြီး ၎င်းမှစွန့်ပစ်သည့် မီးခိုးမြူများ၊ စက်မှုလုပ်ငန်းသုံး စနစ်များကြောင့် မြို့တော်တွင် မှီတင်းနေထိုင်ကြသည့်လူဦးရေအနက် ၉၈ ရာခိုင်နှုန်းခန့်မှာ လေထုညစ်ညမ်းမှုဒဏ်ကိုလည်း ခံနေကြရပါတယ်။

**သယ်ယူပို့ဆောင်ရေး**

မနီလာမြို့တော်ရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်များတွင် ထင်ပေါ်ကျော်ကြားမှုများအနက် ရှေးဟောင်းဂျစ်ကားများဖြင့် ပို့ဆောင်ရေးကဏ္ဍကို ဝန်ဆောင်မှုပေးနေခြင်းပဲဖြစ်ပါတယ်။ ဒါဟာလည်း ဒုတိယကမ္ဘာ စစ်ပြီးဆုံးပြီးနောက်ပိုင်း အမေရိကန် ကြည်းတပ်၏ ဂျစ်ကားများကို ပြုပြင်မွမ်းမံပြီး အသုံးပြုခြင်းကြောင့်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့် မနီလာမြို့တော်ရဲ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းရပ်များတွင် တိုယိုတာကုမ္ပဏီ၏ တတိယမျိုးဆက်တစ်ခုဖြစ်သည့် Tamaraw FX မော်တော်ကားများ၊ ဘတ်စကားကြီးများ၊ ဂျစ်ကားများဖြင့် မြို့တွင်းမြို့ပြင်ပို့ဆောင်ရေးကဏ္ဍကို အားဖြည့် ဝန်ဆောင်မှုပေးလျက်ရှိနေပါတယ်။ မော်တော်ကားဖြင့် ဝန်ဆောင်မှုပေးရာမှာတော့ ပုဂ္ဂလိကနှင့်အစိုးရဟူ၍ ခွဲခြားထားတာလည်းရှိပါတယ်။ ဒါ့အပြင် မနီလာမြို့တော်တစ်ဝန်းရှိ တက်ရုံးဆင်းဝန်ထမ်းများ၊ အများပြည်သူများအားလုံး သွားလာမှုကို အဆင်ပြေချောမွေ့စေရေးအတွက် မြို့တွင်းသွားမီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကလည်း အားဖြည့်ဆောင်ရွက်ပေးထားပါတယ်။ ဒီမီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကပဲ မနီလာမြို့မှတစ်ဆင့် နိုင်ငံတစ်ဝန်းမီးရထားကွန်ရက်လမ်းကြောင်းကိုလည်း ချိတ်ဆက်ပေးထားပြန်ပါသေးတယ်။

**မနီလာဆိပ်ကမ်း**

မက်ထရိုမနီလာဧရိယာဒေသအတွင်းပါဝင်ပြီး မနီလာပင်လယ်ကွေ့နှင့် မျက်နှာချင်းဆိုင်တွင်တည်ရှိကာ ဆိပ်ကမ်းဧရိယာကတော့ တွန်ဒိုဒေသမှာရှိပါတယ်။ နိုင်ငံတကာပင်လယ်ကူး



သင်္ဘောကြီးများ ဝင်ရောက်ရပ်နားရာ အဓိကဂိတ်တံခါးကြီးတစ်ခု ဖြစ်သည့်မနီလာဆိပ်ကမ်းဟာ ဖိလစ်ပိုင်နိုင်ငံအတွက် ပြည်ပဝင်ငွေများကို ရှာဖွေပေးနေတဲ့ဆိပ်ကမ်းကြီးလည်း ဖြစ်ပါတယ်။ ဆိပ်ကမ်းကို ဖိလစ်ပိုင်အစိုးရရဲ့ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းက ကြီးကြပ်ကွက်ကဲလျက် ရှိပါတယ်။ ဆိပ်ကမ်းတွင် မနီလာမြောက်ဘက်ဆိပ်ကမ်း၊ မနီလာတောင်ဘက်ဆိပ်ကမ်းနှင့် မနီလာ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်ဆိပ်ကမ်းဟူ၍ ၃ ခုဖွဲ့စည်းထားပြီး လည်ပတ်လျက်ရှိပါတယ်။ တွန်ဒိုဒေသရှိ ဧရိယာအကျယ်အဝန်း ၅၃ ဟက်တာကေကို မနီလာမြောက်ဘက်ဆိပ်ကမ်းအဖြစ် ဖွဲ့စည်းထားရှိပါတယ်။ ၎င်းဆိပ်ကမ်းမှ ၂၀၁၂ ခုနှစ်စာရင်းများအရ မော်တော်ကားအစီးရေ ၁၉၄၀၂၀၁၁၊ ကုန်သေတ္တာ ၁၉၁၇၄၄၂၄ နှင့် ပြည်တွင်းပြည်ပခရီးသည် ၇၆၆၉၄၂ ဦးတို့ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ အာရှဒေသရဲ့ ကုန်စည်များပို့ဆောင်ရာ ဆိပ်ကမ်းတစ်ခုအဖြစ် မနီလာမြို့တော်တွင်တည်ရှိပြီး ဧရိယာအကျယ်အဝန်း ၈၀ ဟက်တာကေကို မနီလာတောင်ဘက်ဆိပ်ကမ်းအဖြစ် ဖွဲ့စည်းထားရှိပါတယ်။ ၎င်းဆိပ်ကမ်းမှ ၂၀၁၂ ခုနှစ်စာရင်းများအရ မော်တော်ကားအစီးရေ ၄၀၃၁၇၇၀၂၊ ကုန်သေတ္တာ ၁၁၁၃၀၆၂၆ နှင့် ပြည်တွင်းပြည်ပခရီးသည် ၁၆၁၅၀၀ ဦးတို့ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ မနီလာမြောက်ဘက်ဆိပ်ကမ်းနှင့် တောင်ဘက်ဆိပ်ကမ်းအကြားတွင် မနီလာအပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်ဆိပ်ကမ်းရှိပါတယ်။ ဧရိယာအကျယ်အဝန်းကိုတော့ ဖော်ပြထားခြင်း မရှိပေ။ ၎င်းကုန်သေတ္တာတင်ဆိပ်ကမ်းဟာ ဖိလစ်ပိုင်နိုင်ငံအတွက် အဓိကဆိပ်ကမ်းကြီးတစ်ခုလည်းဖြစ်သလို အာရှဒေသအတွက်လည်း အဓိက ပင်လယ်ဆိပ်ကမ်းလည်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်စာရင်းများအရ ကုန်သေတ္တာတင်သင်္ဘောအစင်းရေ ၃၂၆၀၀၀၀ တို့၏ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ကမ္ဘာ့ဝန်ဆောင်မှုအများဆုံးဆိပ်ကမ်းများစာရင်းတွင် အဆင့် ၃၈ သို့ ဝင်ရောက်ခဲ့ပါတယ်။ ၂၀၁၂ခုနှစ်စာရင်းများအရ မော်တော်ကားအစီးရေ ၃၄၃၄၅၀၅၉၊ ကုန်သေတ္တာတင်သင်္ဘောအစင်းရေ ၁၉၉၆၆၄၆၅ တို့ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။






**သဘာဝပတ်ဝန်းကျင်ရေးရာ**

မနီလာမြို့တော်မှာ အကြီးစားစက်မှုလုပ်ငန်းဇုန်အများအပြားတည်ရှိနေပြီး ၎င်းမှစွန့်ပစ်သည့် မီးခိုးမြူများ၊ စက်မှုလုပ်ငန်းသုံးစနစ်များကြောင့် မြို့တော်တွင်မှီတင်းနေထိုင်ကြသည့် လူဦးရေအနက် ၉၈ ရာခိုင်နှုန်းခန့်မှာ လေထုညစ်ညမ်းမှုဒဏ်ကိုလည်း ခံနေကြရပါတယ်။ ဒါကြောင့်လည်း မနီလာမြို့တော်တွင် နှစ်စဉ်လူဦးရေ ၄၀၀၀ ကျော်ဟာ လေထုညစ်ညမ်းမှုဒဏ်ကြောင့် သေဆုံးနေကြရပါတယ်။ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာများအရ ပါဆစ်မြစ်အတွင်းသို့ စက်မှုလုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများတန်ချိန် ၂၂၅ တန်ခန့် စွန့်ပစ်ခဲ့မှုကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ရပါတယ်။ ဒါဟာ ကမ္ဘာပေါ်ရှိမြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ပစ္စည်းများအများဆုံး စွန့်ပစ်သည့်နိုင်ငံ၊ မြို့တော်များစာရင်းတွင် မနီလာမြို့တော်လည်း ပါဝင်သွားခဲ့ရပါတယ်။ ဒါ့အပြင် မနီလာမြို့တော်ဟာ နှစ်စဉ်တိုင်ဖွန်း မုန်တိုင်း ၆ ကြိမ်မှ ၇ ကြိမ်ခန့်အထိ ဝင်ရောက်တိုက်ခတ် လေ့ရှိသည့်အတွက် ရေကြီးရေလျှံမိုးမှုဒဏ်ကိုလည်း ကြုံတွေ့နေရပါသေးတယ်။ ဒီဒဏ်ကိုတော့ မြစ်ကမ်းပါးနံဘေးမှီတင်းနေထိုင်ကြသူများ ပိုမိုကြုံတွေ့ရလေ့ရှိပါတယ်။ လက်ရှိအချိန်မှာတော့ ပါဆစ်မြစ်ပြန်လည် သန့်စင်ရေးအကောင်အထည်ဖော်မှုကော်မရှင်က မကြာသေးမီကာလအတွင်း ပါဆစ်မြစ်အတွင်း စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးရေညစ်များ စွန့်ထုတ်မှုမရှိစေရေး စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွား အများစုလာရောက်လည်ပတ်လေ့ရှိသည့် မနီလာမြို့တော်တွင် ဆက်စပ်လျက်ရှိသည့် သဘာဝဂေဟာစနစ်များ သန့်စင်တည်မြဲဖို့အတွက် အလေးထားဆောင်ရွက်နေပါတယ်။ ။


**ကိုခန့်(သုတေသန)**

**Source. Manila by Wikipedia.com**


မိန်းမရေ့
ရပ်ကွက်ထဲသန့်ရှင်းရေး
ကောင်းမကောင်း....
လိုက်စစ်လိုက်ဦး
မယ်ပေါ့
ဦးကျော်ကို
အုပ်ချုပ်ရေးမှူး
2015.....

# မုဒုံ-သုမှန်

# ရွက်သစ်ပြန်နေသူများ...



(၁)

"ဆရာ့အတွက် ဆတ်သားခြောက် ကျွန်တော့် လက်ဆောင်ပါ"

ကျွန်တော် အံ့အားသင့်သွားရပါတော့၏။ သူသည် ကျွန်တော့်မျက်နှာချင်းဆိုင် ခုံတန်းလျားမှာ ထိုင်ပြီး ထမင်းစားနေသူဖြစ်ပါလျက် သူ့အား တစ်ခါဖူးမျှ တွေ့ဖူးမြင်ဖူးခြင်းမရှိပါ။ သို့စဉ်လျက် သူသည် ကျွန်တော့်အား

ဆတ်သားခြောက်ကို လက်ဆောင်ပေးသည်ဆိုတော့ ကျွန်တော် အံ့အားသင့်သွားရပါတော့သည်။

ဖြစ်ပုံသည် ... ကျွန်တော်တို့ ချင်းတွင်းစာပေခရီး (၂၀၁၁) သည် နံနက် ၁၁ နာရီလောက်တွင် 'မစိန်' ကျေးရွာမှ ထွက်ခဲ့ရာ ညနေမိုးချုပ်တော့ ထမံသီသို့ ရောက်သည်။ ထိုထမံသီမြို့မှာပင် သဘော်ရပ်နားကာ စာပေဟောပြောပွဲကျင်းပပြီး ခရီးတစ်ထောက်နားကြမည်ဖြစ်၏။

ဦးစွာ ညစာစားကြမည်ဖြစ်သည်။ မြို့ရွာလူကြီးများ၏ စီမံထားချက်အရ ထမင်းဆိုင်တွင် ဝင်စားကြသည်။ စားပွဲဝိုင်းနှင့် ထိုင်စားရသော ထမင်းဝိုင်း မဟုတ်ပါ။ စားပွဲရှည်ခုံတန်းလျားနှင့် မျက်နှာချင်းဆိုင်ထိုင်စားသော ထမင်းဝိုင်းဖြစ်သည်။

ထိုထမံသီတွင် ဆတ်သားခြောက်ဆီပြန်ဟင်းရသည်။ ကျွန်တော်တို့ရောက်ရှိသော ချင်းတွင်းခရီးစဉ်လေးငါးမြို့တွင် ထိုအသားဟင်းမျိုးမရပါ။ ခါတိုင်း ရန်ကုန်မှာ တွေ့မြင်နေကျ ဟင်းလျာများကိုသာ တွေ့ရတတ်သည်။ ထမံသီရောက်မှ ထူးခြားစွာ ဆတ်သားခြောက်ရရှိခြင်းကြောင့် ကျွန်တော့်အား ချပေးရန် မှာလိုက်ပါသည်။

ဆတ်သားခြောက်ဟင်းပွဲကို တွေ့ရှိပြန်တော့ ကျွန်တော့်ညီမတွေကို ဦးစွာ သတိရမိတော့၏။ ညီမသည် ကျွန်တော့်အိမ်နှင့် အနီးအနားတွင်နေသည်။ ကျွန်တော့်တွင် မောင်နှမလေးယောက်ရှိရာ ကျွန်တော်က အကြီးဆုံးအိမ်ထောင်နှင့်ဖြစ်သည်။ သူတို့သုံးဦးက အိမ်ထောင်မရှိကြပါ။ ယခင်ကတော့ အစိုးရအမှုထမ်းများဖြစ်ကြပြီး ပင်စင်ယူပြီးကာမှ ကျွန်တော်နှင့် နီးနီးနားနားနေနိုင်ရန်အတွက် ယုဇနဥယျာဉ်မြို့တော်သို့ ပြောင်းရွှေ့လာကြသည်။ မိဘများမရှိတော့၍ ကျွန်တော့်အား အားကိုးအားထားပြုရန် ပြောင်းရွှေ့လာခြင်းလည်းဖြစ်၏။

ညီမငယ်သည် ဆတ်သားခြောက်၊ ငါးခြောက် စသော တာရှည်ခံအခြောက်များကို ကြိုက်ပါသည်။ သူသည် တစ်ခါတရံ ဆူပါမားကက်လို ကုန်တိုက်ကြီးများသို့သွားပြီး အသင့်စားသုံးရန် ပြုလုပ်ထားသော ကုန်ခြောက်ပစ္စည်းများကို ဝယ်တတ်သည်။ ဝယ်တိုင်းလည်း ကျွန်တော့်အား ဦးဦးဖျားဖျား ပေးလေ့ရှိသည်။ ဤအခါ ဆတ်



> **ကျွန်တော်သည် ဘဝတစ်လျှောက်လုံး နောင်တတရားများနှင့် ခရီးသွားခဲ့သည်။ အထူးသဖြင့် မိဘအပေါ်တွင် ဖြစ်၏။ မိဘများရှိစဉ်ကတော့ မိဘများကို လျစ်လျူရှုထားခဲ့သည်။ အမေတို့ အဖေတို့ ဘယ်လို နေသည် မကြည့်ခဲ့ပါ။ မသိခဲ့ပါ။ သားသမီး ဝတ္တရား ပျက်ကွက်ခဲ့၏။ ကျွန်တော့်အမေ ကို သူတို့ကသာ ကြည့်ရှုခဲ့၏။ ခုမှ အမေ့ကို ကြည့်ရှုချင်မိ၏။ သို့သော် အနှောင်းကြီး နှောင်းခဲ့ပြီဖြစ်သည်။**

သားခြောက်ကြော်လည်း ပါပါသည်။

ကျွန်တော်သည် လာချသော ဆတ်သားခြောက်ဆီပြန်ဟင်းအား မြင်မိရ၍ ညီမငယ် ဆတ်သားခြောက်ကြိုက်တတ်ကြောင်း အမှတ်ရလာ၏။ ထို့ကြောင့်လည်း ထမင်းဝိုင်းမှ ကောင်မလေးအား ...

''ဒီဆတ်သားခြောက် ဘယ်မှာရလဲ ဟင်''

''ဟိုဘက်ဆိုင်မှာ ရပါတယ်၊ ဝယ်ချင်ရင် ဝယ်ပေးမယ်''

''အေး ... အစိတ်သားလောက် လိုချင်တယ်''

တစ်အိမ်ထောင်အတွက်ပဲ မှာရခြင်းဖြစ်၏။ ကျွန်တော်က ဤအသားကို စားပေမယ့် ဇနီးသည်က ဝါးစရာသွားမရှိခြင်းကြောင့် စားမည်မဟုတ်ပါ။ ကျွန်တော်တို့အိမ်တွင် လင်ကိုယ်မယား နှစ်ဦးတည်းနေကြသည်။ သားနှင့်သမီးကတော့ နယ်မြို့များမှာဖြစ်သည်။ သို့ဖြစ်၍ ညီမတို့ တစ်အိမ်ထောင်စာအတွက်သာ မှာရသည်။ ကျွန်တော်စားချင်သပဆိုလည်း ညီမကိုပေးမည့်အထဲမှ တစ်မြှောင်းတလေ ဆွဲထားလိုက်တာပေါ့ဟု တွေးရင်း မှာလိုက်သည်။ သို့သော် ကောင်မလေးက–

''ငါးဆယ်သားမှ ရောင်းတယ်ဆရာ''

ကျွန်တော် စဉ်းစားရပြန်သည်။ စားမည့်သူက တစ်နပ်စာ လူနည်းနည်းလေး။ ပြီးတော့ ၅၀ သားဆိုတော့ တန်ကြေးက ငါးထောင်ကျမည်။ ရှင်းရှင်းဆိုရသော် ဤအဖိုးအခက ကျွန်တော့်အတွက် များနေ၏။ ခရီးစဉ်က အများကြီးကျန်နေသေး၏။ ထို့ကြောင့် ကျန်ရှိသော ခရီးစဉ်များအတွက် ကျွန်တော့်ငွေများကို ခြွေတာရဦးမည်။ ထို့ကြောင့် ကျွန်တော်သည် ငါးထောင်ဆိုသော တန်ကြေးကို စိစစ်နေရခြင်းဖြစ်သည်။

ထိုကျသင့်ငွေငါးထောင်ကိုကြည့်ပြီး ဆတ်သားခြောက်ဝယ်မည့်အကြံအစည်ကို ဥပေက္ခာပြုလိုက်ပါတော့သည်။ စိတ်ထဲမှာတော့ မကောင်းဖြစ်နေရပါ၏။ ညီမငယ်တို့ကို ကျွေးမွေးချင်ပါသည်။ ညီမငယ်တွေနှင့် ဆတ်သားခြောက်ပြဿနာ၊ ဆတ်သားခြောက်တွေနှင့် ငွေကြေးပြဿနာက လုံးရစ်ထွေးနေ၏။ ဝယ်လိုက်ပြန်က ငွေကြေးပြဿနာ မဝယ်လိုက်ပြန်က နောင်တဝေဒနာက ကျွန်တော့်အပေါ် ဖိစီးလေမည်ဖြစ်၏။

ကျွန်တော်သည် ကုက္ကုစ္စဟူသော ဝေဒနာမျိုးကို တစ်ဖန် မခံစားလိုတော့ပါ။ ထိုကုက္ကုစ္စဖြစ်စေမည့် ဝေဒနာမျိုးကိုလည်း မဖန်တီးချင်တော့ပါ။ ဖြစ်နိုင်မည်ဆိုလျှင် ကျွန်တော်သည် နောင်တတရားအလျဉ်းကင်းမဲ့သော လူသားတစ်ဦးဖြစ်ချင်ပါသည်။

ကျွန်တော်သည် ဘဝတစ်လျှောက်လုံး နောင်တတရားများနှင့် ခရီးသွားခဲ့သည်။ အထူးသဖြင့် မိဘအပေါ်တွင် ဖြစ်၏။ မိဘများရှိစဉ်ကတော့ မိဘများကို လျစ်လျူရှု ထားခဲ့သည်။ အမေတို့၊ အဖေတို့ ဘယ်လို နေသည် မကြည့်ခဲ့ပါ။ မသိခဲ့ပါ။ သားသမီး ဝတ္တရား ပျက်ကွက်ခဲ့၏။ ကျွန်တော့်အမေကို သူတို့ကသာ ကြည့်ရှုခဲ့၏။ ခုမှ အမေ့ကို ကြည့်ရှုချင်မိ၏။ သို့သော် အနှောင်းကြီး နှောင်းခဲ့ပြီဖြစ်သည်။ ခုတော့ ကျွန်တော်လည်း အိုပြီဖြစ်၏။ ကျွန်တော့်ညီမတွေလည်း အရွယ်နှောင်းကုန်ပြီဖြစ်သည်။ ကျွန်တော့်မှာတော့ ကူဖော်လောင်ဖက် ဇနီး၊ သားသမီးတွေ ရှိသေး၏။ သူတို့မှာတော့ သူတို့အရိပ်သာ ရှိသည်ဖြစ်၏။ ထို့ကြောင့်လည်း သူတို့သည် ကျွန်တော့်ကို အားကိုးရှာသည်ထင်၏။

ဤအချိန်သည် ကျွန်တော့်ဘဝ၏ နေဝင်ချိန်ဖြစ်သည်။ မသေခင် ကောင်းတာကို လုပ်သွားချင်သည်။ အထူးသဖြင့် ငယ်စဉ်က ကျူးလွန်ခဲ့သော၊ မှားယွင်းခဲ့သော မောင်နှမသားချင်းအပေါ် ထားရှိသော စိတ်ထားမျိုးပြောင်းရန်ဖြစ်သည်။ သူတို့အား စိတ်ထားကောင်းကောင်းမွန်မွန်နှင့် ပြုမူဆက်ဆံပါက (ကိုရီးယားဇာတ်လမ်းတွဲမှာလို) ကွယ်လွန်လေပြီးသော မိဘများ စိတ်ချမ်းသာမည်ဟု တွေးမိပါ၏။

ထို့ကြောင့် အမေ၊ အဖေတို့ကို သတိရတိုင်း သူတို့ထံ အလည်သွားလေ့ရှိသည်။ တစ်ခုခု ဝယ်ကျွေးလေ့ရှိသည်။ သူတို့တစ်တွေ ဝမ်းသာအားရနှင့် စားလေထိုင်း ကျွန်တော်ကြည်နူးရသည်။ သူတို့မှာ အမေ၊ အဖေတို့ကို ကျွေးမွေးပြုစုထားသော ကျေးဇူးတွေ အစုလိုက်အပြုံလိုက် ရှိသည်။ သူတို့ အမေ၊ အဖေတို့ကို သက်ရှိထင်ရှား ပြုစုစဉ်က ခံစားရသော ပီတိလိုမျိုး ကျွန်တော်ခံစားနေရသည်။

ထို့ကြောင့်လည်း ကောင်းမွန်သော စားစရာမျိုးကိုတွေ့လေတိုင်း မိခင်ကြီး အမှတ်နှင့် ညီမငယ်များကို အမှတ်ရနေတော့၏။ ခုလည်း ရှားပါးသော ဆတ်သားခြောက်များကို တွေ့ရ၍ သူတို့ကို ကျွန်တော် သတိရနေပါတော့၏။ မိုင် ၈၀၀ ကျော် ဝေးကွာသော ဒေသမှဖြစ်၏။ အမေ့မေတ္တာကို ငတ်မွတ်နေမှုကား အထွတ်အထိပ်မှာဖြစ်၏။

ကျွန်တော့်မှာ ဆန္ဒပြင်းပြမှု၊ ငတ်မွတ်မှုများ မကြာမကြာ ကြုံဖူးပါသည်။ အထူးသဖြင့် စာပေများဖြစ်၏။ မြတ်ပန်းရဂုံ စာပေဖြန့်ချိရေးကိုရောက်တိုင်း သူတို့စာပေမှ ထုတ်သော စာအုပ်များကို ကျွန်တော် တောင်းယူလေ့ရှိသည်။ တစ်ခါတရံ ဆန္ဒ အားကြီးလွန်း၍ဖြစ်စေ၊ အားနာ၍ဖြစ်စေ ပိုင်ရှင် ကိုအောင်ကျော်ထူးနှင့် အလုပ်သမားများ မသိအောင် ယူဖြစ်သည်။ တစ်ခါတလေ သိသွားတော့ ငါ့စာမူခကနေ နုတ်လိုက်ပေါ့ကွာဟု ရယ်ရွှန်းပတ်ရွှန်းဖြင့် ပြန်ပြောလေ့ရှိသည်။ တစ်ခါမှလည်း မနုတ်ဖြစ်ပါ။

ကျွန်တော်သာ ငတ်မှုများကို ထိုသို့ ဖြေဖျောက်ခဲ့သော်လည်း ထိုသို့ပြုလုပ်သည်ကို ပြစ်မှုတစ်ခု ကျူးလွန်သည်ဟု မသတ်မှတ်ပါ။ သူတစ်ပါး၏ ငတ်မှုဆန္ဒ ပြင်းမှုကိုကား ကျွန်တော်သည် ရက်ရက်စက်စက်ကြီး မသိကျိုးကျွန်ပြုခဲ့သည်။ လျစ်လျူရှုခဲ့သည်။ ယနေ့တိုင် တနုံ့နုံ့ခံစားနေရဆဲဖြစ်၏။

ဤအဖြစ်အပျက်ကလည်း ချင်းတွင်း စာပေခရီးစဉ်မှ အဖြစ်အပျက်တစ်ခုဖြစ်၏။ ခန္တီးသို့ အဆန်ခရီးစဉ်မှာဖြစ်သည်။ ကျွန်တော်တို့ သင်္ဘောသည် မစိန်ရွာသို့ နံနက် ၉ နာရီလောက်တွင် ရောက်သည်။ တိုက်နယ်ဆရာဝန် ဒေါက်တာမျိုးသက်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုးမြင့်သန်းတို့က ကြည်ကြည်ဖြူဖြူကြိုဆိုကြသည်။

ဆရာချစ်စံဝင်းနှင့် ဆရာချစ်နိုင်(စိတ်ပညာ)တို့က ရသောအချိန်ကလေးနှင့် ဟောပြောပွဲလုပ်နေသည်။ ထိုအခိုက်မှာပင် အဖွဲ့မှာပါသော သက်ဆိုင်ရာအဖွဲ့သားများက ချင်းတွင်းစာပေခရီးစဉ်ဆိုသော စာအုပ်ကို ရန်ပုံငွေအဖြစ် ရောင်းချနေသည်။ ထိုစာအုပ်ကို ကျေးရွာစာဖတ်ခန်းအတွက် လှူလည်းလှူပါသည်။ ကျေးရွာလူထုကိုလည်း တစ်အုပ်လျှင် (၁၀၀၀/-)ကျပ်နှင့် ရောင်းချပါသည်။

ထိုစာအုပ်သည် ခရီးစဉ်တွင်ပါဝင်သော (ကျွန်တော်အပါအဝင်) စာရေးဆရာများ ရေးသားထားသောစာအုပ်ဖြစ်သည်။ ရေးသူ စာရေးဆရာများ၏ ရုပ်ပုံပါ ထည့်သွင်းဖော်ပြထားသော စာအုပ်ဖြစ်သည်။ ဝယ်သူအများအပြားရှိ၏။ စာရေးဆရာတိုင်းကိုလည်း မည်သူမည်ဝါဖြစ်သည်ကို



**ကျွန်တော့်မှာ ဆန္ဒပြင်းပြမှု၊ ငတ်မွတ် မှုများ မကြာမကြာ ကြုံဖူးပါသည်။ အထူး သဖြင့် စာပေများဖြစ်၏။ မြတ်ပန်းရဂုံ စာပေဖြန့်ချိရေးကိုရောက်တိုင်း သူတို့စာပေ မှ ထုတ်သော စာအုပ်များကို ကျွန်တော် တောင်းယူလေ့ရှိသည်။**

မေးမြန်းကြ၏။ အော်တိုမှာလည်း လက်မှတ်ရေးထိုး အမှတ်တရစာရေးခြင်း ပြုစေ၏။ အတော်လေး စာပေလိုက်စားတာတွေ တွေ့ရ၏။

‘‘ဆရာက ဘယ်သူပါလဲ’’

အသက် ၁၈ နှစ်အရွယ် ကလေးမ တစ်ယောက်နှင့် သူ့အမေဟု ယူဆရသော မိန်းမကြီးတစ်ယောက်က ကျွန်တော့်ကို လာမေးပါသည်။ ကျွန်တော်ကလည်း ကျွန်တော့် ကလောင်အမည်ကို ပြောပြတော့ သူကလေးကလည်း ကျွန်တော်ရေးသည့် မဂ္ဂဇင်းစာအုပ်တွေ ကျေးရွာစာကြည့်တိုက်မှာရှိကြောင်း ပြောပြ၏။ သို့နှင့် ထိုသားအမိအား ခပ်ကြွားကြွားနှင့် ပြောလိုက်ပါ၏။

‘‘ဟိုမှာရောင်းနေတဲ့ စာအုပ်ထဲမှာလည်း ပါတယ်လေ’’

ကျွန်တော်က လက်ငင်းရောင်းချနေသော ချင်းတွင်းစာပေခရီးစာအုပ်ကို ရည်ညွှန်းပြီးပြောလိုက်သည်။ သူတို့တစ်တွေက ကျွန်တော့်စကားကြောင့် ခဏမျှ မှင်တက်မိနေပါတော့၏။ ပြီးမှ ...

‘‘လက်ဆောင်လေးတစ်အုပ်လောက် ပေးပါလား’’

မိခင်ကြီးက တောင်းဆိုလိုက်၏။ ကလေးမလေးက မျက်နှာအိုသွားပါတော့သည်။ အပျိုမဖို့ထင်ပါသည်။ ယခုလို ငတ်မွတ်စွာ တောင်းရမ်းသည်ကို ရှက်လွန်း၍ ထင်ပါသည်။ ကျွန်တော်ကလည်း သူတို့၏ ဆန္ဒနှင့် ငတ်မွတ်မှုကို ဥပေက္ခာပြုသည့် အနေနှင့် ...

‘‘ရောင်းတာလေ’’ဟု နှင်မထုတ်ပေမယ့် နှင်ထုတ်သည့်လေသံဖြင့် ရက်စက်စွာ ပြောလိုက်သည်။ သူတို့လည်း လှည့်ထွက်သွားတော့သည်။ ဘယ်လိုခံစားရမည်ကိုလည်း မသိပါ။ ဂရုမထားပါ။

\+ \+ \+


(၂)

ယခု ထမံသီကိုရောက်တော့ ကျွန်တော့်အား သူစိမ်းလူငယ်လေးတစ်ယောက်က ကျွန်တော် ဆတ်သားခြောက်ကို လိုချင်မှန်းသိ၍ လက်ဆောင်ပေးလာပါသည်။ ထိုလူငယ်သည် ကျွန်တော်တို့ စာပေခရီးစဉ်အဖွဲ့သားများလည်း မဟုတ်။ ရွာခံစာပေဝါသနာရှင်ထဲမှ ဖြစ်သည်။ ဤသို့သော လူငယ်သည် ဘယ်အတွက်ကြောင့် လစ်ဟာနေသော ကျွန်တော့်ဆန္ဒ တစ်နေရာအား ဖြည့်ဆည်းပေးရသနည်း။

ချက်ချင်းပင် မစိန်ကျေးရွာ၌ တွေ့ရှိရသော သားအမိမျက်နှာကို ပြေးမြင်မိတော့သည်။ တစ်ဆက်တည်းပင် အမေ၊ အဖေတို့၏မေတ္တာကို နောင်တတရားနှင့် ငတ်မွတ်နေမှုကို ညီမငယ်တို့နှင့် အစားထိုး ရယူခဲ့၏။ စာပေငတ်မွတ်နေမှုကို မြတ်ပန်းရဂုံ စာပေဖြန့်ချိရေးမှ ရယူခဲ့၏။ ယခု ဆတ်သားခြောက်ရလိုမှုကို မျက်နှာစိမ်းလူငယ်ထံမှ ရယူခဲ့သည်။ ကျွန်တော့်အဖို့ ငတ်မွတ်မှုသည် အရာရာ ပြည့်စုံခဲ့၏။

စာအုပ်တန်ဖိုး (၁၀၀၀ိ/-) ကို ကျွန်တော် တွန့်တိုနေခဲ့ပေမယ့် ငါးထောင်ဖိုးသော ဆတ်သားခြောက်ကိုတော့ မျက်နှာစိမ်းလူငယ်ကလေးက ရက်ရောစွာ ကြည်ဖြူခဲ့သည်။ ဤခံစားချက်ကို သူတို့ သားအမိ သိသွားပါက ကျွန်တော့်အား သဒ္ဓါတရားနှင့် မပြီးပြည့်စုံသော စာရေးဆရာတစ်ယောက်ဟု ဆိုမှာလေလား။ ။

**မုဒုံ–သုမွန်**



မင်းဗေဒါ (ပွင့်ဖြူ)

# အနုသယ ခုနစ်ပါး သံယောဇဉ်ဆယ်ပါး

**အမေ** သည် သားသမီးနှင့် မြေးများအပေါ် အလွန်သံယောဇဉ်ကြီးပါသည်။ မွေးဖွားတော်စပ်သည့် သွေးသားသံယောဇဉ်သာမက အိမ်ပတ်ဝန်းကျင်မှသတ္တဝါလေးများအပေါ်တွင်လည်း သံယောဇဉ်တွေထားကာ တွယ်တာနှောင်ဖွဲ့နေတတ်လေသည်။ သံယောဇဉ်နှောင်ဖွဲ့ခြင်းသည် မြန်မာ့ မိသားစုအသိုက်အမြုံအတွက်



နှစ်လိုဖွယ်လက္ခဏာတစ်ခုဖြစ်သော်လည်း ဤသံယောဇဉ်ကြောင့်ပင် မနှစ်မြို့ဖွယ်ကိစ္စများ ကြုံတွေ့နေသည်မှာ မဖြစ်သင့်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော် ရွာမှထွက်လာပြီး ရန်ကုန်မြို့ကြီးပေါ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်အကိုင်ရသောအခါ အဖေနှင့်အမေကို ရန်ကုန်သို့ ခေါ်ထားလိုက်ပါသည်။ အစပထမတွင် အဖေသာ လိုက်လာပြီး အမေက သမီးဖြစ်သူနှင့်အတူ ရွာတွင်နေခဲ့သည်။ သမီးက မွေးသော မြေးများကို သံယောဇဉ်တွယ်နေ၍ ရုတ်တရက်လိုက်မလာနိုင်ခြင်းဖြစ်သည်။ တစ်နှစ်ခန့်ကြာသောအခါ ရွာမှ ကျွန်တော့်ညီမမှာလည်း သူ့အိမ်ထောင် သူ့ကလေးများဖြင့် မနိုင်မနင်းဖြစ်ကာ အမေ့ကို လာခေါ်ဖို့ ပြောသည်။ အမေက မြေးတွေကို မခွဲချင်၊ သားဆီသို့လည်း လာနေချင်သည်။ သည်တော့ အမေအဆင်ပြေအောင် အမေနှင့်မြေး တစ်ယောက်ကို ရန်ကုန်သို့ ခေါ်ထားလိုက်ပါသည်။ ရန်ကုန်ဆင်ခြေဖုံးတွင် အိမ်ငှားနေရင်း ကျွန်တော့်ဝန်ထမ်းလစာလေးဖြင့် အဖေ၊ အမေနှင့် တူလေးတို့ကို ကျွေးမွေးစောင့်ရှောက်ထားခဲ့ပါသည်။

မိဘနှစ်ပါး ရန်ကုန်ရောက်ပြီး (၅) နှစ်အကြာ အဖေဆုံးသည်။ တူလေးကို ရွာပြန်ပို့ပြီး အမေ့ကို ဆက်လက်ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။ အဖေဆုံးပြီး တစ်နှစ်အကြာ ကျွန်တော် အိမ်ထောင်ပြုသည်။ အမျိုးသမီးမှာလည်း ဘဝတူဝန်ထမ်းဖြစ်သဖြင့် ဝန်ထမ်းလစာဖြင့် ရပ်တည်ကြသည်။ အိမ်ထောင်ကျပြီး တစ်နှစ်ခွဲ၌ သမီးဦးမွေးဖွားသည်။ နောက်တစ်နှစ်အကြာ သားတစ်ယောက်ထပ်မွေးသည်။ မိသားစု ၅ ယောက်ဖြစ်သွားပြီး လူဦးရေတိုးပွားလာသလို ကုန်ဈေးနှုန်းကလည်း မြင့်မားလာရာ မနိုင်ဝန်ကို ထမ်းရသည်သို့ ရှိလာ၏။

အမေသည် မြေးမနှင့် မြေးများအပေါ် သံယောဇဉ်ကြီးစွာ ထားသည်။ မြေးနှစ်ဦးကို ချစ်လွန်းသဖြင့် မပြောရက် မဆိုရက် အလိုလိုက်ထားပြီး ကလေးတွေဘာလုပ်လုပ် ကြည့်ရှုကြည့်နေတတ်သည်။ အဘွားနှင့် အချိန်ပြည့်နေရသော ကလေးနှစ်ဦးမှာ အမြင့်တက်ရင်း လိမ့်ကျ၊ ပြေးလွှားဆော့စားရင်း လဲကျကွဲပြဲ၊ အိမ်ရှိ အဖိုးတန်ပစ္စည်းများ ယူဆော့ရင်း ပျောက်ဆုံးပျက်စီး စသည်ဖြင့် နေ့စဉ် ပြဿနာအမျိုးမျိုး ကြုံနေတတ်သည်။ ထိုအခါ မိန်းမနှင့် အမေ မကြာခဏ စကားများကြတော့သည်။ စကားများသည်ဆိုသော်လည်း ခွန်းကြီးခွန်းငယ် တုံ့ပြန်ပြောဆို၍ ရန်ဖြစ်ခြင်းပုံစံမျိုးမဟုတ်။ မိန်းမပြောသမျှကို အမေက တအင်းအင်းဖြင့် နားထောင်နေပြီး “သမီးပြောတာတွေ အမေ ဘယ်လိုမှ သဘောမထားပါဘူး”ဟုသာ ပြန်ပြောတတ်သည်။ ထိုစကားအဓိပ္ပာယ်မှာ ဘာပြောပြော ဂရုမစိုက်ဘူးဟူသော အဓိပ္ပာယ်သက်ရောက်နေသဖြင့် မိန်းမမှာ ပို၍စိတ်ဆိုး၊ ပို၍ဒေါသဖြစ်နေလေတော့သည်။

**အမေသည် မြေးမနှင့် မြေးများအပေါ် သံယောဇဉ်ကြီးစွာထားသည်။ မြေးနှစ်ဦးကို ချစ်လွန်းသဖြင့် မပြောရက် မဆိုရက် အလိုလိုက်ထားပြီး ကလေးတွေဘာလုပ်လုပ် ကြည့်ရှုကြည့်နေတတ်သည်။ အဘွားနှင့်အချိန်ပြည့်နေရသော ကလေးနှစ်ဦးမှာ အမြင့်တက်ရင်း လိမ့်ကျ၊ ပြေးလွှားဆော့စားရင်း လဲကျကွဲပြဲ၊ အိမ်ရှိ အဖိုးတန်ပစ္စည်းများ ယူဆော့ရင်း ပျောက်ဆုံးပျက်စီး စသည်ဖြင့် နေ့စဉ် ပြဿနာအမျိုးမျိုး ကြုံနေတတ်သည်။**

အမေ့ကို ထမင်းဟင်းချက်ခိုင်းထားမိလျှင် လျှပ်စစ်မီးဖိုအသုံးပြုပြီး မကြာခဏ မေ့လျော့နေတတ်သဖြင့် ဝါယာရှော့ခ်ဖြစ်ကာ မီးလန့်သည်လည်း အကြိမ်ကြိမ်ပင်။ တစ်နေ့တွင် အိမ်သာပျက်သဖြင့် ရေလောင်းချ၍ မရဘဲ မစင်များ အိမ်သာအပြည့်ဖြစ်နေသည်။ ကျွန်တော်က တုတ်ထိုး၍ ကြိုးစားပမ်းစား အိမ်သာပြင်ကြည့်သော်လည်း မရပေ။ အလုပ်သမားခေါ်၍ခိုင်းလျှင် အဆမတန် ငွေပေးနေရမည်ကို စိုးရိမ်သဖြင့် မိန်းမက သူကိုယ်တိုင်လုပ်သည်။ လက်ကို ပလတ်စတစ်အိတ်စွပ်လျက် မစင်များကို နှိုက်ထုတ်ကော်ပစ်သည်။ ထိုမြင်ကွင်းကို အမေမြင်တွေ့သွားပြီး တဝေ့ဝေ့ ထိုးအန်ပါတော့သည်။ ရွံရှာတတ်သော အမေသည် ထိုနေ့တစ်နေ့လုံး မိန်းမချက်ပြုတ်သည့် ထမင်းဟင်းကို လုံးဝမစားပေ။ အကဲပိုလွန်းသော အမေ့ကို မိန်းမက ဒေါသဖြစ်၏။ သည်အိမ်သာပျက်ရသည်မှာလည်း ရေမသုံးဘဲ စက္ကူသုံးကာ အိမ်သာထဲ လုံးထွေးထိုးထည့်တတ်သည့် တောသူမအမေ့ကြောင့် ယခုလိုပျက်ရသည်ဟုဆိုကာ ဒေါသပေါက်ကွဲတော့သည်။ အမေကမူ “သမီးပြောတာ ဘယ်လိုမှ သဘောမထားပါဘူး”ဟု လေသံအေးအေးဖြင့် စကားအဆုံးသတ်၏။ ထိုစကားကြားတိုင်း ဒေါသဒီဂရီတက်လာတတ်သည့် မိန်းမသည် သူမ၏ဒေါသမြားဦးကို ကျွန်တော့်ဘက်လှည့်လိုက်ပြီး အမေ့ကိုရွာပြန်ပို့ရန် ဆုံးဖြတ်ချက်ချခိုင်းသည်။ ကျွန်တော့်က မိဘကို ကျွေးမွေးပြုစုရန်တာဝန်ရှိသည်ဟု ရှင်းပြပြီး တင်းခံနေလိုက်သည်။ သို့သော် ကြာကြာ မတင်းခံနိုင်ပါ။ ကလေးများ ကျောင်းထားရတော့မည်။ ကျောင်းစရိတ်၊ ကျူရှင်လခ၊ မိသားစု ၅ ယောက် စားဝတ်နေရေးစရိတ်များမှာ လစာဖြင့် မလောက်ငတော့ကြောင်းကို ထိပ်ပိုင်းပြဿနာအဖြစ် မိန်းမက ထောက်ပြလာသည်။ ရွာမှာ ညီမရှိနေသေးရာ ညီမဖြစ်သူက အမေ့ကို တစ်လှည့်လုပ်ကျွေးပါစေဟု ဆိုလာသောအခါ ကျွန်တော် အလျှော့ပေးလိုက်ရပါသည်။

မိဘကို ခေါ်ယူကျွေးမွေးထားသူတိုင်း မိမိ၏မိသားစုအသစ်တွင် မိမိ မိဘများ အဆင်ပြေပြေ ဝင်ဆံ့နေနိုင်

ရေးမှာ ထင်သလောက်မလွယ်ကြောင်း သင်ခန်းစာရခဲ့ပါသည်။ အမေသည် ရန်ကုန်မှ သားသမီး မြေးများကို မခွဲခွာချင်ဘဲ မျက်ရည်စမ်းစမ်းဖြင့် ရွာပြန်သွားရရှာသည်။ ယောက္ခမဒဏ်မှ ကျွတ်ပြီဟူသော အထိမ်းအမှတ်ဖြင့် မိန်းမက အမေ့ကို ငွေကျပ်တစ်သိန်းကန်တော့လိုက်ပါသည်။ လစဉ် ငွေနှစ်သောင်း ထောက်ပံ့ပေးပါမည်ဟုလည်း ကတိကဝတ်ပေးလိုက်သည်။

အမေရွာပြန်သွားသောအခါ ကျွန်တော်စိတ်မကောင်းဖြစ်ရသည်။ သားကြီးဖြစ်ပါလျက် အမေ့ကို တာဝန်ယူကျွေးမွေးမထားနိုင်ခြင်းအတွက် စိတ်မကောင်းဖြစ်ရသည်။ ကတိအတိုင်း အမေ့ထံ ငွေနှစ်သောင်းပို့သည်။ နောက်လများတွင်မူ တစ်သောင်းခွဲသာပို့နိုင်တော့သည်။ လေးငါးလကြာသော် ငွေငါးထောင်လောက်သာ ပို့နိုင်တော့သည်။ တစ်နှစ်ခန့်ကြာသော် တစ်ပြားမှ မပို့နိုင်တော့ပါ။ ထိုတစ်နှစ်အတွင်း အမေ့ထံမှ (စာတိုက်မှတစ်ဆင့်) စာလေးငါးကြိမ်လာပါသည်။ အမေနှင့် သမက်မတည့်သည့်အကြောင်း၊ သမက်က အမေ့ကို အိမ်ပေါ်မှနှင်ချကြောင်း၊ သမီးက အိမ်ငှားပေးသဖြင့် တစ်ယောက်တည်းနေရကြောင်း၊ သားပို့သည့်ပိုက်ဆံဖြင့် ဆန်ဝယ်စားရကြောင်း၊ သားထံမှ ငွေမလာလျှင် အကြွေးယူထားရကြောင်း စသည်ဖြင့် စိတ်မချမ်းသာစရာများချည်းဖြစ်သည်။ ထိုစာများကို မိန်းမလည်း ဖတ်မိပြီး သက်ပြင်းချသည်။ မြောက်ဥက္ကလာပတွင် မိန်းမ၏မိဘများ သက်ရှိထင်ရှားရှိနေကြသေး၏။ ထိုမိဘများကိုပင် တစ်နှစ်နေမှ သီတင်းကျွတ်တစ်ကြိမ်သာ ကန်တော့နိုင်ကြသည်။ သည်လို အခြေအနေတွင် ကျွန်တော့်အမေကို ပြန်ခေါ်ထားဖို့ကိစ္စအား ပြောမထွက်ပါ။

ဝန်ထမ်းလုပ်သက် ၁၆ နှစ် ကြာသောအခါ လင်မယားနှစ်ယောက်လုံး သာမန်အမှုထမ်းဘဝမှ အရာထမ်းအဖြစ် ရာထူးတိုးမြှင့်ရရှိခဲ့သည်။ အရာရှိလစာဖြစ်၍ မူလ လစာထက် နှစ်ဆကျော်များပြားလာရာ ရာထူးတိုးလစာထုတ်သောနေ့တွင် ကျွန်တော် ပထမဦးဆုံးလုပ်သောအလုပ်မှာ အမေ့ကို ရွာမှပြန်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ သင့်တင့်ကျယ်ဝန်းသော ဝန်ထမ်းအိမ်ရာလည်း ရရှိခဲ့သဖြင့် မိသားစု ၅ ဦးနေပျော်သော အခြေအနေတစ်ခုသို့ ရောက်ရှိလာခဲ့ပြန်ပါသည်။

''ငါ အမေ့ကို ကျွေးမွေးထားတယ်၊ ဝဝလင်လင်ကျွေးမွေးနိုင်ရုံမက စိတ်ချမ်းချမ်းသာသာဖြစ်အောင်လည်း ထားမယ်''ဟု စိတ်ပိုင်းဖြတ်ကာ အမေဘာလုပ်လုပ် ခွင့်လွှတ်၊ ခွင့်ပြုပေးထားပါသည်။ အမေဘာလုပ်လုပ်ဟု ဆိုလိုက်ရခြင်းမှာ အမေသည် ဘာမှမလုပ်ရလျှင် မနေတတ်သောသူဖြစ်ခြင်းကြောင့်ပင်တည်း။ သားသမီးမြေးများအတွက် တစ်နေ့လျှင် အကျိုးရှိရာတစ်ခုခု၊ အထောက်အကူဖြစ်ရာ ကိစ္စတစ်ရပ်ရပ်ကို လုပ်ပေးလိုခြင်းမှာ အမေ၏ စိတ်ရင်းအမှန်ပင်ဖြစ်၏။ ကျွန်တော်တို့လင်မယားက ဖြစ်စေချင်သည်မှာ ကလေးနှစ်ယောက်ကို ကျောင်းမသွားမီ ဂရုစိုက်၊ ကျောင်းပြန်လာလျှင် ဂရုစိုက်၊ အန္တရာယ်ဖြစ်လောက်အောင် မဆော့စေနှင့်၊ ပြောဆိုဆုံးမ၊ ရိုက်တန်သင့်ရိုက် သည်လောက်ပဲဖြစ်သည်။ အမေက ထိုသို့မဟုတ်။ ပေါက်ပြားတစ်လက်၊ ဓားမတစ်ချောင်းဖြင့် အိမ်ရှေ့၊ အိမ်နောက်ဖေးတွင် မြေကြီးများတူးဆွကာ ကန်စွန်းပင်၊ ချဉ်ပေါင်ပင်၊ ပန်းအလှပင်များ စိုက်ချင်စိုက်နေတတ်သည်။ မီးပျက်လျှင် ထင်းမီးဖိုဖြင့် ချက်ပြုတ်နိုင်ရန် သစ်ကိုင်းတွေ ခုတ်ချင်ခုတ်နေတတ်သည်၊ တံမြက်လှည်းလျှင် ခြံဝင်းအတွင်းသာမက ခြံအပြင်လမ်းမပေါ်ထိ မပြီးစီးနိုင်ဘဲ လှည်းချင်လှည်းနေတတ်သည်။ မလုပ်ပါနှင့်ဟု တားမြစ်ထားသည့် ချွေးမထမီ လျှော်ဖွပ်ခြင်းများ၊ လျှပ်စစ်မီးဖိုအသုံးပြုခြင်းများ၊ ဟိုအိမ်ဒီအိမ်ကူးလူးသွားလာခြင်းများ လုပ်ချင်လုပ်နေတတ်သည်။ အဘွားလုပ်သကဲ့သို့ ကလေးများကလည်း ပိုင်းကူလုပ်ကြရာ ခြေထောက်ပေါက်ပြားထိခြင်း၊ လက်ဓားရှခြင်းဖြင့် ကလေးနှစ်ယောက် တစ်နေ့တစ်မျိုး ဒဏ်ရာကိုယ်စီရနေကြသည်။ သားသမီးတွေထိခိုက်တော့ ထုံးစံအတိုင်း မိန်းမကဆူ၏။ ''ကန်စွန်းရွက်တစ်စီး ၅၀၊ ၁၀၀ ကျပ်၊ ကြိုက်သလောက် ဝယ်စားလို့ရတယ်၊ ဒါမျိုးတွေလုပ်မနေပါနဲ့၊ ကလေးတွေ ဓား၊ ပေါက်ပြား၊ သံတူရွင်းကိုင်တာ အန္တရာယ်များပါတယ်''ဟု ပြော၏။ ထိုအခါ အမေက သူမလက်သုံးစကားဖြင့် ''သမီးပြောတာ ဘယ်လိုမှ သဘောမထားပါဘူး''ဟု ရိုး ရိုးသားသား ပြန်ပြောရှာပါသည်။ ဘေးကကြားရသူအပေါင်းမှာ မိန်းမသည် ယောက္ခမကိုနိုင်စားသော မိန်းမဆိုးကြီးအဖြစ် အထင်ရောက်စေလေသည်။ ပြဿနာတစ်ခုဖြစ်တိုင်း အမေလွန်နေသည်လည်းမဟုတ်။ မိန်းမဆိုးသွမ်းနေသည်လည်း မဟုတ်။ ဘယ်ဘက်လိုက်၍ ရပ်တည်ရမှန်းမသိသော ကျွန်တော်သည် အမေလည်း ဝမ်းမနည်းရအောင်၊ မိန်းမဒေါသလည်း ပိုဆိုးမလာအောင် ခပ်ဝေးဝေး



ရှောင်နေမိပါသည်။ မုန်တိုင်းစဲသွားမှ မိန်းမကို လေပြေထိုးရ၏။ နောင်ဒါမျိုးမဖြစ်စေရပါဟု အမေ့ကိုယ်စား ကြားဝင်ပြီး အာမခံချက်ပေးရ၏။ တစ်ဖက်တွင်လည်း အမေ့ကို ချော့မော့၍ နောင်ဒါမျိုးမဖြစ်ပါစေနှင့်။ ဘုရားစာရွတ်၊ ပုတီးစိတ် အိမ်ဦးခန်းမှာ အေးအေးဆေးဆေး နေပါဟု မှာရသည်။

ခက်သည်ကား အမေသည် ဒါမျိုးကိစ္စထပ်မဖြစ်သည့်တိုင် နောက်ထပ် မရိုးနိုင်သောကိစ္စအသစ်တစ်ရပ် ထပ်၍ဖြစ်၏။ မရေတွက်နိုင်သောကိစ္စများအနက် ခွေးဝဲစားတစ်ကောင်ကို လက်ခံကျွေးမွေးထားခြင်းသည်လည်း အပါအဝင်ဖြစ်ပါသည်။

ဘယ်ကရောက်လာမှန်းမသိသော ခွေးဝဲစားတစ်ကောင် အိမ်ရှေ့တွင် ရစ်သီရစ်သီလာနေရာ အမေမြင်တွေ့သွားပြီး ထမင်းဟင်းကျန်များ ချကျွေးပါသည်။ ထမင်းဟင်းမကျန်လျှင်လည်း စားနေဆဲပန်းကန်မှ ထမင်းဟင်းကို ကျန်အောင်ချန်၍ ကျွေးတတ်ပါသည်။ တစ်ခါတရံတွင်လည်း မိသားစုထမင်းမစားရသေးမီ ခွေးက ဦးဦးဖျားဖျား စားရသော အခြေအနေမျိုး ဖြစ်လာတတ်ပါသည်။ ခွေးဝဲစားသည်လည်း နေစရာ အတည်တကျ၊ အချိန်မှန်စားရကာ သခင်အသစ်ဖြင့် ချစ်စရာခွေးကြီးဖြစ်လာပါတော့သည်။ အမေ့စကားအရ ကလေးနှစ်ယောက်၏ ကစားဖော်လည်းဖြစ်ကာ အမေ၏ စကားပြောဖော်လည်း ဖြစ်လာသည်ဟု ဆိုပါသည်။

''သားရယ် ...ခွေးကြီး ကလေးနှစ်ယောက်ကို သိပ်ချစ်တာ၊ မောင်နှမနှစ်ယောက်လုံး ခွေးပေါ်တက်စီးတယ်၊ အငယ်ကောင်က ခေါင်းကို ခြေထောက်နဲ့ပိတ်ကန်တယ်၊ အမြီးကို ကြိုးနဲ့ ချည်ပြီး ဆွဲတယ်၊ ခွေးက ကလေးနှစ်ယောက်ကို တော်တော်လေး သည်းခံတယ်၊ သူ့ကို ဘယ်လောက်ပဲ နာကျင်အောင် လုပ်လုပ် ပြန်မကိုက်ဘူး၊ ကလေးတွေ ကျောင်းသွားရင် လမ်းထိပ်ထိလိုက်ပို့တယ်၊ ကျောင်းပြန်လည်း သွားကြိုတယ်၊ လူစိမ်းတွေအိမ်လာရင်တော့ ဟောင်သံတောင်မပေးဘဲ ကိုက်လွှတ်တယ်'' ဟု အမေက ပြောပြပါသည်။ သတင်းစာလာပို့သူကို ခွေးကိုက်သဖြင့် လာမပို့ရဲတော့ဟု ဆိုသည်။ သတင်းစာကို ရုံးမှ ပြောင်းယူရပါသည်။ ခွေးဆိုသည်မှာ ချောင်ပိတ်ရိုက်လျှင်တော့ ပြန်ကိုက်ပါလိမ့်မည်။ အခြေအနေတစ်ရပ်ရပ်တွင် ကလေးများအတွက် အန္တရာယ်ဖြစ်မည်စိုးရိမ်၍ ခွေးကိုမကျွေးရန်၊ မောင်းထုတ်ရန် မိန်းမက မှာသည်။ အမေကတော့ တအင်းအင်းဖြင့် ခေါင်းညိတ်ပြီး ကွယ်ရာတွင် ကျွေးမြဲကျွေး၊ မွေးမြဲမွေးနေလေသည်။ ကျွန်တော် အိမ်သို့ ရုံးမှမိတ်ဆွေများ၊ ကျောင်းနေဖက်မိတ်ဆွေဟောင်းများ မကြာခဏ ဝင်ထွက်နေကြရာ လေး၊ ငါးဦး ခွေးကိုက်ခံရသည်။ မျက်နှာလည်းပူ၊ အားလည်းနာ၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့ စီစဉ်ပေးရဖြင့် အလကားနေရင်း စိတ်ဒုက္ခများကြရပါသည်။ မိန်းမသည် အမေ့အပေါ် ဒေါသဖြစ်ရန်ပင် အင်အားမရှိတော့ဘဲ သည်ခွေးကိစ္စကို အပြတ်ရှင်းရန် ကျွန်တော့်ကို တာဝန်ပေးပါတော့သည်။

ကျွန်တော်သည် သူ့ရဲကောင်း မဟုတ်သဖြင့် ခွေးကို အဆိပ်ကျွေးပြီး မသတ်ရဲပါ။ ခွေးကို ခြောက်လှန့်ရိုက်နှက်မောင်းထုတ်သော်လည်း အချိန်တန်လျှင် နေမြဲနေရာ၌ ခွေလျက် အိပ်နေသည်ကို မြင်တွေ့ရ၏။ အမေက ''နေပါစေသားရယ်၊ မလုပ်ပါနဲ့''ဟု တားမြစ်သည်။

''အမေရယ် ...အမေ့အသက်လည်း ၇၀ နီးပါးရှိနေပြီ၊ ဘာမဟုတ်တဲ့ခွေးတစ်ကောင်အပေါ် ဥပေက္ခာမပြုနိုင်လောက်အောင် သံယောဇဉ်တွယ်တာနေတာ မဟုတ်သေးပါဘူး''ဟုပြောမိရာ အမေက–

''သားပြောလို့ ပြောရအုံးမယ်၊ ဒီခွေးက သေချာပေါက်မင်းအဖေဝင်စားတာနေမှာပဲ၊ အမေ့စကားကို ခွေးက တော်တော် နားလည်တယ်၊ ငါ ဒီနေ့ ဥပုသ်စောင့်တယ်၊ နင်လည်း ဒီနေ့ ညစာစားရမှာမဟုတ်ဘူး လို့ ပြောလိုက်ရင် ခွေးက ညစာစားချိန် ထွက်မျှော်မနေတော့ဘူး၊ သူ့အိပ်နေကျနေရာမှာ စောစောဝင်အိပ်တယ်၊ မနက်အစောကြီး အမေထလာရင် ခွေးက ပြေးလာဆီးကြိုပတပ်ရပ်ပြီး ဖက်တော့တာပဲ၊ ရေးဟောင်းနှောင်းဖြစ်တွေပြောပြရင် သူက ခေါင်းလေးမော့ပြီး သေချာနားထောင်တာ၊ ကလေးတွေရဲ့ အနှံ့အတာခံပုံထောက်ရင် သေချာပေါက်မင်းအဖေဝင်စားတာပဲ၊ အမေ ဘယ်လိုမှ ခွေးကို မောင်းမထုတ်ရက်ဘူး''ဟု ပြောလေသည်။

အဖေဆုံးသည်မှာလည်း ကြာလှပေပြီ။ ခုမှ ခွေးဝင်စားဖြစ်သည်ဆိုခြင်းမှာလည်း မဟုတ်နိုင်ပါ။ ကျွေးသည့်သခင်ကို ကျေးဇူးတင်ချစ်ခင်တတ်သည်မှာ ခွေး၏သဘာဝပင်ဖြစ်ပါကြောင်း သည်လိုသံယောဇဉ်

''သားပြောလို့ ပြောရအုံး မယ်၊ ဒီခွေးက သေချာပေါက် မင်းအဖေဝင်စားတာ နေမှာပဲ၊ အမေ့စကားကို ခွေးက တော်တော်နားလည် တယ်၊ ငါ ဒီနေ့ ဥပုသ်စောင့်တယ်၊ နင်လည်း ဒီနေ့ ညစာ စားရမှာမဟုတ်ဘူး လို့ ပြောလိုက်ရင် ခွေးက ညစာစားချိန် ထွက်မျှော်မနေတော့ဘူး၊ သူ့အိပ်နေကျနေရာမှာ စောစောဝင်အိပ်တယ်၊ မနက်အစောကြီး အမေထလာရင် ခွေးက ပြေးလာ ဆီးကြို ပတပ်ရပ်ပြီး ဖက်တော့တာပဲ...''

နှောင်ဖွဲ့ပြီး အစွဲအလမ်းကြီး လွန်းနေလျှင် သံသရာနွံနစ်၍ လူဖြစ်ရကျိုးနပ်မည်မဟုတ်ကြောင်း တရားချသော်လည်း အမေ နားမဝင်ခဲ့ပေ။ ထိုအကြောင်းများကို မိန်းမအား ပြန်ပြောမိရာ –

''ရှင့်အမေက အစွဲအလမ်း ကြီးလွန်းတယ်၊ သေခါနီး အာသန္နကံမကောင်းရင် စွဲမိစွဲရာဘဝရောက်သွားပြီး တစ်သံသရာလုံး ဒုက္ခရောက်နေမယ်ဆိုတာ သေချာရှင်းပြလိုက်ပါအုံး''ဟု ကရုဏာစကားဆိုပါသည်။ သည့်နောက်ပိုင်း ခွေးကိစ္စကို မိန်းမက မသိယောင်၊ မမြင်ယောင် ဆောင်နေလေသည်။

တစ်နေ့သ၌ . . . နံနက်ဝေလီဝေလင်းအချိန်၊ တစ်ညလုံး သည်းသည်းမည်းမည်းရွာထားသောမိုးသည် မိုးလင်းသည်အထိ မစဲဘဲ တဖွဲဖွဲဆက်၍ ရွာနေသည်။ ဥပုသ်ထွက်ရက်မို့ အမေ စောစောထ မျက်နှာသစ်ပြီး ဆွမ်းချက်ဖို့ ပြင်ဆင်သည်။ အိမ်အပြင်ဘက် တံစက်မြိတ်အောက် အမေထွက်လာသည်မြင်တော့ ခွေးက ပြေးလာပတပ်ရပ်ပြီး ဆီးကြိုသည်။ အလင်းရောင်မသဲကွဲ၊ တမံတလင်းက မိုးရေဖြင့်ချော်နေပြီး အရှိန်နှင့်ပြေးဝင်လာခွေးက အမေ့ကို တွန်းလှဲလိုက်သလိုဖြစ်သွားကာ အမေ ဗိုင်းခနဲ ဖင်ထိုင်လဲကျသွားသည်။ ရုတ်တရက် ပြန်မထနိုင်။ အကြာကြီး အားယူပြီး ပြန်ထသော်လည်း ပေါင်အရင်းဆီမှ အသည်းခိုက်အောင် နာကျင်နေပြီး လုံးဝပြန်မထနိုင်တော့ပေ။ အမေ၏ အော်ဟစ်ငိုယိုသံကြောင့် တစ်အိမ်သားလုံး လန့်နိုးလာပြီး မိုးရေထဲ ခွေခွေလေး လဲနေသော အမေ့ကို မြင်တွေ့ကြရသည်။ ဝိုင်းဝန်းထူမပေးသည့်တိုင်အမေလမ်းမလျှောက်နိုင်။ နာကျင်၍ အော်ဟစ်နေသောကြောင့် အကိုက်အခဲပျောက်ဆေးတစ်လုံးတိုက်ထားပြီး မိုးလင်းချိန်နှင့် နံနက်ပိုင်းဆေးခန်းဖွင့်ချိန်ကို စောင့်ရသည်။ ကားငှားပြီး အထူးကုဆေးခန်းတစ်ခန်းသို့သွားပြသည်။ ဆရာဝန်က ဆေးထိုးပေးပြီး စားဆေး၊ လိမ်းဆေးတွေ ပေးလိုက်သည်။ တစ်ရက်နှစ်ရက်အတွင်း သက်သာသွားသလိုရှိသော်လည်း လမ်းမလျှောက်နိုင်။ မတ်တပ်ရပ်လိုက်တိုင်း ပေါင်အရိုးမှ ဆတ်ဆတ်ခါ နာသည်ဟုဆို၏။

သည်အတိုင်းနေ၍ မဖြစ်တော့သဖြင့် အရိုးအထူးကုဆရာဝန်ကြီးတစ်ဦးထံ သွားပြရသည်။ ဆရာဝန်ကြီးက စမ်းသပ်စစ်ဆေး၊ ဓာတ်မှန်ရိုက်ကြည့်ပြီး အဖြေထုတ်ပေး၏။ အမေ့မှာ အသက်ကြီး၍ အရိုးပွရောဂါရှိနေသည်။ ချော်လဲသဖြင့် ပေါင်ထိပ်ရိုးကျိုးသွားခြင်းဖြစ်သည်။ ပေါင်ရိုးကျိုးလျှင် ကျပ်စည်း၍သော်လည်းကောင်း၊ ခွဲစိတ်ပြီး တင်ပါးအဆစ်အစားထိုး ကုသသည့်တိုင် အောင်မြင်မှု ရာနှုန်းပြည့်မရှိ။ ပျောက်ကင်းဖို့ မသေချာ။ အသက်အရွယ်ကြီးရင့်သူကို မေ့ဆေးပေးခွဲစိတ်ကုသရန်မှာလည်း စွန့်စားရသည့်ကိစ္စဖြစ်ကြောင်း ဆရာဝန်ကြီးက ရှင်းပြခဲ့သည်။ ဆရာဝန်ကြီး၏ နောက်ဆက်တွဲစကားက ပို၍အားပျက်စရာကောင်းလှ၏။ ဆေးသုတေသနမှတ်တမ်းများအရ ဤသို့ ပေါင်ထိပ်ရိုးကျိုးလူနာ ၅ ဦး အနက် ၂ ဦးသည် တစ်နှစ်အတွင်း အဆုပ်နှင့် ဆီးလမ်းကြောင်းဆိုင်ရာရောဂါများ၊ အခြားရောဂါများ ဝင်ရောက်ခံရပြီး သေဆုံးရတတ်သည်ဟုဆို၏။

ဆရာဝန်ကြီးစကားကို အမေမကြားအောင် သိုသိပ်ထားခဲ့ပြီး ကျွန်တော်သည် အမေ့ကိုပို၍ ဂရုစိုက်ပေးခဲ့ရပါသည်။ မိုးလင်းသည်နှင့် အမေ မျက်နှာသစ်၊ ကျင်ကြီးကျယ်ငယ်စွန့်၊ ရေချိုး၊ ထမင်းစားကိစ္စအားလုံးကို တစ်လှမ်းချင်း တစ်ရွေ့ချင်း ဖေးမတွဲကူ လုပ်ဆောင်ပေးရပါသည်။ မိန်းမသည် ယောက္ခမကို နဂိုကတည်းက မကြည်မလင်ဖြစ်နေရာသည်လိုကိစ္စဖြစ်လာသောအခါ ငွေကုန်ကြေးကျပိုများလာသောကြောင့် ပို၍ စိတ်နောက်ကျိနေမည်မလွဲပေ။ အမေ၏ ချေး၊ သေးကိစ္စများ မိန်းမကလုပ်ပေးဖို့ ဆိုသည်မှာ ကျွန်တော့်အတွက် မမျှော်လင့်အပ်သောအရာပေတည်း။

အမေတူသား ကျွန်တော်သည် ရွံရှာတတ်သည့်နေရာ၌ အမေထက် နှစ်ဆပိုသည်။ အမြဲတမ်း နံနက် ၈ နာရီမှ အိပ်ရာထတတ်သောကျွန်တော်သည် မိုးမလင်းမီ နံနက် ၅ နာရီခွဲထ၍ အမေ့ကျင်ကြီးကျင်ငယ်ကိစ္စကို အမေနှင့်တူတွဲ၍ ထိုင်ပေးရခြင်းမှာ စိတ်ညစ်လှ၏။ မနက်အစောကြီးထမိလျှင် အိပ်ရေးမဝ၍ တစ်နေကုန် ခေါင်းခဲနေတတ်ရာ အမေ့ဒုက္ခထက် ကျွန်တော့်ဒုက္ခက ပိုကြီးမားနေသည်ဟု ခံစားမိပြန်သည်။

ဆရာဝန်စကားအရဆိုလျှင် အမေသည် လူ့ဘဝတွင် နောက်ထပ်နေရလှ တစ်နှစ်၊ နှစ်နှစ်သာဖြစ်သည်။ လက်ကျန်ဘဝအတွင်း မသွားနိုင်၊ မလာနိုင် ဒုက္ခိတအမယ်အိုကြီးအဖြစ် နေရမည်ဖြစ်ရာ ထိုသို့အမေ အသက်ရှင်သန်နေခြင်းအပေါ်

အမေတူသား ကျွန်တော်သည် ရွံရှာတတ်သည့် နေရာ၌ အမေထက် နှစ်ဆပိုသည်။ အမြဲတမ်း နံနက် ၈ နာရီမှ အိပ်ရာထတတ်သော ကျွန်တော် သည် မိုးမလင်းမီ နံနက် ၅ နာရီခွဲထ၍ အမေ့ကျင်ကြီးကျင်ငယ် ကိစ္စကို အမေနှင့်အတူ တွဲ၍ ထိုင်ပေးရခြင်းမှာ စိတ်ညစ်လှ၏။ မနက်အစောကြီးထမိလျှင် အိပ်ရေးမဝ၍ တစ်နေ ကုန် ခေါင်းခဲနေတတ်ရာ အမေ့ ဒုက္ခထက် ကျွန်တော့်ဒုက္ခက ပိုကြီးမားနေသည်ဟု ခံစားမိပြန်သည်။

သားသမီးတွေက မည်သည့်စိတ်သဘောထားဖြင့် ပြုစုစောင့်ရှောက်ကြမည်နည်း။ ထိုမေးခွန်းအတွက် အဖြေစဉ်းစားနေစဉ် ငါးရာ့ငါးဆယ်ဇာတက၊ ဒုကနိပါတ်၊ စူဠနန္ဒိယဇာတ်မှ နန္ဒိယမျောက်ညီနောင်အကြောင်း ဖျတ်ခနဲ သတိရလိုက်မိသည်။

တောအုပ်ကြီးတစ်ခုတွင် မဟာနန္ဒိယနှင့် စူဠနန္ဒိယ မျောက်ညီနောင်တို့သည် မျက်မမြင်ဒုက္ခိတမျောက်မိခင်အိုကြီးကို လုပ်ကျွေးပြုစုနေကြသည်။ တစ်နေ့တွင် မုဆိုးမတစ်ယောက်သည် မျောက်အိုမကြီးကို မြင်တွေ့သွားပြီး လေးမြားဖြင့် ပစ်မည်ပြု၏။ ထိုအခါ ညီငယ် စူဠနန္ဒိယမျောက်သည် ရှေ့သို့ ခုန်ထွက်လာပြီး အမေ့ကို မပစ်ပါနှင့်။ အမေ့အစား ငါ့အသားကို စားပါဟုဆိုကာ အသေခံခဲ့၏။ မုဆိုးသည် မျောက်ငယ်ကို ပစ်ခတ်ပြီးနောက် မျောက်အိုမကြီးကို ပစ်ရန် ထပ်မံချိန်ပြန်၏။ ထိုအခါ နောင်တော် မဟာနန္ဒိယမျောက်မင်းသည် မိခင်ရှေ့သို့ ခုန်ထွက်လာပြီး မုဆိုးအား ဤသို့ ပြော၏။

'မုဆိုးကျော်၊ သင်သည် ကတိမတည် လူမပီသသူပင်ဖြစ်၏။ မိခင်အတွက် ညီ၏အသက်ကို သတ်ဖြတ်ခဲ့ပြီးပြီ။ ယခုတစ်ဖန် ငါ့မိခင်ကို ပစ်ဦးမည်အကြံမှာ ဖောက်ပြန်ချွတ်ယွင်း ကျင့်ဝတ်နှင့် မညီသူပင်တည်း။ မိခင်ကို မပစ်ပါနှင့်။ မိခင်ကိုယ်စား ငါအသေခံပါမည်။ မျောက်ညီနောင်နှစ်ကောင်အသားဆိုလျှင် သင်စား၍ ဝချေလောက်ပြီ။ ငါသေခဲ့လျှင် သင်မုဆိုး ကတိမပျက်ဘဲ ငါ့မိခင်အသက်ကို ချမ်းသာပေးရမည်။ ငါ့မိခင်သည် အိုမင်းမစွမ်း မျက်စိနှစ်ကွင်းလည်း အလင်းမရရှာ။

**အမေ့ကိုတကယ်ချစ်လျှင်တော့ အမေ၏ လက်ကျန် ဘဝလေးကို ဒုက္ခခံပြုစုစောင့်ရှောက်ပေးရုံမက အမေ၏ အနုသယ ခုနစ်အင်၊ သံယောဇဉ်ဆယ်တန်တို့ကို ဖြေလျှော့ဖြတ်တောက်ပေးရပေလိမ့်မည်။**

ငါတို့သေခဲ့သော် မိခင်ကြီးလည်း ဒုက္ခကြုံတွေ့ သေနေ့သို့ အမြန်ရောက်မည်သာ ဖြစ်၏။ သို့သော် ''မိခင်အသက်တစ်ရက်လောက် ရှင်သန်နေထိုင်နိုင်မည်ဆိုလျှင် ကပ်ကမ္ဘာပတ်လုံး ဝမ်းသာမဆုံးရှိချေတော့မည်''ဟု ဆိုခဲ့ပေ၏။

ဘုရားလောင်းမျောက်မင်း၏ စိတ်ဓာတ်မျိုးကို ကျွန်တော်တို့ ယှဉ်နိုင်မည်မဟုတ်သော်လည်း ဤသို့စိတ်ဓာတ်မျိုးထားရှိရမည်ဆိုခြင်းကိုမူ မမေ့မလျော့ သတိရလိုက်ပါသည်။ ကျွန်တော့်အမေသည် အသက်တစ်ရက်နှစ်ရက်မျှမက တစ်နှစ်၊ နှစ်နှစ်လောက်ထိ ရှင်သန်နေထိုင်နိုင်ပါဦးမည်။ သို့ဆိုလျှင် ကျွန်တော်သည် နန္ဒိယမျောက်မင်းကဲ့သို့ ဝမ်းသာရချိမ့်မည်။ အကြောင်းကား ကျွန်တော့်ကို မွေးဖွားပေးခဲ့ပြီး လောကကောင်းကျိုးဆောင်ကြဉ်းနိုင်သည့် အသိဉာဏ်ပြည့်စုံသော လူသားတစ်ယောက်ဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ပြုစုပျိုးထောင်ပေးခဲ့သည့် မိဘ၏ ကျေးဇူးတရားက ကပ်ကမ္ဘာပတ်လုံး ဆပ်မဆုံးနိုင်အောင် ရှိနေမည် ဖြစ်သောကြောင့်တည်း။

အမေသည် ကုတင်ပေါ်တွင် ပက်လက်လှဲနေရင်းမှ ခွေးကို အစာမကျွေးရသေးကြောင်း၊ မြေးတွေကို ရှင်ပြုပေးရဦးမည့်အကြောင်း၊ ရွာမှ သမီးထံ အဆက်အသွယ်လုပ်ပေးစေလိုကြောင်း စသည်ဖြင့် မဖြစ်ပေါ်သေးဘဲ စိတ်သန္တာန်၌ ကိန်းအောင်းနေသော အနုသယတရား (၇)ပါး၊ သံသရာစက်မှ ရုန်းမထွက်နိုင်အောင် ဖွဲ့နှောင်တတ်သော သံယောဇဉ်တရား ၁၀ ပါးတို့ အဖန်ဖန် အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့နေလေသည်။ အမေ့ကိုတကယ်ချစ်လျှင်တော့ အမေ၏ လက်ကျန်ဘဝလေးကို ဒုက္ခခံပြုစုစောင့်ရှောက်ပေးရုံမက အမေ၏ အနုသယ ခုနစ်အင်၊ သံယောဇဉ်ဆယ်တန်တို့ကို ဖြေလျှော့ဖြတ်တောက်ပေးရပေလိမ့်မည်။ ဘဝတစ်လျှောက်လုံး နှောင်ဖွဲ့စွဲလန်းလာသည်တို့ကို တစ်နှစ်၊ နှစ်နှစ်အတွင်း ဖြတ်တောက်နိုင်အောင် ဆောင်ရွက်ပေးရမည့် တရားကိစ္စဆိုသည်မှာ လွယ်သည်တော့မဟုတ်။ သို့သော် ကျွန်တော်ကြိုးစားပါမည်။ အမေ၏ နောက်ဆုံးဝင်လေ–ထွက်လေလေးတွင် သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် သံယောဇဉ်ကင်းကင်း တရားအသိရှင်းရှင်းဖြင့် ချုပ်ငြိမ်းပြီဆိုလျှင် ကျွန်တော် ကပ်ကမ္ဘာပတ်လုံး ဝမ်းသာမဆုံး ရှိချေရော့မည်။ ။

**မင်းဗေဒါ(ပွင့်ဖြူ)**



# ဆန္ဒနှင့် ဘဝ

ကျော်စွာသူ(သာယာဝတီ)

သူကနွေဆို
နွေကိုချမ်းမြ
ဘဝင်လှဖို့
မြစမ်းရေကြည် ဖြစ်ချင်သည်။

သူကမိုးဆို
မိုးကိုလှပ
ဂုဏ်ရှိန်ကြွဖို့
မြကောက်မဒီ ဖြစ်ချင်သည်။

သူကဆောင်းဆို
ဆောင်းကိုမက်မူး
နှင်းလူးသဇင်
ချို့ရှင်တေးသီ ဖြစ်ချင်သည်။

ဆန္ဒဘဝ၊ မျှမမျှနှင့်
ဆန္ဒဘဝ၊ လှမလှကို
နှမ စောင့်ကြည့်ရဦးမည်။ ။



# ဘိုးဘွားပိုင်မြေ

မောင်လွမ်းနိုင်(စံပယ်ငုံ)


သူ့အိမ်ဝိုင်း
တံတိုင်းမြင့်မြင့်၊ ကျောက်ဆိုင်းနှင့်။
ငါ့အိမ်ရိုး
ဝါးပိုးဝါးနှင့်၊ ဆူးရစ်နှင့်။
သူ့ခြံအိမ်
ခြူးလိမ်ခြူးခက်၊ ပန်းနွယ်ယှက်။
ငါ့ခြံအိမ်
ဆူးလိမ်ဆူးခက်၊ ဆီးနွယ်ယှက်။
သူ့အိမ်မှာ
ဇိမ်ခံကားနှင့်၊ ဂုဏ်တွေတင့်။
ငါ့အိမ်ဖောင်း
လှည်းပန်းတောင်းနှင့်၊ ဝင်ရိုးနှင့်။
သူ့ရိပ်မြုံ
သံစုံဝိုင်းနှင့်၊ ငြိမ့်ညောင်းတင့်။
ငါ့အိမ်မြေ
ပလွေသံနှင့်၊ နှဲသံဆင့်။

သူ့အိမ်ကျွေး
ပေါ်ဆန်မွှေးနှင့်၊ ဆီပြန်နှင့်။
ငါ့အိမ်စား
ငါးခြောက်ဖုတ်နှင့်၊ ဆလပ်နှင့်။
သူ့အိမ်သူ
ဇမ္ဗူရစ်နှင့်၊ ပုလဲနှင့်။
ငါ့ဇနီး
ကျောက်ပုတီးနှင့်၊ ဂုံသီးနှင့်။
မှုဒိတာတရား
ထုသိတာပွား၊ အားကျနေမိ
သို့ပင်ရှိလည်း၊ မပြည့်မစုံ
မဖူလုံမင့်၊ တူစုံသက်မွေး
ဘိုးဘွားသွေးနှင့်၊ ပေးဆပ်ခဲ့ရ
ချွေးထပ်သဲ့ကျ၊ ဒို့မိဒို့ဖ
ခြေချခဲ့ရာ၊ ဝေမျှခဲ့ရာ
သည်အိမ်ရာမှ၊ တစ်ထွာတစ်လက်မ
ဘာအတွက်မျှ၊ ခွာထွက်မရ
ဘဝသက်ဆုံး၊ မျိုးဆက်သုဉ်းထိ
နှောင်းထုံးခိုင်ခန့် နေမည်တကား။ ။




ကျနော် မှားသွား ပါတယ် ခင်ဗျာ
အေးပါကွာ - အေးပါ .
ဒီ တစ်ခါ မှားသွားပြန်ပြီ ခင်ဗျာ...
အေးကွာ.. နောင်မမှားစေနဲ့
ဒီ တစ်ခါလည်း မှား-- မှား--
ဒီတစ်ခါအမှားက မင်းကိုခွင့်လွှတ်ခဲ့တဲ့ ငါ့အမှားပါကွာ..

# ဒါပဲဖြစ်တော့မယ်



“ကျွန်မတို့လက်ထပ်ပြီးရင် ရှင် ဆေးလိပ်ဖြတ်မလား”
“အေး”
“အသောက်အစားကော”
“အေး ဖြတ်မှာပေါ့”
“ပြီးတော့ ညနေ ကလပ်ကိုလည်း
မသွားရတော့ဘူးနော်”
“အေးပါကွာ”
“နောက် ဘာဖြတ်ဖို့ ကျန်နေသေးလဲ မောင်”
“လက်ထပ်ဖို့ကိစ္စကို ဖြတ်လိုက်ရင် ကောင်းမလားလို့”

**မောင်သီဟ**

# အသက်ကြီးလေ ပိုကောင်းလေ



ချမ်းသာကြွယ်ဝတဲ့ အသက် ၆၀ အရွယ် လူပျိုကြီးတစ်ယောက် သူ့ထက်အသက် အများကြီး ငယ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ကိစ္စကို မိတ်ဆွေပြင်သစ်ဝေဖန်ရေးသမား ဗော်လ်တဲ (Voltaire)နဲ့ တိုင်ပင်တယ်။

“ကျုပ် ဒီကောင်မလေးကို လက်ထပ်ချင်တယ်ဗျာ၊ ဒါပေမဲ့ ကျုပ် အသက်အမှန်ကို ပြောလိုက်ရင် သူလက်မခံမှာစိုးတယ်၊ ဒီတော့ ကျုပ် အသက် ၅၀ လို့ပြောလိုက်ရင် မကောင်းဘူးလား”

“မကောင်းဘူးဗျ”ဗော်လ်တဲက အကြံပေးတယ်။

“ဒီလိုလုပ်ဗျာ အသက် ၇၀ လို့ ပြောလိုက်”

**မောင်သီဟ**



# မကြည်ပြာ ၊သန်ျာ၊

## တစ်ချက်ချော်ခဲ့သည်.....

ကျွန်မ၏ဘဝတွင် ဆရာ/ဆရာမ များစွာ ရှိပါသည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးသည် ကျွန်မ၏ ဆရာများသာဖြစ်၍ အလုပ်တစ်ခုလုပ်တိုင်း ထိုဆရာများ၏ နည်းနာများကိုခံယူပြီး လိုက်နာ လုပ်ဆောင်လျက်ပင်။ ကျွန်မ တာဝန်ထမ်းဆောင်နေ သော HIV/AIDS ကူးစက်ခံရသူများအား စောင့်ရှောက်မှုပေးသည့် NGO

သည် ရောဂါပိုးကူးစက်ခံရသူများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရလိုအပ်သူတို့ကို အာဟာရ ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း စသည်ဖြင့် လုပ်ဆောင်ပေးသည်။ ယခုလည်း ကျွန်မ တာဝန်ကျရာ မြို့နယ်တွင် လူနာများ၏ ကျန်းမာရေးတိုးတက်မှု အခြေအနေကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်သည်။

ဤမြို့နယ်သို့လာတိုင်း ဆရာ့ထံသို့ အမြဲဝင်သည်။ ဆရာသည် စာပို့လုပ်သား အဖြစ်မှ အနားယူပြီးသည့်နောက် အချိုးအကွေ့များလွန်းသည့် ကြမ်းတမ်းသည့် ဘဝအကြောင်းများကို စာပေဖြင့်ရေးသား ဖော်ပြသော ဘဝသရုပ်ဖော်စာရေးဆရာ တစ်ဦးဖြစ်သည်။

''ဆရာမရေ၊ သည်ဖက်ဝင်ပါအုံးဗျ''

''ဆရာ့ဆီကိုပဲ လာတာပါဆရာ''

ပြောပြောဆိုဆို ကျွန်မသည် မြောင်းကူးရန် ဖြတ်၍ ထိုးထားသော တစ်ထွာခန့် ပျဉ်နှစ်ချပ်ဆက်ထားသည့် တံတားပေါ်မှ သတိဖြင့် လျှောက်ကာ အိမ်ပေါ်တက်လိုက်သည်။

''ဒီနေ့ ဆရာမလာမှာ သိနေလို့ စာမရေးဘဲ စောင့်နေတာဗျ''

''ကိစ္စရှိလို့လား ဆရာ''

''ကိစ္စရယ်တော့ မဟုတ်ပါဘူးဗျာ၊ ဆရာမကို အကူအညီတောင်းချင်လို့ပါ၊ ဟိုဘက်ရပ်ကွက်ထဲက မိန်းကလေးတစ်ယောက် AIDS ရောဂါနဲ့ ဆုံးသွားတော့ သူ့ကလေး ကျန်ခဲ့တယ်၊ အဲဒီကလေးကို သူ့အမေဆီက ရောဂါကူးစက်ခံခဲ့ရလားဆိုတာ သွေးစစ်ပေးဖို့ ပြောချင်လို့ပါ''

''ရတာပေါ့ ဆရာရယ်၊ ကျွန်မတို့ အလုပ်ပါ၊ လိပ်စာသာ ပေးပါဆရာ''

''လိပ်စာရယ်လို့တော့ တိတိကျကျ မသိပါဘူး၊ မြေးမလေးဝါဝါ လိုက်ပို့ပါလိမ့်မယ်၊ မြေးရေ ဆရာမကို သဲမောင်ဆီပို့ပေးလိုက်ပါအုံး၊ ဆရာမရေ အပြန်ဝင်ခဲ့အုံးနော်''

ကျွန်မတို့သည် မိဘတို့ထံမှတစ်ဆင့် ရောဂါကူးစက်ခံရသော ကလေးများကို မွေးဖွားပြီးတစ်နှစ်ခွဲ (တစ်နှစ်ခြောက်လ) အရွယ်တွင် သွေးစစ်ပေးပြီး ရသောအဖြေသည် ရောဂါပိုးရှိသည်ဆိုပါက ထိုကလေးကို လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ယခုလည်း HIV ပိုး ကူးစက်ခံရသော မိခင်သည် ကလေးနှစ်နှစ်အရွယ်တွင် ကွယ်လွန်ခြင်းဖြစ်ကြောင်း သိရပြီး အတူနေ အဘိုးအဘွားများက ဆရာ့ထံအကူအညီတောင်းခြင်းပင်။ ကိုယ်ဝန်ဆောင်မိခင်သည် HIV ရောဂါပိုး ကူးစက်ခံရသည်ကို သိပါက သက်ဆိုင်ရာ ဆေးရုံဆေးခန်းသို့ သွားပြီး



**လူအများနားလည်မှု လွဲနေသည့် ART နှင့် ARV အကြောင်းလည်း ပြောပြလိုပါသည်။ ART ဆိုသည်မှာ ဆေးနှင့်အတူ ကုသခြင်းပါဝင်သည့် "ကုထုံး"ဖြစ်ပြီး ARV ဆိုသည်မှာ ဆေးဖြစ်သည်။ ARV ဆေးသည် ရောဂါပိုးကို ပျက်စီးသေဆုံးစေနိုင်သည် မဟုတ်။**



နှစ်သိမ့်ဆွေးနွေးမှု (Counselling) ယူ၍ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးသောက်ခြင်း၊ ပြုမူလုပ်ဆောင်ခြင်းများဖြင့် မွေးဖွားလာမည့်ကလေးထံသို့ ရောဂါပိုးကူးစက်မည့် ရာခိုင်နှုန်းနည်းပါးကြောင်း ဗဟုသုတရှိရန်လိုအပ်သည်။ ထိုနည်းကို PMCT နည်း (မိခင်မှ ကလေးသို့ ရောဂါပိုးမကူးစက်အောင် ကာကွယ်နည်း)ဟုခေါ်သည်။

မိခင်မှ သန္ဓေသားသို့ ရောဂါပိုး ကူးစက်နိုင်သည့် နည်းလမ်းသုံးမျိုးရှိသည်။ (၁) မိခင်ကိုယ်ဝန်ဆောင်စဉ် မိခင်၏ ချက်တိုင်မှ သန္ဓေသားသို့ ကူးစက်ခြင်း၊ (၂) မွေးဖွားစဉ် မွေးလမ်းကြောင်းမှ တစ်ဆင့် ကူးခြင်း၊ (၃) မွေးဖွားပြီး နို့တိုက်ရာမှ ကူးခြင်းတို့ဖြစ်သည်။ နံပါတ်(၁) အဆင့်တွင် ဆရာဝန်ညွှန်ကြားချက် အတိုင်း တိကျစွာလိုက်နာပြီး ပေးသောဆေးကို သောက်ရန်၊ နံပါတ်(၂)အဆင့်တွင် မိမိသဘောအတိုင်း ကြုံရာတွင် မွေးဖွားခြင်းမပြုဘဲ ဆေးရုံမှ ဆရာဝန်ညွှန်ကြားချက်အတိုင်း ခွဲစိတ်မွေးဖွားရန်၊ နံပါတ်(၃) အဆင့်တွင် မိခင်နို့မတိုက်ကျွေးဘဲ ဆရာဝန် ညွှန်ကြားချက်ဖြင့်သာ ပြုစုရန်ဖြစ်သည်။ ထိုသို့ တိကျစွာလိုက်နာပါက မွေးလာသော ကလေးတွင် ရောဂါပိုး ကူးစက်နိုင်ခြေ နည်းပါးသွားပြီး ကူးစက်ခံရခြင်းမရှိသော ကလေးများစွာကို မြင်တွေ့ရသည်ပင်။

လူအများနားလည်မှု လွဲနေသည့် ART နှင့် ARV အကြောင်းလည်း ပြောပြလိုပါသည်။ ART ဆိုသည်မှာ ဆေးနှင့် အတူ ကုသခြင်းပါဝင်သည့် 'ကုထုံး'ဖြစ်ပြီး ARV ဆိုသည်မှာ ဆေးဖြစ်သည်။ ARV ဆေးသည် ရောဂါပိုးကို ပျက်စီးသေဆုံးစေနိုင်သည်မဟုတ်။ ရောဂါပိုး ထပ်မံမပွားအောင် တားဆီးပေးခြင်းသာဖြစ်သည်။ သို့သော် ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာမည်ဆိုပါက သက်တမ်းစေ့နေနိုင်မည်သာ။

မိုးတွင်းကာလဖြစ်သဖြင့် အချို့အိမ်များသည် သွပ်မိုးပြောင်ပြောင်မြင်ရသော်လည်း အချို့သည် ရရာဖြင့် အမိုးအကာ ပြု၍ နေကြကြောင်းတွေ့ရပြီး အိမ်များသည် ရှေ့မျက်နှာစာဆယ်ပေ၊ နောက် အရှည်ဆယ့်ငါးပေခန့်သာရှိကြသည်။

''ရောက်ပါပြီ အန်တီ၊ ဒီအိမ်ပါ''

''သမီး ခဏနေအုံးနော်၊ အန်တီ စာရင်းကောက်ပြီးရင် ပြန်လိုက်ခဲ့မယ်''

တစ်ဆက်တည်း အိမ်တွင်းသို့ ကြည့်ကာ . . .

''အိမ်ရှင်တို့ ရှိပါသလားရှင်၊ သဲမောင်နဲ့ တွေ့ဖို့လာတာပါ''

''ရှိပါတယ်၊ ဝါဝါနဲ့ လာတာဆိုတော့ ဆရာမမှန်းသိပါတယ်၊ အားနာလိုက်တာ၊ ဒီနားလေးမှာ ထိုင်ပါနော်''

သဲမောင် အဘွားဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်ရင်း ပြောပြောဆိုဆို ပုဆိုးစုတ်တစ်ထည်ဖြင့် ကြမ်းပြင်ကို သုတ်ပေးရှာပါသည်။ ကျွန်မသည် ဝါးအခင်း အစွန်းတွင် တင်ပုလ္လင်ထိုင်ကာ မေးရန်ရှိသည်များ မေးပြီး မှတ်ရန်ရှိသည်များမှတ်၍ ကလေးကိုလည်း တစ်ဆက်တည်းကြည့်ရပါသေးသည်။ သဲမောင်ကို မွေးပြီးချိန်မှစ၍ တစ်ရာတန်နို့မှုန့်ဖြင့် ကြီးပြင်းခဲ့ရရှာသောကလေးသည် အာဟာရမပြည့်မှန်း ကြည့်ရုံဖြင့် သိနိုင်သည်။

ဖခင်မပေါ်ဘဲ မွေးလာသော သဲမောင်ကို ပတ်ဝန်းကျင်မှ ကြင်နာမှုမပေးကြသဖြင့် သဲမောင်သည် အဘိုး၊ အဘွားတို့၏ အရိပ်တွင်သာ ခိုလှုံရရှာသောကြောင့် သူစိမ်းဖြစ်သည့် ကျွန်မလာသောအခါ အဘွားကို တွယ်ကပ်နေပြီး ကျွန်မကို ကြောက်နေပေသည်။ အဘိုးက ဆိုက်ကားနင်း၊ အဘွားက ညနေပိုင်းတွင် လမ်းထိပ်၌ ကြက်အူကိုပြုတ်၍ ပဲမှုန့်၊ ငရုတ်မှုန့်၊ အချဉ်ရည်တို့ဖြင့် ရောကာ ကြက်အူသုတ်ရောင်းသည်။ သဲမောင်အမေထက်ငယ်သော အသက်နှစ်ဆယ်ခန့်ရှိ သဲမောင်ဦးလေးတော်သူသည် ကြက်တစ်ကောင်ပိုက်၍ ရွာစဉ်လိုက်၍ ကြက်တိုက်သူ၊ ဘာအလုပ်မျှ မလုပ်သဖြင့် အိုကြီးအိုမတို့၏ လုပ်စာသာရှိသည်။

သဲမောင်အမေနှင့်ပတ်သက်သည့် ကျန်းမာရေးမှတ်တမ်းများကို တယုတယ သိမ်းထားသော မိဘမေတ္တာကိုကြည့်ရင်း 'တောင်းစုပ်၊ ပလုံးစုပ်သာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုး သမီးဆိုး ပစ်ရိုးမရှိ' ဟူသော စကားပုံကို သတိရလိုက်သည်။ မှတ်တမ်းများတွင် သဲမောင်ကို PMCT နည်း(မိခင်မှ ကလေးသို့ ရောဂါပိုးမကူးစက်အောင် ကာကွယ်နည်း) ဖြင့် မွေးထားကြောင်း တွေ့ရသောကြောင့် ကျွန်မဝမ်းသာသွားသည်။ သဲမောင်အမေသည် ကလေးမွေးစဉ်သာ ဆေးရုံပုံမှန်သွားသော်လည်း ကျန်အချိန်များတွင် ပုံမှန်မသွားကြောင်း တွေ့ရသောကြောင့် မွေးဖွားလာမည့် ကလေးကို မိခင်၏ ဆိုးမွေမပေးရန် ဆုံးဖြတ်ထားသော လူပီသသည့် မိခင်ဖြစ်နေပြန်သဖြင့် ကျွန်မ ချီးကျူးမိသော်လည်း စောစီးစွာ လောကမှ ထွက်ခွာရခြင်းကိုမူ စိတ်မကောင်းနိုင် ခဲ့ပါ။ ရေးမှတ်၍ပြီးသော် မှာစရာရှိသည်များကို မှာကြားရပါသည်။

''ကြီးကြီး ဒီမှာ ဘောက်ချာ သုံးရွက်ထားခဲ့မယ်နော်၊ သွေးလာစစ်တဲ့လူတိုင်းကို ကျွန်မတို့ဆေးခန်းက လမ်းစရိတ် ၁၅၀၀ ကျပ် ပြန်ပေးပါတယ်၊ သဲမောင်ကို လိုက်ပို့တဲ့လူလည်း သွေးစစ်မယ်ဆို စစ်လို့ရအောင် ဘောက်ချာသုံးရွက်ထားခဲ့ပါမယ်။ သူတို့လည်း လမ်းစရိတ်ပြန်ရမှာပါ''

''အေးကွယ် ကလေးမှာလည်း ဒီရောဂါ မရှိပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ အမေက အဖြစ်ဆိုးခဲ့ပေမယ့် ကလေးကိုတော့ သူ့အမေလို မဖြစ်စေချင်ဘူးကွယ်''

ပြောရင်းနှင့် ထမီအထက်ဆင်ဖြင့် မျက်ရည်သုတ်နေသော အဘွားအိုကိုကြည့်ရင်း ကျွန်မအားပေးရပါသည်။

''သဲမောင်အမေက ကိုယ်ဝန်ရှိပြီဆိုတာ သိတာနဲ့ ကလေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတာပါ ကြီးကြီးရဲ့၊ ဒီမှာလေ ကြီးကြီးပေးတဲ့ ဆေးစာအုပ်တွေမှာ အကုန်တွေ့ရပါတယ်၊ ကြီးကြီး မစိုးရိမ်ပါနဲ့နော်''

ယခု ကိစ္စမျိုးကို မကြာခဏတွေ့ရသော်လည်း ကျွန်မအဖို့ မရိုးနိုင်သည့် ခံစားမှုများဖြင့် မျက်ရည်မကျအောင် စိတ်ထိန်း၍ အားပေးခဲ့ရသည်ချည်းပင်။ မှာကြားပြီးလေသော် နှုတ်ဆက်ကာပြန်ခဲ့ပါသည်။ သဲမောင်တို့အိမ်မှ ထွက်သော် ဝါဝါ့ကိုမတွေ့သဖြင့် လမ်းထိပ်သို့ ပြန်ထွက်ရင်း ရှာကြည့်ရာ ရောင်စုံအဝတ်အထည်တို့ ရောင်းသော အိမ်တစ်အိမ်ရှေ့တွင် ဝါဝါ့ကို တွေ့လိုက်ရသောကြောင့် ပြန်ရန်ခေါ်လိုက်သော်လည်း ဝါဝါသည် စိတ်ပျက်လက်ပျက်



ပုံစံဖြင့် မလှမ်းချင်သည့် ခြေလှမ်းတို့ဖြင့် ကျွန်မနှင့်အတူ ပြန်လိုက်ခဲ့သည်။ သူ့မျက်ဝန်းကိုကြည့်၍ အဓိပ္ပာယ်ဖော်လေသော် လူငယ်ဘဝအလှအပကိုမြင်သော်လည်း ပိုင်ဆိုင်ခွင့်မရသဖြင့် စိတ်ပျက်အားငယ်မှုများ အထင်းသား ပေါ်လွင်နေသည်ကို တွေ့ရသည်။ အိမ်သို့ ပြန်ရောက်သော် ဆရာက ထန်းလက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ကျွန်မတို့ကို လှမ်း၍ နှုတ်ဆက်သည်ကို ကျွန်မ ပြန်မဖြေရသေးမီ ဝါဝါက ဝင်၍ . . .

''သမီးလိုချင်တဲ့ ဇာအင်္ကျီလေးကို တင့်တင့် ဝယ်သွားပြီ ဘိုးဘိုးရဲ့၊ ဘိုးဘိုးက ဝယ်မှ ဝယ်မပေးတာ''

''မြေးရယ်၊ အဘိုးခဏခဏ ပြောတဲ့ ချင်သုံးချင်မရှောင်ရင် ဒုက္ခရောက်တတ်တယ်ဆိုတာ မမှတ်မိဘူးလားကွယ်''

ဆရာသည် သက်ပြင်းချ၍ . . .

''ဆရာမ အခုသွားခဲ့တဲ့ သဲမောင်ရဲ့ အမေက ကျွန်တော်အမြဲပြောဆိုဆုံးမခဲ့တဲ့ ကလေးပါ၊ အရွယ်လေးရလာတော့ လှလှပပ ဝတ်စားပြီး အပျော်အပါးမင်လာတယ်၊ သူ့မိဘတွေကလည်း မြင်တဲ့အတိုင်း တစ်နေ့စာ တစ်နေ့ အလျင်မီအောင် မနည်းရှာဖွေနေရတာလေ၊ ကျွန်တော်လည်း တွေ့ရင်ပြောပေမယ့် မမြင်တဲ့အချိန်ကများတော့ မပြောဖြစ်ဘူးပေါ့။ နောက်ဆုံးတော့ သူဖောက်တဲ့လမ်းကို သူ့ဘာသာရဲရဲ ဆက်လျှောက်သွားတာပဲကွယ်၊ ကိုယ်ဝန်ရမှ ပြန်လာပြီး ဆုံးတော့မှ ရောဂါကို သိရတာပါ''

ကျွန်မသည် အပ်ကြောင်းထပ်နေသည့် HIV/AIDS ဇာတ်လမ်းတစ်ခုကို ကြားနေရသော်လည်း သဲမောင်အမေကို သနားစိတ်တို့ဝင်မိသည်။ ကျွန်မတို့လုပ်ရသော လုပ်ငန်းခွင်တွင် သိလျက်ရောဂါပေးသူ၊ မသိဘဲ ရောဂါကူးစက်ခံရသူဟု နှစ်မျိုးရှိရာ ဒုတိယအမျိုးအစားက ပိုများသည်။ သဲမောင်၏ မိခင်သည် အမျိုးအစားနှစ်ခုစလုံးတွင် ပါဝင်ခဲ့ပုံရသည်။ ထိုသို့သော လူစားမျိုးတို့၏ အသိဉာဏ်အမှောင်ဖုံးမှုသည် ဤမျှနှင့်ရပ်တန့်မသွား။ ကျန်သည့် မျိုးဆက်တို့ကိုပါ ရောဂါအမွေရစေသည်ကို မသိကြသလော။ သဲမောင်အမေကြောင့် သဲမောင်၏ ကျန်းမာရေးအတွက် ဆေးရုံသို့



**ယခုပွင့်လင်းမြင်သာသည့်ခေတ်တွင်**
**လူကုန်ကူးမှုများအကြောင်းကို**
**မီဒီယာမျိုးစုံမှ**
**အသိပေးနေသည့်ကြားမှ**
**တိုင်းတစ်ပါးတွင်**
**တိရစ္ဆာန်များပမာရောင်းကုန်ပစ္စည်းအဖြစ်**
**ရက်စက်စွာရောင်းချခံနေရသည်မှာ**
**လောဘကြောင့်ဖြစ်သည်။**
**ရောင့်ရဲမှုမပြုနိုင်သူတို့သည်**
**လူညွန့်ခူးသူများ၏စကားကို**
**နားထောင်ယုံစားလျှင်**
**ဒုက္ခရောက်ကြမည်သာ။**



ပုံမှန်သွားရှာပါသည်။ သို့သော် သူ့ကျန်းမာရေးအတွက်ကိုမူ အလေးမထားခဲ့သောကြောင့် အိုကြီးအိုမ မိဘနှစ်ပါးပေါ်တွင် တာဝန်ပိုထမ်းစေကာ လူ့လောကမှ စောစွာထွက်သွားလေပြီ။ ဆရာက ဝါဝါ့ကို ဆက်ပြောသည်မှာ . . .

''မြေးရေ လိုချင်တာနဲ့ လိုအပ်တာကို ခွဲပြီး သိရမှာကွဲ့၊ မိဘရယ်လို့ ဖြစ်လာရင် ကိုယ့်သွေးသားကို စိတ်ချမ်းသာစေချင်တာချည်းပဲ၊ ဝါဝါ့မိဘတွေက လကုန်ရင်ဝယ်ပေးမှာပါ၊ ဘိုးဘိုးလည်း စာမူခရရင်ဝယ်ပေးမှာပဲ၊ သမီးအသက်ကြီးလာမှ ဘိုးဘိုးတို့ကို ပူဆာတာတွေ ပြန်တွေးပြီး နောင်တရနေလိမ့်မယ်၊ နားလည်ပြီးလား''

ကျွန်မသည် မြေးအဘိုးကြားဘာမျှဝင်မပြောဘဲ ဝါဝါ့အခြေအနေကိုကြည့်ရာ ကြည်လင်သော မျက်နှာဖြင့် နားထောင်နေသည်ကို တွေ့သောကြောင့် လိမ္မာသော ကလေးကို ချီးကျူးမိသည်။ အပြင်တွင် မိုးစက်တို့သည် ဆိုင်းမပါ ဘုံမဆင့် ဝေါကနဲ ပြိုကျလာသောကြောင့် လမ်းပေါ်တွင် ဆော့နေသည့်ကလေးများနှင့် တီတာတာ အသံပေး အော်မြည်နေသော ကျေးငှက်တို့သည် နားခိုရာ နေရာများဆီသို့ အပြေးဝင်ရောက် သွားကြလေသည်။ ကျွန်မလည်း မိုးပိုမသည်းမီ ဆရာ့ကို နှုတ်ဆက်၍ အခြား လူနာထံသို့ ထွက်ခဲ့ပါတော့သည်။

ခက်တော့ ခက်ပါသည်။ လိုချင်လောဘများဖြင့် ပိုက်ကွန်ထံတိုးကြလေသူများကြောင့် စိတ်မချမ်းမြေ့ဖွယ်ကိစ္စများကို မျိုးစုံကြားနေရသည်။ ယခုပွင့်လင်းမြင်သာသည့်ခေတ်တွင် လူကုန်ကူးမှုများအကြောင်းကို မီဒီယာမျိုးစုံမှ အသိပေးနေသည့်ကြားမှ တိုင်းတစ်ပါးတွင် တိရစ္ဆာန်များပမာ ရောင်းကုန်ပစ္စည်းအဖြစ် ရက်စက်စွာ ရောင်းချခံနေရသည်မှာ လောဘကြောင့် ဖြစ်သည်။ ရောင့်ရဲမှုမပြုနိုင်သူတို့သည် လူညွန့်ခူးသူများ၏ စကားကို နားထောင်ယုံစားလျှင် ဒုက္ခရောက်ကြမည်သာ။ ဝါဝါသည် မိကောင်းဖခင် သားသမီးပီသစွာ လူကြီးမိဘများ၏ ဆိုဆုံးမမှုကို ရိုကျိုးစွာ နားထောင်ခဲ့ပါသည်။

အထက်ပါဖြစ်ရပ်လေးသည် လွန်ခဲ့သော ၆ နှစ်ခန့်က အဖြစ်ကလေးပင်။ ယခုအချိန်တွင် ဝါဝါသည် တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး လုပ်ငန်းခွင်သို့ဝင်ကာ မိဘနှစ်ပါးနှင့် ချစ်သောအဘိုးကို ပြန်လည်ကျေးဇူးဆပ်နေသလို သွေးအဖြေတွင် မိခင်ထံမှ ရောဂါကူးစက်မှုမခံခဲ့ရသည့် သဲမောင်သည်ပင် မူလတန်းတက်နေပြီး အဘွားဈေးရောင်းရာ၌ ကူဖော်လောင်ဖက်ရနေပြီဖြစ်ကြောင်း သိရသဖြင့် လမ်းမှားကိုလျှောက်ခဲ့သော မိခင်တစ်ဦး၏ သားသမီးအပေါ် ထားခဲ့သည့် စေတနာကို ထင်ရှားစွာမြင်ခဲ့ရပါကြောင်း စာဖတ်သူတို့အား ကျွန်မ၏ ပီတိကို မျှဝေချင်ပါတော့သည်။ ။

**မကြည်ပြာ(သချာ)**

မြန်မာနိုင်ငံမှာ မြွေကိုက်ခံရခြင်းကြောင့် အသက်ဆုံးရှုံးခြင်း၊ အရေးပေါ်ဆေးကုသမှုခံယူရခြင်းများကို ကျေးလက်ဒေသများတွင်သာမက လူစည်ကားရာမြို့ကြီးများရှိ ဆင်ခြေဖုံးအရပ်ဒေသများ၌လည်း တွေ့မြင်လာရပါတယ်။ ဒါကြောင့်လည်း ယခုအခါ နိုင်ငံတစ်ဝန်းရှိ အစိုးရပိုင်းဆိုင်ရာ ဆေးရုံဆေးခန်းများတွင် မြွေဆိပ်ဖြေဆေးများ ပြည့်စုံလုံလောက်စွာထားရှိနိုင်စေရန် နိုင်ငံတော်မှနေ၍ စီမံချက်ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ယခု ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း၌ဖြန့်ဝေရန် မြွေဆိပ်ဖြေဆေးအလုံးပေါင်း ရှစ်သောင်းခန့် ထုတ်လုပ်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သော နှစ်အလိုက် မြွေကိုက်နှုန်းနှင့် မြွေကိုက်ခံရမှုကြောင့် သေဆုံးမှုနှုန်းများအပေါ်တွင် အခြေခံကာ စီစဉ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ယနေ့ မြန်မာနိုင်ငံတွင် ပြည်တွင်း၌ ပိုမိုအစွမ်းထက်သော မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နိုင်စေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO၊ ဩစတြေးလျနှင့် ဘရာဇီးနိုင်ငံတို့မှ အကူအညီများ ရယူထားကြောင်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရပါတယ်။

# မြွေ အန္တရာယ် သတိဖြင့် ကာကွယ်



ပေါက်ပေါက်



ယခုလို မိုးရာသီရောက်တဲ့အခါ မြွေအန္တရာယ်ကို အထူး သတိပြုသင့်ပါတယ်။ မြို့လယ်ကောင်တိုက်ခန်းတွေမှာ မြွေသတ္တဝါကို မြင်တွေ့ရခဲသော်လည်း သစ်ပင်၊ လယ်မြေ၊ မြက်ချုံပေါများကာ ရေစပ်စပ်ရှိသော မြို့နယ်တွေမှာတော့ မြွေကိုတွေ့ရတတ်ပါတယ်။ မြန်မာပြည်ရှိ အဆိပ်ပြင်းတဲ့မြွေနှစ်မျိုးမှာ မြွေပွေးနှင့် မြွေဟောက်တို့ဖြစ်ကြပြီး မြွေပွေးအဆိပ်က လူ့ခန္ဓာကိုယ်သွေးခဲတဲ့စနစ်ကို ထိခိုက်ပျက်စီးစေတာကြောင့် မြွေပွေးကိုက်ခံရပါက သွေးမတိတ်ဘဲ ဦးနှောက်၊ အစာလမ်းကြောင်းတွေမှာ သွေးယိုစိမ့်ခြင်းအပြင် ဆီးထဲမှာသွေးပါပြီး ကျောက်ကပ်ပျက်စီးတတ်ပါတယ်။ မြွေဟောက်အဆိပ်ကတော့ အာရုံကြောစနစ်ကို ထိခိုက်တာကြောင့် လူနာကမှိန်းလာပြီး အာရုံခံစားမှုမရှိတော့ဘဲ ထုံကျဉ်လာကာ နောက်ဆုံးမှာ အာရုံကြောတွေပျက်စီး၍ ကြွက်သားလှုပ်ရှားမှုအားပျော့ပြီး အသက်ရှူခြင်းနှင့် အဆုတ်ကို ထိခိုက်လာပါတယ်။

အမှန်တကယ်တော့ မြွေတွေက လူမြင်တိုင်း လိုက်ကိုက်တတ်ကြတာမဟုတ်ပါဘူး။ မလွှဲမရှောင်သာတဲ့အချိန်ကျမှသာ (သူ့ကို တစ်စုံတစ်ခုက အန္တရာယ်ပြုမယ်လို့ ထင်တဲ့အခါမှာ သူ့ကိုယ်သူ ကာကွယ်သည့်အနေဖြင့်) လူကို ကိုက်ခြင်းသာဖြစ်ပါတယ်။ မြွေအဆိပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကိုက်ခံရတဲ့ နေရာမှာ နာကျင်မှုဖြစ်စေပါတယ်။ မြွေအစွယ်ကြောင့် ဒဏ်ရာအပေါက်မှ သွေးထွက်တတ်ပြီး တစ်ခါတလေ အဆင်မသင့်ရင် ထိုဒဏ်ရာပေါက်မှတစ်ဆင့် ပိုးဝင်နိုင်ပါတယ်။ အကယ်၍ အဆိပ်ပြင်းတဲ့မြွေ အကိုက်ခံရပါက ဒဏ်ရာပတ်ဝန်းကျင်မှာ ၅ မိနစ်အတွင်း ပြင်းထန်စွာ ရောင်ရမ်းနာကျင်မှုဖြစ်ကာ မီးလောင်ဒဏ်ရာကဲ့သို့ အရည်ကြည်ဖုများ ပေါ်ထွက်လာပါတယ်။ ဒါ့အပြင် အကိုက်ခံရတဲ့နေရာတစ်ဝိုက် ကြွက်သားနဲ့ အရေပြားတွေ ပျက်စီးပြီး နောက်ဆုံးမှာ ပုပ်သွားတဲ့အထိ

မြန်မာပြည်ရှိ အဆိပ်ပြင်းတဲ့မြွေနှစ်မျိုးမှာ မြွေပွေးနှင့် မြွေဟောက်တို့ဖြစ်ကြပြီး မြွေပွေးအဆိပ်က လူ့ခန္ဓာကိုယ်သွေးခဲတဲ့စနစ်ကို ထိခိုက်ပျက်စီးစေတာကြောင့် မြွေပွေးကိုက်ခံရပါက သွေးမတိတ်ဘဲ ဦးနှောက်၊ အစာလမ်းကြောင်းတွေမှာ သွေးယိုစိမ့်ခြင်းအပြင် ဆီးထဲမှာသွေးပါပြီး ကျောက်ကပ်ပျက်စီးတတ်ပါတယ်။

ဆိုးဝါးနိုင်တယ်။ ကိုက်လိုက်တဲ့မြွေရဲ့အစွယ်အနက်၊ သူထုတ်လိုက်တဲ့ အဆိပ်ပမာဏနဲ့ အကိုက်ခံရတဲ့နေရာပေါ်တည်ပြီး အဆိပ်ပျံ့နှံ့မှု အနှေးအမြန်ကွာခြားပါတယ်။ ဥပမာ – ဦးခေါင်းပိုင်း၊ မျက်နှာ၊ လည်ပင်းတို့ကို အကိုက်ခံရပါက နှလုံးသွေးပြန်ကြောနှင့် နီးစပ်တာကြောင့် အဆိပ်ပျံ့တာလည်း ပိုမြန်ဆန်ပါတယ်။

(၁) monovalent နှင့် polyvalent ဟူ၍ မြွေဆိပ်ဖြေဆေး နှစ်မျိုးရှိပါတယ်။ monovalent က သတ်မှတ်ထားတဲ့ မြွေအမျိုးအစား တစ်မျိုးတည်းအတွက်သာ သုံးနိုင်ပြီး polyvalent

ကတော့ မြွေအမျိုးအစားတစ်မျိုးမကတဲ့ အဆိပ်များကို ပြေပျောက်စေပါတယ်။ ဒါကြောင့် သုံးရမည့် မြွေဆိပ်ဖြေဆေးဟာလည်း မတူကြတာမို့ မြွေကိုက်ခံရရင် (ဖြစ်နိုင်ပါက) ကိုက်တဲ့မြွေကိုပါ တစ်ပါတည်း ဆေးရုံယူသွားပြဖို့ လိုအပ်ပါတယ်။ မြွေကလည်း ကိုက်ပြီးတာနဲ့ အပြေးမြန်တာကြောင့် မိမိအကိုက်ခံရတဲ့ မြွေ၏အဆင်းသဏ္ဌာန်ကို မှတ်မိအောင် ကြည့်ထားပါ။ (မြွေဟောက်က ပါးပြင်းထောင်လေ့ရှိလို့ ခြေမျက်စိအပေါ်ကို ကိုက်တတ်ပြီး မြွေပွေးကတော့ ခြေမျက်စိအောက်ကို ကိုက်လေ့ရှိပါတယ်။ အဆိပ်ရှိမြွေ၏ဦးခေါင်းဟာ များသောအားဖြင့် တြိဂံပုံသဏ္ဌာန်ဖြစ်ပါတယ်)

(၂) ဒုတိယအကြိမ် ထပ်အကိုက်မခံရအောင် မြွေနဲ့ဝေးရာကို ရှောင်ထွက်သွားပါ။ ချုံပုတ်နဲ့ဝေးရာ ညီညာပြန့်ပြူးတဲ့မြေက စိတ်ချရပါတယ်။ သို့သော် ဟိုးအဝေးကြီးသို့ တစ်ရှိန်ထိုးထွက်ပြေးဖို့ မလိုပါဘူး။ ပြေးလွှားခြင်းက နှလုံးခုန်မြန်ကာ ခန္ဓာကိုယ်ထဲသို့ အဆိပ်ပျံ့လွယ်ပါတယ်။

(၃) စိတ်ချရတဲ့နေရာလို့ယူဆပါက ငြိမ်ငြိမ်လေးလှဲချ၍ အသက်ကို မှန်မှန်ရှူပါ။ စိတ်ငြိမ်ငြိမ်ထားပါ။ စိုးရိမ်ထိတ်လန့်ခြင်းက နှလုံးခုန်မြန်ဆန်စေပြီး မြွေဆိပ်တွေ မြန်မြန်ပျံ့လာစေတတ်ပါတယ်။



(၄) အဆိပ်ပြင်းတဲ့မြွေ အကိုက်ခံရတဲ့အခါ ချက်ချင်းဆိုသလို ရောင်ကိုင်းလာစေတာကြောင့် ဥပမာ ခြေထောက်ကို ကိုက်ခံရရင် ဖိနပ်ချွတ်ပါ။ ဘောင်းဘီရှည်ဝတ်ထားရင် ခေါက်တင်ပါ။ အကယ်၍ လက်ကိုအကိုက်ခံရပါက လက်စွပ်၊ လက်ပတ်နာရီတွေကို ချွတ်ပါ။ အင်္ကျီလက်ကို ခေါက်တင်ပါ။

(၅) မြွေကိုက်ခံရလျှင် မြွေကိုက်ဒဏ်ရာ၏ အထက်နားမှ ကြိုးဖြင့် ကျပ်ကျပ်စည်း ဓားသန့်သန့်ကို မီးကင်ပြီး အနာပေါက်ကို ခွဲ့ကာ မြွေဆိပ်များကို ပါးစပ်ဖြင့်စုပ်ထွေးထုတ်ပစ်ရမယ်လို့ ရှေးယခင်က ဆိုကြသော်လည်း ယခုမျက်မှောက်ခေတ်မှာတော့ ဒဏ်ရာကို ဓားနဲ့ခွဲခြင်းက သွေးထွက်လွန်၍ မြွေဆိပ်ပိုပျံ့တတ်ပြီး မေးခိုင်ပိုးပါဝင်တတ်၍ ရှေးနည်းကို မသုံးသင့်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် မြွေကိုက်ခံရတဲ့အခါ (က) သွေးနဲ့အဆိပ်ရည်တွေကို ကုန်စင်အောင်ညှစ်ပါ။ (ခ) အဆိပ်မပြန့်စေဖို့အတွက် ဒဏ်ရာ၏ ၂ လက်မ၊ သို့မဟုတ် ၃ လက်မအထက်အပေါ်နားကနေ အဝတ်ပတ်တီး တင်းတင်းစည်းနှောင်ပါ။ (ဆွဲသားအလက်စတစ်စတွေကို မသုံးပါနှင့်။ သွေးတိတ်ပတ်တီးမစည်းရ) (ဂ) ပြင်ပကူးစက်ပိုးမဝင်စေဖို့ မြွေကိုက်ခံရတဲ့နေရာကို ဆပ်ပြာ၊ ရေတို့ဖြင့် စင်ကြယ်စွာဆေးပါ (ကာဘော်လိပ်ဆပ်ပြာ၊ သို့မဟုတ် ဒတ်တောလ် ပိုးသတ်ဆပ်ပြာရနိုင်ရင် ပိုကောင်းပါတယ်) (ဃ) ရေခဲမအုံပါနှင့်။ (င) ၎င်းရှေးဦးသူနာပြုစုပြီးတဲ့အခါ အဆိပ်တွေ မပျံ့အောင် ငြိမ်ငြိမ်လေးနေပါ။ ဆေးရုံဆေးခန်းသို့ သွားတဲ့အခါမှာလည်း ခန္ဓာကိုယ်ကို အတတ်နိုင်ဆုံး ငြိမ်ငြိမ်လေးထားပြီး နေပါ။

(၆) တောရွာတွေမှာတော့ ‘ပိုးထိတယ်’လို့ ခေါ်ဆိုလေ့ရှိပါတယ်။ အောက်ပါအိမ်တွင်းကုထုံးလေးများကလည်း မြွေဆိပ်အန္တရာယ်မှ ကာကွယ်ပေးနိုင်တာကြောင့် အရေးပေါ် အသုံးပြုနိုင်ရန် မှတ်သားထားသင့်ပါတယ်–

(က) မြင်းခွာရွက်စားပါ၊ မြင်းခွာရွက်ကိုကြိတ်၍ ရလာသောအရည်ကို ဒဏ်ရာပေါ် လူးအုံပေးပါ၊ သို့မဟုတ် ဆေးမြင်းခွာရွက်အနီပင်ကို ကျင်ငယ်ရည်(ဆီး)နှင့် သွေး၍ မြွေကိုက်ဒဏ်ရာပေါ် လူးပေးပါ။

(ခ) ကြက်သဟင်းရွက်စားပါ။ ကြက်သဟင်းပင်အမြစ်ကို ထောင်းထု၍ ရေစိမ်သောက်ပါ။

(ဂ) ဆေးခါးကြီးပင် (ခေါ်) ရှမ်းဆေးခါးကြီးပင် အခြောက်မှုန့်ထမင်းစားဇွန်းတစ်ဇွန်းကို ရေနွေးဆူဆူ မတ်ခွက်ကြီးတစ်လုံးနှင့်ဖျော်၍ လက်ဖက်ရည်ကြမ်းပန်းကန် နှစ်လုံးသောက်ပါ။ အကယ်၍ ဆေးခါးကြီးပင်အစိမ်းရရှိပါက ဆေးပင်လက်တစ်ဆုပ်ကို ရေသုံးပုလင်းထည့်၍ တစ်ဝက်ခန်းအောင် ကျိုပြီးသောက်ပါ။ မြွေကိုက်ခံရသူဟာ ရေအလွန်ဆာတာကြောင့် ရေကျက်အေးအသင့်ထား၍ ဆေးရည်တစ်ဇွန်း ခန့်သောက်ပြီးနောက် ရေဆာတိုင်း ၎င်းရေ






ကျက်အေးသောက်ပါ။ (သတိလစ်၍ သွေးအန်နေသူလူနာပင် ပြန်လည်ကောင်းမွန်လာနိုင်ပါတယ်)

(ဃ) မြွေကိုက်ခံရတဲ့အခါ မြွေအစွယ်ရာနှစ်ပေါက်ဖြစ်တာကြောင့် ကြက်ဥ(အစိမ်း)ကို ဒဏ်ရာနဲ့တိုင်းပြီး အပေါက်နှစ်ပေါက်ဖောက်၍ ကပ်ပေးပါ။ ကြက်ဥက ဒဏ်ရာထဲက အဆိပ်ကို မိနစ်ပိုင်းအတွင်း စုပ်ယူသွားပါလိမ့်မယ်။ လိုအပ်ရင်နောက်ထပ် ကြက်ဥအသစ်ကိုသုံးနိုင်ပါတယ်။ (ကြက်ဥကို ခွဲကြည့်ရင် မြွေဆိပ်တွေ့ပါတယ်။ ထိုကြက်ဥကို သေသေချာချာ စွန့်ပစ်ဖို့တော့လိုပါတယ်)

(င) ကွ္ကသရမူလီ အမြစ်ကို သွေးလိမ်းပေးခြင်းဖြင့် မြွေဟောက်အဆိပ်ကို တစ်မုဟုတ်ချင်း ပြေစေနိုင်ပါတယ်။

(စ) သကြားသီးအစေ့နှင့် အရွက်တို့ကို ထောင်းထုကာ သတ္တုရည်လိမ်းကျံပေးခြင်းဖြင့် အဆိပ်ပြေစေနိုင်ပါတယ်။

(ဆ) နေအိမ်ခြံဝင်းထဲတွင် ပင်စိမ်းပင် စိုက်ပျိုးထားခြင်းဖြင့် မြွေအန္တရာယ်မှ ကင်းဝေးစေနိုင်ပါတယ်။ မြွေကိုက်ဒဏ်ရာပေါ် ပင်စိမ်းရွက်ကို ကြိတ်အုံပေးခြင်းဖြင့် အဆိပ်ပြေစေပါတယ်။

(ဇ) မြွေကိုက်ခံရပါက ဆေးရုံဆေးခန်းသို့မသွားခင် အဆိပ်ရဲ့ စုပ်ဖွဲ့မှုကို အပူနဲ့တိုက်ထုတ်တဲ့အနေဖြင့် ဆားရည်ပျစ်ပျစ် ဖျော်သောက်ပေးပါ။

(ဈ) သင်္ဘောသီးအကင်းကို ထိပ်မှဖြတ်ပြီး မြွေအကိုက်ခံရသည့်နေရာတွင် ကပ်ပေးခြင်းဖြင့် အဆိပ်ပြေကာ အနာအမြန်ဆုံး ကျက်စေပါတယ်။

(ည) ခြံနှင့်အိမ်ပတ်ဝန်းကျင်ကို ဆီးဖြူသီးဖြန့်ပစ်ထားပါ။

(ဋ) ခြံပတ်ပတ်လည်ကို Kiss me quick ပင်၊ ရှဉ့်မတက်ပင်၊ နှင်းဆီပင် စတဲ့ ဆူးခက်များပါရှိသော အပင်များစိုက်ပျိုးထားခြင်းဖြင့် မြွေမလာနိုင်အောင် တားဆီးနိုင်ပါတယ်။

(ဌ) ရှေးမြန်မာလူကြီးများကတော့ မြွေကိုက်ခံရသော လူနာအား ကျည်းနီသီး၏အဆန်ကို မှုန့်ညက်နေအောင်ကြိတ်၍ မျက်စိနှစ်ဖက်စလုံးမှာ ခတ်ပေးခြင်းဖြင့် အသက်ချမ်းသာရာရစေတယ်လို့ ဆိုပါတယ်။

(ဍ) ရှေးမြန်မာကြီးများလက်ထက်က ပိုးထိသောသူ၏ဒဏ်ရာမှ အဆိပ်ကို ရှေးဦးသူနာပြုစုနည်းဖြင့် ပါးစပ်ဖြင့်စုပ်ထုတ်စဉ် ၎င်းအဆိပ် ဟာပါးစပ်ထဲသို့ မတော်တဆဝင်၍ မျိုချမိတယ်ဆိုပါစို့၊ ထိုပြဿနာအတွက် ဆင်၏ချေး(မစင်) သွေး၍ သောက်ခြင်းဖြင့် အဆိပ်ပြေခဲ့ကြပါတယ်။


\+ + +

မြွေအကိုက်မခံရအောင် မြက်ဖုတ်များ၊ မြေတွင်းများနှင့် သစ်ခေါင်းပေါက်များကို ဝေးဝေးရှောင်ပြီး သွားလာပါ။ အိမ်မွေးခွေးများက မြွေအန္တရာယ်ကို ကြိုသိမြင်တတ်လို့ ခွေးတွေ စူးစူးဝါးဝါးဟောင်ရင် ဂရုတစိုက်စစ်ဆေးပါ။ ညဘက် အပြင်ထွက်တဲ့အခါမှာလည်း လက်နှိပ်ဓာတ်မီးနှင့် မြွေကိုအသံဖြင့်ခြောက်လှန့်နိုင်စေဖို့ တုတ်ရှည်ရှည်ဆောင်သွားပါ။ မြွေရှိတတ်တဲ့ တချို့မြို့နယ်များတွင် ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုချောင်၊ ရေမြောင်းများကို သန့်ရှင်းရေးဂရုစိုက်ကြပါရန်နှင့် မိမိအိပ်ရာခုတင်အပေါ်၊ အောက်တို့ကို သတိနှင့်ဆင်ခြင်၍ မြွေအန္တရာယ်မှ ကာကွယ်ကြပါရန် သတိပေးနှိုးဆော်လိုက်ရပါတယ်။ ။

**ပေါက်ပေါက်**



# အဋ္ဌ ၊ညောင်ပင်၊



“အား မြန်မြန်လေး သွားကြပါ၊
မရောက်သေးဘူးလား ကိုလုအောင်၊ ဒီမှာ
နာလှပြီ၊ မြန်မြန်လေးလုပ်ကြပါ အားနာတယ်”

ကျွန်တော်တို့လို ကောင်တွေက ကျန်းမာသန်စွမ်းနေသရွေ့ သခင်ခိုင်းရင် ခိုင်းသလောက် ပြေးနိုင်လွှားနိုင်တဲ့ကောင်တွေပါ။ ခု ကျွန်တော်ကလည်း ကျန်းမာ သန်စွမ်းနေဆဲလေ။ ပြေးချင်တာပေါ့ အစွမ်းကုန်ပြေးချင်တာ။ ဒါပေမဲ့ ပြေးလို့ မရဘူးဗျာ။ ကျပ်လိုက်တဲ့လမ်း၊ လမ်းပဲ ကျပ်တာလား၊ ကျွန်တော့်လို ကောင်တွေပဲ များလို့လားတော့ မပြောတတ်ပါဘူး။



မိန်းမတစ်ယောက်ရဲ့ အော်ညည်းသံက သနားစဖွယ်လေးပါ။ အဲဒီအသံတွေကို ကြားလေလေ ကျွန်တော့်မှာ မိမိကိုယ်ကို မကျေနပ်လေလေပါပဲဗျာ။ ကျွန်တော် တာဝန်မကျေပွန်မှုတွေ များလာနေပြီလေ။ ခုနောက်ပိုင်း ကျွန်တော့်ကို အားကိုးတကြီးနဲ့ စီးကြတဲ့လူတိုင်းလိုလိုကို တာဝန်မကျေပွန်ဘူးဖြစ်နေတယ်။ ဖြစ်နိုင်ရင် ကျွန်တော် အစွမ်းကုန်ပြေးကာ ပို့ဆောင်ပေးချင်တာပေါ့။ ခုတော့ ကျက်ညပ်လှတဲ့ လမ်းမပေါ်မှာ မရှန်းသာမရွှံ့သာနဲ့ တရွေ့ရွေ့မှ တရွေ့ရွေ့ရယ်လေဗျာ။

\+ \+ \+

ဖြစ်ပုံက ဒီလိုဗျ။ ကျွန်တော်က အဝေးပြေးကားဂိတ်ကို ခရီးသည်တစ်ဦး ပို့ပြီး ပြန်အလာမှာစတာ။ သမိုင်းလမ်းဆုံမှာ လူတစ်ယောက် ကျွန်တော့်ကို တားတယ်။ အနားမှာလည်း ဗိုက်ကြီးသည် မိန်းမတစ်ယောက်၊ အထုပ်တွေနဲ့ နှစ်ယောက်စလုံးက ငယ်ငယ်လေးတွေပဲရှိကြသေးတယ်။

''ဘယ်သွားမှာလဲ ညီလေး''

''ဂျမာခန္ဓာ၊ ဗဟိုအမျိုးသမီးဆေးရုံကို အစ်ကို''

''သုံးထောင့်ငါးရာပေးကွာ''

''ကဲ သဲရေ တက် တက်''

ဈေးတည့်သွားတော့ တစ်ခါတည်း တက်ကြတယ်ဗျာ။ အဲဒီအချိန်ထိအေးဆေးပဲ။ ကျွန်တော့် သခင်နဲ့လည်း စကားတွေ ပြောနေကြတာ ပျော်လို့။ ကောင်လေးနဲ့ ကောင်မလေးက နယ်ကဗျ။ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ကြရင်း ချစ်ကြိုက်ပြီး ညားကြတာ။ ဒါသူတို့အတွက် ပထမဆုံးကလေးပေါ့။ သားဦးတဲ့။ ဒါကြောင့် ပျော်နေကြတာ နယ်က မိဘတွေကတော့ နောက်နေ့မှ ရောက်ကြမှာတဲ့ ခုတော့ သူ့မိန်းမမွေးဖွားဖို့ ဆေးရုံကို သွားကြတာပေါ့ဗျာ။

လောကကြီးကို ရောက်လာမယ့် လူသားတစ်ဦး မွေးဖွားဖို့ ပို့ဆောင်ပေးရတာဆိုတော့ ဘာပဲပြောပြော ပျော်တာပေါ့ဗျာ။ ဂုဏ်လည်းယူတယ်။ ဒီကောင်ကြီးလာရင် ဘာဖြစ်မယ် မသိပေမယ့်လို့ ပျော်တာပေါ့။ အဲဒီအပျော်တွေ ဘယ်လောက်မှ မကြာပါဘူး ကျွန်တော် အတော်စိတ်ပျက်သွားတယ်။ ဟုတ်တယ် ကျွန်တော်လိုအကောင်တွေရှေ့မှာ တန်းစီနေကြတာ ပုရွက်ဆိတ်အုံ ကျနေတာပဲ။ ပုရွက်ဆိတ်တောင်မှ သူ့ဟာနဲ့သူများပေမယ့် ရပ်နေစရာမလိုဘူး။ ခုတော့ ကျွန်တော့်မှာ ရပ်နေလိုက် နည်းနည်းလေးတိုးလိုက်။ တကယ်ပါ အတော်စိတ်ပျက်ဖို့ကောင်းတယ်။

ကျွန်တော်တို့လို ကောင်တွေက ကျန်းမာသန်စွမ်းနေသရွေ့ သခင်ခိုင်းရင် ခိုင်းသလောက် ပြေးနိုင်လွှားနိုင်တဲ့ကောင်တွေပါ။ ခု ကျွန်တော်ကလည်း ကျန်းမာသန်စွမ်းနေဆဲလေ။ ပြေးချင်တာပေါ့ အစွမ်းကုန်ပြေးချင်တာ။ ဒါပေမဲ့ ပြေးလို့ မရဘူးဗျာ။ ကျပ်လိုက်တဲ့လမ်း၊ လမ်းပဲ ကျပ်တာလား၊ ကျွန်တော့်လို ကောင်တွေပဲ များလို့လားတော့ မပြောတတ်ပါဘူး။ ပြေးလွှားသွားလာလို့ကို မရတာတော့ အသေအချာပဲ။ ကျွန်တော်လည်း ပျင်းလာပြီ၊ ဒီလောက်နေပူနေတာဗျာ၊ ချွေးတွေကို ပြန်နေတော့တာ။ ခုနေခါများ တောင်ပံတစ်စုံပေါက်လာရင် ဘယ်လောက်ကောင်းမလဲလို့ မဆီမဆိုင် စိတ်ကူးမိသေးတယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ တောင်ပံခတ်ရင် ဘေးနားက ကောင်တွေကို ထိမိမှာပေါ့။

ဒါနဲ့ စိတ်ပြေလက်ပျောက် ရှေ့ကို ကြည့်လိုက်တော့ အားလားလား အားကျစရာကြီးပါလားဗျာ။ ကျွန်တော်လိုကောင် တစ်ကောင်အပေါ်မှာ စုံတွဲတစ်တွဲဗျာ။ တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားကြတယ်။ မျက်နှာမှာလဲ ပြုံးရိပ်တွေသန်းလို့။ အမယ်ကြည့်နေတုန်း သူတို့မို့ မရှက်တယ်။ ကျွန်တော်တောင် ရှက်မိတယ်။ ဒါကြောင့်ထင်ရဲ့ 'ယိုသူမရှက် မြင်သူရှက်' ဆိုတဲ့ စကားပုံလူကြားထဲမှာ ရှိနေတာ။ သူတို့အတွဲကို ကြည့်ရင်း ဟိုတလောက ကြုံရတဲ့အဖြစ်ကလေးကို တောင် သွားသတိရမိသေးရဲ့။

ဖေဖော်ဝါရီလက ဘာတဲ့ အဲဒီနေ့က သူတို့တွေ ပြောပြောနေကြတာ၊ ဗာလင်တိုင်းဒေးဆိုလား မသိပါဘူး။ အဲဒီနေ့က ကောင်လေးနဲ့ ကောင်မလေးတွေကို အများဆုံးပို့ပေးခဲ့ရတယ်။ အားလုံးကတော့ ပြုံးပြုံးရွှင်ရွှင်တွေပါပဲ။ ဒါပေမဲ့ အတွဲတစ်တွဲကတော့ နည်းနည်းထူးတယ်ဗျာ။ ငယ်ငယ်လေးပဲရှိအုံးမယ်။ ကျွန်တော် ထင်တယ် အလွန်ဆုံးရှိလှ ၁၅ နှစ် ၁၆ နှစ် ဝန်းကျင်တွေလောက်ပဲရှိအုံးမယ်။ ကောင်မလေးက ငိုလည်းငိုရဲ့ ကောင်လေးရင်ဘတ်ကို ထုထုပြီး ''အရမ်းချစ်လို့ အလိုလိုက်တာနော်၊ သစ္စာမဖောက်နဲ့၊ သစ္စာဖောက်လို့ကတော့ ကိုယ့်ကို သတ်သေမှာပဲတဲ့''

ဘုရား . . . ဘုရား မကြိုကောင်း မစည်ရာဗျာ၊ ဘာကို အလိုလိုက်ခဲ့တယ်တော့ မပြောတတ်ဘူး မိမိကိုယ်ကို သတ်သေရအောင်များ။ အဲဒီလို အတွဲတွေ ကျတော့ ကောင်းတယ်ဗျ။ ဘယ်လောက်ပဲ လမ်းပိတ်လို့ကြာကြာ စိတ်မညစ်ဘူး။ တစ်လောကလုံးမှာ သူတို့နှစ်ယောက်တည်း ရှိနေသလိုကို ထင်ရတာ။ ကျွန်တော့် သခင်ကိုလည်း ဂရုမစိုက် ပတ်ဝန်းကျင် ဆိုဝေးပေါ့။ တစ်ခါတစ်ခါများဆို နားရှက်စရာတွေတောင် ပြောတတ်ကြသေးတယ်။

ကျွန်တော် ပို့လိုက်ရတဲ့အထဲမှာတော့ ရုံးသွားတဲ့ လူတော်တော်များကတော့ တညည်းညည်းတညူညူဗျ။ ''လုပ်ပါ အစ်ကိုရယ် အခြားလမ်းက သွားလို့မရဘူးလား၊ ဒီနေ့ပါ ရုံးနောက်ကျရင်တော့ ဒီလထဲမှာကို ငါးကြိမ်ရှိပြီ။ အဲဒီလိုဆို လခကတော့ လျော့ပါပြီဗျာ'' အဲဒီလို ဝန်ထမ်း

တွေကျ ကျွန်တော် အတော်လေးသနားမိတယ်။ သူ့ခင်ဗျာ အလုပ်လည်းလာရသေးတယ်။ လမ်းပိတ်လို့ နောက်ကျတော့ လစာ အဖြတ်ခံရတယ်ဆိုတော့ တကယ့်ကို သနားစနာလေးပါ။ အဲဒီလို လမ်းပိတ်လေလေ၊ ခရီးသည်တွေကို အားနာလေလေပါပဲ။

+ + +

သူတို့ကို အားနာတာထက် ကျွန်တော့်သခင်ကို ပိုပြီးသနားမိတယ်ဗျာ။ သူ့ခင်ဗျာ ကလေးသုံးယောက်နဲ့ အမေအိုကြီးကို လုပ်ကျွေးနေတာ၊ ရန်ကုန်ရွှေမြို့တော်ကြီးကလည်း ဘယ်သူ့မှ ညှာတာတာ မဟုတ်ဘူး။ ကြည့် ခင်ဗျာမှာ မနက်ခြောက်နာရီလောက်ကနေပြီး ကျွန်တော့်ကို မောင်းနှင်ပြီး ခရီးသည်ရှာတာ ည ၁၀ နာရီထိုးတဲ့အထိပေါ့။

ပြောရအုံးမယ်။ ကျွန်တော့်ပိုင်တဲ့ သခင်က တစ်ယောက်နော်။ အခုမောင်းနေတာက အဲဒီ သခင့်ဆီက ယူပြီး မောင်း တာ။ သူ့ခင်ဗျာ အုံနာကြေးရယ်၊ ကျွန်တော့် အတွက် အာဟာရရယ် ပေးထည့်ပြီးမှ ပိုတာကို သူယူရတာ။ တစ်နေ့မှ ဘယ် လောက်မှ မရပါဘူးဗျာ။ အဲ ကံကောင်းတဲ့ နေ့ရှိသလို၊ ကံဆိုးတဲ့နေ့လည်းရှိတာပေါ့။ တစ်ခါတလေများဆို အိပ်ကပ်ထဲကပါ စိုက်ခဲ့ရ သေးတာ။ အဲဒါကြောင့် ကျွန်တော် က သခင့်ကို သနားတာပါ။

တွက်ကြည့်ပါလား။ သူ့မှာနေတော့ အိမ်ငှားပြီးနေရတာ။ ကလေးသုံးယောက်ကလည်း အလုပ်မလုပ်နိုင်သေးဘူး၊ ကျောင်းတက်နေကြတုန်း၊ အကြီးကောင်က ဆယ်တန်း၊ သူ့အောက်ကရှစ်တန်းနှင့် အငယ်ဆုံးက တတိယတန်း၊ အဲဒီကလေးတွေအတွက် ကျောင်းစရိတ်ကမနည်းဘူး။ တော်သေးတယ်။ သူ့မိန်းမရောင်းတဲ့ မုန့်ဟင်းခါး ဆိုင်လေးရှိနေလို့ မဟုတ်ရင် ဘယ်လိုနေမယ်ကို မသိပါဘူးဗျာ။

ကျွန်တော့်ကို ပိုင်တဲ့ သခင်နဲ့တော့ ကွာပ့ါ။ အဲဒီ သခင်မှာဆို ကျွန်တော့်လို ကောင်တွေ အများကြီးရှိတယ်။ ဘာတဲ့ သူပြောတာ ''ဟော့ဒါတွေက ကလေးကျောင်းစရိတ်လေး ကာမိရုံတဲ့'' အေးလေ ခြံအကျယ်ကြီးနဲ့ အိမ်ကောင်းကောင်းမှာ နေတာဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ လောကကြီးက မတရားပါဘူး။ ချမ်းသာတဲ့ လူတွေကို ထားစရာမရှိအောင် ချမ်းသာကြတာ။ လုပ်ချင်တဲ့ စီးပွားရေးလုပ်လို့ရတယ်။ ဟော ဆင်းရဲသားတွေကျတော့လည်း ဆင်းရဲလိုက်ကြတာ။ နေတော့ အိမ်ငှား လုပ်တော့သူများ ဖြစ်နေကြတာ။ အမှန်ဆိုဆင်းရဲချမ်းသာ ဒီလောက်ထိ မကွာသေးဘူးထင်တယ်။ အဲလေ ဘာတွေပြောနေပါလိမ့်။ အဲဒါ လူ့လောက၊ ကျွန်တော်နဲ့ ဘာဆိုင်တာမှတ်လို့။

+ + +

ဟော ရောက်တော့မယ်။ ရှေ့အကွေ့ပြီးရင် ဗဟိုအမျိုးသမီးဆေးရုံရောက်ပြီ။ ကျွန်တော့်တာဝန်လည်း ပြီးဆုံးပြီပေါ့။ အဲဒီအခါကျမှပဲ ကျွန်တော်လည်း နားညည်းသက်သာတော့မယ်။ ပြောမပြောချင်ပါဘူးဗျာ။ တစ်လမ်းလုံးကို အော်လာတာ နည်းနည်းပါးပါး သည်းခံမှပေါ့။ ခုများတော့ မဟုတ်ပေါင်။ ကျွန်တော်ထင်တယ်။ နာတာနည်းနည်း အော်ကာ များများဖြစ်နေတယ်လို့။

''ဟာ ကိုလှမောင် လုပ်ပါအုံး၊ မရတော့ဘူး အား မရတော့ဘူး''

''သည်းခံပါ သဲရေ၊ ရောက်တော့မှာနော်၊ မြင်နေရပြီ အောင့်ထား ခဏလေး ခဏလေး''

''အား ... အား ... အားနာတယ်၊ အား ... မရတော့ဘူး ရောက်''

''ရောက်ပြီ ... ရောက်ပြီ''

''သွားပြီး မရတော့ဘူး မွေးသွားပြီ''

''ဟော ... ဟော''

ဟုတ်ပါတယ်ဗျာ။ တကယ်မှ တကယ်ကြီးရယ်ပါ။ ဆေးရုံကိုလည်းဝင်ပြီ။ ကျွန်တော်အရပ် ကလေးအမွေးကွက်တိ။ ချိန်ကိုက်လုပ်ထားသလား အောက်မေ့ရတယ်။ ဟော ဆေးရုံက ဆရာမတွေ၊ လုပ်သားတွေ တွန်းလှည်းနဲ့ လာကြတယ်။ ကလေးကို ကိုင်သူက ကိုင်လို့၊ ကောင်မလေးကို တွန်းလှည်းပေါ်တင်ပြီး တွန်းသွားကြတော့မယ်။ ကလေးအဖေဖြစ်တဲ့ ကောင်လေးကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ယောင်နနဖြစ်နေတယ်။ အထုပ်တွေကိုင်လိုက်၊ မိန်းမအနားသွားလိုက်နဲ့။

''ရှင် ... ဘာလုပ်နေတာလဲ၊ အထုပ်တွေယူ ကျွန်မတို့နောက်လိုက်ခဲ့''

''ဟုတ်ကဲ့ ... အော်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ပါ''


''ဟာ မေ့ပြန်ပြီ ရော့ ... ရော့ အစ်ကို ကားခ ... ကားခ''

''အော် အေး ... အေး ''

ကျွန်တော့်သခင်ကတော့ ပြုံးလို့ဗျ။ သူပြုံးပေမယ့် ကျွန်တော်ကတော့ မပြုံးနိုင်ပါဘူးဗျာ။ တစ်ကိုယ်လုံး နံစော်နေပြီ။ သခင်ကတော့ ကျွန်တော့်ကို မကြာခင်ဆို ရေချိုးပေးတော့မှာ အဲဒီအတွက်လည်း ငွေကကုန်အုံးမှာ။ ကျွန်တော့်တစ်ကိုယ်လုံး နံစော်နေပေမယ့် တော်သေးတယ်လို့ ပြောရမယ်။ အကယ်၍များ လမ်းမှာသာ မွေးခဲ့ရင် တွေးပင်မတွေးဝံ့ပါဘူးဗျာ။ ဒီလောက် ကျပ်ညပ်လှတဲ့ လမ်းမထက်မှာ ဘာလုပ်လို့ လုပ်ရမှန်းကို သိမှာမဟုတ်ဘူး။

ဟော ကျွန်တော့်ကို ရေချိုးပေးမယ့် နေရာရောက်ပြီ။ သခင်ငွေကုန်မှာကို ကျွန်တော်သနားနေပေမယ့် သူကတော့ ပြုံးလို့။ အေးလေ ပြုံးမှာပေါ့ အခုလို အဖြစ်အပျက်တို့ဖြစ်ရင် ကံကောင်းစေတယ်လို့ သူတို့က ယုံကြည်နေကြတာ မဟုတ်လား။ ။

**အဥူန (ညောင်ပင်)**



# မေရွှန်အေး

## အကျည်းတန် မြစ်ကျွန်းများ



ဒေါ်လှဲ့လဲချိုတစ်ယောက် ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ပါးပြင်ပေါ်သို့ ပူနွေးစွာ စီးကျလာသော မျက်ရည်များကို သုတ်နေမိသည်။ စူးစူးဝါးဝါးနာကျင်ကိုက်ခဲလာ သော ဝမ်းဗိုက်တစ်နေရာကို လက်နှင့် ဖိလိုက်မိ၏။ ဒီတော့မှ သူ့ဝမ်းဗိုက်တစ်ခုလုံး ပြည့်နှက်နေသော ချုပ်ရိုးရာများစွာကို စမ်းသပ်မိတော့သည်။

ဟုတ်တာပေါ့ . . . သူ့ခန္ဓာဗေဒ အစိတ်အပိုင်းတွေက တစ်ခုမှ ကောင်းပုံမရတော့ဘူးထင်သည်။ သူ့အသက် ၇၀ ပြည့်နှစ်မှာ ချုပ်ရိုးကြောင်းက သုံးခုမျှရှိခဲ့ပြီလေ။

အခု ဆေးရုံတက်ရောက်ကုသရခြင်းဟာ နောက်ဆုံးသာ ဖြစ်ပါစေတော့ဟု အခါခါ ဆုတောင်းနေမိသည်။ အမှန်တော့ ဒေါ်လှဲ့လှဲ့ချို သူ့နောက်ဆုံးခရီးကို တွေ့ရှိထားပြီဖြစ်သည်။ ရင်ဆိုင်ဖို့လည်း အသင့်ပြင်ဆင်ထားသည်။ ဒါပေမဲ့ သမီးလတ်ဖြစ်သူ သီသီချို၏ "မဖြစ်ပါဘူး အမေရယ်၊ ဝေဒနာကို မကုသဘဲ အသေခံနေမယ့် အစား နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ ကုသမှုကို ခံတာက အဓိပ္ပာယ်ရှိတာပေါ့" ဟူသော စကားကြောင့် သူဆေးရုံတက်ပြီး ကုသမှုခံယူရခြင်းဖြစ်၏။

သီသီချိုကိုယ်တိုင်ကလည်း ရင်သားကင်ဆာဖြင့် ငွေကြေးများစွာ အကုန်အကျခံ ဆေးကုသလိုက်မှုကြောင့် ယနေ့အထိ သက်ရှည်ကျန်းမာနေခဲ့သည်။ ဝေဒနာစဖြစ်စဉ်ကတည်းက စင်္ကာပူရောက် သီသီချို၏ ခင်ပွန်းမှာ အလုပ်မှခွင့်ယူပြီး ဇနီးသည်ထံ ပြန်လာခဲ့သည်။ ထိုစဉ်တုန်းက ဒေါ်လှဲ့လှဲ့ချိုတစ်ယောက် သမီးလတ် သီသီချိုကို နေ့မအိပ်၊ ညမအိပ် ပြုစုခဲ့ရသေးသည်။ ခင်ပွန်းဆိုတာက အားပေးနိုင်ရုံပါပဲ။ တကယ်တမ်းရောဂါသည်းနေသည့် လူနာဇနီးသည်အတွက် အမေသာလျှင် သူနာပြုကောင်း တစ်ယောက်ဖြစ်ကြောင်း ဒေါ်လှဲ့လှဲ့ချို လက်တွေ့ပြသခဲ့ပါသည်။

သီသီချို၏ တစ်ရပ်တစ်ထွေး ဆံပင်နက်နက်ကြီးကို ဖြတ်တောက်ပစ်လိုက်ရသောနေ့က ဒေါ်လှဲ့လှဲ့ချိုရင်ထဲ အလွန်နာကျင်ခံစားရပါသည်။ သီသီချိုမှာ ငယ်နုစဉ်ကတည်းက ယုယုယယ မြတ်မြတ်နိုးနိုး အရှည်ထားလာသည့် ဆံပင်မို့ ဘယ်လောက်နှမြောနေမလဲဆိုတာ သူတွေးရင်းနှင့် စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဓာတ်ကင်ကုသမှု အကြိမ်များလာသည်နှင့် အမျှ သီသီချိုဆံပင်တွေ အစုလိုက် အပြုံလိုက် ကျွတ်ခဲ့ရပြီး နောက်ဆုံး ဦးခေါင်းကို တုံးလိုက် ရသည်။ ရင်ထဲ မကောင်းလိုက်တာ။ ထိုနေ့က ဒေါ်လှဲ့လှဲ့ချို ထမင်းမစားနိုင်ခဲ့။

အသက်အရွယ်ငယ်သေးတာကလည်း ပါမည်ထင်ပါရဲ့ သီသီချို ဝေဒနာပျောက်ကင်းခဲ့သည်။ အခုတော့သူက အသက်ကြီးလာပြီလေ။ ပြီးတော့ သူခံစားနေရသည့်

**သူ့အဖို့တော့ ဘဝဆိုတာ ဖြောင့်ဖြူး သော လမ်းတစ်ခု မဟုတ်ခဲ့ပါ။ သူ့ဘဝ တစ်ဆစ်ချိုးအကွေ့မှာ ကြမ်းတမ်းသော လောကဇံနှင့် ဘွားခနဲရင်ဆိုင်လိုက်ရပြန် သည်။ ဆေးရုံမှာ ရုတ်တရက် အူအတက် ခွဲစိပ်ပြီး ဖြတ်တောက်ခဲ့ရသည်။ ရုတ်တရက် ဖောက်ပြန်လာသော ဝေဒနာမို့ သူကြိုတင် ကာကွယ်နိုင်ခွင်းမရှိခဲ့။**



ကင်ဆာအမျိုးအစားမှာ သားအိမ်ကင်ဆာဖြစ်သည်။ သူ့အဖို့ ဤဝေဒနာကို ပျောက်ကင်းအောင် ကုသဖို့ မလွယ်ကူမှန်းလည်း တွေးမိသည်။ ကုသစရိတ်များပြားသောကြောင့် သူဆက်ပြီး မကုချင်တော့။

သမီးကြီးနှင့် သမီးလတ်နှစ်ဦးစလုံး အလုပ်ကိုယ်စီနှင့်အပြင်၊ သားရေးသမီးရေး တွေနှင့်မို့ သူ့ကို မစောင့်ရှောက်နိုင်ပေ။ သားသမီးတစ်ယောက်မျှ မထွန်းကားသည့် သူ၏ တူမမုဆိုးမလေး စီစီနှင့်အတူ အကူနပ်စ်မကလေးတစ်ယောက်နှင့်သာ သူ အဖော်ပြုနေရသည်။

\+ + +

တစ်ဦးတည်းသော သမီးမို့ မိဘများက သူ့ကို အလိုလိုက်ကြသည်။ ဒါပေမဲ့ သူကမိဘအပေါ် ဘယ်တုန်းကမှ မဆိုးမနွဲ့ခဲ့ဘူးပါ။ သူတို့ နယ်မြို့ကလေးတွင် သူ့မိဘများသည် ပြည့်စုံကြွယ်ဝကြသလောက် အလှူအတန်းရက်ရောခြင်းကြောင့် လူသိများထင်ရှား၏။ စံပယ်ပန်းပွင့်လေးလို ဖြူစင်လှပသော သမီးလေးတစ်ယောက်ရှိ၍လည်း မျက်နှာပွင့်လန်းကြသည်။ သားရှင်များက လိုလိုလားလား စကားကမ်းလှမ်းလာကြသော်လည်း မိဘများက ရိုးသား၍ ကြိုးစားမည့်သူကိုသာ ရွေးချယ်ချင်ကြသည်။ အိမ်ပါ သားမက်ဖြစ်ဖို့လည်း လိုလားကြ၏။ ဒီအချိန်မှာ သူတို့မြို့ကို ပြောင်းလာသည့် မြို့ပိုင်လေးကိုစောထွန်းဟာ ကံထူးရှင်ဖြစ်လာသည်။

ရိုးသားကြိုးစားသည့် တစ်ကောင်ကြွက်မြို့ပိုင်ကလေး ကိုစောထွန်းသည် လှဲ့လှဲ့ချို၏ကြင်ယာဖြစ်လာသည်။ သာယာဖြောင့်ဖြူးသော သူတို့နှစ်ဦး၏ ဘဝလေးထဲမှာ သမီးသုံးယောက်နှင့် အငယ်ဆုံးသားလေး မွေးဖွားသန့်စင်ပြီး မရှေးမနှောင်း အချိန်မှာ လှဲ့လှဲ့ချို၏ မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ဆုံးပါးသွားခဲ့သည်။

မြို့ပိုင်ကတော် လှဲ့လှဲ့ချို၏ ပတ်ဝန်းကျင်မှာတော့ အခြွေအရံတွေက ပေါများလှပါဘိ။ သားသမီးလေးယောက်သာ မွေးလိုက်သည်။ သူ့မှာ ထိန်းကျောင်းရမှုကနည်းပါးသေးသည်။ စေတနာကောင်းပြီး ကြင်နာတတ်သော မြို့ပိုင်ကလေး၏ ဂုဏ်သတင်းကား မွှေးပျံ့သလို မြို့ပိုင်ကတော်၏ နူးညံ့သိမ်မွေ့မှုကလည်း ကျော်စောလှ၏။ လူချစ်လူခင်များလှ၏။

ရာထူးများအဆင့်တိုးကာ နောက်ဆုံး ရန်ကုန်မြို့မှာ တာဝန်ထမ်းဆောင်ရင်း အငြိမ်းစားယူခဲ့သည်။ အပြိုင်းအရိုင်း သားသမီးများကတော့ ရီရီချို၊ သီသီချိုနှင့် ကြည်ကြည်ချိုတို့ ဖြစ်ကြသည်။ အငယ်ဆုံး သားလေးကတော့ ခင်မောင်ချိုပါပဲ။ သားသမီးအားလုံး လူလားမြောက်လာကြပြီး ပညာသင်ယူနေဆဲကာလမှာပဲ အငြိမ်းစားဖခင်ကြီးမှာ နှလုံးရောဂါဖြင့် မမျှော်လင့်ဘဲ တိမ်းပါးခဲ့သည်။ ဒီအချိန်မှာ လှဲ့လှဲ့ချို တစ်ယောက် အသက်လေးဆယ်ကျော်ရုံသာရှိသေးသည်။

မထင်မှတ်သောကာလတစ်ခုမှာ လှဲ့လှဲ့ချို ကလေးလေးယောက်နှင့်အတူ မုဆိုးမဘဝဖြင့် လောကကြီးထဲမှာ အားငယ်စွာ ကျန်ရစ်ခဲ့သည်။ အိမ်ထောင်ကျခဲ့ကတည်းက ဘာတာဝန်မျှ မယူခဲ့ရသော

သူ့အဖို့ ပြန်းစားကြီး လောကဓံရိုက်ချက်အောက်မှာ ဒဏ်ရာပြင်းပြင်း ရရှိခံစားလိုက်ရသည်။

မလုပ်တတ် မကိုင်တတ်နှင့် စုဆောင်းထားရှိသော ငွေကြေးနှင့် လက်ဝတ်လက်စားများကို ရောင်းချပြီး မိတ္တူကူးစက်ဆိုင်ကလေး ထူထောင်ဖွင့်လှစ်ဖြစ်သည်။ ဒါကလည်း သမီးကြီးချစ်သူ၏ ကူညီမှုကြောင့်ဖြစ်သည်။ သမီးကြီး၏ ချစ်သူမှာ သဘော်အရာရှိတစ်ယောက်ဖြစ်ပြီး နိုင်ငံခြားမှ မိတ္တူကူးစက်ဝယ်လာခဲ့၍ သမီးကြီးအစီအမံဖြင့် ရန်ကုန်မြို့လယ်လူစည်ကားသော နေရာတစ်ခုမှာ ‘ချိုမိတ္တူကူးဆိုင်’ တစ်ဆိုင်ဖွင့်ဖြစ်သွားသည်။ သမီးကြီးက နောက်ဆုံးနှစ် ဥပဒေကျောင်းသူမို့ စီမံခန့်ခွဲတတ်သည်။ နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုဖို့ကလည်း သုံးလလောက်သာ လိုတော့သည်။ သူ့အတွက်က ရင်အေးရပြီပေါ့။ ဒါပေမဲ့ ကျောင်းပြီးလျှင် အိမ်ထောင်ပြုတော့မည်ဟု ခွင့်တောင်းလာတော့ လှဲလှဲချိုမှာ ထိပေါက်ပြီး လက်မှတ်ပျောက်သလိုပဲ။ သူ့အနေနှင့်ကတော့ သမီးကြီးကို သူနှင့်အတူ စီးပွားရေးကို ဦးစီးလုပ်ကိုင်စေချင်သေးသည်။ အငယ်သုံးယောက်စလုံး ပညာရေးဆုံးခန်းမတိုင်ကြသေးဘူးလေ။ သီသီချိုက နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ဂျပန်ဘာသာ ဒုတိယနှစ်တက်နေဆဲ၊ ကြည်ကြည်ချိုကတော့ ဆယ်တန်းဖြေရမှာဖြစ်သလို အငယ်ဆုံးသားလေးက ရှစ်တန်းကျောင်းသားဆိုတော့ ပညာသင်စရိတ်၊ ကျူရှင်လခ၊ တစ်နေ့တစ်နေ့ လမ်းစရိတ်ပေးရတာကိုက မနည်းမနော။ ဒါတောင် မုန့်ဖိုးမပါသေးဘူး။ အတန်းကြီးလာသလို အကုန်အကျငွေကလည်း များလာသည်။

အိမ်အတွက် စားစရိတ်ကလည်း ဘယ်သေးလိမ့်မလဲ။ မိသားစုအားလုံး၏ တာဝန်ကို သူပခုံးပြောင်း လွှဲယူလိုက်ရတော့ တွေးမိတိုင်း အသက်ရှူမဝချင်တော့။ မီးဖိုချောင်ကလည်း ဆန်ပြီးဆီ၊ ဆီပြီးဆန်အလှည့်မကျခင် ကုန်နေပုံက ဂျာအေးတစ်ပတ်လည်နေသည်။ သူ့မှာ နေ့လည်ခင်းလက်ဖက်ရည် တစ်ခွက်တောင် မသောက်ဖြစ်တော့။ လက်ဖက်ရည်က တစ်ခွက်တစ်ရာဆိုတော့ တစ်လသုံးထောင်ဆိုသည့်ငွေက အိမ်သုံးစရိတ်အတွက် အထောက်အပံ့ဖြစ်စေတာပဲလေ။

ညနေဆိုင်သိမ်းချိန်မှာတော့ သူခြေကုန်လက်ပမ်းကျခဲ့ပေမယ့် အပြန်ခရီးစရိတ်ကို ချွေတာကာ တစ်မိုင်ခရီးကို အညောင်းလည်းပြေ၊ လမ်းလျှောက်အိမ်ပြန်ခဲ့သည်။ တော်သေးသည်။ သူ့မိတ္တူဆိုင်ကလေးကလည်း တစ်နေ့ထက်တစ်နေ့ ဖောက်သည်များ တိုးပွားနေသည့်အတွက် မိသားစုအားလုံးရှင်သန်ခွင့်ရနေသည်။



သူ့အဖို့တော့ ဘဝဆိုတာ ဖြောင့်ဖြူးသော လမ်းတစ်ခု မဟုတ်ခဲ့ပါ။ သူ့ဘဝတစ်ဆစ်ချိုးအကွေ့မှာ ကြမ်းတမ်းသော လောကဓံနှင့် ဘွားခနဲရင်ဆိုင်လိုက်ရပြန်သည်။ ဆေးရုံမှာ ရုတ်တရက် အူအတက်ခွဲစိပ်ပြီး ဖြတ်တောက်ခဲ့ရသည်။ ရုတ်တရက်ဖောက်ပြန်လာသော ဝေဒနာမို့ သူကြိုတင် ကာကွယ်နိုင်စွမ်းမရှိခဲ့။ ထို့နေ့က ဆိုင်မှာ ကိုထွန်းအေးရှိနေလို့သာ တော်သည်။ သူချက်ချင်း ဗိုက်ထိုးအောင့်လာပြီး မခံမရပ်နိုင်ဖြစ်နေ၍ အခြေအနေကို ရိပ်စားမိသော ကိုထွန်းအေး၏ အကူအညီဖြင့် ဆေးရုံသို့ အချိန်မီရောက်ခဲ့ရသည်။ သမီးတွေ ဆေးရုံကို ရောက်လာကြတော့ ကိုထွန်းအေးကို သံသယမျက်လုံးများဖြင့် ကြည့်ကြသည်။ ကိုထွန်းအေးဆိုတာ မုဆိုးဖိုကားဝယ်ရောင်းလုပ်ကိုင်နေသူ။ သူနှင့် မတိမ်းမယိမ်းအရွယ်ဖြစ်ပြီး ပန်းဝတ်မှုန်ကို ဝဲနေသည့် ပျားပိတုန်းတစ်ကောင်ပါပဲ။ သူ၏ အနေအထိုင် ရင့်ကျက်တည်ငြိမ်မှုကြောင့် သူ့အပေါ်ပွင့်ပွင့်လင်းလင်း မဆက်ဆံရဲခဲ့ပါပေ။

အထူးဂရုတစိုက်ပျူငှာနေသော ကိုထွန်းအေးကို သမီးတွေမကြည်လင်။ သူ့အပေါ် သံသယစကားတွေဆိုလာသည်။ ‘‘သမီးတို့အထင်မလွဲနဲ့နော်၊ တိုက်တိုက်

ဆိုင်ဆိုင်ဖြစ်လာတာတော့အမှန်၊ တကယ်တမ်းသာ သူရှိမနေခဲ့ရင် အမေ့အဖြစ်ကတော့ မတွေးဝံ့အောင်ပါပဲ''

''ဒါဆိုသူက အမေ့ ကျေးဇူးရှင်ကြီးပေါ့'' အလတ်မက မထိတရိပုံစံဖြင့် သူ့ကိုပြောလိုက်သောအခါ သူသက်ပြင်းကို မသိ မသာ ချလိုက်မိသည်။ သမီးတွေက ကိုထွန်းအေးတစ်ယောက်ကိုသာ တွေ့မြင်သိရှိပြီး အမြင်စောင်းနေခဲ့တာကိုး။ သူတို့လေးတွေ မသိဘဲ သူ့အနားမှာ ဝေ့ဝဲနေသည့် အခြားပိတုန်းများစွာရှိသေးသည်။ အချို့က ပေါ်ပေါ်တင်တင် ထုတ်ပြောပြီး တစ်ချို့ကျတော့ ကြိတ်ပိုးကလေးပေါ့။ စားသောက်ဖွယ်ရာများဖြင့် တစ်မျိုး အဝတ်အစားများဖြင့် တစ်သွယ်၊ အခြားအသုံးအဆောင်ပစ္စည်းများဖြင့် တစ်ဖုံ၊ လက်ဆောင်ပေးကာ သူ့ကိုနည်းမျိုးစုံဖြင့် ချဉ်းကပ်ကြသည်။

နောက်ပိုင်းတွင် သမီးတွေက သူ့ဆိုင်ကို မကြာမကြာ ရောက်လာတတ်သည်။ သူတို့ ရောက်လာတိုင်းဆိုင်မှာ မိတ္တူလာကူးသည့် ခပ်ရွယ်ရွယ်၊ ခပ်ကြီးကြီးယောက်ျားများကို မယုံကြည်စိတ်ဖြင့် ထောက်လှမ်းကြည့်ရှုနေတာကို ကြည့်ပြီး သမီးတွေကို ကရုဏာသက်နေမိသည်။ သူ့မေတ္တာကို မျှဝေခွဲမပေးချင်တာသိရလို့ သူကျေနပ်မိသည်။

သူ့အနေနှင့် သားသမီးလေးယောက် စလုံးကို ဘယ်သောအခါမျှ ပထွေးဆိုသော ခေါင်းစဉ်အောက်မှာ မရှင်သန်စေရဟု ဆုံးဖြတ်ချက် ချထားပြီးသားပါ။ အထူးသဖြင့် အရွယ်ရောက်နေသော ပန်းကလေးသုံးပွင့်အတွက် မပြတ်သတိရှိနေပါသည်။ သားသမီးတွေရဲ့ ပျော်ရွှင်မှုတွေကို မည်သည့်အရာမျိုးနှင့်မျှ သူမလဲနိုင်ပါ။

ဘဝအမောတွေကြားမှာ ဝေဒနာတွေ ခံစားလာရသည့်အခါ သူ၏မိဘများကို မကြာခဏသတိတရ ရှိလာတတ်သည်။ သူ့မှာ တစ်ဦးတည်းသော သမီးမို့ မိဘများက အရိပ်တကြည့်ကြည့် ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားခဲ့ကြသည်။ မိဘစကားတစ်ခွန်းကို ဘယ်တော့မှ ဆန့်ကျင်ခြင်းမရှိ၊ နာခံမှုဖြင့် ကြီးပြင်းလာသောကြောင့် သမီးလိမ္မာဟု အများက ချီးမွမ်းစကားပြောကြသလို သူကလည်း သူ့ကိုယ်သူ မိဘကို စိတ်ချမ်းသာအောင်ထားနိုင်သူအဖြစ် အမြဲဂုဏ်ယူဝင့်ကြွားခဲ့သည်။

မိဘများက သဘောကျသူကို သူက နှစ်သက်မြတ်နိုးလက်ထပ်ခဲ့သည်။ မိဘများဆုံးပါးသွားချိန်မှာတော့ သူ့အတွက် မြင့်၏မိုရ်တောင်ကြီး ပြိုခဲ့ရသည်။ မိဘအပေါ် စိတ်ချမ်းသာစေရုံကလွဲပြီး သူ့မှာ ဘာတစ်ခုမျှ ကျေးဇူးတုန့်ပြန်မဆပ်လိုက်ရပေ။ မိဘနှစ်ပါး၏ အရိပ်အောက်မှာပဲ

**သူကတော့ နို့တစ်လုံးဖိုးမဆိုထားနှင့် အမေ့နို့တစ်စက်ဖိုးပင် မကြေခဲ့ပါလားဟု ယခုမှ သတိရလာ သည်။ နှောင်းခဲ့ လေပြီ။ သူနောင်တရသည်။ ဘာမှ မတတ်နိုင်တော့။ ဝဋ်လည်တတ်တယ်ဆိုတာ မှန် များနေသလား။**



သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးဖွားရင်း အချိန်တွေသာ ကုန်သွားသည်။

မိဘနှစ်ပါးကို ခြေဆုပ်လက်နယ်ပြုခြင်း၊ မိဘများ၏ စီးပွားရေးတွင် တစ်ပိုင်တစ်နိုင် ဝင်ရောက်လုပ်ကိုင်ပေးခဲ့ဖူးခြင်း မရှိ ခဲ့ပေ။

မြတ်စွာဘုရားသည် မိဘကျေးဇူးဆပ်ရန် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာ နတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အဘိဓမ္မာတရားဟောကြားပြီး အမိကျေးဇူးကို ဆပ်ခဲ့သည်။ ဒါတောင်မှ နို့တစ်လုံးဖိုးမကြေခဲ့သေးပါဟု မှတ်သားရဖူးပါသည်။

သူကတော့ နို့တစ်လုံးဖိုးမဆိုထားနှင့် အမေ့နို့တစ်စက်ဖိုးပင် မကြေခဲ့ပါလားဟု ယခုမှ သတိရလာသည်။ နှောင်းခဲ့လေပြီ။ သူနောင်တရသည်။ ဘာမှမတတ်နိုင်တော့။ ဝဋ်လည်တတ်တယ်ဆိုတာ မှန်များနေသလား။ သမီးကြီးမှာ သူ့အပေါ် လုံးဝမသိတတ်ပေ။ တကယ်ဆိုလျှင် အမေမုဆိုးမနှင့် သူ့အောက်လူမမယ်အရွယ် မောင်နှမတစ်တွေ ရှိနေသေးတာ သိသိကြီးနဲ့ ကိုယ်လွတ်ရုန်းထွက်ချင်သည်။ သူဘာတစ်ခွန်းမျှ မပြောလိုပါ။ သမီးကြီးစိတ်ချမ်းသာဖို့က အရေးကြီးပါသည်။ သမီးကညာအခါမလင့်စေရဆိုသည့် စကားအတိုင်း မိန်းကလေးဆိုတာက ဆွတ်ချူမည့်သူရှိတုန်း အသင့်ဖြစ်နေရမည်မဟုတ်လား။ သူခွင့်ပြုလိုက်ပါသည်။ ကျေကျေနပ်နပ် ခွင့်ပြုလိုက်ပါသည်။

\+ \+ \+

ဘာလိုလိုနဲ့ သမီးငယ်လေး ကြည်ကြည်ချိုတစ်ယောက် ဘွဲ့ရတော့မည်။ ဒီကလေးဟာ သူ့အပေါ် တွယ်တာလွန်းလှပါဘိ။ အရိပ်တကြည့်ကြည့်နှင့် ဒီအချိန်ထိ သူနှင့်အတူ အိပ်စက်နေတုန်းပါပဲ။ အမေ့အပေါ် နွဲ့ဆိုးနေချင်တုန်းပါပဲ။ ပြီးတော့ ပြီးတော့ ညနေစာစားရန်အလွန်ကြောက်သော သမီးလေးမို့ သူကအမြဲချော့မော့ပြီး ထမင်းခွံ့ကျွေးနေရဆဲ။ ဒါကို ဗိုလ်လောင်းသင်တန်းမှ ကျောင်းတက်ပြီး ခေတ္တပြန်လာသော အငယ်ဆုံးသား ခင်မောင်ချိုက အမြင်ကပ်လာပုံရသည်။

''မငယ်က မနက်ဖြန်သန်ဘက်ခါ

ယောက်ျားယူတော့မယ့်ဟာ မေမေထမင်းခွံ့ကျွေးနေတာ မလှပါဘူးဗျာ၊ ဒီလောက်ဖြစ်နေရင် ယောက်ျားမြန်မြန်ယူလိုက်ပါလား၊ မေမေ့ကို ဒုက္ခမပေးပါနဲ့တော့''

''မောင်မောင်နော် ကောင်စုတ်၊ မေမေက ငါ့ကိုအချစ်ဆုံးဟဲ့ သိရဲ့လား၊ တို့ဘယ်တော့မှ ယောက်ျားမယူဘူး၊ မေမေနဲ့ပဲ တစ်သက်လုံးနေမှာ နော် မေမေနော်''

သူ့ပါးကလေးကိုကိုင်ပြီး ပြောနေသော သမီးငယ်လေးကို ကြည့်ပြီး သူပီတိပြုံးလေးပြုံးပြပြီး ခေါင်းညိတ်ပြလိုက်သည်။ ''အင်းပါ ... ဘယ်လောက်ကြာကြာခံမလဲလို့ ဟောဒီမျက်စိနဲ့ စောင့်ကြည့်နေပါ့မယ်''

သားငယ် မောင်မောင် ဒီလိုပြောပြီးတာ ဘာကြာလို့လဲ၊ ကြည်ကြည်ချိုတစ်ယောက် ဘွဲ့နှင်းသဘင်တောင်မတက်လိုက်ရသေးဘူး ချစ်သူနောက်လိုက်သွားလေသည်။ အကြီးနှစ်ယောက်က ဒီသတင်းကြားကြားချင်း သူ့ထံဒေါကြီးမောကြီးရောက်ချလာကြသည်။

''မေမေ မေမေ့သမီးက နို့နံ့တောင်စင်သေးရဲ့လား၊ ကြည့်စမ်းယောက်ျားနောက်လိုက်ရတယ်လို့၊ အဲဒါ မေမေ အလိုလိုက်လွန်းလို့ဖြစ်ရတာ။ သမီးတို့တော့ မကျေနပ်ပါဘူး၊ မေမေအိမ်မှာခေါ်မထားနဲ့နော်၊ ဒီလောက်ယောက်ျားမက်တဲ့မိန်းမ၊ ယောက်ျားအိမ်မှာပဲ လိုက်နေပါစေ၊ သူ့ကို မေမေခေါ်ထားလို့ကတော့ ဒီတစ်သက် မေမေ့အိမ်ရိပ်တောင် သမီးတို့ မနင်းဘူး''

ကြည့်စမ်း ပြောရက်လိုက်ကြတာ၊ စိတ်ထဲ မကျေနပ်တာတွေကို ဒီလို တရားလက်လွတ်ပြောရသလား၊ သူတို့တုန်းကလည်း သူတို့နှစ်သက်ရာဘဝကို စိတ်တိုင်းကျ စီမံရွေးချယ်ခဲ့ကြသေးတာပဲ။ မိဘကို ဘယ်တုန်းကတိုင်ပင်ခဲ့ဖူးလို့လဲ။ အားလုံးစီစဉ်ပြီးကာမှ သူ့ကို အသိပေးကြတာလေ။ အကြီးဆုံးကိုပဲကြည့်၊ ကျောင်းတက်နေဆဲမှာပဲ ချစ်သူရည်းစားနဲ့၊ ကျောင်းပြီးပြီးချင်း လက်ထပ်ဖို့ မဟာစီမံကိန်းကြီးရေးဆွဲပြီးမှ သူ့ကို အသိပေးသည်။ သမီးကြီးချစ်သူမှာ သဘော်ာအရာရှိလေးမို့ သူကတော့ ကြည်ဖြူခွင့်လွှတ် ပေးပြီးသားပါ။ တစ်ဖက်က တင့်တင့်တယ်တယ်နှင့် သမီးကြီးကို မြတ်နိုးတန်ဖိုးထားတာမို့ သူကျေနပ်သည်။ အခုဆို သမီးကြီးမှာ ကိုယ်ပိုင်ခြံဝင်းကျယ်ကြီးနှင့် ခမ်းနားလှပသော တိုက်ကြီးတစ်လုံး၊ နောက်ဆုံးပေါ်ကားတစ်စီး၊ သမီးတစ်ယောက်၊ သားတစ်ယောက်ဝန်းရံခကာ ဘဝကို လှလှပပကြီး လျှောက်လှမ်းနေတာ သူမြင်တွေ့နေရသည်။

သူ့ဆီကို အခါကြီးနေ့ရက်တွေမှာ လာရောက်ကန်တော့ပေမယ့် နွေးနွေးထွေးထွေး မရှိခဲ့။ ''မေမေ မိတ္တူဆိုင် ပိတ်လိုက်ပါတော့၊ မေမေလည်း အသက်ကြီးလှပြီ၊ အိမ်မှာ နားနားနေနေနဲ့ ဘုရားတရားအလုပ်ပဲ လုပ်ပါတော့၊ သမီးတို့ထောက်ပံ့မှာပေါ့'' ဟု လေသံတစ်ချက်မဟခဲ့ပါပေ။

သူကလည်း ချိုမိတ္တူဆိုင်ကလေးကို သံယောဇဉ်အမျှင်မပြတ်နိုင်။ ဒီဆိုင်လေးကပဲ သူတို့မိသားစု ဘဝလေးကို ရှင်သန်စေခဲ့တာပဲ မဟုတ်လား။ သူဘဝ မမေ့တတ်ပါ။

အလတ်မကလည်း ဘာထူးသေးလဲ။ အောင်မြင်တဲ့ ကုမ္ပဏီပိုင်ရှင်တစ်ဦး၏ သားဖြစ်ပြီး နိုင်ငံခြားပြန်ဘွဲ့ရသူတစ်ဦးနှင့် ကြီးကျယ်ခမ်းနားစွာ လက်ထပ်ခဲ့သည်။ သမီးလတ်ကလည်း နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဘွဲ့ရပြီး အဲဒီမှာပဲ ဆရာမဝင်လုပ်ခဲ့တယ်လေ။ ပေါ့သေးသေးတော့ မဟုတ်ဘူး။ မင်္ဂလာအခမ်းအနားကျင်းပရန် အားလုံးစီစဉ်ပြီးကာမှ သူ့ကိုဖွင့်ပြောသည်။ တကယ်တော့အသိပေးတာပါ။ ပြီးတော့လည်း သူ့ရင်ကို သွေးစိမ်းရှင်ရှင်ထွက်ကျလာစေမည့် စကားလုံးများဖြင့် ပစ်ပေါက်ပြောလိုက်ပုံကတော့ ...

''မေမေ မောင့် မေမေက အရမ်းမာနကြီးတာပဲ၊ ချောလည်းအရမ်းချောတယ်၊ ငယ်ငယ်တုန်းက ရုပ်ရှင်မင်းသမီးတဲ့ သုံးကားလောက်ရိုက်ပြီး အိမ်ထောင်ကျသွားလို့ ဆက်မရိုက်ဖြစ်တော့တာ မေမေက ရုပ်ကလည်း အိုစာနေပြီ၊ လက်ဝတ်လက်စားကောင်းကောင်းလည်းမရှိတော့ မင်္ဂလာပွဲကို မတက်ပါနဲ့တော့နော်၊ သမီးသိက္ခာကျနေပါအုံးမယ်၊ သူတို့ဘက်ကိုတော့ မေမေ ကျန်းမာရေးမကောင်းဘူး၊ ဗိုက်ခွဲထားလို့ဆိုပြီး ပြောထားလိုက်မယ်''

သူဘာပြန်ပြောရမလဲ။

''အင်းပါ သမီးလတ်ရယ်၊ သမီးတို့အဆင်ပြေဖို့သာ အရေးကြီးပါတယ်ကွယ်၊ မေမေ့အဖို့က ဘာမှအရေးမကြီးပါဘူး''

သမီးလတ်ရှေ့မှာ ဟန်လုပ်ကာ ဖုံးကွယ်ထားသမျှ သမီး၏ နောက်မှာတော့ သူမျက်ရည်များ ဝေ့သီလာ၍ မျက်တောင်ဖြင့် ပုတ်ခတ်ရုပ်သိမ်းလိုက်ရသည်။ ဒီသားသမီးများအတွက် ရုန်းကန်လှုပ်ရှားရင်း လောကဓံ၏ အထုအထောင်းကြောင့် ရလာသော ဇရာ၏ ရုပ်လက္ခဏာများ အရေးအကြောင်းနှင့် ရောဂါဝေဒနာဖိစီးမှုကြောင့် ယုတ်လျော့ပါးလျလာသည့် သူ့ခန္ဓာကိုယ်က မလှမပဖြစ်ခဲ့ပြီကိုး။ သူ့သားအိမ်မှာ အဖုအကျိတ်တွေရှိခဲ့၍ ဖြစ်တော်ရန် ဆေးရုံတက်ခွဲစိပ်ယူလိုက်တာကြာမှ မကြာသေးဘဲ၊ ဆေးပူတွေကြောင့် ခေါင်းပါ တုံးထားရသေးသည်။ ဝေဒနာသည်ရုပ်ကြီးကိုအမေအဖြစ် ထုတ်ပြရမည်ဆိုတော့ တက္ကသိုလ်မှ ဆရာမကြီးတစ်ယောက် ဘယ်ဝံ့စားပါမလဲ။ မျက်နှာငယ်ရှာပေမပေါ့။ သူခွင့်လွှတ်ပါသည်။ မိဘမျက်ရည်ကျလျှင် သားသမီးပူလောင်သောကဖြစ်မည်ဆိုသောအသိကြောင့် နောက်ဆုံးသူမျက်တောင်တစ်ချက် ပုတ်ခတ်လိုက်ပါသည်။

သမီးလတ်အတွက် သူ၏ နောက်ဆုံးလက်ကျန်ဖြစ်သော စိန်ကို မြနှင့်ကွပ်ထားသည့် သူ၏ မင်္ဂလာဦးလက်စွပ်ကလေးကို လက်ဖွဲ့ဖြစ်ခဲ့ပါသေးသည်။ အမေလေ အမေ မဟုတ်လား။

\+ + +

သူ့ဘဝထဲက ငှက်ကလေးသုံးကောင် ပျံထွက်သွားပြီးနောက် အထီးကျန်စွာ သူနေထိုင်ခဲ့ရသည်။ သားအိမ်မှ အဖုအကျိတ်ခွဲစိပ်ကုသပြီးနောက်ပိုင်းမှာ ယခင်ကလို ထူထူထောင်ထောင် မရှိလှတော့။ ဇရာ၏နောက်မှာ ဗျာဒိက ကပ်ပါနေပြီလေ။ ဒီတစ်ခါ ခွဲစိတ်လိုက်တာ ငွေကြေး တော်တော် ကုန်ကျခဲ့သည်။ သမီးကြီးမှာ ဆေးရုံသို့ တစ်ခါတစ်ရံ ရောက်လာတတ်သည်။ လက်ပွေ့အိတ်ကြီးကြီးတစ်ခု လက်မှာချိတ်ပြီး ဟန်ပါပါဖြင့် အားပေးစကားဆိုလာသည်။

''မေမေ နေကောင်းအောင်နေနော်၊ ဆိုင်ကို နောက်ဆံမတင်းပါနဲ့၊ သမီးတို့ ငွေပြန်အမ်းပြီး ယူလိုက်တော့မယ်၊ မေမေ့

**သမီးကြီးနှင့် သမီးလတ်နှစ်ယောက် စလုံးမှာ ယခင်အခေါက်က ဆေးရုံတက်စဉ် က ကုန်ကျမှုစရိတ်များကို မျက်မြင်ကိုယ် တွေ့မို့ ကျောချမ်းနေကြပုံရသည်။ လူ့လောက အလယ်တွင် လတ်လတ်ဆတ်ဆတ် ရောက်ရှိလာကြသည့် မိမိတို့၏ ရင်သွေး ငယ်များ၏ အနာဂတ်ဖန်တီးရန်အချိန် နှင့် ငွေကြေးများကို မှည့်ကြွေတော့မည့် သက်ကြားလူအိုအတွက် အဟောသိကံ မဖြုန်းတီးပစ်နိုင်ကြောင်း သူတို့နှစ်ဦး၏ရင်ထဲမှာ ဆန္ဒတွေက ထပ်တူထပ်မျှသာ။**



ဆိုင်နေရာကို အစကတည်းက မောင်က ဖွင့်ဖို့ စီစဉ်ထားပြီးသားဆိုတော့ အတော် ဖြစ်သွားတယ်၊ လောလောဆယ် သမီးမှာ ငွေမရှိသေးဘူး၊ နောက်မှပဲ ယူပါနော်၊ မေမေ အခုဆေးရုံက ကုန်ကျစရိတ်တွေ အားလုံး သမီးစိုက်ထားပေးပါ့မယ်၊ နောက်မှ ပြန်နုတ်ယူလိုက်မယ်''

ဩော် ငါးကြင်းဆီနဲ့ ငါးကြင်းကြော် သလိုပါလား။ ဆရာဝန်၊ ဆရာမတွေရှေ့မှာ ငွေကိုအထပ်လိုက် သုံးစွဲနေပုံက အမေ့ အတွက် ငွေပုံအောပြီး အသက်ဆက်နေ သလို ထင်မှတ်လောက်သည်။ ပြီးတော့ သမီးကြီးက ပြောသေးသည်။ အိမ်မှုကိစ္စ ကတစ်ဖက်၊ ကလေးတွေကိစ္စကတစ်ဖက် နဲ့မို့ သူနေ့စဉ် မလာရောက်နိုင်သည့် အကြောင်းပါပဲ။

''သမီးကြီးရယ်၊ အမေနေကောင်းပါ တယ်၊ သမီးဆေးရုံကို မလာနိုင်တာ အမေ အပြစ်မတင်ပါဘူးကွယ်၊ မြေးကလေးတွေ ကိုသာ သေချာဂရုစိုက်ပါနော်၊ ကလေးတွေ က ငယ်ကြသေးတယ်၊ အမေစားချင်တာ ဆရာမတွေကို အကူအညီတောင်းပြီး ဝယ်လို့ရပါတယ်၊ ဒီဆေးရုံက လူဂုဏ်တန် တွေတက်တဲ့ဆေးရုံဆိုတော့ အနီးအနားမှာ စားစရာကောင်း ရောင်းတဲ့ဆိုင်တွေ အများကြီးရှိတယ်၊ သမီးစိတ်မပူပါနဲ့၊ သမီး ပေးထားတဲ့ ပိုက်ဆံလည်း အမေ့မှာ လုံလုံ လောက်လောက်ရှိပါတယ်''

ဒါပေမဲ့ သူ့မှာ သမီးငယ်လေးကို မကြာမကြာ သတိတရရှိလှ၏။ ဒီကလေး ညစာစားဖို့ ကြောက်သည့်ဗိဇကြောင့် သူစိတ်ပူမိသည်။ သမီးငယ်၏ ခင်ပွန်းက ကုမ္ပဏီကားမောင်းတာဆိုတော့ ပေါပေါ လျှံလျှံတော့ ရှိမည်မထင်။ အခုတော့ သူ့အိုး နှင့်သူ့အိမ်ခွဲပြီးနေသည်ဆိုတော့ အိမ်မှုကိစ္စ ကကော နိုင်နင်းပါ့မလား။ သူတွေးပူပြန် သည်။ အစ်မကြီးများ၏ ရာဇသံကြောင့် အမေ့အိမ်ကို မလာဝံ့ပေမယ့် သူကတော့ ခြေခင်းလက်ခင်းသာသည့်အခါ ရောက် သွားတတ်သည်။

''မေမေ သမီးက အလုပ်လည်းထွက် မလုပ်ရတော့ အိမ်မှာ နေရတာ သိပ်ပျင်း တာပဲ၊ အပေါ်စက်၊ အောက်စက်လေးရှိရင် တော့ အပျင်းပြေမှာအမှန်ပဲ၊ ကိုကိုကတော့ ဝယ်ပေးမယ်လို့တော့ ပြောတာပဲ၊ လာ မယ်ကြာမယ်ပေါ့၊ သမီးတော့ပျင်းလို့ သေတော့မယ်''

အနည်းငယ် ပိန်ချောင်သွားသော သမီးငယ်ကိုကြည့်ပြီး သူက ကရုဏာသက် မိသည်။ သူစုဆောင်းထားသော ငွေကြေး များထဲမှ သမီးလေး၏ အလိုဆန္ဒကို ဖြည့် ဆည်းပေးလိုက်သောအခါ အပျော်ကြီးပျော် သွားသော သမီးကိုကြည့်ပြီး သူပီတိဖြစ်ရ ပြန်သည်။ သမီးငယ်ကြိုက်တတ်သော ငါးပတ်မွှေရယ်၊ ငါးဖယ်ငါးဆုပ်ရယ်ကို သူမကြာမကြာ ချက်ပြီးပို့ပေးတတ်သည်။ ညနေပိုင်း ရောက်သွားသည့်အခါများတွင် သမီးငယ်လေးကို သူထမင်းခွံ့ကျွေးဖြစ် သည်။ သမီးငယ်လေး၏ ခင်ပွန်းက ည ၇ နာရီမှ အိမ်ကို ပြန်ရောက်တတ်ပါသည်။

နောက်ဆုံးအကြိမ် သားအိမ်မှ အဖု အကျိတ်ကို ခွဲစိတ်ဖြတ်ထုတ်ခဲ့ပေမယ့် မကြာခင်မှာပဲ အမြစ်များက သူ့တစ်ကိုယ် လုံး ပျံ့နှံ့ရောက်ရှိခဲ့သည်။ ကင်ဆာရောဂါ က သူ့ကို ဝါးမြို့ခဲ့ပြီမို့ လက်လွှတ်ဖို့သာရှိ တော့ကြောင်း အကြီးဆုံးသမီးကို ဆရာဝန် ကြီးက ခေါ်ယူဆွေးနွေးခဲ့တာကိုလည်း သူသိနေသည်။

ဒီဆေးရုံတက်စေခြင်းမှာ ရောဂါ ပျောက်ကင်းအောင် ကုသဖို့မဟုတ်ဘဲ နောက်ဆုံးအချိန်မှာ ဝေဒနာခံစားရမှု သက်သက်သာသာ ဖြစ်စေရန် လုပ်ဆောင် ပေးရန်နှင့် စိတ်ချမ်းချမ်းသာသာ ထားရှိ ပေးဖို့အကြောင်းလည်း ဆရာဝန်ကြီးက ထပ်မံဖြည့်စွက် ပြောကြားခဲ့သည်။

သမီးကြီးနှင့် သမီးလတ်နှစ်ယောက် စလုံးမှာ ယခင်အခေါက်က ဆေးရုံတက်စဉ် က ကုန်ကျမှုစရိတ်များကို မျက်မြင်ကိုယ် တွေ့မို့ ကျောချမ်းနေကြပုံရသည်။ လူ့လော က အလယ်တွင် လတ်လတ်ဆတ်ဆတ် ရောက်ရှိလာကြသည့် မိမိတို့၏ ရင်သွေး ငယ်များ၏ အနာဂတ်ဖန်တီးရန်အချိန် နှင့် ငွေကြေးများကို မှည့်ကြွေတော့မည့် သက်ကြားလူအိုအတွက် အဟောသိကံ မဖြုန်းတီးပစ်နိုင်ကြောင်း သူတို့နှစ်ဦး၏ ရင်ထဲမှာ ဆန္ဒတွေက ထပ်တူထပ်မျှသာ။

သီသီချို့အနေနှင့်က သူခံစားရဖူး သည့် ရင်သားကင်ဆာမှ ပျောက်ကင်းခဲ့ ရသလို မိခင်၏ သားအိမ်ကင်ဆာကိုလည်း ပျောက်ကင်းလိမ့်မည်ဟု မှတ်ထင်သည်။

ထို့ကြောင့် ဆေးကုသမှုခံယူရန် သူပင် တိုက်တွန်းခဲ့သည်။ သူနိုင်နင်းသည့် ငွေကြေးပမာဏတစ်ခုကိုလည်း စိုက်ထုတ်ကုသပေးခဲ့ပြီးပြီ။ နောက်ဆုံးအချိန်မှာ ဖွတ်မရ ဓားမဆုံးမည့်အခြေအနေကိုတော့ သူမစွန့်စားလိုတော့တာ အမှန်ပါပဲ။

သားအငယ်ဆုံး ခင်မောင်ချိုကလည်း ဝေးလံသည့် ရှမ်းပြည်နယ်အစွန်အဖျားဒေသတစ်ခုမှာ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်အရာရှိတစ်ယောက်မို့ သူ့မှာလည်း ဇနီးသားသမီးအရေးနှင့် လုံးထွေးရစ်ပတ်နေလေရာ မိခင်ကို ဘယ်လိုမှ လှည့်မကြည့်နိုင်ပေ။ ဒီကလေးတုန်းကလည်း ဝေသီခေါင်ဖျားသည့် အကြောင်းပြချက်ဖြင့် မိဘမပါသည့် လက်ထပ်ပွဲကို တပ်ရင်းမှူးကပဲ မိဘသဖွယ်တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည် မဟုတ်လား။

တစ်ခါတစ်ရံ ဒေါ်လဲ့လဲ့ချို စဉ်းစားမိပါသည်။ သူကပဲ သားသမီးအပေါ် တာဝန်မကျေခဲ့တာလား။ သားသမီးများကပဲ သူ့ကို အသိအမှတ်မပြုတာလား မသိနိုင်တော့ပါပေ။ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်ဖခင်မယ်တို့တာကို သူ့ဘက်ကတော့ ကျေပွန်အောင် ထမ်းဆောင်လိုက်ရတာ ချည်းပါပဲ။ သားအငယ်ဆုံး ဗိုလ်ကြီးခင်မောင်ချိုအတွက် မင်္ဂလာလက်ဖွဲ့ကိုပင် သူ၏အမွေဖြစ်သော ပတ္တမြားလည်ဆွဲတစ်ကုံးကို လက်ဖွဲ့ဖြစ်ပါသေးသည်။

ဆေးရုံပေါ်မှာ ခြောက်သွေ့ရက်များ ရှည်ကြာလာပြီမို့ အတွေးတွေက ဟိုတစ်စ ဒီတစ်စ လွင့်ပါးလို့ပေါ့။ မုဆိုးမလေး တူမဖြစ်သူ စီစီရှိနေလို့သာ တော်သေးသည်။ သူကလေးကလည်း သားသမီးမရှိ၍ သူ့အနားမှာ အချိန်ပြည့် နေနိုင်သည်။ သမီးတွေက သူ့ရောဂါအခြေအနေကို မပြောပြကြပေမယ့် စီစီဆီမှ တစ်စွန်းတစ်စနှင့် သူ့အခြေအနေကို သူအသိဆုံးပါ။ သမီးငယ်လေး ကြည်ကြည်ချိုကို သူတမ်းတမိပြန်သည်။ စီစီကို လွှတ်ပြီး အကြောင်းကြားစေတော့မှ ကြည်ကြည်ချိုတစ်ယောက် ရိုးရာကိုင်သလိုလို၊ သွေးလေဖောက်ပြန်သလိုလိုနှင့် စိတ်ဝေဒနာခံစားနေရကြောင်း သိလိုက်ရသည်။ ဒီတော့ သူ့ဝေဒနာကိုတောင် သူသတိမမူမိတော့။ သမီးငယ်ကလေးအတွက် ပူပန်သောက ဖြစ်ရသည်။ ဒီကလေးက ကျန်းမာရေးမကောင်းရှာပါဘူး။ သူကလေးကို ကိုယ်ဝန်လွယ်ထားစဉ်ကတည်းက မိမိကိုယ်တိုင် ချူချူချာချာ ဖြစ်ရသည်။ ဆရာဝန်နှင့် မပြတ်ကုသမှုခံယူရသည်။ ရှေ့က သမီးနှစ်ယောက်ကို လွယ်ကူချောမောစွာ မွေးဖွားနိုင်ခဲ့ပေမယ့် သမီးငယ်လေးကျခါမှ သူ့အတွက် အလွန်ခက်ခဲပင်ပန်းလှပြီး နောက်ဆုံးမမွေးနိုင်သဖြင့် အလျင်အမြန် ခွဲမွေးခဲ့ရသည်။ ကလေးနှင့် မိခင်အသက်ကို တစ်ခုခုရယူရမည်ဆိုပါက ကလေးအသက်ကိုပဲ ဦးစားပေးပါဟု ဆရာဝန်ကြီးကို ခွဲစိတ်ခန်းထဲ မဝင်မီ သူပြောခဲ့ဖူးသည်။

လူ့လောကထဲ ခြေချခွင့်ရလာပြန်တော့လည်း ကြည်ကြည်ချိုမှာ ချူချာလွန်း၍ ပိုးကလေးတစ်ကောင်မွေးရသလို အရိပ်တကြည့်ကြည့် ယုယခဲ့ရသည်။ အခုလည်း စိတ်ဝေဒနာခံစားနေရသည်တဲ့။ သမီးငယ်လေးကို သူတတ်သရွေ့ ပြုစုချင်သည်။

နောက်ပိုင်း ကြည်ကြည်ချို၏ ခင်ပွန်းကို သူ့မိဘများက မလေးရှားသို့ ပို့ပေးခဲ့သည်။ ကြည်ကြည်ချိုတစ်ယောက် ငွေစ ရွှင်ရွှင် ကိုင်သုံးလာနိုင်သောအခါ အောက်ခြေလွတ်ချင်လာသည်။ အစ်မများအပေါ် အဖုအထစ်ဖြစ်ထားသော အရှိန်ဖြင့် ခွာရာတိုင်းလာသည်။ သူက ထိန်းထိန်းသိမ်းသိမ်း ဖျောင်းဖျပြောဆိုဆုံးမရသေးသည်။ ခေါင်းကြောမာသော ကြည်ကြည်ချိုမှာ သူ့ကိုပင် စော်ကားလာသည်။

''ကိုကို့ မိဘတွေက တာဝန်ကျေတယ် သိလား မေမေ၊ မလေးကို သူတို့ ပို့ပေးလို့ သမီးခုလို ပြေလည်နေခဲ့တာ၊ အမေတို့ကတော့ တွန့်တိုနေလိုက်တာ၊ အိမ်ကိုပေါင်ပြီး မလေးကို ပို့ပေးပါဆိုတော့ မဆိုင်သလို နေရက်တယ်၊ ကောင်းပါတယ်၊ အခုတော့ ကျေးဇူးတင်စရာမလိုတော့ဘူးပေါ့''

သူ့အပေါ် အစာမကျေဖြစ်နေပုံများ လူကြားလို့မှ မတော်ပါလား၊ ''အမေလည်း စဉ်းစားနေတုန်း သမီးယောက်ျားမ ပို့ပေးလိုက်တော့ ပြေလည်သွားတာပဲ မဟုတ်လား''

''အို ဒါက ပြီးသွားမှ ပြောတဲ့စကားပါ၊ သမီးအမွေကို ဘယ်တော့မှ အားမကိုးတော့ဘူး၊ ယုံလည်း မယုံဘူး''

သူသက်ပျင်းချမိသည်။ ဟင်း ။ ။ သူဘာတွေ တွေးနေမိတာလဲ။ ဒီအချိန်မှာ ဘုရား တရား အာရုံပြုနေရမှာ။ သူ့ဘဝတစ်လျှောက်လုံး ခင်ပွန်းသည်မရှိသည့် နောက်ပိုင်း သားသမီးများကို လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့လို့လည်း အားလုံးမှာလည်း ပြည့်စုံခဲ့ကြပြီ။ သူ့တစ်ဝမ်းတစ်ခါးအတွက် ဘယ်သားသမီးဆီကမှ လက်ဖြန့်တောင်းစရာမလိုအောင် 'ချိုမိတ္တူ'ဆိုင်ကလေးကို သူ မပျက်ထွက်နေခဲ့သည်မှာ တရားစခန်းသို့ပင် ဝင်ရောက်နိုင်ခြင်းမရှိခဲ့ပေ။ သူတစ်ယောက်တည်း ဒီသားသမီးလေးယောက်ကို လူလားမြောက်စေနိုင်ခဲ့ပေမယ့် သားသမီးလေးယောက်စလုံး သူ့ကို မစောင့်ရှောက်နိုင်ကြပေ။ ဘာပဲဖြစ်ဖြစ် သူကျေနပ်ပါသည်။ ပီတိဖြစ်ရပါသည်။ တည့်မတ်ဖြောင့်တန်းစွာ စီးဆင်းခဲ့သော သူ၏ စုန်ရေမေတ္တာများကတော့ သူ့ဘဝ၏ နောက်ဆုံးစက္ကန့်အထိ စီးဆင်းနေမှာပါပဲ။

အကယ်၍ သူသည် သူ၏ မိဘများအပေါ် နို့တစ်လုံးဖိုးမကြေခဲ့သောကြောင့် ဝဋ်ကြွေးရှိခဲ့လျှင် ဤဘဝဤမျှသာ ကြေပါစေတော့။ နောင်ဘဝများစွာမှာ မိဘနှစ်ပါးစလုံးကို ကျေးဇူးဆပ်နိုင်သည့် ကိုယ်ဖြစ်ရပါလို၏ဟု အခါခါ ဆုတောင်းနေမိသည်။

အခုတော့ သူ့ဘဝနေဝင်တော့မည်။ သူဘာတစ်ခုမှ မပြင်ဆင်ရသေးဘူး။ မိသားစုအတွက် တာဝန်ကျေခဲ့ပါသည်။ ဘဝကူးကောင်းဖို့အတွက် လောလောဆယ် စိတ်တစ်ခုကိုတော့ ပြင်ဆင်ရမည်။ ခေါင်းအုံးအောက်မှ စိပ်ပုတီးကိုယူပြီး ဘုရားကိုအာရုံပြုကာ ဂုဏ်တော်ကိုးပါးကို စိပ်နေလိုက်သည်။ အတွေးများအားလုံး မေ့ပစ်လိုက်သည်။ ဖိနပ်နှင့်ရေဘူးမပါလျှင် နွေအခါမှ သိဆိုသလို သူ့မှာ ဒါနနှင့် သီလမပါတော့ ယခုလိုအချိန်မှာ နောက်ကျနေခဲ့မှန်း သူသိနေပါပြီ။ ။

**မေဖွန့်အေး**



# သတိရောင်းရန်မဟုတ်ပါ

## ကျော်ဝင်းသက်

သံပတ်ပေးထားတဲ့စက်ရုပ်
ရီမု(ဒ်)နဲ့ထိန်းချုပ်
ခလုပ်တစ်ခုရဲ့အရွှေ့အပြောင်း
အတိမ်းအစောင်းကိုစောင့်ကြည့်
ကိုင်တွယ်သည့်အပေါ်မူတည်
ကြာရှည်ခိုင်မခိုင်
တီထွင်တဲ့နိုင်ငံအဓိက
ပြည်တွင်းကပဲထုတ်ထုတ်
ပြည်ပကပဲလုပ်လုပ်
ခေါင်းရှုပ်ခံပြီးမစဉ်းစား
အသိတရားကို အခြေခံ
ပစ္စည်းမှန် ဈေးမှန်
ထိုက်ထိုက်တန်တန်
ဝယ်သူတန်ဖိုးလိုလည်း
ဂန္ထဝင်ဖြစ်ချင်မှဖြစ်မယ်။

စက်ရုပ်မဟုတ်
ထိန်းချုပ်စရာမလို
စကြဝဠာကမ္ဘာပတ်
အစာမငတ်အောင် ရှာကျွေးတဲ့အမေ
ပညာတွေသင်ပေး
ကြင်ယာတွေယှဉ်ရွေး
ငါးရာ့နှစ်ဆယ်ရှစ်မေတ္တာဓာတ်တွေနှောင်ဖွဲ့
ဘယ်တော့မှ ဈေးမဆစ်နဲ့
ဒါ ... ဂန္ထဝင်ဖြစ်ဖို့သေချာတယ်။

မေတ္တာ ကရုဏာ
မုဒိတာ ဥပေက္ခာ
ဗြဟ္မစိုရ်ကမ္ဘလာခြုံလွှာကိုဖြန့်ခင်း
သမုဒ္ဒရာရေပြင်ထက်နက်ရှိုင်း
စန္ဒကူးနံ့သာပန်းရနံ့တွေထက်သာလွန်
သားသမီးတွေရဲ့ အသည်းကောင်းကင်မှာ
ကွယ်ခြင်းမရှိ အေးမြခြင်းတွေနဲ့
ထာဝရလင်းထိန်နေမယ့် လမင်းအိမ်

မဟာမြင်းမိုရ်တောင်ထု
ပမာပြုရင်တောင် ပြိုင်ရှုံး
နှလုံးသားအတုမရှိ
အချစ်မှာအတုမရှိ
အပြုံးမှာအတုမရှိ
မုန်းစရာသူ့မရှိ
မုနိမြတ်စွာနဲ့ရဟန္တာ
သူတော်စင်များစွာကို သန့်စင်မွေးဖွား

သားတို့သမီးတို့အားလုံးရဲ့အမေ
ခင်ပျားတို့အားလုံးရဲ့အမေ
ကဗျာတွေဖွဲ့ စာတွေဖွဲ့
ပန်းချီတွေနဲ့ ရေးခြယ်မှုန်း
အလှဆုံးအပြုံးတွေကိုထုဆစ်
ကမ္ဘာကျော်မိုနာလီဇာလက်သစ်
သမုတိအချစ်ကမြစ်ဖျားခံလာ
အမေတွေရဲ့သစ္စာတရားပြယုဂ်
ကြိုက်တဲ့နေရာကရွေးထုတ်
ရောင်းရန်မဟုတ်ဘူးဆိုတာ ...
ရောင်းရန်မဟုတ်ဘူးဆိုတာ ...
ရောင်းရန်မဟုတ်ဘူးဆိုတာ ...
မိတ်ဆွေထာဝရယုံကြည်လိုက်ပါ။



# ရသခြင်းမတူသည့်အလှူ

ရန်ကုန်ဘူတာ မဝေးကွာသည့်
သူငါဖြတ်သန်း လူသွားလမ်းနှင့်
ကားလမ်းရှိရာ တံတားမှာကား
ခုံးကားရှည်လျား ခုံးတံတားဟု
အများသိနေ ကျော်ကြားပေ။

ထိုခုံးတံတား အလယ်နားမှ
လူသွားလမ်းဘေး လမ်းကျဉ်းလေးတွင်
ခွက်လေးကိုင်ကာ တောင်းရမ်းရှာသည့်
ခိုရာမဲ့နေ ဘွားသက်ရှည်ကို
လူတွေသနား ပေးလှူသွားတော့
အဘွားပြုံးရှာ တုန်ရီစွာဖြင့်
ကျန်းမာပါစေ ချမ်းသာစေဟု
ပေးဝေဆုမှာ မဆုံးပါ၍
သူငါအပြုံး ပီတိဖုံးကြ။

ရုံးကိုတစ်ခေါက် အလည်ရောက်တော့
လွယ်လောက်ပေပြား ကိစ္စများကို
လုပ်များလို့နေ မအားပေဟု
ရက်တွေထပ်ကာ ချိန်းဆိုလာ၍
ပညာသားပါ တောင်းရမ်းတာကို
လွယ်စွာသိမြင် မပေးချင်လည်း
အိတ်တွင်ထည့်ပေး သပြာလေးနဲ့
အားဆေးတိုက်မှ လုပ်အားပြလို့
သောကရင်မှာ ဖြစ်မိတယ်။

သို့မို့ကြောင့် ...
အတတ်ပညာ မရှိပါ၍
ခိုရာမဲ့ကင်း တောင်းရမ်းခြင်းကို
ချက်ခြင်းပေးလှူ သဒ္ဓါဖြူလို့
လှူသူစိတ်ချမ်းသာရတယ်။

ပညာလည်းရှိ ဝင်ငွေရှိပြီး
ကိုယ်၏လောဘ ဖွင့်လှစ်ပြ၍
တောင်းကြသည့်ခါ ပေးလှူပါလည်း
သဒ္ဓါမဲ့ကင်း ဖြစ်နေခြင်းကြောင့်
ရင်တွင်းသောကဖြစ်မိတယ်။ ။

မြေလတ်မောင်ချစ်ဖူး



# ထူးချွန်လိုသူများအတွက် လက်ဆောင်မွန်

ကိုဇော(ပထဝီဝင်)

**စာစီ** စာကုံးဆိုသောပုစ္ဆာကို အလယ်တန်းအဆင့် ကျောင်းသူကျောင်းသားများမှသည် တက္ကသိုလ်ဝင်တန်း ဖြေဆိုသည့် ကျောင်းသူကျောင်းသားများအထိ မလွဲမသွေဖြေဆိုရမည့် ပုစ္ဆာတစ်ခုပင်ဖြစ်တယ်။ အတန်းလိုက်မြန်မာစာမေးခွန်းတိုင်းမှာ မပါမရှိပုစ္ဆာဖြစ်သကဲ့သို့ အမှတ်လည်း အများဆုံးရရှိ သော ပုစ္ဆာပင်ဖြစ်တယ်။ ဒါကြောင့် စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်အောင် ရေးသားတတ်ဖို့လိုပါတယ်။ စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်လာအောင် အကြောင်းအရာပိုင်းနဲ့ အရေးအသားပိုင်းတွေပိုင်နိုင်ဖို့ လေ့လာမှတ်သားရမယ်။ စာများများဖတ်ရမယ်။ လေ့ကျင့်ထားရမှာဖြစ်တယ်။

စာစီစာကုံးမှာ အဓိကအပိုင်းနှစ်ခုကတော့ အကြောင်းအရာပိုင်းနဲ့ အရေးအသားပိုင်းပဲဖြစ်တယ်။ အကြောင်းအရာပိုင်းကတော့ ဘာကိုရေးသားမလဲ ဆိုတာပါပဲ။ အရေးအသားဆိုတာကတော့ အကြောင်းအရာကို ပုံဖော်ပေးတဲ့ စာပေအဖွဲ့အနွဲ့ပဲဖြစ်တယ်။ စာစီစာကုံးတစ်ပုဒ်ရေးတော့မည်ဆိုရင် ဘယ်အကြောင်းအရာကို ရေးမလဲဆိုတဲ့ အတွေးအခေါ်ကို အရင် စဉ်းစားရမှာဖြစ်တယ်။ အရင်တွေးခေါ်စဉ်းစားပြီးရလာတဲ့ အကြောင်းအရာကိုမှ အရေးအဖွဲ့များနဲ့ ရေးဖွဲ့ပုံဖော်ပေးရတာ ဖြစ်တယ်။ အကြောင်းအရာတွေကို ပုံဖော်ရေးသားရာတွင်လည်း ရေးသားနည်း ၄ မျိုးနဲ့ ရေးသားလေ့ရှိကြတယ်။ ရေးသားနည်းများက သရုပ်ဖော်ရေးသားနည်း၊ ဖွင့်ဆိုရှင်းပြရေးသားနည်း၊ ကျိုးကြောင်းပြရေးသားနည်း၊ ဖြစ်စဉ်ပြရေးသားနည်းများပင် ဖြစ်တယ်။

အကြောင်းအရာဆိုတာကို အလွယ်ကူဆုံးပြောရရင် စာစီစာကုံး



ခေါင်းစဉ်ပါပဲ။ စာမေးပွဲ ဒါမှမဟုတ် အတန်းထဲမှာ ဆရာ၊ ဆရာမ ရေးခိုင်းရင်ပဲဖြစ်ဖြစ် စာစီစာကုံးရေးခိုင်းတဲ့ ခေါင်းစဉ်သည် အကြောင်းအရာပင်ဖြစ်တယ်။ ခေါင်းစဉ်နဲ့ပတ်သက်သည့် အကြောင်းအရာများကို ပထမဆုံးတွေးရမှာပဲဖြစ်တယ်။ ကိုယ်ရေးချင်သောဖြစ်ရပ်၊ အကြောင်းကိစ္စ၊ အခြေအနေ၊ ရည်မှန်းချက်တွေသည် အကြောင်းအရာများပင်ဖြစ်သည်။ ပထမဆုံး ခေါင်းစဉ်နဲ့ လိုက်ဖက်မည့် အကြောင်းအရာတွေတွေးပြီး၊ စဉ်းစားပြီးပြီဆိုရင် မိမိစာစီစာကုံးကို ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားပုံဖော်ရမှာဖြစ်ပါတယ်။ စာရေးတယ်ဆိုတာ လူအများစာကို ဖတ်ဖို့၊ နားလည်စေဖို့၊ နှစ်သက်စေဖို့အတွက်ဖြစ်တယ်။ ကိုယ်ရေးတဲ့စာကို ဖတ်ချင်သူမရှိရင် ရေးရကျိုးမနပ်ဘူး။ ဒါကြောင့် ဖတ်ချင်စဖွယ်ဖြစ်ဖို့ ရေးသားရာမှာ သဒ္ဒါအသုံးအနှုန်း အရေးအဖွဲ့က အရေးကြီးဆုံးဖြစ်တယ်။ သဒ္ဒါဆိုရာမှာ စကားအသုံးအနှုန်းမှန်ကန်ခြင်း၊ ဝါကျဖွဲ့ပုံမှန်ကန်ခြင်း၊ စနစ်တကျစာပိုဒ်ခွဲခြင်း၊ အချိတ်အဆက်မိခြင်း၊ စာတစ်ပုဒ်လုံး စည်းလုံးမှုရှိခြင်း စတဲ့အချက်တွေက အရေးကြီးကြောင်း သိစေချင်ပါတယ်။ ဖတ်ချင်စဖွယ်စာတစ်ပုဒ်ဖြစ်ဖို့ နောက်ထပ်အရေးကြီးတာက စိတ်ဝင်စားမယ့် အချက်အလက်တွေကို ရွေးချယ်ဖော်ပြနိုင်မှုပင်ဖြစ်တယ်။ စာစီစာကုံးတစ်ပုဒ်မှာ ထည့်သွင်းရေးဖွဲ့ထားသော အချက်အလက်များက စိတ်ဝင်စားစရာမကောင်းရင် စာဖတ်သူ နှစ်သက်မှာမဟုတ်ပါ။ ဒါကြောင့် စာဖတ်သူစိတ်ဝင်စားအောင် ရှာဖွေဖော်ထုတ်ရေးသားရမှာဖြစ်တယ်။

စာစီစာကုံးဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ ပြဋ္ဌာန်းချက်တွေ အများအပြားရှိပါတယ်။ ဆရာကြီးများအားလုံးရဲ့ ဖွင့်ဆိုချက်တွေက အမှန်တွေ၊ အကောင်းမွန်ဆုံးတွေပါပဲ။



အလွယ်ဆုံးဖွင့်ဆိုချက်ကတော့ ''အကြောင်းအရာတစ်ခုခုကို ဖတ်ချင်စဖွယ်ဖြစ်အောင် စကားပြေအရေးအသားနဲ့ စီကုံးထားတဲ့ အရေးအသားတစ်မျိုး''လို့ ဖွင့်ဆိုချင်ပါတယ်။ စာစီစာကုံးကို ရေးသားရာမှာ စကားပြေနဲ့ပဲရေးသားရမှာဖြစ်တယ်။ စကားပြေဆိုတာက နေ့စဉ်ပြောဆိုသုံးနှုန်းနေတာတွေကို သဒ္ဒါနည်းမှန်မှန်နဲ့ စာဟန်အတိုင်း ပြန်ရေးသားတာကို ဆိုလိုရင်းဖြစ်တယ်။ စာစီစာကုံးဆိုတာ စာအရေးအသား၊ စကားလုံး အသုံးအနှုန်း၊ စာစီစာကုံးကို ဆန်းစစ်တာပဲဖြစ်တယ်။ ဒါကြောင့် စာဟန်ပီပီ သသ ရေးတတ်ဖို့အရေးကြီးပါတယ်။

စာစီစာကုံးတစ်ပုဒ်ရေးရန်အတွက် ပထမဆုံးတွေ့ရမှာက ခေါင်းစဉ်နဲ့လိုက်ဖက်မည့်အကြောင်းအရာများကို တွေးတောကြံဆဖို့ပဲဖြစ်တယ်။ တွေးတောရာမှာ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်း။ အနာဂတ်အကြောင်းတွေကို ဆက်စပ်ပုံဖော်ခြင်းပဲဖြစ်တယ်။ မိမိကြုံတွေ့ခဲ့ပြီးတာတွေ ပြန်လည်ပုံဖော်ခြင်း နဲ့ ရှေ့ဖြစ်လာမယ့် ဖြစ်စေလိုတဲ့အကြောင်းတွေကို ကြိုတင်ပုံဖော်ကြည့်ခြင်းပဲဖြစ်တယ်။ ဒီနေရာမှာ မိမိမတွေ့၊ မခံစားခဲ့ရတဲ့ အကြောင်းအရာတွေကို ဘယ်လိုတွေးမလဲ၊ ဘယ်လိုရေးမလဲလို့ မေးလျှင် စာများများဖတ်ထားခြင်းဖြင့် တွေးနိုင်၊ ရေးနိုင်ပါတယ်။ ဒါကြောင့် ဗဟုသုတရှာမှီးပါ။ စာများများဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါလို့ ပြောချင်ပါတယ်။ စာစီစာကုံးကို အလွတ်ကျက်ဖြေတာမျိုး ဘယ်သောအခါမှ မလုပ်ကြပါနဲ့လို့ မှာချင်ပါတယ်။ သူတစ်ပါးရေးထားသော စာစီစာကုံးကို အလွတ်ကျက်ဖို့ မဟုတ်ပါ။ ဘာအကြောင်းကို ဘယ်လိုရေးသားထားသလဲဆိုတဲ့ ရေးသားတင်ပြပုံကို လေ့လာအတုယူဖို့ဖြစ်ပါတယ်။ ရေးသားသမျှ ထွက်ရှိသမျှ စာစီစာကုံးအားလုံးကို ဖတ်ပါ၊ လေ့လာပါ၊ မှတ်သားပါ၊ အလွတ်မကျက်ရပါ။

စာစီစာကုံးရေးဖို့ ခေါင်းစဉ်နှင့်လိုက်ဖက်တဲ့ အကြောင်းအရာများကို တွေးတောကြံဆပြီးရင် ရေးသားတင်ပြရမည့် အပိုင်းဖြစ်ပါတယ်။ အတွေးကောင်းသော်လည်း အရေးမကောင်းရင် စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်မလာပါ။ မိမိတွေးတောကြံဆထားသော အတွေးကောင်း၊ အကြောင်းအရာကောင်းတွေကို စာဖတ်သူနားလည်သဘောပေါက်အောင်၊ စိတ်ဝင်စားလာအောင် စကားပြေဖြင့် ရေးဖွဲ့ပုံဖော်ပေးနိုင်ရန် လိုအပ်ပါတယ်။ ထိုသို့ရေးသားပုံဖော်နိုင်ရန်အတွက် မိမိက စာပေဗဟုသုတတွေ၊ အရေးအသားကောင်း စာပေတွေ၊ စာမျိုးစုံကို ဖတ်ရှုလေ့လာထားရန် လိုပါတယ်။ မိမိကိုယ်ပိုင် အတွေးအခေါ်အယူအဆများ၊ အရေးအသားများနှင့် အခြားထူးချွန်ပြောင်မြောက်သောသူများ ရေးသားထားသော စာပေများ၊ စာစီစာကုံးများကို ဖတ်ရှုလေ့လာရာမှရရှိသော အတွေးအခေါ်၊ အရေးအသားများကို ပေါင်းစပ်ပြီး စာစီစာကုံးကောင်းတစ်ပုဒ်ဖြစ်လာအောင် ရေးသားနိုင်ကြပါစေ။ ထူးချွန်ထက်မြက်တဲ့ ဆေးကျောင်းသားလေး(ယခုဆရာဝန်) မောင်ငြိမ်းချမ်းဝင်းရဲ့ စာစီစာကုံးတစ်ပုဒ်ကို လေ့လာမှတ်သားနိုင်ရန် ဖော်ပြပေးလိုက်ပါတယ်။

## နွေရာသီကျောင်းပိတ်ရက်ကို အသုံးချပုံ

အတန်းတင်စာမေးပွဲကြီးပြီးလေပြီ။ တစ်နှစ်ပတ်လုံး ထမ်းထားရသော ဝန်ထုပ်ကြီးကို ပစ်ချလိုက်ရသကဲ့သို့ ပေါ့ပါးသွား၏။ ဖောင်းမှလွှတ်လိုက်သော မြင်းပမာ ခုန်ပေါက်မြူးတူးချင်လာသည်။ ရုပ်ရှင်သွားသည်။ ဗီဒီယိုကြည့်၏။ စာအုပ်အငှားဆိုင်နှင့် မိတ်ဆွေဖွဲ့သည်။ တစ်ခါတရံ မြို့ထဲလျှောက်လည်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ပြန်၏။ ၁၀ ရက်ခန့်ကြာသော် ငြီးငွေ့လာ၏။ သူငယ်ချင်းများကို စနည်းနာကြည့်သည်။ တချို့က တရားရိပ်သာ။ ကျွန်တော်သည် အိပ်လိုက်၊ စားလိုက် အချိန်ဖြုန်းနေခြင်းဖြင့် မည်သို့အကျိုးရှိပါမည်နည်း။ တစ်ခုခုတော့ လုပ်မှဖြစ်မည်ဟု အသိတရားဝင်လာ၏။

အားခဲသော်လည်း ဖြစ်ချင်မှဖြစ်တတ်သည်။ မမျှော်လင့်ဘဲ အဖေနှင့် ခရီးထွက်ဖြစ်ခဲ့သည်။ ကျွန်တော်သွားချင်သည်က ပေလီ။ ရောက်ဖြစ်သည်က နောင်သခ်ါ။ အဖေ့ဇာတိရွာကို မြို့ကြီးသား ကျွန်တော် မပျော်ပါ။ ခဏသာနေချင်သည်။ သို့သော် "ငါ့မြေးကို သင်္ကန်းဝတ်နဲ့မြင်ချင်တယ်ကွယ်"ဟု ပြောသဖြင့် အဘွားစိတ်ချမ်းသာစေရန် ကိုရင်ဝတ်ဖြစ်ခဲ့သည်။ ရွာဦးကျောင်းဆရာတော်သည် ကျွန်တော်၏ 'ဘဘုန်းကြီး'တော်စပ်၏။ ကျွန်တော့်ကို အလိုလိုက်၍ ကြိုက်သလိုနေစေပါသည်။ သို့သော် ကိုရင်ဝတ်သခိုက် ကုသိုလ်ရရန် ဆွမ်းခံလိုက်ပါသည်။ ရန်ကုန်က ကိုရင်လေးပါမှ ဆွမ်းပိုရသည်ဆိုသဖြင့် ဝမ်းသာနေမိပါသည်။ ရွာမှာ ပျော်သလိုလိုဖြစ်လာ၏။

'ဘဘုန်း'က အားလပ်ချိန်တွင် ကျောင်းသားများကို အင်္ဂလိပ်စာသင်ခိုင်း၏။ 'တတ်သည့်ပညာ မနေသာ'ဆိုသလို ရွာက ၇ တန်းကျောင်းသားများကို အင်္ဂလိပ်စာသင်ပေးရသည်။ တတ်လို့တော့ မဟုတ်။ သို့သော် သူတို့က ကျွန်တော့်လောက်ပင် မတတ်တော့ အနှစ်မရှိသည့်တောမှာ ကျွန်တော်သာ ကြက်ဆူပင် ဖြစ်တော့သည်။ တောရွာမှာပညာမိုးခေါင်လှပါတကားဟု သိနားလည်မိသဖြင့် ကျွန်တော်လည်း ကြိုးကြိုးစားစားသင်ပါသည်။

"စာစီစာကုံးတစ်ပုဒ်ရေးရန်အတွက်
ပထမဆုံးတွေ့ရမှာက ခေါင်းစဉ်နဲ့လိုက်ဖက်မည့်
အကြောင်းအရာများကို တွေးတော ကြံဆဖို့ပဲဖြစ်တယ်။
တွေးတောရာမှာ အတိတ်အကြောင်း၊
ပစ္စုပ္ပန်အကြောင်း။ အနာဂတ်အကြောင်းတွေကို
ဆက်စပ်ပုံဖော် ခြင်းပဲဖြစ်တယ်။
မိမိကြုံတွေ့ခဲ့ပြီးတာတွေ ပြန်လည်ပုံဖော်ခြင်း နဲ့
ရှေ့ဖြစ်လာမယ့် ဖြစ်စေလိုတဲ့အကြောင်းတွေကို
ကြိုတင်ပုံဖော် ကြည့်ခြင်းပဲဖြစ်တယ်။

သူတို့ကလည်း လိုလိုလားလားရှိ၏။ ကျွန်တော့်ကို ဆရာတစ်ဆူပမာ လေးစားပါ၏။ ထို့ကြောင့် သူတို့လေးတွေနှင့် ခင်မင်ရင်းနှီးသံယောဇဉ်ဖြစ်ပြီး တဖြည်းဖြည်း ပျော်လာပါသည်။

အာဂန္တုကိုရင်ဖြစ်သဖြင့် ကျောင်းဝေယျာဝစ္စကိုသော်မျှ ဆရာတော်က မခိုင်းပါ။ သို့သော် ကျွန်တော် အလကားမနေနိုင်။ ဘုရားပန်းလဲခြင်း၊ သောက်တော်ရေကပ်ခြင်း၊ မနက်တိုင်းကျောင်းရှေ့ကွင်းပြင်ကို တံမြက်စည်းလှည်းခြင်းဖြင့် ကုသိုလ်ယူပါသည်။ ပြီးလျှင် ကလေးများကို စာသင်ပါသည်။ ဆွမ်းခံသံချောင်းခေါက်လျှင် ဆွမ်းခံလိုက်ပါသည်။ နံနက် ၁၁ နာရီ ဆွမ်းစားပြီးလျှင် အနားယူခွင့်ရပါသည်။

ဆရာတော်သည် နေ့လယ် ခဏတစ်ဖြုတ် ကျိန်းစက်ပြီးလျှင် ကျွန်တော်တို့ကိုခေါ်၍ သတင်းစာဖတ်ခိုင်းလေ့ရှိသည်။ တစ်ခါတစ်ရံ ဇာတ်ကြီးဆယ်ဘွဲ့နှင့် မဃဒေဝလင်္ကာသစ်ကို ဖတ်ခိုင်းတတ်သည်။ ဖတ်နေရင်းပင် အဓိပ္ပာယ်ကို ရှင်းပြနေတတ်သေး၏။ မြန်မာစာ မြတ်နိုးသော ကျွန်တော့်အတွက် ဗဟုသုတရှိ လှသဖြင့် မှန်လာဥခင်းတွေ့သောယုန်ပမာ စာခံတွင်းတွေ့ လှပါတော့သည်။

ကျေးလက်ဘုန်းကြီးကျောင်း၏ မြတ်နိုးစရာဓလေ့တစ်ခုကား ညစဉ်ဘုရားဝတ်တက်ရခြင်းဖြစ်ပါသည်။ ဆရာတော်မှစ၍ ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်း သားမကျန် ဝတ်တက်မပျက်ရပေ။ ကျောင်းသားများက ဘုရားရှိခိုး၊ သီလယူရပြီး သံဃာတော်များက ပရိတ်တော် နှင့် ပဌာန်းရွတ်ပါသည်။ မေတ္တာပို့၊ အမျှဝေပြီးလျှင် ဝတ်တက်သူအားလုံး ၅ မိနစ် တရားမှတ်ရပါသည်။ ယခင်က ဦးသုံးကြိမ် ပုဆိန်ပေါက်သာ ရှိခိုးခဲ့သော ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သော အကျိုးအမြတ်ဖြစ်ပါတော့သည်။

အမြတ်တစ်ခုရှိသေး၏။ ကျွန်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာ ဖြစ်၏။ လောကုတ္တရာစာဟူ၍ ဘာမှ





သိမြင်ကျက်မှတ်ဖူးသည် မဟုတ်ပါ။ ''သြကာသ''အစချီပြီး ''ဣတိပိသော''လောက်သာ ရပါသည်။ တခြားကိုရင်တွေ အရှည်ကြီး ဘုရားရှိခိုးနေချိန်တွင် စကားတတ်လုချည့်ဆိုသည့် ရန်ကုန်က ကြက်တူရွေးကြီးမှာ မှိုင်၍ ငိုင်၍ နေရပါတော့သည်။ သို့ဖြင့် ဆရာတော်ထံလျှောက်၍ ပရိတ်ကြီး ၁၁ သုတ် ရွတ်တတ်အောင် စာတက်ရပါသည်။ ၅ ဘာသာဂုဏ်ထူးရှင် ကျွန်တော်သည် ပါဠိပါဌ်သားမဖတ်တတ်၍ ချွေးပြန်ခဲ့ရပါတကား။ မနက်ပိုင်းတွင် ''အင်္ဂလိပ်စာ ငါ ဆရာ'' ဖြစ်သော်လည်း နေ့လယ်ပိုင်းတွင်မူ ဆရာတော်ရှေ့မှာ ပြားပြား ဝပ်လျက် ''ယံမင်္ဂလံ''ကျက်ရသည့် လောကုတ္တရာ စာသင်သား ဖြစ်ခဲ့ရပါသည်။ ကြွေးသစ်လည်း ယူ၊ ကြွေးမြီဟောင်းချသည့် ကေဒါရကျေးမင်းထုံးကို သတိရမိတော့သည်။

ရွာသင်္ကြန်ကား အတွေ့အကြုံသစ်ဖြစ်၏။ သင်္ကြန်မတိုင်မီ ကပင် တောတက်လာခဲ့သော ထင်းလှည်းများ ကျောင်းထဲလာချ၏။ အကြိုနေ့မှာ ထင်းဖြတ်လုပ်အားဒါနပွဲရှိသည်။ ရွာထဲက ကာလ သားများပါ၏။ အချို့က ငါးမန်းလွှဆွဲ၏။ ပုဆိန်ပေါက်သူ ပေါက်၊ ထင်းခွဲသူ ခွဲ၊ ဖြတ်သူ ဖြတ်နှင့် တက်ညီလက်ညီ ရှိလှသည်။ ကျောင်းသား၊ ကိုရင်များက ထင်းသယ်ကြသည်။ ထင်းဖြတ်ရသဖြင့် ကျွန်တော့်လက်ဖဝါးများ အသားနီလန်ခဲ့၏။ သို့သော် မိမိလုပ်အားဒါနအတွက် ပီတိပွားမိပါသည်။ အခါရက်များတွင်ကား အရဏ်ဆွမ်းလက်ခံရခြင်း၊ သီလယူပရိသတ်များ၏ လှူဖွယ်ပစ္စည်းများ သိမ်းဆည်းရခြင်းဖြင့် မနားရပေ။ သင်္ကြန်အတက်နေ့တွင် ဘုရားရေသပ္ပာယ်ပွဲရှိ၏။ ရွာဦးစေတီကို သန့်ရှင်းရေးလုပ်ပြီး ထုံးသင်္ကန်းကပ်ကြသည်။ ''ကိုဒိုးလေး''တို့ ကာလသားတစ်သိုက် အားစိုက်လုပ်ကြ၏။ ရေအိုးကိုယ်စီနှင့် ''ထွေးညို''တို့တစ်တွေ ချွေးစိုနေကြသည်။ မောရမှန်းမသိ။ ပြုံးပန်းတွေ ဝေနေကြ၏။ ကျောင်းရှိ ဆင်းတုတော်များကို ရေသပ္ပာယ်ပြီး အမွှေးနံ့သာဖြင့် ပူဇော်၏။ ပင်ပန်းသော်လည်း ပျော်စရာကောင်းသည့် ကုသိုလ်ပွဲပေတကား။

နှစ်လနီးပါးခန့် ကိုရင်ဘဝဖြင့် အသားကျနေခဲ့၏။ ''နောင်သင်္ကြန်ကို ရှောင်ကြဉ်ပါ''ဟုဆိုခဲ့သော ကျွန်တော် ပျော်နေပါပြီ။ သို့သော် ပျော်ရာမှာမနေရ၊ တော်ရာမှာ နေရပေဦးတော့မည်။ ကျောင်းဖွင့်ချိန်နီး၍ ပြန်ခဲ့ရ၏။ ဘုတာလိုက်ပို့သော ကိုရင်၊ ကျောင်းသားများကို မျက်ရည်စို့စို့နှင့် လက်ပြနှုတ်ဆက်ခဲ့ရပါသည်။ မြင့်မားညိုမှိုင်းသော ရှမ်းရိုးမကို တရိပ်ရိပ်ပြေးနေသော ရထားပေါ်မှကြည့်ရင်း ကျွန်တော်တွေးနေမိသည်။ ကျွန်တော် မျှော်မှန်းအားခဲထားသည့် ကွန်ပျူတာသင်တန်းကိုလည်း လွမ်းမနေနိုင်ပါ။ အင်္ဂလိပ်စကားလည်း မပြောဖြစ်ခဲ့။ ငပလီကမ်းခြေအစား နဝင်းချောင်းရေနဲ့ပဲ ညားခဲ့ရပါသည်။ သို့သော် ကျွန်တော် ဝမ်းမနည်းပါ။ ကျေးလက်က ကလေးတွေကို ကျွန်တော် ပညာမိုးရေ ဖြန့်ဝေပေးခဲ့ပါသည်။ ပရိတ်ကြီး ၁၁ သုတ်ကိုလည်း ဒေါင်းဒေါင်းပြေးအောင် ဖတ်တတ်ခဲ့ခြင်းဖြင့် လောကုတ္တရာအမွေကို ရယူခဲ့ပါသည်။ ဗုဒ္ဓဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စ ပြုလုပ်ခြင်းဖြင့်လည်း လုပ်အားကုသိုလ် ရယူခဲ့ပါသည်။ ကျွန်တော်သည် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချပြီးလေပြီတကားဟု တွေးမိရင်းဖြင့် ကြည်နူးပီတိဖြစ်နေပါတော့သည်။ ။

**ကိုစော(ပထဝီဝင်)**

# မောင့်အချစ်က သူ့အပေါ်မူတည်တယ်



''ဒါလင် ကျွန်မရဲ့အဖေ တကယ်လို့ စီးပွားပျက်ရင်လည်း အခုချစ်သလို ချစ်မြဲချစ်နေမှာလားဟင်''


''သူ အခုအခြေအနေမကောင်းဘူးလား ခင်''

''ကောင်းပါတယ် မောင်ရယ်''

''ဒါများ ခင်ရယ်၊ မောင်အမြဲချစ်နေမှာပေါ့''

**မောင်သီဟ**

# ဒါမျိုးက သိဖို့ခက်တယ်



ဆယ်လီ(Sally) – ''အိပ်ရင် ဟောက်တတ်တဲ့ ယောက်ျားကိုတော့ သမီး လက်မထပ်ချင်ဘူး''

မိခင် – ''ကောင်းတာပေါ့ကွယ်၊ ဒါပေမဲ့ သူ ဟောက်၊ မဟောက် သမီး ဘယ်လို သိနိုင်မလဲ''

**မောင်သီဟ**

# သောကမီးလျှံအား ဓမ္မရေစင်ဖြင့်ငြိမ်းသတ်ခြင်း

## အောင်ဇင်

ကျွန်တော့်ဘဝတစ်သက်တာတွင် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ကို ဘယ်သောအခါမှ မေ့ပျောက်၍ ရနိုင်တော့မည် မဟုတ်ဟု ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေ့တွင် မိမိ၏ တစ်ဦးတည်း သော အချစ်ဆုံးသမီးလေးအား မရဏသေမင်းကမိသားစုရင်ခွင်အတွင်း မှ အတင်းခေါ်ယူသွား၍ ဖြစ်ပါသည်။



**စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန်ထွက်ခွာခြင်း**

ကျွန်တော်သည် အနောက်တောင်တိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခြေမြန်တပ်ရင်းတစ်ရင်းတွင် ဒုတိယတပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်သည်။ ကျွန်တော်တို့တပ်ရင်းသည် စစ်ဆင်ရေးလိုအပ်ချက်အရ ကရင်ပြည်နယ်၌ စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ရသကဲ့သို့ ဧရာဝတီတိုင်းအတွင်းရှိ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသလုံခြုံရေးကိုလည်း အလှည့်ကျတာဝန်ယူဆောင်ရွက်ရသည်။

ယခုတစ်ပတ်စစ်ဆင်ရေးမှာ ကရင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ရမည့် အလှည့်ဖြစ်သည်။ တပ်ရင်းမှူးဦးစီး စစ်ကြောင်း(၁) ဌာနချုပ်နှင့် တပ်ခွဲလေးခွဲမှာ ဘီးလင်း၊ ဖာပွန်ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ နတ်ကြီးကျေးရွာတွင် အခြေပြု၍ နယ်မြေစိုးမိုးရေးနှင့် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ရပြီး မိမိဦးစီး စစ်ကြောင်း(၂) ဌာနချုပ်နှင့် တပ်ခွဲတစ်ခွဲမှာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ဆက်စပ်၍နယ်မြေ စိုးမိုးရေးနှင့် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ရသည်။

ထိုစဉ်က ဗိုလ်မြတ်ထွန်းတံတား တည်ဆောက်ပြီးစီးခြင်း မရှိသေး၍ တပ်ရင်းဌာနချုပ် ပုသိမ်မှရန်ကုန်သို့ ရေလမ်းခရီးဖြင့် လည်းကောင်း၊ ရန်ကုန်မှ စစ်ဆင်ရေးဒေသသို့ ရထားဖြင့်လည်းကောင်း ချီတက်ခဲ့ရာ မိမိဦးစီးစစ်ကြောင်း(၂)ရုံးနှင့် တပ်ခွဲတစ်ခွဲမှာ သိမ်ဇရပ်ဘူတာတွင်ဆင်းကျန်ခဲ့ပြီး တပ်ရင်းမှူးဦးစီး စစ်ကြောင်း(၁)ရုံးနှင့် တပ်ခွဲ(၄)ခွဲမှာ နှင်းပုလဲဘူတာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ နှင်းပုလဲဘူတာမှတစ်ဆင့် ယာဉ်တန်းဖြင့် စစ်ဆင်ရေးဒေသဖြစ်သော နတ်ကြီးခွင်သို့ ချီတက်ကြမည်ဖြစ်သည်။

မိမိဦးစီးသော စစ်ကြောင်းအဓိကအခြေပြုလှုပ်ရှားရမည့် ခွင်အတွင်း၌ ဇီးပြောင်း(၁)၊ ဇီးပြောင်း(၂)၊ ဇီးပြောင်း(၃)၊ ဇီးပြောင်း(၄) ဟု အမည်ပေးထားသော ကျေးရွာများပါဝင်ပြီး အနီးပတ်ဝန်းကျင်တွင်

**ရန်သူအပေါ်လိုလားခြင်း**
**မရှိသော်လည်း အကြောက်တရားဖြင့်**
**လွှမ်းမိုးထား၍လည်းကောင်း**
**ဆွေရိပ်မျိုးရိပ် မကင်းသူအချို့မှာ**
**၎င်းတို့အဖွဲ့အစည်းများအတွင်း**
**ရှိနေခြင်းကြောင့်လည်းကောင်း၊**
**မိမိတို့တပ်အပေါ်၌ ပြောင်ပြောင်တင်းတင်း**
**အကူအညီပေးလေ့မရှိဘဲတစ်ခါတစ်ရံ**
**သတင်းထူးခြားမှုရှိသောအခါများ၌သာ**
**မယောင်မလည်ဖြင့်**
**အသိပေးလေ့ရှိသည်။**

အခြားသောကျေးရွာများလည်း ရှိနေသေးသည်။ ဒေသခံပြည်သူအများစုမှာ ကရင်၊ ဗမာ၊ မွန်လူမျိုးတို့ဖြစ်ကြပြီး တောင်ယာခုတ်၊ လယ်လုပ်၊ ရွှေကျင်၊ တံငါလုပ်ငန်းစသောလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး အများစုမှာ ဆင်းရဲနွမ်းပါးကြသည်။

ရန်သူအနေဖြင့် အင်အားနှင့်စုဖွဲ့လှုပ်ရှားခြင်းမရှိသော်လည်း (၄)ဦး၊ (၅)ဦး အဖွဲ့ငယ်များဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံအင်အား (၂၀)ခန့် စုစည်း၍ လည်းကောင်း တပ်အလစ်တွင် ဆက်ကြေးကောက်ခြင်း၊ ရိက္ခာစုခြင်း၊ လူသစ်စုဆောင်းခြင်းများ ပြုလုပ်လေ့ရှိသည်။ တပ်နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းမရှိဘဲ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဆက်စပ်နယ်မြေတွင် ခွထိုင်၍ အခွင့်သာသလို လှုပ်ရှားလေ့ရှိသည်။ ဒေသခံပြည်သူအများစုမှာ ရန်သူအပေါ်လိုလားခြင်း မရှိသော်လည်း အကြောက်တရားဖြင့် လွှမ်းမိုးထား၍လည်းကောင်း ဆွေရိပ်မျိုးရိပ် မကင်းသူအချို့မှာ ၎င်းတို့အဖွဲ့အစည်းများအတွင်း ရှိနေခြင်းကြောင့်လည်းကောင်း၊ မိမိတို့တပ်အပေါ်၌ ပြောင်ပြောင်တင်းတင်း အကူအညီပေးလေ့မရှိဘဲ တစ်ခါတစ်ရံ သတင်း ထူးခြားမှုရှိသောအခါများ၌သာ မယောင်မလည်ဖြင့် အသိပေးလေ့ ရှိသည်။

မိမိစစ်ကြောင်းသည် စစ်ဆင်ရေးနယ်မြေအသစ်တွင် နယ်မြေနှင့်လူကို ပိုင်နိုင်စေရန်အတွက် စဉ်ဆက်မပြတ် လှုပ်ရှားစိုးမိုးပြီး ရန်သူ့သတင်းနှင့် လှုပ်ရှားမှုများကို ထောက်လှမ်းရယူခဲ့သည်။ တစ်လတာကာလခန့်အတွင်း နယ်မြေနှင့် အသားကျလာပြီး ရန်သူဝင်လမ်း၊ ထွက်လမ်း၊ ရန်သူဆောင်ရွက်နိုင်သော နည်းလမ်းများကို လေ့လာ၍ မိမိကျင့်သုံးရမည့် စစ်နည်းဗျူဟာများကိုပါ ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

ဒေသအတွင်းရှိ ကျေးရွာအသီးသီးမှ ကျေးရွာလူကြီးများနှင့် အထိုက်အလျောက် ရင်းနှီးမှုရရှိလာပြီး ရန်သူ့သတင်းထူးခြားမှုရှိပါက သတင်းပို့သည့်စနစ်များ ကိုပါ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။

**မမျှော်လင့်သောသတင်း**

ထိုနေ့မှာ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ ဖြစ်သည်။ ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်သည်မှာ တစ်လခန့်ရှိပြီဖြစ်သည်။ ၃ ရက်ခန့်ဆက်တိုက် လှုပ်ရှားထားသဖြင့် စစ်သည်များ ရိက္ခာဖြည့်တင်းရန်နှင့် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန် ဇီးပြောင်း(၁) ကျေးရွာ၌ ခေတ္တအခြေပြုနေခိုက်ဖြစ်သည်။

မိမိ၏ စစ်ကြောင်း(၂)ရုံးမှာ ဘုန်းကြီးကျောင်းတွင်အခြေပြုပြီး ဗိုလ်ကြီးသိန်းဝင်းဦးစီးတပ်ခွဲ(၄)တပ်ခွဲမှာ ဘုန်းကြီးကျောင်းနှင့် ပတ်ဝန်းကျင်တွင် ခံစစ် စစ်နည်းဗျူဟာအရ ဖြန့်ခွဲအခြေပြုလျက် ရှိသည်။ မိမိစစ်ကြောင်းရုံးမှာ ဘုန်းကြီးကျောင်းအတွင်းရှိ ဆွမ်းစားဇရပ်တွင် နေရာယူထားသည်။ ဇရပ်မှာကျယ်ဝန်းပြီး လူအဝင်အထွက်နည်းသဖြင့် သက်သောင့်သက်သာ လွတ်လွတ်လပ်လပ်နေထိုင်၍ရသည်။ ကျောင်းထိုင် ဆရာတော်မှာလည်း သဘောကောင်းပြီး ၎င်း၏ကျောင်းဝင်းအတွင်း တပ်အခြေပြုနေထိုင်သည်ကို လိုလိုလားလား ခွင့်ပြုထားသည်။ မိမိတို့ကလည်း အလိုက်သိစွာဖြင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို

မပြတ်ဆက်ကပ်လှူဒါန်းကြသည်။

ခရီးသွားရန်မရှိ၍ စစ်ဆင်ရေးကိစ္စများကို ခေတ္တမေ့ထားချိန်တွင် နောက်တန်းတွင်ကျန်ရစ်သော မိသားစုကိစ္စ ခေါင်းထဲသို့ ဝင်ရောက်လာသည်။ မိမိတွင် သားတစ်ဦးနှင့်သမီးတစ်ဦးရှိရာ သမီးငယ်မှာ မွေးကတည်းက အလွန်ချူချာသည်။ ရန်ကုန်ထောက်ကြန့်တွင်ရှိသော ခြေလျင်တပ်ရင်းမှ ပြင်ဦးလွင်ရှိ အမှတ် ၂ လေ့ကျင့်ရေးတပ်သို့ ပြောင်းရွှေ့စဉ် သမီးငယ်မှာ ၂ နှစ်သမီးအရွယ်သာ ရှိသေးသည်။ ရန်ကုန်မှ ပြင်ဦးလွင်သို့သွားသည့် လမ်းခရီးတွင် ရာသီဥတု အပြောင်း အလဲကြောင့် ချွဲများကျပ်၍ နေထိုင်မကောင်းဖြစ်သဖြင့် ပြင်ဦးလွင် ရောက်ချိန်၌ အတော်ဆေးဝါးကုသယူခဲ့ရသည်။

အမှတ်(၂)လေ့ကျင့်ရေးတပ်တွင် တပ်သားသစ်လေ့ကျင့်ရေး တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကလည်း တပ်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ ပြင်ပလေ့ကျင့်ခန်းများပြုလုပ်ရန် (၂)ည၊ (၃) ည ညအိပ်ခရီးထွက်သည့်အခါများတွင် သမီးငယ်သည် ချွဲများကျပ်ပြီး အသည်းအသန်ဖြစ်၍ ဆေးရုံတင်ရခြင်းကြောင့် နောက်ကလိုက်ခေါ်သဖြင့် စိုးရိမ်ပူပန်စိတ်ဖြင့် ပြန်ပြေးလာခဲ့ရသည်။



အလားတူ အခြားသောခြေလျင်၊ ခြေမြန်တပ်များ၌ တာဝန်ထမ်းဆောင်စဉ်ကလည်း သမီးငယ်မှာ မကြာခဏ အဖျားကြီးပြီး ဆေးရုံတက်ရလေ့ရှိရာ မိမိမှာရှေ့တန်း စစ်ဆင်ရေး၌သာ အချိန်ကုန်လေ့ရှိခြင်းကြောင့် ဇနီးဖြစ်သူသည် အမြဲတမ်း စိုးရိမ်ပူပန်စိတ်၊ သောကစိတ်ဖြင့်သာ ဆင်းရဲပင်ပန်းစွာ နေခဲ့ရသည်။

ထိုစဉ်က ကျန်းမာရေးဗဟုသုတနည်းသဖြင့်လည်းကောင်း၊ ဆရာဝန်ကောင်းကောင်း၊ ဆေးရုံကောင်းကောင်းတွင် စမ်းသပ်စစ်ဆေးကုသရန် အခြေအနေမပေးသဖြင့်လည်းကောင်း ရောဂါဇစ်မြစ်ကို မသိခဲ့ပေ။ နောင်တွင်မှ သမီးငယ် ခံစားရသောရောဂါမှာ မွေးရာပါနှလုံးသွေးကြောကျယ်သည့်ရောဂါဖြစ်သည်ဟု သိခဲ့ရသည်။

သမီးငယ်သည် အရွယ်နှင့်မမျှအောင် ဝေဒနာကိုခံစားနေရသူ ဖြစ်သည်။ သူမ၏ ကျယ်လောင်သော နှလုံးခုန်သံကို အနီးတွင်ကပ်နားမထောင်ဘဲ သာမန်အကွာအဝေးမှပင် ကောင်းစွာကြားနေရသည်။

သမီးငယ်သည်ကျန်းမာရေးမကောင်း၍ ချူချာသူဖြစ်သော်လည်း ကျန်းမာနေချိန်တွင် ပညာကိုလိုလားသူဖြစ်သည်။ ကျောင်းမှ သင်ပေးလိုက်သောစာများကို အပတ်တကုတ်ကြိုးစားအားထုတ် ကျက်မှတ်လေ့ရှိသည်။ စာကျက်ရန်အတွက် လူကြီးကတိုက်တွန်းရန်မလိုပေ။ ကျန်းမာရေးမကောင်းသဖြင့် နားနားနေနေ နေရန် မနည်းချော့မော့ ပြောဆိုရသည်။ စကားပြောဆိုရာ၌လည်း အရွယ်နှင့်မလိုက်အောင် သွက်လက်ချက်ချာပြီး လူကြီးအဖြေခက်အောင် နှိုက်နှိုက်ချွတ်ချွတ်မေးတတ်သူဖြစ်သည်။

မိမိရုံးကပြန်လာချိန်၌လည်း သူငယ်ချင်းများနှင့် ဆော့ကစားနေရာမှ အပြေးရောက်လာတတ်ပြီး စာရွက်စာတမ်းများ လှမ်း၍ယူပေးခြင်း၊ ဖိနပ်ချွတ်ပေးခြင်းစသော ဝေယျာဝစ္စများကို ၉ နှစ်၊ ၁၀ နှစ်သမီး အရွယ်ကပင် ဆောင်ရွက်ပေးတတ်သည်။ သားအကြီးဖြစ်သူကမူ ယောကျ်ားလေးပီပီ ကစားမက်သဖြင့် လှည့်ကြည့်ဖော်ပင် မရပေ။

သမီးဖြစ်၍လည်း ဖခင်အပေါ် အလွန်တွယ်တာသည်။ စစ်သားသားသမီးဖြစ်ခြင်းကြောင့် ဖခင်နှင့်အမြဲတစေအတူနေခွင့်မရသဖြင့် နေခွင့်ရသောအချိန်များ၌ အဖေ့အနားကပ်၍ တီတီတာတာပြောဆိုနေလေ့ရှိသည်။ တစ်ခါတစ်ရံ ရေအိမ်ဝင်နေချိန်တွင်ပင် အပြင်မှစောင့်၍ သူမပြောလိုသောစကားများကို တွတ်ထိုးပြောဆိုနေတတ်သည်။ ယခုတစ်ကြိမ်နောက်တန်းတွင်နားနေခိုက် သီလရှင်ဝတ်လိုသည်ဟု သမီးငယ်က အပူကပ်သဖြင့် သီလရှင်ဝတ်ပေးခဲ့သည်။ သီလရှင်စာသင်တိုက်တွင် သီလရှင်ဝတ်ရန် သမီးငယ်အား ဆံချစဉ် မျက်ရည်အလွန်နိုင်သော စစ်သားရင့်မာကြီးဖြစ်သည့် ကျွန်တော်သည်ပင်လျှင် ဘယ်လိုနည်းနှင့်ကျလာမှန်းမသိသော မျက်ရည်များကြောင့် အံ့ဩဖွယ်ကောင်းလောက်အောင် ပုဆိုးများပင်စိုရွှဲခဲ့သည်။ ပီတိကြောင့်ကျသော မျက်ရည်ဆိုသည်မှာ ဒါမျိုးပင်ဖြစ်ပေမည်။

သီလရှင်ဝတ်ပြီးနောက် ကျောင်းတိုက်ရှိ ရာနှင့်ချီသော သီလရှင်များက သမီးငယ်အား ဝိုင်းရံ၍ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်များကို အသံနေ၊ အသံထားဖြင့် ဆွဲဆွဲငင်ငင် ရွတ်ဖတ်သရဇ္ဈာယ်သော အသံမှာလည်း ကျက်သရေရှိ လှပါသည်။

'သမီးနှင့်အဖေ – အဖေနှင့်သမီး အလွန်ချစ်ခင်တွယ်တာကြရာ လူတန်းစေ့ကျန်းမာရေးမကောင်းသော သမီးငယ်နှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ရသော စစ်သားဖခင်တို့အကြား မမျှော်လင့်သော အကြောင်းတရားတစ်ခုခုက အချိန်မတိုင်မီ ခွဲခွာစေမည်ဆိုပါက' –ထိုသို့စဉ်းစားမိတိုင်း ရင်ထဲတွင် နင့်ခနဲဖြစ်အောင် ခံစားရလေ့ရှိသည်။

သို့သော် ထိုစဉ်ကတည်းက တရားဓမ္မအခြေခံရှိသော မိမိသည် အကောင်းဆုံးဖြစ်အောင်ကြိုးစားရင်း အဆိုးဆုံးကို ရင်ဆိုင်နိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်နေခဲ့သည်။ ကံကြမ္မာဆိုးနှင့်အချိန်မရွေး ရင်ဆိုင်ရ

နိုင်သည်ကိုလည်း မိမိနှင့်မိသားစုကို အစဉ်သတိပေး တပ်လှန့်ထားခဲ့သည်။

ထိုကဲ့သို့ သမီးငယ်နှင့်ပတ်သက်၍ ရောက်တတ်ရာရာ တွေးတောမိနေသဖြင့် သမီးအား သတိရလွမ်းဆွတ်စိတ်ပိုကဲလာခြင်းကြောင့် ကျောင်းဝင်းအတွင်းရှိ သမီးနှင့်အရွယ်တူ ၁၀ နှစ်၊ ၁၁ နှစ်ခန့် ရှိသောကိုရင်ငယ်များအား တပ်ရင်းနောက်တန်းမှ ပါလာသည့် သကြားလုံးများကိုဝေငှပေးရင်း အလွမ်းစိတ်ကို ဖြေနေမိသည်။

နေ့လယ်စာစားပြီးနောက် ခဏ တစ်ဖြုတ်ကျောဆန့်စဉ် မေးခနဲအိပ်ပျော်သွားရာမှ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အိပ်မက်များမြင်မက်ပြီး အိပ်ရာမှလန့်နိုးလာခဲ့သည်။ အယူအဆ၊ အစွဲအလမ်း မရှိသော်လည်း ခါတိုင်းနှင့်မတူဘဲ စိတ်ထဲတွင်လေးလံနေသဖြင့် မွန်းလွဲ ၁ နာရီခန့်တွင် ဆွမ်းစားဇရပ်ရှိ ဘုရားစင်ရှေ့၌ပင် ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်ရင်း စိတ်၏လေးလံမှုကို ဖြေဖျောက်ရန်ကြိုးစားခဲ့သည်။

အခြေပြုသောဇရပ်တွင် မိမိနှင့် အတူ ဆက်သွယ်ရေးစက်နှင့် စက်ကိုင်စစ်သည်တို့ပါ အတူနေထိုင်ကြသည်ဖြစ်ရာ နောက်တန်း ဌာနချုပ်ဖြင့် စက်အဆက်အသွယ် ယူနေသည်ကို တရားရှုမှတ်ပွားများရာမှ တစ်ချက်တစ်ချက် ကြားနေရသည်။

ဝင်သက်၊ ထွက်သက်ရှုမှတ်ခြင်းကို နှာသီးဖျားပေါ်၌တင်လိုက်၊ နောက်တန်း နှင့် ဆက်သွယ်ပြောဆိုသည့် ဆက်သွယ်ရေးစစ်သည်ထံသို့ အာရုံရောက်လိုက်နှင့် ယောက်ယက်ခတ်နေသောစိတ်အား ထိန်းချုပ်ရန်ခက်ခဲနေစဉ် မိမိအတွက် နောက်တန်းဌာနချုပ်ရှိ ဌာနချုပ်တပ်ခွဲမှူးက ကြေးနန်းပို့နေကြောင်း သိလိုက်ရသည်။ ကြေးနန်းမှာ အတိုနှစ်စောင် ဖြစ်သည်။ နောက်တန်းတွင် မိမိမိသားစုနှင့်ပတ်သက်၍ တစ်စုံတစ်ခုဖြစ်နေပြီဟု ခန့်မှန်းမိလိုက်သည်။

သိချင်ဇောဖြင့် တရားအားထုတ်မှုကို ရပ်လိုက်မည်ဟု အကြံအစည်ဖြစ်သော်လည်း မှတ်နေကျအတိုင်း တစ်နာရီပြည့်အောင် ဆက်မှတ်လိုက်ဦးမည်ဟု ပိုင်းဖြတ်၍ သိလိုစိတ်ကိုချိုးနှိမ်ပြီး တရားအလုပ်ကို ဆက်လုပ်ခဲ့သည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းသတိကပ်လာနိုင်ပြီး အာရုံကိုထိန်းချုပ်နိုင်သဖြင့် သမာဓိအရှိန်ရလာ၍ ကျန်အချိန်ကို ရှုမှတ်မှုကောင်းကောင်းဖြင့် ဆက်လက်ရှုမှတ်နိုင်ခဲ့သည်။

တရားရှုမှတ်မှုပြီးဆုံးသည့်နောက် နေရာမှ သတိဖြင့်ထခဲ့ပြီး ထိုင်နေကျ ပက်လက်ကုလားထိုင်ဆီသို့ လှမ်းခဲ့သည်။ ပက်လက်ကုလားထိုင်အနီးတွင် ဘုန်းကြီးကျောင်းမှ ငှားရမ်းထားသော ထမင်းစားစားပွဲ ဝိုင်းအနိမ့်တစ်လုံးရှိပြီး ၎င်းစားပွဲပေါ်တွင် ဖတ်လက်စစာအုပ်များ၊ အထက်ဌာနမှဝင်သော ကြေးနန်းစာများ တင်ထားလေ့ရှိသည်။

ဘုရားစင်ရှေ့မှထလာပြီး ထိုင်ခုံသို့သွားစဉ် ဇရပ်ပေါ်ရှိ မိမိတပည့်များ၏ အခြေအနေကို တစေ့တစောင်းလေ့လာအကဲခတ်မိသည်။ မိမိ၏အကူရဲဘော် ဒုတပ်ကြပ်ခင်မောင်သိန်း၊ ဆေးတပ်ကြပ်မြင့်တင်၊ ထောက်လှမ်းရေးတပ်ကြပ်ကြီးခင်မောင်ညွန့်၊ ဆက်သွယ်ရေးတပ်ကြပ်လှဝင်းတို့မှာ ဇရပ်ထောင့်တစ်နေရာတွင် စုထိုင်နေကြပြီး အားလုံးမှာ မျက်နှာမကောင်းကြ။ မိမိ၏လှုပ်ရှားမှုကို စောင့်ကြည့်နေကြသည်။

မိမိသည် ထိုင်နေကျ ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး စားပွဲ ဝိုင်းပေါ်သို့လှမ်းကြည့်လိုက်ရာ ဆက်သွယ်ရေးစစ်သည် တင်ထားသောကြေးနန်းစာရေးထားသည့် စာရွက်အပိုင်းနှစ်ပိုင်းကို တွေ့လိုက်ရသည်။ မိမိ၏စိတ်ကို တည်ငြိမ်အောင်ထားပြီးနောက် ပထမကြေးနန်းတစ်စောင်ကို ယူဖတ်လိုက်မိသည်–

မှူးစန်းမောင်မှ ဒု–ရင်းမှူးအတွက်

'သမီးငယ်အဖျားကြီး၍ ညတွင်းချင်း ဆေးရုံတင်ကုသထား၊ ဆရာဝန်များ ဂရုစိုက်ကုသလျက်ရှိ၊ စိုးရိမ်ရန်မလို' ဖြစ်ပြီး –

ဒုတိယတစ်စောင်မှာ–

မှူးစန်းမောင်မှ ဒု–ရင်းမှူးအတွက်

'သမီးငယ် ၉၅ ဩ ၁၇၊ ၁၁း၃၀ အချိန်တွင်ဆုံးပြီ၊ လိုအပ်သည်များ ညွှန်ကြားနိုင်ပါရန်' ဟူ၍ဖြစ်သည်။

ဒုတိယကြေးနန်းကိုဖတ်ပြီး နောက် စိတ်မကောင်းခြင်းကြီးစွာ ခံစားရသော်

နေ့လယ်စာစားပြီးနောက်
ခဏ တစ်ဖြုတ်ကျောဆန့်စဉ်
မေးခနဲအိပ်ပျော်သွားရာမှ
ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
အိပ်မက်များမြင်မက်ပြီး
အိပ်ရာမှလန့်နိုးလာခဲ့သည်။
အယူအဆ၊ အစွဲအလမ်း
မရှိသော်လည်း
ခါတိုင်းနှင့်မတူဘဲ
စိတ် ထဲတွင်လေးလံနေသဖြင့်
မွန်းလွဲ ၁ နာရီခန့်တွင်
ဆွမ်းစားဇရပ်ရှိ ဘုရားစင်ရှေ့
၌ပင် ဝိပဿနာတရားကို
ကြိုးပမ်းအားထုတ် ရင်း စိတ်၏
လေးလံမှုကို ဖြေဖျောက်
ရန်ကြိုးစားခဲ့သည်။

လည်း နဂိုကပင် သတိကပ်ထားခြင်းကြောင့် မိမိကိုယ်ကို ပုံမပျက်အောင် ထိန်းထားနိုင်ခဲ့သည်။ အေးလေ – ကံကုန်တော့လည်း သွားရမှာပေါ့ဟူ၍သာ စိတ်ထဲက ရေရွတ်လိုက်မိပါတော့သည်။

အခြေအနေကို စောင့်ကြည့်နေသော တပည့်များက အနားသို့ မဝံ့မရဲချဉ်းကပ်လာပြီး ''ကျွန်တော်တို့ဘာလုပ်ပေးရမလဲ''ဟု မေးလာသည်။ စစ်ကြောင်းရှိ စစ်သည်များမှာ မိမိနှင့်စစ်ဆင်ရေး(၃)(၄)ကြိမ်ခန့် အတူသွားဖူးသူများဖြစ်ကြ၍ မိမိနှင့်သာမက မိသားစုနှင့်ပါ ရင်းနှီးကျွမ်းဝင်ပြီး ကျွန်တော်မှသမီးငယ်အား အလွန်ချစ်ကြောင်းကိုလည်း သိရှိကြပြီးဖြစ်

သည်။ သို့ဖြစ်၍ မိမိအနေဖြင့် များစွာ စိတ်ထိခိုက်မည်ကိုလည်း ခန့်မှန်းသိရှိကြပြီး ဖြစ်ပေလိမ့်မည်။ မိမိက– ‘‘လောလောဆယ်တော့ ဘာမှလုပ်ပေးဖို့ မလိုအပ်သေးပါဘူးကွာ’’ဟုပြန်ပြောလိုက်သည်။ တပည့်များကလည်း မိမိအနား မှခွာ၍ ဇရပ်ထောင့်တွင် တိတ်တဆိတ်ပြန်ထိုင်နေကြသည်။

စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်ရင်း နောက်တန်းတွင် ပရိဒေဝ သောကမီး တောက်လောင်နေမည့် ဇနီးသည်နှင့် သားကြီးတို့၏ အဖြစ်ကိုလည်း မြင်ယောင်နေမိခဲ့သည်။ သာမန်အရပ်သားဆိုပါက အရာရာကိုပစ်ထား၍ သမီးရှိရာသို့အပြေးပြန်မိမည်ဖြစ်သည်။ သို့သော် မိမိမှာမူကား စစ်ဆင်ရေးတာဝန်ကို ထမ်းဆောင်နေရသော တပ်မတော်သား

> လူ့ဘဝဆိုသည်မှာ အလွန်ပင် ဆန်းကြယ်လှပါသည်။ မိမိ ယခင်က ကြားခဲ့ဖူးသော misfortune never comes alone “အကုသိုလ်ဆိုသည် ဘယ်တော့မှ တစ်ဦးတည်းလာလေ့မရှိ” ဟူသော ဆိုရိုးစကားမှာ မိမိဘဝအတွက်တော့ သွေးထွက်အောင် မှန်နေပေသည်။

တစ်ဦးဖြစ်နေခြင်းကြောင့် အကြီးအကဲများ၏ အစီအမံကို စောင့်ဆိုင်းရမည်သာ ဖြစ်ပေသည်။ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေချိန်ဖြစ်၍ နာရေးကိစ္စဆောင်ရွက်ရန် နောက်တန်းသို့ ပြန်ခွင့်ပြုမည်၊ မပြုမည်ဆိုသည်မှာလည်း များစွာမသေချာ၊ မရေရာသောကိစ္စပင် ဖြစ်သည်။

မိနစ်(၃၀)ခန့်အကြာတွင် စစ်ကြောင်း (၁) ဌာနချုပ်မှ မိမိ၏စက်သို့ ဆက်သွယ်မှုရယူပြီး တပ်ရင်းမှူးကိုယ်တိုင် စက်ပေါ်တက်လာ၍ အားပေးစကားပြောသည်။ နောက်တန်းပြန်ခွင့်ရစေရန် အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ကျွန်တော်ကကျေးဇူးတင်ကြောင်း၊ လူကြီးများ၏ အစီအမံအတိုင်းသာဖြစ်ကြောင်း၊ မိမိအနေဖြင့် ထူးခြားတင်ပြရန်မရှိကြောင်း ပြန်လည်ပြောဆိုခဲ့သည်။

ညနေ(၄)နာရီခန့်တွင် စစ်ကြောင်း(၁) ဌာနချုပ်မှ ကြေးနန်းဝင်လာသည်။ တိုင်းမှူးက မိမိအား သမီးကိစ္စစီစဉ်ရန် နောက်တန်းသို့ ပြန်ခွင့်ပြုကြောင်းနှင့် မိမိတာဝန်အား တပ်ခွဲ(၄)တပ်ခွဲမှူး ဗိုလ်ကြီးသိန်းဝင်းထံ စနစ်တကျလွှဲပြောင်းခဲ့ရန် ပါရှိသည်။

လုပ်ငန်းတာဝန်များကို ဗိုလ်ကြီး သိန်းဝင်းထံ လွှဲပြောင်းပေးခဲ့ပြီး နောက်တစ်နေ့နံနက်တွင် မိမိတို့အခြေပြုရာ ဇီးပြောင်း (၁)ကျေးရွာမှ ရန်ကုန်–မုတ္တမကားလမ်း၊ စစ်တောင်းတံတားရှိရာသို့ ခြေကျင်ချီတက်ခဲ့သည်။ စစ်သားခြေဖြင့်ဆိုပါက (၃)နာရီ သာသာ လျှောက်သည်နှင့် ရန်ကုန်–မုတ္တမကားလမ်းပေါ်ရှိ စစ်တောင်းတံတားသို့ ရောက်ရှိလေသည်။

**သမီးရှိရာသို့**

စစ်တောင်းတံတားသို့ ရောက်ပြီးနောက် ကျွန်တော့်အားလိုက်ပို့သော ဗိုလ်ကြီးသိန်းဝင်းနှင့်စစ်သည်များအား နှုတ်ဆက်ပြီး တံတားတွင် စောင့်နေသည့် လုံခြုံရေးစစ်သည်များ၏ ကူညီပေးမှုဖြင့် မုတ္တမဘက်မှလာသော ကားကြုံစီး၍ ရန်ကုန်သို့ ဆက်လက်လိုက်ပါခဲ့သည်။ ရန်ကုန်သို့ရောက်သည်နှင့် ပုသိမ်သင်္ဘောဆိပ်သို့ဆင်း၍ ညနေထွက်မည့် သင်္ဘောလက်မှတ်ကိုယူပြီး သင်္ဘောဖြင့်ညနေ(၅) နာရီတွင် ပုသိမ်သို့ ဆက်ထွက်ခဲ့သည်။ ရန်ကုန်–ပုသိမ် အမြန်သင်္ဘောသည် ပုသိမ်ဆိပ်ကမ်းသို့ ပုံမှန်ရောက်နေကြအချိန်အတိုင်း နောက်တစ်နေ့နံနက်(၉) နာရီခန့်တွင် ဆိုက်ရောက်သည်။

ယခင်က စစ်ဆင်ရေးတာဝန်ဖြင့်လည်းကောင်း၊ အခြားသော တာဝန်များဖြင့်လည်းကောင်း ခရီးထွက်ပြီးနောက် ပုသိမ်ဆိပ်ကမ်းသို့ ပြန်ရောက်လေတိုင်း မောင်နှမနှစ်ဦးတို့ သင်္ဘောဆိပ်တွင် လာရောက်စောင့်ကြိုနေကြမြဲဖြစ်သည်။ သင်္ဘောသည် ဆိပ်ခံဘောတံတားသို့ တဖြည်းဖြည်းနီးကပ်လာသည်။ ဆိပ်ခံဘောပေါ်သို့ လှမ်းကြည့်ရာ လူအုပ်ကြားထဲရှိ သားကြီးနှင့် မိမိယာဉ်မောင်းကို လှမ်းတွေ့ရသည်။ ခါတိုင်းဆိုလျှင် သမီးငယ်သည် လူအုပ်ကြားမှနေ၍ မိမိအားလှမ်းကြည့်ပြီး အဖေကြီးရေ–ဟု အသံစာစာဖြင့် ဝမ်းသာအားရအော်ခေါ်နေကျဖြစ်သည်။ ယခုအခါတွင်မူ ဒီအသံလေးကိုမကြားနိုင်တော့ပြီ၊ မိမိနှင့် ပါလာသောပစ္စည်းအနည်းငယ်ကိုဆွဲပြီး သင်္ဘောပေါ်မှသားကြီးရှိရာသို့ ရှေ့တွင်ကာဆီးနေသော လူအုပ်ကြီးအား အတင်းတိုးဝှေ့ဖယ်ရှားပြီး သားကြီးရှိရာသို့ အပြေးသွား ခဲ့သည်။

သားကြီးထံရောက်သည်နှင့် သူ၏လက်ကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသောအခါ သားကြီးက မိမိအားမော့ကြည့်၍ ‘‘ဖေကြီး– ညီမလေးမရှိတော့ဘူး’’ ဟုပြော၍ငိုချပြီး မိမိအား ဖက်ထားလေရာ မိမိကိုယ်တိုင်လည်း ဘာလုပ်ရမှန်းမသိတော့၊ ပါးနှစ်ဖက်မှ လိမ့်ကျစီးဆင်းလာသော မျက်ရည်ပူများအား သားကြီးမသိအောင်ခိုး သုတ်ရင်း ‘‘မငိုပါနှင့် သားကြီးရာ၊ အဖေကြီးပြန်လာပြီပဲ’’ ဟုအသံကို ထိန်း၍ အားပေးစကားပြောရင်း စောင့်နေသောကားရှိရာသို့ သုတ်ခြေတင်ခဲ့တော့သည်။

တပ်ကလာကြိုသော T ၂၀၀၀ ကား ရှေ့ခန်းတွင်သားအဖနှစ်ဦး ထိုင်၍ ခပ်မဆိတ်ပင် လိုက်လာခဲ့ကြသည်။ သင်္ဘောဆိပ်မှ တပ်ရှိရာသို့ မိနစ်(၂၀)ခန့် မောင်းရသည်။ တပ်ဂိတ်သို့ရောက်ပြီးနောက် မိမိအိမ်သို့ သွားရာလမ်းတစ်လျှောက်ရှိ သီဟိုဠ်ပင်များကိုကြည့်ရင်း သမီးငယ်ဆော့

ကစားလေ့ရှိသောနေရာများကို ပြန်ပြောင်းငေးကြည့်နေမိသည်။

အိမ်ရောက်သည်နှင့် အိမ်ရှေ့တွင် ထိုးထားသော 'ကနားဖျင်း'ကြောင့် ရင်ထဲစူးရှနာကျင်စွာ ခံစားလိုက်ရသည်။ 'အသုဘအိမ်'ဟူသောအတွေးက ခေါင်းထဲသို့ ဝင်ရောက်လာသည်ကို အသိစိတ်က လက်မခံလိုဘဲရှိနေသည်။

ကနားဖျင်းထဲတွင်ရှိသော နောက်တန်းမှ စစ်သည်၊ ရဲမေများ လှုပ်လှုပ်ရွရွဖြစ်ကုန်ပြီး ၎င်းတို့အနက်တစ်ဦးက ''ဗိုလ်မှူး တူး-အိုင်-စီ ပြန်လာပြီ'' ဟု ပြောသံကြားလိုက်ရသည်။ မိမိသည် ကနားဖျင်းတွင်ရှိနေကြသူများက နှုတ်ဆက်ပြီး အိမ်အတွင်းသို့ ဝင်သွားခဲ့သည်။

ဇနီးသည်သည် အိမ်ရှေ့ခန်းတွင်ရှိနေပြီး မိမိပြန်ရောက်လာသဖြင့် ထိုင်ရာမှ ထလာသည်။ ငိုထားဟန်ရှိသည်။ မျက်လုံးများနီရဲနေပြီး၊ အိပ်ရေးပျက်၊ ပင်ပန်းသည့်ဒဏ်ကြောင့် မျက်နှာများချောင်ကျနေသည်။ မိမိကဇနီးသည်၏ လက်အစုံကိုဆုပ်ကိုင်ရင်းအားပေးလိုက်သည်။ သို့သော် နှစ်ဦးစလုံးစကားမဆိုဖြစ်ကြသေး၊ ၎င်းနောက် ဇနီးသည် ချုံးပွဲချငိုလေတော့သည်။ သမီးနေမကောင်းဖြစ်၍ ဆေးရုံတင်ကုသ၊ နောက်ဆုံးအသက်ပျောက်သည်အထိ တစ်ဦးတည်းမာန်တင်း၍ ဆောင်ရွက်နေရာမှ အားကိုးရမည့်ခင်ပွန်းသည် ရောက်ရှိလာခြင်းကြောင့် မျိုသိပ်ထားသည်များကိုဖွင့်ချ၍ အားပါးတရငိုလိုက်ဟန်ရှိသည်။ ထိုအခါကျမှ မိမိကလည်း ဇနီးသည်ကို နှစ်သိမ့်အားပေးရင်း စိတ်ဖြေရန် ပြောရသည်။

ခဏအကြာတွင် ဌာနချုပ်တပ်ခွဲမှူး ဗိုလ်မှူးစန်းမောင် ရောက်လာသည်။ သမီးငယ်အတွက် ဝမ်းနည်းကြေကွဲရကြောင်း၊ ၎င်းတို့လည်း တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပါကြောင်း ပြောပြရာ မိမိကကျေးဇူးတင်ကြောင်း သမီးငယ်၏ ကုသိုလ်ကံရှိသရွေ့ နေထိုင်သွားရခြင်းသာဖြစ်ကြောင်း ပြန်ပြောခဲ့သည်။

ဗိုလ်မှူးစန်းမောင်က မိမိအား စစ်ဆေးရုံအအေးခန်းတွင် ထားရှိသော သမီးငယ်၏ရုပ်အလောင်းကို သွားရောက်ကြည့်ရှုလိုပါသေးသလားဟုမေးရာ မိမိက ''ရပါပြီ ကိုစန်းမောင်ရယ် ရုပ်အလောင်း ဟာ သမီးငယ်မှမဟုတ်တော့ဘဲ မကြည့်တော့ပါဘူး၊ မနက်ဖြန်လည်းတွေ့ရမှာပဲ''ဟု ပြန်လည်ပြောဆိုခဲ့သည်။

၎င်းနောက် မနက်ဖြန်တွင်ပြုလုပ်မည့် သမီးငယ်၏ အသုဘအခမ်းအနားအတွက် လိုအပ်သည့်အစီအစဉ်များ ပြုလုပ်နေခဲ့သည်။

လူ့ဘဝဆိုသည်မှာ အလွန်ပင် ဆန်းကြယ်လှပါသည်။ မိမိ ယခင်က ကြားခဲ့ဖူးသော misfortune never comes alone ''အကုသိုလ်ဆိုသည် ဘယ်တော့မှ တစ်ဦးတည်းလာလေ့မရှိ'' ဟူသော ဆိုရိုးစကားမှာ မိမိဘဝအတွက်တော့ သွေးထွက်အောင်မှန်နေပေသည်။

မိမိသည် လက်ရှိတပ်ရင်းတွင် ဒုတိယတပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ(၃)နှစ်ခန့် ရှိနေပြီဖြစ်သည်။ ပုံမှန်အတိုင်းသာဆိုပါက (၁)နှစ်၊ (၁)နှစ်ခွဲခန့်ဆိုလျှင် တပ်ရင်းမှူးအဆင့်သို့ တိုးမြှင့်ပြောင်းရွှေ့ရလေ့ရှိရာ မိမိအပတ်စဉ်မှ တပ်ရင်းမှူးသင်တန်းအတူတက်ခဲ့သည့် လုပ်ဖော်ကိုင်ဖက်များမှာ တပ်ရင်းမှူးများဖြစ်နေကြပြီ၊ မိမိထက်နောက်ကျသော အပတ်စဉ်မှ ဒုတိယတပ်ရင်းမှူးများသည်ပင်လျှင် တပ်ရင်းမှူးများအဖြစ် တာဝန်ထမ်းဆောင်နေကြလေပြီ၊ ၎င်းအချက်သည် မိမိဘဝအတွက် လက်ရှိကြုံတွေ့နေရသော ပထမဆုံး အကုသိုလ်ပင်ဖြစ်သည်။

ဒုတိယအကုသိုလ်မှာ ဒုတိယတပ်ရင်းမှူး ဘဝတွင်ပင် နေအိမ်အားဖောက်၍ (၂)ကြိမ်တိုင်တိုင် ရှိစုမဲ့စုပိုင်ဆိုင်မှု များ အခိုးခံရခြင်း ဖြစ်သည်။

ယခု တတိယအကြိမ်မှာမူ အဆိုးဆုံးဖြစ်သည်။ အချစ်ဆုံးသမီးကို စွန့်လွှတ်လိုက်ရသောကြောင့်ပင်ဖြစ်သည်။

အကုသိုလ်- ဒါနှင့်ပဲရပ်ပါတော့ဟု ဆုတောင်းမိသည်။ သို့သော် ဗုဒ္ဓဘာသာဝင် တစ်ဦးပီပီ ကံနှင့်ကံ၏အကျိုးပေးကို ယုံကြည်သည့် အားလျော်စွာ အတိတ်က ပြုခဲ့သော အကုသိုလ်ရှိသရွေ့ပေးဆပ်ရဦးမည်ကိုလည်း သဘောပေါက်နားလည်ခဲ့သလို နောက်ထပ်ကြုံတွေ့ရမည့်အကုသိုလ်ကံ များအတွက် ပေးဆပ်ရန် ခံစစ်ကိုပြင်၍ ရဲရဲကြီးရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်



ထားလိုက်မိပါတော့သည်။

**မိသားစုကြိုတင်ပြင်ဆင်ကြခြင်း**

ည ၉ နာရီခန့် လူခြေတိတ်သည့် အချိန်တွင် သုံးဦးသာကျန်တော့သော မိမိတို့မိသားစုဆုံကြသည်။ သားကြီးမှာ ၁၃ နှစ်ခန့်ရှိပြီဖြစ်၍ လူကြီးတစ်ယောက်ကဲ့သို့ နားလည်သဘောပေါက်လွယ်သူ ဖြစ်သည်။

မိမိကစ၍ ဇနီးသည်နှင့်သားကြီးတို့အား မနက်ဖြန်သမီးငယ်၏ အသုဘတွင် ဝမ်းနည်းပက်လက်၊ မျက်ရည်လည်ရွှဲဖြင့် ငိုကြွေး၊ ယိုကြွေး၊ တက်ကျ၊ ချက်ကျ၊ ပုံပျက်ပန်းပျက် မဖြစ်စေရေး၊ မိမိတို့မိသားစုများ ထိန်းထိန်းသိမ်းသိမ်းနေကြရန်လိုကြောင်း ရှင်းပြသည်။ လက်ရှိအခြေအနေတွင် မိမိတို့မှာ နိမ့်ပါးလျက်ရှိကြောင်း၊ အစစအရာရာတွင် ဆုံးရှုံးမှုများဖြင့်သာ ရင်ဆိုင်ရလျက်ရှိရာ မိမိတို့ဘဝအပေါ် ကရုဏာသက် ကိုယ်ချင်းစာသူများရှိသကဲ့သို့ မလိုသူများလည်း ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့မိသားစုသည် သမီးငယ်အား နောက်ဆုံးပို့ဆောင်နှုတ်ဆက်သည့် အခမ်းအနားတွင် ကြံ့ခြံ့ရရ တည်တည်ငြိမ်ငြိမ်ဖြင့်သာနေနိုင်ရန် ထိန်းထိန်းသိမ်းသိမ်းရှိရမည်ဖြစ်ကြောင်း၊ ငိုခြင်း၊

မျက်ရည်ကျခြင်းသည် လောကဓံတရားကို အရှုံးပေးခြင်းသာဖြစ်ကြောင်း လောကဓံတရား၏ ရိုက်ခတ်မှုဒဏ်ကို ကြံ့ကြံ့ခံ၍ ကျော်လွှားရမည်ဖြစ်ကြောင်း အားပေးစကားပြောရသည်။ ၎င်းနောက် မိမိဖတ်ရှုခဲ့ဖူးသော ဆရာနန္ဒသိန်းဇံရေးသားသည့် ''ဖြေဆည်ရာ''စာအုပ်မှ လယ်သမားပုဏ္ဏားကြီးနှင့် မိသားစုအကြောင်း ဇာတ်လမ်းအား အတုယူနိုင်ရေးအတွက် ဇနီးသည်နှင့် သားကြီးတို့အား ပြန်လည်ပြောပြခဲ့သည်။

**ဖြေဆည်ရာ**

လယ်လုပ်ခြင်းဖြင့် အသက်မွေးတဲ့ လယ်သမားပုဏ္ဏားကြီး လင်မယားမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်။ ပြီးတော့ အိမ်ဖော်မကလေး တစ်ယောက်လည်း သူတို့နဲ့အတူရှိတယ်။ သားဖြစ်သူ အရွယ်ရောက်တဲ့အခါမှာ အိမ်မှာလူတစ်ဦးတိုးလာတယ်။ ဘာလဲဆိုတော့ ပုဏ္ဏားကြီးက သားကို အမျိုးတူထဲက မိန်းကလေးတစ်ဦးနဲ့ လက်ထပ်ထိမ်းမြားပေးပြီး တစ်အိမ်တည်းမှာပဲ အတူနေကြတဲ့အတွက် အိမ်မှာ လူတစ်ဦးတိုးလာတယ်။ အိမ်သားစုစုပေါင်း ၆ ဦးဖြစ်သွားတယ်။

ပုဏ္ဏားကြီးဟာ ပညာအမြော်အမြင်ရှိတယ်။ အဝေးကိုရောက်တဲ့၊ ကျယ်ပြန့်နက်နဲတဲ့ မြော်ခေါ်ရှုမြင်မှုရှိသူဖြစ်တယ်။ ဒါကြောင့် ပုဏ္ဏားကြီးက အိမ်သူအိမ်သားတွေကို ''သင်တို့တတ်နိုင်သမျှ အလှူဒါနကိုပြုကြ၊ သီလမြဲအောင်စောင့်ကြ၊ သေခြင်းတရားကို အောက်မေ့ခြင်းလည်းပြုကြ၊ သတ္တဝါတွေအားလုံးဟာ သေရမယ့်သူတွေချည်းဖြစ်တယ်၊ သေခြင်းဟာမြဲတယ်၊ အသက်ရှင်ခြင်းကတော့ မမြဲဘူး၊ ခပ်သိမ်းသော သင်္ခါရတရားတွေဟာ အနိစ္စသဘောရှိကြတယ်။ ကုန်ခြင်း၊ ပျက်ခြင်းသဘောရှိတယ်၊ ဒီသဘောတွေကို နေ့မှာရော ညဥ့်မှာပါ သတိမမေ့ကြပါနဲ့''လို့ ဆုံးမစကားဆိုတယ်။ အိမ်သားတွေ ကလည်း ရိုသေစွာလိုက်နာပြီး ဆင်ခြင်ကြ၊ ပွားများကြတယ်။

တစ်နေ့မှာ ဖခင်ပုဏ္ဏားကြီးနဲ့ သားဖြစ်သူဟာလယ်ထွန်းသွားကြပါတယ်။

ဖခင်ပုဏ္ဏား လယ်ထွန်နေခိုက်မှာ သားဖြစ်သူက အမှိုက်သရိုက်တွေကိုစုပြီး တစ်နေရာမှာမီးပုံရှို့နေတယ်။ မီးရှို့တာက တောင်ပို့ တစ်ခုနားမှာရှိ့မိတော့ အဲဒီတောင်ပို့ထဲမှာနေတဲ့ မြွေဟာထွက်လာပြီး သားဖြစ်သူကိုကိုက်တယ်။ အင်မတန်အဆိပ်ပြင်းတဲ့မြွေရဲ့ အကိုက်ကိုခံရတဲ့အတွက် သားဟာချက်ချင်းပဲ နောက်ပြန်လဲကျသွားတယ်။ သားဖြစ်သူ ဒီလိုလဲကျတာကို လယ်ထွန်နေတဲ့ ဖခင်ပုဏ္ဏားကြီးက မြင်လိုက်တယ်။

ဖခင်ပုဏ္ဏားကြီးဟာ နွားတွေကိုထားခဲ့ပြီး လျင်မြန်စွာပဲ သားဆီကို ပြေးသွားပါတယ်။ သားဆီကိုရောက်လို့ သားကိုထူမပြီး ဖြစ်ပုံကို စုံစမ်းတဲ့အခါမှာ မြွေကိုက်ခံရကြောင်း သိရတယ်။ အဆိပ်ပြင်းတဲ့အတွက် သားဖြစ်သူဟာ အသက်ကုန်နေပါပြီ။ ဖခင်ပုဏ္ဏားကြီးဟာ သားသေအလောင်း



ကိုချီယူခဲ့ပြီးတော့ တစ်ခုသော သစ်ပင်ရင်းမှာ သေချာစွာထားတယ်။

ဖခင်ပုဏ္ဏားကြီးဟာ သူ့အလွန်ချစ်သော၊ အားကိုးသော၊ မြတ်နိုးသောသားဖြစ်သူသေတာကို မငိုယိုပါဘူး၊ မျက်ရည်မကျပါဘူး၊ ဖြေဆည်နိုင်ပါတယ်။ ဘာကြောင့်ဖြေဆည်နိုင်သလဲဆိုတော့ ''ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏။ သေတတ်သော သဘောရှိသော ဝတ္ထုကား သေ၏။ ခပ်သိမ်းသောသင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၏၊ သေခြင်းလျှင်နောက်ဆုံးရှိကုန်၏'' ဒီလို အနိစ္စရဲ့သဘောကို ဆင်ခြင်နိုင်သူဖြစ်လို့ပါပဲ၊ ဒီလိုဆင်ခြင်ပြီး ပုဏ္ဏားကြီးဟာ ဆက်လက်လယ်ထွန်နေပါတယ်။

မကြာခင်မှာ ပုဏ္ဏားကြီးလယ်ထွန်နေတဲ့ လယ်အနီးကနေ ဖြတ်ပြီးလျှောက်သွားတဲ့ အိမ်နီးချင်းယောကျ်ားတစ်ဦးကို ပုဏ္ဏားကြီး လှမ်းမြင်တယ်။ ဒီအခါမှာ ပုဏ္ဏားကြီးက အဲဒီယောကျ်ားကိုလှမ်းခေါ်တယ်။ အိမ်နီးချင်းယောကျ်ားရောက်လာတဲ့အခါ မိမိအိမ်ကိုပြောပေးနိုင်ပါသလားလို့ မေးတယ်။ အိမ်နီးချင်းယောကျ်ားက ပြန်ပြောပေးနိုင်ကြောင်းပြောတယ်။ ဒီအခါမှာ ပုဏ္ဏားကြီးက ''အမောင် ငါ့အိမ်ကိုရောက်တဲ့အခါ ငါ့ရဲ့မယားဖြစ်သူ ပုဏ္ဏေးမကို ပြောပါ၊ အခါတိုင်းနေ့တွေလို နှစ်ယောက်စာ ထမင်းကိုယူမလာပါနဲ့တော့၊ တစ်ယောက် စာထမင်းကိုပဲ ယူခဲ့ပါ၊ ပြီးတော့ အခါတိုင်းလို အိမ်ဖော်မလေးကို ထမင်းအပို့မခိုင်းဘဲ အိမ်မှာရှိတဲ့သူအားလုံး လယ်တောကိုလာခဲ့ကြပါ၊ လာတဲ့အခါမှာ စင်ကြယ်တဲ့ အဝတ်အစားကိုဝတ်ဆင်ပြီး ပန်းနံ့သာတို့ကို ယူခဲ့ပါလို့ ပြောပါ'' စသည်ဖြင့်မှာလိုက်တယ်။

အိမ်နီးချင်းယောကျ်ားဟာ ပြန်သွားပြီးနောက် ပုဏ္ဏားကြီး မှာလိုက်တဲ့အတိုင်း ပုဏ္ဏေးမကြီးကို ပြောပြပါတယ်။ ပုဏ္ဏေးမကြီးဟာ ''သြော် ငါ့သားတော့ အကြောင်းတစ်ခုခုကြောင့် သေပြီ''လို့နားလည်လိုက်ပါတယ်။ ဖော်ပြခဲ့တဲ့ ပုဏ္ဏားကြီး ပြောဆိုဆုံးမထားတာကြောင့် မိခင်ဖြစ်တဲ့ ပုဏ္ဏေးမကြီးဟာလည်း သားသေတာကိုသိပေမယ့် ဖြေဆည်နိုင်ပါတယ်။

ပုဏ္ဏေးမကြီးဟာ ပုဏ္ဏားကြီးမှာတဲ့

အတိုင်း ပန်းနံ့သာတို့ကိုယူဆောင်ပြီး သမီး၊ ချွေးမ၊ အိမ်ဖော်မကလေးတို့နဲ့အတူ လယ်တောကိုသွားပါတယ်။ လယ်တောကို ရောက်တဲ့အခါမှာ သစ်ပင်တစ်ပင်ရဲ့ ခြေရင်းမှာ သေလွန်ခဲ့ပြီးဖြစ်တဲ့ မိမိလွန်စွာချစ်မြတ်နိုးတဲ့သားကို ပုဏ္ဏေးမကြီးမြင်တွေ့ရတယ်။ သာမန်လူတွေအတွက်တော့ ဒီမြင်ကွင်းဟာ ကြေကွဲဆွေးမြည့်စရာမြင်ကွင်းဖြစ်မှာပါပဲ။ ဘာပြုလို့လဲဆိုတော့ ပုဏ္ဏားနဲ့ ပုဏ္ဏေးမကြီးအတွက် သားကိုခွဲခွာရတာဖြစ်တယ်။ နှမအတွက်က အစ်ကိုကိုခွဲခွာရတာဖြစ်တယ်။ မယားအတွက်က လင်ကိုခွဲခွာရတာဖြစ်တယ်။ အိမ်ဖော်မကလေးအတွက် အရှင်သခင်ကို ခွဲခွာရတာဖြစ်တယ်ဆိုတော့ အောက်မေ့တသဖွယ်တွေ ပေါင်းဆုံနေတဲ့မြင်ကွင်းဖြစ်နေလို့ပါပဲ။

ဒါပေမဲ့ သေခြင်းရဲ့သဘောကို ကြိုတင်ဆင်ခြင်ပြီး သိမြင်သဘောပေါက်ထားသူတွေဖြစ်တဲ့အတွက် ဘယ်သူမှ မျက်ရည်မကျအောင် ဖြေဆည်နိုင်ကြပါတယ်။

ဖခင်ပုဏ္ဏားကြီးဟာ မိမိသားကို လှဲသိပ်ထားတဲ့ သစ်ပင်ရင်းအရိပ်မှာပဲ ထိုင်ပြီး အိမ်ကဆောင်ယူလာတဲ့ထမင်းကို အေးဆေးစွာပဲ စားတယ်။ ထမင်းစားပြီးတဲ့အခါမှာ ပုဏ္ဏားကြီးနဲ့တကွ အိမ်သူအိမ်သားတွေဟာ သားသေအလောင်းကို မီးသင်္ဂြိုဟ်ကြပါတယ်။ မီးသင်္ဂြိုဟ်ရင်း သေခြင်းရဲ့သဘောကို ကောင်းစွာပွားများဆင်ခြင်နေမိကြတဲ့အတွက် ဘယ်သူမှ မျက်ရည်ပေါက် ကြီးငယ်မကျကြပါဘူး။ တည်ငြိမ်စွာနဲ့ မီးသင်္ဂြိုဟ်နေကြပါတယ်။ မီးသင်္ဂြိုဟ်နေတဲ့အခိုက်မှာ ပုဂ္ဂိုလ်တစ်ဦး သူတို့အနီးကို ရောက်လာပါတယ်။ အဲဒီပုဂ္ဂိုလ်က သူတို့ကို –

''သင်တို့ ဘာလုပ်နေကြတာလဲ'' လို့မေးတယ်။

တစ်ယောက်သောသူကို သင်္ဂြိုဟ်နေတာဖြစ်တဲ့အကြောင်း ဖြေကြတယ်။ ဒီအခါမှာမေးတဲ့သူက –

''သင်တို့ဟာ လူကိုမီးသင်္ဂြိုဟ်တာနဲ့မတူဘူး။ သမင်တစ်ကောင်ကိုသတ်ပြီး မီးဖုတ်နေတာနဲ့ တူနေပါကလား'' လို့ဆိုတယ်။ ဒီလိုဆိုမယ်ဆိုရင်လည်း ဆိုချင်စရာပါပဲ။ ဘာကြောင့်ဆိုတော့ ရင်ဘတ်

> ''မြွေဟာ အရေဟောင်းကို
> စွန့်သွား သလို ကျွန်ုပ်ရဲ့သား
> ဟာလည်း သူ့ခန္ဓာ ကိုယ်ကို
> စွန့်သွားတာပါပဲ၊ စွန့်သွားလို့
> ကျန်ခဲ့တဲ့ ရုပ်ခန္ဓာကိုယ်ဟာ
> ဘာခံစားမှုမှ မရှိတော့ပါဘူး၊
> ဒီခံစားမှုမရှိတဲ့ ခန္ဓာကိုယ်ကို
> မီးသင်္ဂြိုဟ်တာပါ၊ သားဖြစ်သူဟာ
> သေလွန်ပြီးတမလွန်ဘဝကို
> သွားခဲ့ပြီ၊ ဒါကြောင့်
> ကျန်ခဲ့တဲ့သူတွေ ဘယ်လောက်
> ပဲငိုကြွေးကြပေမယ့်
> အဲဒီငိုကြွေးတာကို
> မသိနိုင်တော့ပါဘူး ...''

စည်တီး ရိုက်ကြီးတငင်နဲ့ ပူဆွေးငိုကြွေးနေတာမျိုးကို ဘယ်သူတစ်ယောက်မှာမှ မမြင်တွေ့ရဘဲကိုး။

''သမင်ကိုမီးဖုတ်တာမဟုတ်ပါဘူး။ လူကိုသင်္ဂြိုဟ်နေတာပါ''လို့ ပြန်ပြောတယ်။ ဒီအခါမှာ တစ်ဖက်သူက –

''ဒါဆိုရင် ဒီလူဟာ သင်တို့ရဲ့ရန်သူဖြစ်ရမယ်''လို့ ဆိုတယ်။

ပုဏ္ဏားကြီးက–

''ရန်သူမဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့သားပါ'' လို့ပြောတယ်။

တစ်ဖက်သူကမယုံနိုင်တဲ့လေသံနဲ့–

''သားဆိုရင်လည်း သင်တို့မုန်းတဲ့သား ဖြစ်မှာပဲ'' လို့ဆိုတယ်။

ပုဏ္ဏားကြီးက –

''မုန်းတဲ့သားမဟုတ်ပါဘူး၊ အလွန့်အလွန်ချစ်ရတဲ့သားဖြစ်ပါတယ်''လို့ပြောတယ်။ ဒီအခါမှာတစ်ဖက်သူက –

''အလွန်ချစ်ရတဲ့သားဖြစ်ပါလျက်နှင့် ဒီသားကို မီးသင်္ဂြိုဟ်နေတဲ့ အခါမှာ ဘာကြောင့် သင်တို့မငိုကြတာလဲ''လို့မေးပြန်တယ်။

ပုဏ္ဏားကြီးက အေးဆေးတည်ငြိမ်စွာနဲ့–

''မြွေဟာ အရေဟောင်းကိုစွန့်သွားသလို ကျွန်ုပ်ရဲ့သားဟာလည်း သူ့ခန္ဓာကိုယ်ကို စွန့်သွားတာပါပဲ၊ စွန့်သွားလို့ ကျန်ခဲ့တဲ့ ရုပ်ခန္ဓာကိုယ်ဟာ ဘာခံစားမှုမှ မရှိတော့ပါဘူး၊ ဒီခံစားမှုမရှိတဲ့ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်တာပါ၊ သားဖြစ်သူဟာ သေလွန်ပြီးတမလွန်ဘဝကို သွားခဲ့ပြီ၊ ဒါကြောင့် ကျန်ခဲ့တဲ့သူတွေ ဘယ်လောက်ပဲငိုကြွေးကြပေမယ့် အဲဒီငိုကြွေးတာကို မသိနိုင်တော့ပါဘူး၊ ကျွန်ုပ်သားမှာ သွားရမယ့်ဂတိတွေရှိတယ်၊ သွားရမယ့်ဂတိကို သွားခဲ့ပြီဖြစ်တဲ့အတွက် ကျွန်ုပ်စိုးရိမ်ပူဆွေးမဖြစ်ပါဘူး'' လို့ဖြေတယ်။

ပုဏ္ဏားကြီးကိုမေးလို့ ဖြေဆိုတာကို နားထောင်ပြီးတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်က ပုဏ္ဏေးမကြီးဆီလှည့်ပြီး ''သေတဲ့သူနဲ့သင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ'' လို့မေးတယ်။

''ကျွန်ုပ်ရဲ့သားပါ၊ ဆယ်လပတ် လုံးကျွန်ုပ်ဝမ်းမှလွယ်ပြီး မွေးခဲ့တဲ့သားဖြစ်ပါတယ်'' လို့ဖြေတယ်။

''ပုဏ္ဏားကြီးကတော့ ယောကျ်ားဖြစ်လို့၊ စိတ်ခိုင်သူဖြစ်လို့ မငိုကြွေးဘဲ နေနိုင်တယ်ထားပါတော့၊ စိတ်နှလုံး နူးညံ့သိမ်မွေ့တဲ့ သင်ကကော ကိုယ့်သားသေတာတောင် ဘာလို့မငိုကြွေးတာလဲ''လို့ မေးတယ်။

ပုဏ္ဏေးမကြီးဖြေပုံက အင်မတန်မြတ်နိုးဖွယ်ကောင်းလှပါတယ်။ ပုဏ္ဏေးမကြီးက ဒီလိုဖြေတယ်။

''ကျွန်ုပ်ရဲ့သားဟာ မခေါ်ဘဲဘဝတစ်ပါးကနေ လာခဲ့တဲ့သူပါ၊ အခုလည်း ဘဝတစ်ပါးကို သူပြောင်းသွားတာဟာ သူ့ကိုကျွန်ုပ်က ''ဘဝတစ်ပါးကိုသွားတော့'' လို့ နှင်လွှတ်လို့သွားတာလည်း မဟုတ်ပါဘူး။ အလိုအလျောက်လာပြီး အလိုအလျောက် ထွက်ခွာသွားသလိုပါပဲ။ သားဟာ ဘဝတစ်ပါးမှလာပြီး အခြားဘဝတစ်ပါးကို ပြောင်းသွားပါ တယ်။ ဒီလိုဘဝတစ်ပါးကို ပြောင်းသွားတတ်တဲ့သဘောရှိလို့ ပြောင်းသွားပြီဖြစ်တဲ့ သားအတွက် ပူပင်သောကနဲ့

ငိုကြွေးခြင်းဟာ ဘာအကျိုးမှမရှိပါဘူး။ ကျန်ရစ်ခဲ့သူတွေ ငိုကြွေးကြတာကိုလည်း သားဖြစ်သူဟာ မသိနိုင်တော့ပါဘူး။ ဒါကြောင့် ကျွန်ုပ်မငိုကြွေးခြင်းဖြစ်ပါတယ်''

မိခင်ပုဏ္ဏေးမကြီးဖြေဆိုတာကို နားထောင်ပြီးတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်က နှမဖြစ်သူကို–

''ဘာကြောင့် သေသူမောင်အတွက် သင်ကမငိုတာလဲ''လို့မေးတယ်။ နှမဖြစ်တဲ့မိန်းကလေးက –

''သေတဲ့မောင်အတွက် ပူပင်သောကတွေနဲ့ ဆွေးဆွေးမြည့်မြည့် ငိုယိုနေမယ်ဆိုရင် ခန္ဓာကိုယ်ညှိုးလျှော်နွမ်းနယ်ရတဲ့ အဖြစ်ပဲ ကျွန်မမှာရှိမှာပါ။ ပြီးတော့ ဒီလိုငိုယိုနေခြင်းဟာ အနီးပတ်ဝန်းကျင်က ချစ်တဲ့ခင်တဲ့သူတွေကို အနှောင့်အယှက် ဖြစ်စေနိုင်တယ်။ သေတဲ့သူသေခဲ့ပြီ၊ သူသွားရမယ့် ဂတိကိုသွားခဲ့ပြီ၊ ကျန်ရစ်သူတို့ရဲ့ ငိုကြွေးတမ်းတသံတွေကိုလည်း မကြားနိုင်တော့ပါဘူး။ ဒါကြောင့် ငိုယိုခြင်းဟာ အကျိုးမဲ့ဖြစ်စေတယ်လို့ သိမြင်ပြီး ကျွန်မ မငိုတာပါ'' လို့ပြောပြတယ်။

အဲဒီနောက် မေးတဲ့ပုဂ္ဂိုလ်က မယားဖြစ်သူကို ''သင်ဟာအခု မုဆိုးမဖြစ်ရပြီ၊ သင့်မှာ ခိုကိုးရာမရှိဖြစ်ရပြီ၊ ဒါနဲ့လည်း သင်ဘာကြောင့်မငိုတာလဲ'' လို့မေးတယ်။ မယားဖြစ်တဲ့မိန်းကလေးက–

''သေသွားတဲ့သူကို တမ်းတပြီး ငိုတဲ့သူဟာ လစန္ဒာကိုလိုချင်လို့ တမ်းတပြီး ငိုတာနဲ့တူပါတယ်၊ အခုမီးဖုတ်သင်္ဂြိုဟ်ထားတဲ့ ကျွန်မရဲ့လင်ယောက်ျားကိုလည်း ဘယ်လောက်တမ်းတပြီး ငိုနေပေမယ့် ပြန်ရှင်လာမှာ မဟုတ်တော့ပါဘူး၊ အားကိုးရာအဖြစ်ပြန်လာမှာလည်း မဟုတ်ပါဘူး၊ ဒီတော့မဖြစ်နိုင်၊ မရနိုင်တာကို ငိုယိုနေခြင်းဟာ အချည်းနှီးပဲဆိုတာကို သဘောပေါက်ထားတဲ့အတွက် မငိုပါဘူး'' လို့ပြောပြတယ်။

တစ်ဖက်ပုဂ္ဂိုလ်က အိမ်ဖော်မကလေးကိုလည်း ဒီလိုမေးပါတယ်။ ''သင့်ရဲ့ အရှင်သခင်သေတာကို ဘာကြောင့်မငိုတာလဲ၊ သင့်ကို ရိုက်ပုတ်ညှဉ်းဆဲတတ်တဲ့ အရှင်သခင်ရဲ့လက်က အခုတော့ ငါလွတ်ပြီ ဆိုတဲ့အတွေးနဲ့ ဝမ်းသာနေလို့ သင်မငိုဘဲနေလေရော့သလား'' ဒီလိုမေးတော့ အိမ်ဖော်မကလေးက–

''ဒီလိုမပြောသင့်ပါဘူး၊ ကျွန်မရဲ့ အရှင်သခင်ဟာ ကျွန်မအပေါ်မှာ အလွန်ချစ်ခင်ကြင်နာစွာနဲ့ ဆက်ဆံခဲ့သူ၊ ကျွန်မကိုသမီးသဖွယ် စောင့်ရှောက်ခဲ့သူဖြစ်ပါတယ်''

''ဒါနဲ့များ ဘာကြောင့် သင့် အရှင်သခင်သေတာကိုမငိုတာလဲ''

''အစိတ်စိတ်အမြွာမြွာကွဲပျက်ကြေမွသွားတဲ့ရေအိုးကို တစ်ဖန်ပြန်ပြီး အိုးကောင်းဖြစ်အောင် ဆက်စပ်လို့မရနိုင်တော့ပါဘူး၊ ဒီလိုမရနိုင်တာကို မရနိုင်ကောင်းလားဆိုပြီး ပူပင်သောကနဲ့ငိုယိုခြင်းဟာ အချည်းနှီးဖြစ်သလိုပါပဲ။ ဘဝတစ်ပါးကိုပြောင်းသွားတဲ့ ကျွန်မအရှင်သခင်ဟာလည်း ပြန်ပြီး အသက်ရှင်လာဖို့ မဖြစ်နိုင်တော့ပါဘူး၊ ဒီလိုမဖြစ်နိုင်ပါလျက်နဲ့ ငိုယိုတမ်းတနေခြင်းဟာ အချည်းနှီးဖြစ်ပါတယ်၊ ဒီသဘောကို သိမြင်ထားတဲ့အတွက် ကျွန်မ မငိုခြင်းဖြစ်ပါတယ်'' လို့ပြန်ဖြေတယ်။


မေးတဲ့ပုဂ္ဂိုလ်ဟာ အဖြေတွေအားလုံးကို နှစ်သက်ကျေနပ်သွားပါတယ်။

ချစ်ခင်မြတ်နိုးသူနဲ့ခွဲခွာရတဲ့ အိမ်သူအိမ်သား ၅ ဦးတို့ရဲ့ ဖြေဆည်ပုံဟာ မြတ်နိုးစရာပါပဲ။ ဖြေဆည်ဖို့ အင်မတန်ခက်တာကို ဖြေဆည်နိုင်ကြတဲ့ မိသားစု ၅ ဦးရဲ့ ဖြေဆည်ပုံတွေဟာ နှစ်သက်ဖွယ်ရာကောင်းလှပါတယ်။ အိမ်သား ၅ ဦးရဲ့ ဖြေဆည်ပုံကို ကြားယောင်မိရင်း ခွဲခွာရခြင်းကြောင့်ဖြစ်ရတဲ့ ပူပန်သောကတွေနဲ့ ပင်ပန်းနွမ်းနယ်ခြင်းကို ရေကြည်ရေပေါက်ကလေးတွေ ဖျန်းပက်ပြီး နှစ်သိမ့်ခံရသလိုပါပဲ။ သက်သာရာရခဲ့ပါတယ်။

ထိုဇာတ်လမ်းကိုပြောပြပြီးသည့်အခါ ဇနီးနှင့်သားကြီးတို့က ကျွန်တော်ပြောသည့်အတိုင်း ဣန္ဒြေမပျက်နေနိုင်အောင် ကြိုးစားကြမည်ဆိုသည်ကို နှုတ်ဖြင့်မပြောသော်လည်း မျက်နှာအမူအရာနှင့် ကတိကဝတ်ပြုကြပါသည်။

**သမီးငယ်၏နောက်ဆုံးခရီး**

သမီးငယ်၏ရုပ်ကလာပ်ထားရှိရာ စစ်ဆေးရုံမှ ပုသိမ်မြို့အတွင်းရှိ သင်္ချိုင်းသို့ နံနက် ၁၁း၀၀ နာရီတွင် ပို့ဆောင်မည်ဖြစ်သည်။ အသုဘပို့မည့် ပရိသတ်တို့ ထုံးစံအတိုင်း စစ်ဆေးရုံရှိဇရပ်၌ ပြည့်လျှံအောင် စုဝေးရောက်ရှိနေကြသည်။ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှလည်းကောင်း၊ ကျောင်းများမှလည်းကောင်း၊ မိမိတို့မိသားစုခံစားနေရသည့် ဆုံးရှုံးမှုများအပေါ်များစွာ စိတ်မကောင်းဖြစ်လျက်ရှိကြသည်။



သမီးငယ်၏ရုပ်ကလာပ်ကို မှန်ခေါင်းထဲတွင်ထည့်ထားရာ ခပ်လှမ်းလှမ်းမှပင် သဲသဲကွဲကွဲတွေ့မြင်နိုင်သည်။ သီလရှင်ဝတ်စဉ် ရိတ်ထားသောကတုံးမှဆံပင်များ ကောင်းစွာပြန်မပေါက်သေး၍လည်းကောင်း သူမနှစ်သက်သော သီလရှင်သင်္ကန်းအား အပေါ်မှ လွှမ်းခြုံထားသဖြင့်လည်းကောင်း သီလရှင်ဆရာလေးတစ်ပါး အိပ်မောကျနေသကဲ့သို့ တွေးထင်ရသည်။ အသက် ၁၁ နှစ်အရွယ်ကလေးမျှသာဖြစ်သေး၍ အကုသိုလ်ကင်းစင်ခြင်းကြောင့် ရုပ်အလောင်းတွင် အပြစ်အနာအဆာ တစ်စုံတစ်ရာမတွေ့ရဘဲ ကလေးငယ်တစ်ဦး အိပ်နေသည့်အလား ယူဆရသည်။

ဘုန်းတော်ကြီးများက သရဏဂုံတင်၍ နောက်ဆုံးတွင် အမျှအတန်းဝေကြရသည်။ ကျွန်တော်ကြုံဖူးသော အသုဘများတွင် ရေစက်ချ အမျှတန်းဝေသည့်အချိန်သည် ဇာတ်အနာဆုံးချိန်ဖြစ်လေ့ရှိသည်။ ထိုအချိန်တွင် အသုဘရှင်သည် အမျှအတန်းဝေသည့်အမှုကို ပြီးဆုံးအောင်မပြုနိုင်ဘဲ ရှိုက်ကြီးတငင်ဖြင့် အမျှသံပျောက်၍ သတိလစ်သွားခြင်းကြောင့် ရုတ်ရုတ်သဲသဲဖြစ်လေ့ရှိတတ်သည်။

မိမိသည် ထိုအချိန်ကို အထူးသတိထားသည်။ ဇနီးသည်အား မျက်ရိပ်ပြ၍ သတိကပ်ထားရန် အသိပေးသည်။ ၎င်းနောက် အားလုံးကြားကြားသမျှ အမျှ–အမျှ–အမျှ ယူတော်မူကြပါကုန်လော့ ဟူသောအပိုဒ်ကို စစ်ရေးပြအခမ်းအနားများ၌ စစ်မိန့်ပေးသကဲ့သို့ ခပ်မာမာကျယ်ကျယ်ပြတ်ပြတ်ဖြင့် အမျှအတန်းဝေလိုက်သည်။ ကျွန်တော့်အသံနှင့်မျက်နှာထားကြောင့် မည်သူကမှဝမ်းမနည်းကြ၊ မျက်ရည်မကျကြတော့ပေ။ သရဏဂုံတင်သည့် အခမ်းအနားတွင် ဣန္ဒြေရရဖြင့် ပြီးဆုံးခဲ့သဖြင့် မိမိကျေနပ်လျက်ရှိသည်။

သမီးငယ်အလောင်းကို ဆေးရုံမှ သင်္ချိုင်းသို့ ဆက်လက်ပို့ဆောင်သည်။ မိမိ၏ သူငယ်ချင်း ဗိုလ်မှူးခင်မောင်ဦး (ထိုစဉ်က တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊တွဲဖက်အတွင်းရေးမှူး) အကူအညီပေးသော ဟိုင်းလပ်ကား၏ ရှေ့ခန်းတွင် မိမိတို့မိသားစု ၃ ဦးလိုက်ပါခဲ့သည်။ သမီးငယ်၏ရုပ်ကလာပ်ကို ဂူသွင်းရာ၌လည်း ယခုကဲ့သို့ ဣန္ဒြေရရဖြင့်နေနိုင်ရေး ကြိုးစားရန် လမ်းတွင်ဇနီးသည်အား သတိပေး၊ အားပေးစကား ပြောကြားခဲ့သည်။

စစ်ဆေးရုံမှသင်္ချိုင်းသို့ မိနစ် ၂၀ ခန့်မောင်းနှင်ရသည်။ သင်္ချိုင်းသို့ ရောက်ချိန်တွင် သမီးငယ်အား ဂူသွင်းသင်္ဂြိုဟ်မည့် အုတ်ဂူမှာ အဆင်သင့်စောင့်နေသည်။ ရောက်သည်နှင့် အချိန်မဆိုင်းဘဲ သမီးငယ်၏ ရုပ်ကလာပ်အား ဂူသွင်းသင်္ဂြိုဟ်လိုက်တော့သည်။ ပန်းရန်ဆရာ နောက်ဆုံးစီသော အုတ်ချပ်အထိ မိမိတို့ မိသားစုဣန္ဒြေမပျက်စောင့်ကြည့်ပြီးနောက် သမီးငယ်ရေ နေရစ်တော့၊ နောင်ဘဝများမှ ကံဆုံလျှင်ကြုံချင်သေးတယ်၊ သမီးငယ်ကောင်းရာသုဂတိလားပါစေဟု စိတ်ထဲမှ ဆုတောင်းပြီး မိမိတို့ ၃ ဦးလက်တွဲ၍ ကားပေါ်သို့တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်တက်ခဲ့သည်။ အသုဘသို့ လိုက်ပါပို့ဆောင်သူများမှာလည်း တစ်ဦးတည်းသော သမီးငယ်၏ အသုဘအခမ်းအနား၌ ခါတိုင်းတွေ့နေရသကဲ့သို့ အော်ဟစ်ငိုယိုခြင်း၊ တက်ချက်၍သတိမေ့လဲသဖြင့် နှာနှပ် ပြီးပွေ့ချီထုတ်ရခြင်း၊ ထဘီ မနိုင်၊ ပဝါမနိုင်ဖြစ်ခြင်း စသည့်စိတ်မချမ်းမြေ့ဖွယ်ရာ၊ ရင်နာကြေကွဲဖွယ်ရာမြင်ကွင်းများကို မမြင်တွေ့ရဘဲ မိသားစုတစ်စုလုံး တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရရှိနေခြင်းအတွက် များစွာအံ့သြလျက်ရှိနေကြသည်။

ချစ်လှစွာသောသမီးငယ်၏ နောက်ဆုံးခရီးစဉ်သည် ကျန်ရစ်သော အမိ၊ အဖတို့အတွက် ဖော်ပြခြင်းငှာမစွမ်းသာသော၊ ကြေကွဲဝမ်းနည်းဖွယ်ရာ အချိန်အခါဖြစ်သော်လည်း တရားဓမ္မ၏ သွန်သင်ဆုံးမမှုကြောင့် သတိဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။

ထိုကဲ့သို့သတိဖြင့် မတုန်မလှုပ်၊ မကြောက်မရွံ့ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ခြင်းသည်ပင်လျှင် နောက်ထပ်ကြုံတွေ့ရမည့် ဘဝလောကဓံတရားအား စိန်ခေါ်လိုက်ခြင်းပင် မဟုတ်ပါလား။

**လောကဓံတရားကိုဓမ္မဖြင့် ရင်ဆိုင်**

သမီးငယ်၏ ဈာပနကိစ္စပြီးဆုံးပြီးနောက် ရက်လည်သည်အထိ နေခွင့်ရပြီး၊ ရက်လည်ပြီးသည်နှင့် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ရန် ရှေ့တန်းသို့ပြန်လည်ထွက်ခွာခဲ့ရသည်။ ပတ်ဝန်းကျင်အပြောင်းအလဲ၊ စိတ်အပြောင်းအလဲဖြစ်စေရန် ဇနီးသည်နှင့်သားကိုပါ ရန်ကုန်သို့ခေါ်ခဲ့ပြီး ၎င်း၏အစ်မများအိမ်၌ နေစေခဲ့သည်။

မိမိမှု ရန်ကုန်မှစစ်တောင်းတံတားသို့ ကြုံရာအရပ်ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး၊ စစ်တောင်းတံတား၌ စောင့်ဆိုင်းနေသော ဗိုလ်ကြီးသိန်းဝင်းထံမှ စစ်ကြောင်းမှူးတာဝန်ကို လွှဲပြောင်းရယူခဲ့ပြီး မိမိမူလ လှုပ်ရှားခဲ့သည့် စစ်ဆင်ရေးခွင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည်။

အကယ်၍ မိမိသာ ဗုဒ္ဓ၏တရားဓမ္မကိုရင်ထဲ၌ ကိန်းအောင်းနေသူမဖြစ်ခဲ့ပါမူ ယခုကြုံတွေ့ရသော ဆုံးရှုံးမှုမျိုးကို သည်းခံကျော်လွှားနိုင်မည်မဟုတ်ပေ။ အိမ်ထောင်ဦးစီးဖြစ်သော မိမိ၏ခံစစ်စည်းကစပြိုပြီဆိုလျှင် ကျန်သောခံစစ်စည်းများ တောင့်ခံနိုင်မည်မဟုတ်တော့။ ထိုအခါ ပရမ်းပတာ၊ ဖရိုဖရဲဖြစ်၍ မိသားစုတစ်ခုလုံးအရှုံးဖြင့်သာ ရင်ဆိုင် ရပေမည်။

ယခုမူကား ဝိပဿနာတရားအားထုတ်သည့် အလေ့အကျင့်ကြောင့်အခံရှိနေသော ဓမ္မရေစင်က သောကမီးလျှံအားငြိမ်းသတ်နိုင်ခဲ့ပြီ။

ထိုအောင်ပွဲက နောင်ကြုံလတ္တံ့သော ဘဝတိုက်ပွဲများအား မကြောက်မရွံ့ရင်ဆိုင်သွားရန် အထောက်အပံ့ပင် ဖြစ်သည်။

လူသားများအတွက် ဘဝလောကဓံဆိုသည်မှာ အချိန်မရွေး ရင်ဆိုင်တွေ့ကြုံနိုင်သည်ပင်။

ထိုကဲ့သို့ ကိုယ်ရေးကြုံချိန်တွင် သက်လုံကောင်းစေရန်အတွက်မူ အချိန်ရခိုက် တရားဓမ္မများကျင့်ကြံအားထုတ်သွားရန်မှတစ်ပါး အခြားမရှိတော့ဟု ဆိုရမည်သာဖြစ်ပေသည်။ ။

**အောင်ဇင်**

**(၁၇–၈–၂၀၁၅ ရက်နေ့တွင် ကျရောက်မည့် သမီးလေး–ဆောင်းနှင်းပွင့်အောင်ဇင်၏ ကွယ်လွန်သည့်အနှစ်(၂၀) မြောက်လွမ်းဆွတ်တသမှု အမှတ်တရ)**

# ကြိုကြာတာပါ




“ကျွန်မကတော့ ဒီကောင်မလေး ရှင့်ကို ကြည့်တဲ့အကြည့် မကြိုက်ဘူး၊ သူ့ကို ဒီညနေပဲ အလုပ်ဖြုတ်လိုက်တော့မယ်” ဇနီး ဖြစ်သူက သူ့ယောက်ျား ဂျွန်(John)ကို အိမ်ဖော်မိန်းကလေးနဲ့ ပတ်သက်လို့ ပြောနေတယ်။

“ဘာ ဘယ်လို၊ သူ့ကို တစ်ခါလောက်တောင် အခွင့်အရေး မပေးတော့ဘူးလား” ဂျွန်က အထိတ်တလန့်နဲ့ မေးလိုက်တယ်။

“သူ့ကို မဟုတ်ဘူး၊ ရှင့်ကို အခွင့်အရေးတစ်ခါတောင် မပေး ချင်လို့ပါ”လို့ ဇနီးသည်က ခပ်တည်တည်နဲ့ အဖြေပေးလိုက်ပါ တယ်။

**မောင်သီဟ**

# စာသင်ခန်းထဲမှာ မထိုင်လို့ပါ



ဆရာမက ဆာအိုင်ဇက်နယူတန်(Sir Issac Neuton)အကြောင်း ဆွေးနွေးသင်ကြားနေတယ်။

“သူက သစ်ပင်တစ်ပင်အောက်မှာထိုင်ရင်း သစ်ပင်ကို မော့ကြည့်နေတယ်၊ သူ့ခေါင်းပေါ် ပန်းသီး တစ်လုံးကြွေကျတာက ဆွဲငင်အားဆိုတာကို ဖော်ထုတ်နိုင်ခဲ့တယ်၊ ကဲ အံ့သြစရာမကောင်းဘူး လားကွယ်”

“ဟုတ်တယ် ဆရာမ” ကျောင်းသားတစ် ယောက်က ထပြီး ထောက်ခံတယ်။

“ဒါပေမဲ့ သူက သားတို့လို စာသင်ခန်းထဲမှာ ထိုင်နေရင် အဲဒီကိစ္စ ဖြစ်ပေါ်လာမှာ မဟုတ်ဘူးနော် ဆရာမ”

**မောင်သီဟ**




ကာတွန်း ရွှေကြီးအောင်..

# သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ်

### တနင်္ဂနွေသားသမီးများ



စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိစီးပွားရေးလုပ်ငန်းမှ ဝင်ငွေလျော့နည်းနေမည်။ သို့သော် မိမိရည်ရွယ်ထားသည့်အတိုင်း လုပ်ငန်းသစ်တစ်ခုကို စတင်အကောင်အထည်ဖော် လုပ်ကိုင်နိုင်လိမ့်မည်။ လူမှုရေးကိစ္စများအတွက် ငွေကုန်ကြေးကျများရတတ်သည်။ လူလိမ်ခံရတတ်သဖြင့် သတိထားပါ။ မိမိ၏ အားနည်းချက်ကို အခွင့်ကောင်းယူသူနှင့် တွေ့ရလိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ရည်မှန်းထားသည့် အတိုင်း ဖြစ်လာလိမ့်မည်။ ငယ်ရွယ်သူများအတွက် အချစ်ရေးတစ်ဖက်နှင့်တစ်ဖက် အလျှော့မပေးလိုဘဲ တင်းခံနေမှုများကြောင့် လမ်းခွဲရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အအေးပတ်ခြင်းမျိုး ခံစားရတတ်သည်။

ကံကောင်းသောနံပါတ် – ၄၊ ၅၊ ၆

ယတြာ – မိမိနေအိမ်ကဘုရားတွင် နှင်းဆီ ကပ်လှူပါ။

### တနင်္လာသားသမီးများ



အလုပ်သစ်၊ အိုးသစ်၊ အိမ်သစ်များ ရရှိဖို့ အခွင့်အလမ်းများ ပေါ်နိုင်ပါတယ်။ အလုပ်ထဲတွင်လည်း ခေါင်းဆောင်နေရာ၌နေရတတ်ပြီး ဩဇာအာဏာရှိနေသာအချိန် ဖြစ်ပါတယ်။ မွန်မြတ်သောခရီး၊ ဘုရားဖူး ခရီးများလည်း ထွက်ရတတ်ပါတယ်။ လူမျိုးခြားကပြားများနှင့်တော့ အကျိုးမပေးပါ။ ပညာရေးအနေနှင့် ကြိုးစားအားထုတ်ပေးပါက ဝီရိယအကျိုးကို ခံစားရပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးစား မှားခြင်း ဖြစ်တတ်တယ်။ အိမ်ထောင်ရေးသာယာချမ်းမြေ့မှုရှိပြီး အချစ်ရေးအနေဖြင့် အထင်လွဲစရာကိစ္စများ ပေါ်ပေါက်နိုင်ပါတယ်။

ကံကောင်းသောနံပါတ် – ၁၊ ၉၊ ၀

ယတြာ – မိမိနေအိမ်ဘုရားတွင် အုန်းသီးနှင့်လုပ်သော မုန့်တစ်မျိုးမျိုးကို လှူဒါန်းပေးပါ။


### အင်္ဂါသားသမီးများ



စီးပွားရေးလုပ်ငန်းများ အရောင်းအဝယ်တိုးတက်မှုရှိလာမည်။ ခရီးသွားလုပ်ငန်းများ၊ ကိုယ်စားလှယ် လုပ်ငန်းများ ပုံမှန်လုပ်နေရမည်။ အလုပ်ကိစ္စနှင့်ပတ်သက်၍ ခရီးသွားရကိန်းရှိသည်။ ရပ်ဝေးကိစ္စ၊ လူမျိုးခြား ကိစ္စများ၌ ပြဿနာအနှောင့်အယှက်အချို့ ရှိနေတတ်သည်။ စိတ်ပင်ပန်းခြင်း၊ ငွေကုန်ခြင်း၊ အရှုပ်အရှင်း ဖြစ်ခြင်းများ တွေ့ကြုံရတတ်သည်။ မိမိကို အမြင်မကြည်လင်သူများ ရှိနေတတ်သည်။ ပညာရေးတွင် အချစ်ရေး ဝင်ရောက်ဖျက်ဆီးတတ်၍ အထူးဆင်ခြင်ပါ။ ချစ်သူရှိသူများ ချစ်သူနှင့် ပြေလည်နေမည်။ အိမ်ထောင်ရှင်များ ဆွေမျိုးမိသားစုဒဏ် ခံရတတ်သည်။ ကျန်းမာရေးမှာ အအေးမိ၊ ချောင်းဆိုး၊ ဖျားနာ ဖြစ်တတ်သည်။

ကံကောင်းသောနံပါတ် – ၁၊ ၃၊ ၄

ယတြာ – မိမိနေအိမ်ကဘုရားတွင် ရွှေထမင်း ကပ်လှူပါ။




## ဗုဒ္ဓဟူးသားသမီးများ

ကံကောင်းနေမည်။ လက်လျှော့ထားသော လုပ်ငန်းကိစ္စများ ပြန်လည်အကျိုးပေးမည်။ လုပ်ငန်းအကျိုးအမြတ် ကောင်းစွာရရှိမည်။ အကြံအစည်နှောင့်နှေးနေမှုများ အဆင်ပြေရန် နီးစပ်လာပြီဖြစ်သည်။ ဗေဒဘာသာနှင့် စာရင်းအင်းပညာ ဦးစားပေးသင်ယူသင့်သည်။ လူကြီးသူမတို့ထံမှ ပံ့ပိုးကူညီမှုများ ရရှိနေမည်။ စက်မှုနှင့် ဆေးဝါးလုပ်ငန်းများ မျှော်လင့်သည်ထက် ပိုမိုအောင်မြင်နေမည်။ အချစ်ကြောင့် သာယာစိုပြည်သော အေးမြမှုကြုံမည်။ အိမ်ထောင်ရေးတွင် မိမိမျှော်မှန်းသလို လိုအင်ဆန္ဒများ ပြည့်ဝလာလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ခွဲစိတ်ကုသမှု ခံယူရတတ်သည်။

ကံကောင်းသောနံပါတ် – ၂၊ ၆၊ ၅

ယတြာ – မွေးနံ့ထောင့်တွင် ကြက်လျှာအစိမ်းရောင် ၈ ခုလှူပါ။




## ကြာသပတေးသားသမီးများ

လုပ်ငန်းထဲမှာ စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ကြုံတွေ့ရလိမ့်မယ်။ ရရန်ရှိသောငွေများ မရနိုင်ဘဲ ဖြစ်နေလိမ့်မယ်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးနှင့် ရန်ဖြစ်ရတတ်တယ်။ ပြည်တွင်းခရီး တစ်ခု သွားရမယ်။ ပညာရေး အထူးကြိုးစားရမယ့်အချိန်ဖြစ်ပါတယ်။ မနာလိုသူ ပေါ်တတ်တယ်။ လူကြီးသူမများထံမှ ပံ့ပိုးကူညီမှုများ ရလိမ့်မယ်။ အိမ်နေရာ၊ သို့မဟုတ် အလုပ်နေရာ အပြောင်းအရွှေ့ပေါ်မယ်။ ချစ်သူ၏အထင်လွဲမှားမှု ခံရတတ်တယ်။ အိမ်ထောင်ရေးလည်း အဆင်မပြေဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ရင်ကျပ်ချောင်းဆိုးဖြစ်တတ်တယ်။

ကံကောင်းသောနံပါတ် – ၆၊ ၇၊ ၉

ယတြာ – မိမိနေအိမ်ဘုရားတွင် ဆီထမင်းတစ်ပန်းကန် ကပ်လှူပါ။



## သောကြာသားသမီးများ

ဝင်ငွေပိုမိုတိုးတက်ကောင်းမွန်နေတတ်သည်။ ပြောဆိုသမျှ အောင်မြင်မည်။ အကြံကောင်းများ ရရှိမယ်။ ပြိုင်ဘက်သစ်များကို လွယ်လင့်တကူ အောင်မြင်မယ်။ လတ်တလောကိစ္စများ အဆင်ပြေမည်။ နည်းမျိုးစုံဖြင့် မိသားစုဝင်ငွေတိုးနိုင်၏။ ဆန္ဒနဲ့ဘဝ ထပ်တူကျနေမယ်။ သားသမီး၊ တပည့်များထံမှ ကောင်းကျိုးများရရှိနိုင်သည်။ ဝေးကွာနေသော ချစ်သူခင်သူတို့ထံမှ သတင်းကြားရမည်။ ကျန်းမာရေးအတွက် ဝမ်းချုပ်မခံပါနဲ့။

ကံကောင်းသောနံပါတ် – ၃၊ ၅၊ ၇

ယတြာ – မိမိနေအိမ်ဘုရားတွင် ယပ်အဝါရောင် ၁၇ ခု လှူလိုက်ပါ။



## စနေသားသမီးများ

အလုပ်အကိုင် အခွင့်အလမ်းတွေ အစစအခြေအနေကောင်းတဲ့ကာလဖြစ်ပါတယ်။ ခရီးယာယီကောင်းပါတယ်။ စီးပွားရေးလုပ်ငန်းတွေ အပြိုင်အဆိုင်နဲ့အတူ တိုးတက်တတ်ပါတယ်။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များနှင့် လုပ်ငန်းစပ်တူ လုပ်ကိုင်ရတတ်သည်။ မိတ်ကောင်းဆွေကောင်းတွေ ကူညီတတ်ပါတယ်။ လုပ်ငန်းနဲ့ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းတွေ လုပ်ရတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ ချစ်သူက အထင်လွဲတတ်တယ်။

ကံကောင်းသောနံပါတ် – ၆၊ ၈၊ ၉

ယတြာ – မိမိနေအိမ်ကဘုရားတွင် ကျောက်ကျော ၂ တုံး လှူဒါန်းပေးပါ။

**ချမ်းသာကိုယ်စိတ်မြဲပါစေ။**

**ဒေါက်တာစောယုနွယ်**


UNIVERSITY OF YANGON



# သူငယ်ချင်းလို့ပဲ ဆက်ချစ်ခေါ်မည် ...

# ခိုင်

တက္ကသိုလ်တုန်းနိုင်

**အဲဒီအနက်အဓိပ္ပာယ် ဟာဘာလဲ။ တို့ပြည်ဟာ သေးသေးလေးပဲ။ တို့လူဦးရေဟာ နည်းနည်းလေးပဲ။ တို့ရဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကျောထောက်နောက်ခံအင်အားဟာ ဘာမှ မရှိသေးဘူး။ ဒါပေမဲ့ တို့ဟာ တို့လွတ်လပ်ရေးကို ထိန်းသိမ်းရမယ်ဆိုတဲ့ အသိဉာဏ်ရှိသလို၊ ထိန်းသိမ်းရဲတဲ့သတ္တိလည်းရှိပြီး၊ ထိန်းသိမ်းတတ်တဲ့ အစွမ်းလည်းရှိတယ်။ ဒါကို ကမ္ဘာက သိသွားတယ်။**

'' ဟား ... ဟား ... ဟား ... ဟား ... အင့် ... ဟင့် ... ဟင့် ဟင့် ဇမ္ဗူဒီပ နိမိတ္တတဲ့။ မင်းပါးစပ်က နိမိတ်ကောင်းထွက်တဲ့ ရွှေပါးစပ်ပဲ၊ လာပါ အိမ်ထဲကျမှ ငါ ရှင်းပြမယ် ''

ငြိမ်းမောင် အူမြူးနေပုံရသည်။ သူမြူးခြင်းသည် ကျွန်တော့်ဆီကိုပါ ကူးစက်လာသောကြောင့် ဘာမှန်းမသိရဘဲ ရယ်ရင်း သူနှင့်အတူ အိမ်တွင်းသို့ ဝင်ခဲ့ကြ၏။

ထိုင်မိလျှင် ထိုင်မိကြချင်း ကျွန်တော်က –

''ကဲ ... ဆို ''ဟု မေးသည်။

ငြိမ်းမောင်သည် မျက်နှာကိုတည်ပစ်လိုက်သည်။ အရေးကြီးသောစကားကို စဉ်းစားနေဟန် ခေတ္တနေပြီးမှ ပြန်မေး၏။

''ဒီမှာမောင် လောကကြီးမှာ ပျော်စရာအကောင်းဆုံးနေ့တွေဟာ ဘယ်နေ့တွေလဲ ...''

''နေပါဦး ... သုံးနေ့လား ... လေးနေ့လား ... ငါ မြန်မာစာ ဥပစာတန်းမှာ ကျန်ရစ်ခဲ့ပြီ။ ဘာတဲ့ .. အဲ.. ရှင်လိင်ပြန်တဲ့နေ့ရယ်၊ မိန်းမရတဲ့နေ့ရယ် ...၊ ပြီးတော့ ... အေးကွာ ... ငါ မမှတ်မိတော့ဘူး ...''

''ထားပါတော့ ... ငါလည်း မမှတ်မိတော့ဘူး။ ဒါပေမယ့် ... တပ်မတော်သားတစ်ယောက်အနေနဲ့ နေ့တစ်နေ့ တိုးချင်တယ်။ အပျော်ဆုံးနေ့တစ်နေ့ဟာ စစ်ပွဲကြီးတစ်ပွဲကိုအောင်မြင် အပြီးသတ်တဲ့နေ့ပဲ၊ ဘယ့်နှယ်လဲ''

ငြိမ်းမောင်စကားကြောင့် ကျွန်တော် ရုတ်ချည်း သတိရမိသည်။

''ဘာလဲ ... မင်းတို့ 'ရန်ကြီးအောင်' စစ်ဆင်ရေးကြီးပြီးသွားပြီလား ...''

''ဟုတ်တယ် ... ပြီးသွားပြီ ...။ နေဦး ... ဒါလောက်နဲ့ ငါ ဒီလောက် ဝမ်းသာနေတာ မဟုတ်ဘူး။ အခုသူတို့ဟာ တို့မြန်မာ့မြေထဲမှာ တစ်ကောင်မှ မကျန်တော့ဘူး။ မဲခေါင်မြစ် တစ်ဖက်ကမ်းကို ပြေးကြရပြီ။

အခွင့်ရတဲ့တစ်နေ့မှာ ဝင်နှောင့်ချင် နှောင့်ဦးမှာပေါ့ ...။ ဒါပေမဲ့ အလုံးအရင်းနဲ့တော့ ဝင်မစော်ကားနိုင်တော့ဘူး။ အဲဒါလောက်ကိုလည်း ငါက အထူးဝမ်းသာစရာအဖြစ်နဲ့ ပြောနေတာ မဟုတ်ဘူး။ ငါ ဝမ်းသာတာက ဒီအောင်ပွဲကြီးရဲ့ အရှည်တည်မယ့် အနက်အ ဓိပ္ပာယ်အတွက်ပဲ ''

ငြိမ်းမောင်၏ အသံသည် လေးနက်လာသကဲ့သို့ မျက်နှာမှာလည်း ခန့်ညားလာသည်။

''အဲဒီအနက်အဓိပ္ပာယ် ဟာဘာလဲ။ တို့ပြည်ဟာ သေးသေးလေးပဲ။ တို့လူဦးရေဟာ နည်းနည်းလေးပဲ။ တို့ရဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကျောထောက်နောက်ခံအင်အားဟာ ဘာမှ မရှိသေးဘူး။ ဒါပေမဲ့ တို့ဟာ တို့လွတ်လပ်ရေးကို ထိန်းသိမ်းရမယ်ဆိုတဲ့ အသိဉာဏ်ရှိသလို၊ ထိန်းသိမ်းရဲတဲ့ သတ္တိလည်းရှိပြီး၊ ထိန်းသိမ်းတတ်တဲ့ အစွမ်းလည်းရှိတယ်။ ဒါကို ကမ္ဘာက သိသွားတယ်။ နောင်ကို ဘယ်သူပဲဖြစ်ဖြစ် တို့ပြည်ကို ကျူးကျော်ချင်တဲ့လူဟာ အင်္ဂလိပ်ဆိုရိုးစကားအတိုင်းပဲ မကျူးကျော်ခင် နှစ်ကြိမ်စဉ်းစားရတော့မယ် ...''

ကျွန်တော်သည် ငြိမ်းမောင်ဆိုလိုသော အနက်အဓိပ္ပာယ်ကို ကောင်းစွာသဘောပေါက်သဖြင့် ငြိမ်းမောင်၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း လှိုက်လှိုက်လှဲလှဲ ပြန်ဆိုမိ၏။

''မှန်တယ် သူငယ်ချင်း။ သူတို့ နှစ်ကြိမ်စဉ်းစားရတော့မယ် ...။ အဲဒီဂုဏ်သိက္ခာကို နိုင်ငံအတွက်ပေးတဲ့ မင်းအပါအဝင် ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးကို ပြည်သူတစ်ယောက်အနေနဲ့ ကျေးဇူးတင်တယ် ...''

ငြိမ်းမောင်၏ တည်ကြည်သောမျက်နှာသည် ပြုံးရွှင်ကြည်လင်လာ၏။ ထို့နောက် ... အေးချမ်းစွာဆိုသည်။

''ပြီးတော့ ... ငါလည်း ရာထူးတက်ခဲ့ပြီ သူငယ်ချင်း။ အဲ ... မော်ဘီကိုတော့ ခဏ ပြောင်းရမယ်''

ဝမ်းသာစရာစကားများကို ဆက်တိုက်ကြားနေရသောကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်းမသိ။ ထို့နောက်မှ သတိရကာ မေးမိ၏။

''နေဦး ... စောစောက မင်း ... ငါနဲ့ တိုင်ပင်စရာရှိတယ်လို့ ပြောတယ်။ အဲဒါ ဘာလဲ ...''

''ဒါက အေးအေးဆေးဆေး ပြောမှုဖြစ်မယ်။ သွားကွာ၊ မင်း အဝတ်အစားလဲ၊ တို့ ညစာကောင်းကောင်း ထွက်စားကြရအောင် ''

ကျွန်တော်သည် ငြိမ်းမောင်၏ စကားကို နာခံလျက် ဆရာဝန်ဝတ်စုံကို ချွတ်ကာ ရေချိုးသည်။ ရေကိုသွက်သွက်ချိုးသော်လည်း ပျော်ပါးရွှင်မြူးသောစိတ်နှင့် သီချင်းတကြော်ကြော် ဆိုမိသည်။

အဝတ်အစားလဲပြီး ငြိမ်း

မောင်နှင့်အတူ ကားဖြင့် မြို့တွင်းသို့ ထွက်ခဲ့ကြသည်။

ကျွန်တော်တို့ နှစ်ဦးစလုံး အရက်သေစာ မသောက်စားတတ်ကြ။ အခြားထွေလာကေလာများကိုလည်း နားမလည်ကြ။ ကျွန်တော်တို့သည် အစားအသောက်ကောင်းကောင်းကိုကြိုက်သည်။ အထူးသဖြင့် တရုတ်ဟင်းမယ်ကောင်းကောင်းများကို ကြိုက်သည်။ ရုပ်ရှင်ကောင်းကောင်းကြည့်ရန် ဝါသနာပါကြသည်။

ထိုညနေကမူ နှစ်ဦးစလုံး ရုပ်ရှင်ကြည့်လိုစိတ် မရှိကြ။ ထို့ကြောင့် အေးချမ်းသန့်ရှင်း၍ တရုတ်စာကောင်းကောင်းရသော ရှစ်မိုင်ရှိ ဟိုတယ်တစ်ခုဆီ ထွက်ခဲ့ကြသည်။

ငါးမန်းတောင်ဟင်းချို၊ ပင်လယ်ကဏန်းပေါင်း၊ ခရုခေါက်ဆွဲစသော ကြိုက်ရာအစာများကို မြိန်ယှက်စွာ စားသောက်ကြသည်။ ရေခဲခတ်ပေးထားသော သစ်သီးစုံအဖျော်ယမကာတို့နှင့် ဗိုက်ပြည့်အောင်ဖြည့်ပြီး မြို့တွင်းပြန်လာကြသည်။ သိမ်ကြီးဈေးထိပ်ရှိသစ်သီးတန်း၌ သစ်တော်သီး၊ ပန်းသီးနှင့် စပျစ်သီးများ ဝင်ဝယ်ကြသည်။

ကျွန်တော့်အခန်းသို့ ပြန်ရောက်ချိန်၌ ညကိုးနာရီထိုးပေပြီ။

အဝတ်အစားလဲပြီး သစ်သီးစားရင်း စကားဆက်ကြ၏။

''မင်း ငါနဲ့ တိုင်ပင်မယ်ဆိုတာ ... ဘာကိစ္စလဲ ''

ငြိမ်းမောင်က ပန်းသီးကို ခွဲစိတ်လျက်ရှိရာမှ ရပ်သွားသည်။ ဘာမျှပြန်မဖြေဘဲ ပန်းသီးကိုသာ ဆက်လက်ခွဲစိတ်သည်။ အတန်လေးကြာမှ အသည်းခြမ်းပုံသဏ္ဍာန်ရှိသော ပန်းသီးစိတ်ကို စိုက်ကြည့်ရင်း လေးလေးဖြေသည်။

''နိုင့်ကို ငါ ဖွင့်ပြောတော့မယ်လို့ စိတ်ကူးတယ် ''

ဘာပြန်ဖြေရမှန်း မသိသော ကျွန်တော် ငိုင်ကျသွားမိ၏။

ငြိမ်းမောင်က ကျွန်တော့်ဘက် လှည့်လိုက်ပြီး ဆိုပြီးသောစကားကို ထပ်ရေရွတ်သည်။

''နိုင့်ကို ငါ ဖွင့်ပြောတော့မယ်လို့ စိတ်ကူးတယ်။ ဒါပေမဲ့ ဘယ်လို ဖွင့်ပြောရမှန်း မသိဘူး။ အဲဒါ ... မင်းနဲ့ ငါ တိုင်ပင်ချင်လို့ပဲ ''

''ပြောချင်တာ ပြောဖို့ဟာများ ခက်နေရသလား ငြိမ်းမောင်။ ပြောချလိုက်ရောပေါ့''

ငြိမ်းမောင်က ကျွန်တော့်မျက်လုံးများကို စူးစိုက်ကြည့်ပြီး မေးသည်။

''ပြောချင်တာ ပြောချလိုက်ဖို့ ရိုးရိုးစကားလို လွယ်တာမှ မဟုတ်ဘဲ။ ကောင်းပြီ၊ လွယ်တယ်ဆိုရင် မင်းကို ငါ မေးမယ်။ မင်း ... ဟို ... အဲ ... ရည်းစားစကား ဘယ်နှခါပြောဖူးလို့လဲ ''

ငြိမ်းမောင်၏စကားက ကျွန်တော့်ပျော့ကွက်ကို တိုက်ရိုက်ဝင်မှန်သည်။ ကျွန်တော်သည် မိန်းကလေးများကို ကြောက်သူမဟုတ်။ သူတို့၌ ကြောက်စရာလည်း မမြင်မိ။ သို့ရာတွင် ရည်းစားစကား မည်ကဲ့သို့ပြောရမည်ကို လေးလေးနက်နက် တစ်ခါမျှ မစဉ်းစားမိဖူးပေ။

အဖြေမပေးနိုင်သော ကျွန်တော့်ကို ကြည့်၍ ငြိမ်းမောင်သည် သနားဖွယ်ဆို၏။

''မင်းဟာ ငါ့ထက် သတ္တိကောင်းတယ်။ ဒါတောင် ရည်းစားစကား ဘယ်လိုပြောရမယ်ဆိုတာ မင်း မဖြေတတ်ဘူး မဟုတ်လား။ သာမန် ကောင်မလေး တစ်ယောက်ကိုတောင် ကြိုက်တယ်လို့ပြောဖို့က ဘယ်လောက်ခက်ခဲသလဲ မင်း စဉ်းစားကြည့်စမ်း၊ ပြီးတော့ ကိုယ်ကြိုက်နေတဲ့ ကောင်မလေးကလည်း ကိုယ်တစ်သက်လုံး သူငယ်ချင်းအဖြစ် ပေါင်းလာခဲ့သူ။ သူငယ်ချင်းမကို ရည်းစားစကားဘယ်လိုလုပ်ပြောရမလဲ။ ပြီးတော့ ... အဲ ... မင်းသိသားပဲ၊ နိုင့်ကို ငါ ကြောက်တယ် ...။ မိနိုင်က ငယ်ငယ်တည်းက ငါ့ကို နိုင်ခဲ့တာ မဟုတ်လား ...''

ငြိမ်းမောင် စကားကြောင့် ကျွန်တော် ပိုငိုင်သွားမိသည်။ ဘာအကြံမျှလည်း မပေးတတ်။ အကြံမပေးတတ်သူကို ငြိမ်းမောင်က စစ်ကူလာတောင်းပြန်၏။

''ဒါကြောင့်မို့လို့ ... မင်းကို ငါ လာတိုင်ပင်တာပဲ မောင်။ ငါ ဘာလုပ်ရမလဲ ''

ရုတ်တရက်သော် ... ကျွန်တော် ဘာပြန်ပြောရမှန်း မသိ။ သို့ရာတွင် အားကိုးတကြီးနှင့် ကြည့်နေသော ငြိမ်းမောင်၏ မျက်လုံးများကြောင့် အကောင်းဆုံးဖြစ်မည်ထင်သည့် အကြံကိုပေးမိသည်။

''မင်း ... နှုတ်နဲ့ပြောဖို့ ခက်နေတယ်ထင်ရင် ... စာနဲ့ရေး ပြောပြပါလား။ စာနဲ့ဆိုတော့ စိတ်လင်လင်လည်း ရှင်းပြနိုင်တယ်။ ပြောရတာ



မဟုတ်တော့ လွတ်လွတ်လပ်လပ်လည်း ရင်ဖွင့်နိုင်တယ် ထင်တယ် . . .''

ငြိမ်းမောင်သည် တောက်ပစွာ ပြုံးသည်။

'' အဲ . . . ဒီအကြံကို ငါလည်း ရတယ် . . .။ ဒါကြောင့်လည်း မင်းဆီ လာ အကူအညီတောင်းတာပဲ . . .''

''ငါက ဘာအကူအညီ ပေးရမှာလဲ . . .''

ငြိမ်းမောင်က အားနာပါးနာ ဆက်ပြုံးသည်။ ထို့နောက် ကိုယ်ပြောသည့်စကားကို ကိုယ်မပြောရဲဟန် ခက်ခက်ခဲခဲဆိုရှာသည်။

''ဒီလိုကွာ . . . ဟိုဒင်း . . .။ ငါ . . . အဲ . . . စာတော့ ရေးချင်တယ် . . . ခက်တာ ဘယ်လိုရေးရမှန်းမသိဘူး။ ဘယ်လိုရေးရမှန်းမသိဘူး ဆိုတာက . . . ကွာ . . .။ ငါ ဘယ်လိုပြောရမှန်းမသိဘူး။ ဒီလိုကွာ . . . ဟိုဒင်း . . . ပြောချင်တာတွေရှိတယ်၊ အဲဒီ ပြောချင်တာတွေကို ဟို . . .''

ငြိမ်းမောင် စကားမဆက်နိုင်။ သူ့လက်ချောင်းများက မထိန်းနိုင်စွာ အာရုံကြောလှုပ်ရှားနေသည့်ပမာ စားပွဲကို ကဏန်းလျှောက်သကဲ့သို့ ခေါက်နေ၏။ သူ့ဒုက္ခကို ရိပ်မိသော ကျွန်တော်က အားပေးရသည်။

''ပြောပါ သူငယ်ချင်း။ ငါ ဘာကူညီရမလဲ . . . မင်း ရင်ထဲရှိတာကို ရှင်းရှင်းပြောစမ်းပါ ''

ငြိမ်းမောင်သည် ဟင်းခနဲ ညည်းရင်း တစ်ချက်ပြုံး၍ ကျွန်တော့်ကို ကြည့်သည်။ ထို့နောက် ခေါင်းကုတ်၏။ တစ်ချီ ပြန်ပြုံး၍ ကြည့်နေပြန်သည်။ စိတ်မရှည်နိုင်သော ကျွန်တော်က အော်သည်။

**မင်း ... နှုတ်နဲ့ပြောဖို့ ခက်နေတယ်ထင်ရင် ... စာနဲ့ရေး ပြောပြပါလား။ စာနဲ့ဆိုတော့ စုံစုံလင်လင်လည်း ရှင်းပြနိုင်တယ်။ ပြောရတာ မဟုတ်တော့ လွတ်လွတ်လပ်လပ်လည်း ရင်ဖွင့်နိုင်တယ် ထင်တယ် ...**

''ဟေ့ကောင် . . . မင်း ငါ့ကို ဒီလောက်တောင် ပင်ပင်ပန်းပန်း ကြည့်ရအောင် ငါက ခိုင် မဟုတ်သေးပါဘူးကွ . . .။ ပြောမှာ ပြောစမ်းပါ . . .''

ကျွန်တော် အော်သည်ကို စိတ်မဆိုးဘဲ ငြိမ်းမောင်က ဟီးကနဲ တစ်ချက်ရယ်သည်။

''အေးကွာ . . . ဒါဖြင့် ပြောပါ့မယ် . . . ဟိုကွာ . . . အဲ . . . မင်း ငါ့ကို စာရေးပေးမလား . . .''

''ဟေ . . .''

ကျွန်တော်သည် မယုံကြည်နိုင်စွာ ငြိမ်းမောင်ကို ကြည့်မိသည်။

ထိုအခါကျတော့လည်း ငြိမ်းမောင်သည် အေးချမ်းစွာ ရှင်းပြသည်။

''ဒီလိုကွာ . . . မင်း က ငါ့ထက် မြန်မာစာ ပိုကောင်းတယ်။ ကဗျာလည်းတတ်တယ်၊ စကားပြောရင်လည်း ရှင်းရှင်း နဲ့ လူနားလည်အောင် ပြောတတ်တယ်။ ငါ့ဘာသာရေးရင် ငါ ရေးချင်တာတွေ မရေးမိဘဲ မရေးချင်တာတွေ ရေးမိမှာ ကြောက်တယ်။ အဲဒီတော့ မင်း ရေးပေးမလား ''

ကျွန်တော်သည် ငိုရခက်၊ ရယ်ရခက်နှင့် ငြိမ်းမောင်ကို ကြည့်နေမိသည်။

''ဘာလဲ မောင် . . . မင်း ငါ့ကိုမကူညီနိုင်ဘူးလား''

သူက ပူဆာနေပြန်သောကြောင့် ကျွန်တော်က စိတ်ရှုပ်စွာ ပြန်မေးမိသည်။

'' နေပါဦး ငြိမ်းမောင်ရဲ့ ငါ ဘာတွေရေးပေးရမှာလဲ ''

''မခက်ပါဘူး သူငယ်ချင်းရာ။ ဒီလိုလေ . . . ခိုင့်ကို ငါ ဘယ်လောက်ချစ်သလဲ၊ ဘာကြောင့် အဲဒီလိုဘယ်လောက် ချစ်ရသလဲ။ ပြီးတော့ . . . အဲ . . . ပြီးတော့ . . .''

ငြိမ်းမောင်သည် လက်များကို ရှုန်းကန်လှုပ်ရှားနေသည်။ စကားကမူ ''ပြီးတော့ . . . ပြီးတော့ . . .''မှ မတက်။ အတန်ကြာ ရှုန်းကန်နေပြီးမှ အလွန်ရှင်းလင်းပြတ်သားစွာ ဆိုသည်။

''ပြီးတော့ . . . အဲ ချစ်တယ်ကွာ။ သိပ်ချစ်တယ်။ ပြီးတာပဲ မဟုတ်လား . . . မင်း ရေးပေးနိုင်မလား ''

ကျွန်တော်သည် ရယ်ချင်မိသည်။ တစ်ပြိုင်နက်မှာပင် ရင်တွင်း၌ ဆို့နင့်နင့် ဖြစ်မိသောကြောင့် မရယ်မိ။

ငြိမ်းမောင်က မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို ကြည့်၍မေးသည်။

''မရယ်ချင်ပါဘူး သူငယ်ချင်းရာ၊ ငါစဉ်းစားနေတာက ငါ ရေးလို့ကောင်းပါ့မလားလို့''

''ကောင်းပါတယ်ကွာ . . . ငါ့ထက်တော့ ကောင်းမှာပဲ။ ငါက စိတ်ချလို့ ရေးခိုင်းတာပဲ ဥစ္စာ။ ဒီလိုလုပ်လေ မင်းက ရေးလိုက် ငါက ဖတ်လိုက် လုပ်မယ်။ ကဲကွာ . . . ရေးကြရအောင် . . .''

ငြိမ်းမောင်သည် ကျွန်တော့်စာရေးစားပွဲပေါ်မှ စာရေးစက္ကူနှင့် ဖောင်တိန်ကို ဆွဲယူပေးသည်။

မတတ်သာတော့သဖြင့် ကျွန်တော်က စာရေးရန် စဉ်းစားသည်။ ဘယ်က စ,ရေးရမှန်း မသိ။

ငြိမ်းမောင်ကမူ ကျွန်တော့်ကုတင်ပေါ်တက်၍ပက်လက်လှန် ဒူးချိတ်ရင်း စောင့်နေရှာ၏။

စဉ်းစားမရသည့်အဆုံးတွင် ကျွန်တော်က ရင်တွင်း၌ ပေါ်လာသည်မှ စရေးသည်။

''ချစ်လှစွာသော သူငယ်ချင်း ခိုင် သူငယ်ချင်းတစ်ယောက်

အနေနဲ့ စတင်ပြီး ချစ်ခဲ့ရတာမို့ သူငယ်ချင်းလို့ပဲ ခေါ်လိုက်ရတယ် ခိုင်ရေ။ ဒါပေမဲ့ ဒီစာကို ဖတ်ပြီးတဲ့အချိန်မှာ ခိုင်ဟာ ကိုယ့်ကို သူငယ်ချင်းလို့ပဲ ဆက်မခေါ်နိုင်မှာကို စိုးရိမ်မိတယ်။ ဆက်ပြီးခေါ်နေမှာကိုလည်း စိုးရိမ်မိတယ် ခိုင်ရယ် ''

ကျွန်တော်က ဤမျှရေးပြီးသမျှ ငြိမ်းမောင်ကို ပြမိသည်။ ငြိမ်းမောင်သည် ကုတင်ပေါ်၌ မှောက်လိုက်၍ သေချာစွာ ဖတ်သည်။ ဆုံးသောအခါ အားရပါးရ မှတ်ချက်ချသည်။

''အဲ... ငါ စိုးရိမ်နေတာလည်း အဲဒါပဲ။ ဟုတ်ပြီ သူငယ်ချင်း ဆက်ရေးပါ ... ဆက်ရေးပါ ...''

ကျွန်တော်က ဆက်ရေးပြန်သည်။

''တစ်ခုတော့ ရှိလေရဲ့ ခိုင် ...။ ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုးသည် ... တဲ့ ...။ဆိုရိုးရှိတယ်။ ကိုယ် ဟန်ဆောင်မနေချင်တော့ပါဘူး ခိုင်။ ရန်သူဖြစ်မှာစိုးတာထက် ရင်မှာအသစ်ဖြစ်လာတဲ့ သစ္စာပွင့်ကို အခွင့်သင့် အခါကောင်းစဉ် ဆင်ထိုက်သူ ခေါင်းထက်မတင်ဆက်မိလို့ နှောင်းရက်တွေမှာ အချိန်လင့်ရပြီကောဆိုပြီး ပင့်သက်ဖိုဖို အလိုမကျ နှောင်တ,ပိုပိုနဲ့ မငိုရလို့ပဲ ဖြစ်လေတယ် ခိုင် ...''

ကျွန်တော်သည် ဤနိဒါန်းကို ငြိမ်းမောင်ကို ပြမိပြန်သည်။ ငြိမ်းမောင်သည် အသေအချာ ဖတ်ပြန်ပြီးနောက် ကျွန်တော့်ကို အံ့သြဟန် မော့ကြည့်လျက်ဆိုသည်။

''ကောင်းလှချည်လား သူငယ်ချင်းရာ ... ဘုရားစူးရစေရဲ့။ ခိုင်တော့ မသိဘူး၊ ငါ့ကိုယ်ငါတောင် ပြန်သနားမိတယ် ...''

ကျွန်တော်သည် ငြိမ်းမောင်ကို စိုက်ကြည့်ပြီး အသံမာမာနှင့် မေးသည်။

''မင်း ငါ့ကို သရော်နေတာလား ငြိမ်းမောင်''

ငြိမ်းမောင်သည် နားမလည်ဟန် ကျွန်တော့်ကို ပြန်ကြည့်သည်။

''ငါက မင်းကို ဘာလို့ သရော်ရမှာလဲ မောင်ရာ၊ ကောင်းလို့ကောင်းတယ် ပြောမိတာပါ။ တကတည်း မင်းက ... သိပ်စျေးကြီးတဲ့ကောင်ပဲ။ ကဲပါကွာ ... ဆက်ရေးပါ၊ ငါ့ကို မပြနဲ့တော့။ ပြီးမှပဲ ဖတ်ကြည့်တော့မယ်။ ကဲ ... ကျေနပ်ပြီလား ...''

ငြိမ်းမောင်သည် ကုတင်ပေါ်၌ ပက်လက်ပြန်လှန်ပြီး နဖူးပေါ်လက်တင်၍ ငြိမ်နေ၏။

ကျွန်တော်က စာကို ဆက်ရေးသည်။ ငြိမ်းမောင်ကို မပြတော့ဘဲ လက်တွေ့သည့်အတိုင်း မရပ်မနားရေးမိသည်။

ဤစာမှာ ကျွန်တော့်အတွက် ပထမဆုံးနှင့် နောက်ဆုံး ရေးဖူးသော သမုဒယမှာ တမ်းရှည်ဖြစ်နေခဲ့ပါ၏ ... ဖြစ်နေခဲ့ရပါ၏။

ချစ်လှစွာသော သူငယ်ချင်းခိုင် ...။

သူငယ်ချင်းတစ်ယောက် အနေနဲ့ စတင်ပြီး ချစ်ခဲ့ရတာမို့ သူငယ်ချင်းလို့ပဲ ခေါ်လိုက်ရတယ် ခိုင်ရေ ...။ ဒါပေမဲ့ ဒီစာကို ဖတ်ပြီးတဲ့အချိန်မှာ ခိုင်ဟာ ကိုယ့်ကို သူငယ်ချင်းလို့ပဲ ဆက်ပြီးမခေါ်နိုင် မှာကို စိုးရိမ်တယ်။ ဆက်ပြီးခေါ်နေမှာကိုလည်း စိုးရိမ်မိတယ် ခိုင်ရယ် ...။

တစ်ခုတော့ ရှိလေရဲ့ ခိုင် ...။ ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုးသည်တဲ့ ...။ ဆိုရိုးရှိတယ်။ ကိုယ် ဟန်ဆောင်မနေချင်တော့ပါဘူး ခိုင်။ ရန်သူဖြစ်မှာ စိုးတာထက် ရင်မှာအသစ်ဖြစ်လာတဲ့ သစ္စာပွင့်ကို အခွင့်သင့် အခါကောင်းစဉ် ဆင်ထိုက်သူ ခေါင်းထက်မတင်ဆက်မိလို့ နှောင်းရက်တွေမှာ အချိန်လင့်ရပြီကောဆိုပြီး ပင့်သက်ဖိုဖို အလိုမကျ၊ နှောင်တ,ပိုပိုနဲ့ မငိုရလို့ဘဲ ဖြစ်လေတယ် ခိုင်။

ချစ်မိလို့ ကြောက်မိတယ် ခိုင်။ ကြောက်မိလို့လည်း ရဲလိုက်ရပြန်တယ်။

အသည်းကမ္ဘာမှာ ပိုင်ဆိုင်လိုချင်ရင် ပြိုင်ဆိုင်ရတဲ့ စွန့်စားခြင်းဓ မ္မတာကို ခိုင် နားလည်စွာနဲ့ ကိုယ့်ကို ခွင့်လွှတ်နိုင်ပါစေ ...။

ဘဝါဘဝေအဆက်ဆက်က နှစ်ဖြာရေစက် ပြုသမျှမကွာ၊ အာသဝေ မပျက်သမျှ၊ ပါလေချက် သမုဒယတဏှာ၊ ယခုဘဝမှာ မနီးရင်လေ ... ကြီးမောင့်ဒုက္ခာဆိုတဲ့ ... ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခသစ္စာကို ဖွင့်ဆိုသီပြတဲ့ စာကို ခိုင် တွေ့ဖူးလိမ့်မယ် ...။ ကိုယ်လည်း တွေ့ဖူးပါတယ်။ ဒါပေမယ့် ကိုယ့်အတွက် တော့ သိလျက်နဲ့ ဝိပါက်ကြမ္မာငင်လေသလား မပြောတတ်ဘူး ခိုင်ရေ ..။

အစက ဘယ်မှာ ... အဆုံးက ဘယ်ဆီ... မသိနိုင်ပြီတဲ့။ သံသရာကြီးနဲ့ ချီပြီး အတီတေ ... ဘယ်ဘဝက ဘယ်လိုစတဲ့ သံယောဇဉ်ပါလို့ ကိုယ့်မှာ ပြောနိုင်ခွင့်မရှိပါဘူး ခိုင် ...။ ဒါပေမဲ့ ဆယ်ကျော်နှစ်က ကျွမ်းချစ်သဒ္ဒါကြိုး သူမှာလို့တော့ သူတကာထက်လွန်ပြီး မေတ္တာသက်ကို



ရေတွက်ပြနိုင်သူပါ ချစ်သော ခိုင်။

မေတ္တာသက်ဟာ ကြီးတော့ သံယောဇဉ်မီးဟာလည်း ကြီးပါလေရဲ့ ခိုင်။ အထီးကျန်ဘဝနဲ့ ကြီးမောင့်ဒုက္ခလို့လည်း မငိုညည်းချင်ဘူး။ ငိုညည်းသင့်တယ်လို့လည်း မထင်မိဘူး ခိုင်။ အနိုင်မရလို့ မပိုင်ရတောင် ရှုံးရလေတယ်လို့ သုဉ်းသုညဟာ ဘဝလက္ခဏာ မဖြစ်လိုပါဘူး ခိုင်။ ဆိုင်လေသူမို့ အနိုင်ယူပြီး အပိုင်ချုခွင့်ကိုလည်း ကိုယ် မတောင်းဆိုပါဘူး ခိုင်။

သဇင်ခိုင် သူညွှတ်ရင်တော့ ယူဆွတ်လို့ ခေါင်းမှာဆင်၊ ရင်မှာပွေ့လိုတဲ့ ကိုယ့်စေတနာပါ ခိုင်။

အစိုးမရတဲ့ လောကမှာ တောင့်တသူတစ်ယောက်အနေနဲ့ မျှော်လင့်ခြင်းတွေ ရင်မှာပိုက်ပြီး အသက်ရှင်ခွင့်တော့ ရထိုက်တယ်ထင်တယ် ခိုင်ရေ။

ချစ်ပြီးလေမင့် ချစ်ခွင့်ကိုတော့ တောင်းရန်မလိုပါ ခိုင်။

ချစ်ဆုကိုသာ ကိုယ့်မှာ တောင်းရလေတယ်။

သခင်ပျောင်းပျ၊ ညွတ်ကောင်းလှ . . . လို့ ကြောင့်ကြရင်းက မျှော်လင့်မိတယ် ခိုင်။

ခိုင့် ငြိမ်းမောင်

ရေးလိုက်၊ ဖျက်လိုက်၊ ပြင်လိုက်နှင့် အဘယ်မျှကြာသည် မသိ။ အချောသပ် ရေးပြီး၍ လှည့်ကြည့်လိုက်သောအခါ ငြိမ်းမောင်သည် တခေါခေါ ဟောက်လျက် အိပ်ပျော်နေပေပြီ။

ကျွန်တော်ကနိူးပြီး စာကို ပြမည် ကြံသည်။ သို့ရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသောဟန်ကား ဘယ်နှည အိပ်ရေးပျက်ခဲ့လေသည် မသိ။

ကျွန်တော်သည် ခြေရင်းမှ စောင်ကိုယူပြီး သူ့ရင်ဘတ်အထိ လွှမ်းခြုံပေးသည်။

စာကို သူနိုးလာလျှင် မြင်နိုင်အောင် စားပွဲပေါ်တွင် ဖန်တုံးနှင့် ဖိထားလိုက်သည်။

မီးမှိတ်လိုက်ပြီး ကျွန်တော်လည်း အိပ်ရာဝင်ခဲ့သည်။

ထိုညဉ့် တစ်ကြိမ်က မြင်မက်ခဲ့ဖူးသော အိပ်မက်ကို ကျွန်တော် ပြန်မက်မိသည်။

မိုးတွေက ညို၍ ပတ်ဝန်းကျင်သည် မှိုင်းမှိုင်းမှုန်နေ၏။ အရပ်ကိုးမျက်နှာမှ ဓမ္မသီချင်းဆန်သော တေးဂီတသံသည် ဆွေးမြေ့ဖွယ် ပျံ့လွင့်လာနေ၏။

သဇင်ပန်းရနံ့တို့ကလည်း ကြိုင်လှိုင် မွှေးကြူနေပါသည်။

တောအလယ်တွင် ပန်းနွယ်ဒါန်းထက်မှ ခင်မြိုင့်ကို ကျွန်တော် တွေ့ရသည်။

ခေါင်းထက်တွင် သဇင်ပန်းများ ဝေလျက်နှင့် ခင်မြိုင်သည် ညှိုးငယ်သော မျက်နှာလေးနှင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော်က အနီးကပ်သွားသောအခါ ခင်မြိုင်သည် ဒါန်းထက်မှ ဆင်းပြေးသည်။

''အို . . . ခင်မြိုင် . . .''

ကျွန်တော်က ဝမ်းပမ်းနည်းစွာ ဆိုမိသည်။

မျက်ရည်ဥတို့ ခိုတွဲသော မျက်လုံးများဖြင့် ခင်မြိုင်သည် ကျွန်တော့်ကို တစ်ချက်ပြန်ကြည့်သည်။

ထို့နောက် တောအတွင်းသို့ မြုပ်ဝင်ပျောက်ကွယ်သွား၏။

အဆုံးအစ မမြင်သာအောင် ကျယ်ဝန်းသောလွင်တီးခေါင်၌ ကျွန်တော်တစ်ယောက်တည်း လျှောက်နေရသည်။ မိုးတွေကလည်း သည်းသည်းမည်းမည်း ရွာချနေ၏။ မိုးသံလေသံနှင့်ရော၍ ဓမ္မသီချင်းသံများကလည်း ဆူညံမြင့်တက်လျက် ရှိသည်။

''ခင်မြိုင်ရယ် မောင်ညို လာပါပြီ . . .''

ကျွန်တော်က ဆို့နင့်ကြေကွဲစွာရှိုက်လိုက်မိပါ၏။

\+ \+ \+

ငြိမ်းမောင်သည် ကျွန်တော်ရေးပေးသော စာကို ခိုင့်ထံ ထည့်လိုက်ခဲ့သည်။ ထို့နောက် ကိုယ့်ကိစ္စနှင့်ကိုယ် အလုပ်များနေသောကြောင့် တစ်ဦးနှင့်တစ်ဦး မတွေ့ကြမိ။

တစ်လခန့် ကြာသောအခါ သူ ခေတ္တတာဝန်ကျနေသော မိတ္ထီလာစခန်းမှ ငြိမ်းမောင်သည် ကျွန်တော့်ထံ စာတစ်စောင် ထည့်လိုက်သည်။

သူ့စာ၌ ဝမ်းသာခြင်းနှင့် ရွှန်းရွှန်းဝေနေသည်။ မန္တလေးတက်၍ ခိုင်နှင့်တွေ့ပြီးပြီ ဆိုသည်။ ခိုင်က သူ့အချစ်ကို လက်ခံသည်ဟုလည်း ဆိုသည်။ အောက်ပါ ကောက်နှုတ်ချက်ကို ဖတ်မိလျက် သူ့ခံစားမှုကို သိနိုင်သည်။

''တိုက်လေယာဉ်ပျံကို ထောင့်ကျဲကျဲနဲ့ အမြင့်ကနေ ထိုးစိုက်ဆင်းပြီး ရန်သူ့စခန်းကို ပထမဆုံး ဖြိုရတုန်းကတောင် ငါ့ရင်တွေ သိပ်မခုန်ဖူးဘူး။ ခိုင်နဲ့ သွားတွေ့တုန်းကတော့ ငါ့ရင်ထဲမှာ ဒါကိုတာလေယာဉ်ပျံရဲ့ စက်သံထက်တောင်ဆူနေသေးတယ်။ ခိုင်ကတော့ အမူအယာ တစ်ချက်ကလေး မပျက်ဘူး။ သူ့ရုပ်ကိုကြည့်ပြီး ငါတော့ ပစ်မှတ်လွဲသွားပြီထင်မိတယ်။ ဓာတ်ဆီကုန်ခါနီး ကွင်းရှာမတွေ့သလိုဘဲ ဇောချွေးတွေ ပြန်မိတယ်။

နောက်တော့မှ ခိုင်က အေးအေးနဲ့ တည်တည်ပဲ ဖြေတယ်။ ငါ့အချစ်ကို လက်ခံပါတယ် . . . တဲ့ . . . သိလားကွ။ လက်ခံတယ်တဲ့။ မမျှော်



တိုက်လေယာဉ်ပျံကို ထောင့်ကျဲကျဲနဲ့ အမြင့်ကနေ ထိုးစိုက်ဆင်းပြီး ရန်သူ့စခန်းကို ပထမဆုံး ဖြိုရတုန်းကတောင် ငါ့ရင်တွေ သိပ်မခုန် ဖူးဘူး။ ခိုင်နဲ့သွားတွေ့တုန်း ကတော့ ငါ့ရင်ထဲမှာ ဒါကိုတာလေယာဉ် ပျံရဲ့စက်သံထက် တောင် ဆူနေ သေးတယ်။

လင့်တဲ့စကား ကြားရပြန်တော့ ငါ့ရင်ထဲ အဲယားပေါ့ကက် မိသလို စိမ့်ကနဲ၊ ငြိမ့်ကနဲဖြစ်ပြီး ဘာပြန်ပြောရမှန်း မသိဘူး။

အခုအချိန်တော့ ငါ့ရင်ထဲမှာ ဝမ်းသာမှုတွေဟာ မိတ္ထီလာကန်ကြီး ရေပြည့်နေသလို ပြည့်နေတယ်။ မင်းကိုလည်း ထိုင်ထိုင်ပြီး ရှိခိုးဦးချချင်တယ် ကျေးဇူးရှင်ရေ ...။

တကယ်ပါပဲကွ။

ဟိုတလောက တို့ကျောက်ဆည် ဝေဘူတောင်ကို သွားလည်ကြတယ် ...။ ခိုင်ရော ...၊ လှိုင်ရော ...၊ ငါရော ... မင်းကို သတိရလိုက်ကြတာ။ အဲ ... တင်မောင်ညွန့်ကလည်း အထူးသတိရပါတယ်တဲ့ ...။ သူက အခု စစ်ကိုင်းမှာ သစ်တောဝန်ထောက်ကွ။

မင်း အင်္ဂလန် ဘယ်တော့သွားမလဲ။ မသွားခင် အားလုံးတွေ့ဆုံချင်တယ်လို့ ခိုင်က ပြောတယ်။ သွားခါနီး ကျရင် ပြောကွာ။ တို့နှစ်ယောက် ခွင့်ယူပြီး ဆင်းလာခဲ့မယ်''

ငြိမ်းမောင်၏ စာကြောင့် ကျွန်တော် ဝမ်းသာရပါသည်။ တင်မောင်ညွန့် စစ်ကိုင်းသို့ ရောက်နေပြီဆိုသောကြောင့် စိတ်တွင်း၌ အနည်းငယ် စနောင့်စနင်း ဖြစ်မိသည်။ သို့ရာတွင် ငြိမ်းမောင်၏ အချစ်ကို ခိုင်က လက်ခံလိုက်ပြီ ဆိုသောကြောင့် အစစ အဆင်ပြေနေလိမ့်မည် ထင်သည်။

သို့ရာတွင် အမှန်မှာ ကျွန်တော် ထင်ခဲ့သမျှ တက်တက်စင်အောင် လွဲပါသည်။

## ( ၂၉ )
## ကြုံလေပြန်ရသည် ခိုင်

၁၉၅၇ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျွန်တော် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားရန်ပြန်သည်။

ကတိအတိုင်း ငြိမ်းမောင်နှင့် ခိုင်သည် ယူဘီအေလေယာဉ်ပျံဖြင့် ရန်ကုန်သို့ ဆင်းလာကြသည်။

လှိုင်ကမူ ဆေးသိပ္ပံ ဒုတိယနှစ်၌ ခြေလက်ချော်၍ တစ်နှစ်ကျပြီးနေသဖြင့် စာကြိုးစားနေရသောကြောင့် ပါမလာ။ ငြိမ်းမောင်နှင့် ခိုင့်ကို အတူ ဆင်းလာခွင့်ပေးသည်ကို ထောက်၍ သူတို့နှစ်ဦးအား ကိုကိုနှင့် မြိုင်သည် သဘောတူထားဟန်ရှိသည်။

ခိုင်က ... သူ့အိမ့်တွင် တည်းသည်။ ငြိမ်းမောင်က ကျွန်တော့်အခန်း၌ လာနေ၏။

ငြိမ်းမောင်၊ ခိုင်နှင့် ... တစ်ခါတစ်ရံ မမကြိုင်ပါ ကျွန်တော်တို့သည် ရန်ကုန်မြို့တွင်း၌ လျှောက်လည်ကြသည်။

ကျွန်တော် မြန်မာပြည်မှ မထွက်ခွာမီ သုံးရက်ခန့်အလို၌ ခိုင်ရော၊ ကြိုင်ရော၊ ငြိမ်းမောင်ပါ ... သန်လျင်သို့ သွားကြသည်။ ဖေဖေ၊ မေမေတို့နှင့် ခွဲခွာခါနီး ပျော်ပျော်ရွှင်ရွှင် နေကြရန်ဖြစ်သည်။

ပျော်ရွှင်သင့်သော အချိန်လည်း ဖြစ်ပါသည်။ ကျွန်တော်သည် ဖေဖေ၏မွေ့ပျော်လင့် ချက်ဖြစ်သော အက်(ဖ်)အာ(ရ်)စီ အက်(စ်)ဘွဲ့ကို ယူပေးနိုင်တော့မည် မဟုတ်ပါလော။

မေမေသည် မပြောင်းလဲစွာ စားဖွယ်၊ သောက်ဖွယ်တို့ကို ခွေးတလုံးလုံး တပြုံးပြုံးနှင့် ချက်သည်။

နိုင်ငံခြားရောက်လျှင် မြန်မာအစာကို အထူးလွမ်းတတ်သည်ဟု ငြိမ်းမောင်က ပြောသဖြင့် မေမေသည် မြန်မာ့အစားအစာကောင်းအစစ်များကိုသာ ချက်ကျွေးသည်။

မဟုတ်က ဟုတ်က တွေးပြီး ဖောက်သူမှာ ဒေါ်လေးဒေါ်စာဥကြီး ဖြစ်သည်။

ကျွန်တော် အင်္ဂလန်သို့ သွားလျှင် ယူသွားရန်အတွက် ဒေါ်လေး ငါးပိကြော် ကြော်နေသည့်အနီးသို့ ကျွန်တော်က မမေစန်း၏သား မောင်ကလေးနှင့် ကျွန်တော့်အား တစ်ဝက်စီ ပေးပြီး ဆိုသည်။

''အခုသာ မောင်က





**ခိုင့်မျက်နှာလေးက အပြုံးကို မဆောင်၊ ညှိုးရောင်လည်း မပြ၊ တည်လှသည်လည်း မဟုတ်၊ လဲ့လဲ့ပြာသော မျက်လုံးများ၌ မျက်ရည်ဝေ့ဝေ့လွှမ်းနေသော်လည်းအကြည့်မှာ မကြင်နာ၊ စိမ်းကားလှသည်လည်း မဆိုရဲ။**

ဒေါ်လေးပေးတဲ့ ပုစွန်ခြောက်ကို စားတာပါ ...။ ပြန်လာရင် ဗိုလ်မ ပါလာပြီး ဘိစတိတ်တို့ ကတ်တလိတ်တို့ကို လက်ငါးချောင်းရှိရက်နဲ့ ခက်ရင်းနဲ့ ထိုးစားချင်တယ် ပြောမှာ''

''ဟာ ... ဒေါ်လေးကလည်း ... ဗိုလ်မ ယူလာပြီး ဗိုလ်လုပ်တဲ့ခေတ်ဟာ ကုန်ပါပြီ။ ကျွန်တော်က ဗမာမ,သာ ပြန်ယူမှာ ...''

ဒေါ်လေးသည် ယောက်မကြီးကို လွှတ်လိုက်ပြီး ထုံးစံအတိုင်း ဝါသနာကြီးစွာ မေး၏။

''မောင်က ဗမာမ... ပြန်ယူမယ်၊ နေဦး ...ဘယ်သူ့ကို ယူမှာလဲ၊ တွေ့ထားပြီးပြီလား''

''တွေ့ထားတယ်တော့ ဘယ်ဟုတ်မလဲ ဒေါ်လေးရ။ ကိုယ့်ဆန္ဒကို ကိုယ်ပြောတာ''

ဒေါ်လေးသည် တစ်စုံတစ်ခုကို မကျေနပ်ဟန်မျက်နှာထားစူစူနှင့် ငါးပိကြော်သည်။ အတန်ကြာမှ ဘာစိတ်ကူးရသည် မသိ၊ ပြုံးဖြီးဖြီးနှင့် ပြောသည်။

''ဆန္ဒရှိရင် နားဖောက်ထားရတယ် တော်ရေ့ ...။ မောင့်မှာ လက်ကျန်နည်းနေပြီ''

''ဒေါ်လေး ဘာပြောတာလဲ''

''ဩော် ... လက်ကျန်နည်းနေပြီဆိုတာ ရှင်းသားပဲ။ ဘီလပ်မရောက်ခင် ဗမာစကား နားမလည်တော့ဘူးလား။ လက်ကျန်နည်းနေပြီဆိုတာ လက်ကျန်နည်းနေပြီပဲပေါ့။ ဒီထက် ရှင်းအောင် ပြောလိုက်ရဦးမလား ...''

''အာ...အာ... တော်ပါပြီ ဒေါ်လေး ...။ အဲဒါက အရေးမကြီးဘူး၊ တစ်ခါတုန်းကလို ဒေါ်လေး ငါးပိကြော်အိုးကြီး တူးသွားဦးမယ်''

ကျွန်တော်သည် ဤသို့ စကားဖြတ်၍ ဒေါ်လေးအပါးမှ လစ်ခဲ့ရသည်။

ခိုင်နှင့် ကြိုင်မှာ ကျွန်တော်တို့ အိမ်တွင်ပင်နေသည်။ ငြိမ်းမောင်ကမူ သူ့ဖခင်အိမ်တွင်ပင် နေပါ၏။

နံနက်စာကို သူ့အိမ်တွင် စားပြီး ငြိမ်းမောင်သည် ကျွန်တော်တို့နှင့် တစ်နေ့လုံး လာနေတတ်သည်။

တစ်ခါတစ်ရံ နံနက်ပိုင်း လာ၍ နေ့ခင်းပိုင်းပြန်ပြီး ညနေစောင်းမှ ပြန်လာတတ်သည်။

တစ်ညနေတွင် ငြိမ်းမောင်သည် အရောက်နောက်ကျသည်။ ကြိုင်သည် မေမေနှင့် ဒေါ်လေးတို့နှင့်အတူ ဈေးလိုက်သွားသည်။

ဖေဖေနှင့် စကားပြောရာမှ ကျွန်တော်သည် ခြံတွင်းသို့ ဆင်းလာခဲ့သည်။ အမှတ်မထင်ပင် ကျွန်တော့်ခြေလှမ်းများက ခြံနောက်ပိုင်းသို့ သယ်ဆောင်လာခဲ့၏။

မြရာပင်ကြီးကို လှမ်းမြင်ရချိန်၌ ကျွန်တော့်ခြေလှမ်းများ တုံ့သွားသည်။

ခိုင်သည် မြရာပင်ခြေ၌ ပင်စည်ကို မှီထိုင်ရင်း အဝေးသို့ ငေးလျက်ရှိနေ၏။

ကျွန်တော်သည် ခိုင့်အနီးသို့ ကပ်လျက် အသာအယာ ရပ်လိုက်မိ၏။

ခိုင်သည် လှမ်းမကြည့်ဘဲ အဝေးသို့သာ ဆက်ငေးမြဲ ငေးနေ၏။

ဘေးတိုက်မြင်ရသော ခိုင့် မျက်နှာလေးကို ကြည့်ရင်း ကျွန်တော်ကလည်း ဘာစကားမျှ မဆိုမိ။

လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော်က ဤနေရာလေး၌ပင် ခွဲရခါနီး ကြုံခဲ့ရသည်ကို အမှတ်ရသဖြင့် ရင်တွင်းဝယ် မသိမသာ လှုပ်ရှားနေ၏။

''ထိုင်လေ ... မောင်''

ခိုင်က လှည့်မကြည့်ဘဲနှင့်ပင် ဆိုသည်။

ကျွန်တော်သည် ခိုင်နှင့် ခပ်ကွာကွာ မြေပြင်တွင် ထိုင်လိုက်၏။ ကျွန်တော့် မျက်လုံးများသည် ခိုင့်ဘေးရှိ ဖောင်တိန် ညှပ်လျက်သား ပိတ်ထားသည့် စာအုပ်ဆီ ရောက်သွား၏။

''ခိုင် ကဗျာစပ်နေတာလား''

ခိုင်က မဖြေဘဲ ကျွန်တော့်ကို လှည့်ကြည့်သည်။ ခိုင်ကြည့်ပုံမှာ တစ်မျိုးဖြစ်၏။ မျက်နှာထားအသွင်မှာလည်း ဆန်းသည်။

ခိုင့်မျက်နှာလေးက အပြုံးကို မဆောင်၊ ညှိုးရောင်လည်း မပြ၊ တည်လှသည်လည်း မဟုတ်၊ လဲ့လဲ့ပြာသော မျက်လုံးများ၌ မျက်ရည်ဝေ့ဝေ့ လွှမ်းနေသော်လည်းအကြည့်မှာ မကြင်နာ၊ စိမ်းကားလှသည်လည်း မဆိုရဲ။

ခိုင်သည် ကျွန်တော့်ထံမှ မျက်လုံးလွှဲလိုက်ပြီး ရှေ့မှ တောင်ကမူလေးများဆီ ပြန်ငေးလျက် အေးအေးပြောသည်။

''အစကတော့ ကဗျာစပ်မလို့ပဲ။ ဒါပေမဲ့ စပ်မရဘူး။ အတွေးတွေက ဝင်ဝင်လာတယ် ...''

''ဘာအတွေးလဲ ခိုင်''

'' ဘာအတွေးတွေဆိုတာ ဘယ်လိုလုပ်ပြောရမလဲ။ စိတ်ဆိုတာ ဟိုရောက်ဒီရောက်မဟုတ်လား ...''

ကျွန်တော်က အသာအယာ ပြုံးမိသည်။

''ခိုင်ပြောတာ မှန်တယ်။ စိတ်ဆိုတာ ဟိုရောက် သည်ရောက် ပဲ ...။ မောင့်စိတ်က

တော့ ငယ်ငယ်တုန်းကဆီ ပြန်ရောက်ပြီး လွမ်းမောမိတယ် ခိုင်ရယ် . . .''

ခိုင်သည် ကျွန်တော့်ဘက် လှည့်ကာ ကျွန်တော့်မျက်လုံးများကို စူးစူးစိုက်စိုက် ကြည့်လျက်မေးသည်။

''ငယ်ငယ်တုန်းကဘဝကို မောင် တကယ်ပြန်လွမ်းသလား''

''ဘယ့်နှယ်ပြောလိုက်ပါသလဲ ခိုင်၊ တစ်သက်မှာ ပျော်စရာအကောင်းဆုံး အချိန်တွေဟာ ရှိခဲ့ဖူးတယ်ဆိုရင် အဲဒီအချိန်တွေဟာ ခိုင်ရယ်၊ မောင်ရယ်၊ ငြိမ်းမောင်ရယ် သုံးယောက်အတူ ကစားခဲ့ကြတဲ့ ကလေးဘဝအခါတွေပါပဲ ခိုင်။ ခိုင့်လိုသာ စာရေးကောင်းရင် မောင် ကဗျာကောင်းကောင်းတစ်ပုဒ်များ စပ်မိမလားမသိဘူး . . .''

ခိုင်သည် ထူးဆန်းစွာ ပြုံးလိုက်ပြီး မှတ်ချက်ချသည်။

''မောင်လည်း စာရေးကောင်းသားပဲ . . .''

''ဘာပြောတယ် ခိုင်''

''သြော် . . . မောင်က စာရေးကောင်းပါတယ်လို့ ခိုင်က ပြောနေတယ် ''

ကျွန်တော်က မျက်မှောင်ကြုတ်၍ ခိုင့်ကို ကြည့်သည်။ ခိုင်က အသံလေးထွက်အောင် အသာအယာရယ်မောလိုက်ပြီး ဆက်ရွတ်သည်။

''အစက ဘယ်မှာ၊ အဆုံးဟာ ဘယ်ဆီ မသိနိုင်ပြီတဲ့ . . သံသရာကြီးနဲ့ချီပြီး အတိတ်တေ ဘယ်ဘဝက ဘယ်လိုစခဲ့တဲ့ သံယောဇဉ်ပါလို့ ကိုယ့်မှာ ပြောနိုင်ခွင့် မရှိပါဘူး ခိုင်။ ဒါပေမဲ့ ဆယ်ကျော်နှစ်က ကျွမ်းချစ်သဒ္ဒါ ကြိုးသူမှာလို့တော့ သူတကာထက်လွန်ပြီး မေတ္တာသက်ကို ရေတွက်ပြနိုင်သူပါ ချစ်သော ခိုင် . . . တဲ့ . . . ဟဲ . . . ဟဲ . . . ငြိမ်းမောင် ရေးတာလေ မောင် . . .။ သူလည်း သိပ်စာရေးကောင်းတာပဲ ''

ကျွန်တော်က ထိတ်လန့်တကြားဖြင့် ခိုင့်ကို မော့ကြည့်သည်။ ခိုင်ကမူ . . . ကလေးငယ်တစ်ယောက်ပမာ တခစ်ခစ် ရယ်မောနေသည်။

ခိုင် ဘာဆိုလိုမှန်း မသိ။ ခိုင့်ကို ဘာပြန်ပြောရမှန်းလည်း မသိ။ ငုတ်တုတ်သာ ငြိမ်ခံနေရသည်။

ခိုင်ကသာ ဆက်ရယ်နေသည်။ ရယ်၍အားရမှ သမင်မငယ်သဖွယ် သွက်လက်စွာ ထရပ်သည်။

''ခိုင် ပျော်လိုက်တာ မောင် . . .။ လာ . . . ခိုင်တို့ ငယ်ငယ်ကလို လမ်းလျှောက်ကြရအောင် ''

''အို . . . ဘယ်ဖြစ်မလဲ ခိုင်''

''ဘာလို့ မဖြစ်ရမှာလဲ။ လမ်းလျှောက်တယ်ဆိုတာ လွယ်လွယ်လေးပဲ''

''မဟုတ်ဘူးလေ . . . ငြိမ်းမောင်လည်း ပြန်မလာသေးဘူး ''

ခိုင်၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။ မျက်လုံးများကလည်း စူးရှတောက်ပ ဝင်းလာခဲ့၏။

''ငြိမ်းမောင်ကို စောင့်ရအောင် တာဇံလုပ်တမ်း ကစားကြမှာမှ မဟုတ်ဘဲ . . .။ လမ်းလျှောက်ကြပါမယ်ဆိုမှ၊ ဘာလဲ . . . မောင် ခိုင်နဲ့ လမ်းမလျှောက်ချင်တော့ဘူးလား ''

တတ်နိုင်ပါပေ့ မိခိုင်။ အကျပ်ကိုင်ပြန်တော့ ကျွန်တော်သာ အရှုံးပေးရသည်။

ခိုင် ဦးဆောင်ရာနောက်သို့ ကျွန်တော် လိုက်ခဲ့ရသည်။

တော်ပါသေး၏။ ခိုင်သည် မြရာတောဖုံးသော တောင်ကုန်းများကို မရွေး၊ ခြံရှေ့မှထွက်ကာ သန်လျင်ကျောက်တန်း မော်တော်ကားလမ်းဆီသာ ရှေ့ရှုခဲ့သည်။

မိုးငွေ့ပါသော ညနေချမ်း၏ လေသည် မပြင်းမညင် တိုက်ခတ်လာနေ၏။ ငယ်စဉ်က တည်းမှရင်းနှီးခဲ့သော သန်လျင်၏ တောနံ့၊ တောင်နံ့၊ သစ်စိမ်းနံ့တို့သည် လေဝယ် မွှေးပျံ့ပါလာနေသည်။

ကျွန်တော်သည် ဘေးတွင် ယှဉ်လျက် လျှောက်ပါလာသော ဝါဝင်းသည့် အသား၊ ကြော့ရှင်းသည့် ကိုယ်နေ၊ စိုပြေသန့်စင်သော မျက်လုံးလေးနှင့် ခိုင့်ကို တစ်ချက်ကြည့်မိရင်း စိတ်တွင်း၌ မသိမသာ ကြည်နူးပျော်ရွှင်လာ၏။

ဂါတ်တဲရှေ့အရောက်တွင် သဘော်ဆိပ်မှ ပြေးတက်လာ



သော ကျောက်တန်းသွား ကားတစ်စီးကမီလာ၏။

ကျွန်တော်က တစ်စုံတစ်ရာကို ရုတ်ချည်းသတိရ၏။ သို့ရာတွင် နောက်ကျသွားလေပြီ။

ခိုင်သည် ကားကို ဆီးတားသည်။ ကျွန်တော့်ကိုလည်း သရော်တော်တော် ပြုံးပြသည်။ လစ်သဖြင့် ခံလိုက်ရသော ကျွန်တော် ပြုံး၍သာ ခေါင်းညိတ်ပြပြီး ခိုင်နှင့်အတူ ကားပေါ် တက်လိုက်ခဲ့သည်။

ဦးထွန်းမောင်ကြီး၏ ခြံရှေ့တွင် ကျွန်တော်တို့ ဆင်းကြသည်။

ခြံတွင်းမှ ခွေးဟောင်သံအလျင်ကြားရပြီး မရှေးမနှောင်းပင် ရှည်လျားမြင့်မားသော ဦးထွန်းမောင်ကြီးပေါ်လာ၏။

“ကြည့်စမ်း … မောင်ပါလား။ သူက ဘယ်သူလဲ … ကြိုင် …၊ ဟယ် မဟုတ်ပါဘူး … ဟဲ့ … ခိုင် … ဟုတ်လား ”

ခိုင်က အသာအယာပြုံးရင်း ဖြေသည်။

“ ဦးလေးဦးထွန်းမောင်ကြီးကလည်း ခိုင့်ကို မမှတ်မိဘူးလား ”

“ဟ … မျက်လုံးကလည်း မွဲတယ်။ ပြီးတော့ နင်တို့ ညီအစ်မတွေက ခွဲလို့မှ မလွယ်ဘဲ။ လာ … လာ … အိမ်ကို လိုက်ခဲ့၊ ဒါထက် မောင် ဘီလပ်ကို သွားတော့မယ်ဆို ”

“ဟုတ်တယ် ဦးလေး ဦးထွန်းမောင်ကြီး၊ အဲဒါ မောင် လာနှုတ်ဆက်တာ။ ပြီးတော့ အိမ်ကိုလာမယ်။ မောင်တို့ ခြံထဲ လျှောက်ကြည့်လိုက်ဦးမယ်”

“အေး … အေး … သွားကြ … သွားကြ။ ဒါပေမယ့် ကန်ထဲမှာ မဆော့နဲ့။ ရေနစ်ဦးမယ်နော် ဟား …



“ပြန်စဉ်းစားကြည့်ရင် ငြိမ်းမောင်ဟာ သိပ်သနားစရာကောင်းတာပဲ။ ခိုင်က သူ့အပေါ် ဆိုးတယ်။ မောင်က သူ့အပေါ် အနိုင်ယူတယ်။ အရှုံးပေး အနစ်နာခံစရာရှိရင် ငြိမ်းမောင် ချည်းပဲ။ ငြိမ်းမောင်ဟာ ခိုင်နဲ့ မောင်ရဲ့ရှားပါးလှတဲ့ သူငယ်ချင်းစစ် တစ်ယောက်ပဲ ခိုင်”

ဟား … ဟား …”

ကျွန်တော်နှင့် ခိုင်သည် ရေကန်သို့ပင် လျှောက်လာခဲ့ကြသည်။

ကန်လေးသည် အစစ မပြောင်းလဲဟန်ရှိသည်။ ဖောင်လေးမှာလည်း အဆင်သင့်။ ထိုးဝါးလေးမှာလည်း အဆင်သင့်။

ခိုင်နှင့် ကျွန်တော်သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီး ပြိုင်တူ ပြုံးမိကြ၏။

“ခိုင် ဘာပြုံးတာလဲ”

“မောင်ကော ဘာပြုံးတာလဲ”

“သြော် … မောင်က ငြိမ်းမောင် ရေနစ်တာကို သွားသတိရလို့ပါ …”

“ငြိမ်းမောင်တစ်ယောက်တည်း မဟုတ်ပါဘူး။ ခိုင်ရော မောင်ရော နစ်ကြတာပါ”

ကျွန်တော်က သက်ပြင်းမသိမသာ ချမိသည်။

“ဟုတ်တော့ ဟုတ်တယ်လေ …။ ဒါပေမဲ့ ငြိမ်းမောင်ကတော့ သေလုမျောပါး ခံခဲ့ရတယ်မဟုတ်လား …”

ခိုင်က ဘာမျှပြန်မပြောဘဲ ငြိမ်နေ၏။

“ပြန်စဉ်းစားကြည့်ရင် ငြိမ်းမောင်ဟာ သိပ်သနားစရာကောင်းတာပဲ။ ခိုင်က သူ့အပေါ် ဆိုးတယ်။ မောင်က သူ့အပေါ် အနိုင်ယူတယ်။ အရှုံးပေး အနစ်နာခံစရာရှိရင် ငြိမ်းမောင် ချည်းပဲ။ ငြိမ်းမောင်ဟာ ခိုင်နဲ့ မောင်ရဲ့ ရှားပါးလှတဲ့ သူငယ်ချင်းစစ်တစ်ယောက်ပဲ ခိုင်”

ခိုင်သည် ဘာမျှပြန်မပြော။

“ဘဝဆိုတာကလည်း ငြိမ်းမောင်ကိုသာ ဖိထောင်းချင်တယ် ထင်တယ်။ ဒါပေမယ့် စိတ်ကောင်းရှိသူကို နတ်ကောင်း မ,တတ်တာပဲ။ အခုဆိုရင် ငြိမ်းမောင်ဘဝဟာ တောင့်တအပ်တဲ့ ဆုနဲ့ ပြည့်ပြီး ဝမ်းသာစရာကြီးပဲ။ ဒီအတွက် မောင်လည်း သိပ်ပျော်မိတယ် ခိုင်”

ဤတစ်ကြိမ်တွင် ခိုင်သည် သိသိသာသာ လှုပ်ရှားသွားသည်။ ကျွန်တော့်ကို တစ်စုံတစ်ခုပြန်ပြောတော့မည့်ဟန် နှုတ်ခမ်းလေးများက တဆတ်ဆတ် လှုပ်လာ၏။ ကျွန်တော်ကလည်း စကားရပ်သွားသည်။

ခိုင်သည် ပြန်လည်တည်ငြိမ်သွားပြီး နူးညံ့စွာမေးသည်။

“မောင် … ငြိမ်းမောင်ကို သိပ်ချစ်တာပဲလား …”

“ဘယ့်နှယ်မေးလဲ ခိုင်။ ချစ်ပါပြီကော … သိပ်ချစ်တာပေါ့။ ငြိမ်းမောင်တွင် မကဘူး၊ ခိုင့်ကိုလည်း သိပ်ချစ်တယ်။ ငြိမ်းမောင်နဲ့ ခိုင်ဟာ ဒီလောကမှာ မောင့်အချစ်ဆုံးလူတွေထဲမှာ ထိပ်ဆုံးက ပါတယ် ”

ခိုင်က ပြုံးသည်။ ပြုံးရာမှ ချာကနဲ လှည့်ကြည့်၍ ကျွန်တော် မမျှော်လင့်သော စကားကို ဆိုသည်။

“ဟုတ်တယ် … ခိုင်ကလည်း ချစ်ပါတယ်။ မောင်ပြောသလိုပဲ၊ ခိုင့်အတွက်လည်း မောင်နဲ့ငြိမ်းမောင်ဟာ ဒီလောကမှာ ခိုင့်အချစ်ဆုံးလူတွေထဲမှာ ထိပ်ဆုံးက ပါပါတယ်။ ဒါပေမယ့် …”

ခိုင်က စကားကို ရပ်၍ ရယ်သည်။ မိခိုင် ရယ်ပုံမှာ ရယ်သည်ထက် ငိုသည်နှင့် ပိုတူနေ၏။

ခိုင်သည် မျက်နှာကိုတည်လိုက်ပြီး ရေပြင်ကို စိုက်ကြည့်လျက် တစ်လုံးချင်း ဆိုသည်။

“ဒါပေမယ့် … ခိုင် သူ့ကိုချစ်တာဟာ အခု သူ မျှော်လင့်နေတဲ့ အချစ်မျိုးနဲ့တော့ မဟုတ်ဘူး။ အဲဒါကို မောင် သိစေချင်တယ်”

ခိုင့်စကားကြောင့် ကျွန်တော် ထိတ်လန့်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းလည်း မသိ။

အတန်ကြာမှ “ဘာပြောတယ် ခိုင်..”ဟု မေးမိသည်။

“ခိုင်ပြောတာ ရှင်းပါတယ်။ ငြိမ်းမောင်ကို ခိုင် ချစ်

တယ်။ ဒါပေမယ့် ခိုင် သူ့ကို ချစ်တာဟာ အခု ခိုင့်ဆီက သူမျှော်လင့်နေတဲ့ အချစ်မျိုးနဲ့တော့ မဟုတ်သေးဘူး ... သိရဲ့လား ... မောင်။ အို ဒီမှာ မောင် ... မောင် ဘာလို့ မသိချင်ယောင် ဟန်ဆောင်နေရတာလဲ ...''

ခိုင်က ဆတ်ဆတ်ကလေး ပြောသဖြင့် ကျွန်တော်ကလည်း အလန့်တကြား ပြန်မေးမိသည်။

''ဗျာ ... ဘုရားရေ ... မောင်က ဟန်ဆောင်နေတယ်။ မောင် ဘာဟန်ဆောင်နေလို့လဲ''

ခိုင်က ရယ်ပြန်ပါသည်။ မိခိုင်သည် ဘာကြောင့် အမျိုးမျိုး အဖုံဖုံ ရယ်နိုင်ပါသနည်း။ ကျွန်တော်ငိုင်နေခိုက် ခိုင်က ကြောက်မက်ဖွယ် စွပ်စွဲလေပြီ။

''ဟဲ... ဟဲ... မောင်က သိပ်သတ္တိကောင်းတယ်။ ပြီးတော့ သိပ်ပြီးလည်း ဟန်ဆောင်နိုင်တယ်။

ဒီနှစ်ခုပေါင်းလိုက်တော့ မောင်ဟာ သိပ်ကြောက်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်လာတယ် သိလား''

ခိုင့်စကားက ပြင်းထန်လွန်းသောကြောင့် ပြန်ချေပရန်စကား ကျွန်တော် ရှာမတွေ့။

ခိုင်က ဆက်ပြောသည်။

''ဆက်ဟန်ဆောင်မနေပါနဲ့တော့ မောင်။ ဒီကိစ္စတွေ အားလုံးကို မောင် သိပြီးသားပါ။ အို ... အို ... ခိုင် စကားဆုံးအောင် ပြောပါရစေဦး။ မောင် မညာချင်ပါနဲ့။ မောင်ဟာ ညာတတ်တဲ့လူ မဟုတ်ဘူး။

မောင့်နှုတ်က ညာပေမယ့် မျက်လုံးတွေနဲ့ မျက်နှာက ခိုင့်ကို ကွယ်လို့မရဘူး ...။ ဒီမှာ ... ညာတတ်မှ ညာပါ ဆရာကြီးရယ်''

ခိုင်က ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ ဤမျက်လုံးများကို ရင်မဆိုင်ရဲသော ကျွန်တော်က မျက်နှာလွှဲလိုက်ရပါသည်။ မိခိုင်ကို အရှုံးပေးလိုက်ရမှန်း ကိုယ့်ကိုယ်ကိုလည်း သိလိုက်မိပါသည်။

သက်ပြင်းကိုသာ အားယူရှိုက်ပြီးမှ ဝန်ခံရသည်။

''ကောင်းပါပြီ ... ခိုင့်ကိုမောင် မညာတော့ပါဘူး။ ဟုတ်တယ် အားလုံးကို မောင် သိပြီးပြီ၊ ကျေနပ်လား။ ဒါပေမယ့် မောင် မေးမယ် ...။ ခိုင်ဟာ ဒီစကားတွေကို ဘာလို့ အခုမှ မောင့်ကို ပြောရသလဲ။ ပြောနေဖို့ လိုသေးသလား။ ငြိမ်းမောင်အချစ်ကို ခိုင် လက်ခံပြီးပြီမဟုတ်လား''

ရုတ်တရက် ခိုင် အော်ရယ်သည်။ လှောင်ပြောင်ခြင်းနှင့် နာကြည်းမှုရောသော ရယ်သံဖြစ်ပါ၏။

တစ်ခဏတွင်မူ ဒေါသဖြင့် တုန်ယင်၍ စကားပြန်သည်။

''ဟုတ်တယ်လေ၊ ငြိမ်းမောင်အချစ်ကို ခိုင် လက်ခံတယ်။ အချစ်ကို လက်ခံတယ်။ ဒါ ခိုင်အတိအကျ ဖြေလိုက်တဲ့စကားပဲ ...။ ဒီစကားကို မောင်တို့က ဘယ်လိုနားလည်ထားလို့လဲ ''

''ဒီစကားကို ဘယ်လို နားလည်ရမလဲ ...။ ဒီစကားအတိုင်းပဲ နားလည်ရတာပေါ့။ မောင်တို့မှားသလား ...''

ခိုင်သည် မျက်နှာလေးမဲ့၍ ရန်တွေ့သည်။

''မောင်တို့ မှားသလား ... ဟုတ်လား။ မောင်တို့ မမှားပါဘူး။ သမိုင်းစ,ကတည်းက မောင်တို့ယောကျ်ားတွေ မမှားပါဘူး။ ခိုင်တို့သာ မှားခဲ့ကြတယ်။ မိန်းမတွေသာ မှားခဲ့ကြတယ် ...။ ကျေနပ်ပါပြီလား ... မောင်ကြီးရှင့် ...''

ကျွန်တော့်ရင်မှာ ဆို့သွားသည်။ ဒေါသလည်း မသိမသာ ထွက်လာ၏။

''မောင့်ကို ဘာလို့ ရန်တွေ့တာလဲ ခိုင်...။ အို ... ခိုင် မောင့်ကို ဒီလိုမကြည့်ပါနဲ့။ ခိုင် ဘာပြောချင်သလဲ ပြောပါ ...။ မောင့်ကိုတော့ ရန်မတွေ့ပါနဲ့ ခိုင်ရယ် ''

ခိုင်သည် ငိုင်ကျသွား၏။ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ အတန်ကြာ၍ပြန်လှည့်လာသောအခါ ခိုင့်မျက်တောင်ကော့များ၌ မျက်ရည်ဥတို့ ခိုတွဲနေသည်။ ပြောသောစကားသံမှာလည်း မမာတော့ပါလေ။

''မောင့်ကို ရန်တွေ့သလို ဖြစ်နေရင် ခိုင့်ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ ခိုင် ဆက်ပြောရဦးမယ်။ အချစ်နဲ့ပတ်သက်လာရင် ... မောင်တို့ယောကျ်ားတွေဟာ တစ်ကိုယ်ကောင်းဆန်တတ်တယ်။ တစ်ကိုယ်ကောင်းဆန်တတ်တယ်ဆိုတဲ့စကားကို မကြိုက်ရင် ကိုယ်တွေးချင်သလို တွေးတတ်တာလို့ ခိုင် ပြောပါမယ်။ ခွင့်လွှတ်နိုင်ပါတယ် .... နော် မောင် ''



ကျွန်တော့်၌ ဖြေစရာမရှိ။

''ခိုင်တို့ဘက်ကိုလည်း တစ်ခါတလေ လှည့်စဉ်းစားပေးပါဦး မောင်။ ချစ်တယ်ဆိုတာဟာ ဘာလဲ။ ခိုင်တို့ မိန်းမသားတွေအနေနဲ့ကတော့ ဘဝကို ပုံအပ်လိုက်ရတာပါပဲ။ ဘဝကို ပုံအပ်ရတာမို့လည်း သိပ်ချင့်ချိန်ရပါတယ် မောင်ရယ် ...''

ခိုင့်စကားက ကြောင်းကျိုးဆက်သွယ် ဆီလျော်လာသည်။ ထို့ကြောင့် ဖြတ်မပြောဘဲ ငြိမ်နားထောင်မိပါသည်။

''ကဗျာဆရာမို့ စိတ်ကူးယဉ်တယ်လို့ မဆိုချင်ပါနဲ့ မောင်။ ခိုင့်အတွက်တော့ ချစ်ရေး ချစ်ရာမှာ အဆင့်နှစ်ဆင့်ရှိတယ်။ အချစ်ကို လက်ခံခြင်းက တစ်ဆင့်၊ အချစ်ကိုတုံ့ပြန်ပေးခြင်းက တစ်ဆင့်။ ဒီနှစ်ဆင့်ဟာ မတူပါဘူး မောင်။ ဒီလိုပဲ ... ချစ်နိုင်သူဆိုတာက သဘောတစ်ခု၊ ချစ်သူဆိုတာကလည်း သဘောတစ်ခု၊ ချစ်နိုင်သူဆီက အချစ်ကို လက်ခံခြင်းဟာ သူ့ကို အချစ်တုံ့ပြန်ပြီး ချစ်သူရယ်လို့ သတ်မှတ်လိုက်တာ မဟုတ်သေးဘူး ...။ ရှင်းပါသလား မောင် ''

ရှင်းပါသည်။ အလွန်ရှင်းပါသည်။ ကျွန်တော့်အတွက် အလွန်ရှင်းလွန်း၍ ခက်နေပါသည်။

ခိုင့်ထံမှ သဲ့သဲ့ရယ်သံကြားရပါသည်။ ရယ်သံနောက်ကပ်၍ ဆွေးမြေ့သောစကားသည်လည်းပါလာသည်။

''မိခိုင်ကို အပြစ်မတင်ပါနဲ့ မောင် ...။ ဘယ်သူတွေ ဘယ်လို အပြစ်တင်တင်၊ ခိုင့်ကို မောင်တစ်ယောက်တော့ အပြစ်မတင်ပါနဲ့။ မောင့်ကိုလည်း ခိုင် မညာပါဘူး။ ငြိမ်းမောင်ဟာ ခိုင့်ချစ်သူ မဟုတ်သေးပါဘူး။ ဒါပေမယ့် ခိုင်ချစ်နိုင်သူတစ်ယောက်ပါ။ မောင်ညွှန့်ခမျာဟာလည်း ခိုင်ချစ်နိုင်သူပါ ...။ ပြီးတော့ ... ပြီးတော့ ...''

ခိုင့်ထံမှ စကားဆက်မလာပါ။

မျက်ရည်ဥ ခိုတွဲလျက်ရှိသော ခိုင့်မျက်လုံးပြာပြာများသည် ကျွန်တော် ယခင်က တစ်ခါကမျှ မမြင်ဖူးသေးသော မျက်လုံးများ ဖြစ်ပါ၏။ အို ... မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိမ်း၍၊ ခပ်သိမ်းကလျာ၊ ရှုဘွယ်သာသော ... ကျွန်တော့်ရှေ့မှ ခိုင်သည်လည်း ကျွန်တော် တစ်ခါမျှ မသိခဲ့ဖူးသော ခိုင်ဖြစ်နေပါ၏ ...။

ဖြစ်နေပါ၏။

ကျွန်တော် ကိုယ်တိုင်သည်လည်း ယခင်က ကျွန်တော် သိခဲ့သည့် ကျွန်တော်တော့ မဟုတ်ပါ ... မဟုတ်လေပါ။

လောကဆိုသည်ကို သတိမပြုမိပါ ...။ ပတ်ဝန်းကျင်ကို့လည်း မေ့မိပါသည်။ ဘာကိုမှ မသိ၊ ဘာကိုမှမမြင်၊ ဘဝအသိဟူ၍ ရင်တွင်းနှလုံးသား လှုပ်ရှားမှုကိုသာ စိတ်မှတ်မဲ့ခံစားမိခြင်းသာ ရှိပါလေ၏ ..။

ရှိပါလေ၏။

သို့ရာတွင်.. ထိုအခိုက် ထိုခဏတွင်ပင် ဦးထွန်းမောင်ကြီး၏ အိမ်ဆီမှ ခွေးဟောင်သံကြားရသည်။

ခြံဝဆီ လှည့်ကြည့်သောအခါ ... ရွှင်မြူးခုန်ပေါက်ပြေးဝင်လာသော ငြိမ်းမောင်ကို တွေ့ရသည်။

''အဲ ... ငါ ထင်သားပဲ။ မင်းတို့ကျောက်တန်းတော့သွားတာ မဟုတ်ဘူး ... ဦးလေးဦးထွန်းမောင်ကြီးကို လာနှုတ်ဆက်တာ ဖြစ်ရမယ်လို့ ...''

ငြိမ်းမောင်သည် အော်ပြောရင်း ကျွန်တော်တို့ဆီ လျှောက်လာသည်။ လျှောက်လာရင်း သစ်ပင်ကြီးတစ်ပင်မှ ကျဆင်းလျက်ရှိသော ဂုံညင်းနွယ်ကြီးတစ်နွယ်ကို ဆွဲယူကာ လွဲရမ်းစီးခိုသည်။ ဂုံညင်းနွယ်ကြီးသည် ရှည်ရကား ... ငြိမ်းမောင်သည် ပေါ့ပါးစွာနှင့် ကျွန်တော်တို့အနီး၌ ကျလာ၏။

ငြိမ်းမောင်ပြုမူပုံကို သဘောကျသဖြင့် ရယ်၍မေးသည်။

''ဒါထက် တာဇံကြီး ... ငါတို့ ဒီဘက်ထွက်လာတာ ဘယ်လိုလုပ်သိလဲ ''

''လှမ်းမြင်လို့ပေါ့ ... ငါက စောစောထွက်လာတာပဲ၊ ဒေါ်ဒေါ်တို့ ဈေးဝယ်လာတာနဲ့ တိုးနေလို့ သူတို့နဲ့မှ အတူတူပြန်လာတာ ...။ အိမ်နားကျတော့ ကားပေါ် မင်းတို့တက်နေတာ လှမ်းမြင်ရတယ်။ ဝေးနေတော့ ခေါ်ရင်ကြားမှာ မဟုတ်တော့ နောက်ကား စောင့်စီးပြီး လိုက်လာတာ ''

ရှင်းပြနေရာမှ ငြိမ်းမောင် မျက်လုံးများသည် ဖောင်လေးဆီ ရောက်သွား၏။

''ဟာ ... အတော်ပဲ ... ဖောင်စီးကြရအောင် ... လာ ... လာ ... ခိုင်။ မျှော့တွယ်ရင်လည်း ခွာပေးပါ့မယ်''

ငြိမ်းမောင်က ခိုင့်လက်ကို ဆွဲခေါ်သည်။ ခိုင်က ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး ငြိမ်းမောင်ခေါ်ရာ ပါသွားသည်။

ငြိမ်းမောင်က ထိုးဝါးနှင့် ထောက်ကာ ဖောင်ကိုရေလယ်သို့ ရွှေ့စေသည်။ ရေလယ်မှနေ၍ ကျွန်တော့်ကို လှမ်းနောက်သည်။

''မောင်ရေ ... ဒိုင်ဗင်



''မောင့်ကိုရန်တွေ့သလို ဖြစ်နေရင်ခိုင့်ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ခိုင် ဆက်ပြောရဦးမယ်။ အချစ်နဲ့ပတ်သက်လာရင်...မောင်တို့ ယောကျ်ားတွေဟာ တစ်ကိုယ်ကောင်းဆန်တတ်တယ်။ တစ်ကိုယ်ကောင်းဆန်တတ်တယ်ဆိုတဲ့ စကားကိုမကြိုက်ရင် ကိုယ်တွေးချင်သလို တွေးတတ်တာလို့ ခိုင်ပြောပါမယ်။ ခွင့်လွှတ်နိုင်ပါတယ်.... နော်မောင်''

ထိုးချလိုက်ပါဦးကွာ။ ငါက ခုန်ဆင်းဆယ်ပါ့မယ်။ အဟုတ်ပြောတာ ...။

တောက်တဲ့လက်မည်း ... ရေထဲဆွဲချ၊ ငါ မသေဘူး ရေကူးတတ်တယ်။ ဟား ... ဟား ... ဟား ... ဟား ''

ပျော်နေသော ငြိမ်းမောင် ...၊ ရွှင်နေသော ငြိမ်းမောင်၊ ဘဝမျှော်လင့်ချက်တို့ဖြင့် ဝေနေသော ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်။

သူ ပျော်နေသဖြင့် ကျွန်တော်က ရယ်နေသည်။ စိတ်တွင်း၌မူ ဝမ်းနည်းနေမိသည်။

သူ့အတွက်လည်းကောင်း၊ ခိုင့်အတွက်လည်းကောင်း။ ထို့နောက် ...။

အားလုံးအတွက် ထူးဆန်းဖွယ်ရာ ကျွန်တော့်စိတ်တွင်း ဝယ် ဝမ်းနည်းနေမိပါ၏။

+ + +

ထိုညက ကျွန်တော် အိပ်မပျော် ...။

အိပ်မပျော်၍ ဖွတ်မိုတ်ကာမှ ... မျက်လုံးက ပိုကြောင်လာသည်။

ကျွန်တော်သည် အိပ်ယာထက်မှ ထပြီး ပြတင်းဝမှ ခြံတွင်းသို့ ငေးကြည့်နေမိသည်။

လရောင်မှိန်မှိန်ဝယ် မိုးတိမ်ချိုတက်၍ လေသက်ကျကာ ကောင်းကင်ထက်တွင် လျှပ်စီးတို့ တဝင်းဝင်းလက်နေသော ညတစ်ည ဖြစ်ပါ၏။

ကျွန်တော်သည် လရောင်တွင် ပြိုးပြိုးပြက်ပြက်နှင့် ဖြိုးဖြိုးဖြောက်ဖြောက် ကျဆင်းစပြုနေသော ရေ့မှမြင်ကွင်းကို ငေးရင်း ငိုင်နေမိသည်။

ဤရှုမြင်ကွင်းကို ငယ်ငယ်မှစ၍ ရင်းနှီးတွယ်တာခဲ့ရသည်။ ယခုမှ ဤညလွန်မြောက် တစ်နေ့ရောက်၍ နောက်တစ်ချီ တစ်မိုးသောက်ပြီးလျှင် ရင်းနှီးတွယ်တာမိသော ဤမြေ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်မှ ခွဲခွာသွားရလေတော့မည်။

ဤမြေ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်မှ တစ်ချိန်က လည်း ခွဲခွာခဲ့ရဖူးပါသည်။ သို့ရာတွင် ထိုစဉ်ကမူ ကိုယ့်ပြည်၊ ကိုယ့်မြေ ... ကိုယ့်ဌာနေတိုင်း အတွင်းပင်ဖြစ်၍ ရင်၌လှိုင်းဖုံဖုံ ဝိုင်းအုံမကြွဖူး။

ယခုမူ ရင်၌ လှိုင်းဖုံဖုံ ဝိုင်းအုံကြွနေပါ၏။ ဤတစ်ချီ သွားလေရမည်မှာ ရေပင်လယ်ဖီလာခြားသော တစ်ပါးနိုင်ငံ တစ်ကျွန်းတစ်နယ်ထံသို့တည်း။

ဤခံစားမှုဖြင့် ကျွန်တော်သည် ခြံအနောက်စွန်းတွင် လှမ်းမြင်နေရသော မြရာပင်ကြီးကို စိုက်ကြည့်နေမိ၏။ စိုက်ကြည့်နေမိစဉ် တစ်ချိန်ကလေးဘဝက ရှမ်းတောင်မင်းကို မနာလိုဖြစ်မိသကဲ့သို့ မြရာပင်ကြီးကိုလည်း ယခု မနာလိုဖြစ်မိသည်။

ဤမြရာပင်ကြီးအောက်တွင် ခိုင်နှင့် ကျွန်တော် စတွေ့ခဲ့ရသည်။ ဤမြရာပင်ကြီးကို လှမ်းမြင်တွေ့နိုင်သော တောင်ကုန်း၊ ချုံငယ်တို့တစ်ခွင်၌ ကျွန်တော်တို့ ကျင်လည်ပျော်ပါး ကစားခဲ့ကြသည်။

မြရာပင်ကြီးသည် ကိုကိုနှင့် မြိုင်ကိုလည်း သိသည်။ ကျွန်တော်နှင့် ခိုင်ကိုလည်း သိသည်။ သူသိသည်ကို သူမြို၍ သူ မတုန်မလှုပ် ရပ်နေနိုင်ဘိသည်။ ထို့ကြောင့် သူ့ကို ကျွန်တော် မနာလိုဖြစ်မိသည်။

ဤသို့ ကျွန်တော် တွေးနေခိုက် မိုးသက်လေက ဆင်လာခဲ့သည်။ ကောင်းကင်ဝယ် တိမ်ညိုမည်းအုပ်၍ ငွေလရောင်လည်း မြုပ်ကွယ်ခဲ့သည်။ ရန်စွယ်တကြီးနှင့် မိုးသီးမိုးပေါက်တို့ သည်းသည်းဖောက်ဖောက်ကျရောက်လာစဉ် လျှပ်နွယ်၊ လျှပ်ပန်းတို့သည် တောက်လောင်ထိန်ညီးလာသည်။

ကျွန်တော် မကျေနပ်သည်ကို နားလည်၍လော မသိ၊ မြရာပင်ကြီးသည်လည်း တဟီးဟီး တဟဲဟဲနှင့် ကျွန်တော့်ကို နှုတ်ဆက်သည့်အလား သဲသဲရုတ်ရုတ် လှုပ်ရှားယိမ်းယိုင်လာသည်။

ထိုခဏ၌ပင် မြရာပင်ကြီးအောက်၌ မည်းမည်းသဏ္ဍာန်တစ်ခုကို ကျွန်တော် မြင်လိုက်ရသည်။

ရုတ်တရက်ဖြစ်သဖြင့် ကျွန်တော့်မျက်လုံးများကို ကျွန်တော် မယုံမိ။ အရိပ်ပေလော၊ အရောင်လော။ ကျွန်တော် မယုံ



သင်္ကာ ဖြစ်နေဆဲဝယ် လျှပ်စီး တစ်ချက်သည် အတန်ရှည်စွာ လက်သည်။

လျှပ်စီးရောင်၌ သူ့ကို အသွင်ထင်ရှားစွာ ကျွန်တော် မြင်လိုက်ရသည်။

သူ့လက်နှစ်ဖက်သည် အိပ်မက်တွင် လမ်းလျှောက်နေသူကဲ့သို့ ရှေ့သို့ဆန့်ထွက်လျက် ရှိနေ၏။

သူ့ဆံပင်များက ဖားဖားဝေဝေ လေတွင် လွင့်နေ၏။

စက္ကန့်အတွင်းတွင်ပင် မြေကို တုန်ဟီးစေလျက် မိုးခြိမ်းသံကြီးတစ်ခုက ကြောက်မက်ဖွယ် ပေါ်လာ၏။

တစ်လောကလုံးလည်း မှောင်သွားသည်။

ရုတ်တရက်ဝင်လာသော ဗီဇ၏ လျှင်မြန်ခြင်းဖြင့် ကျွန်တော်သည် အခန်းအပြင်ဘက်သို့ ထွက်ပြေးလာခဲ့သည်။

ကြိုင်နှင့် ခိုင်တို့ အိပ်သော အခန်းရှေ့သို့ ရောက်သောအခါ ကျွန်တော့်ရင်မှ နှလုံးသည် အခုန်ရပ်သွား၏။

အခန်းတံခါးက ပွင့်နေပါ၏။

အခန်းအတွင်းသို့ ကျွန်တော် ပြေးဝင်ရောက်သွားချိန်၌ တစ်စုံတစ်ယောက်၏ ထိတ်လန့်တကြားလူးလဲထ,သံကို ကြားရ၏။

ကျွန်တော်သည် မီးခလုတ်ကို စမ်းဖွင့်သည်။ မီးကြိုးတို့ ပြတ်နေသည်လော မသိ။ မီးက ပွင့်မလာ။

ကြိုင်၏ ထိတ်လန့်စွာ မေးသံထွက်လာ၏။

''ဘယ်သူလဲ၊ ဘယ်သူလဲ''

''ကျွန်တော်ပါ မမကြိုင်၊ ခိုင် ရှိရဲ့လား။ ဟင် ... အို ... မမကြိုင် ... ခိုင် မရှိတော့ဘူး၊ ခိုင် မရှိတော့ဘူး ''

စိုးရိမ်စိတ်မွှန်၍ ကျွန်တော်သည် အရှူးပမာ အိမ်အောက်ထပ်သို့ တဒိုင်းဒိုင်း ပြေးဆင်းခဲ့သည်။

ပွင့်နေသော အိမ်တံခါးမကြီးမှထွက်၍ မိုးထဲလေထဲဖြတ်ပြီး ကျွန်တော်သည် မြရာပင်ကြီးဆီ တစ်ဟုန်ထိုး ပြေးခဲ့သည်။ ပြေးရင်းလည်း နှုတ်မှ တကြော်ကြော် အော်ခေါ်မိသည်။

''ခိုင်ရေ ... ခိုင်ရေ''

မိုးသံ၊ လေသံ၊ မိုးခြိမ်းသံတို့က ဆူညံနေ၏။ အပြင်းပြေးလျက်ရှိသော ကျွန်တော့်မျက်နှာဆီသို့ မိုးပေါက်တို့သည် ကျောက်ခဲနှင့် ပစ်ပေါက်သကဲ့သို့ စင်ပက်ဝင်မှန်နေ၏။

မြရာပင်ကြီး၏ ပင်ခြေ၌ ကျွန်တော်က ခိုင့်ကို ရှာသည်။ ခိုင့်ကိုမူ မတွေ့။ ငယ်စဉ်က အဖြစ်ကို အမှတ်ရသောကြောင့် ကျွန်တော်သည် သဲချောင်းကလေးအတိုင်း မှိုင်းညိုသော ကျိုက်ဗောဓိစေတီတော်ကြီးဆီ ဦးတည်၍ ပြေးတက်သွားမိသည်။

''ခိုင်ရေ ... ခိုင်ရေ ... မောင်လာပြီ''

တကြော်ကြော်သာ အော်ရသည်။ ဤမိုး၊ ဤလေတို့၏ ဆူညံခြင်းကို ကျွန်တော့် အသံက မခွင်းနိုင်။

နောက်တစ်ကြိမ် လျှပ်စီးရှည်စွာ လက်ပြန်သည်။ ထိုအခိုက်တွင်ပင် သဲချောင်းလေး အစပ်၌ လဲလျောင်းကျနေသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်မိပါသည်။

ကျွန်တော်က ထိုသဏ္ဌာန်ဆီသို့ ပြေးသွားခိုက် ပြင်းထန်သော မိုးကြိုးပစ်သံကို ကြားရသည်။

ကျွန်တော်တို့နှင့် ကိုက်တစ်ရာခန့်ဝေးသော တောင်ကုန်းတစ်ခုထက်ရှိ သစ်ပင်ကြီးတစ်ပင်ကို မိုးကြိုးဝင်မှန်သောကြောင့် မီးဟုန်းဟုန်းထတောက်သည်ကို မြင်လိုက်ရ၏။

**ပျော်နေသော ငြိမ်းမောင်...၊ ရှင်နေသောငြိမ်းမောင်၊ ဘဝမျှော်လင့်ချက်တို့ ဖြင့်ဝေနေသော ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်။ သူပျော်နေသဖြင့် ကျွန်တော်က ရယ်နေသည်။ စိတ်တွင်း၌မူ ဝမ်းနည်းနေမိသည်။**



ဤသည်ကို ပမာမပြုဘဲ ကျွန်တော်သည် သဲချောင်းစပ်၌ လဲနေသော သဏ္ဌာန်ကိုဝင်ပွေ့သည်။

''ခိုင် ... ခိုင် ... အို ခိုင်ရယ် ...''

ခိုင်၌ သတိမရှိပြီ။ မိုးရေတို့ဖြင့် ရွဲရွဲစိုနေပြီဖြစ်သော ခိုင့်ကိုယ်လေးမှာ မလှုပ်။

''ခိုင် ... ခိုင် ... မောင် ခေါ်နေတယ် ခိုင် ''

ခိုင်က မထူး။ မထူးသူကို ကျွန်တော်က တကြော်ကြော် ခေါ်နေမိသည်။

အိမ်ဘက်ဆီမှ ဆူဆူညံညံ အသံများကို ကြားရ၏။ မကြာမီပင် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းဖြင့် ဖေဖေ ခေါင်းဆောင်လျက် ကြိုင်အပါအဝင် အိမ်သားများ ရောက်လာကြသည်။

ကျွန်တော်သည် ခိုင့်ကိုယ်လေးကို ပွေ့ယူလျက် ရပ်ရင်း ဖေဖေ့ကို ကြည့်သည်။ မေမေ့ကိုလည်း ကြည့်သည်။ ကြိုင့်ကိုလည်း ကြည့်သည်။ သူတို့၏ မျက်လုံးသုံးစုံကလည်း ကျွန်တော့်ကို တစ်ညီတစ်ညွတ်တည်း စိုက်ကြည့်နေကြ၏။

ရေတို့ဖြင့် ရွဲရွဲစိုနေသော်လည်း ပူနွေးလျက်ရှိသော ခိုင့်ကိုယ်လေးကို ရင်ခွင်တွင် အပ်ကာပွေ့လျက် ကျွန်တော်သည် ရှေ့ဆုံးမှ ထွက်လာခဲ့မိပါလေသတည်း။

**ရှေ့လဆက်ရန်**

**တက္ကသိုလ်ဘုန်းနိုင်**




# ဝင်ရောက်ကြည့်ရှုလေ့လာနိုင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏

လုပ်ငန်းဆောင်ရွက်ချက်များ၊ဌာနအသီးသီးမှ

နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသောလုပ်ငန်းများ၊

မြို့တော်သတင်းများ၊

အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်သည့်

မြို့ပြ/မြေယာဝန်ဆောင်မှုများအား

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ website ဖြစ်သည့်

www.ycdc.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း

# ကြော်ငြာများ ဖိတ်ခေါ်ခြင်း

City Magazineအား

နိုင်ငံတစ်ဝန်းရှိပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြို့နယ်စာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြို့နယ်အသီးသီးသို့ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီးအရည်အသွေးပြည့်မီတဲ့မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော်အနှံ့မှာရှိတဲ့ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

ဆက်သွယ်ရန်လိပ်စာ

City Magazine

ဟံသာဝတီလမ်းနှင့်ကမ်းနားလမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်။

Ph - 0973091587, 09420170940